www.burmeseclassic.com

# ချစ်

ယနေ့မှစ၍ ကျွန်တော်ကျွန်မတို့သည်..



www.burmeseclassic.com

www.burmeseclassic.com

# သျှင်မ

## ယနေ့မှစ၍ ကျွန်တော်ကျွန်မတို့သည်..

(ကိုယ်ပေးခဲ့သမျှ)

BURMESE CLASSIC .com

ပတ္တမြားသိုက် စာပေ
၀၉ ၅၀၃၀၁၀၅၉၊ ၀၉၄၅၂၂၆၆၀၁၇၄

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်ဝါဝါထွေး(မြ-၀၂၁၇၄)
ပတ္တမြားသိုက်စာပေ
အမှတ်(၈၆)၊ ဥက္ကာ(၃)လမ်း၊ (ဂ)ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးနိုင်နိုင်အောင်(မြ-၀၀၃၂၄)
ရတနာဝင်းပုံနှိပ်တိုက်
အမှတ်(၁၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးကျင်ရင်(မြ-၀၀၃၂၇)
ရွှေခြင်္သေ့ပုံနှိပ်တိုက်
အမှတ်(၁၇၉)၊ ၃၁ လမ်း၊ (၁၁)ရပ်ကွက်၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်ခြင်း
၂၀၁၈ခုနှစ်၊ မေလ။

အုပ်ရေ
၅၀၀အုပ်

တန်ဖိုး
၃၀၀၀ကျပ်

ဖြန့်ချိရေး
မိုးသောက်စာပေ
အမှတ်(၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉၅၁၆၃၇၆၄၊ ၀၉၅၀၈၉၈၉၄





BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁)

ကောင်မလေးခြေလှမ်းတိုင်းမှာ ကဗျာတွေဖြစ်လာသည်။ ခြေခုံနုနုခြေကျင်းဝတ်သေးသေး ခြေသလုံးသားသွယ်သွယ်သည် တလက်လက်တောက်လက်သွားတတ်သည့် ဖု(တ်)ချိန်းလေးနှင့် ပနံတင့်နေ၏။ ပြီးတော့ ကိုယ်ဟန်သွယ်သွယ် ခါးလေးနွဲ့နွဲ့နှင့် ဆံပင်ရှည်လေးက သူမခေါင်းငုံ့လိုက်တိုင်း ပြန်မော့လိုက်တိုင်း ခပ်ငဲ့ငဲ့လေးဘေးကိုတစ်ချက်တစ်ချက်ကြည့်လိုက်တိုင်း.. ၊

*¶....ကိုယ်ဟန်သွယ်သွယ်..မင်းလေးလမ်းလျှောက်...ပေါ်တီကိုသွားရင်...မင်းပါးလေးပေါ် သနပ်ခါးဖြစ်ချင်တယ်.... ¶*

"ဟေ့ကောင်..ဘာမှလည်းမဆိုင်ဘူး.."

"မဆိုင်ဘူးလား.."

သီချင်းဆိုထည့်လိုက်တာ အကျယ်ကြီး၊ မှားသွားတော့စပ်ဖြဲဖြဲနှင့်လည်ချောင်းထပ်ရှင်း၏။

¶...အမြဲတမ်း..မင်းအနားမှာ ကိုယ်နေချင်...မင်းရဲ့အရိပ် ကိုယ်ဖြစ်ပါရစေကွယ်...အမြဲတမ်းမင်းအနားမှာ....တိုးချစ်ပါ့မယ်.... ¶

¶....သစ္စာရှိတဲ့ မင်းရဲ့အချစ်လူပဲ.... ¶

ဒေါက်ချွန်ဖိနပ်လေးနှင့် သူမခြေလှမ်းတွေ နှေးကျသွားသည်။ ပြီးတော့ ရပ်သွားသည်။ သူတို့ခြေလှမ်းတွေလည်း ရပ်သွားကြသည်။ [illegible]သော် စက်ဝိုင်းနဲ့လေညာက သူ့ဘေးကနေလမ်းရဲ့ဘယ်ညာနှစ်ဘက်သို့ တစ်ဘက်ဆီ ပြေးကပ်လိုက်ကြသဖြင့် သူမရဲ့နောက်မှာ သူတစ်ယောက်တည်း.. ၊

"အဟွန်း.."

နောက်ကိုဖျတ်ခနဲလှည့်ကြည့်တော့ ကျောပြင်အလုပေါ်က ဆံနွယ်

www.burmeseclassic.com



တွေ လွန့်ခနဲရွေ့လျားသည်။ ပြီးမှ သူမရဲ့မေးဖျားသွယ်သွယ်နဲ့ နှာခ
ကော့ကော့လေးက ပခုံးတစ်ဖက်မှာ မစို့မပို့ဖေးကပ်လျက်.. ။

"အလင်းသို့.."

"အားလုံးအလင်းလို့ပဲ ခေါ်ကြတာ.."

"အားလုံးနဲ့ကျွန်မ မတူဘူး.."

"သိပါတယ်.."

"သီချင်းလည်းထပ်မဆိုနဲ့..ဆက်လည်းမလိုက်နဲ့.."

"ဒါကတော့.."

"စိတ်အနှောင့်အယှက်ဖြစ်လို့.."

ပြတ်ပြတ်ပြောပြီး ဆက်လျှောက်သည်။ အလင်းက ဆက်လိုက်၏။

"သီချင်းမဆိုရရင် စကားပြောရအောင်.."

သူမက လှည့်လည်းမကြည့်။ ဘာမှလည်းမပြောသဖြင့် ခြေလှမ်းရဲ့
နှုန်းကို ထပ်တင်သည်။ သူမရှေ့ကို နည်းနည်းကျော်သွားသဖြင့် မျက်နှာ
ကြည့်ခွင့်ရဖို့ နောက်ပြန်လျှောက်လိုက်၏။ သူမကခြေလှမ်းရပ်လိုက်တော့
နောက်ပြန်လျှောက်ရင်း အလှမ်းကွာသွား၏။ ထိုအခါ ကမန်းကတန်းရှေ့
ကို ပြန်တိုးရပ်လိုက်ကာ.. ။

"အဟွန်း..အရမ်းလှတာပဲ.."

"ရှင်တော်တော် သရုပ်ပျက်တာပဲနော်.."

"ဒါတောင် ခုထိချစ်သူလေးတစ်ကောင်တစ်မြီးမှ မရှိသေးပါဘူး
သုရယ်.."

"ဘယ်လို.."

မျက်နှာထိမျက်နှာထားနဲ့မေးလိုက်တော့ ရည်းစားတွေထားနေသည့်
အလင်းမျက်နှာက ပြူးပြူးပျာပျာထဖြစ်လျက်.. ။

"အဟုတ်ပါ..တကယ်ပါ၊ ရည်းစားဆိုတာ ချစ်သူနဲ့မတူဘူးလေ..ချစ်
သူနဲ့ရည်းစား ဘယ်လိုကွာသလဲဆိုတာလည်း သုသိပါတယ်၊ သုအဲ
လောက်မတုံးပါဘူး.."

သုသန္တာက မဲ့သလိုရယ်သလိုနှင့် စိုက်ကြည့်၍ ကိုင်ထားသည့်စာ
အုပ်ကို ရင်ဘက်မှာပိုက်ထားလိုက်၏။ ဒီပုံစံက စကားပြောတော့ဖို့ လက်
သင့်ခံလိုက်ခြင်းပဲဆိုတာအတပ်သိကာ အလင်းမျက်နှာကြီးချိုအီသွားကာ၊

"တို့က သုသန္တာဆိုတဲ့နာမည်လေးကို ကြားတည်းက.."

"ထွက်သွားတည်းက သိတယ်.. တစ်ယောက်ယောက်အနားကို



ရောက်နေပြီဆိုတာ.."

ဟင်.. ။

အလင်းစကားမဆက်နိုင်တော့ဘဲ နောက်ကစကားသံကြောင့် မျက်
နှာပါမဲ့သွား၏။ ပြီးနောက်.. ။

"အလင်းရေ..အလင်းမြန်မြန်လာ၊ ငါနင့်ကိုစွတွေကို လိုက်ရှင်းမနေ
နိုင်ဘူး.."

သေစမ်း.. ။

"ဟွန်း.."

သုသန္တာကမဲ့လိုက်ပြီး မျက်နှာလေးငုံ့၍ ဆံပင်တွေကိုအရင်ခါသည်။
ပြီးတော့မှ လှလှပပလေး လှမ်းထွက်သွား၏။ အလင်းရဲ့ ဧရာမခြေလှမ်း
ကျကြီးတွေ အသံပြုဖော်ရသော သူငယ်ချင်းကောင်းဆီ တစ်လွှားနှစ်လွှား
နှင့်ရောက်သွားကာ.. ။

"ဂီတ.."

"ဘာလဲ.."

ဂီတက ဖုန်းထိုးပေးကာ.. ။

"နင့်ကိုကလဲ့စားချေတယ်ထင်လို့လား.."

"အသိသာကြီး.."

"ဒါဆိုလည်း ဂဲတစ်လုံးနဲ့ငှက်နှစ်ကောင်မိတာပေါ့..ဟား ဟား ဟား
..ရော့.."

ဖုန်းကိုသူ့လက်ပေါ် လှမ်းပစ်လိုက်သဖြင့် အလန့်တကြားဖိညှပ်ဖမ်း
လိုက်ရသည်။ ဂီတက သုသန္တာထွက်သွားသည့်လမ်းဘက်ကို လှမ်းကြည့်
ပြီ၊ ထပ်ရယ်သည်။ ပြီးတော့ သူ့ဘက်ပြန်လှည့်ကာ ဖုန်းကိုမေးငေါ့ပြ
ပြီး.. ။

"အဲ့ဒီမှာ အလင်းဖြာဖြာတဲ့..နာမည်နဲ့တကွမှတ်ထားတော့ နာမည်
ရှင်းကလည်း ဆင်တူလေးဆိုတော့ အလင်းသို့ဆိုတဲ့မြာသမားကြီးများ
အမှန်အကန်ကြွေနေတဲ့ တစ်ယောက်ယောက်များဖြစ်မလားဆိုပြီး.."

"နေစမ်းပါဦး..ဒီတစ်ယောက်နားကို ရောက်နေတာမြင်လို့တော့
ဒဲ့တစ်ယောက်ကို အမှန်အကန်ကြွေနေတာ ဖြစ်နိုင်မလား.."

ဂီတက ပခုံးတွန့်လက်ခါပြီး မဲ့ပြသည်။

"နင့်ရဲ့ဖြစ်နိုင်ချေတွေကို ငါကစဉ်းစားနေရမှာမလား..ဖုန်းတွေဒီ
လောက် တဂွမ်ဂွမ်ဆက်နေတာ.."

www.burmeseclassic.com

www.burmeseclassic.com



"ကျွတ်.."

"ဘာဖြစ်နေကြတာလဲ..ဒီနှစ်ယောက်.."

စက်ဝိုင်းနဲ့လေညာက မျက်နှာတွေမချိုမချဉ်နှင့် ရောက်လာကြပြီး..

"မင်းတို့နှစ်ယောက်တစ်ရက်လောက် အဆင်ပြေပြေလေး ဆုံကြည့်ပါလား.."

"ကဲန်တင်းမှာ တစ်ဝိုင်းကျွေးမယ်လေ.."

"စက်ဝိုင်း..မင်း.."

အလင်းရဲ့ဒေါသက စက်ဝိုင်းဘက်ပြန်လှည့်သွားကာ.. ၊

"ဒီလေတွေ ဘယ်အညာက မွှေလာသလဲ မင်းတို့မြင်တယ်မို့လား..ပြော.."

"ဘာတုံးကွ..လွှတ်စမ်းပါ၊ ငါ့အကျီဒီနေ့ မီးပူမတိုက်ခဲ့ရဘူး..ပို့ဆိုးကုန်ပြီ.."

"သေပေါ့.."

"သေစရာလား..မင်းသာ သုသန္တာကိုမှ မရရင်.."

"ဟုတ်တယ်..အဲ့လောက်ဖြစ်နေတာကို နည်းနည်းပါးပါးကူညီဖို့ကြိုးစားပါလား.."

တစ်နေကုန် သုသန္တာကိစ္စမှာ အခဲမကျေရင်း အလင်းမျက်နှာကမှုန်ကုတ်ကုတ်ဖြစ်နေခဲ့လျက် ဒီလိုနေ့မျိုးဆို ဂီတတို့စားလို့ကောင်း သွားလို့ကောင်း.. ၊

"အလင်း.."

"ဘာတုံး.."

"ဟား..မင်းကလည်း.."

"ဘာမင်းကလည်းလဲ..မင်းတို့အဲ့ဒီဟာမလေးကို မြင်သားနဲ့ ထိန်းထားမယ်မရှိဘူး.."

"မင်းကလည်း ငါတို့ကမင်းနဲ့သိပ်မှ မဝေးတာကို..ဂီတကလာတည်းက မင်းဆီကိုတန်းတန်းမတ်မတ် လျှောက်လာတာ..ဘာလုပ်မလို့မှန်းလည်းမသိ.."

"အေးလေ..သိတဲ့အချိန်မှာ မင်းနားလည်းရောက်..ငါတို့သိ.."

"တော်ပါတော့.."

"မင်းကလည်းကွာ..သုသန္တာက မင်းကိုကြည့်ပါတယ်၊ တစ်ခါလှည့်သွားတာနဲ့ပဲ.."



"ဘာ.."

"ဖြည်းဖြည်းအော်ပါ..လန့်လိုက်တာ.."

ဒီလောက်လှပြီး မာနကြီးတဲ့မိန်းကလေးက ကိုယ်ရည်းစားများတာလည်း အထင်သေးထားပြီးဖြစ်မယ့်ကိစ္စ။ ဂီတပြောလိုက်တဲ့ အကြောင်းအရာကြီးကိုလည်း သေချာကြားသွားကာမှ.. ၊

"တော်ပြီ..မင်းတို့ကောင်တွေ ကျွေးမို့မွေးဖို့ကောင်းတဲ့ကောင်တွေ မဟုတ်ဘူး.."

"မလုပ်နဲ့လေ..အဟဲ မင်းကလည်း၊ ဒီလောက်ဝိုင်းနေတာတောင်စားမရနိုင်ဘူး.."

"ဘာဝိုင်းတာလဲ.."

"မင့်မှာအားလုံးဝိုင်းနေတာပါအလင်းရာ..လာပါ၊ ဒီတစ်ခါဆို ငါတို့ဂီတရဲ့ရန်စွယ်ကိုပါ ကာကွယ်ပေးမှာမို့လို့ နောက်တစ်ခါထပ်မဖြစ်တော့ပါဘူး.."

"မင်းကလည်းမင်းပဲ..ဂီတကိုကျတော့ ဘာဖြစ်လို့ မာရ်နတ်လုပ်လဲ၊ သူလည်းမင်းကြောင့် အတော်အဆူခံလိုက်ရတာ.."

ဂီတအကြောင်းပါလာတော့ အလင်းမျက်နှာ စပ်ဖြဲဖြဲဖြစ်သွားတာမျက်ချင်း။ ဂီတညဆိုတဲ့သူငယ်ချင်းမလေးကလည်း သူတို့လေးယောက်အဖွဲ့မှာ သူမပဲမိန်းကလေးပါကာ အလှဆုံးမဟုတ်ပေမယ့် လှတော့လှပါ၏။ သူ့အစ်ကိုနဲ့ပတ်သက်ပြီးမှ သူတို့အုပ်စုထဲရောက်လာတာဖြစ်ကာ သူမအစ်ကိုက အဒေါ်တွေနဲ့ စင်ကာပူကိုပြောင်းသွားသဖြင့် သူမနဲ့ဆက်လက်တွဲဖြစ်နေကြတာ ဖြစ်သည်။

ထို့ပြင် သူငယ်ချင်းရဲ့ညီမဖြစ်သလို ကိုယ့်အဖွဲ့ထဲမှာ ဖြစ်နေတာကြောင့် သူမကသူ့အတွက် မစားကောင်းတဲ့အသီး.. ၊

"မင်းကဘာဖြစ်လို့ အဲ့ကောင်မလေးနဲ့ ဂီတကိုဆုံပေးလိုက်တာလဲ.."

"ဒါမှ ဆွမ်းအုပ်ဆိုတဲ့ကောင်မှာ ပိုင်ရှင်ရှိပြီးသားဆိုတာ သိမှာပေါ့ကွ.."

"စိုင်းအုပ်ပါကွာ..မလိုနာတာ သိသာလိုက်တာ.."

"မနာလိုစရာလား..ငါကအကျယ်အကျယ် မငြိမ်းဖွယ်တွေဖြစ်မစိုးလို့.."

"လာသေးတယ်.."

သူငယ်ချင်းတွေ အုတ်ခုံမှာအတန်းလိုက် ထိုင်လိုက်ကြကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ဟုတ်တယ်..စိုင်းအုပ်ဆိုတဲ့သတ္တဝါလည်း လောဘက
သေးဘူး၊ မင်းလိုပဲ.."

"ဘာ.."

"ရည်းစားများတာပြောပါတယ်.."

လေညာက စကားမှားသလိုလို မှင်သေသေ.. ၊

"ဘာပဲဖြစ်ဖြစ် တစ်ယောက်နဲ့တွဲနေတုန်းတော့ နောက်တစ်ယော
ကို.."

"အဟမ်း..."

စက်ပိုင်းက သတိပေးတော့ စကားကရှေ့မဆက်နိုင်။ အလင်းေ
သဖြစ်နေသည့်မျက်နှာနှင့် စိုက်ကြည့်နေတော့ လေညာမျက်တောင်ေ
အပိုအလိုခတ်နေခဲ့လျက်.. ၊

"ဒီကောင်က နှစ်ယောက်သုံးယောက်တစ်ပြိုင်တည်းတွဲချင်တာ..
ပြောတာ အဲ့ဒါ.."

"ဟား ဟား ဟား.."

အလင်းရယ်ချင်ပက်ကျိကို မထိန်းနိုင်တော့ဘဲ တဟားဟားရယ်
လိုက်ကာမှ လေညာကသူ့ပခုံးကို စာအုပ်နဲ့ဖြောင်းခနဲ ရိုက်ပစ်လိုက်ပြီး

"သေနာ.."

♥♥♥

## အခန်း(၂)

ဖုန်းကအဆမတန်မြည်နေသည်။ ဦးကုဋ္ဌေတောင်ဝှေးကို လှမ်းယူ
လိုက်ပြီး နေရာမှထရပ်ကာ.. ၊

"ဟေ့..ဘယ်သူမှမရှိကြဘူးလား.."

မေးပြီးမှ သတိရကာ.. ၊

"သြော်..ခက်ပါ့.."

ဟုတီးတိုးရေရွတ်ပြီး အတွင်းဧည့်ခန်းထဲကို ဝင်လာခဲ့မိသည်။ ဖုန်း
သံကပျောက်သွားပြီးမှ ပြန်ပေါ်လာလျှင် မြင်နေရသည့်နာမည်ကို မျက်
မှန်ချ၍ သေချာဖတ်နေမိရင်း လက်ကဖွင့်ပြီးသားဖွင့်သွား၏။

"ဘာလဲ..ဖုန်းကိုင်ဖို့ကို နာမည်မှားမှာစိုးလို့ ပြူးပြဲကြည့်နေရတာ
လား.."

ဘုရားရေ.. ၊

"နောက်တစ်ခါ မျက်မှန်ဆောင်..ပါဝါတဆုံးတိုးလိုက်၊ ပြူးပြဲကြည့်
နေဖို့မလိုအောင်.."

ပြောပြီး တက်ခေါက်လိုက်သေးသည်။ ဦးကုဋ္ဌေဖုန်းကိုနားကခွာပြီး
ပြန်ကြည့်မိသည်။ ထိုစဉ်.. ၊

"ရှင့်ကိုဖြတ်ချင်လို့ အချိန်အခါစောင့်နေခဲ့တာ.."

ဗုဒ္ဓေါ.. ၊

"ပြီးခဲ့တဲ့ နှစ်ဆန်းတစ်ရက်နေ့မှာတည်းက ဖြတ်ဖို့လိုနေပြီဆိုတာ
ရှင်ကိုယ်ရှင်လည်း သိမှာပါ.."

ကြည့်စမ်း..ငါ့မြေးကိုပြောနေတာ ဒါ.. ၊

"ဒါပေမယ့် ဖုန်းနဲ့တော့မကျေနပ်နိုင်ဘူး..ကျွန်မတို့မျက်နှာချင်းဆိုင်
ဖြတ်မယ်.."

www.burmeseclassic.com

www.burmeseclassic.com



"ဟော့.."

ဦးကုဋ္ဋေဒါသသံကြီး ဟိန်းထွက်သွားသည်။ သို့သော်.. ၊

"ဟာ..အဘိုး.."

အလင်းကရေချိုးခန်းထဲက ပြေးထွက်လာပြီး တစ်ဖက်ကမျက်ႈ သုတ်ပဝါကိုင်လျက် လက်တစ်ဖက်နဲ့ဖုန်းကိုဆွဲယူလိုက်ကာ.. ၊

"ဟင်..အဲ.."

ဖုန်းနံပါတ်ကြည့်ကာ ရယ်ကျဲကျဲနှင့် လှည့်ထွက်မည်ပြင်လျှင်.. ၊

"မြေး..နေဦး နေဦး.."

ဦးကုဋ္ဋေစိုးရိမ်တကြီး ငုံ့ကြည့်၏။ အလင်းကလည်း ဘာမှန်းမသ ဘဲ သူ့ကိုယ်သူပြန်ငုံ့ကြည့်သည်။ ဦးကုဋ္ဋေက ရှေ့တိုးလာကာ မြေးဖြ သူ့ခါးမှာ ပတ်ထားသည့် တဘက်ကိုလှမ်းဆွဲလျှင်.. ၊

"ဟာ..ဘိုးဘိုးကြီး ဘာလုပ်တာလဲ.."

"မင်း..ပြစမ်း.."

"ဟာ..ဘာလဲ၊ ဘိုးဘိုးကြီးနော်..အဲ့ဒါရှော့ရှိတယ်.."

ရှော့ဆိုတာကျတော့ နားလည်လိုက်သည်မို့ စိုးရိမ်မှတ်ပိုသွားကာ..

"သေချာပြီ..မင်းအဘိုးကိုမညာနဲ့၊ ဖြတ်ရလောက်အောင် ဘာတွေ ဖြစ်နေသလဲပြစမ်းဆို.."

"ဘာလဲ..ဘာမှမဖြစ်ပါဘူး၊ ဘိုးဘိုးကြီး..ဟာ.."

ရှစ်ဆယ်ကျော်ကိုးဆယ်နားကပ်နေပြီဖြစ်ကာ တောင်ဝှေးကူမှသ ဟိုနားဒီနားသွားနိုင်တော့တဲ့ အခြေအနေ.. ၊

"ဘာမှမဖြစ်ပါဘူး..ဘာကိုဖြတ်ရမှာလဲ၊ ဥုံဖွ..ဥုံဖွ.."

"ခုနဟိုကောင်မလေးဖုန်းထဲမှာ မင်းနှစ်ဆန်းတစ်ရက်နေ့တည်းက ဖြတ်ရမှာဆို"

ဟင်.. ၊

"အဲ့ဒါ ဘာပြောတာလဲ..ဖုန်းထဲက ဘယ်သူလဲ.."

မေးတော့ ဖုန်းကိုပြန်ကြည့်သလိုနှင့် ဦးကုဋ္ဋေလက်ကို အသာဖြု ပြီး နောက်ဆုတ်လိုက်သည်။ ပြီးတော့မှ ခေါင်းကုတ်ကာ.. ၊

"ဘယ်လိုသိမှာလဲဘိုးဘိုးကြီးရ..ကျွန်တော်မှမကြားလိုက်တာ.."

ဦးကုဋ္ဋေမျက်နှာမှာ စိုးရိမ်ခြင်းတွေ ပြည့်နှက်နေဆဲ။ ဟိုသင်းဟိုဟ မဖြစ်နိုင်လောက်ဘူးထင်ပေမယ့် ခုခေတ်ကြီးက ရောဂါဆန်းတွေများပါ ဘိသနဲ့.. ၊



"မြေး..မင်း.."

"မဟုတ်ပါဘူးဘိုးဘိုးကြီးရာ..ဒီကောင်မလေး..အဲ.."

"ဘယ်သူတုံး.."

"မသိဘူး.."

"ဘာ.."

အလင်းခေါင်းကုတ်ပြီး ရယ်ကျဲကျဲနှင့် နောက်ထပ်ဆုတ်သည်။ မြေး အသားအရေ ကျန်းမာသန်စွမ်းပုံအရ ဒီလိုရောဂါမျိုးရနေတာနဲ့တော့ တူ။ သို့သော်.. ၊

"မင်းမှာရည်းစားတွေများလွန်းလို့ ဘယ်သူဆက်မှန်းတောင် မသိ တော့ဘူးဟုတ်လား..မင်းလိုကလေးမျိုး ဒီရောဂါရနိုင်တာပဲ.."

"မဟုတ်ပါဘူးဘိုးဘိုးကြီးရာ တကယ်ပါ..ကျွန်တော့်ကိုတင်းပြီး ဖြတ်ချင်တဲ့တစ်ယောက်ယောက်ဖြစ်မှာပါ.."

"ဟော့..ဟော့.."

ဟင်းတာဖြတ်တာပါသွားတာနှင့် ဦးကုဋ္ဋေလှုပ်လှုပ်ရှားရှားဖြစ်သွား တော်ကာ.. ၊

"စကားပြောတာ ဘိုးဘိုးနားလည်အောင်ပြောစမ်း.."

ဖုန်းထဲကနံပါတ်ကို သိကိုမသိတာဖြစ်ကာ ကိုယ့်ကိုဘယ်ရည်းစား က ဖြတ်ချင်နေမှန်းလည်းမသိ။ ရည်းစားများတာမကြိုက်သော ဦးကုဋ္ဋေ ကလည်း အလင်းက 'အင်း..အဲ' ဖြစ်နေလေ ဆူလေ.. ၊

"မင်းလည်းဖအေလိုပဲ..ဟင်း၊ မင်းအမေနဲ့မင်းအဖေဘာကြောင့်ကွဲ ကြသလဲ မင်းမသိလို့လား.."

"မေမေကိုက မာနကြီးတာ.."

"မင်းဖအေကတော့ မှန်တယ်ပေါ့.."

"ရည်းစားထားတာလောက်ကတော့.."

"အလင်းသို့.."

"အခု ဖေဖေကလိုင်းပြောင်းသွားပြီလေ၊ အဲ့ဒါကိုပြောချင်တာပါဘိုး ကြီးကလည်း.."

"အေး..မင်းလည်းအချိုးပြင်ပါ၊ စံနစ်လိုနောက်ထပ်တစ်ကောင်ထွက် ပေါ်လာပြီလို့ အပြောမခံနိုင်ဘူး.."

"ဘိုးဘိုးကြီးပဲပြောနေတာ.."

"ငါ..တယ်.."

www.burmeseclassic.com

www.burmeseclassic.com



အလင်း ရွှေခနဲခုန်ပြီးထွက်ပြေးလေသည်။ ဦးကုဋေစိတ်ဆင်းရဲသ[...] မျက်နှာကြီးနှင့် နေရာမှာတင်ရပ်လျက် ကျန်ရစ်သည်။ ဒီလိုပုံစံမျိုးနဲ့ တေ[...] မိသားစုပြန်ပြီးပေါင်းစည်းဖို့ သူ့မျှော်လင့်ချက်တွေ ဘယ်တော့အကော[...] အထည်ပေါ်တော့မှာလဲ.. ။

တရားရိပ်သာက ဓမ္မမိတ်ဆွေတွေသာ သူ့ရင်ထဲကမီးကိုမြင်လို[...] ရင် ပြောကြတော့မည်။

"မဂ်လမ်းကိုရှာရမှာကို ဘယ့်နှယ်ကိုကုဋေက သံသရာခရီးရှည်ကြ[...] ကိုဆက်ဖို့ ကြိုးစားနေတာလား.."လို့.. ။

လူတွေဟာသေခါနီးလာလေ သေရမှာကိုကြောက်လာလေ။ [...] ကယ်တော့ သေရမှာကိုကြောက်တာလား..မပြီးဆုံးသေးတဲ့တာဝန်ဝတ္တရာ[...] တွေကြောင့် မသေချင်ကြတာလား..၊ ပုထုဇဉ်ပီသသည့်လူတိုင်းကတော့[...] သေမှာမကြောက်တဲ့လူ ရှိမည်မထင်.. ။

အသက်ရှစ်ဆယ်ကျော်နေကာမှ သောကပွားနေမိသည့် ကိုယ့်အဖြ[...] ကို ပုထုဇဉ်ပီသတာပဲလို့ ဖြေသိမ့်တွေးရင်း.. ။

♥♥♥

## အခန်း(၃)

အလုပ်လုပ်နေလျှင် ကော်ဖီသောက်ဖို့တောင် မေ့တတ်သော်လည်း [...]သံကတော့ မေ့ထားလို့မရအောင် နှောင့်ယှက်လေသည်။ စီးကရက် [...]ပ်ထားသည့်လက်နဲ့ပဲ ကောက်ကိုင်လိုက်ကာ.. ။

"ဟလို.."

"ဖေဖေ့..သားအဖြစ်ဆိုးနေပြီ.."

"ဘာ.."

နာရီကြည့်နေတော့ ညဆယ်နာရီကျော်နေပြီ။ ဒီအချိန်ထိ ဒီကောင် [...]လေး..။ သူ့အလုပ်စားပွဲကနေ ချက်ချင်းထလိုက်မိကာ.. ၊

"ဘယ်မှာလဲ..မင်းက.."

"ပန်းဝါလမ်းထဲမှာဖေဖေ့.."

"နေစမ်းပါဦး ဒီအချိန်ထိ မင်းကအင်းယားလမ်းကိုဘာသွားလုပ်.."

"ဟာ..ဖေဖေ့ နောက်မှမေးပါ၊ ကျွန်တော့်ကိုလာခေါ်ပါဦး..လုပ်ပါဦး၊ [...]မြန်..ကကရဲ့ဦးလေးတွေရောက်လာကြလို့ ကျွန်တော်ဘယ်လိုမှဆင်း [...] မရတော့ဘူး.."

"ဘာ.."

ဒီတစ်ခါမျက်လုံးပြူးသွားမိကာ ဒေါသကတာဆက်တည်းပါလျက် [...]သော့ဖြုတ်ခြင်း တံခါးဖွင့်ခြင်းတို့ကို ဆက်တိုက်လုပ်သွားခဲ့ရသည်။

"အလင်းသို့..မင်းကအိပ်ခန်းထဲရောက်နေတာလား.."

"လုပ်ပါဖေဖေရာ..နောက်မှမေးပါဆိုမှ၊ ကျွန်တော့်ကားရပ်ထားတဲ့ [...]ကနေ ခြေလှမ်းနှစ်ဆယ်လောက်မှာ လမ်းကြားပိစိလေးရှိတယ်..အဲ့ [...]ကယ့်လမ်းကြားမဟုတ်ဘူး၊ အဲ့ဒါလေးဆုံးရင် ဖေဖေ့ညာဘက်ကို [...]ကြည့်လိုက် ဆန်းရှိတ်ပေါ်မှာ ကျွန်တော်ရှိတယ်..ဖေဖေ့ ဖေဖေလာနေ

www.burmeseclassic.com

www.burmeseclassic.com



ပြီလား..”

“မင်းခေါ်တာနဲ့ရောက်လာရအောင် ငါကစူပါမန်းမို့လား..”

စိတ်ကတိုနေကာ ကားကိုအရှိန်တင်လို့ရသလောက် တင်လိုက်မ သည်။

“ဖေဖေ့..ဖုန်းမချနဲ့နော်၊ မြန်မြန်လာပါ..ခြံနံပါတ်က( × × )..”

“ငါသိတယ်..ကကဆိုတာ ကိုမျိုးသမီးမို့လား..”

“ဟာ..ဟုတ်တယ်၊ အခုကကက သူ့ဦးလေးအိမ်မှာဆိုတော့..”

သူဘာမှမပြောတော့ဘဲ ဖုန်းချကာ ကားကိုဘယ်ဘက်ကနေ ဝိုက် တွက်လိုက်သည်။ အလင်းသိုဆိုသည့်သားလေးတစ်ယောက်ကို ချစ်လွန်း လို့ အလိုလိုက်ယုယထားခဲ့ပါသည်။ လိမ္မာရေးခြားလေးလည်း ရှိပါသည် ငယ်စဉ်တောင်ချေး ကလေးဘဝတုန်းက.. ၊

အရွယ်လေးလည်းရလာရော ရန်ဖြစ်လာလို့ ကောင်မလေးတွေကို စနောက်သန်လို့ သူများကားတွေကို ဝင်အောင်းခဲ့ပြန်ပြီဆိုတာလည်း အ လင်းသို။ ကားပြိုင်မောင်းလို့ ဖမ်းခံထိလို့ဆိုတာတွေကို အသက်မပြည့် သေးဘဲ ကားမောင်းနေတည်းက ရှင်းခဲ့ရတဲ့အကြိမ်ရေတွေ နည်းသ လား.. ၊

ကားမောင်းရင်း စိတ်မချမ်းမြေ့ဖွယ်တွေတွေးရင်း ခေါင်းထဲမှာလည် ရှောင်နည်းပြေးနည်းတွေ ရှာဖွေစဉ်းစားနေရင်း..တွေ့ပြီ.. ၊

အနီရောင်ပြိုင်ကားလေး။ ကားကိုမြင်ကာမှ ဒီတိုင်းဖြတ်ကျော်မောင် ခဲ့ပြီး အတော်လွန်မှ ပြန်ခေါက်လာခဲ့ပြီး.. ၊

“ကိုယ့်နည်းကိုယ်ဟန်နဲ့ ရအောင်ထွက်လိုက်တော့..”

“ဖေဖေ့..”

သူဖုန်းပိတ်လိုက်ပြီး ခြံရှေ့တည့်တည့်မှာ ကားရပ်လိုက်သည်။ ကား ရှေ့မီးတန်းတန်းတည့်မှာ အနီရောင်ပြိုင်ကားလေးက မီးထိုးပြထားသလို ရှိနေကာ ဒီကမီးပိတ်လိုက်မှ မှောင်ကျသွားခဲ့၏။ ပြီးတော့ သူ့ကားအတွင် မီးဖွင့်ထားလိုက်ပြီး.. ၊

“တီ..”

ဟွန်းသံကြားသည်နှင့် ခြံစောင့်ကထွက်လာသည်။ သူလည်းကား ပေါ်ကဆင်း၍ တံခါးနားသွားကာ.. ၊

“ကိုမျိုးတို့ ကိုစိုးတို့ရှိတယ်မို့လား..”

•“ဩော်..ဆရာစိုးတို့စည့်သည်လား၊ ဆရာမျိုးတော့မရောက်သေးဘူး



ခင်ဗျ..သုံးယောက်စလုံးရှိပါတယ်၊ ဘယ်သူလို့ပြောလိုက်ရမလဲ..”

“စံနစ်လို့ပြောပေးပါ..”

ခြံစောင့်က ဖုန်းဆက်ပြီးလှမ်းအကြောင်းကြားလိုက်လျှင် အထဲကနေ မောင်နှမသုံးယောက်စလုံး ဆင်းထွက်လာကြကာ.. ၊

“ဆောရီးပါစံနစ်ရာ..ခြံစောင့်ကလူသစ်မို့ မင်းကိုမသိတာ..”

“နောက်ကိုမှတ်ထားပါ..သူကခြံဝကနေ စောင့်နေရမယ့်လူမျိုးမ ဟုတ်ဘူး၊ ဘယ့်နှယ်သိသိမသိသိ လူပုံကိုကြည့်ပါလား..အရိပ်အကဲနည်း နည်း ဖတ်ဦးပေါ့..”

“ရပါတယ်မယု..ဒီအချိန်ကြီးလာရတာတောင် အားနာပါတယ်၊ ကျွန် တော့်ကားဘီး ဘယ်သူနောက်သွားလဲမသိဘူး..လေပြားနေတာဗျာ၊ ဒီနား ကျမှသိတယ်..အဲ့ဒါဒီညရပ်ထားခဲ့မယ် ဖြစ်မလားမသိဘူး၊ ခြံရှေ့ကပ်နေ တော့ မနက်ကျမှမြင်ရင် ကျွန်တော့်ကားမှန်းမသိတော့..”

“ဟုတ်တာပေါ့..ကိုနစ်က ကားတွေထည်လဲစီးနေတာဆိုတော့ ကိုနစ် ကားမှန်းမသိရင် မနက်ကျပြဿနာတက်မှာ သေချာတယ်၊ အခုသိပြီဆို တော့ အပြင်မှာထားဖို့လည်း မလိုဘူး..ဒီတိုင်းလည်းမပြန်နဲ့၊ လိုက်ပို့ပေး မယ်..”

ယုယုမောင်က စံနစ်ကိုမြင်တည်းက အစ်ကိုနှစ်ယောက်ပြောရမယ့် အလှည့်တောင်မပေးဘဲ သူမအသံချည်းပဲဖြစ်ကာ စံနစ်ပြင်ဆင်လာခဲ့သ မျှ အဆင်ပြေသွားသည်။ ခြံဝမှာပဲ စကားတွေပြောနေမိကာ အပြင်မှာကား ပ်တစ်ချက်နှင့် ကားမီးရောင်တစ်ချက်ဖြတ်သွားမှ သက်ပြင်းချနိုင်၏။

ခွေးကောင်လေး..။ ကိုယ့်ဘဝငယ်စဉ်ကာလတုန်းကတောင် ဒီ လောက်ဉာဏ်နီဉာဏ်နက်တွေ မသုံးခဲ့ဘူး။ မြင့်မားထည်ဝါသည့်တိုက် ကြီးကို တစ်ချက်လှမ်းကြည့်မိရင်း ခပ်ကြိတ်ကြိတ်ဆဲမိသည်။

ဒီလိုအဖြစ်တွေ ဒီတစ်ခါတည်းလည်း မဟုတ်.. ၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

"ဒေါက် ဒေါက်.."

"အလင်းသို.."

"ဒေါက် ဒေါက်.."

"ဗျာ.."

"ထတော့..ဘယ်အချိန်ရှိပြီလဲ.."

အိပ်ရာထဲမှာ အလင်းမျက်နှာမီးခဲရဲရဲပေါ် ပစ်ချခံလိုက်ရသည့် အမ ခြောက်လိုဖြစ်သွားသည်။ ထုံခဲနေဆဲမျက်လုံးကို ဖွင့်၍ နာရီကြည့်လိုက် တော့ ခုမှခုနှစ်နာရီကျော်ကျော်ပဲ ရှိသေးသည်။

"အလင်းသို.."

"ဗျာ..ထနေပြီလို့.."

"အေး..ပြန်အိပ်နေမှာစိုးလို့၊ မြန်မြန်ထွက်ခဲ့..ငါအချိန်မရှိဘူး.."

ကိုယ်မှာရစ်ပတ်နေသည့် စောင်ကိုခွာချနေရတာပဲ အချိန်ယူနေရ သေးသည်။ ဒါတောင် ရေချိုးခန်းရှေ့ထိ ဖေဖေရောက်လာကာ.. ၊

"အလင်းသို.."

"လာပြီဖေဖေရာ..ဖေဖေလောနေတာနဲ့ စောင်မပတ်ဘဲထွက်လာမိ တော့မယ်.."

"ထွက်လာကြည့်ပါလား..မင်း.."

ဘာဖြစ်လဲ..မသကာ လက်မောင်းအထိုးခံရရုံပေါ့.. ၊

ဖေဖေ့အကြောင်း သူသိသည်။ သူငယ်ချင်းလို ပေါင်းတတ်ပေမယ့် မလေးစားရင်မကြိုက်။ မကြိုက်ဘူးဆိုပေမယ့် ဘယ်တော့မှ ဝုန်းဒိုင်းကြ ရိုက်ပုတ်ဖူးခဲ့တာမျိုး မရှိ။ အရိုက်ခံရအောင်လည်း အလင်းသိုတို့က မ မိုက်ပေ။ ဘာရမလဲ.. ပြန်မပြောနားမထောင်ဆိုတာ နာမည်မကောင်းပေ



မယ့် လွတ်လပ်ခြင်းကို ရယူနိုင်သည့် အေးလက်နက်တစ်မျိုး.. ၊

**"တို့ဖေဖေကတော့ ကြည့်လိုက်ရင် ချောသန့်နေတာပဲ..အဟဲ.."**

ညကကိစ္စ ဆူခံထိတော့မှာကို သိသည်။ ထို့ကြောင့် မျက်နှာချိုသွေး လိုက်ပေမယ့် စံနစ်မျက်နှာက တည်နေဆဲရှိလျက်.. ၊

"ညကဘာတွေဖြစ်ခဲ့လဲ.."

"ဟာ..ဘာမှမဖြစ်ခဲ့ပါဘူးဖေဖေကလည်း.."

စံနစ်က ကော်ဖီပန်းကန်ကို ပြန်ချလိုက်ပြီး မျက်လွှာပင့်ကြည့်သည်။

"ဘာဖြစ်စရာရှိလို့လဲဖေဖေရ..လူကြီးတွေရောက်ချလာတာနဲ့ အပေါ် တက်ပြေးရတာကို.."

"မေးလိုက်ရင် ပြူးပြူးပြဲပြဲနဲ့..ဒီအချိန် ရည်းစားနဲ့ချိန်းတွေ့တာ ဘာ ဖြစ်လို့မိန်းကလေးအိမ်ထဲမှာလဲ.."

"အဲ့ဒါ.."

"အနေအထိုင်မပေါ့နဲ့..ယောကျ်ားကောင်းဖြစ်အောင် နေပါလို့ မင်း ကိုမပြောဘူး၊ အကျင့်မကောင်းတဲ့ကောင်လို့ လက်ညှိုးထိုးမခံရစေနဲ့.."

"ဖေဖေကလည်း ထိုးတော့ထိုးတာပါပဲ.."

စံနစ်ကလှမ်းကြည့်မှ ပျာပျာသလဲခေါင်းခါ၍.. ၊

"ဖေဖေပဲစဉ်းစားကြည့်လေ..ရည်းစားထားတိုင်း သုံးနှစ်သုံးမိုးကြိုက် ရလား၊ ခြောက်လတစ်နှစ်ထိ သက်တမ်းတိုးပါဦးပြောတိုင်းရော တိုး ရလား.."

"အလင်းသို.."

"ပြောပြတာ.."

အလင်းသိုက မုန့်တစ်ခုယူစားပြီးမှ.. ၊

"သူတို့ကိုဖြတ်ပြီဆိုတာနဲ့ အဲ့လက်ညှိုးကထိုးတာပဲ..'အကျင့်မ ကောင်းတဲ့ကောင်'ဆိုတဲ့ ဘွဲ့ကဒေးတက်ဖို့မလိုဘူး၊ အဝေးသင် အပြင် ပင် အနီးကပ် ဘာမှကိုမလိုဘူး..ရည်းစားဖြတ်လိုက်တာနဲ့ရပြီ.."

"မင်းဒီတိုင်းဆက်သွားရင် လူယုတ်မာ မှဒိန်းကောင် မိမဆုံးမ ဖုံမ.."

"ဖေဖေ့.."

"အပြုလိုက်ထပ်ရလာနိုင်တဲ့ ဘွဲ့တွေ.."

အလင်းကော်ဖီပန်းကန်ကိုင်လိုက်ပြီးမှ ပြန်ချ၍ မဲ့ရွဲ့နေကာ.. ၊

"ဖေဖေရာ..ဖေဖေ့သားဒီလောက် မပျက်စီးပါဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"ပျက်စီးစီး မပျက်စီးစီး..ဒါနောက်ဆုံးပဲအလင်းသို့.."

စံနစ်က လက်သုတ်ပါဝကိုပစ်ပေါက်ချလိုက်ပြီး ထရပ်သည်။ ပြ တော့.. ၊

"နောက်ထပ်ဒါမျိုးထပ်ဖြစ်ရင် မင်းကိုငါကိုယ်တိုင် အိမ်ပေါ်ကခေါ် ချပြီး တစ်ခါတည်းညားသွားအောင် ပေးစားပစ်မယ်.."

"ဖေဖေ့.."

သူထွက်သွားတာနှင့် အလင်းကကမန်းကတန်း ထလိုက်လာကာ..

"ဆက်ဆံရေးကလည်း ကျဲလိုက်တာဖေဖေရာ..ကိုယ့်သားလေးကို.."

"ဟော့ကောင်.."

ကားသော့ဖြုတ်၍ လှည့်ကြည့်တော့ အလင်းကသူ့လက်ထဲက ကာ သော့ကိုယူလိုက်ကာ.. ၊

"ဟဲ..ဟဲဖေဖေက အရင်လိုမဟုတ်တော့ဘူး..တစ်ခုပဲမပြောင်းလဲတာ"

စနစ်မျက်နှာတည်နေသမျှကားနားထိမျက်နှာချိုသွေးရင်းပါလာခဲ့လျက်၊

"ဖေဖေပြောတာနားထောင်ပါလားသားရယ်လို့ တခြားအဖေတွေလို ပြောကြည့်ပါလား.."

"အပိုတွေပြောမနေနဲ့..ပေးသော့.."

"ကျွန်တော်လိုက်ပို့မယ်လေ.."

"ပေးကွာ.."

စံနစ်က သော့ကိုဖျတ်ခနဲယူပစ်လိုက်ပြီး ဒေါသမရှိတော့သည့် မျက် ဝန်းတို့နှင့် တံခါးဖွင့်ရင်း ငုံ့ကြည့်ကာ.. ၊

"ပုံမှန်အတိုင်းဆက်ဆံ..နောက်ထပ်တစ်ခါဆို ခွင့်မလွှတ်ဘူးလို့ပြော ပြီးသား.."

မုန်တိုင်းဘယ်ကိုရွေ့သွားပြီဆိုတာ အလင်းကလည်းသိသည်။ ထို့ ကြောင့် မျက်နှာကပြုံးပြုံးရယ်ရယ်ဖြစ်သွားခဲ့လျက်.. ၊

"သားသိပါတယ်ဖေဖေရ..ဖေဖေက ကျွန်တော့်ကို အလင်းသို့လို့ကို ခေါ်ချင်တာပါ၊ ဘာလို့ခေါ်ချင်တာလဲဆိုတာကတော့..အဟမ်း.."

သူခြံထဲကနေ ကွေ့ထွက်လိုက်ရင်း ပြုံးမိသည်။ ပြီးတော့ သတိရခြင်း နှင့်အတူ.. ၊

ဟုတ်တယ်သို့..ငါမင်းကိုဘယ်တော့မှ မမေ့ခဲ့ဘူးဆိုတာ ငါ့ကိုယ်ငါ သေချာနေချင်လို့.. ၊

♥♥♥

## အခန်း(၅)

"ဟား ဟား ဟား.."

"အေး..ရယ်ကြ၊ အဲ့ဒါမင်းတို့ကြောင့်.."

"ဘာမှမဆိုင်ဘူး..မင်းဘာသာ အပျင်းပြေတယ်ဆိုပြီး ဟား ဟား ဟား.."

"အပျင်းပြေ ကောင်မလေးအိမ်လိုက်လည်ရတယ်လို့..ဟား ဟား ဟား.."

ကိုယ့်အဖြစ်ကိုပြန်တွေးရင်း အလင်းမျက်နှာကြီးလည်း ပြုံးဖြီးဖြီး ကြီးဖြစ်လာသည်။ ပြီးတော့ တဟားဟားလိုက်ရယ်ကာ.. ၊

"ငါထင်တယ်သိလား..အဲ့ကောင်မလေး ငါ့ကိုတမင်ဖွဲ့ချင်တာ.."

"ဖွဲ့ချင်တာလား..လိုချင်တာလားကွာ.."

"တောမှာဆို အဲ့ဒါမျိုးကို အမိဖမ်းတာလို့ခေါ်တယ်.."

"မဟုတ်သေးပါဘူးကွာ..သူ့ဦးလေးတွေ မရှိကြလို့၊ မနက်က လည်း သူ့မွေးနေ့ကို ငါမမီလိုက်ဘူးဆိုပြီး မုန့်ကျွေးဖို့ခေါ်တာ ရိုးရိုးပါ.."

"ရိုးရိုးခေါ်တာဆို ဘာလို့မင်းတစ်ယောက်တည်းလဲ..အနည်းဆုံးတစ် ဝိုင်းစာလောက်အတွက် ပြင်ဆင်ကျွေးလို့ရတယ်.."

စက်ဝိုင်းက လေညှာခေါင်းကို နောက်ကနေဖတ်ခနဲပုတ်ကာ.. ၊

"သူ့ကိုပဲစေတနာရှိလို့ပေါ့ကွာ..အလကားနေ ဝါရီများနေပြန်ပြီ..ဘာ ပဲဖြစ်ဖြစ် အန်ကယ်လ်လေးရှင်းပေးလိုက်တာပဲမို့လား.."

သူတို့အားလုံး အလင်းနဲ့ပတ်သက်သည့်ကိစ္စတိုင်းမှာပါနေတတ် ကာ အလင်းနဲ့သူ့အဖေဘယ်လိုချစ်ခင် ရင်းနှီးစွာနေကြတာကအစ မသိတာမရှိသလောက်ပင်.. ၊

"ဟုတ်တယ်..ဒါပေမယ့် ခုဟာက ကကာအိမ်နဲ့သိနေလို့လေ၊ မ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ရင်.."

"ဒါတော့မပြောနဲ့လေကြီး..အန်ကယ်လ်လေးမရှင်းနိုင်လို့သာ ဒုက္ခရောက်ရရင် အလင်းဆိုတဲ့ကောင် အုဝဲဆိုတည်းက ထောင်ထဲတန်းရောက်.."

"ဒေါက်.."

"အား.."

စက်ဝိုင်းနဖူးကို လက်ဆစ်နဲ့လှမ်းခေါက်လိုက်ပြီး အလင်းကမဲ့ရွဲ့ပြတာ.. ၊

"ငါကအုဝဲတည်းကရောက်ဖို့ဖြစ်နေရင် မင်းကထောင်ထဲမှာသေပြီး မင်းအမေဗိုက်ထဲဝင်လာတာ ငါရဲ့စီနီယာပဲ.."

"ဟား ဟား ဟား.."

"ဟား ဟား ဟား.."

"မှတ်ထား..သူတောင်းစား.."

ပြောချင်တိုင်းပြောချလိုက်ပြီး ပြောတဲ့သူကလည်းရယ် ခံရတဲ့လူကလည်း နာရမှန်းမသိ။ ကျောင်းဝင်းထဲမှာမို့ ဖြတ်သွားနေကြသည့် ကျောင်းသူလေးတွေက လှည့်ကြည့်ကြသည်။ စက်ဝိုင်းနဲ့လေညာတို့ခေါင်းတွေခါပြီး စတာမဟုတ်ကြောင်း အချက်ပြသည်။ ပါးစပ်တွေလည်း ချက်ချင်းပိတ်၏။

အလင်းကတော့ မဟုတ်ပေ။ လှည့်ကြည့်လာသည့် ကောင်မလေးတွေစုံအောင် မျက်လုံးကိုရှုပ်တိုက်ပြေးလိုက်သည်။ အချောဆုံးဆိုသည့် တစ်ယောက်မျက်နှာလေးမှာ ဖတ်ခနဲမျက်စိမှိတ်ပြလိုက်၏။ ပြီးတော့ ရှက်ရွံ့ဟန်လေးနှင့် မျက်စောင်းထိုးသွားတော့ သဘောတွေအတိအကျဖြစ်လျက်.. ၊

"အဟွန်း..မရည်ရွယ်ပါဘူး.."

"သိတယ်..သိတယ်.."

"ဒီကောင်တကယ်ပါပဲကွာ.."

စက်ဝိုင်းနဲ့လေညာ နှာခေါင်းတရှုံ့ရှုံ့နှင့် ကဲ့ရယ်သလိုလိုထင်ရပေမယ့် မကြာမီအထင်ကြီး ခေါင်းချင်းပူးသွားခဲ့လျက်.. ၊

"မင်းသိလို့လား..အဲ့တစ်ယောက်ကို.."

"ဟော့အေး.."

"သိသိမသိသိ သူ့မျက်လုံးက မိန်းကလေးလှလှမြင်ရင် အော်တိုအ



ကြာလိုက်တာ..သိပြီးသား.."

မင်းမို့မေးနေသေးတယ်ဆိုသည့် ပြစ်တင်သံသည် မြင်ကွင်းထဲဝင်လာသည့် ဂီတကိုမြင်လိုက်လျှင်.. ၊

"ဟာ..ဂီတ.."

"အေး.."

အလင်းလှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ဂီတက လိမ္မော်ရောင်ဖျော့ဖျော့မှာ အနီချိတ်လေးဒူးနားပါသော မြန်မာဝတ်စုံလေးနှင့်ဖြစ်ကာ အင်္ကျီသည် ခါးတိုလက်ကျလေးဖြစ်၏။

ခါးစပ်မှာရော လက်ကျလေးမှာပါ ဇာအနီရဲရဲလေးနဲ့ ကွပ်ထားကာ အနီနဲ့လိမ္မော်ရောင် လက်ကောက်ကွင်းလေးတွေရောဝတ်ထား၏။ ဖိနပ်ကလည်း ဒေါက်မြင့်လေးဖြစ်လျက် ကျောလယ်လောက်ဆံပင်တွေကို ဒီနံ့ကျမှ အနားလေးတွေခွေထားသောကြောင့် သူမတစ်ကိုယ်လုံး နုသစ်လှပနေ၏။

"တွေ့လား..ဂီတလှပါတယ်ဆိုတာ.."

အလင်းက မချင့်မရဲရေရွတ်လျက် ခေါင်းထဲကိုလက်ထည့်၍ ခပ်ကြမ်းကြမ်း ဖွပစ်သည်။

"ကျွတ်..ဟိုခွေးကောင် ငါ့ကိုဒုက္ခပေးသွားလို့၊ မဟုတ်ရင်တော့.."

"လုပ်မနေနဲ့အလင်း..ဂီတလောက် မင်းအကြောင်းအတွင်းအပြင် အရပ်လေးမျက်နှာ အရပ်ရှစ်မျက်နှာ အရပ်ဆယ်မျက်နှာ နှောကြေအောင်သိတာမရှိဘူး.."

"အတွင်းသိ အစင်းသိဆိုရပြီ..သေနာ.."

"ဇာတ်တူသားမစားကောင်းဘူး..ဟသ်ာကိုးသောင်း ပျက်တယ်တဲ့.."

"ဟသ်ာပျက်တာ လူပျက်တာမဟုတ်ဘူး.."

သူတို့နှုတ်ခမ်းလှုပ်ရုံ အမှုအရာမပျက် ရန်ဖြစ်နေကြစဉ် ဂီတကအနားရောက်လာ၏။ သို့သော်.. ၊

"အင်း..ညနေမှလေ၊ ဘိုင့်.."

လမ်းကူးလာပြီးမှ ဟိုဘက်မှာကျန်ရစ်သည့်တစ်ယောက်ကိုလက်ပြနှုတ်ဆက်နေ၏။ ဟိုဘက်ကနှစ်ယောက်မှာ တစ်ယောက်က ယောကျ်ားလေးဖြစ်ကာ ဖြူဖြူချောချောပဲမို့ ဒီကိစ္စပေါ့လို့မဖြစ်.. ၊

"နင်တို့အတန်းလစ်ဖို့ စိတ်ကူးနေကြတာလား.."

"ဟိုတစ်ယောက်က ဘယ်သူလဲ.."

www.burmeseclassic.com

www.burmeseclassic.com



သူမမေးတာကိုမဖြေဘဲ မေးခွန်းပြန်ထုတ်တော့ ဂီတကရယ်သည်။ ဘယ်သူ့ကိုမေးမှန်းလည်း သိလိုက်သောကြောင့်.. ၊

"မေမေ့မိတ်ဆွေရဲ့သားပါ.. ငါနဲ့ငယ်ငယ်တုန်းက သူငယ်ချင်းလို့ ပြောတာပဲ၊ ငါတော့မမှတ်မိတော့ဘူး.."

"သူကတော့ မှတ်မိနေတယ်ပေါ့.."

"အင်း.."

အလင်းမျက်နှာက စူပွပွဖြစ်နေသလောက် စက်ဝိုင်းတို့က ပြုံးမလို မဲ့မလိုနှင့် တစ်ယောက်နဲ့တစ်ယောက် လက်တို့၍.. ၊

"တော်သေးတာပေါ့..ဂီတတို့က တောဇာတိတွေမဟုတ်လို့.."

"အေးနော်..တောကကလေးတွေဆို ကလေးဘဝငယ်ငယ် ကောက်ရိုးပုံတွေကြား ခြုံကြိုခြုံကြားဝင်ဆော့ပြီး.."

"အဟမ်း..ငါလည်းကြားဖူးတယ်၊ အဟမ်း အဟမ်း..စစ်တိုက်တိုင်းကစားတာတို့ ချစ်တီးနဲ့လယ်သမားကြွေးတောင်းတမ်း ကစားတာမျိုး.. အဟမ်း လင်မယားလုပ်တမ်း.."

"လေကြီးနော်..နင်.."

"ဩော်..မောင်ကြီးရေ နှမရေ..မောင်ကြီးပြန်လာပြီကွ၊ ဟုတ်ကဲ့လာပါ..အဆင်သင့်ပဲဆိုတာမျိုးလေးတွေ ပြောတာ့ပါ.."

"ကြည့်စမ်း.."

"ဘာတုံးကွ..မင်းရဲ့အဆင်သင့်ပဲ ဆိုတာကြီးက.."

"ထမင်းခူးခပ်ထားပါတယ်မောင်ကြီးရေ..ဘာညာကွာ၊ မင်းကလည်း ဘာလဲ..နွေဦးကာလကဗျာ ရွတ်ပြရဦးမလား.."

တမင်တကာနောက်ပြောင်ချင်နေတာမှန်း သိနေသဖြင့် ဂီတကထိုင်မလိုလုပ်ပြီးမှ မထိုင်တော့ဘဲ လေကြီးရဲ့ပခုံးကို စာအုပ်နဲ့ဘုန်းခနဲရိုက်ပစ်လိုက်ကာ.. ၊

"တော်တော်စုတ်ပဲ့ကြတယ်ဟုတ်လား..နင်တို့နဲ့မထိုင်တော့ဘူး၊ တော်ပြီ.."

"ဘယ်သူကကျွေးလို့တော်ပြီလဲ..ခုမှသွားစားရမှာ.."

"သွားပေါ့..မလိုက်ဘူး.."

ဂီတက လွယ်အိတ်ကို ပခုံးပေါ်ဆွဲချိတ်ပြီး လှည့်ထွက်သွားလျှင်..၊

"ဂီတ.."

အလင်းက ဂီတလက်ကိုဖျတ်ခနဲ ဖမ်းဆွဲ၏။ ပြီးတော့ သူလည်းထ



ရပ်လိုက်ကာ.. ၊

"ငါပြောစရာရှိတယ်.."

"အံမာ.."

စက်ဝိုင်းမျက်ခုံးတွေ ပင့်တက်သွားသည်။

"ဘာလဲ..အလင်း ဟော့ကောင်၊ ဟသံ့ာကိုးသောင်းနော်.."

နောက်ကနေ လှမ်းအော်ကျန်ခဲ့ကြလျက်.. ၊

"ဂီတ..အဲ့ကောင်ပြောတာ နားမထောင်နဲ့၊ အဲ့ကောင်ရှူးနေတာ.."

စက်ဝိုင်းတို့အော်နေကြတာကြားတော့ ဂီတကအလင်းကို မော့ကြည့်သည်။ ပြီးတော့ လက်ကိုပြန်ရုန်း၏။ အလင်းကမလွှတ်ဘဲ ဖိဆုပ်ထားသဖြင့် မျက်ခုံးတန်းလေးတွန့်သွားသည်။

"ဟဲ့..လွှတ်လေ၊ သူများတွေတစ်မျိုးထင်ကုန်လိမ့်မယ်.."

အလင်းကလွှတ်လိုက်ပြီး ဂီတကိုစိုက်ကြည့်ကာ.. ၊

"နင်ကဘာလို့ အဲ့လောက်တောင်ပြင်လာတာလဲ..မျက်နှာမှာမိတ်ကပ်တွေခြစ်ချလို့ရတယ်.."

"ကဲ့ရဲ့မနေစမ်းပါနဲ့..မလိမ်းတတ်မပြင်တတ်နဲ့ လိမ်းလာတာမဟုတ်ဘူး၊ မလိမ်းချင်လို့ မလိမ်းခဲ့တာ..ဟွန်း.."

ပြောပုံက ဆရာမကြီးစတိုင်လ်နှင့်။ ခါတိုင်းလည်း သနပ်ခါးလိမ်းနေတာတော့ မဟုတ်ပါ။ ဒါပေမယ့် သူမမျက်နှာမှာ ဘာအရောင်အဆင်းမှ မရှိခဲ့တာအမှန်ပင်။ ဒါပေမယ့်လည်း သူမကလှနေတာပဲဖြစ်သည်။ မနေ့ကျမှ.. ၊

"ငါတို့အိမ်မှာ ဖေဖေနဲ့မေမေရဲ့မင်္ဂလာနှစ်ပတ်လည်လေ..ဒီမနက်လေးနာရီ မိသားစုတွေဘုရားသွားကြတယ်၊ ကောင်းမှုကုသိုလ်တွေလုပ်ကြတယ်..ညကျမှ ဟိုတယ်လ်မှာ ပါတီသပ်သပ်ပေးမှာ.."

"ဟွန့်.."

နှာခေါင်းတစ်ချက်ပွတ်၍ မသိမသာမဲ့မိကာ.. ၊

"သူတို့ဘာသာ လူကြီးချင်းနှစ်ပတ်လည်တာ..နင်ကအဲ့လောက်ပြင်ရလား.."

"ပြင်ချင်လို့ပြင်တယ်..ဘာဖြစ်လဲ၊ ဒါနဲ့နင့်အကြောင်းကြားပါတယ်..ညက ကျော့ကျော့မှုဟန် အဲ..နာမည်ကလည်း အတိုခေါ်လည်းမကောင်း အရှည်ခေါ်လည်းမကောင်း.."

"မကောင်းလည်းမခေါ်နဲ့တော့.."

www.burmeseclassic.com

www.burmeseclassic.com



ကကအကြောင်းပြောတော့မှာသိကာ ခေါင်းကြီးသွားသည်။ ဒီ
လောက်တောင်တမင်တကာစောင့်ပြီး သတင်းပေးတဲ့သူရှိနေတာလားလို့
တွေးမိသဖြင့် စိတ်လည်းတိုသွားမိ၏။ ဒါပေမယ့် ဂီတကမရ.. ၊

"ဘာဖြစ်တာလဲ..သတင်းဆိုတာ ပုတ်ရင်ပေါ် ဟုတ်ရင်ကျော်တဲ့
နင့်သတင်းတွေကတော့ အပုတ်နံ့ချည်းပဲဆိုတော့ အပေါ်မြန်တာပေါ့.."

"ဟုတ်တယ်..ငါကဆယ်လီထက်သာတယ်၊ ညကသတင်းက အ[illegible]
ကိုးနာရီမထိုးသေးဘူး.."

"ဟား ဟား ဟား.."

ဂီတက ခပ်ကြိတ်ကြိတ်ရယ်ပြီး သူ့မျက်နှာကိုငဲ့ကြည့်၏။

"ကြံဖန်ဂုဏ်ယူနေသေးတယ်အလင်းရယ်..ဆယ်လီတွေထက်သာ
တယ်ဆိုလည်း ဆယ်လီတွေက ကောင်းတာဖြစ်ဖြစ် ဆိုးတာဖြစ်ဖြစ် [illegible]
နိုင်လေနာမည်ကြီးလေ..နင်ကတော့ အပုတ်နံ့တွေလှိုင်နေလေ လူတွေက
ဝေါင်ဝေါင်ရှေးလေ..ဟား ဟား ဟား.."

"သိပ်ရယ်မနေနဲ့..သွားဖုံးတွေအံပုံတွေကြားကပါ သွားတွေထ[illegible]
ပေါက်လာလို့ အစွယ်မှတ်ပြီး ရိုက်ထုတ်ခံနေရဦးမယ်.."

"ဟား ဟား ဟား ဟား.."

"ငါနဲ့ကကနဲ့ ဘာမှမဟုတ်သေးဘူး.."

"ဘယ်သူကမေးနေလို့လဲ.."

"မေးမေးမမေးမေးမှတ်ထား..နင်သိဖို့လိုတယ်.."

"Why?.."

"မကြာခင် နင့်ကိုရည်းစားစကားပြောတော့မှာမို့လို့.."

ဟမ်.. ၊

ဂီတရယ်နေတာတွေ တစ်ပိုင်းတစ်စနဲ့ ပျောက်ကုန်သည်။ လှည့်
ကြည့်လိုက်တော့ အလင်းမျက်နှာလွှဲလိုက်ပြီး ပခုံးတွန့်၍.. ၊

"အခုမပြောသေးပါဘူး..အဖြေပေးဖို့ စဉ်းစားမနေနဲ့ဦး၊ အားနာစရာ
ကြီး.."

"အလင်း.."

"ဟင်.."

ပြန်ထူးပုံက အူကြောင်ကျားပုံနှင့်.. ။

"အရှုးကွက်တွေနင်းမနေနဲ့..မိန်းကလေးတိုင်း ကန်းနေရင်တော[illegible]
ငါ့မှာဒီမှာ.."



ဂီတက မျက်လုံးပြူး၍ လက်ညှိုးနဲ့ပြန်ထိုးပြကာ.. ၊

"ငါ့မျက်လုံးအကောင်းကြီးရှိသေးတယ်.."

"နောက်တော့ကန်းချင်ကန်းမှာပေါ့.."

"ဆုတောင်းလေ.."

မဲ့လိုက်ပြီး ဂီတက သူ့ရှေ့ရောက်အောင် ခြေလှမ်းကျဲလိုက်သည်။
ကပ်လိုက်မလို ခြေလှမ်းပြင်ပြီးမှ သူမရဲ့ကျောပြင်လေးကနေ မြင်နေရ
သည့် အလှအပများကြောင့် ငေးနေမိရင်း မလိုက်ဖြစ်ခဲ့.. ၊

နင်အရမ်းချစ်ဖို့ကောင်းတာ အစတည်းကသိတယ်ဂီတ..တမင်တ
ကာကျော်လွှားသွားနေခဲ့ရတာ လွယ်တယ်မှတ်လို့လား..ဒါပေမယ့် မရ
တော့ဘူး.. ၊

အဖေအမေတွေသိသိ..အစ်ကိုမောင်တွေသိသိ၊ ဟိုကောင်ရတုအောင်
တာပဲပြောပြော.. ကဲ.. ၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၆)

"ဟော..လာ သမီးလာ..အတွက်ရော.."

"အတွက်ကနေခဲ့တယ်အန်ကယ်လ်..သူ့သူငယ်ချင်းပြန်လာမယ်ဆိုလို့ ရန်ကုန်ကအလုပ်ကိစ္စတွေ ပြီးတဲ့အထိ စောင့်ခေါ်ခဲ့မယ်တဲ့.."

"ဟုတ်လား.."

ဦးမိုင်းညိုပြုံးနေရပေမယ့် စောသဲကိုတော့ အားနာနေမိသည်။ အတွက်နဲ့သမီးရဲ့ သံယောဇဉ်ကိုလည်း အပြစ်မတင်နိုင်ပေမယ့် စောသဲသည်းညည်းခံရှာတာကိုလည်း မိသားစုချင်းရင်းနှီးနေသဖြင့် မသိချင်ယောင်ဆောင်နေလို့မရ.. ၊

"ဒီမှာအန်ကယ့်လ်အတွက် အတွက်ဝယ်ပေးလိုက်တာ..သူပြန်လာရင်လည်း ပါလာဦးမှာ.."

ပစ္စည်းတွေကို တစ်ယောက်ကသယ်လာတာဖြစ်ကာ ဧည့်ခန်းစားပွဲပေါ်တင်လိုက်တော့ စားပွဲနဲ့အပြည့်.. ၊

"အန်ကယ်လ်က တစ်ယောက်တည်းသမားပါကွယ်..ဒီလောက်အများကြီး မလိုပါဘူး၊ ဒုက္ခရှာလို့.."

ဧည့်ခန်းမှာ ဦးမိုင်းညိုထိုင်ပြီးမှ စောသဲကဆိုဖာမှာဝင်ထိုင်ကာ.. ၊

"တစ်ယောက်တည်းမို့ ပိုလိုတာအန်ကယ်လ်..ပြီးတော့ အသက်ကြီးတဲ့သူက လိုအပ်တာရှိရင် မြန်းဒိုင်းဆိုသွားမဝယ်နိုင်ဘူးလေ..ဥပမာ ဆေးဝါးပစ္စည်းတွေမျိုးပေါ့.."

အတွက်က သမီးရှိရှိမရှိရှိ သူမဘ္ဘလေးမှာရှိနေလျှင် မကြာမကြာရောက်လာတတ်၏။ ထို့ပြင် ကျန်းမာရေးမကောင်းနေလျှင် စိတ်မချရမချင်း ပုံမှန်လာကြည့်ပေးခဲ့၏။ သမီးအနားမှာမရှိပေမယ့် သားတစ်ယောက်လို အားကိုးရလေသည်။

"အေးပါကွယ်..အတွက်နဲ့သမီးတို့ကို အန်ကယ်လ်ကျေးဇူးတင်တာကယ်လိုပြောရမှန်းတောင် မသိတော့ပါဘူး..အထူးသဖြင့် မကျန်းမာတဲ့အခါ လက်တစ်ချက်ဆုပ်ကြည့်လာခဲ့ရင် အဲ့ဒီလက်က အင်မတန်တန်ဖိုးကြီးပါတယ်.."

တကယ်စိတ်ရင်းနဲ့ ပြောလိုက်မိကာ.. ၊

"သမီးကိုလည်း အန်ကယ်လ်အရမ်းကိုအားနာနေပါပြီ.."

"မဟုတ်တာအန်ကယ်လ်ကလည်း..သိုက အဖေရှိနေသေးလို့ ပြုစုခွင့်ရနေတာ၊ စောဆိုရင် မိဘတွေမရှိကြတော့ဘူးလေ..ဆွေမျိုးနီးစပ်တွေကိုပဲ သွေးသားရင်းလို ခင်တွယ်နေရတယ်၊ ပြီးတော့ သို့စိတ်ဓာတ်ကိုလည်း သိပြီးသား.."

"အင်း.."

ဦးမိုင်းညိုသက်ပြင်းချလိုက်ရင်း အိမ်မှာတောက်တိုမယ်ရခိုင်းနေရသည့်တက်တူးကို ပစ္စည်းတွေ လာယူသိမ်းခိုင်းလိုက်ရင်း.. ၊

"ဧည့်သည်အတွက်ကော်ဖီလုပ်..ပြီးရင် နေ့လည်စာပါပြင်ထားလိုက်၊ မရှိရင်ပြေးဝယ်..ဘာမှလိုလေသေးမရှိစေနဲ့.."

သေချာမှာလိုက်ပြီးမှ.. ၊

"သိုပြန်လာရင်လည်း အန်ကယ်လ်တရားရိပ်သာမှာ အေးဆေးသွားနေချင်တဲ့အကြောင်း ဆွေးနွေးရမယ်.."

"ဟင်.."

"ဟုတ်တယ်.."

ရည်ရွယ်ထားသမျှက သမီးနဲ့မြေးလေးအတွက်ချည်းပါ။ ဟိုဘက်ကမြေးရဲ့အဘေးက အသက်ကြီးဆယ်နှားနီးနေတဲ့အထိ ကျန်းမာရေးကောင်းနေသေးပေမယ့် သူကတော့ မစန္ဒာမရှိတော့တည်းက ဘဝကမီးကျက်ညတွေဖြစ်သွားခဲ့သည်။

ရှင်သန်ခဲ့သမျှ အရာရာသည်စိတ်နဲ့ဦးဆောင်တာမဟုတ်ဘဲ ဒီရွာ [illegible]သာအရာရာဖြစ်နေခဲ့သဖြင့် ခရီးကပမ်း လမ်းကကြမ်းမှာ လူ[illegible]ပုန်းပုန်းကျခဲ့ပြီဖြစ်၏။ 'ငါ့သမီးလေးကံမကောင်းရှာပါလား' ဆိုသည်[illegible]ရှုထောင့် ဒီအချိန်ထိတောင့်မတ်ရပ်တည်ပေးခဲ့ပြီမို့ ကျန်တဲ့အချိန်[illegible] ကိုယ့်အတွက် ဘဝကူးကောင်းဖို့ ပြင်ဆင်ထားရမည့်အချိန်ပဲဖြစ်သည်။

ထို့ပြင် မြေးလေးကိုစံနစ်က ခေါ်ထားသည့်[illegible]သားအဖနှစ်ယောက်က ဘိုးအေနဲ့ပဲနေကြ၏။ သူ့အဖေနဲ့ပဲဆိုပြီး [illegible]မီးကလည်းမြေးကိုဂရုမ

www.burmeseclassic.com

www.burmeseclassic.com



စိုက်။ အမှန်တကယ်က ကလေးနဲ့ပြိုင်ပြီး စိတ်ကောက်နေတဲ့သမီးပါ..။

"သူ့ဖအေကိုပိုချစ်လို့ သမီးလက်ကိုဖြုတ်ချထားခဲ့တာဖေဖေ..နေပေ့စေ၊ လွမ်းရင်ကွယ်ရာမှာ မျက်ရည်ခေါင်းအုံးပေါက်အောင် ငိုပစ်လိုက်မယ်..သင်းနောက်ကို ဘယ်တော့မှလိုက်မခေါ်ဘူး.."လို့ ပြောခဲ့၏။

စံနစ်ကလည်း နှစ်လကြာရှည်စွာ အမျိုးမျိုးကြိုးပမ်းခဲ့ပေမယ့် နောက်ထပ်ဘာသံမှ မကြားရတော့ဘဲ လင်ခန်းမယားခန်းပြီးသွားခဲ့သည်။ ဒါကိုပြတ်စဲပြီးဆုံးသွားခဲ့ပြီလို့ မှတ်ရပါမူ.. ၊

"အန်ကယ်လ်ကလည်း သိုကထွက်သွားလိုက်..အန်ကယ်လ်ကထွက်သွားလိုက် ဖြစ်နေမှာပေါ့၊ ကလေးကလည်း ဖအေနဲ့နေနေတာဆိုတော့.."

စောသဲရဲ့အသံကြားမှ အတွေးစကိုဖြတ်၍.. ၊

"မှန်တယ်..ဒါပေမယ့် ဦးဒေလည်းဒီအသက်အရွယ်ထိ သူတစ်ယောက်တည်း နေနေတာပါ.."

"ဟိုမှာက အကြောင်းရှိရင် ကားပေါ်တက်ပြီး ကူးသွားရုံပဲမို့လား အန်ကယ်လ်ရယ်..မိနစ်ပိုင်းနဲ့ အိမ်နှစ်အိမ်ကူးလို့ရတယ်လေ၊ အန်ကယ်လ်နဲ့သိုတို့က တစ်ခါမှလည်း နွေးနွေးထွေးထွေးမနေခဲ့ရဘူး.."

"အကြောင်းကဒီလိုပဲ ဖန်လာတာကိုး.."

ကာယကံရှင်က တရားနဲ့ဖြေနေနိုင်ပေမယ့် ဘေးကကြည့်ရတဲ့လူတွေအတွက်တော့ စိတ်မသက်သာဖွယ်ဖြစ်နေမှာပါ။ ဘာပဲဖြစ်ဖြစ် အကြောင်းကြောင်းက ဒီတိုင်းဖန်လာခဲ့တာကတော့ အမှန်ပဲဖြစ်သည်။ ဒီယောကျ်ားကိုစိတ်နာမုန်းတီးပြီး မိဘနဲ့ပြန်လိုက်တော့မည်ဆိုပြီး ပြတ်သားစွာကျောခိုင်းသည်။ မပြတ်သားတဲ့သူကလိုက်လာတော့ သားဖြစ်သည့်ကလေးငယ်လေးက မိခင်လက်ကိုဖြုတ်၍ ဖခင်နဲ့နေရစ်ခဲ့သည်။

မာန်မာနနဲ့ထားခဲ့ပေမယ့် ဒီသားလေးကိုတမ်းတရင်း သမီးကတရှောင်ရှောင်တမှိုင်မှိုင်ဖြစ်လာခဲ့၏။ ဦးမှိုင်းညိုဇနီးကိုလည်း ဆုံးရှုံးခဲ့ရသည် သမီးကလည်း အံကြိတ်မျက်ရည်သုတ်နေရင်း လူမမာပုံလေးဖြစ်လာခဲ့လျှင် အကောင်းဆုံးသောဖြေရှင်းနည်းကိုရှာရင်း အရှုံးတပိုင်းဖြစ်ခဲ့ရသည်။

ဘဝတစ်လျှောက်မှာ သူခံစားခဲ့ရသည့် သောကဝေဒနာတွေ ဒီလောက်နဲ့ပဲ ရပ်သင့်နေပြီမဟုတ်ပါလား..၊ ဒါပေမယ့် သို့အတွက်ဦးမှိုင်းညိုအားတင်းထားခဲ့သည်။ စိတ်ချမ်းသာသလို ဆုံးဖြတ်ပါလို့ လမ်းဖွင့်ပေးခဲ့ပေမယ့် သိုက ဒီယောကျ်ားဆို နာမည်တောင်အပြာမခံခဲ့တာကြောင့်



အိမ်ထောင်ရေးအတွက် ရင်ကြားစေ့ပေးခြင်းကို လက်လျှော့ခဲ့ရ၏။

ထို့ကြောင့် စီးပွားရေးလုပ်ဖို့ တစ်ခုပြီးတစ်ခု ဆက်သွယ်ကြိုးစားရှာရင်း အိမ်မှာ စီးပွားရေးအခြေအနေ အတော်ယိုင်နဲ့လာကာမှ ပြင်သစ်ရေမွှေးဖြန့်ချီရေးကိုယ်စားလှယ်နှင့် အဆက်အသွယ်ရခဲ့သည်။ ခုတော့ အလှကုန်ပစ္စည်းအတော်များများကို တစ်ဦးတည်းကိုယ်စားလှယ်ရနေပြီဖြစ်ကာ.. ၊

"သမီး အရမ်းအပင်ပန်းခံဖို့ မလိုတော့ဘူးဖေဖေ..သမီးအတွက်စိတ်မပူနဲ့နော်၊ ဒီတစ်ခေါက်ပြန်လာရင် ဖေဖေနဲ့သမီး အကြာကြီးနေမှာ.."လို့ ပြောသွားခဲ့သည့် ဒီတစ်ခေါက်.. ၊

"တစ်ခုလောက် မေးလို့ရမလားဟင်.."

"ဘာလဲသမီး..မေးလေ.."

စောသဲက နီရဲနေသည့်ပါးမို့လေးတွေ ကားတက်သွားတဲ့အထိ ပြုံးလိုက်ကာ.. ၊

"စောကလည်း ကူညီနိုင်တာရှိရင် ကူညီချင်လို့ပါ..စပ်စုတာမဟုတ်ဘူးနော်.."

ခင်နေကြပေမယ့် အတွက်လောက်တော့ အရမ်းရင်းနှီးကြတာမဟုတ်သောကြောင့် စောသဲကအရင်တောင်းပန်သည်။ ပြီးမှ.. ၊

"သိုနဲ့စံနစ်ကို အန်ကယ်လ်တို့က ပြန်ပေါင်းစေချင်သေးတာလားလို့.."

ဦးမှိုင်းညိုဖြေရခက်သည့်မျက်နှာကြီးနှင့် ငြိမ်သွားသည်။ ပြီးတော့မှ မပ်ယှဲယှဲပြုံးကာ.. ၊

"ဘယ်လောက်ပဲပေါင်းစေချင်ပေမယ့် ဒါကကာယကံရှင် ဆုံးဖြတ်ရမှာပဲသမီးရယ်..သားတောင်လူပျိုဖြစ်နေကြပြီကို အန်ကယ်လ်တို့ ဘာပြောလို့ရမှာလဲ.."

"ဒါပေမယ့်.."

"ဟုတ်တယ်..အခုထိပေါင်းစေချင်တဲ့ ဆန္ဒရှိနေတုန်းပဲ..ဒါကတော့ ဘယ်လိုပြောရမလဲ၊ အသက်ငယ်တုန်းကတစ်ပိုင်း ကြီးလာတော့လည်း တစ်မျိုး..မိန်းမကမိန်းမပဲလေ၊ နောက်ပြီး ဆွေမျိုးအသိုင်းအဝိုင်းတောင်မရှိဘဲ တစ်ယောက်တည်းကျန်ခဲ့မယ့်သမီးကို ဘယ်မိဘကအသေဖြောင့်နိုင်မှာလဲ.."

"ဟုတ်တာပေါ့.."

www.burmeseclassic.com

www.burmeseclassic.com



စောသဲတကယ်ကို စိတ်မကောင်းဖြစ်နေမိကာ ဦးမှိုင်းညိုကိုပို၍ က
ဏာသက်မိ၏။ ဒီလိုအဖြစ်မျိုးတွေမှာ သမီးရှင်တွေပဲ ပိုနစ်နာကြတယ်
တာ တကယ်ပဲလားတော့မသိ။ သို့နဲ့စံနစ်တို့ရဲ့အဖြစ်မှာတော့ အထိးကျ
ခြင်း နာကျင်ရခြင်းအပေါင်းဟာ သိုတို့ဘက်မှာပဲ ပိုသာနေခဲ့၏။

ဒါတွေဟာ အလင်းသိုဆိုတဲ့ကလေးလေး မိခင်လက်ကို ဖြုတ်ချချ
ရစ်ခဲ့ခြင်းက စခဲ့လေသလား.. ။

♥♥♥

အခန်း(၇)

နာရီကြည့်ရင်း စောင့်နေရတာ စိတ်မရှည်နိုင်။ သို့သော် မကြာခင်
လိုက်ဗ်လွှင့်လိုက်သည့်အတိုင်း သူ့ဖုန်းမှာ လှုပ်ရှားမှုတွေပေါ်လာခဲ့သည်။
အရောင်ဖျော့လေးတွေကို ကြိုက်နှစ်သက်သည် သိုဆိုသောသူမသည်အ
ပြည့်ပြည့်ဆိုင်ရာ လေဆိပ်အဆောက်အဦးထဲက ထွက်လာတာ စကားဝါ
ရောင်ဖျော့ဖျော့လေးနှင့်.. ။

ဆံပင်တွေက ဟိုအရင်ကထက် မသိမသာတိုသွားသည်။ သို့သော်
သေးကျင်သောခါးအလှအောက်ထိ ဖြာဆင်းနွဲ့ခါနေကြသည်။ ပြီးတော့
ဟိုတုန်းကအတိုင်း လက်ကိုင်ပဝါအဖြူလေးနဲ့ စည်းထားတာပဲဖြစ်ကာ
ပိုလှနေတာက မျက်နှာကိုအပြောင်သိမ်းထားပေမယ့် နဖူးကနေပွပွဖွဖွ
လေး သိမ်းလှန်ထားတာမို့ ဖွေးနုသည့်မျက်နှာလေးက နုငယ်နေဆဲ.. ။

အနက်ရောင်ကုတ်အင်္ကျီကို လက်ဖျံလေးမှာတင်ထားကာ လာကြို
သည့်လူဆီ တန်းတန်းမတ်မတ်လျှောက်လာနေ၏။ ခြေလှမ်းတိုင်းမှာ ပုံ
ကျမတတ် စကက်ရှည်ကလှုပ်နွဲ့လျက် ဒေါက်နိမ့်ဖိနပ်အဖြူလေးက လှစ်
ခနဲဖွေးခနဲ ပေါ်နေခဲ့၏။

"အရမ်းလှတာပဲသို.."

အသက်လေးဆယ်ကျော်ဆိုတာ ယုံချင်စရာတောင်မရှိ။ အလင်းသို
ပေါက်စလေးကို လက်ဆွဲသွားလာနေတုန်းကထက် ပိုနုနေသည်။ ကားထဲ
မှာ ကူရှင်လှန်လိုက်ရင်း စံနစ်ရဲ့နှုတ်ခမ်းတွေ ပြုံးနေခဲ့၏။ ပြီးတော့သူ့
ရင်ခုန်သံတွေကို ကိုယ့်ဘာသာပြန်ကြားလာရသည်။

မင်းကိုမေ့ချင်ယောင်ဆောင်ခဲ့ရတာ နှစ်တွေဘယ်လောက်တောင်
ကြာနေပြီလဲ သို.. ။

ထိုစဉ် ဖုန်းဝင်လာသဖြင့်.. ။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလဲ..အိပ်ရာဝင်တဲ့အထိ လိုက်ရိုက်ပေးရမလား.."

"အဟွန်း.."

"မရယ်နဲ့ဟေ့ကောင်..ငါအဆင်မပြေဘူး၊ မင်းရဲ့သိုကလည်း မျက်လုံးက ဘာရှာနေသလဲမသိဘူး..ငါမနည်းလွတ်အောင် ရှောင်နေရတာ.."

ဖုန်းပြောနေရင်းမှာပဲ ဒီဘက်ကို တည့်တည့်ကြီးလျှောက်လာကြသဖြင့် စိုးခန့်ကမန်းကတန်း လက်ချလိုက်ရကာ.. ၊

"မရတော့ဘူးစံနစ်..တွေ့လား.."

"ငါလည်းမရသေးဘူးစိုးခန့်..လုပ်ကွာ၊ မင်းကလည်း စွန့်စားရတာပျော်ဖို့ကောင်းပါတယ်..ရုပ်မရတော့လည်း အသံဖြစ်ဖြစ်.."

ကျွတ်ခနဲ အသံထွက်အောင်စုတ်သပ်ရင်း စိုးခန့်သူတို့နဲ့ မနီးမဝေးမှာ အရှိုးလိုပဲကပ် ဒီကပ်နှင့်.. ၊

"ဘယ်လိုဖြစ်လို့ ခြေလှမ်းကဟိုလှမ်းမလို ဒီလှမ်းမလိုလဲ.."

"အတွက်..ငါ.."

"သိတယ်..နင့်သားလာကြိုမလားလို့ ရှာနေတာမို့လား.."

သို့မျက်နှာလေး ညှိုးသွားသည်။ လူတွေရှုပ်နေသည့်ကြားထဲမှာ မြင်ချင်သည့်မျက်နှာလေး တစ်ခုကိုရှာနေမိရင်း မျှော်လင့်ချက်မဲ့သွားပြီဖြစ်တာတောင် မျှော်လင့်နေမိတုန်း.. ၊

"အေးနော်..သန်းခေါင်ကျော်အချိန်ကြီးဆိုတော့ ကလေးကအိပ်နေရောပေါ့.."

ကိုယ့်ကိုယ်ကို ဖြေသိမ့်ရှာသည့်သူငယ်ချင်းအဖြစ်ကို မြင်ရတော့လည်း စိတ်မချမ်းသာပါ.. ၊

"နင့်ကိုလာကြိုမယ် ပြောထားလို့လား.."

ခဏငြိမ်နေပြီးမှ သိုကခေါင်းခါပြသည်။

"လာကြိုရအောင် နင်လည်းသူနဲ့အတူ ပြန်လိုက်သွားမှာ မဟုတ်တာကို.."

"သားကငါ့ကိုမေးပါတယ်..သူလာကြိုရမလားတဲ့.."

"အဲ့ဒါနင်ပဲ ဟင့်အင်းလို့ပြောလိုက်တာမို့လား..ကိုယ့်ဘာသာပြောပြီးတော့ လာမကြိုတော့လည်း ဝမ်းနည်းနေသေးတယ်၊ လာ..ဒီမှာပစ္စည်းတွေ ထုတ်ပြီးပြီ.."

"အတွက်.."

သူမရဲ့ခရီးဆောင်အိတ်ကို အတွက်ကိုင်လာသည့်ကိုင်းကနေ ဖမ်းကိုင်ထားလိုက်ကာ.. ၊



"ငါ့ဟာငါပြန်လိုက်မယ်လေ..နော်.."

"ဘာဟ.."

အတွက် စိတ်တိုမှာပဲဆိုတာ သိသည်။ ဒါပေမယ့် သူမပြောရမှာပဲဖြစ်ကာ.. ၊

"ငါ ဘိုးဘိုးဆီဝင်ချင်သေးတယ်.."

"အေးပါ..ငါသိပါတယ်၊ ဘယ်ကိုဝင်ချင်သေးလဲ အားလုံးလိုက်ပို့မယ်..ရပြီလား.."

"မရဘူး.."

သို ဒီလိုခေါင်းခါလိမ့်မည်မထင်သောကြောင့် အတွက်မျက်နှာပျက်သွားသည်။ သူမေ့သွားခဲ့တာထင်သည်။ သိုဆိုတဲ့မိန်းကလေးက ဟိုတုန်းတည်းက သူမကိုယ်တိုင်လက်မခံဘဲ ဘယ်လိုကိစ္စကိုဖြစ်ဖြစ် ခေါင်းညိတ်ခေါင်းခါလွယ်ခဲ့သူမဟုတ်.. ၊

"သိသာသိစေ မမြင်စေနဲ့တဲ့..ယောကျ္ာမတစ်ယောက်ရှေ့ကို ငါနင်နဲ့တွဲမသွားသင့်ဘူး ထင်လို့ပါ.."

"နင်ကလည်း စာအုပ်ကြီးပဲသိုရာ..ငါတို့က ဒီနေ့ထိသူငယ်ချင်းတွေပဲ၊ အခုရော စံနစ်နဲ့နင်ပြီးသွားပြီ၊ နင့်သားက သူ့အဖေဘက်က နင့်ယောက္ခမက သပ်သပ်နေတယ်..နင်ရန်ကုန်မှာဘယ်အိမ်ဝင်နေဖို့ စဉ်းစားနေတာလဲ.."

"ဘယ်အိမ်မှာမှ မနေဘူး..ငါအလုပ်ရှိတာတောင် ငါဖင်ပူအောင် နေခဲ့လို့လား.."

"ပြီးတာပဲလေ.."

"အခုမပြီးဘူးအတွက်ရဲ့..ငါကိုရီးယားမှာ တော်တော်ကြာခဲ့တာ၊ မြန်မာပြည်ပြန်ရောက်တာနဲ့ ငါ့သားမျက်နှာလေးတော့ ငါမြင်ချင်တယ်..ဘိုးဘိုးကလည်း မြစ်လူပျိုဖြစ်နေတဲ့အချိန် အသက်ဘယ်လောက်ထိဖြစ်နေပြီလဲ.."

"မသိဘူး..စိတ်လည်းမဝင်စားဘူး.."

အတွက်ကိုကြည့်ပြီး သိုကရယ်လိုက်သည်။ ပြီးတော့ ခရီးဆောင်အိတ်ကို ဆွဲယူလိုက်ကာ.. ၊

"ဒီညတော့ ဘိုးဘိုးကျန်းမာရေးလေး ဝင်ကြည့်ရင်း..ဘိုးဘိုးဆီမှာပဲ.."

www.burmeseclassic.com

www.burmeseclassic.com



"ဦးကုဋ္ဌေဆိုတာ စံနစ်အဖေနော်.."

"ငါမရူးသေးပါဘူး.."

"ရူးချင်ယောင်ဆောင်နေတာလားလို့.."

အတူတူထွက်လာကြရင်း အတွက်ကသို့လက်ထဲက အိတ်ကိုပြောင်း ယူပြီး သူပဲဆွဲလာခဲ့လျက်.. ၊

"သို နင်အလင်းကို ဒီလောက်ချစ်တာတောင် အချိန်တွေဒီလောက် ကြာတဲ့အထိ ခွဲနိုင်တယ်နော်.."

"ဟုတ်တယ်..ဘာကြောင့်ငါရင်ကွဲခံနေခဲ့သလဲဆိုတာ သိနေရင် လည်း ဘာလိုလိုတွေပြောပြီး မရိနဲ့.."

"ရိတာမဟုတ်ဘူး..နင့်ကိုစိုးရိမ်လို့.."

"ဘာစိုးရိမ်တာလဲ.."

"တော်ပါပြီ..ဘာပြောပြောလည်း ရတာကျလို့.."

နှစ်ယောက်တွေ့ပြီဆို အဆင်ပြေနေတတ်ပေမယ့် ရှေးဟောင်းနှောင်း ဖြစ်တွေပါလာတိုင်း သူပဲစိတ်တိုခြင်းနဲ့ လှည့်ပြန်ရတာဖြစ်သည်။ ဒီလို နေပါဆိုမနေ ဒါလေးလုပ်လိုက်ပါဆို ဟင့်အင်း.. ၊

ခုလည်း သူလာကြိုဖို့ပြောထားသဖြင့် သူမလည်းတခြားဘယ်သူ့ကို မှ လာကြိုဖို့ပြောမထားခဲ့။ ဒါပြီးပြီမဟုတ်ဘူးလား..။ ခုကျမှ ထဖြစ်တဲ့ စိတ်ကူးတော့ မဖြစ်နိုင်ပေ။ ပြီးတော့ ဆယ့်နှစ်ကျော်လောက် ဝေးကွာပြတ် တောက်ခဲ့တဲ့ ယောက္ခမအိမ်ကို ဝင်မည်ဆိုတာက.. ၊

"ဟာ..ငါ့ကား.."

"ဟင်.."

ကားရဲ့နောက်မီးလုံးတစ်ဖက် ကွဲအက်နေကာ ဘန်ဘာဒေါင့်တစ်ခု လုံး ပွန်းရာချိုင့်ရာတွေ မြင်လို့မကောင်း.. ၊

"ဒါ တမင်မောင်းပြေးတာ..တောက်.."

"အေးလေဟယ်..အလွတ်ကြီးကို.."

လမ်းတစ်လမ်းလုံးကြိုက်သလို မောင်းသွားလို့ရနေတာကို လမ်းကွေ့ ထဲမှာ ရပ်ထားသည့်ကားကိုမှ.. ၊

"တွေ့မယ်..ငါ့ကားမှာဘာလက်ဘောက်စ်ရှိတယ်၊ ပြဿနာအကြီးကြီး ကို လုပ်ပစ်ဦးမယ်.."

"ကဲပါ..တရားခံတွေ့မှာပဲဟာ ဒေါသထွက်မနေပါနဲ့တော့၊ ကား မောင်းတဲ့လူက ဒေါသတွေလွယ်ပိုးမမောင်းရဘူး..ငါတက္ကစီနဲ့သွားတော့



မယ်.."

"မသွားရပါဘူး..ဒါလေးဖြစ်တာနဲ့ပဲ ကားတစ်စီးလုံးလွှင့်ပစ်လိုက်ရ မှာမို့လား.."

အတွက်က သို့လက်ထဲက အိတ်ကိုကိုင်းပြန်သွင်းပြီး နောက်ဖုံးထဲ ညှပ်လိုက်ကာ.. ၊

"လိုက်မပို့စေချင်မှန်း သိပေမယ့်မတတ်နိုင်ဘူး..မျက်နှာပြောင်တာ ကျင့်ပါနေပြီ.."

သိုကရယ်လိုက်ရင်း ကားထဲဝင်ထိုင်သည်။ လေဆိပ်ဝင်းကထွက် လိုက်တာနှင့် ညဦးရဲ့အလှက အေးချမ်းငြိမ်သက်ခြင်းဖြင့် ကြိုဆိုနေ၏။ သူမအတွက် နိုင်ငံခြားခရီးစဉ်တွေဆိုတာ မဆန်းတော့ပါ။ ဒါပေမယ့် ဒီတစ်ခါကတော့ အကြာဆုံးပဲဖြစ်သည်။

သားလေးနဲ့သူမ တစ်မြို့စီနေလည်း တွေ့ဖြစ်သည်။ ရန်ကုန်မှာ လည်း ဆုံဖြစ်ခဲ့ကြ၏။ နိုင်ငံခြားတစ်နေရာရာမှာ သွားမိပြီဆိုရင်တော့ သားဆီက စာလည်းမလာ ဖုန်းလည်းမဆက် လွမ်းနေရတာ သူမပဲဖြစ် လေသည်။

အားတဲ့အချိန်တိုင်း သားနဲ့ကိုယ့်အကြောင်းတွေပဲ ပြောဖြစ်နေတာ ကြောင့် အကြောင်းသိနေသည့် မိတ်ဆွေတွေက စိတ်မချမ်းသာဖြစ်ကြ လျက်.. ၊

"သိုရယ် ကလေးကလာတော့လည်း သိုပဲဆူလိုက် မာန်လိုက်လုပ်နေ တာမို့လား..အလိုလိုကမှ အနေဝေးရတဲ့အထဲ သိုကနွေးထွေးမှုမပြတော့ ကလေးကလည်း ဘာသိဘာသာနေတတ်သွားမှာပေါ့.."

"သူ့အဖေက နင်နဲ့ငြိမ်းချင်ချင်တဲ့သူပဲဟာ..နင်ထင်သလို သားအမိ ကြား စိမ်းအောင်သွေးထိုးတာမျိုးတော့ မလုပ်လောက်ပါဘူး.."စသဖြင့် သော နှစ်သိမ့်မှုတို့ဖြင့် သိုခပ်စိမ်းစိမ်းနေတာကို ထောက်ပြခဲ့ကြ၏။ သို ကကယ်တော့ သားလေးကိုဆူချင်တာ မဟုတ်ပါ။ ဆူမလို့အပြစ်ရှာသလို ကြည့်မိတာလည်း မဟုတ်ပေ.. ၊

ဒါပေမယ့် သားလေးကို စံနစ်တအားအလိုလိုက်ထားသည်။ ဆယ် တန်းကို နှစ်နှစ်ဖြေမှအောင်တာတောင် သားနဲ့အတူ အေကစာအတူ လိုက်ကျက် စာဖြေချိန်ကုန်တဲ့ထိ လိုက်စောင့်ပေးရင်း ဆွဲဆောင်ကြိုး မိခဲ့ရတာ နာမည်ကြီး.. ၊

ပြီးတော့ သားအဖစကားပြောကြရင်း ရိုသေလေးစားမှုဆိုတာ မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ရှေ့မှာ ဖအေနဲ့ဖုန်းပြောနေပြီဆို သူမမှာတအံ့တသြ စိတ်တွေတိုနေ လျက်.. ။

"မမေရာ သားတို့ဘာသာလွတ်လပ်အေးချမ်းတာကို မမေကကျွ ပဲ.."လို့ ပြောပြီး ခေါင်းကုတ်ဖင်ကုတ်ဖြစ်သွားတာက တစ်မျိုး.. ။

မအေဆိုတော့လည်း ငါ့သားလေးဒီလိုပုံနဲ့သွားရင် ခက်ရချေရဲ့လ တွေးရင်း သင်မိပြောမိသည်။ အကျိုးအကြောင်းဆုံးမပြီဆို အလင်း တို့ပြန်ဖို့ပြင်ပါပြီ.. ။

ပျောက်သွားပြီတာနဲ့ နောက်တစ်ခါသားလေးမျက်နှာမြင်ရဖို့ သူ မျှော်ရပြန်ပါ၏။ ကိုယ့်သားပဲမို့ ဖုန်းဆက်ခေါ်ပါလားဆိုတော့လည်း သာ ကတောင်မကြင်နာလေခြင်းဆိုသည့် နာကျင်မှုကခံနေသည်။ ပြီးတော့ စံနစ်ကြောင့်လည်း မပတ်သက်ချင်.. ။

တခြားသူတွေမသိနိုင်သော စံနစ်ရဲ့မာနစကားတွေက သူမနဲ့သာ လေးကြားမှာ ပို၍ဝေးကွာစေခဲ့တာဆိုလည်း မှန်၏။

"မင်းဆက်ပြေးဖို့မလိုပါဘူး..ငါမင်းနောက်ကို မရမကမလိုက်တော့ ဘူး၊ နာကျင်မှုဆိုတာ လူတိုင်းခံစားတတ်တယ်..မင်းမာနတွေကို ငါ ကြိမ်ကြိမ် ဒူးထောက်ခဲ့ပြီးပြီ၊ ငါပေးခဲ့သမျှအတွက် ငါပြန်ရလိုက်တာတွေ နဲ့တင် တစ်သက်စာလုံလောက်တယ်..မပူနဲ့.."

သူမဆီရောက်အောင်လာပြီး ဒီတိုင်းပြောသွားသည်။ ထို့ပြင်.. ။

"အဲ့ဒီအတွက် ငါနဲ့ငါ့သားကို မင်းဘယ်လိုနည်းနဲ့မှ အနှောင့် ယှက်မပေးပါဘူးဆိုတဲ့ ကတိပဲပေး.."

သူမခေါင်းညိတ်ခဲ့သည်။ ထို့ကြောင့် သားလေးကိုသူခေါ်သွားပြီ ငါးနှစ်တိတိ သူမကင်းကင်းနေခဲ့သည်။ ဒီအတွက် လူလည်းလုံးပါးပါ ခဲ့သည်။ သားလေးအလယ်တန်းရောက်မှ သူ့အဘိုးခေါ်လာပေးသော ကြောင့် သားအမိအဆက်အသွယ်တွေ ပြန်ရခဲ့ဖြစ်ကာ.. ။

"မမေကဖြင့် သားကိုလွမ်းနေတာနဲ့လည်း မတူဘဲနဲ့.."

"ဘာဖြစ်လို့လဲမြေးရဲ့.."

"မမေကလှနေတာ.."

မြင်မြင်ချင်း သားပြောလိုက်သည့်စကားကြောင့် ရင်ထဲမှာနင့်သွ သည်။ သူမနေသားတကျပြန်ဖြစ်ဖို့ မနည်းကြိုးစားခဲ့ရတာပါ။ ဒါပေမယ် ဘိုးဘိုးကတော့ ပြောပေးရှာသည်။

"မြေးရဲ့မမေက ဘယ်လိုနေနေ လှနေလို့ပါမြေးရဲ့..သေချာကြည့်



ပါဦး၊ အတော်ပိန်သွားတာကို.."

"အန်တီဇင်ဇင်တို့လည်း ပိန်အောင်ဆေးတွေစားကြတာပဲ..အဲ့ဒါလှ ချင်လို့ အသေခံပြီး စားနေတာတဲ့.."

"ဘယ်သူကပြောတာတုံးမြေးကို.."

"ဖေဖေပြောတာ.."

ကလေးက ပတ်ဝန်းကျင်က ကြားဖူးနားဝစကားတွေနဲ့ မအေကိုပြော တတ်လာသည်။ မအေနဲ့ဖအေရဲ့ ပဋိပက္ခမှာ အမေငိုတဲ့မျက်ရည်တွေက တော့ 'ဖေဖေ့ကိုမေမေကမုန်းလို့'ဟုဆိုကာ အဖေငိုတာကျတော့ 'ဖေဖေကို သနားပါတယ်'လို့ ဆိုလေသည်။

ထို့ကြောင့်ပဲ အလင်းသိုက သူ့အဖေကိုအချစ်ပိုသည်။ အမေကိုတော့ သတိရတဲ့အခါ ရောက်လာတတ်သည့်အဖြစ်နှင့်သာ.. ။

"ကဲ..ရောက်နေပြီဆရာမ.."

ဟင်.. ။

အတွက်အသံကြားမှ သားအကြောင်းတွေးမိလာတာတွေ တစ်ခန်း ရပ်သွားခဲ့ပြီး.. ။

"ဟုတ်တယ်..ငါသားကိုသတိရလာတာနဲ့ ဟိုတွေးဒီတွေးတွေးမိသွား တာ.."

"စိတ်ချမ်းသာစရာမှ ပါရဲ့လား.."

သို့ ခပ်ယဲ့ယဲ့ပြုံးရင်း တံခါးဖွင့်လိုက်ကာ.. ။

"ငါ့အိတ်ထုတ်ပေးဦး.."

"ဘာလုပ်ဖို့လဲ..ဒီညအိပ်ပြီး အန်ကယ်လ်တို့ဆီ ပြန်လာမှာဆို.."

"အင်း..ဘာပဲဖြစ်ဖြစ် အဲ့လိုကြီးဝင်သွားရင် မကောင်းဘူးလားလို့ပါ၊ နင်သိရဲ့သားနဲ့ သားကငယ်ငယ်လေးတည်းက သိပ်စကားတတ်တာ.."

"သိတယ်..နင့်အကြောင်းရော နင့်သားအကြောင်းရော ချပေးမယ်.. စိတ်ချ.."

အတွက်က သူမအထဲဝင်တဲ့အထိ အချိန်ဆွဲပြီး ကားကိုဘက်ခ် ယလို လုပ်နေသည်။ စိတ်မချနိုင်သည့် သံယောဇဉ်က အတော်ကြီးကြ ပ ကားမီးရောင်ပျောက်သွားခဲ့၏။ ခြံဝတည်းက ဖုန်းဆက်ထိုက်သော ကြောင့် အောက်ထပ်မှာ မီးတွေလင်းလာခဲ့လျက် အေးမြရေးနိုးပုံစံနှင့် မှုရားဖားလျားပြေးထွက်လာသည်။ သူမရဲ့ခရီးဆောင်သေတ္တာကို ခြံ တောင့်လက်ထဲက ပြောင်းယူရင်း.. ။

www.burmeseclassic.com

www.burmeseclassic.com



"မမရယ် လာမယ်ဆိုလည်း ဖုန်းကြိုဆက်လိုက်ရင်ပြီးရော..သ ခေါင်းကျော်ကြီး ဘယ်သူလာကြိုတာလဲဟင်.."

"လာကြိုပါတယ်..ဘိုးဘိုးကိုဒုက္ခပေးသလိုဖြစ်မှာစိုးလို့ ငါ့ဘာ ပဲလာလိုက်တာ၊ ဘိုးဘိုးအခန်းက မီးလင်းလို့ပါလား..နင်သွားနှိုးလိုက် လားဟင်.."

ခြံဝတည်းက လှမ်းမြင်ခဲ့တာမို့ သိုကတန်းမေးသည်။ အေးမာ ခေါင်းခါလိုက်ပြီး.. ၊

"ဘဘက ညဘက်ကိုဒီလိုပဲမမရဲ့..သိပ်အိပ်တယ်မရှိဘူး၊ တစ်ခါ လေ ဘုရားခန်းထဲမှာပဲ အိပ်ပျော်နေပြန်ရော..တစ်ခါတလေ စာကြည့်ခ ထဲမှာ.."

"တစ်ယောက်တည်း မှုးမိုက်လဲနေပါ့မယ်အေးမာရယ်..သားကို စိုက်စေချင်ပေမယ့် ဘိုးဘိုးကပိုအရေးကြီးတယ်ဆိုတာလည်း ခေါင်းထဲမှ ထည့်ထားဦး.."

"ထည့်လိုက်တာမှမမရယ်..ဘိုးဘိုးရဲ့ လှုပ်ရှားသံကြားတာနဲ့ ပြေ သွားတယ်၊ အသံတိတ်နေလည်း သွားကြည့်တယ်..ဘိုးဘိုးကကျန်းမာပါ တယ်၊ သူ့ကိုဂရုစိုက်နေလည်း မကြိုက်ဘူး.."

ဧည့်ခန်းရောက်တဲ့အထိ အေးမာကပြောပြနေတုန်းဖြစ်ကာ.. ၊

"အခု ကလေးခိုးထွက်သွားတာသိလို့ ဘဘစိတ်ပူနေတာ.."

"ဘာ.."

ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းလိုက်သည့်နှယ်။ ဧည့်ခန်းမှ ထိုင်ချလိုက်ပြီးမှ ကိုယ်ကကြွခနဲဖြစ်သွားသည်။

"သားက ဒီမှာလား.."

"ဟုတ်တယ်..ခုတလောအစ်ကိုလေးက ခရီးခဏခဏထွက်နေရလို့ လေ၊ ဘဘလည်းအဖော်ရအောင်ဆိုပြီး ဒီမှာလာထားတာ.."

အေးမာက သားလေးကိုငယ်ငယ်တည်းက ထိန်းခဲ့တဲ့သူမို့ အဒေါ် သားရင်းလို စောင့်ရှောက်ပေးဖို့ သိုမနည်းပဲပြောပြထားရတာဖြစ်သည်။ ဒါပေမယ့် စံနစ်ကကလေးငယ်ငယ်ကပဲ လက်ခံသည်။ မကြာခင်မှာ ဦး ကုမ္ပဏီဆီကို ပို့လိုက်၏။ အေးမာအပေါ်မှာ ဘယ်လိုသဘောမှမဟုတ်ပေ မယ့် သိုကဒီလိုဖြစ်စေချင်မှန်းသိလို့ တမင်အရွဲ့တိုက်တာနဲ့လည်း တူလေ သည်။ အေးမာကတော့ ကလေးသံယောဇဉ်နဲ့ ဟိုအိမ်နေလိုက် ဒီအိမ်နေ လိုက်ဖြင့် သည်းခံရှာ၏။



"မမ.."

"ဟင်.."

သိုခရီးရောက်မဆိုက် စိတ်ဆင်းရဲသွားတာကို သိသော်လည်း အေး မျက်နှာမသာမယာနှင့် အနားမှာလာထိုင်ကာ.. ၊

"ကလေးကမလိမ္မာဘူးမမ.."

ဒီလိုအသံတွေကို မကြားချင်ဆုံးပါ။ သို့သော်.. ၊

"ပြောစမ်းပါ..သားဘာတွေလုပ်နေသလဲ၊ ဒီအချိန်ထိနေတာ ဒီည ရောလာမှာတဲ့လား..အဲ့လိုပြန်မအိပ်ဘဲနေခဲ့တာတွေ ရှိနေလို့လား.."

အေးမာက ပျာပျာသလဲခေါင်းခါသည်။

"အဲ့လောက်မဟုတ်ဘူးမမ..အဲ့လိုမျိုးတွေ မဖြစ်ဖူးပါဘူး၊ ဟိုလေ သူ့အဖေလိုပဲ မိန်းကလေးတွေနဲ့.."

"တော်တော့.."

သို့တစ်ကိုယ်လုံး ဆိုဖာမှာ ပျော့ခွေမှီကျသွားသည်။ သားနဲ့ပတ် သက်လာတိုင်းကြားရသည့်သတင်းကောင်း တစ်ခါမှမကောင်းခဲ့သည့်အ ဖြစ်က ကိုယ့်စိတ်ကိုအနားမရအောင် အလုပ်တွေ မနားတမ်းလုပ်လာခဲ့ မှု အလကားပဲဆိုတာကို ဖော်ပြနေခဲ့သည်။

သားလေးကိုလွမ်းသည်။ သားနဲ့အတူနေချင်သည်။ ဟိုတုန်းကလို သားလေးရဲ့ဝေယျာဝစ္စတွေလုပ်ပေး သားလက်ကိုဆွဲ၍ သွားအတူလာအ တူ ရှိချင်ခဲ့သည်။ ဒါပေမယ့် သားနဲ့သူမရှိနေသမျှ စံနစ်နဲ့ပတ်သက်နေရ မှုကို မလိုချင်.. ၊

ပိုဆိုးတာက သားကိုယ်တိုင်သူ့အဖေနဲ့ပဲနေဖို့ ဆုံးဖြတ်ခဲ့သည့်အဖြစ် ကို မျက်ရည်ခံထိုး၍ သနားမခံချင်ပေ။ ထိုစဉ်ကတော့ 'သူ့အဖေကို ပိုချစ် တယ်ဆို နေလိုက်ပေါ့'ဆိုသည့်မာနက ဒေါင်ဒေါင်မြည်၏။ ခုကျတော့

"သားမရှိတာ ဘိုးဘိုးဘယ်လိုသိသွားတာလဲ.."

"အဲ့ဒါကျွန်မကြောင့်ပါမမရယ်..ကလေးထွက်သွားတာ ခဏဆိုပြီ ကြံနေတော့ ကျွန်မသိသမျှ ဖုန်းနံပါတ်တွေကို လျှောက်ဆက်ပြီး ပျာ တ်နေတာ အဲ့ဒါနဲ့ဘဘသိသွားပြီး.."

ပြောနေတုန်း ဖုန်းသံမြည်လာသဖြင့် နှစ်ယောက်စလုံးအသံတိတ် သွားကြသည်။ ကိုယ့်ဟန်းဖုန်းကမို့ အေးမာကမန်းကတန်းပြေးယူကာ..၊

"မမ သားဆက်တာ..ကလေးရယ်.."

အေးမာက အလင်းကိုဒီတိုင်းပဲ ခေါ်နေကျဖြစ်ကာ စပီကာဖွင့်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ပြီး.. ၊

"ဟလို..လူလေး.."

"ဒေါ်ဒေါ်အေး.."

အလင်းအသံအကျယ်ကြီးထမြည်တော့ သိုကဖျတ်ခနဲ စပီကာပိတ် ပစ်လိုက်ကာ သူမရောက်နေတဲ့အကြောင်း မပြောဖို့ ခေါင်းခါပြလိုက်၏။ ပြီးတော့ အနားမှာကပ်ပြီး နားထောင်နေသဖြင့် အေးမာကလည်း အနား ထပ်တိုး၍.. ၊

"ဘယ်အချိန်ရှိပြီလဲကလေးရယ်..ဒေါ်အေးက သားကိုစုထိငုတ်တုတ် ထိုင်စောင့်နေတာ.."

"သိတယ်..အဲ့ဒါကြောင့်ဖုန်းဆက်တာ၊ ဒီညကျွန်တော် ပြန်မလာ တော့ဘူး.."

"ဟင်..ဘာ.."

ကိုယ်ပဲ သဘောတူခွင့်ပြုလိုက်တာမို့ အေးမာခေါင်းနားပမ်းကြီးသွား ကာ ဖုန်းတောင်လွတ်ကျ၏။ သိုက ကမန်းကတန်းပြန်ကောက်ပေးပြီး ဆက်ပြောခိုင်းလျှင်.. ၊

"သားရေ..အဲ့လိုတော့.."

"ဘာမှမဖြစ်ပါဘူး..ဒေါ်ဒေါ်အေးကလည်း၊ ကျွန်တော်ဒီမှာ ပညာ တွေရနေလို့ပါ..ကလပ်ကပိတ်သွားပြီ၊ ကျွန်တော်တို့အုပ်စုပဲကျန်ခဲ့တာ.. အေးဆေးပါ စိတ်မပူနဲ့၊ မနက်လေးနာရီမကျော်ခင် အလင်းသိုအိပ်ရာထဲ ပြန်ရောက်စေရမယ်.."

"အမလေး..မဖြစ်.."

သိုကခေါင်းခါပြီး ခေါင်းညိတ်ပြလိုက်လျှင်.. ၊

"ဖြစ်တယ်..ဖြစ်တယ်.."

"ဟား..ဒေါ်ဒေါ်အေးတောင် သဘောတွေကောင်းနေတယ်ဆိုတော့ ဒီညအကြီးကြီးနိုင်ပြီကွ.."

"အို..မဟုတ်ဘူးလေ၊ အဲ့ဒါနေဦး.."

အေးမာက သို့ကိုကြည့်ကာ သိုမျက်ရိပ်ပြသည့်အတိုင်း.. ၊

"အဲ့ဒါကဒီလိုရှိတယ်သားရဲ့..သားတို့ဘယ်မှာလဲ ပြောတော့ပြောဦး လေ၊ အကျိုးအကြောင်းရှိရင် သားရှိနေတဲ့နေရာတော့ ဒေါ်အေးကသိထား မှဖြစ်မှာပေါ့..ဘာဘာဒေကို ဒေါ်အေးလုံးဝပြန်မပြောဘူး၊ ဒါပေမယ့် သား ဘယ်မှာရှိတာတော့ ပြောလေနော်.."



အလင်းက ပြောပြသည်နှင့် သိုကားဆီပြေးတော့သည်။

"မမရယ်..နှစ်နာရီကျော်နေကာမှ မလုပ်ပါနဲ့၊ တော်ကြာ မမအတွက် ပါဘာဘဒေ.."

"လုံးဝမသိစေနဲ့..ငါရောက်လာတာရော ငါလိုက်သွားတာရော.."

ဒါပဲမှာပြီး မောင်းထွက်လာခဲ့သည်။ သားရဲ့လွတ်လပ်မှုတွေက လောင်းကစားသမားဖြစ်နေတဲ့အထိ လမ်းလွှဲရောက်ခဲ့ပြီလား.. ၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

"ဟား ဟား ဟား ဟား.."

"ဘာရယ်တာလဲ..ပွဲမပြီးသေးဘဲနဲ့.."

"ဟား ဟား ဟား..မင်းရှုံးပြီ၊ ငါတို့နိုင်တယ်.."

"ဟိတ်ကောင်.."

တစ်ယောက်က ရယ်နေသည့်အလင်းရဲ့ပခုံးကို ဆောင့်တွန်းပစ်လိုက်သည်။ သူ့ဘက်ကိုယ့်ဘက်နှစ်အုပ်စု ရင်ဆိုင်မိကြကာ မျက်နှာတွေတင်းကုန်ကြလျှင်.. ၊

"ကောင်းတာပေါ့..ဒါညစ်နည်းတစ်မျိုးပဲ၊ မင်းတို့ကညစ်ရင် ငါတို့ကပတ်ရှုံပဲ.."

"ဘာကိုညစ်ရမှာလဲ..မင်းတို့ရှုံးနေပြီလေ၊ ဒီမှာ A တွေလား..ဟား ဟား ဟား.."

"တောက်.."

တစ်ဖက်ကလူတွေ ဘယ်လိုပေါက်ကွဲဖို့ တာစူနေပြီကို အလင်းက ဂရုမစိုက်ဘဲ ခါးထောက်ပြီးရယ်မောမပျက်.. ၊

"ဒီကောင်သက်သက် ငါတို့ကိုအာရုံနောက်အောင် လုပ်နေတာ.."

"ဒါပဲကွာ..သရေနဲ့သိမ်းတယ်.."

"ဘာကွ.."

တစ်ဖက်က လောင်းထားသမျှ ပြန်သိမ်းလိုက်လျှင် အလင်းရယ်သံတိခနဲ တိတ်ကျသွားကာ.. ၊

"ဘာလုပ်တာလဲဟေ့ကောင်..မင်းတို့ရှုံးပြီ.."

"အလင်းမလုပ်နဲ့လေ.."

အလင်းက လောင်းကြေးပြန်ယူသည့်လူရဲ့လက်ကို စားပွဲတစ်ဖက်



ကနေ လှမ်းရိုက်ချ၏။ အလင်းကို ဂီတနဲ့သက်ဇော်တို့က အတင်းပြန်ဆွဲထားရကာ.. ၊

"ထားလိုက်..အဲ့ဒီကိစ္စရှင်းလို့ရတယ်.."

"ဘာလို့ထားရမှာလဲ..ပိုက်ဆံကအရေးမကြီးဘူး၊ ဒီလိုစော်ကားတာမျိုးတော့ လုံးဝပဲ.."

"ဟား ဟား ဟား ဟား.."

ဒီတစ်ခါ အားပါးတရရယ်လိုက်သူက အာကာမင်းနဲ့ကစားသူဖြစ်ကာ တစ်ဖက်က ကစားဖော်နှစ်ယောက်ကလည်း သူတို့လူတွေပဲမို့ ပြုံးမဲ့မဲ့မျက်နှာတွေနှင့်.. ၊ ထို့ပြင်.. ၊

"အလင်းသို အလင်းသို..ဟား ဟား.."

အလင်းကမသိပေမယ့် ထိုသူကအလင်းနာမည်ကို အတိအကျရေရွတ်ရင်း မဲ့ရွဲ့ရယ်နေကာ.. ၊

"မိန်းမတွေအကြောင်းပဲ စိတ်ဝင်စားစမ်းပါ..အဲ့ဒါကလွဲပြီး မင်းဘာမှမသိပါဘူး.."

"သိတာတွေအခုပြမယ်..လာလေ.."

အလင်းက စားပွဲခုံကိုဆွဲလှန်ပစ်လိုက်လျှင် ဟိုဘက်ကတစ်ယောက်က လှမ်းထိုး၏။

"ဟိတ်ကောင်..မင်းလက်မပါနဲ့လေ.."

"အလင်းနောက်ဆုတ်လိုက်.."

စက်ဝိုင်းက ကြားဝင်ဖျန်ဖြေဖို့ ကြိုးစားသည်။ ဂီတတို့က အလင်းကိုပဲတွန်းဖယ်ပစ်ကြ၏။ အလင်းက ကိုယ့်ရှေ့မှာထိုးမယ်ကြိတ်မယ်ဖြစ်နေသူ ရှိနေသည့်ကြားက ပိုက်ဆံသိမ်းသွားသူရဲ့လက်ထဲက အိတ်ကိုလှမ်းကန်လိုက်သေးသည်။

ထို့ကြောင့် ဖွဲ့သူရ၏လက်သီးချက်က သူ့မေးရိုးကိုရှပ်ထိသွားကာ..

"ဝုန်း.."

မိန်းကလေးတွေဆွဲနေသည့်ကြားကနေ ခုံတွေကြားထဲကို ပက်လက်ယိုင်ကျသွား၏။ ဖွဲ့သူရက ပြေးဝင်လာပြီး အလင်းရဲ့အင်္ကျီရင်ဘတ်စကိုလက်နှစ်ဖက်နဲ့ ဆုပ်ဆွဲထူလိုက်ပြီး.. ၊

"ရယ်လေ..အခုရယ်ကြည့်ပါဦး၊ မင်းလိုမိန်းမတွေနဲ့ပဲရုံပျော်မွေ့နေတဲ့ကောင်.."

"ကဲ ကွာ.."

www.burmeseclassic.com

www.burmeseclassic.com



အလင်းက သူ့လက်တွေကို လက်ချင်းချိတ်၍ ပုတ်ချပစ်ကာ ဗိုက်ကို ဆောင့်ကန်ပစ်လိုက်၏။ လူပုံနွဲ့နွဲ့မို့ အထင်သေးခဲ့မိသောကြောင့် ဖွဲ့သူရထိထိမိမိ ခံလိုက်ရလျှင် သူ့လူတွေက အလင်းကိုပြေးချုပ်လိုက်ကြ၏။

"ဟိတ်ကောင်တွေ..မင်းတို့ဘာလို့ဝိုင်းလုပ်တာလဲ.."

"ခွပ်.."

စက်ဝိုင်းပြေးကပ်လာတာနှင့် နောက်တစ်ယောက်ကထိုးလွှတ်လိုက်သဖြင့် သက်ဇော်တို့ဝင်ထိုးရမလိုတွေဖြစ်ကာ နှစ်ဖွဲ့ရောထွေးသွားခဲ့၏။

"ဟား ဟား ဟား..ဒီညမင်းရဲ့အပျော်တွေကို ဖွဲ့ချေဖို့ ငါတို့လာတာကွ.."

ဖွဲ့သူရက နှုတ်ခမ်းကွဲသွားသည့် ဒဏ်ရာကသွေးစကို လျှာနဲ့သပ်၍ အံကြိတ်သည်။ ပြီးတော့ အလင်းရဲ့မျက်နှာကို ဖြောင့်လက်သီးတစ်ချက်နှင့် တုံ့ပြန်ဖို့ ထိုးချလိုက်လျှင်.. ၊

"ဒီနေရာမှာ ရန်ဖြစ်လို့မရဘူး.."

သူ့လက်သီးကို လက်ဖဝါးတစ်ဖက်က ဖက်ခနဲဖြန့်ကာတားလိုက်ပြီး.. ၊

"မင်းတို့တွေပြန်ကြတော့.."

"ဒုန်း..ဒုန်း.."

လက်ကိုပြန်တွန်းလွှတ်လိုက်သည်နှင့် ဖွဲ့သူရခုံကြားထဲကို ပုံပျက်ပန်းပျက် လဲကျသွား၏။ အလင်းသို့ စံနစ်ကိုမြင်လိုက်ရသဖြင့် ဝမ်းသာသွားသည်။ သို့သော် မျက်နှာချက်ချင်းပျက်သွားပြီး ငုံ့သွားခဲ့၏။ စံနစ်က တီရှပ်အဖြူပေါ်မှာ ကုတ်အင်္ကျီထပ်ဝတ်ထားကာ အလင်းကိုချုပ်ထားသည့် လူငယ်နှစ်ယောက်ကိုပြန်ကြည့်ပြီး ခါးထောက်လိုက်ကာ.. ၊

"ငါပြောနေတာ ကြားတယ်မို့လား.."

"ဘာလဲ..ခင်ဗျားက ဘာမို့လို့လဲ.."

"ငါလား.."

ထိုလူငယ်ကို စံနစ်ကရင်ဘက်ဆောင့်ဆွဲပြီး မျက်နှာချင်းကပ်လိုက်ကာ.. ၊

"ဒီကလပ်ပိုင်ရှင်ပဲ.."

လူငယ်မျက်နှာပျက်သွားသည်။ ထိုစဉ် စံနစ်ကဖုန်းထုတ်ဆက်လိုက်လျှင်.. ၊



"အေး..ချက်ချင်းလာခဲ့၊ ဒီမှာ ခြေယောက်ခုနစ်ယောက်ရှိတယ်..အကုန်လုံး ရဲစခန်းပို့မယ်.."

"ခင်ဗျားက ဘာလဲဗျ.."

"အားလုံးကစားကြတာကို.."

"သူကဘာလဲ.."

"ပိုင်ရှင်ကွ..လာ ထ.."

မကျေမချမ်းပြောကြပေမယ့် တစ်ယောက်ကိုတစ်ယောက် လက်တို့၍ ထွက်ပြေးကုန်ကြ၏။ သက်ဇော်တို့ကလည်း စံနစ်ကိုအလင်းရဲ့အဖေမှန်း မသိကြပေ။ ကျောင်းကသူငယ်ချင်းတွေက သိကြပေမယ့်.. ၊

"မင်းတို့ရော ဘာလုပ်နေကြတာလဲ.."

"အန်ကယ်လ်လေး ကျွန်တော်တို့က အပျော်ကစားကြတာပါ..လောင်းကြေးကလည်း ကွမ်းဖိုးဆေးဖိုးပါ.."

"အန်ကယ်လ်လေးက တကယ်တိုင်လိုက်တာလား.."

စံနစ်မျက်နှာ အလင်းဆီရောက်သွားသည်။ အလင်းက မျက်နှာဟိုလွှဲဒီလွှဲနှင့် ပြီးမှ.. ၊

"ကျွန်တော်တို့က.."

"အခုပြန်တော့.."

"ဖေဖေက ဟိုကောင်တွေကို ခြောက်လွှတ်လိုက်တာမလား.."

"အလင်းသို့.."

"ဟုတ်ကဲ့ပါ.."

အလင်း အပေါင်းအသင်းတွေကို မေးဆတ်၍ သူအရင်ရှေ့ကထွက်သည်။ ထိုအခါအားလုံးကို တိတ်ဆိတ်စွာရပ်ကြည့်နေခဲ့သည့် သိုကမန်းကတန်းထောင့်ကွယ်မှာ ကပ်နေလိုက်၏။ အလင်းသို့ထွက်သွားပြီးတာနှင့် လူလတ်ပိုင်းအရွယ်သုံးယောက် ဝင်သွားကြလျှင်.. ၊

"ဟိုကောင်တွေအပြင်မှာ စောင့်နေလိမ့်မယ်..ကလေးတွေဘေးကင်းရာရောက်တဲ့အထိ လိုက်ကြည့်ပေးလိုက်.."

"ဟုတ်ကဲ့ သူဌေး.."

"မိုးနိုင် ဒါတွေရှင်းလိုက်..မင်းတို့အားလုံးဘာလို့ခါးပေါက်ထိ လွှတ်ပေးထားတာလဲ.."

"သူတို့အုပ်စုတွေချည်း ရှိနေတယ်မှတ်လို့ပါ သူဌေးရယ်..ကျွန်တော်တို့အားလုံးအောက်မှာ ရှိပါတယ်၊ ကလပ်ထိုင်ထားပေမယ့် ဘယ်သူ့ကိုမှ

www.burmeseclassic.com

www.burmeseclassic.com



ပြန်မလွှတ်သေးပါဘူး..”

“ကဲ..လုပ်လုပ်..”

သူစီးကရက် မီးညှိလိုက်ပြီး ဒီဘက်လှည့်လိုက်လျှင် သူ့နောက်မှ သိုကတောင့်တောင့်လေး ရပ်နေ၏။ စံနစ်မျက်နှာမှာ အံ့ဩရိပ်ဖျတ်ခနဲ ထင်သွား၏။ သို့သော် ချက်ချင်းပျောက်ကွယ်သွားခဲ့ပြီး.. ၊

“ဘာကိစ္စလဲ..”

သိုက ဘာမှမပြောဘဲ ရှေ့ကိုတစ်လှမ်းထပ်တိုးသည်။ စံနစ်ကလည်း စီးကရက်ရှိုက်ဖွာလိုက်ပြီး နောက်ကိုမျက်နှာငဲ့၍.. ၊

“မိုးနိုင် အဲ့ဒါတွေထားခဲ့..”

အခန်းကျယ်ကြီးထဲမှာ သိုနဲ့စံနစ်နှစ်ယောက်တည်း ကျန်ခဲ့၏။ အခန်းတွင်းက နံရံတွေမှာ နာမည်ကြီးမော်ဒယ်လ်တစ်ယောက်၏ ဒူးပေါ်ပေါင်ပေါ်နှင့် အရက်ကြော်ငြာပုံတွေရော ရှုပ်ယှက်ခက်ပြီး ဘာမှန်းမသိနိုင်သော မော်ဒန်ပန်းချီပုံတွေပါ မျက်စိနောက်အောင်ရှိနေ၏။

ပြီးတော့ စားပွဲတိုင်းသည် လောင်းကစားနည်းမျိုးစုံအတွက် တခမ်းတနားရှိနေခဲ့ပြီး.. ၊

“ဒါတွေက သားကိုရှင်ထိန်းကျောင်းတဲ့ နည်းတွေလား..”

“ဟုတ်တယ်.”

ပြန်ဖြေပုံက ဆေးလိပ်သောက်မပျက်.. ၊

“ရှင်နဲ့ကျွန်မကြားမှာ မကောင်းတာတစ်ခုခုရှိခဲ့ရင် အဲ့ဒါသားနဲ့မဆိုင်ဘူးစံနစ်..”

စံနစ်ကစီးကရက်ရှိုက်ပြီးမှ လက်ကိုရှုတ်လိုက်ကာ.. ၊

“မင်းနဲ့ငါ့ကြားကဘာလဲ..ဘယ်တုန်းကတစ်ခုခုလဲ..”

မျက်နှာတည့်တည့်ကြည့်မေးလိုက်တော့ သို့မျက်နှာလေး မီးရောင်အောက်မှာ နီမြန်းသွားသည်။

“ရှင်ဖဲ့ခြေဖို့ ပြင်ဆင်ထားတဲ့တိုက်ကွက်လှလှတွေကို ကျွန်မနားထောင်ဖို့လာခဲ့တာ မဟုတ်ဘူး..”

“ပြောပါဦး..ဘာအတွက်လာတာလဲ..”

“သားကိုရှင်အလိုလိုက်နေတာလား..ဖျက်ဆီးနေတာလား..”

“ငါ့သားငါဘယ်လိုပဲမွေးမွေး မင်းနားလည်ဖို့မလိုဘူး..”

“လိုတယ်..သားကိုကျွန်မက ဝမ်းနဲ့လွယ်မွေးထားရတာ..”

“ဘယ်အမေက ဘာနဲ့လွယ်တာမျိုးရှိလို့လဲ..”



သို့မျက်နှာလေး ဖွေးခနဲဖြစ်သွားလိုက် ရဲတက်သွားလိုက်ရှိလျက် နှစ်မျက်ဝန်းတွေက အေးစက်စက်.. ၊

“မင်းကိုမကျေနပ်လို့ သားကိုငါကဖျက်ဆီးနေတယ်လို့ မင်းပြောချင်တာလား..”

သိုကနှုတ်ခမ်းတင်းတင်းစေ့ထားလျက် ဘာမှမပြောဘဲ စိုက်ကြည့်နေ၏။ စံနစ်က တစ်ဖက်လှည့်လျှောက်သွားကာ နံရံကနိုင်ငံခြားမင်းသားတစ်ယောက်၏ အင်္ကျီရင်ကွဲဝတ်ထားသော ဘယ်ဘက်ရင်အုံမှာ စီးကရက်မီးကို ဖိချေသတ်ပစ်၏။

ပိုစတာသည် ဗီနိုင်းသားမို့ညှော်နံ့လည်းထွက်လာကာ မီးလောင်ကွက်နှင့် ရုပ်ပျက်ဆင်းပျက် ကျန်ရစ်ခဲ့၏။ သို့နှုတ်ခမ်းလေးဖျတ်ခနဲပွင့်သွားသည်။ ဒီလိုစည်းကမ်းမဲ့တာမျိုးကို သူမဘယ်တုန်းကမှ ကြိုက်ခဲ့တာမဟုတ်။ ဒါပေမယ့် ကိုယ်နဲ့အနေသာကြီးပါ။ ချက်ချင်းမျက်နှာလွှဲပစ်လိုက်ကာ.. ၊

“သားကိုရည်းစားထားနည်းတွေ သင်ပေးတယ်..အပျော်ကြိုက်လွတ်လပ်မှုတွေနဲ့မျော အခုဖဲသမား အရက်သမားဖြစ်အောင် ကလပ်တွေဖွင့်ထားပြန်ပြီ..ရှင်ဘယ်လိုအဖေမျိုးလဲ၊ ရှင့်ကိုကျွန်မအဲ့လိုထင်တာ ဘာလွန်သွားသလဲ..”

“ကြိုက်သလိုထင်..မင်းဖြစ်ဖြစ် ဘယ်သူဘာပြောပြော ဘာတွေထင်ထင် ဂရုမစိုက်ဘူး၊ ဒါပေမယ့် ငါ့ရှေ့မှာလာမပြောနဲ့..မိန်းမတစ်ယောက်ကိုရဲ့ပြီး ကိုယ့်ရင်သွေးကို ဖျက်ဆီးရအောင် ငါကတိရစ္ဆာန်တစ်ကောင်မဟုတ်ဘူး၊ ပြီးတော့..”

စံနစ်က ခပ်မဲ့မဲ့စိုက်ကြည့်၍.. ၊

“ငါ တေုံးမဟုတ်ဘူး..”

သူ့အသံက အံကြိတ်သံနှင့်တူနေကာ.. ၊

“ဝမ်းနဲ့လွယ်မွေးခဲ့ရတယ်ဆိုတဲ့ အမေတစ်ယောက်က ယောကျ်ားကိုမုန်းလို့ အဲ့ကလေးကို ခြောက်နှစ်နီးပါးပြတ်တောက်ထားခဲ့တယ်..အဲ့ဒါကရော ဘယ်လိုမေတ္တာတွေလဲ..”

သိုမျက်နှာပျက်သွားတော့ စံနစ်ကပြုံးလိုက်ပြီး.. ၊

“ငါ့လက်ကိုလာတွဲလို့ မအေကစွန့်ပစ်ခံလိုက်ရတဲ့သားကို ငါကဘယ်လိုရင်ဘက်နဲ့ ဖျက်ဆီးရက်မှာလဲ..မင်းမို့ပြောထွက်တယ်သို၊ ဟွန်း..မင်းဘာလုပ်လုပ် မျှတနေသလား၊ မင်းလုပ်နေသမျှအကောင်းတွေချည်း

www.burmeseclassic.com

www.burmeseclassic.com



ပဲလား.."

"သားကိုကျွန်မ စွန့်ပစ်ခဲ့တာမဟုတ်ဘူး.."

"ဒါဖြင့်ဘာလဲ.."

သူမမဖြေနိုင်။ စံနစ်က ပခုံးတွန့်သွားအောင်မဲ့၍.. ၊

"မဖြေနဲ့..ဖြေဖို့မလိုဘူး၊ မင်းငါ့ကိုမုန်းလို့ ကိုယ်မွေးထားတဲ့သား
တောင် ဖုန်းတစ်ချက်မဆက် မျက်နှာတစ်ချက်လာမကြည့်ခဲ့ဘဲ.."

"ရှင်..ရှင်အဲ့လိုတွေပြောပြီး သားရင်ထဲကို ရိုက်သွင်းခဲ့တာပေါ့ဟု
လား၊ သားလေးကျွန်မကို မုန်းသွားအောင်လို့.."

"မင်း တော်တော့.."

စံနစ်က အော်ငေါက်ပြောတာမဟုတ်ပေ။ သို့သော် ကျိခနဲအံကြိ
၍ နှုတ်ခမ်းလှုပ်ရုံပြောလိုက်ခြင်းက ဓားနဲ့မိုး၍ ကြိမ်းဝါးလိုက်တာထ
ပိုပြင်းထန်လေသည်။

"အဲ့ဒီမျက်လုံးတွေနဲ့ ငါ့သားအပေါ်ထားတဲ့ မေတ္တာကို မစော်ကားနဲ့
မင်းလိုမိန်းမကို မကျေနပ်တာတစ်ချက်နဲ့ ငါ့သားရင်ထဲကို ဒဏ်ရာဖြ
အောင် ဘယ်တော့မှမလုပ်ဘူး..ဒီမှာ မင်းလည်း မုန်းခွင့်ရှိလို့မုန်းတယ
ငါလည်း ငါ့သားကိုချစ်ချင်သလို ချစ်တယ်၊ ဘာမရှင်းတာရှိသေးလဲ.."

"အို..ချစ်ချင်သလိုချစ်လို့မရဘူး၊ ချစ်တာက ချစ်ရာမကျရင် သာ
သမီးအနာဂတ် ပျက်စီးမှာပေါ့.."

"ဟုတ်တယ်..ချစ်ရာကျအောင် ဘယ်လိုချစ်ရသလဲငါမသိဘူး.."

စံနစ်က ခပ်ချဉ်ချဉ်အကြည့်နှင့် စိုက်ကြည့်ကာ.. ၊

"အဲ့ဒီတော့ သားကိုမင်းပြန်ခေါ်သွားမလား.."

"ကျွန်မနဲ့မနေချင်မှန်းသိလို့ ရှင်တမင်ရိနေတာလားစံနစ်.."

"ဟွန်း.."

"စံနစ် ရှင်သားကိုဒီလောက် အလိုမလိုက်ပါနဲ့..အခုဒီကလပ်ဖွင့်တ
ကိုက.."

"ဒီကလပ်ကို သူ့အဖေပိုင်တယ်ဆိုတာ အလင်းသိမသိဘူး.."

သိုအုံ့ညြသွားသည်။ မီးရောင်အောက်မှာ စံနစ်ပုံစံက ဟိုအရင်က
ထက်ပို၍ သေသပ်ထည်ဝါနေကာ လုံးဝပြောင်းလဲသွားသလို ဖြစ်နေပေ
မယ့် ဘယ်လိုပြောင်းလဲသွားတယ်ဆိုတာ မသိ.. ၊

"ငါ့သားက ခရီးသွားရတာ ဝါသနာပါတယ်..ဒါကြောင့် သူခဏ
ဏသွားတတ်တဲ့ မြို့တွေမှာရက်ဆော့တွေ လုပ်ပေးထားတယ်..အားကစား



ပ်ချင်လာပါပြီဆိုရင်လည်း သူကစားမယ့်ကလပ်ကို ငါရအောင်ဝင်
တယ်၊ နောက်ထပ် ကြီးတာသေးတာဘာဖြစ်ဖြစ် ငါ့သားလုပ်ချင်တာမှန်
မျှ ငါ့လက်ပေါ်မှာပဲရှိနေဖို့ သားအတွက်အားလုံး ငါဖန်ဆင်းတယ်..
အတွက် ဘာတွေကုန်ကုန် ဘာတွေဖြစ်ဖြစ်.."

"ရှင်ချမ်းသာတိုင်း ငွေကိုဗုန်းကြဲသုံးနေတာပဲ.."

"ငါ့ဘာသာပုံးပဲကြဲကြဲ မိုးကြိုးပဲပစ်ချချ မင်းနဲ့မဆိုင်ဘူးမို့လား.."

"သားကအခု လောင်းကစားတတ်နေပြီ..နောက်ဆိုရင်.."

"နောက်ဘာတွေဖြစ်လာမလဲ..မင်းစိတ်ဝင်စားရင် စောင့်ကြည့်နေ
လ၊ ဒါပေမယ့် ခုလိုဝေဖန်လေကန်တာတော့ ဒါနောက်ဆုံးဖြစ်ပါစေ.."

"ဘယ်လို.."

သိုဆတ်ဆတ်ခါသွားသည်။ စံနစ်က ဘောင်းဘီအိတ်ထဲလက်တစ်
က်ထည့်လိုက်ပြီး လျှောက်ထွက်သွားသည်။ ပြီးတော့.. ၊

"ညဏ်ဝင်းနဲ့စိုးဦး..မိုးနိုင်ကိုကူလိုက်ကြဦး.."

"ဗျာ..ဟုတ်ကဲ့သူဌေး.."

ခပ်လှမ်းလှမ်းမှာရှိနေကြသည့် ကလပ်ကလူတွေထလာကြသည်။
ိုကလည်း ဘယ်သူ့ကိုမှဂရုမစိုက်ဘဲ သူ့နောက်ကလျှောက်လိုက်လာ
.. ၊

"စံနစ် ရှင့်ကိုကျွန်မပြောနေတာ မပြီးသေးဘူး.."

"ဒီခန်းမကိုပြန်စစ်ဦး..ပြီးရင် ကန့်သတ်ထားတဲ့လူဦးရေထက် ပိုမဝင်
နဲ့၊ ဒီလိုနောက်ထပ်ဖြစ်ရင် မင်းတို့မလွယ်ဘူး.."

"ဟုတ်ကဲ့ပါသူဌေး..ဒီညက သူဌေးသားနဲ့ကျောင်းသားတွေအတွက်
ပြီး တစ်ချက်လေးသတိလစ်သွားလို့ပါ.."

သတိလစ်သွားရုံလေးက ပြောတော့အေးဆေးပါပဲ။ စံနစ်သာအချိန်
ရောက်မလာခဲ့ရင် သားလေးကိုသူများတွေဝိုင်းထိုးသွားကြမှာ မရှုမလှ။
ါကိုပဲစိတ်ပူနေမိတာပါ။ သူမဒီကိုရောက်တော့ စံနစ်ကိုမြင်လိုက်သ
အထဲကိုရုတ်တရက် မဝင်ဖြစ်ခဲ့တာဖြစ်သည်။

ဒါသူပိုင်တဲ့နေရာမှန်း မသိပေမယ့် သားဆီသွားမှာပဲဆိုတာသိလိုက်
ာကြောင့် သူနဲ့မဆုံချင်လို့။ အခုသားနဲ့မတွေ့တော့ဘဲ သူ့ကိုစောင့်နေ
ရတာ ဘာအတွက်မို့လို့လဲ..။ လူကိုအဖက်မတန်သလို၍ ညွှန်ကြား
စေနေသမျှ နောက်ထပ်မျိုသိပ်သည်းခံနေလိုက်ပြီ.. ၊

"ဒီမှာ.."

www.burmeseclassic.com

www.burmeseclassic.com



သူခြေလှမ်းကျဲရုံပေမယ့် သိုက အပြေးတစ်ပိုင်းလိုက်နေရကာ အပြ
ရောက်လာကာမှ.. ၊

"ရှင်ပါဝါတွေပြမနေနဲ့..ပြောစရာရှိလို့ ကျွန်မကစောင့်နေတာ.."

"မင်းစောင့်နေတိုင်း ငါပြောချင်မှပြောမှာပေါ့..ဒါစကားပြောရမယ့်
အချိန်မဟုတ်ဘူး.."

"စံနစ်.."

စံနစ်က ကားဆီရောက်သွားမှ ခြေစုံရပ်ပြီး ပြန်လှည့်ကြည့်သည်

"ဘာလဲ..လိုက်မလို့လား.."

"ဘာလို့လိုက်ရမှာလဲ.."

စံနစ်လှစ်ခနဲ ပြုံးလိုက်မိကာ.. ၊

"မသိဘူး..သိပ်များပြောချင်နေသလားလို့.."

"ဟုတ်တယ်..အဲ့ဒါကိုအခုပဲပြောချင်တယ်၊ ရှင်အခု ကိုယ့်သားအ
တွက် အန္တရာယ်ရှိတာလည်း သိပြီမို့လား..ဒါကြီးရှင်ပိုင်တာမှန်းသိသွ
ရင် သားကိုဘယ်လိုထိန်းမလဲ.."

"လက်သီးတစ်ချက်အထိုးခံရတာနဲ့ အဲ့ယောက်ျားကမ္ဘာပြိုမသွ
ဘူး.."

"မဟုတ်ဘူးလေ..အခုဒါလေးပဲဖြစ်တာ၊ ဒါကြီးက သူ့အဖေပိုင်မှန်
သိသွားရင် သားကို.."

"ခုထိမသိသေးဘူးဆိုတော့ ပူမနေနဲ့.."

"ရှင်နေဦး.."

တံခါးဖွင့်လိုက်တော့ သိုကတံခါးကိုဖမ်းကိုင်ထားလိုက်ပြီး.. ၊

"မပူလို့မရဘူးစံနစ်..သားကိုရှင်ချစ်မှန်းသိပါတယ်၊ ဒါပေမယ့် ရှ
လုပ်ပေးတာတွေက လွဲနေတယ်..ဒီကလပ်ကြီးကိုတော့ ပိတ်လိုက်ပါရှင်.."

"ငါ့စီးပွားရေးက မင်းနဲ့ဆိုင်လို့လား.."

"ခုနပြောတော့ သားအတွက်ရှင်လုပ်နေတာဆို.."

"အဲ့ဒါရော မင်းနဲ့ဘာဆိုင်လဲ.."

"ကျွန်မလည်းအမေပဲရှင့်..သားအတွက်မှန်သမျှ ကျွန်မနဲ့ဆိုင်တယ်."

"မင်းနဲ့ဆိုင်တာမဆိုင်တာတွေလည်း ငါနဲ့မဆိုင်ဘူး..ဖယ်.."

သူမကိုင်ထားသည့် လက်ခံလေးကို ဆုပ်ကိုင်ပြီးဖြုတ်ချလိုက်ကာ
ကားထဲဝင်သည်။ ပြီးတော့ သူမကိုတစ်ချက်မှ ငုံ့မကြည့်တော့ဘဲ မောင်း
ထွက်ခဲ့ရင်း.. ၊



"မိုးနိုင် အဲ့အမျိုးသမီးအိမ်ပြန်ရောက်တဲ့အထိ မင်းနဲ့စိုးဦးလိုက်သွား
လိုက်..နောက်မှာမှာခ်တွေရှိတယ်၊ ယူမောင်းသွား..လုံးဝမရိပ်မိစေနဲ့နော်.."

သေချာမှာပြီးမှ ပင့်သက်ရှိုက်မိသည်။ ပြီးတော့ သူမလက်ကိုဆွဲကိုင်
မိသည့် ကိုယ့်လက်ကိုပြန်ကြည့်ရင်း ပြုံးလိုက်မိကာ.. ၊

မင်းလက်ကိုထိလိုက်မိတာနဲ့တင် ရင်ခုန်တယ်သိ..မင်းနဲ့ပတ်သက်
တဲ့ ရင်ခုန်သံတွေ ငါ့ရင်ထဲမှာ ဘယ်တုန်းကမှ မပျောက်ခဲ့ဘူးဆိုတာ..

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

"ဟာ..မေမေ့.."

အပြင်ထွက်မလို့ အကျအနဝတ်စားပြင်ဆင်ပြီး ထွက်လာကာမှ ကော်ဖီဝိုင်းမှာ သို့ကိုမြင်လိုက်တော့ အလင်းတအံ့တသြကြီးဖြစ်သွား၏။ ပြီးတော့ ရယ်မိလိုက် ပြန်တည်သွားလိုက်နှင့် အသားမကျသည့် နှုတ်ခမ်းသားတွေ အလုပ်ရှုပ်သွားခဲ့ပြီး.. ၊

"အဟွန်း.."

သေချာဖြီးထားသည့် ဆံပင်တွေကို မထိရက်ထိရက် ဟိုပွတ်မလို ဒီပွတ်မလို ဘယ်ကိုမှလည်းမရောက်ဘဲ လက်ကိုပြန်ချလိုက်မိကာ.. ၊

"ဘယ်တုန်းကရောက်နေတာလဲ.."

"ညတည်းကပဲ.."

ဦးကုဋ္ဌေကဝင်ဖြေပြီး မြေးကိုခြေဆုံးခေါင်းဆုံးကြည့်သည်။ တီရှပ်အဖြူဘောင်းဘီမီးခိုးရောင်နှင့်.. ၊

"ထိုင်လေ..ဘာလဲ၊ မစားသောက်ဘဲ အပြင်ထွက်ဦးမလို့လား.."

အစကကော်ဖီသောက်ဖို့ ဒါပေမယ့် မေမေ့ကိုမြင်လို့မသောက်ချင်တော့လို့။ ဒါပေမယ့် ဘိုးဘိုးဆူလို့ ခုတော့သောက်ရတော့မှာဖြစ်ကာ..။

"မဟုတ်ပါဘူးဘိုးဘိုးကြီးကလည်း..သားကအံ့သြနေလို့ပါ.."

ကိုယ့်သားလေးကိုမြင်လိုက်ရသည်နှင့် ရင်ထဲမှာဆွေးဆွေးမြေ့မြေ့ကြီးဖြစ်သွားခဲ့သည်။ အကြာကြီးခွဲနေရသည့် မအေကိုပြုန်းခနဲမြင်လိုက်ရသော သားရဲ့မျက်ဝန်းတွေက ဝမ်းသာပျော်မြူးသွားတာမျိုး မဖြစ်သည့်ပြင်.. ၊

"မေမေက မန္တလေးတန်းပြန်မှာလား..ဒီမှာကြာဦးမှာလား.."

"မြေး.."



"မဟုတ်ပါဘူး..ဟို သားကကျောင်းနဲ့ကျူရှင်ပဲသွားနေရတော့ မေမေ တစ်ယောက်တည်းဖြစ်နေမှာစိုးလို့ပါ.."

"မေမေကအမြဲတမ်း တစ်ယောက်တည်းပဲနေလာခဲ့ရတာပါ..သား ထွက်သွားလို့ ညနေပြန်မလာခင်စောင့်ရမယ့်အချိန်လေးကို ငြီးငွေ့ပါ့မလား.."

နာကျင်မှုတွေနဲ့စကားသံက အင်အားမဲ့နေသည်။ သားကိုမမြင်ရတဲ့ အခါ အလုပ်တွေဖိလုပ်ရင်း သူ့အဖေဆီမှာပြည့်စုံပျော်ရွှင်နေတာပဲဆိုပြီး ကိုယ့်ဘာသာဖြေသိမ့်ရင်း.. ၊

ဘယ်လိုပဲနေတတ်အောင် မျိုသိပ်ခဲ့ပေမယ့် သားကိုတွေ့လိုက်ရတိုင်း ရင်ထဲမှာ ဘယ်လောက်တောင်နာကျင်နေခဲ့ရလဲဆိုတာ ကိုယ့်ဝေဒနာကိုယ် သာသိပါ၏။

"အဲ့ဒါ အာဃာတအမုန်းတွေရဲ့ အကျိုးဆက်တွေပဲသမီး..သမီးကမာနကြီးလွန်းတယ်၊ မျိုသိပ်နိုင်တယ်..ပြီးတော့ ပြတ်သားခဲ့တယ်၊ အဲ့ဒီအချိန်မှာ သမီးရင်ထဲမှာ စံနစ်ကိုမမြင်မတွေ့ချင်တာ တစ်ခုပဲပြင်းထန်နေခဲ့တာကိုး..ငါလုပ်တာမှန်တယ်ဆိုတဲ့ အတ္တထည့်ပေါင်းလိုက်တော့ ဒီအမှားကိုပဲ သမီးဆက်ပြီး ဆုပ်ကိုင်ထားခဲ့တယ်....

....တကယ်တမ်းက စံနစ်ကိုသမီးပြတ်ချင်လို့ ကလေးပေးလိုက်တာ သိပ်မှားတယ်..အခု သူ့ဘက်ကနေ ကလေးနဲ့နွှယ်လာမှာမဟုတ်ဘူး၊ သမီးကပဲ ကလေးအတွက်နဲ့ သူ့ဆီပြန်သွားရတော့မယ်.."

ဖေဖေဒီလိုပြောခဲ့တုန်းက 'သမီးမသွားဘူးဖေဖေ'လို့ သူမပြန်ပြောခဲ့သည်။ ဒီလိုနဲ့ပဲ သားလေးကိုသတိရတဲ့သောကနဲ့ လုံးထွေးရင်း ငါးနှစ်ကျော်ဝေးကွာခဲ့၏။ ဘိုးဘိုးက သားကိုခေါ်လာသည့်အချိန်မှာတော့ သူမနောက်ထပ်သားလေးကို မမြင်ရရင် မနေနိုင်တော့ပေ.. ၊

သားကတော့ သူမအပေါ်မှာ.. ၊

"မနေ့ညက မေမေပြန်ရောက်မယ်ဆိုတာ သားသိတာပဲ.."

"မေမေပဲ လာမကြိုနဲ့ဆို.."

"ဒါနဲ့ပဲ ဒီတိုင်းနေရလားကွ..မင်းကအပြင်ထွက်တောင် ခိုးသွားလိုက်သေးတယ်၊ မြေးနော် မင်းဘိုးအေကိုအသက်တိုအောင်လုပ်နေတာ ဟုတ်လား.."

"ပြောတော့မယ်ဘိုးဘိုးကြီးကလည်း..သားခုဏလေးထွက်တာပါ၊ ချိန်မတော်ကြီးဖြစ်သွားလို့ ဘိုးဘိုးကြီးကိုမပြောရဘဲ ခိုးထွက်သွားတာပါ.."

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး အေးမာကိုစူပွပွလှမ်းကြည့်သေးသည်။ ဘိုးဘိုးကြီးကို ပြ
**ချွန်လိုက်ပြီဆိုသည့် အကြည့်..** ။

"အချိန်မတော်ကိစ္စကရော ဘာမို့လို့တုံး..အဲ့ဒီလိုအချိန် ဘယ်
ကောင်းဖခင်သားသမီးမှ လမ်းပေါ်ရောက်မနေဘူး..ဆိုစမ်း ဘာကိစ္စ
ထွက်တာလဲ.."

"အဲ့ဒါက.."

"ညကဗွီဒေးလေဘိုးဘိုး..လူငယ်တွေကဒီလိုပါပဲ၊ ဘယ်လိုအဓိပ္ပါယ
မှန်းမသိတဲ့ ဟိုနေ့ဒီနေ့ခေါင်းစဉ်တပ်ပြီး ပျော်ရွှင်လွတ်လပ်ချင်ကြတာ.."

သိုကဝင်ပြောတော့ ဦးကုဋ္ဌေကအံ့သြသလိုကြည့်သည်။ သူစိုးရိ
သွားတာက မအေရောက်လာတဲ့ညကျမှ ခိုးထွက်တာနဲ့ကြုံနေရတာကိုပ
ပြီးတော့ ဘိုးအေနဲ့အဖေက ဒီကလေးလေးကို ဒီပုံစံမွေးမြူနေတာလား
အထင်ရောက်မှာလည်းစိုး၏။သိုဘယ်လောက်ထိ အနေအထိုင်သိမ်မွေ့ပြ
စည်းကမ်းရှိတယ်ဆိုတာ သိနေလို့လည်း သူမမုချစိတ်တိုနေပြီဟု တွေ
နေမိတာဖြစ်သည်။

ခုတော့ သူမကနားလည်ဖို့ ကြိုးစားနေပုံရှိကာ ညကအဖြစ်အတွ
မြေးကိုအပြစ်တင်ကြိမ်းမောင်းဖို့လည်း စိတ်ကူးရှိပုံမရ.. ။

"သားက ဗွီဒေးမှာထွက်တယ်ဆိုတော့ ချစ်သူရှိနေပြီလား.."

"ဟာ..မေမေကလည်း.."

ညာမလို့လား မညာနဲ့..မေမေ့သားလိမ်လည်ပြောတတ်တဲ့အကျ
တွေပါရှိနေတာ မေမေမလိုချင်ဘူး.. ။

သားမျက်နှာကိုစိုက်ကြည့်ရင်း သို့စိတ်တွေလှုပ်ရှားနေမိသည်။ အ
လင်းကကော်ဖီသောက်ရင်း.. ။

"မေမေ့သားတက္ကသိုလ်ကျောင်းသားဖြစ်နေပြီဥစ္စာ ချစ်သူတော့ရှိတ
ပေါ့မေမေရ..အဟွန်း ဒါပေမယ့် အမေမပူနဲ့နော်၊ မေမေ့သားက ချစ်သ
အိမ်သူဖြစ်ဖို့ မကြိုးစားဘူး..ချစ်တာကသပ်သပ် အိမ်သူကသပ်သပ်..

ပြောပြီးရယ်နေကာ.. ။

"ဖေဖေ့လိုပေါ့..သားကဖိုဘာပေးစားတဲ့မိန်းမကိုပဲယူမှာ၊ ဒါပေမယ
ဖေဖေ့လိုတော့ ကေားခဲ့မခံဘူး..ဘာရမလဲ ထားချင်းထား ကိုယ်ကပဲထာ
မှာပေါ့.."

"သား.."

သို့အသံက ဒေါသသံပါသွားသည်။



"ငါယောက်ျားပဲဆိုပြီး မဟုတ်တဲ့မာနနဲ့ တရားလက်လွတ်မပြောရ
ဘူး..ဖြစ်ပြီးရင်ဘယ်သူမှ မပျက်စီးစေချင်ဘူး၊ ဖြစ်နေတဲ့အရာမှန်သမျှ
ကိုလည်း ပျက်စီးဖို့ဘယ်သူမှ ပြင်ဆင်မထားဘူး.."

အလင်းမျက်နှာတစ်ချက်ပျက်သွားသည်။ သို့သော် သိုဘာကြောင့်
ပေါက်ကွဲသွားမှန်း သိလိုက်သည်နှင့် မျက်နှာကိုခပ်ငုံ့ငုံ့ချလိုက်ပြီး.. ။

**"ဖျက်လိုက်တာဖြစ်ဖြစ် ပျက်သွားတာဖြစ်ဖြစ် ပျက်စီးတာအတူတူ**
ပါပဲမေမေရာ..ပျက်စီးဖို့ ပြင်ဆင်မထားကြဘူးဆိုရင် အဲ့အပျက်အစီးဒဏ်
ကိုခံနိုင်တဲ့သူက ဘာကြောင့်ခံနိုင်နေတာလဲ.."

အလင်းက မေးခွန်းပြန်ထောက်သည်။ ကိုယ့်သားကိုငေးနေမိကာ
သိုဘာပြောဖို့မှ သတိမရ.. ။

"သားကမေးကြည့်တာပါ..တချို့တလေကျတော့ ပျက်စီးသွားတဲ့
ဒဏ်ကို မခံနိုင်လို့ အလူးအလဲငိုကြွေးကြတာလေ၊ မေမေပြောသလိုဆိုရင်
ပျက်စီးဖို့ပြင်ဆင်ထားတဲ့သူနဲ့ ပြင်ဆင်မထားတဲ့သူ ကွာခြားတာဖြစ်မယ်."

"မြေး..တော်တော့.."

ဘိုးအေဖြစ်သူက ဝင်တားလိုက်လျှင် အလင်းကဘာမှမရည်ရွယ်ခဲ့
သည့်မျက်နှာနှင့် အံ့သြသလိုကြည့်ကာ.. ။

"မေမေပြောလို့ သားကပြောတာပါ.."

သိုမျက်ရည်ဝေ့လာသဖြင့် ဆက်လက်ချုပ်တီးဖို့ မလွယ်ကူတော့ဘဲ
နေရာမှထလာခဲ့မိသည်။ အလင်းဘယ်အချိန်ထွက်သွားလိုက်မှန်းတောင်
မသိတော့ဘဲ သူမကြိတ်ငိုနေမိ၏။ ဟိုတုန်းက စန္ဒီစိုးဆိုသည့် ငယ်သူချင်း
ကလည်း ပြောခဲ့ဖူးပါသည်။

"နင့်ကိုတော့ နင့်သားကစိမ်းနေမှာသေချာတယ်..လူပျိုလေးဖြစ်လာ
ရင် စကားနာထိုးတာတွေ မှန်းတီးတာတွေတောင် ဖြစ်လာနိုင်တယ်.."တဲ့..

"ကလေးဆိုတာ ငိုနေတဲ့သူကို သနားတာပဲဟ..သူ့အဖေကိုသနား
လို့ နင့်လက်ကိုဖြုတ်ချပစ်ခဲ့တာကြည့်လေ၊ အဲ့ဒါကိုနင်ကလည်း သူ့ကို
လှည့်တောင်မကြည့်ခဲ့ဘူး..အခု ဘယ်လောက်ကြာပြီလဲ၊ နင်မို့နေနိုင်တယ်
ပိုရယ်..ဘာဖြစ်လို့လဲ အဲ့ဒီစံနစ်ဆိုတဲ့ပုဂ္ဂိုလ်က နင့်ကိုဘယ်လောက်
တောင် မုန်းတီးအောင်လုပ်ထားလို့လဲ.."လို့ မေးခဲ့သေးသည်။

မုန်းရခြင်းအကြောင်းတွေ ဘယ်လောက်ရှိခဲ့လို့လဲ..။ သူမကရော
မုန်းခဲ့တာလား.. စိတ်ပျက်ခဲ့တာလား.. ဘာမှမသိကြတဲ့သူတွေပြောသလို..

"ဒီလောက်ထိစိတ်နာလာခဲ့တာ အချစ်ကြီးလို့ အမျက်ကြီးတာပဲနေ

www.burmeseclassic.com

www.burmeseclassic.com



မှာ..”ဆိုတာမျိုးလား.. ၊

**ချစ်ရအောင် ချစ်စရာအကြောင်းရှိခဲ့လို့လား..ဒါဆို မုန်းတယ်ဆိုရင်** ရော ဘာကြောင့်မုန်းခဲ့တာလဲ.. ၊

“သိရယ်..ဖုန်းကိုင်တိုင်းတားနေတာလည်း မဟုတ်ဘူး၊ ဒီဖုန်းကိုမကိုင်ခိုင်းမိကာမှ အန်တီတို့အက်ဆီးဒန့်ဖြစ်တဲ့ဖုန်းဖြစ်နေတာ သူကံဆိုးသွားတာပါ..မိဘသေရတဲ့အထိဖြစ်ခဲ့ပေမယ့် တိုက်ဆိုင်သွားတာလို့ဖြေရင်ရပါတယ်ဟာ..”

သူငယ်ချင်းတွေက ပြောကြသည်။ မိတ်ဆွေတွေက ခေါင်းခါ၏။ မိဘကဆုံးသွားပြီးပြီ။ ဒါကြောင့်ဆိုသည့်အပြစ်နှင့် အိမ်ထောင်ရေးအပျက်ခံခဲ့တာ မဖြစ်သင့်ပါဘူးလို့ ဆို၏။ ဘယ်သူတွေဘာပြောပြော သူမမုန်းခဲ့သည်။ သူ့မျက်နှာကိုမမြင်ချင်။ နောက်ထပ်လည်း မပတ်သက်ချင်.. ၊

မိန်းကလေးထည်လဲတွဲ၍ မိန်းကလေးတိုင်းကို ဆွဲညို့ဖြားယောင်းနိုင်သော သူ့ရုပ်ရည် သူ့အကြည့်တွေက သူမမျက်လုံးထဲမှာတော့ ရွံစရာတွေ ဖြစ်နေခဲ့၏။ အားလုံးအပေါ် ချိုသာပျူငှာနေခဲ့သည့် စံနစ်ဆိုသည့်ယောကျ်ားဟာ သူမအပေါ်ကျတော့ အနိုင်ယူစိုးမိုးချင်သော ဥပေက္ခာနဲ့နင့်သီးမှုတွေသာ ဖြန့်ဝေခဲ့သော.. ၊

တစ်ဖက်သတ်လွမ်းမိုးနေခဲ့သည့် သူနဲ့ရှိခဲ့သော နေ့ရက်တွေကို ပြန်မလိုချင်ခဲ့ပေ။ ထို့ကြောင့် သားကိုပါပြတ်တောက်နိုင်ခဲ့သည်။ ကိုယ့်တစ်သက်လုံး ပွေ့ပိုက်ယုယခဲ့ရသမျှ ဒီဖအေတစ်ချက်လေးပွေ့ချီပြီး ‘သား’လို့ခေါ်လိုက်တာလေးမှာ မအေ့လက်ကို ဖြုတ်ချနိုင်ခဲ့ခြင်းသည်.. ၊

“ကလေးပဲသမီးရယ်..သူ့အဖေက အစကဂရုမစိုက်ခဲ့ဘူး၊ ဂရုစိုက်လာတဲ့အချိန်မှာ ဖအေနားကမခွာချင်တော့ဘူးလေ..ပြီးတော့ သူ့အဖေက ငိုယိုတောင်းပန်နေတာ ကလေးကသနားမှာပေါ့..”

ဖေဖေကလည်း ဖျောင်းဖျခဲ့ပေမယ့် ‘ကလေးပဲ’ဆိုတာကို နားထဲမဝင်နိုင်။ ခုတော့ အနိုင်ယူတဲ့သူက ရှုံးလေသည်။ အရှုံးပေးသွားသည့်လူက နိုင်ခဲ့သည်။ ဒီနှလုံးသားရေးရာတိုက်ပွဲမှာ သူမနလံထူနိုင်ပါ့မလား..။

သားလေးငါ့ကို ဘယ်တော့မှပြန်မချစ်နိုင်တော့ဘူးဆိုရင် ငါဘယ်လိုလုပ်ရမလဲ.. ၊

မျက်ရည်တို့ဖြင့် လက်မောင်းလက်ဖျံတွေ စိုရွှဲလာသည့်အခါ ချောက်ချားစွာတွေးမိလာ၏။

‘ငါ့သားကို ငါအချိန်မရွေးခေါ်လို့ရတယ်’ဆိုသည့် ယုံကြည်မှုတွေ



ဘယ်ရောက်ကုန်ပြီလဲ.. ၊ သားလေးအိပ်နေတာကိုဝင်ကြည့်ပြီး သားနဲ့တစ်ရက်နှစ်ရက်တော့ နေချင်မိသည့် မျှော်လင့်ချက်တွေ ပျောက်ရကုန်ပြီလား..

မျက်ရည်သုတ်ပြီးမော့လိုက်လျှင် ခပ်ဟဟတံခါးရဲ့အပြင်မှာ ဦးကုဋ္ဌေရပ်ကြည့်နေတာကို မြင်လိုက်လျှင်.. ၊

“ဘိုးဘိုး..”

သိုထသွားပြီး တံခါးဖွင့်လိုက်လျှင် ဦးကုဋ္ဌေကတောင်ဝှေးထောက်လျက် ရပ်နေရင်း သက်ပြင်းချ၏။

“ဘိုးဘိုးစိတ်မကောင်းပါဘူးသမီးရယ်..”

“ဟင့်အင်း..ဘာမှမဖြစ်ပါဘူး၊ ဘိုးဘိုးရှေ့မှာ သမီးတို့သားအမိအငြင်မပြေစရာ ပြောလိုက်မိတာတောင် သမီးကတောင်းပန်ရဦးမှာ..”

ဦးကုဋ္ဌေက ခေါင်းခါလိုက်ရင်း သိုနဲ့ဘေးတိုက်ပုံစံငေးနေပြီး.. ၊

“ပြောရရင် ဘိုးဘိုးကသေမယ့်နေ့ကို စောင့်နေရတဲ့အရွယ်ပဲ..ဒါပေမယ့် ဘိုးဘိုးသေမယ့်နေ့ကိုစောင့်နေတာမဟုတ်ဘူး၊ သမီးတို့မိသားစု ပြန်လည်ပေါင်းစည်းမယ့်နေ့ကို စောင့်နေတာ..”

ဟင်.. ၊

ဒီစကားမျိုး ဦးကုဋ္ဌေမပြောခဲ့ဘူးပါ။ ပြောလာမယ်လို့လည်း သူမမထင်ခဲ့ပေ။ အားလုံးကနေသားတကျ ပြီးဆုံးခဲ့ပြီမို့.. ၊

“ဘိုးဘိုး..”

“သိပါတယ်..သမီးလက်မခံနိုင်ဘူးဆိုတာ ဒါပေမယ့်သမီးရယ်..သမီးလည်း မြေးလေးအတွက် မိခင်ကောင်းဖြစ်ခွင့်ရချင်တယ်မို့လား..စံနစ်လည်း သူဒီနေ့ထိ စည်းကမ်းရှိရှိနေလာခဲ့တာ ဘိုးဘိုးသိနေတယ်၊ ဒါတွေဟာ ဖြစ်သင့်တဲ့အတိုင်းမဖြစ်သေးတဲ့ သမီးတို့ရဲ့လွဲနေတဲ့ကောက်ကွေ့ကြောင်းတွေပဲ..”

“မဟုတ်ဘူးဘိုးဘိုး..သမီးတို့က မျဉ်းပြိုင်တွေပါ..”

“မပြိုင်ပါဘူး..မြေးကိုစံနစ်က ဘယ်တုန်းကမှမပြိုင်ခဲ့ဘူး၊ မြေးကိုသူချစ်နေတုန်းပဲ..”

သိုမျက်လုံးတွေ မှိတ်လိုက်ရင်း ပင့်သက်ရှိုက်မိသည်။ ဘိုးဘိုးမသိတာတွေ ရှိနေသေးတယ်ဆိုတာ ဘယ်လိုပြောရမလဲ.. ၊

“မင်းမှာပဲ မာနရှိတာလား..”

“ကျရှုံးတဲ့လူတိုင်း ဒူးမထောက်ဘူးသို့..ဒါပေမယ့် ငါဒူးထောက်ခဲ့တယ်၊ ဒါပေမယ့် အကြိမ်ကြိမ်အခါခါဒူးထောက်လိမ့်မယ်လို့တော့ မထင်

www.burmeseclassic.com

www.burmeseclassic.com



နဲ့..မင်းနဲ့ငါနဲ့ပြီးပြီ”လို့ ပြောခဲ့တာ သားဆယ်တန်းအောင်ခဲ့တုန်းက.. ။

သုံးဘာသာဂုဏ်ထူးပါသည်။ သားဆုယူမယ်နေ့က သူမရန်ကုန်မှာ ရှိနေသည် ဒါပေမယ့် ကုမ္ပဏီကိစ္စအမှုအခင်းတွေ ရှင်းနေရသဖြင့် မသွား နိုင်ခဲ့ပေ။

“အဖေနဲ့အမေ တစ်ဖက်စီရှိနေစေချင်ရင် မင်းအမေလုပ်ချင်တဲ့ မိန်းမ တွေပေါပါတယ်..ပြော ငါ့သားဘယ်သူနဲ့ရိုက်ချင်လဲ..”တဲ့.. ။

သားရဲ့အမေနေရာမှာ တခြားမိန်းမတစ်ယောက်အစားထိုးပြီး ပွဲ တက်ဖို့တောင် ကြိုးစားခဲ့သေးသည်။ မိဘတွေက အကြီးအကျယ်ကန့် ကွက်ခဲ့လို့ ပြီးတော့ သားကလည်း တောင်းဆိုမှုမရှိခဲ့လို့သာ.. ။

ဒီလိုပြတ်သားနေကြတာတွေကို ဘိုးဘိုးဘာတွေမျှော်လင့်နေတာလဲ. သူမငိုနေရတာက သားလေးအထင်လွဲနေတဲ့အဖြစ်ကိုပါ။ ဘိုးဘိုးဘယ်လို ထင်နေခဲ့တာလဲ.. ။

သိုနားလည်သွားသည်။ ထို့ကြောင့် မျက်နှာပေါ်မှာရှိသမျှ မျက်ရည် တို့ကို သေချာခြောက်သွေ့စေလိုက်၏။

နောက်ထပ် ငိုချင်တိုင်းမငိုမိအောင် သူမကြိုးစားရတော့မည်။

♥♥♥

## အခန်း(၁၀)

“ဒီနေ့နေချင်တိုင်းနေလို့မရဘူး..အိမ်မှာမေမေရှိတယ်..”

“ဟင်..ဟုတ်လား..”

“နင့်အမေက အရမ်းလှတယ်ဆို..ငါတို့ကိုမိတ်ဆက်ပေးလေဟာ..”

ဘာတွေပြောပြော အလင်းကခေါင်းပဲခါနေ၏။ ပြီးတော့ စာသင် ခန်းထဲဝင်သွားပြီး နောက်ဆုံးခုံမှာ ထိုင်လိုက်ရင်း.. ။

“ငါတောင်မေမေနဲ့မခင်ချင်ဘူး..”

“ဘာ..”

“ဟော့ကောင် မိတ်မဆက်ပေးချင်လည်းနေ..ငရဲကြီးခံပြီးတော့..”

“အဟုတ်ပြောတာ..မေမေကဘယ်ခေတ်က လာမှန်းမသိဘူး..ဖေဖေ နဲ့မေမေ ကွိုင်တွေတက်နေတည်းက မေမေ့ဘက်ကငါမနေခဲ့တာ..”

“ဘယ်ကလေးဖြစ်ဖြစ် ငယ်ငယ်တုန်းကဆိုရင် အမေဘက်ကပဲနေ ကြတာ..မင်းကျမှ..”

“အဲ့ဒါပဲ..ငါအဲ့ဒါကိုပြောတာ၊ ကလေးမျက်လုံးထဲမှာတောင် မေမေ ကအဲ့လိုပါဆို..”

“အလင်းရယ်..နင်ကိုက စည်းကမ်းတင်းတဲ့လူကို မကြိုက်တာပါ၊ အဖေနဲ့အမေကတော့ ဘယ်တူမလဲဟ..”

“မသိဘူး..ဖေဖေ့ကိုပဲငါချစ်တယ်၊ ဖေဖေက အလယ်အလတ်သမား စီးပွားရေးလောကမှာလည်း တော်တယ်..ငါ့ကိုလည်းဂရုစိုက်တယ်၊ ပြီး တော့ လူငယ်သဘာဝကိုလည်း နားလည်တယ်..”

“ချစ်တော့ အပြစ်မမြင်ဘူးလေ..”

“ဖေဖေ့မှာ ဘာအပြစ်မှမရှိဘူး..”

မေမေ့မှာပဲရှိတာလို့တော့ မပြောဖြစ်ပါ။ ဒါပေမယ့် ဖေဖေ့ကိုမေမေ

www.burmeseclassic.com

www.burmeseclassic.com



ရက်စက်ခဲ့တာတော့ သူဘယ်တော့မှ မေ့ပျောက်လို့ရမှာမဟုတ်။ ဟိုအရင်က သူမှတ်မိနေတာတွေရှိသည်။

ဖေဖေကသူငယ်ချင်းအသိုင်းအဝိုင်းတွေနဲ့ သွားလာနေတာများသည် ထိုထဲမှာ မိန်းကလေးတွေလည်းပါသည်။ ရည်းစားတွေထားနေသည်ဆိုတာလည်း လူကြီးတွေပြောတာတချို့ကို ကြားဖူးခဲ့သည်။ ငယ်စဉ်ကနားမလည်ခဲ့သည့် အဖြစ်တွေကို ခုနားလည်နေပြီမို့ ထိုစဉ်ကမသိခဲ့သော စကားလုံးအဓိပ္ပါယ်တွေနဲ့ ခုချိန်မှာ အားလုံးကိုပုံဖော်ကြည့်ခဲ့သည်။

ဖေဖေမှားခဲ့တာ ဘာရှိခဲ့လို့လဲ.. ।

လူကြီးမိဘက ပေးစားခဲ့သည့်ဇနီးကို မချစ်နိုင်တာအပြစ်ရှိသလား.. မချစ်တဲ့အတွက် မချစ်သလိုနေခဲ့သည်။ ချစ်မိသွားတော့ ချစ်ခွင့်ရချင်သည်။ အဲ့ဒီမှာဘာအမှားရှိခဲ့သလဲ.. ।

မေမေကခွင့်မလွှတ်နိုင်ခဲ့သည့် အပြစ်ကိုလည်း ပြန်တွေးကြည့်မိသည်။ ဘွားဘွားတို့ကားမှောက်ခဲ့သည့်အဖြစ်က မေမေဖုန်းကိုင်ခွင့်မရလိုက်လို့ ဖြစ်ခဲ့တာလည်းမဟုတ်။ ကားမှောက်ပါသည်လို့ အကြောင်းကြားတည်းက ဖုန်းရရချင်းပြေးသွားလည်း မေမေရောက်သွားတဲ့အချိန်မှာ ဘွားဘွားရဲ့အသက်ကို ဘယ်လိုမှမမီနိုင်သည့်အခြေအနေပါ။ ဒါတွေဘာကြောင့် ဖေဖေ့အပြစ်ဖြစ်ရတာလဲ.. ।

တွက်ကြည့်လိုက်တော့ ဖေဖေ့အပေါ်မှာ တမင်ရိုးမယ်ဖွဲ့၍ အမုန်းပွားခဲ့တာသာ ဖြစ်လေသည်။ ဒီအဖြစ်တွေထဲမှာ သူကတော့ဘာလဲ.. ।

ဖေဖေ့ကိုမုန်းခြင်းကြောင့် ဖေဖေ့ကိုချစ်သောသားအဖြစ် အပြစ်မြင်ခဲ့တာလား.. ।

"ဖေဖေ့..မေမေလာမှာလားဟင်.."

"လာမှာပေါ့သားရယ်..သားမေမေက ဖေဖေ့ကိုပဲမုန်းနေတာပါ၊ သားသားကိုသတိရရင် သူလာတွေ့မှာ.."တဲ့.. ।

ညတိုင်း ဖေဖေ့ရင်ခွင်ထဲမှာ သူမေးနေကျဖြစ်ကာ ဖေဖေကလည်း ဒီတိုင်းဖြေနေကျ။ တစ်ခါတလေ ဖျားနာတဲ့အခါ ဖေဖေ့ပခုံးပေါ်မှာ သူအိပ်ပျော်ခဲ့ရသည်။ ချသိပ်လို့နိုးသွားခဲ့ဖူးတာကြောင့် ပခုံးပေါ်မှာအိပ်ပျော်သွားပြီဆို ဖေဖေလည်းသူ့ကိုထမ်းထားရင်း ငုတ်တုတ်ငိုက်ရင်း မိုးလင်းခဲ့ရသည်။

"ဖေဖေကသားသားကို ဘာလို့ချီထားတာလဲ.."

"သားကနိုးသွားရင် ပြန်သိပ်လို့မှမရတာ..အဲ့ဒါကြောင့် အိပ်ရေးပျက်



မယ့်အတူတူ ဖေဖေလည်းဒီတိုင်းငိုက်လိုက်တာပေါ့.."

ဖေဖေ့မျက်လုံးတွေနီနေတာကိုကြည့်ပြီး အဲ့ဒီတုန်းက သနားရမှန်းမသိခဲ့ပေ။ ညညဆို မေမေ့ကိုမျှော်ဖို့ 'အိမ်ရှေ့ထွက်ရအောင်' 'ဝရန်တာက ကြည့်ချင်တယ်' စသဖြင့်သော ပူဆာနည်းများဖြင့် ဖေဖေ့ကိုအလုပ်ပျက်စေခဲ့တာတွေလည်း မသိခဲ့.. ।

နောက်ကျတော့ ဖေဖေ့ဖြေသံတွေမှာ အင်အားမဲ့လာခဲ့သည်။

"မေမေက သားသားဆီကိုမလာတော့ဘူးလားဟင်.."

"မလာလည်းဘာဖြစ်လဲသားရဲ့..သားမှာဖေဖေရှိနေရင် ပြည့်စုံပြီ၊ သားဘာလိုချင်သလဲ..မရတာမရှိစေရဘူး.."

လို့ချော့မော့ရင်း ဖေဖေ့မျက်ဝန်းမှာ အေးစက်လာခဲ့၏။ မေမေ့ကိုမေးလို့ ဖေဖေဒေါသထွက်နေတာလားဆိုသည့် အတွေးလေးတွေလည်း သူ့မှာရှိလာခဲ့သည်။ သို့သော် ဖေဖေ့ပြောင်းလဲမှုတွေက သူ့အတွက်နွေးထွေးမှုတွေသာ ဖြစ်လာခဲ့လျက်.. ।

"ကျွန်တော့်သားမှာ အဖေလည်းရှိတယ်..အမေလည်းရှိတယ်ဘိုးဘိုး၊ သူ့အမေရဲ့ဥပေက္ခာတွေကို သားမခံစားစေရဘူး..အားလုံးကိုမေ့သွားအောင် သားကိုကျွန်တော်ထားနိုင်တယ်.."လို့.. ।

ဘိုးဘိုးကြီးကိုပြောနေတာ သူကြားခဲ့ရသည်။ ထိုအခါကျမှ မေမေနဲ့သူဘယ်လောက်ထိ ဝေးကွာခဲ့ပြီကို နားလည်ခဲ့၏။ ထူးဆန်းတာက သူမေမေ့ကို မေ့ထားနိုင်ခဲ့တာပဲဖြစ်သည်။ နောက်တော့ ဖေဖေနဲ့နေရတာပျော်သည်။ မေမေနဲ့ပြန်တွေ့လိုက်ရသည့်အချိန်မှာ မေမေ့ကိုသူရင်းနှီးလို့မရတော့ခြင်းသည်.. ।

"ငါမေမေ့ကို မချစ်တာမဟုတ်ဘူး..မေမေကမချစ်တော့တာကို နားလည်သွားတာ.."

ကိုယ့်အတွေးတွေကို အဆုံးသတ်ပြောမိရင်း.. ।

"မင်းတို့ရော ဘယ်လိုထင်လဲ.."

"ဟမ်.."

"ဘာကိုလဲ..အစမရှိ အဆုံးမရှိ.."

သူဖြုန်းခနဲမေးလိုက်တော့ အားလုံးကပြန်မေးကြကာ.. ।

"မင်းတို့မိသားစု ကိစ္စကြီးကို.."

"အေးလေ.."

"ငါအဲ့ဒါမေးတာမဟုတ်ပါဘူး..မိခင်တွေက[illegible] သားသမီးကိုနှင့်

www.burmeseclassic.com

www.burmeseclassic.com



အောင် ချစ်နိုင်တာလား၊ အဖေတွေက အမေတွေလောက် မချစ်နိုင်ဘူးဆိုတာ တကယ်လား.."

ခဏတော့ငြိမ်သွားကြသည်။ ဂီတက တံခါးဘောင်ကိုမှီနေရင်းကနေ စက်ဝိုင်းရဲ့ဘေးမှာဝင်ထိုင်လိုက်ကာ.. ၊

"ငါတော့ အားလုံးကတသမတ်တည်းမရှိဘူးလို့ ထင်တာပဲ..စဉ်းစားကြည့်လေ၊ အများအားဖြင့်တော့ ဝမ်းနဲ့လွယ်မွေးရတဲ့အမေက ပိုတာပေါ့.. ဒါပေမယ့် အမေတိုင်းပဲကောင်းနေတာတော့ မဟုတ်ဘူးလေ.."

"အင်း.."

"ဟုတ်တော့ဟုတ်တယ်.."

"အများအားဖြင့် အဖေကအမေတွေလောက် အနစ်နာမခံဘူးဆိုပေမယ့်လည်း မကောင်းတဲ့အမေတချို့နဲ့စာရင် အရမ်းအနစ်နာခံပေးဆပ်သွားတဲ့အဖေတွေမှ အများကြီး.."

"အဖြေတစ်ခုခုပြောဟာ.."

"နင်တို့ရောပြောလေ..အလင်းကတော့ သူ့အဖေကိုချစ်တဲ့အတွက် အဖေကောင်းတယ်ပြောမှာပဲ၊ နင်တို့ကိုပဲမေးတာ.."

"ငါတို့လည်းနင်လို့ပဲ တွေးမိတယ်.."

"ဟုတ်တယ်လေ..နေရာတကာမှာ အဆိုးအကောင်းအမြဲဒွန်တွဲနေတာပဲ၊ ငါ့အမေဆို မိုးလင်းတာနဲ့နှစ်လုံးထိုးမယ် ညညဆိုဘောပွဲလောင်းတယ်..ဖေဖေထားပေးတဲ့ ငါတို့ဘဏ်အကောင့်ထဲထဲက ပိုက်ဆံတွေပါမနေရဘူး၊ အကုန်ဖြုန်းတာ.."

"အေးလေ.."

လေညာဒီအဖြစ်တွေကို ပြောပြောပြီး ညည်းနေကျပါ။ သူတို့အုပ်စုထဲမှာ ဆင်းတောင့်ဆင်းရဲတစ်ယောက်မှမပါပေ။ အနည်းဆုံးကိုယ်ပိုင်ခြံမြေ တိုက် ကားတွေနဲ့ဖြစ်သည်။ သို့သော် မိသားစုတိုင်းမှာ အဆင်မပြေမှုတွေ ကိုယ်စီရှိနေခဲ့ကြလျက်.. ၊

"အမေဖြုန်းသမျှ အဖေကအကုန်ပြန်ဖြည့်..ဟိုပြေးဒီပြေးနဲ့ ပြဿနာရှင်းရ ပစ္စည်းတွေပြန်ရွေးရနဲ့ အတော်ကိုဆိုးတာ၊ ပြီးတော့ ငါတို့မောင်နှမတွေနဲ့ပတ်သက်တဲ့ အရေးကိစ္စဆို အမေတစ်ခါမှ ဖြေရှင်းပေးတယ်မရှိဘူး..တစ်အိမ်လုံးအဖေချည်းပဲ.."

"ဒါပေမယ့် ငါ့ဘေးမှာထိုင်တဲ့တင်ဇာ့အဖေကျတော့ လူကဖြင့်ကိုယ်ပိုင်တက္ကစီဆွဲနိုင်ရှိရယ်..ဒါပေမယ့် စမောလ်ဆွဲနေတာလေ၊ သူ့အမေခမျာ



ယောက်ျားဆီက အကူအညီဘာမှမရဘဲနဲ့ တင်ဇာတို့မောင်နှမကို ပညာဆုံးခန်းတိုင်အောင် ကြိုးစားနေရတာ..တစ်နေ့တစ်နေ့ကျောင်းရောက်လာတာနဲ့ တင်ဇာညည်းနေတာ မကြားချင်မှအဆုံးပဲ.."

"သူများအကြောင်းပြောနေပြီး..နင်ကရော.."

"ဟင်..ငါ.."

ဂီတက သူ့ကိုယ်သူရင်ဘက်လေးဖိပြကာ.. ၊

"ငါက ဘာဖြစ်လဲ..ငါ့ရဲ့မိဘရင်းတွေ မရှိကြတော့ဘူး၊ ဒါပေမယ့် ငါ့အဖေနဲ့အမေကို ငါချစ်တယ်..သူတို့ကလည်း ချစ်တယ်.."

"သူတို့ကအထူးကုဆရာဝန်ကြီးတွေနော်..ငယ်သူငယ်ချင်းတွေ ညားတာဆို ဟုတ်လား.."

"အင်း.."

"ပျော်စရာကြီးပေါ့.."

ဂီတက အလင်းကိုမျက်မှောင်ကုတ်ကြည့်ကာ.. ၊

"ဘာကိုပျော်စရာကြီးလဲ.."

"ဩော် အစတည်းက သူငယ်ချင်းသံယောဇဉ်က ရှိပြီးသားပဲလေ..လင်ရယ်မယားရယ်ဖြစ်သွားကြရင်.."

"အဲ့ဒါက ပိုဆိုးတာ.."

"ဟင်.."

"အလဲ့..နင့်မွေးစားမိဘတွေကလည်း ဇာတ်လမ်းနဲ့လား.."

စကားအဖြစ်ပြောကြရင်း အမေကောင်းခြင်းမကောင်းခြင်းကနေ သူ့အကြောင်းကိုယ့်အကြောင်း ပြောခြင်းတွေဖြစ်ကုန်ကြသည်။ ဂီတကရယ်လိုက်ပြီး.. ၊

"ဟုတ်တယ်..ဖေကြီးက အမေ့ကိုသူငယ်ချင်းလိုပဲချစ်တယ်၊ အမေကတော့..အဲ.."

"ဩော်.."

"သူတို့ကျတော့ တစ်မျိုးပါလား.."

"ဖေကြီးက မချစ်ပေမယ့် အမေ့ကိုအရမ်းညှာတာ..ဘာလို့လဲဆိုတော့ ဖေကြီးကလည်း သူ့သူငယ်ချင်းမိန်းကလေးကို တစ်ဖက်သတ်ချစ်နေခဲ့တာလေ.."

"ဩော်..ဒါကြောင့်ကိုယ်ချင်းစာတာ.."

"အင်း.."

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ နင်က အသက်ကြီးမှ ဦးလေးကမွေးစားတာဆိုပြီး အဖေအ
နဲ့ နှုတ်ကျိုးနေသလိုပဲ.."

"စပ်စုလိုက်တာလေကြီးရာ..မိန်းမကျနေတာပဲ.."

အလင်းက ပခုံးကိုဖျန်းခနဲရိုက်ပစ်လိုက်ပြီး ကဲ့ရဲ့သည်။ လေညာ
သူ့ကိုလက်ပြန်ရွယ်လိုက်ရင်း.. ။

"စပ်စုဖို့လိုတယ်..မင်းကိုမစပ်စုမိလို့ ငါတို့မင်းအမေကိုတောင် မမြ
ဘူးသေးတာ.."

"အဲ့ဒါမဟာပထဝီမြေကြီး ထက်ခြမ်းကွဲသွားနိုင်လား.."

"အဲ့ဒါတော့ဟုတ်တယ်..ငါဆို နင်တို့အန်ကယ်လ်လေးခေါ်နေတာ
ကြားဖူးတာ၊ လူကိုမနေ့ညကမှ မြင်ဖူးတယ်..အတော်ချောတာပဲနော်.."

"ဂီတ.."

"အဟမ်း..အဟမ်း.."

စက်ဝိုင်းတို့ ချောင်းတွေဆိုးပြနေတော့ ဂီတကရယ်နေကာ.. ။

"အဟုတ်ပြောတာ..အလင်းထက်လည်း အရပ်ပိုမြင့်တယ်၊ ချေ
လည်းချောတယ်..ဘယ်လိုပြောရမလဲဆိုတော့ အန်ကယ်လ်လေးနဲ့ယှ
လိုက်တော့ အလင်းကတကယ့်သေးသေးလေး.."

"ဘာ.."

"အ..အဲ့ဒါတော့ နည်းနည်းများသွားပြီ၊ မဟုတ်တော့ဘူးဂီတ.."

"အဟမ်း..အဟမ်းလို့ဆို အဟမ်း.."

"ဟာ..ဒီဝဲစားကတစ်မျိုး.."

အလင်းက စက်ဝိုင်းခေါင်းကိုစာအုပ်နဲ့ ရိုက်ပစ်လိုက်၏။ စကာ
ပြောနေကြပြီဆို အလင်းနဲ့ကပ်ထိုင်နေသည့်သူ မသက်သာပေ။ ပုတ်ခ
ရိုက်နက်သံတဘုန်းဘုန်း တဖျန်းဖျန်းထွက်နေတတ်လျက်.. ။

"အလင်းရယ်..ဟုတ်တာပြောတာကို နင်ကလည်းကိုယ့်အဖေတော
မနာလိုဘူး.."

"အံမာ..နင်ဘာပြောလိုက်လဲ၊ ကိုယ်ပြောတာကိုယ်ပြန်တွေး..လူက
များ သေးသေးလေးတဲ့.."

"ရွှဲစရာတွေ လျှောက်တွေးမနေနဲ့လေ..ငါပြောတာက လမင်းကြီး
အောက မိုတ်တုတ်မိုတ်တုတ် အဲ..ကြည့်နေရင်း လုံးဝပျောက်သွားတဲ့ကြယ
လေးလို ကွာတယ်လို့..မဟုတ်ဘူးလားစက်ဝိုင်း.."

"အေး.."



ခေါင်းညိတ်လိုက်ရင်း အလင်းနားကချက်ချင်းထပြေးပြီးမှ.. ။

"ဟုတ်တယ်..မြင်ဖူးနေတဲ့ ငါတို့တောင် အန်ကယ်လ်လေးကိုမြင်
ိုင်း အဲ့လိုတွေးမိတယ်၊ ညီအစ်ကိုဆို လုံးဝယုံတယ်သိလား..အန်ကယ်လ်
လေးရဲ့ ရင့်ကျက်တည်ငြိမ်ပြီး စူးရဲတဲ့မျက်လုံးတွေနဲ့မျက်နှာက.."

ဘယ်လိုချောကြောင်း လက်နှစ်ဖက်နဲ့အမူအရာတွေပါ အပိုအလိုတွေ
လုပ်ပြနေပြီး.. ။

"ငါတို့ဖရန့်ဒ်အလင်းသိုလေးကျတော့ ဖြူဖက်ဖက်စုတ်ချွန်းချွန်း နံ့
ပြည်စုတ်လေးနဲ့ တူသွားတဲ့အခါ.."

"မင်းခြေထောက်ကို အဲ့လိုပတ်ကန်လိုက်သောအခါ.."

"အား..သေပြီ.."

"သေပေါ့.."

ရှုံ့မဲ့ညည်းရင်း ပြန်လည်းမထဘဲ လက်သီးဆုပ်ထောင်ပြနေသည့်
က်ဝိုင်းကိုကြည့်၍ အလင်းလည်းရယ်လေသည်။ ပြီးတော့ ချော့မော့သ
လို ပြန်ဆွဲထူ၍.. ။

"မငိုရဘူး..မုန့်ဝယ်ကျွေးမယ်.."

"သေနာ.."

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)

"သေနာကောင်တွေ...နမချင်းမစာမနာမပြောနဲ့နော်.."

စိတ်က ဆတ်ဆတ်ထိအခံတတ်သည့် မာနတွေအပြည့်နဲ့ဖြစ်သည်၊ သို့သော် ရွံ့ဖွက်တွေကိုယ်တစ်ခြမ်းလုံးပေကျံသွားသည့် ကိုယ့်အဖြစ်ဘယ် လောက်ဆိုးသွားပြီကိုလည်း သိနေ၏။

ဖြတ်မောင်းသွားသည့်ကားကို သတိမထားမိတော့ဘဲ လမ်းဘေး အုတ်ခုံမှာ တန်းစီထိုင်ရင်း ဟားတိုက်ရယ်နေကြသည့် မျက်နှာတွေကိုသာ စိတ်ရှိလက်ရှိ ပြေးရိုက်ပစ်ချင်မိသည်။ ထိုစဉ် ကားကနောက်ပြန်ဆုတ် လာ၏။ ကိုယ့်ဘေးမှာ ရပ်လိုက်မှခုနကကားပဲဆိုတာ သိလိုက်၏။

ပြီးတော့ ကားတံခါးပွင့်သွားသည်။ ဆင်းလာသည့်ယောကျ်ားက ရှပ်အင်္ကျီအနက်လက်ရှည် ဘောင်းဘီရှည်နှင့် အင်္ကျီလက်ဖျားကို နာ လွတ်ရုံလေး ခေါက်တင်ထား၏။ မတိုမရှည်ဆံပင်ပုံသည် နားသယ်စ နှင့် ပါးသိုင်းမွေးနေရာတွေမှာ ရိုန်းမြနေအောင် ဖန်ဆင်းထားသလိုပင်။

ထို့ပြင် ဖြူဝင်းသည့်မျက်နှာသည် ထူနက်သည့်မျက်ခုံးက ထူးခြား စွာကြည့်ကောင်း၏။ သူဆင်းလာတာမြင်သည်နှင့် ရယ်သံတွေတိတ်ကျ သွားခဲ့ပြီး သူကလည်း လူငယ်တွေဆီ တစ်ချက်ဝေ့ကြည့်သည်။ ပြီးမှ သူမနားကိုတိုး၍.. ၊

"ဆောရီးချာတိတ်ရာ..ဦးအရင်လိုပြီးမောင်းလာမိတာ၊ ဒီတိုင်းကြီး ကောင်းပါဘူး၊ ကားပေါ်တက်နော်..အဝတ်တစ်စုံတော့ အလျော်ပေးပါ စေ.."

ဂီတ ထိုသူ့ကိုငေးကြည့်နေရင်း အာခေါင်တွေခြောက်သွားခဲ့သည်။ ပြီးတော့ ဟိုလိုဒီလိုထင်စရာရှိပေမယ့် ထင်ဖို့လည်းမတွေးမိဘဲ.. ၊

"ဟို..ဦးရဲ့ကားကိုပေကုန်မှာပေါ့.."



"ဖြစ်ပါတယ်..ဒါ ဦးကြောင့်ပဲဟာ၊ လာ..ဒီနားမှာ အင်္ကျီလဲလို့ရတဲ့ ဆိုင် ရှာကြည့်တာပေါ့.."

ဂီတကိုသူပဲ တံခါးဖွင့်ပေးသည်။ ပြန်ပိတ်ပြီးတော့ ချက်ချင်းကား မဝင်ဘဲ ဖုန်းပြောနေသည်။ ဘာကြောင့်မှန်းမသိဘဲ ဂီတမှန်နည်းနည်း လေးချပြီး သူပြောနေတာကို ခိုးနားထောင်မိ၏။

"အေး..ငါနည်းနည်းကြာမယ်၊ ဆယ်မိနစ်လောက်.."

".................."

"အချိန်မပြောင်းနဲ့ မီတင်စထားလိုက်..အိုခေ.."

ဂီတရင်ထဲမှာ သူမယုံကြည်ခဲ့ခြင်းအပေါ် နောင်တမရသည့်ပြင် ရင် မှာ ဘယ်လိုဝေဒနာတွေဖြစ်ထွန်းသွားခဲ့မှန်း မသိ။ ထို့ပြင် လူရွယ်တွေ က မဟုတ်တမ်းတရားတွေ မထိတထိလှမ်းပြောပုံရကာ သူဖုန်းပြောရင်း လှမ်းကြည့်လိုက်တော့ နှုတ်ခမ်းလှုပ်နေတာတွေ လုံးဝငြိမ်သက်ကုန်ပြီး မျက်နှာတွေဟိုလှဲ့ ဒီလှဲ့.. ၊

အလကား..ငကြောင်တွေ.. ၊

အုပ်စုဖွဲ့ပြီးရှိနေတာတောင် ဒီကအကြည့်တစ်ချက်ကို ရင်မဆိုင်ရဲ ကြတဲ့ငကြောင်တွေ။ အထင်ကြီးခြင်းသည် ရင်ခုန်သံတို့ကို မြန်လာစေခဲ့ ချက် သူကားထဲဝင်ထိုင်ပြီး နောက်လှည့်စကားပြောတော့လည်း သူမ မျက်တရက်စကားပြောလို့မရ.. ၊

ထိုသူက ဘာကြောင့် သူ့ကိုယ်သူ 'ဦး'လို့ သုံးနှုန်းခဲ့မှန်း အဲ့ဒီနေ့က သူမနားမလည်နိုင်ခဲ့ပေ။ လက်စသက်တော့ သူမရင်ခုန်ခဲ့သည့်ယောကျ်ား က အလင်းရဲ့အဖေဖြစ်နေခဲ့သည်ပဲ.. ၊

ပထမဆုံးတွေ့ခဲ့စဉ်က စွဲလမ်းစိတ်သည် ကလပ်ထဲဝင်လာပြီး အ လင်းနဲ့သူမတို့အဖွဲ့ကို ကယ်ထုတ်ခဲ့သည့်အဖြစ်ကြောင့် ပို၍ခိုင်မာသွား ခဲ့သည်။ သို့သော် အလင်းရဲ့အဖေဖြစ်နေခဲ့ခြင်းနှင့်ပတ်သက်၍ မျှော် လင့်ချက်တို့ ပြိုလေသည်။

သူမရှက်စရာကောင်းနေပြီလား..။ စံနစ်ဆိုသည့်ယောကျ်ား သူမအ ပေါ်မှာ အကြည့်လေးတစ်ချက်နဲ့တောင် မညို့ခဲ့ပါ။ စကားလုံးအရ နှန့် ပြားယောင်းခဲ့တာလည်း မရှိ။ သူ့ကားပေါ်ခေါ်တင်ခဲ့သည့်နေ့ကလေး မှ သားရဲ့ဘေးမှာ ရပ်နေတာမြင်လျက်နဲ့တောင် မမှတ်မိတဲ့သူ.. ၊

ဒါပေမယ့် သူမကတော့ တသသနမျောနေဆဲပါ။ မျှော်လင့်ခြင်းမဲ့ ရင်ခုန်ခွင့်တော့ လိုချင်ပါသည်ဆိုရင် သူမသိက္ခာမဲ့ရာကျမလား..။ ဒါမ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါဘူးဆိုပြီး ရင်ခုန်နေတာကို ဖယ်ထုတ်ပစ်လို့ရော ရနိုင်မလား..

သို့သော် သွားလည်းဒီစိတ် စားလည်းဒီစိတ်.. ။

အလင်းရဲ့အဖေမုန်း သိလိုက်ကာမှ အရင်လိုတစ်ခါတစ်ခါ သတိ တတ်တာမဟုတ်တော့ဘဲ ခံစားချက်တွေက ပိုပြီးရှုပ်ထွေးလာခဲ့သည် ကျွန်မချစ်မိ အပြစ်ရှိသည်ဆိုပါလျှင်.. ။

"သမီးရောက်နေတာကြာပြီလား.."

"ဟင်..အယ် တီလေး.."

ဂီတ ကမန်းကတန်းထရပ်လိုက်ရင်း စိတ်ကူးတွေထဲမှာ နစ်မျော မိသည့် ကိုယ့်အဖြစ်ကို မလုံမလဲခေါင်းငုံ့ရယ်မိသည်။ ပြီးမှ မျက်နှာလေ ပြန်မော့၍.. ။

"တီလေးက ဘယ်အချိန်ကြည့်ကြည့်လှနေတာပဲ.."

"ဟုတ်လား..ကျေးဇူးပဲသမီးရယ်.."

လှတယ်ပြောလို့ ကျေးဇူးတင်သွားသည့်မျက်နှာက အပြုံးအရယ် မဲ့နေသဖြင့် ဂီတသေချာကြည့်မိကာ.. ။

"တီလေး နေမကောင်းဘူးလားဟင်..ဘာဖြစ်လို့လဲ.."

"ကောင်းပါတယ်..စိတ်ပင်ပန်းလို့ဖြစ်မယ်.."

စားပွဲနောက်မှာသွားထိုင်၍ အပြင်ကတစ်ယောက်ကို ဖုန်းခေါ်လို သည်။

"အေး..မှာထားပြီးသား၊ လာပို့ရင် အပြင်ဘက်မြက်ခင်းပေါ်မှာ ပြင်ထားလိုက်..ငါးယောက်စာနော်.."

ဖုန်းပြောပြီးတဲ့အထိ ဂီတစောင့်နေခဲ့လျက်.. ။

"တီလေးဧည့်သည်နဲ့တွေ့ဖို့ ရှိတယ်ထင်တယ်.."

"ရတယ်သမီး..လေးဆယ့်ငါးမိနစ်လောက် အချိန်ရသေးတယ်၊ ပြေ လေ..သမီးဘာအခက်အခဲရှိလို့လဲ.."

"ဟင့်အင်း..မရှိပါဘူး၊ ဖေကြီးက တီလေးဆီနေ့တိုင်း သွားပေးရမ လို့ မှာထားလို့ပါ..နောက်ပြီး သမီးကလည်း တီလေးကိုတွေ့ချင်နေတ နဲ့လေ.."

"ဟုတ်လား..ရတယ်လေ၊ တီလေးမိတ်ဆွေတွေလာလည်း သမီးဒီ မှာ သက်တောင့်သက်သာနေလို့ရတယ်..တီလေးရဲ့ မန်နေဂျာကလွဲရင် ထဲကိုမခေါ်ဘဲ ဘယ်သူမှမလာဘူး.."

မန်နေဂျာဆိုတာလည်း အမျိုးသမီးမှန်း ဂီတသိသည်မို့ ဒါကိုထ



ပြောမနေတော့ဘဲ.. ။

"သမီးဒီမှာ အဆင်ပြေရဲ့လား.."

"ဟုတ်..ပြေတယ်တီလေး၊ ကိုကိုက ရန်ကုန်ပြန်မလာတော့ဘူးဆို တာသိတော့ စိတ်တော့တိုသွားတယ်..ဒါပေမယ့် ကိုကိုလိုက်သွားတာ လည်း ကောင်းပါတယ်၊ သမီးမှ စက်ရုံမှာမနေချင်တာ.."

"သမီးကိုကိုကတော့ ပျော်နေတဲ့ပုံပဲ.."

"ဟုတ်မှာပေါ့..သူကဟိုရောက်သွားရင် ပြန်လာချင်မှာတောင် မ ဟုတ်ဘူး၊ သမီးကတော့ ဒီမှာကျောင်းတက်ရင်းနဲ့ တီလေးကိုဝိုင်းကူချင် တယ်.."

"ဘယ်လို.."

ဂီတက သို့နဲ့ရင်းနှီးနေတာမို့ မျက်နှာချင်းဆိုင်ကနေ ဘေးကခုံမှာ ပြောင်းထိုင်လိုက်ပြီး မျက်နှာလေးရှေ့တိုးကာ.. ။

"သမီးက တီလေးလုပ်မယ့် ရုပ်ရှင်ဗီဒီယိုလုပ်ငန်းထဲမှာ ပါချင်တာ.."

"အဲ့ဒါ သမီးကိုဘယ်သူပြောတာလဲ.."

"ဖေကြီးပြောတာ.."

ဒီအကြောင်း မနေ့ညကမှ ဖုန်းပြောရင်းနဲ့ပြောလိုက်မိတာပါ။ ကိုယ့် လုပ်ငန်းဆိုတာလည်း သိပ်များပြားလှတာ မဟုတ်သောကြောင့် ဘိုးဘိုး ကောင်းဆိုသည့် လှုပ်လီလှုပ်လဲ့ရှင်သန်နေသော ရုပ်ရှင်လုပ်ငန်းကို ကူ ညီဆောင်ရွက်ပေးဖို့ သဘောတူခဲ့တာဖြစ်၏။ နောက်ထပ် ကြီးမားသည့် ရည်ရွယ်ချက်တစ်ခုသည် သားလေးရှိနေသောအရပ်ကနေ ဒီတစ်ခါထွက် သွားဖို့ ဘယ်လိုမှသတ္တိမရှိတော့ခြင်းပဲဖြစ်ကာ.. ။

"ပြောပါဦး..သမီးကဇာတ်ညွှန်းရေးချင်တာလား၊ ဒါရိုက်တာလုပ် ချင်တာလား.."

"ဟင်..တီလေးကလည်း နောက်တစ်ခုပြောကြည့်ပါဦး၊ သမီးကမင်း သမီးမဖြစ်နိုင်ဘူးလားလို့.."

"မင်းသမီး.."

သို့မျက်ခုံးတန်းလေးတွေ ပင့်တက်သွားသည်။ ပြီးတော့မှ သဘော ပေါက်သွားသလို ရယ်လိုက်မိလျက်.. ။

"ဖြစ်နိုင်ပါတယ်သမီးရယ်..သမီးကအရမ်းချစ်စရာကောင်းတာပဲကို၊ ဒါပေမယ့် သမီးကမင်းသမီးဖြစ်ချင်နေတဲ့ဗီဇဝါသနာတွေဘာမှမပြခဲ့ တော့ တီလေးကဘယ်ထင်မလဲ.."

www.burmeseclassic.com

www.burmeseclassic.com



**ဂီတတို့မောင်နှမကို ဆွေမျိုးတွေက တစ်ယောက်စီတာဝန်ယူကြ ဂီတကိုတော့ အတွက်ကတာဝန်ယူခဲ့တာဖြစ်သည်။ ထို့ကြောင့် ကိုယ့်သ**လေးနဲ့ဝေးနေရသည့် သူမအတွက်ဂီတကိုပဲ အလွမ်းပြေသွားကြည့် ရင်း ရင်းနှီးနေခဲ့တာဖြစ်သည်။

"သမီးအားရင်လာခဲ့လေ..လုပ်ငန်းနဲ့နီးစပ်နေတော့ ပိုကောင်း ပေါ့.."

"ဟုတ်.."

ဂီတက အားတက်သရောခေါင်းညိတ်လိုက်ပြီး.. ။

"သမီးမော်ဒယ်လ်သင်တန်းတွေ တက်ဖူးတယ်..ဖေကြီးကအားမ တော့ ခိုးချောင်ခိုးဝှက်လေ၊ ဒါပေမယ့် အခုသရုပ်ဆောင်သင်တန်းပါတ တော့မယ်..တီလေးဖေကြီးကို မပြောသေးနဲ့နော်.."

"ဒါတော့ဘယ်ဖြစ်မလဲသမီးရဲ့..သမီးဖေကြီးနဲ့တီလေးက မော မဆိုလည်း ဟုတ်တယ်၊ သူငယ်ချင်းဆိုလည်းဟုတ်တယ်..သူငယ်ချ ကောင်းဆိုတာ ဖုံးကွယ်မှုသိပ်မှုတွေနဲ့ မဆက်ဆံသင့်ဘူး.."

"ဒါဖြင့် တီလေးပြောပေးလေ..သမီးကမင်းသမီးလုပ်ချင်တာလို့ သို့ကရယ်နေရင်း နာရီကြည့်သည်။

"တွေ့လား..တီလေးက အချိန်ရသေးတယ်ဆိုပြီးတော့.."

"ရပါတယ်..သမီးအေးဆေးနေလို့ရတာပဲဟာ.."

"တီလေး.."

"ဟင်.."

"တီလေးက အခုတီလေးရဲ့သားလေးအိမ်မှာ နေတော့မှာပေါ့.."

"မနေပါဘူးသမီးရယ်..တီလေးဝယ်ထားတဲ့ကွန်ဒိုမှာပဲ နေမှာပါ ပေမယ့် သားလေးနဲ့နောက်ထပ် တစ်မြို့စီခြားမနေချင်တော့ဘူး.."

သူ့ကို ဂီတကရုဏာသက်မိရင်း မျက်နှာကိုငေးကြည့်နေမိသည ဖေကြီး တီလေးကိုဒီလောက်ထိ အလိုလိုက်ဂရုစိုက်နေတာလည်း ရိုးသ သည့်သူငယ်ချင်းအချစ်မျိုး ဘယ်လိုမှမဖြစ်နိုင်ပေ။ ဒါပေမယ့် ဘွားဘွ တို့ကအစ ဖေကြီးနဲ့တီလေးရဲ့ ရင်းနှီးမှုအပေါ်မှာ ဘယ်သူမှအပြစ်မမြ ကြသည့်ပြင် အမေ့ဘက်ကိုတောင် သိပ်မငဲ့ကြတဲ့အထိ.. ။

"မဟုတ်ပါဘူးသမီးရယ်..အမေကရော ဘာသဝန်တိုစရာရှိလို့ သူတို့ကို လူကြီးတွေကအစတည်းက သဘောတူကြည့်ဖြူခဲ့ကြတာ.. မယ်ဆိုရင် အမေနဲ့ဘယ်ညားပါ့မလဲ၊ ပြီးတော့ သို့ကသိက္ခာရှိတယ်..သ



ဖေကြီးက မရိုးသားပါဘူးဆိုရင်တောင် သို့ကစိတ်ကူးမှာမဟုတ်ဘူး." .. ။

အမေကိုက တီလေးကို ချစ်နေတာဖြစ်သည်။ ထို့ပြင် တီလေးက မေနဲ့အသက်ကွာသလို ထင်ရလောက်အောင် နုပျိုလှပတဲ့သူဖြစ်သည်။ ချင်းသူတွေလည်း ဝိုင်းဝိုင်းလည်ရှိခဲ့၏။ ဒါပေမယ့်လည်း ဖေကြီးနဲ့တီ လေးရဲ့ရင်းနှီးမှုအပေါ်မှာ အမေဘယ်တုန်းကမှ စိတ်ကွက်ငြိငြင်ခဲ့တာ မရှိခဲ့ပေ.. ။

"လှတဲ့မိန်းမတိုင်းကို ယုံထင်ကြောင်ထင်ဖြစ်နေစရာလား..လှလှမ လှလှ မိန်းမတစ်ယောက်သိက္ခာမဲ့လာပြီဆိုရင် အဲ့မိန်းမကြောင့်ဘာမဆို ဖြစ်နိုင်တယ်.."လို့လည်း ပြောခဲ့သည်။

သို့ဆိုပါလျှင် တီလေးတို့အိမ်ထောင်ရေးကရော ဒီတိုင်းပဲဆက်သွား မှာလား..။ ကိုယ့်ရဲ့ကိုယ်စောင့်နတ်သဘာဝနေသော ရင်ထဲကခံစားချက် ကို ချပြရမည်ဆိုလျှင် ဂီတအမေ့ဘက်ကနေ ဖေကြီးကိုသဝန်တိုမိပါ ။

တီလေးကလှသည်။ ဖေကြီးက တီလေးအတွက်ဆို ပျော့ညံ့ခတ်နေ သည်။ အမေ့အတွက်က အမြဲတမ်းဒုတိယ။ ဤသို့မြင်လာခဲ့ရသမျှ ဒီနေ့ ထိလည်း ဒီတိုင်းပဲရှိနေသေးရာ.. ။

"တီလေးကိုမြင်တိုင်း သမီးတွေးမိတာရှိတယ်သိလား.."

"ဟင်..ဘာလဲ ပြောလေ.."

ဂီတက မျိုသိပ်ထားသမျှ ရင်ထဲကသံသယဓာတ်တချို့ကို ထုတ်ဖော် ဆုံးဖြတ်ရင်း.. ။

"တီလေးကအရမ်းလှနေတာကို အိမ်ထောင်သစ်လည်း မထူဘူးဆို တော့ အန္တရာယ်များပါတယ်..အသစ်မဟုတ်ရင်လည်း အဟောင်းနဲ့ပဲပြန် လို့ ရတာပဲ.."

သို့မျက်နှာပျက်သွားသည်။ လူကြီးမို့ ဂီတရဲ့ခံစားချက်လေးကိုပဲ းလည်သလိုဖြစ်သွားခဲ့သည်။ သို့သော်.. ။

"အိမ်ထောင်ရေးဆိုတာ သမီးထင်သလောက်မလွယ်ဘူးသမီးရဲ့.."

"သမီးသိပါတယ်..ဒါပေမယ့် တီလေးလည်းမပြတ်သားလို့သာ နောက်ထပ်အိမ်ထောင်မပြုဘဲ ကိုယ့်သားနားကပ်နေတာလေ.."

စကားလုံးတွေက ဘောင်ကျော်လာသလိုရှိသည်။ ပြုံးနေသည့်ဂီတ မျက်ခမ်းသားတို့အောက်မှာ သူမရဲ့ဆန္ဒတွေက သိသာစွာခေါင်းပြူနေ

www.burmeseclassic.com

www.burmeseclassic.com



ကြ၏။

"မထူးတဲ့မာနတွေနဲ့ တင်းမနေကြဘဲ တီလေးလည်းလှနေတုန်း သားစုပျော်ပျော်ရွှင်ရွှင်ပြန်ပေါင်းကြရင် မကောင်းဘူးလား.."

"အင်း..အဲ့လိုတွေးကြည့်တော့လည်း ပျော်စရာပဲပေါ့.."

သို့ဘာမှမခံစားမိသည့်အပြုံးနှင့် ခေါင်းညိတ်ပြောလိုက်ရင်း ဖုန်း လာတော့ ကိုင်လိုက်ကာ.. ၊

"လာပြီလား..အေး အခုထွက်လာမယ်.."

"တီလေး သမီးလည်းပြန်မယ်လေ..တီလေးရှုတင်ဘယ်နေ့ရှိလဲပြေ သမီးလာခဲ့မယ်.."

"အခုမသိသေးဘူးသမီးရဲ့..လုပ်လက်စ ဘာမှမရှိဘူးလေ၊ အား ပြန်စရမှာဆိုတော့ ကြာဦးမှာ.."

ရင်ထဲမှာ သိမ်းမထားချင်ပေမယ့် အတွက်ရဲ့သမီးက သူမခံစားချ တွေကို ထုတ်ဖော်ပြခဲ့ပါပြီ။ ဒီလိုခံစားချက်တွေ စောသဲဆီကနေများ စက်လာလေသလား..။ သူမရဲ့ပြောဆိုဆက်ဆံမှုတွေက ကလေးတ ယောက်ရဲ့အမြင်မှာတောင် ဒီလိုသဘောတွေ သက်ရောက်နေခဲ့တာလား..

ငါမှားပြီဆိုသည့်နောင်တက ရင်ထဲကိုထိခိုက်ခြင်းများစွာဖြင့် လေသည်။

♥♥♥

အခန်း(၁၂)

"ဘိုးဘိုး ဒီနေ့မျက်နှာမကောင်းသလိုပဲ..နေမကောင်းဘူးလားဟင်.."

အိမ်ထဲဝင်ဝင်ချင်း ဧည့်ခန်းမှာထိုင်နေတာမြင်လိုက်ရလို့ စိတ်ချမ်း သွားသည်။ သေချာကြည့်လိုက်တော့ ဦးကုဋေမျက်နှာက ညှိုးရော် လျက်.. ၊

"အေး..ဒီနေ့နေရတာ တစ်မျိုးပဲ.."

"ဘာဖြစ်နေလဲ..ဆရာဝန်ခေါ်လိုက်မယ်လေ၊ အေးမာ.."

"ရှင်..လာပြီမမ.."

အေးမာက ဦးကုဋေအတွက် အိုဗာတင်းဖျော်ထားသည့် ဖန်ခွက်လေး ထွက်လာသည်။

"ဆရာဝန်ဖုန်းဆက်လိုက်..အဲ့ဒါထားခဲ့၊ ဘိုးဘိုးကိုဘာဆေးတွေ က်နေတာလဲ..ဘယ်မှာလဲ.."

"ဟိုအံဆွဲထဲမှာမမ..ဘူးအပြာလေးနဲ့.."

သိုကပါလာသည့် ချက်ပြုတ်စရာတွေကို သေချာသွားထားပြီးမှ ပြန် က်လာပြီး ဆေးဘူးကိုထုတ်ကြည့်သည်။

"ဘာဖြစ်လို့ပိုးသတ်ဆေးတွေက သုံးရက်တောင်ပါနေတာလဲ..လူ ကဘယ်လိုလုပ် ခံနိုင်မှာလဲ၊ ဘိုးဘိုးက ဝမ်းထဲကသွေးမပါတော့တာ ပြီကို.."

သူမဘာသာရေရွတ်ရင်း ဆေးတွေထုတ်ကြည့်ခြင်းမှာ မပြီးခင်။ ထို အလင်းအိမ်ထဲက ထွက်လာတာမြင်လျှင်.. ၊

"သား..သားဘိုးဘိုးကြီး သိပ်နေမကောင်းဘူးလေ၊ ဒီနေ့ကျောင်း ည်းပိတ်သားနဲ့ ဘယ်သွားမလို့လဲ.."

"မေမေရောက်နေတာလား.."

www.burmeseclassic.com

www.burmeseclassic.com



အလင်းက သို့ကိုမြင်လိုက်တိုင်း 'ခုထိမပြန်ဖြစ်သေးဘူးလား' ဆိုသည့် မျက်နှာတစ်ချက်ဖြစ်သွားတတ်တာကို သိသည်။

ခုလည်းမြင်လိုက်ပါသည်။ ဒါပေမယ့် သို့မမြင်ချင်ယောင်ဆောင် လိုက်ပြီး.. ၊

"ခုပဲရောက်တာသား..မေမေက သားဒီနေ့အိမ်မှာရှိမှာဆိုပြီးလေ.."

"ဘိုးဘိုးကြီးကဘာဖြစ်လို့လဲ..ခုနကပဲ ကျွန်တော့်ကိုဆူသွားတာ အ ကောင်းကြီး.."

ပြောပုံက ခုမှထဖြစ်တာလားလို့ မေးချလိုက်တဲ့အတိုင်း။ ဘိုးအေဖြစ် သူကလည်း မျက်မှောင်ကြီးကုတ်လျက်.. ၊

"ဟုတ်ပါ့ကွာ..မြစ်အလိမ္မာလေး မျက်နှာမြင်ရရေးအတွက် ဖြန့်ဆို ကောက်ရသလို ထဖြစ်လာတာ.."

"ဟား ဟား ဟား.."

အလင်းကရယ်လိုက်ပြီး ဦးကုဋ္ဌေနားမှာထိုင်ချလိုက်ပြီး ဖက်ထား ရင်း.. ၊

"ဘိုးဘိုးကြီးကလည်း စိတ်ကြီးပဲ..သားကမသိလို့မေးတာကို.."

ကလေးဆိုးဆိုးပြီးဆို 'သား'လို့ပြောတတ်ကာ 'ကျွန်တော်'လို့ပြောတာ တွေလည်း ရှိသည်။ သို့ကတော့ သားရဲ့အပြောအဆို အမူအရာလေးတွေ ကို ချစ်ပြီးရင်းချစ်ရကာ ဘိုးအေကိုပွေ့ဖက်လိုက်သည့် အချိန်မှာ ကြည် နူးသွားမိတာ ဘယ်လိုပြောရမှန်းတောင် မသိပေ.. ၊

ထို့ပြင် ဘိုးဘိုးနေရာမှာ ကိုယ်သာဖြစ်လိုက်ချင်လျက် သားလေးနဖူး စလေးတွေကို သပ်တင်ပေးရင်း မျက်နှာလေးကိုငေးကြည့်ချင်သည်။ ဒီ ထက်များ ပွတ်သပ်ချွဲနေသေးလျှင် နှာခေါင်းလေးကိုဖြစ်ဖြစ် လိမ်ဆွဲချင် ၏။

ပြီးတော့ သားလေးရဲ့ပါးကိုနမ်းရင်း ရင်ခွင်ထဲမှာ ဆွဲဖက်ထားချင် မိသည်။ ဒီလိုကြင်နာယုယခွင့်တွေကို သူမဆုံးရှုံးခဲ့သည်။ သူ့ရင်ခွင်ထဲ ကို ပစ်စလက်ခတ်ထည့်ပေးလိုက်တုန်းက နောင်တစ်ချိန် ငါပြန်လိုချင်ရင် ရနိုင်ပါ့မလားလို့လည်း မတွေးခဲ့.. ၊

သားသမီးနဲ့မိဘကြားမှာ အလွှာခြားဖို့ မရှိနိုင်ဘူးလို့ တွက်ခဲ့တာ လား..။ ဘယ်အချိန်ဖြစ်ဖြစ် ငါ့သားပဲဆိုတဲ့အတ္တတွေနဲ့ မာနတွေကြီးခဲ့ တာလား.. ၊

"မမရေ..ဆရာဝန်ရောက်လာပြီ.."



"ဟင်..အင်း.."

ဘိုးဘိုးကိုစမ်းသပ်နေတော့ အလင်းက သူ့အဘိုးအားမှာလက်တစ် ဖက်ကို ဆုပ်ကိုင်ထား၏။

သားလေးက လိမ္မာသားပဲ.. သူ့အဘိုးကိုလည်း ချစ်ရှာတယ်..လို့ အမှတ်တွေပေးနေမိပြန်သည်။ ထိုအတူ ငါတို့အတူတူနေဖြစ်ခဲ့ရင်လည်း သားလေးငါ့ကိုချစ်မှာပဲလို့ တွေးမိပြန်၏။ ဒါပေမယ့် သားလေးကိုသူမ ခတင်းဖက်တွယ်ထားခဲ့ရင်ရော သူ့အဖေလက်ထဲမှာနေသလို သားလေး ပျော်ရွှင်ပါ့မလား..။ သူ့အဖေလက်ထဲမှာ ငါ့ကိုမေ့နေသလို ငါ့လက်ထဲမှာ သူ့အဖေကို မေ့နေပါ့မလား.. ၊

တွေးနေရင်း ခေါင်းခါမိလေသည်။

"မေမေ ဖေဖေလိုက်လာတယ်..ဖေဖေ့ကိုသနားပါတယ်.."လို့ ဆွဲထားသည့်လက်ကို ကိုင်လှုပ်ရင်း တတွတ်တွတ်ပြောနေတာကို သတိရလာသည်။ ဒီတိုင်းလေယာဉ်ပေါ် ဆွဲတင်သွားခဲ့ရင် သားလေးငိုတော့မှာပါ။ ဒီငိုသံတွေက လာမယ့်နေ့ရက်တွေမှာရော ခြောက်ခမ်းနိုင်မှာတဲ့လား..၊

သူမခေါင်းခါမိရင်း ရင်ထဲမှာနင့်သီးလာခဲ့သည်။ သားရဲ့ချစ်ခင်တွယ်တာမှုကို သူမဘယ်တုန်းကမှ မရခဲ့ဘူးလား..။ ဆုံးရှုံးလိုက်ရတာလား..။ ဘယ်လိုပဲတွေးတွေး သူမဘက်မှာ ဘာဖြစ်လို့ အင်အားမဲ့နေတာလဲ.. ၊

ဆွေးမြေ့ကြေကွဲခြင်းကြောင့် မျက်ရည်က ချက်ချင်းဝေ့တက်လာသည်။

"ဗိုက်ဆာလာပြီဒေါ်ဒေါ်အေး..ဘာချက် အဲ..မေမေ့.."

"သားလေး..လာလေ.."

မျက်တောင်တွေ ဖိခတ်ပစ်မိရင်း သားလေးကိုရယ်ပြလိုက်မိကာ..

"လာသား..မေမေသားလေးကို ကျွေးချင်လို့ လိုအပ်တာတွေ တစ်ခါတည်းဝယ်လာခဲ့တာ၊ သားအကြိုက်အားလုံးပါတယ်.."

တကယ်က သားလေးလက်ကိုသွားဆွဲခေါ်ပြီး ချက်ပြုတ်ဖို့စီစဉ်ထားတာတွေကို ပြချင်တာဖြစ်သည်။ သို့သော် ခေါင်းညိတ်ခေါ်ရင်း သားလေး နားရောက်လာတဲ့အထိ စောင့်နေပြီးမှ.. ၊

"ဒီမှာသားကြိုက်တဲ့ ပုစွန်ထုပ်ကြီးတွေကို အချိုချက်တယ်..မုန်လာဥကြက်ပေါင်းဟင်းချိုအကြဲလေးရယ် ဥနီနဲ့ပဲကြော်ကို အသည်းအမြစ် လားနဲ့.."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ မေမေကလည်း အဲ့ဒါတွေက သားငယ်ငယ်က စားခဲ့တာတွေ
လေ.."

ဟင်.. ၊

အလင်းမျက်နှာက ရယ်နေပေမယ့် ရှုံ့တွတွရှိကာ.. ၊

"ကြားတာနဲ့တင်အီနေပြီ..အခုသားအဲ့ဒါတွေ မကြိုက်တော့ဘူး၊ အ
စားများတာက အပြင်စာတွေပဲ..ဒါပေမယ့်.."

"အပြင်စာတွေက ကြာရှည်ဖြစ်လာရင် မကောင်းပါဘူးသားရယ်.."

"ဒါပေမယ့် ဖေဖေနဲ့သားက နှစ်ယောက်တည်းဆို အပြင်မှာချည်းပဲ
လျှောက်လည်ကြ..ဝယ်စားကြနဲ့နေလာခဲ့တာလေ၊ ပြီးမှပဲ ဒေါ်ဒေါ်အေး
ကိုမေးကြည့်မေမေရာ..ဒေါ်ဒေါ်အေးရေ.."

"ဟေ..ဒီမှာရှိတယ်လေသားရဲ့.."

အေးမာကနောက်မှာရောက်နေပါပြီ။ သိုနဲ့အလင်းတို့ပြောနေတာ
တွေကြားပြီး စိတ်မကောင်းဖြစ်နေမိသည်မို့.. ၊

"အေးမာ..သားအတွက် မနက်စာပြင်ပေးလိုက်ပါဦး၊ မမလုပ်ထား
ပြီးပြီ.."

"ဟုတ်မမ.."

ထမင်းအုပ်ဆောင်းကိုဖွင့်လိုက်တော့ ပေါင်မုန့်မီးကင်ရယ် ချိစ်ရယ်
သကြားဘူးရယ် ပြီးတော့ကြက်ဥဟပ်ဖရိုက်ကြော်ရယ်.. ၊

ငယ်ငယ်တုန်းက ပေါင်မုန့်မီးကင်ကို ချိစ်နဲ့လည်းစားသည်။ သ
ကြားဖြစ်ဖြစ် ကြက်ဥနဲ့ဖြစ်ဖြစ် စားချင်တာနဲ့စားတတ်တာဖြစ်၏။ သို့
သော် အလင်းမျက်နှာမဲ့သွားကာ.. ၊

"ထမင်းကြော်ပဲစားချင်တာ..ဒေါ်ဒေါ်အေး ကျွန်တော့်ကိုထမင်းကြော်
ရယ် ကြက်ဥမွှေကြော်ရယ်လုပ်ပေး ပြီးရင် သခွားသီးဆော့လေးဆမ်းပေး
ထား..မြန်မြန်လေးနော် အရမ်းဆာနေပြီ.."

ပြောပြီးတာနှင့် အပြင်ပြန်ထွက်သွား၏။ အေးမာက သို့ကိုတစ်ချက်
ကြည့်ပြီး ပေါ့ပါးသည့်ပုံနှင့် ရယ်လိုက်ကာ.. ၊

"သားကဒီတိုင်းပဲမမရေ..ဒီနေ့ ဒါစားချင်ပါတယ်ပြောထားလို့
နောက်နေ့ ထပ်လုပ်ပေးထားရင် မဟုတ်ပြန်ဘူး..ထမင်းဝိုင်းမှာ ဘဘကြီး
နဲ့ဆုံပြီဆိုရင် မြေးကစ ဘိုးအေကဆူနဲ့ မပြောပါနဲ့တော့.."

ပြောနေရင်းရယ်ကာ သို့ကိုလည်း အကဲခတ်သေးသည်။ သိုကသူမ
ပြင်ဆင်ထားသမျှကို မျက်တောင်ဖျားလေး စိုက်ကြည့်ငေးနေရင်း.. ၊



"ဟုတ်တယ်..သားလေးကိုရင်ခွင်ထဲမှာထည့်ပြီး ထမင်းခွံ့ကျွေးတုန်း
က သားကငါးနှစ်ခြောက်နှစ်ပဲရှိသေးတာ.."

သူမဘာသာဖြေသိမ့်နေရှာကာ.. ၊

"သားလေးဘာတွေကြိုက်တတ်သလဲ..ဘယ်နှစ်မျိုးရှိရှိ ငါ့ကိုအကုန်
ပြောပြနော်အေးမာ.."

သိုမျက်တောင်တွေခတ်၍ သိမ်းဆည်းပေမယ့် တားဆီးရခက်လာ
သည့် မျက်ရည်တို့ကြောင့် အေးမာကိုကျောခိုင်းနေလိုက်သည်။ ပြီးတော့
မီးဖိုချောင်မှာပွင့်နေသည့် ဘူးတွေပြန်ပိတ်၍ ထုတ်ထားသည့်ပစ္စည်းတွေ
ကို နေသားတကျပို့၍ အလုပ်ရှုပ်နေမိ၏။

မျက်ရည်ကိုမမြင်အောင် ကျောခိုင်းနေလို့ရပေမယ့် ငိုချင်တိုင်းနာ
ရည်ပြိုတတ်သည့်သဘာဝကို ဖုံးဖိလို့မရ။ ကိုယ့်အိတ်ထဲက တစ်ရှူးသွား
ထုတ်၍ နှပ်သုတ်မိသည့်အခါ.. ၊

"မမရယ်..စိတ်မကောင်းမဖြစ်ပါနဲ့၊ ကလေးကစိတ်ထဲရှိတာပြောတာ
ပါ..မမခံစားသွားရမယ်မှန်းသိရင် သူဒီလို.."

"ငါသိပါတယ်..ငါ့ဘာသာ ငါ့အပြစ်နဲ့ငါပါ.."

ဘယ်လိုမှဆက်ပြောလို့ မရတော့ဘဲ ထမင်းစားပွဲမှာထိုင်လိုက်ရင်း
ကြီးခနိငိုချလိုက်မိသည်။

ချစ်ခြင်းမေတ္တာဟူသည် များသောအားဖြင့် အသွားအပြန်မရှိတတ်
လေရာ..

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

"လုံးဝမဟုတ်ဘူးဖေဖေ..ဒီမှာဘိုးဘိုးကြီးသိပ်နေမကောင်းလို့ သ
တောင်အပြင်မထွက်ရဘူး.."

သားဖုန်းပြောနေတာ ကြားလိုက်သည်နှင့် ဆလင်းဘက်တ်လွယ်
ထွက်လာကာမှ ခြေလှမ်းတုံ့သွားမိသည်။ ဖြစ်ချင်တော့ ဟိုဘက်က
သည့်အသံကိုပါ ကြားနေရသဖြင့် သိုခြေလှမ်းထပ်ရွေ့၍ နားစွင့်လို
၏။ ထိုခဏအတွင်းမှာ မကောင်းတတ်တာ ကောင်းတတ်တာတွေလ
မတွေးမိ.. ။

"မင်းကိုကောင်းကောင်းဆုံးမဖို့ ငါကဘယ်လောက်စောင့်နေရမှ
..ခဏဖြစ်ဖြစ်ပြန်လာခဲ့.."

"ဖေဖေရာ..အဆူခံရမှာမှန်းသိသိနဲ့ ပြန်လာခံရမယ်လို့.."

"ဘာကွ.."

"ရက်တွေလည်းပြောင်းရွှေ့ခဲ့ပါပြီ..အဲ့ကိစ္စထားလိုက်ပါတော့.."

"မထားနိုင်ဘူးအလင်းသို..မင်းကြောင့် ငါရှုံးရောက်ဂတ်ရောက်

"ဖေဖေမဟုတ်ဘဲနဲ့နော်.."

"ဘာကိုမဟုတ်တာလဲ.."

"ဖေဖေ့လိုလူက အဲ့လိုထိအဖြစ်ခံမှာမဟုတ်ဘူး..သားသိတယ်၊
ဖေရဲ့စခန်းမရောက်ဘူး.."

"အလင်းသို မင်းစကားလွှဲမနေနဲ့..ဘိုးဘိုးနဲ့ငါစကားပြောပြီးပြီ၊ က
ရတာ မာမာချာချာကြီး..ညနေပြန်လာခဲ့.."

"ဟုတ်တယ်.ဖေဖေ့အဘိုး သားရဲ့ဘိုးဘိုးကြီးက မာမာချာချာကြီ
ဖြစ်နေတာ..တကယ်နေမကောင်းလို့ ဆေးထိုးခံရတာပေါ့ဖေဖေရာ၊ ဆ
ဝန်လာတာ နှစ်ရက်ရှိပြီ..မေမေတောင် နှစ်ရက်စလုံးအိမ်မှာ.."



"သူကဘာကိစ္စနဲ့အိမ်မှာလဲ.."

"ဖေဖေနော်.."

"ဘာဖေဖေလဲ..ဘူးသီးမှအရိုးတော်ချင်လို့ မရဘူး၊ ကလေးငယ်ငယ်
လိုလို့တွဲလောင်းလေးကျတော့ ဖအေလက်ထဲထည့်ပေးလိုက်ပြီး..လွတ်
လွတ်ခါခါကျမှ.."

"ဒီမှာ.."

သိုဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ အလင်းဘေးကိုရောက်သွားပြီး
ဖုန်းကိုဆွဲယူလိုက်ကာ.. ၊

"ရှင်ပြောတော့ သားအမိကြားသွေးထိုးရလောက်အောင် ကျွန်မကို
ရှုမစိုက်ဘူးဆို..ရှင်ကအဲ့လိုလူမဟုတ်ဘူးဆို.."

"ဘာလဲ..မင်းကငါတို့သားအဖဖုန်းပြောနေတာကို ခိုးနားထောင်နေ
တာလား.."

အလင်းက ပခုံးတွန့်လိုက်ရင်း ခြေသံဖွဖွနင်း၍ ထွက်ပြေးလေသည်။
ဒေါသထွက်လွန်း၍ ဘာကိုမှသတိမရ.. ၊

"ကျွန်မဘာသာဘာယ်လိုပဲ နားထောင်နားထောင် ရှင်အပိုတွေပြောမ
နေနဲ့..ကျွန်မသားနဲ့ ကျွန်မကြားမှာ နောက်ထပ်စိမ်းသက်စေမယ့် စကား
ရှင်ထပ်မပြောဖို့ပဲ သတိထား.."

"ငါလည်းငါ့သားကို ပြောချင်တာပြောခွင့်ရှိတယ်..နေစမ်းပါဦး၊ မင်း
ကအဲ့ဒီမှာ ခဏတဖြုတ်မဟုတ်ဘဲ ဘာအကြောင်းနဲ့ ကပ်တွယ်နေတာလဲ."

"ဘာ..ရှင် ရှင်ဘာပြောတယ်.."

နာကျင်ထားသည့်ရင်ဘက်က သားအတွက်ဆွေးငေးနေရသမျှ
ခံမင်းကိုတော့ နည်းနည်းလေးမှ သည်းမခံနိုင်.. ၊

"ကျွန်မကကပ်တွယ်နေတယ်..ဟုတ်လား.."

"မသိဘူးလေ..ဘာအကန့်ရှိသေးလို့လဲ.."

"ကျွန်မမွေးထားတဲ့သား..အလင်းသို အလင်းသိုရှိလို့ ကျွန်မလာတာ
ဘိုးဘိုးကလည်း ခေါ်နေလို့.."

"သိတယ်..အဲ့ဒါတွေက မင်းအကြောင်းပြစရာတွေ ဖြစ်လာမယ်ဆို
တာ.."

ကြည့်စမ်း.. ၊

"တစ်ခုကြိုပြောထားမယ်နော်..မင်းရောငါရော အိမ်ထောင်တွေရှိ
ကြသေးတာမဟုတ်ဘူး၊ သားဆီကို မင်းဝင်ထွက်နေတာကြောင့် ငါ့ဂုဏ်

www.burmeseclassic.com

www.burmeseclassic.com



သိက္ခာထိခိုက်လာမယ်ဆိုရင်တော့.."

"အဲ့ဒီမှာ လဲသေလိုက်.."

ပြောပြီးတာနှင့် တိခနဲပြတ်တောက်သွားသည့်ဖုန်းသံက တိတ်ကျ သွားသည်။ ဝရန်တာမှာ လက်တင်၍ စီးကရက်ရှိုက်ရင်း စံနစ်ပြုံးလိုက် မိသည်။ ပြီးတော့ ဖုန်းကိုပြန်ငုံ့ကြည့်ရင်း ရယ်မိ၏။

မင်းမှတ်ထား.. ၊

နှောင်ကြိုးဆိုတာ..အဲ့ဒါ.. ၊

♥♥♥

အခန်း(၁၄)

"လုပ်ချင်တာက တစ်ဖက်မှာသရုပ်ဆောင်တွေကို သပ်သပ်ထရိန်း ပေးချင်တာ..ဖြစ်နိုင်ရင် သင်တန်းဖွင့်ချင်တယ်၊ မိန်းအက်တာနဲ့စပို့တင်း တွေ လူကြမ်းတွေကအစ သင်တန်းပေးနေတည်းက အေ ဘီ စီ အုပ်စုတွေ ခွဲပြီး အရည်အချင်းအလိုက် ထရိန်းပေးထားချင်တာ.."

"ကောင်းသားပဲမသို.."

"ကောင်းတာပဲမြေးရဲ့.."

ဒါရိုက်တာနဲ့ဦးကုဋ္ဌေကတော့ သဘောတွေကျနေကြ၏။ သို့သော်..

"အဲ့ဒါတွေက လောလောဆယ်တော့ လုပ်ဖြစ်ဖို့မလွယ်သေးဘူး.. ကျွန်မရဲ့လုပ်ငန်းကိစ္စတွေကလည်း မပြတ်သေးတော့လေ.."

"အင်း..မြေးပင်ပန်းပါတယ်ကွယ်၊ ရုပ်ရှင်လုပ်ငန်းက စိတ်အပန်းပြေ သလို သက်သက်သာသာလုပ်သွားလို့လည်း ရတယ်..အရှုံးအမြတ်ဆိုတာ လည်း ဘိုးဘိုးတို့အတွက် အရေးတကြီးကိစ္စ မဟုတ်ဘူးမို့လား..အဘိုးက ဒီလုပ်ငန်းကို အကျိုးအမြတ်ထက် စေတနာနဲ့ပဲ အရင်းခံခဲ့တာ၊ ခုဆိုပို ဆိုးတယ်..ရုပ်ရှင် ဗီဒီယိုလောကက အင်တာနက်ကကိစ္စတွေနဲ့ ဘာလဲ.. ဖေ့စ်ဘွတ်ခ်ပေါ်က ဖြစ်လာတဲ့ အပြောင်းအလဲတွေလေ.."

သိုက ဦးကုဋ္ဌေအတွက် ကျောမှီခေါင်းအုံးလေး ခါးနောက်ထဲလာ ညှိပေးလိုက်ရင်း.. ၊

"ဟုတ်တယ်ဘိုးဘိုး..မြန်မာနိုင်ငံမှာ ဖေ့စ်ဘွတ်ခ်က အရာရောက်နေ ပြီ၊ အဲ့ဒါကကောင်းပေမယ့် ဒါကြောင့်တချို့တလေပျောက်ကုန်မယ် ဆိုရင်တော့ ဆိုးရွားမှုပဲ..သမီးကတော့ နိုင်ငံခြားဇာတ်လမ်းတွေကို ပြန်ကူး ရိုက်တာတွေ ဘယ်တော့မှမလုပ်ဘူး.."

"အေးကွာ..ငါတို့မှာလည်း တွေးနိုင်ရေးနိုင်တဲ့ အနုပညာရှင်တွေရှိ

www.burmeseclassic.com

www.burmeseclassic.com



ပါတယ်၊ နိုင်ငံခြားကားကို ပြန်ကူးတယ်..ပြန်ကူးထားပါတယ်လို့ ဝ
တာကို ရိုးသားမှုအဖြစ် ဂုဏ်ယူတယ်၊ တကယ်တော့ ဒါမကောင်းပါဘူ
ရုပ်ရှင်ဗီဒီယိုလောက ခေါင်းထောင်လာဖို့က ဇာတ်လမ်းကောင်းတွေကို
ရမယ်..နိုင်ငံခြားဇာတ်လမ်းတွေမှ ကောင်းနေတာမဟုတ်ပါဘူး..”

“သူများဘယ်လိုလုပ်လုပ် သမီးကတော့ ဇာတ်လမ်းဇာတ်ညွှန်း
ဂရုစိုက်မယ်..နာမည်ကြီး မင်းသားမင်းသမီးတွေရော ကြိုးစားနေကြ
တက်သစ်စမော်ဒယ်လ်တွေ ဝါသနာရှင်လေးတွေထဲက ရွေးထုတ်မယ်
မြန်မာကားတွေမှာ ကြည့်လိုက်ရင် ဒီမင်းသားဒီမင်းသမီးချည်းပဲမြင်
ရတာလည်း ပရိသတ်ကို အီစေတာပဲ..”

“အဲ့ဒါဟုတ်တယ်မသို..ကျွန်တော်လည်း ဇာတ်ကားအတွက်စရိ
စကရယ် အမြင်သစ်အပြောင်းအလဲလေးရယ်ဖြစ်အောင် သရုပ်ဆောင်
ဟောင်းနဲ့ အသစ်လေးတွေ ပူးတွဲရိုက်ချင်တယ်..အသစ်လေးတွေဟု
သွားပြီဆိုရင် အသစ်တွေချည်းပဲပေါ့..”

“ဒါတော့လုပ်ကြည့်ရမှာပဲ..သူများနိုင်ငံတွေမှာ ဘယ်လိုထရိန်းနေ
သလဲမသိဘူး၊ ကျွန်မတို့ဘက်မှာတော့ အသစ်လေးတွေမှာ လိုအပ်ချ
တွေရှိရှိနေတယ်..အသစ်တွေလည်း ပရိသတ်ရှေ့ရောက်ရင်တော့ မျက်
ကသစ်ပေမယ့် ပညာကရင့်နေရမှာ..အသက်ကြီးသွားတဲ့ သရုပ်ဆော
တွေဆို အဖေအမေခန်းထဲ တစ်ခါတည်းထိုးထည့်လိုက်တာတွေလည်
အရမ်းနှမျောဖို့ ကောင်းတာပဲ..”

စကားပြောကြရင်း ဇာတ်ကားအတွက်တစ်ခါတည်း ဆွေးနွေးဖြ
ကြသည်။ သိုကအစတည်းက ဘယ်အလုပ်ဖြစ်ဖြစ် စိတ်ပါဝင်စားလု
တတ်သူပါ။ ရုပ်ရှင်လုပ်ငန်းကိုလည်း ဝါသနာပါတော့ ဒါကိုလုပ်မိတ
စိတ်ပါလက်ပါဖြစ်သွားတတ်၏။

ဦးကုဋေကလည်း ချွေးမကိုအိမ်မှာ မပြတ်ဝင်ထွက်နေစေဖို့
ကြောင်းရှာရင်း ရုပ်ရှင်လုပ်ငန်းကို လက်လွှတ်ဖို့ဆုံးဖြတ်ပြီးကာမှ ပြန်
ထုတ်နေရတာဖြစ်သည်။ ဒါပေမယ့် သိုကတော့ ဒီလုပ်ငန်းကိုမပြတ်
တာကြောင့် မဟုတ်ဘဲ သားနဲ့နီးချင်တာကြောင့်သာဖြစ်မှန်း သူသိ
သည်။

ကိုယ်မသေခင်မှာတော့ ဒီအိမ်ထောင်ရေး ပြန်လည်အဆင်ပြေ
အတတ်နိုင်ဘူးကြိုးစားဖို့ ဆုံးဖြတ်ထားခဲ့သည်။ လိုနေသေးတာက
ကိုဖိအားပေးရမည်။ ‘သူမမှားပါဘူး..ကျွန်တော်ပဲမှားတာပါ’လို့ သင



ပြောခဲ့ပြီး ခုမှဘာဖြစ်လို့ သွေးအေးနေရတာလဲ.. ၊

“မမ မမအိတ်ထဲက ဖုန်းမြည်နေတယ်..”

“အေး..”

လူကြီးတွေရှေ့ကနေ ထလာခဲ့ပြီး ဖုန်းထုတ်ယူလိုက်ကာ.. ၊

“ဟလို..”

“............”

**“အေး..အဝင်းပြောလေ၊ လာသွားပြီလား..အဆင်ပြေလား..”**

“............”

“ဟင်..ဘာလို့လဲ..”

“............”

“ဟာ..မဆိုင်တာတွေကို ကျွတ်..အဲ့ဒီကိစ္စဘယ်ကလာတာလဲငါသိ
တယ်၊ ထားလိုက်..ငါဘာသာရှင်းမယ်..”

အလုပ်ကိစ္စစိတ်ရှုပ်စရာတွေ ကြားလိုက်ရတော့ ဒီမှာဆွေးနွေးနေ
သည့်ကိစ္စဆီလည်း စိတ်ကမရောက်တော့ဘဲ.. ၊

“ဘိုးဘိုး..သမီးခဏပြန်မယ်နော်၊ အလုပ်ကိစ္စလေးရှိလို့..”

သိုအပြင်ထွက်လာတော့ အလင်းကဆိုင်ကယ်လ်ကို ဘာတွေကုန်
ကပြင်ဆင်နေသည်မသိ.. ၊

“သား..”

အလင်းက နောက်ကြည့်ပြီး အကြည့်မရောက်ခင် ရှေ့ပြန်လှည့်သွား
ကာ.. ၊

“ဗျာ..”

“သားအားရင် မေမေ့ကိုလိုက်ပို့ပေးပါလား..”

အလင်းက သို့ကားကိုလှမ်းကြည့်၍.. ၊

“မေမေ့မှာကားပါတယ်မို့လား..ကျွန်တော့်က ဖေဖေ့ကိုသွားကြိုရမှာ”

မျှော်လင့်နေသည့် သို့မျက်နှာလေးပျက်သွားသည်။ အလင်းက
ကိုယ်ကိုမတ်မတ်ရပ်လိုက်ပြီးမှ လှည့်ကြည့်ကာ.. ၊

“ဖေဖေက ဇည့်သည်နဲ့သွားတာလေ..ဧည့်သည်ပြန်ဖို့ ကားပေးခဲ့ရ
မှာတဲ့၊ အဲ့ဒါကြောင့် သားသွားကြိုရမှာ..”

မေမေဖြစ်တယ်မို့လား..ကားပါရဲ့သားနဲ့ဘာဖြစ်လို့လဲ ဘာညာတစ်
ခွန်းမှမေးဖော်မရဘဲ ဆိုင်ကယ်လ်ဘက်ပြန်လှည့်သွားသည်။ သို့နှုတ်ခမ်း
မှာ မချိတရိအပြုံးလေးတစ်ချက်ဖြစ်သွားခဲ့ပြီး သားကမကြည့်ပေမယ့်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်ပြမိသည်။ ပြီးတော့.. ၊

"အင်းပါ..သားအလုပ်ရှိနေရင် ရပါတယ်၊ ဒါဆိုမေမေ ခဏနေရင် ပြန်လာမှာ..ညနေစာဘာစားမလဲ မေမေဝယ်ခဲ့မယ်လေ.."

"ဟင့်အင်း..ဖေဖေနဲ့အပြင်မှာပဲ စားမှာ.."

သို့ခေါင်းညိတ်မိပြန်သည်။ ကားထဲဝင်ခဲ့တော့ ဆိုဖာမှာလူကမထိုင် ခင် မျက်ရည်တစ်စက်ပေါက်ခနဲခုန်ဆင်းသွားသည်။ ဘာဖြစ်လို့မှမဟုတ် ပါ။ သားလေးနဲ့အတူတူ သွားလာချင်တာပဲဖြစ်သည်။ ပြီးတော့ သား ကြိုက်တဲ့အသုံးအဆောင်လေးတွေ သားကြိုက်တဲ့အပြင်စာလေးတွေပါ လိုက်စားပြီး ဝယ်ခြမ်းသွားလာချင်၏။

ဒါပေမယ့် သူမမျှော်လင့်မိသမျှက ရေပေါ်မှာအရုပ်ရေးဖို့ ကြိုးစားနေ မိသလိုသာ.. ၊

နင်ဘာဖြစ်လို့ ခဏခဏရူးနေတာလဲသို..နင့်သားလေးက ကလေး လေးမဟုတ်တော့ဘူး..ပြီးတော့ သူ့အဖေကနင့်ထက်အများကြီး ချမ်းသာ တယ်..သူလိုချင်တာကို သူ့အဖေကနင့်ထက် အများကြီးပုံအောချပေးနိုင် တယ်ဆိုတာ မသိဘူးလား.. ၊ အဲ့လောက်ထိရူးရလား.. ၊

ကားမောင်းနေရင်း မျက်လုံးတွေဝေဝါးလာသဖြင့် လွတ်ကင်းရာမှာ ထိုးရပ်လိုက်ရသည်။ စတီယာရင်မှာ မျက်နှာမှောက်ချ၍ ငိုလိုက်မိရင်း..

"သားလေးရယ်..ဟီး ဟီး.."

သားကိုတတွတ်တွတ်ခေါ်၍ စိတ်ရှိလက်ရှိ ငိုနေမိသည်။

"ဘူးသီးမှ အရီးတော်ချင်လို့မရဘူး.."

"ကလေးလေးငယ်ငယ် တို့လို့တွဲလောင်းကျတော့ ဖအေလက်ထဲ ထည့်လွှတ်လိုက်ပြီး လွှတ်လွှတ်ခါခါကျမှ.."

ကူရှင်မှာ ဆတ်ခနဲကျောကပ်မိလိုက်ပြီး မျက်ရည်တွေကိုသုတ်ပစ် ရင်း.. ၊

"မဟုတ်ဘူး..မေမေအဲ့လိုလုံးဝမဟုတ်ဘူး၊ သားကိုမေမေ အရမ်းချစ် တာပါသားရယ်..မေမေ့ဘဝက သားလေးအတွက်ပါ၊ မေမေခုလို ရှင်သန် နေရတာ သားလေးရှိနေတယ်ဆိုတဲ့ အသိလေးတစ်ခုကြောင့်ပါ.."

ပြောရင်းငိုရင်းနှင့် စက္ကန့်မိနစ်တွေသာ ကြာသွားသည်။ ရင်ထဲမှာ ပေါ့ပါးသွားသည်မရှိ။ သူ့အဖေထက် ဘာမှပိုအရေးမပါသည့်အကြည့် တွေ အပြောတွေက ရင်ထဲကိုချွန်မြပူပြင်းသည့် လက်နက်နှင့်ထိုးနှက် လိုက်သလိုမျိုး.. ၊



ဒီလောက်ဆို သူမနားလည်ပါပြီ။ သားလေးက စိမ်းသွားတာမဟုတ် ပေ။ မအေကိုအထင်လွဲ စိတ်နာသွားခဲ့တာဖြစ်သည်။ သားဆီက နူးညံ့ လိုက်လျှောမှုကို သူမမရနိုင်တော့ဘူးလား..။ လိုလေသေးမရှိ ပြည့်စုံနေတဲ့ သားလေးအတွက် သူမဘက်မှာ ဖြားယောင်းစည်းရုံးစရာ ဘာရှိလို့လဲ..၊

ကလေးအတွက် လိုအပ်ဆုံးအချိန်မှာ မိခင်မေတ္တာမပေးခဲ့နိုင်သော မှားသည် မလိုအပ်တော့ပါဘူးငြင်းနေကာမှ ဒီမေတ္တာတွေ ရေစီးကမ်း ပြိုအောင်ပေးနေတော့ရော ဘယ်သူကယူမှာလဲ..။ ဘယ်သူကတန်ဖိုးထား မှာလဲ.. ၊

သားလေးရဲ့ချစ်ခင်ကြင်နာမှုကို သူမဘယ်တော့မှ မျှော်လင့်ခွင့်မရှိ တော့ဘူးလား.. ၊

ဒီမေးခွန်းသည် ကိုယ့်ဘာသာမေးမိတာနဲ့မတူဘဲ တစ်စုံတစ်ယောက် က မေးမေးပြီးလှောင်ရိုက်ကိုင်ပေါက်နေသည့်နှယ်။ တုန်လှုပ်ပူလောင်မှုများ နှင့် ငိုင်ငေးနေမိစဉ် အတွက်ဆီက ဖုန်းဝင်လာ၏။ သူမနှင့်သီးအောင် စားနေရချိန် အတော်များများမှာ အတွက်ရဲ့ဖုန်းတွေ ဝင်ဝင်လာတတ်တာ တိုက်ဆိုင်တာပဲလားမသိ။ ဒါပေမယ့် အတွက်ရဲ့ပြစ်တင်အော်ငေါက်သော ကရုဏာဒေါသစကားတွေကြောင့်လည်း စိတ်သက်သာရာရခဲ့တာ အကြိမ် ကြိမ်.. ၊

"ဟလို.."

"ဘယ်လိုဖြစ်လို့ ဖုန်းတခြား လူတခြားဖြစ်နေတာလဲ.."

"ငါ.."

"သို..နင်ဘာဖြစ်နေတာလဲ.."

"ငါ..ငါလေ.."

"ကျွတ်.."

သူမကိုယ့်ကိုယ်ကို ထိန်းနေသည့်ထင်ပေမယ့် ငိုနေမှန်းအတွက်က တော့ သိသွားခဲ့၏။

"နင့်သားနားကို နင်ရောက်နေတိုင်း ဒီလိုပဲဖြစ်မှာပဲလို့ ငါမပြောဘူး ားမိသို..အစတည်းက လူတွေဝိုင်းတားနေတာတောင် နင်ပေးပစ်ခဲ့တယ် ားလုံးတိုက်တွန်းနေတာကို ခေါင်းတွင်တွင်ခါပြီး ကလေးနဲ့လုံးဝသွားမ တွေ့ဘဲနေတယ်..ခုလည်းအဲ့လိုနေပါလား.."

"နင်ငါ့ကိုမစာမနာ မပြောပါနဲ့.."

"ဒါကျတော့ အော်ပြောရမှန်းသိတယ်..မပြောလိုက်ချင်ဘူး၊ ငယ်ငယ်

www.burmeseclassic.com

www.burmeseclassic.com



တည်းက အလင်းကသူ့အဖေလို ပါးလှပ်လှပ်ဂျစ်ကန်ကန်လေးရယ်..
အရွယ်မှာ ရက်စက်တာ နူးညံ့တာတွေခံစားတတ်နေပြီဟာ၊ ငါပြောချင်တ
က ကလေးကိုနင်ပြန်တွေ့ခဲ့တာတောင် နွေးထွေးဖို့ကြိုးစားခဲ့လို့လား..

"ငါတစ်လျှောက်လုံး ကြိုးစားခဲ့တာပဲ.."

"ဟုတ်တယ်..ဒါပေမယ့် စံနစ်ကိုတင်းနေတဲ့မာနတွေနဲ့ ကြိုးစား
ခဲ့တာလေ၊ ကလေးကိုနင်ချော့တယ်ဆိုတာ တခြားအမေတွေ အလူးအလ
**ပေးဆပ်နေရသလောက် မဟုတ်သေးဘူးသို..ခုလည်း နင့်သားက စိမ်းမ**
လို့သာ နင်မျက်ရည်ကျနေတာ၊ အလင်းကသနားလာအောင် နင်ပစ်ခ
ကြိုးစားကြည့်ပြီးပြီလား."

ဘာကိုပြောတာလဲ..။ သားဆီက ချစ်ခင်ခြင်းကိုရဖို့ နောက်ထပ်ကြိုး
စားဖို့ နည်းလမ်းတွေရှိသေးတာလား. ၊

အတွက်စကားကြောင့် သိုအားတက်သရောဖြစ်သွားသည်။

"ငါ့ကိုပြန်ပြောစမ်းပါ..နင်ပြောတာဘယ်လိုမျိုးလဲဟင်.."

"ဖအေကတောင် သားကိုဒီလိုစည်းရုံးထားနိုင်ရင် နင်ကမအေပဲ
ရာ..ကိုယ့်ရွာမှာကြက်ဖ သူများရွာမှာကြက်မဆိုတာ မကြားဖူးဘူးလား
နင့်ယောကျ်ားအပေါ် နင်ဘယ်လိုမာကြောနေနေ သားရှေ့ရောက်ရင်
ရဲ့မာနတွေ မာကြောမှုတွေကို လွှင့်ပစ်ထားရမှာ..သူနဲ့နီးစပ်ရင်းနှီးအော
အစွမ်းကုန်ကြိုးစားရမှာပေါ့၊ သားအမေ့ကိုခေါ်မှာလား မခေါ်ဘူးလား
ပြီး ဟိုကမခေါ်ဘူးလို့ပြောတာနဲ့ မခေါ်ဘူးပေါ့..အေး ရတယ်ဆိုပြီး လှ
ပြန်လာရင် နင်သေလေ.."

အတွက်ပြောနေတာ ကိုယ့်ကိုကြည့်ပြောနေသလိုပါလား..။ သူ
သားကို မျှော်လင့်နေမိပေမယ့် သူ့လက်ထဲမှာ ရှိနေသည့်အဖြစ်ကြော
အရှုံးပေးချင်နေခဲ့သည်။ ဒါမှမဟုတ် ရှုံးလိုက်ရသည့်အဖြစ်ကို မလိုချ
သည့်မာနတွေလား.. ၊

"ငါပြောတာကြားလားသို.."

"ကြားတယ်..ငါနင့်ကိုကျေးဇူးတင်ပါတယ်၊ ခုနက ငါခံစားနေရတ
ကူကယ်ရာမဲ့နေသလိုပဲ..နင်ပြောလိုက်မှ သက်သာရာရသွားတယ်.."

"ငါ့သမီးနင့်ဆီလာတယ်မို့လား.."

"အင်း..အဲ့ဒါ.."

ဂီတနဲ့ပတ်သက်ပြီး ပြောချင်တာတွေရှိပေမယ့် ကလေးနဲ့မိဘတွေ
တိုက်ပေးသလိုဖြစ်နိုင်သည်မို့ အချိန်အခါကြည့်ပြီးမှ ပြောဖို့စိတ်ကူးလို



သည်။ သို့သော်.. ၊

**"ရန်ကုန်မှာလည်း သူ့အဒေါ်သားရင်းတွေရှိနေတာအတွက်ရယ်..ငါ့**
ပဲလွှတ်မနေပါနဲ့၊ ငါလည်းအခု ဘိုးဘိုးရဲ့ရုပ်ရှင်လုပ်ငန်းကို ပြန်လုပ်
နေပြီ..အရင်လို ဆိုင်ခဏဝင် အိမ်ပြန်နားလုပ်နေတာ မဟုတ်ဘူးလေ.."

"အဲ့ဒီတော့ ဘာဖြစ်လို့လဲ.."

"ငါ့ဆီသွားခိုင်းနေတာ မတော်လို့ပြောတာပေါ့..ငါနဲ့မဆုံဘဲ ပြန်သွား
ရတာတွေက ရှိသေးတယ်၊ နောက်ပြီး နင်ကငါ့အတွက် စိစဉ်နေတာ..
ားလူတွေအမြင်တန်တယ်လေ၊ ငါကကလေးလည်း မဟုတ်တော့ဘူး..
နင်လည်းအိမ်ထောင်နဲ့.."

"အိမ်ထောင်မကလို့ ထောင်ပဲကျနေနေ ကိုယ့်သူငယ်ချင်းကို စောင့်
ရှောက်လို့မရဘူးလား..စောကလည်း နင့်ကိုတောင်သူကစိတ်ပူနေသေး
တယ်၊ ခုလည်း သူ့သားနဲ့အဆင်ပြေရဲ့လား..ဖုန်းဆက်ကြည့်ပါဦးဆိုလို့
ဆက်တာ၊ အန်ကယ်လ့်အတွက်လည်း စိတ်မပူပါနဲ့တဲ့..ဘုရားဖူးထွက်
တောင် လုပ်နေပြီတဲ့.."

"ဖေဖေက ငါ့ဆီလာဦးမလို့ဆို..ငါပြန်မလာနိုင်သေးလို့ပြောပြတော့
ရတယ်..သူလည်းလာချင်နေတာတဲ့၊ ဘိုးဘိုးနဲ့စကားပြောချင်လို့တဲ့.."

"လာချင်လည်းလာမှာပေါ့..ခုလည်း ဘုရားဖူးအရင်သွားဖို့လုပ်နေ
တယ်ကြားတာပဲ၊ ဘယ်ပဲသွားသွား သူကျန်းမာရေးကောင်းနေလို့ပဲ မ
ဟုတ်ဘူးလား.."

ဒီမှာနေပြီးသားသမီးအပူနဲ့ သူမလူးလှိမ့်ငိုကြွေးနေချိန်မှာ ဖေဖေ့ခမျာ
တစ်ယောက်တည်း အထီးကျန်ရင်း သမီးအတွက်ပါပူပန်နေရရှာမည်။
ါ ဘယ်လိုသောကမီးတွေလဲ.. ၊

သမီးအလိမ္မာလေးလို့ အားလုံးကအားကျဂုဏ်ယူနေကြသည့် မိန်းမ
တစ်ယောက်က သူ့ရင်သွေးနောက်လိုက်ရင်း မိဘကိုကျောခိုင်းထွက်ခဲ့
သည်။ ဒီကအပူမငြိမ်းသရွေ့ မိဘကိုပြန်ငဲ့ကြည့်နိုင်ဖွယ်လည်း မမြင်ပါ။
ကြွေးဟောင်းမဆပ်နိုင်ဘဲ ကြွေးသစ်ချနေမိသည့် သူမဘယ်လောက်ထိ
ကျမဲနေပြီလဲ.. ၊

သိုမျက်ရည်သွေ့နေသည့် ပါးပြင်ကိုထပ်၍ ပွတ်သပ်ပြီးကာ တင်း
ကပ်ကပ်မျက်နှာတစ်ခုလုံးကိုပါ လက်ဖဝါးနှစ်ဖက်နဲ့ ရှုံ့သွားအောင်ပွတ်
လိုက်မိသည်။ တကယ်က ဒီအတွေးစကို သူမဖြတ်ချင်တာပါ။ မိဘနဲ့သား
သမီးတို့ရဲ့ ဝတ္တရားတွေကို မသိချင်တော့ပေ။ မိုက်တယ်ဆိုရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



သူမတွင်းတူးမိုက်ရဦးမည်သာ.. ။

မိဘရဲ့မေတ္တာဟာ ထွေးပွေ့ခြင်းဖြစ်လျက် သားသမီးကကျော့ခြင်းဖြစ်၏။

မိဘနဲ့သားသမီးတို့၏ ပေးဆပ်ကြခြင်းသံသရာစရီးရှည်ကြီးမှာ မသည် အမေတစ်ယောက်ဖြစ်လာခဲ့သည့်နောက်.. ။

♥♥♥

အခန်း(၁၅)

"ကျွန်မအခုပဲလာနေပြီဦးရာဇာဝင်း..လုပ်ငန်းမူပိုင်ခွင့်အထိ ရှင်ပြောတာတော့ တော်တော်လွန်နေပြီ၊ ရှင့်ရဲ့မန်နေဂျာကို သေချာမေးကြည့်လား.."

"..............."

"ဒါဆိုရင်တော့ ရှင်ကျွန်မကို ဒုက္ခပေးဖို့ကြိုးစားတာ..ကိုယ့်ဒုက္ခကိုယ်ရှာသလို ဖြစ်နေမှာပဲ.."

ကားမောင်းရင်းဖုန်းပြောနေရတာ သိပ်အဆင်မပြေပေမယ့် ဒေါသလူချင်းတွေတဲ့အထိ မျိုသိပ်နေလို့မရ.. ။

"လုပ်ငန်းမှတ်ပုံတင် စာရွက်စာတမ်းတွေ ကျွန်မဆီရောက်လာတုန်းအားလုံးမူရင်းတွေပဲ..စက်ာပူရုံးချုပ်က ဒေါ်ရတနာခင်ကိုယ်တိုင် အခွင့်ဆင့်တင်ပေးထားတဲ့ လက်မှတ်တွေနဲ့တကွ ကျွန်မကကိုယ်စားရှယ်မှုတာ.."

"..............."

"ဟွန်း..ရှင်ကျွန်မကို လျှော့တွက်နေတဲ့ပုံပဲ.."

"ကျွိ.."

မလွတ်မကင်းကျော်တက်လာသည့်ကားကြောင့် ကမန်းကတန်းဘရိတ်အုပ်လိုက်ရကာ.. ။

ဟင်.. ။

ကားကိုလှမ်းကြည့်လိုက်တော့ ကားပေါ်မှာ ဦးရာဇာဝင်းနဲ့စံနစ်..၊

"တီ..တီ.."

နောက်ကားတွေဟွန်းတီးနေကြမှ ကားပြန်ထွက်ဖို့သတိရ၏။ ဦးရာဇာဝင်းနဲ့စံနစ်ကို ပူးတွဲမြင်လိုက်ရသည့်အတွက် ရင်ထဲကမကျေနပ်မှုအစ

www.burmeseclassic.com

www.burmeseclassic.com



စုတို့သည် ဒီအကြောင်းတွေလားရားတစ်နေရာတည်းသို့ စုပြုံသွားခဲ့၏
**ထိုအခါ ဒေါသကနှစ်ဆတိုးလျက် စိတ်နဲ့လူကမကပ်တော့ဘဲရှိရာ..**

"အမလေး.."

"ကျွီ.."

လမ်းသွယ်တစ်ခုထဲကထွက်လာသည့် လူရိပ်ကိုမြင်လိုက်တော့
နောက်ကျသွား၏။

"တိုက်မိပြီဟ.."

"ကြိတ်မိသွားတာထင်တယ်.."

ပတ်ဝန်းကျင်မှာ လူတွေဝိုင်းအုံလာကြသည်။ သိုကားပေါ်ကကမန်း
ကတန်းဆင်းကာ ရှေ့သွားကြည့်လိုက်လျှင် ဆံပင်ရှည်လေးနှင့် မိန်းက
လေးတစ်ယောက်က ကြေးဥစိမ်းရောင်စကက်တိုလေးနှင့် ဂျက်ကက်
ဖြူလေးလည်း ဝတ်ထား၏။

သူမရဲ့ခြေကျင်းဝတ်က တလက်လက်စိန်ပွင့်လေးတွေနှင့် ဖု(တ်
ချိန်းလေးရယ် စီးထားသည့်ဖိနပ်နှင့် သူမဝတ်စားထားပုံအရ တော်ရုံ
ဆင့်အတန်းထဲက ဟုတ်ပုံမရပေ။ ဒူးပေါ်ပေါင်ပေါ်ဖြစ်နေသည့် သူမ
ထောက်တွေကိုပြန်ကွေး၍ ဆလင်းဘက်ခံနဲ့ ကာကွယ်ထားရင်း မျက်နှာ
လေးက မဲ့နေ၏။

"သမီးထလို့မရဘူးလား..ဘယ်နားထိသွားတာလဲဟင်၊ လာ..သမီး
လာ အန်တီ့ကိုတွဲ.."

သိုပျာပျာသလဲဘေးမှာ ဒူးထောက်ထိုင်၍ သူမလေးလက်ကိုတွဲလိုက်
လျှင်ရှုံ့မဲ့နေရင်း သို့ကိုကြည့်သည်။ပြီးတော့လက်ကိုထပ်ဆုပ်ကိုင်လိုက်ပြီ

"ရတယ်..သူ့ကိုအိမ်ပဲပြန်ပို့ပေးပါ.."

သုဆိုပါလား..သူမရဲ့ကားနဲ့တိုက်မိသော သုဆိုသည့်မိန်းကလေး
သည် မျက်ဝန်းလက်လက်ကလေးတွေနှင့် အလွန်ချစ်စရာကောင်းလျက်

"အန်တီ့ကိုမှတ်ထားနော်..အန်တီ့နာမည်က သို.."

ကားပေါ်ရောက်တော့ သူမကဖျတ်ခနဲပြန်ကြည့်၏။ သိုက ပြုံးပြ

"သမီးကရော.."

"သုသန္တာ.."

♥♥♥

အခန်း(၁၆)

"သုသန္တာဆိုတာ ဘယ်သူလဲ.."

"ဖေဖေက ဘယ်လိုသိသွားတာလဲ.."

"မင်းတို့မိုးမွှန်အောင် ပြောနေတာပဲ.."

သားအဖနှစ်ယောက် ကျောချင်းကပ်၍ ခေါင်းဖြီးနေရင်း အလင်းက
ရယ်ကာ..၊

"ကျွန်တော်ချစ်သော မိန်းမပျို.."

"တစ်ကျောင်းလုံးလား.."

"ဟား ဟား ဟား..ဖေကြီးကလုပ်ပြီ.."

"အလင်းသို့.."

စံနစ်က သူ့ဘက်လှည့်၍ ပခုံးတစ်ဖက်ကို ဘီးနဲ့ပုတ်လိုက်ပြီး..

"ညကပဲ ဂီတဆိုတာလေးကို မင်းရည်းစားစကားပြောနေတယ်.."

"ဖေဖေရာ.."

"ဘာလဲ..ဖေဖေရာ.."

"ဖေဖေမသိတာကို မရှိဘူး.."

"ဟုတ်တယ်..မနည်းမိအောင်လိုက်နေရတယ်၊ ငါ့ကိုယ်ငါလည်လှ
ပြီထင်နေတာ မင်းကိုဒီတိုင်းလွှတ်ထားဖို့ စဉ်းစားရတော့မယ်.."

"ကိုယ့်သားလေး ဒီတစ်ယောက်ပဲရှိတာကို.."

"နောက်ထပ်လိုချင်ရင် မိန်းမယူလိုက်ရုံပဲ..ဈေးတင်းမနေနဲ့.."

"ဖေဖေနော်..မေမေ့ကိုမြင်လိုက်တာနဲ့ လေသံတွေပြောင်းနေပြီ၊ ဖေ
ဖေနေ ပြန်ပေါင်းထုပ်ရင်တောင် မေမေက ကလေးမွေးပေးဖို့ ရချင်မှရတော့
မှာ.."

စံနစ်က ဘီးကိုမှန်တင်ခုံပေါ် ပစ်တင်လိုက်ပြီး ချိတ်ကကုတ်အင်္ကျီ

www.burmeseclassic.com

www.burmeseclassic.com



ကို ဖြုတ်ယူရင်း.. ၊

"မင်းအမေပဲ မိန်းမရှိတာမို့လို့လား.."

အလင်းက ဆံပင်ကိုသေချာပုံဖော် ဖြီးနေသည့်လက်ကတုံ့ခနဲတ ချက်ဖြစ်သွားသည်။ သို့သော် ပြုံးလိုက်ပြီး.. ၊

"သားအဖချင်း ညာမနေပါနဲ့ဖေဖေရာ..ဖေဖေ မေမေ့ကိုတော လျှောက်မျှော်လင့်နေတာပါ၊ မသိတာကျလို့.."

"ဟွန်း.."

"ခက်တာက ဒီသားကလည်း အလိုက်တသိရင်ကြားစေ့မပေး.."

"ဟုတ်တယ်..မင်းစေ့ပေးမှပေါင်းရမှာကို.."

"ဟား ဟား ဟား.."

အလင်းက စံနစ်ဘက်ကိုလှည့်လိုက်ပြီး အင်္ကျီဝတ်ခြင်းကို ဝိုင်းကူ ပေးနေရင်း.. ၊

"သားကလည်း မေမေနဲ့ဖေဖေ့ကိုသဘောတူပါတယ်..ဒါပေမယ့် မေ မေ့ကိုနည်းနည်းတော့ တင်းနေတယ်.."

စံနစ်က မှန်ထဲကနေ အလင်းမျက်နှာကိုစိုက်ကြည့်လျက်.. ၊

"ဘာအတွက်တင်းရတာလဲ.."

"မသိဘူး..ကျွန်တော့်ရင်ထဲမှာ ဖေဖေပဲရှိတာ သေချာတယ်.."

"မင်းအမေက ငါ့ကြောင့်မင်းကို ဥပေက္ခာထားခဲ့တာပါ.."

"ဖေဖေက မေမေ့ဘက်ကလား.."

"မင်းငရဲကြီးမှာစိုးလို့.."

အလင်းက မဲ့လိုက်ပြီး ရေမွှေးပုလင်းလှမ်းယူသည်။ ပြီးတော့ စံန ကိုယ်ကို ရေမွှေးဆွတ်ပေးရင်း.. ၊

"ကျွန်တော်ကမေမေ့ကို စော်ကားနေတာမှမဟုတ်တာ..ကိုယ့်ဘာသာ ချစ်ချစ် မချစ်ချစ်မရဘူးလား.."

စံနစ်က လက်မခံပါ။ သူဒီလိုဖြစ်လာဖို့ ရည်ရွယ်ခဲ့တာမဟုတ်ပေ သို့ကို သူအရှုံးမပေးနိုင်။ ကိုယ့်ဘက်ကကောင်းအောင်နေတော့ဖို့ ဆုံးဖြတ် ခဲ့သမျှကလည်း ကိုယ့်လက်ကိုဆွဲ၍ ရဲရဲဝံ့ဝံ့လျှောက်ပါလာသည့် သာ လေးဘဝအတွက် အကောင်းဆုံးတွေပေးချင်လို့.. ၊

ဒါပေမယ့် သားကတော့ မိခင်အပေါ်မှာ ဒီလိုအခုအခံစိတ်တွေနဲ့ မျိုးသိပ်ပြုံးရယ်နေတာ မဖြစ်စေချင်.. ၊

"မင်းကစော်ကားနေတာမဟုတ်လည်း မင်းရဲ့ပုံစံမကျတဲ့ ဆက်ဆံ



ရကြောင့် မိဘကစိတ်ဆင်းရဲသွားတယ်ဆိုရင် ငရဲကြီးမှာပဲ.."

"ကျွန်တော်ငရဲကြီးမှာ စိုးတာလား..ဖေဖေ့မိန်းမစိတ်ဆင်းရဲမှာစိုးတာ လား.."

"ဟောကောင် အပြောအဆိုတွေ မရမ်းကားနဲ့.."

"ဖေဖေ့မိန်းမမဟုတ်ဘူးလား.."

"မင်းရဲ့မွေးသမိခင်.."

"ဖေဖေနဲ့ညားလို့ ကျွန်တော့်ကိုမွေးတာလေ..တစ်ဆင့်ချင်းပြော ကြည့်လိုက်.."

"ခွေးကောင်လေး.."

သားအဖရယ်ကြရင်း အခန်းထဲက အတူတူထွက်ခဲ့ကြကာ.. ၊

"အလင်းသို့..အင်္ကျီကကြွေနေတယ် သွားလဲ.."

"ဟင်..သားလား.."

အလင်းက သူ့အင်္ကျီသူငုံ့ကြည့်လိုက်ပြီး ရယ်ကာ.. ၊

"တိမ်ပြာရောင်နဲ့အလင်းက သိပ်လိုက်တာပဲလို့ ကောင်မလေးတွေ ပျော့ဖွဖွပြောနေကြတာပါ..မကြွေဘဲနဲ့ ဖေဖေကိုယ့်သားကိုယ် မကောင်းမ မြင်နဲ့နော်.."

"ဟာ..ဒီကောင်တော့.."

စံနစ်လက်သီးနဲ့လှည့်ချိန်တော့ အလင်းကျောကော့ပြေးသည်။ ပြီး တော့ကိုင်ထားသည့်ဖုန်းက မြည်လာသဖြင့် ပြေးရင်းလှည့်ရင်းနားထောင် .. ၊

"အေး..သွားမှာ၊ ဒါပေမယ့် ဂီတကပထမ..သုလေးကဒုတိယဖြစ် သွားပြီ.."

"..............."

"ဟား ဟား ဟား..သိရင်ပြီးတာပဲကွာ၊ မင်းတို့နားလည်ဖို့ပဲလိုတာ.."

အလင်းဖုန်းကပျာကယာချပြီး ထမင်းစားခန်းထဲ ဝင်ထိုင်လိုက်ကာ..

"ဖေဖေ့ သားဒီနေ့ကော်ဖီမသောက်ဘဲနဲ့ သွားလို့မရဘူးလား.."

"မရဘူး..မင်းစားဖို့ အဲ့ဒီမှာချိုတူး ရှမ်းခေါက်ဆွဲလုပ်ပေးထားတယ်.."

အလင်းမျက်နှာရှုံ့မဲ့သွားသည်။

"ဖေဖေ.."

"ဘာလဲ.."

"ဖေဖေ အရင်လိုမဟုတ်တော့ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"ငါအရင်လိုနေရင် မင်းမှာအမေတွေ စီနီယာဂျူနီယာတွေ တပ်ခေါ် နေရပြီ.."

"အဲ့ဒါပြောတာမဟုတ်ပါဘူး.."

အုပ်ထားသည့် စဥ့်အိုးဝိုင်းလေးကို အဖုံးဖွင့်လိုက်တော့ ကြက်သား တုံးလေးတွေ တင်ထားသည့် ကြက်သွန်မြိတ်နိုင်နိုင်နှင့် ရှမ်းခေါက်ဆွဲ အငွေ့တလွန့်လွန့်တက်နေဆဲ.. ၊

"ဖေဖေ မေမေ့ကိုချော့ဖို့များ ပြင်ဆင်နေလားလို့.."

ကော်ဖီပန်းကန်ကိုင်ထားရင်း စံနစ်ကမျက်လွှာပင့်ကြည့်သည်။

"ဘာတွေမြင်လို့လဲ.."

"ဘာမှမမြင်ပေမယ့် အရင်ကဒီအတိုင်းတွေကို အားလုံးအကော တိုင်းဖြစ်ဖို့ ကြိုးစားနေတာ.."

သူ့မျက်ဝန်းတွေကို အကဲခတ်နေသည့် အလင်းကိုစိုက်ကြည့်၍ နှ ခမ်းခပ်တွန့်တွန့်နှင့် ပြုံးသည်။ ပြီးတော့ ကော်ဖီသောက်နေတာ ပြန် မည့်ပုံမရှိ.. ၊

"ဖေဖေက မေမေ့ကို စိတ်မဝင်စားသလို လုပ်နေတာမို့လား..သ သိပါတယ်.."

"ဘာဖြစ်လို့ ဖေဖေကမေမေ့ကိုတွေနဲ့ မေးခွန်းတွေထပ်နေတာလဲ မင်းအမေ့ကို ပေါင်းချင်လှပါချေရဲ့လို့ ဖြစ်ရအောင် ငါက သူ့မှမရ ကြိုက်မယ့်မိန်းမ မရှိတဲ့ဘဝလား.."

ကိုယ့်အဖေဘယ်လိုလူမျိုးလဲဆိုတာ မသိဘဲနေပါမလား..။ ဒီ ခွန်းကို မဖြေဘဲ ပခုံးတွန့်မျက်နှာလွှဲမိရင်း.. ၊

"ထင်ပါတယ်..ဖေဖေက နတယ်ချောတယ်လို့ သတင်းကြီးနေ မေမေ့လောက်ကို ဘယ်ဂရုစိုက်မလဲ.."

"သိဖို့ပဲလိုတာ.."

"ဒါပေမယ့် ဖေဖေ့လိုပဲ မေမေကလည်း.."

"ဟေ့ကောင် ဟိုဘက်ပို့ဒီဘက်ပို့ လာအစ်မနေနဲ့..မင်းအမေကို လုံ စိတ်မဝင်စားဘူး.."

"ပြီးတာပဲလေ..သားကလည်း မေမေရက်စက်ခဲ့တာတွေကို မေ့ တာမဟုတ်ဘူး၊ သားကဖေဖေများ မျှော်လင့်နေသလားလို့မေးကြည့်တ ဒါဆိုကျွန်တော်တို့ မေမေနဲ့အရှင်းကင်းလို့ရပြီ.."

"ဘာ.."



စကားဆုံးတာနှင့် 'ဘာ'သံက ခပ်ဆောင့်ဆောင့်ကပ်ပါလာကာ.. ၊

"ဒါမအေကို ပြောတဲ့စကားလား.."

"တွေ့လား.."

"ဘာကိုတွေ့တာလဲ..မင်းကဥပေက္ခာတွေပေးသမျှ မင်းအမေငါ့ကို ဘယ်လိုပုတ်ခတ်နေလဲ မင်းသိလား.."

"ဘာဖြစ်လဲဖေဖေရာ..ဖေဖေမဟုတ်ရင် ပြီးတာပဲ၊ သားလည်းအဲ့ဒီ တုန်းက မှတ်မိနားလည်နေတဲ့အရွယ်ပါ..ဖေဖေအတို့အထောင်လုပ်ပေး တိုင်း ချစ်ရမုန်းရအောင် ပုခက်ထဲကကလေးလည်း မဟုတ်ဘူး.."

စကားတွေပြောနေရင်း စားသောက်နေတဲ့အထိ စူပွပွဖြစ်နေဆဲမျက် နှာကို စံနစ်ကကြည့်ရင်း နေရာမှထသည်။ သားရင်ထဲမှာတကယ်ပဲ အ နိုင်အခဲတွေနဲ့ စနစ်တကျရှိနေခဲ့တာလားလို့ တွေးမိတော့ ရင်ထဲမှာမ ကောင်း.. ၊

သိဘယ်လိုမာကြောမုန်း သူသိသလို ဘာကြောင့်မာကြောခက်ထန် နေသလဲဆိုတာလည်း သူသိနေသည်။ ဒါပေမယ့် အခုသူမရဲ့မိဘ အလုပ် အကိုင်အရာရာကို ပစ်ထားပြီးဘာကြောင့် အနားမှာလာနေနေသလဲဆို တာကိုတော့ သားနားမလည်ပါလား.. ၊

"တင်း..တောင်.."

လူခေါ်ဘဲလ်သံက ကျယ်ကျယ်လောင်လောင် ဝင်လာသည်။ ဒီအသံ ကြောင့် မကြာခဏစိတ်အနှောက်အယှက်ဖြစ်ရလျက်.. ၊

"ချိုတူး..ဟေ့.."

"လာပြီဆရာ.."

"အေး..မင်းကိုတံခါးသွားဖွင့်ဖို့ ခေါ်နေတာမဟုတ်ဘူး၊ ဧည့်သည် လာရင် အဲ့ဒီဧည့်သည် အသံပေးလိမ့်မယ်..မကြားဘူးထင်ရင် ကြားအောင် ခေါ်လိမ့်မယ်၊ မင်းတပ်ထားတဲ့ အဲ့ဒီဘဲလ်ကိုဖြုတ်..အာရုံနှောက်တယ်.."

"အဟဲ..ဟုတ်ကဲ့ပါဆရာ.."

ချိုတူးခေါင်းပွတ် မျက်နှာချိုသွေးရင်း အိမ်ရှေ့ကိုအပြေးတပိုင်း ထွက် သွားသည်။ ခဏကြာတော့ ပြန်ဝင်လာကာ.. ၊

"အစ်ကိုလေးရဲ့သူငယ်ချင်းတဲ့ဆရာ..အမျိုးသမီးတို့ ဧည့်ခန်းထဲမှာ ထိုင်ဖို့ ပေးခဲ့တယ်.."

"ဩော်..ဒီကောင်.."

မိန်းကလေးမို့ပဲ အိမ်ထဲတစ်ခါတည်း ဝင်ခိုင်းရတယ်လို့.. ၊

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးလှစ်ခနဲ ပြန်ပျောက်သွားသဖြင့် ဘာမှလည်းမပြောဖြစ်လိုက် ဘဲ စံနှစ်အပြင်ထွက်လာခဲ့သည်။ ဧည့်ခန်းမှာ ပန်းနုရောင်ဇာနားနှင့် ဂါ ဝန်ရှည်ကပ်ကပ်လေး ဝတ်ထားသည့် မိန်းကလေးတစ်ယောက်ထိုင်နေ ကာ ဆံပင်ပုံက ခပ်တိုတိုခပ်တွန့်တွန့်လေးနှင့် ခေတ်ပုံစံပဲဖြစ်၏။

မျက်ခုံးတန်းလေးက ခဲဆွဲထားသလို သွယ်တန်းနေကာ မျက်လုံးလှ သည်။ နှုတ်ခမ်းမထူမပါးလေးနှင့် သူ့ကိုမြင်တော့ ပြုံးပြတော့မလို သူ့ခ က တစ်စုံတစ်ခုကို စောင့်စားနေသလိုလို နေရာမှထရပ်လိုက်ပြီး တစ်ခု ပြောမလိုနှင့် မျက်လွှာချ၏။

"ထိုင်သမီး..သားကဘာရေ့ဖက်စ်စားနေတုန်း.."

"ဟုတ်ကဲ့..အဲ.."

ကိုယ့်နောက်ကို သူမကကျော်ကြည့်လိုက်သဖြင့် အလင်းထွက်လ ပြီမှန်း သိလိုက်၏။

"ဟာ..အံ့သြစရာကြီး၊ တစ်ခါမှ မလာစဖူးပါလား.."

"အဟွန်း..ဟုတ်တယ်လေ၊ လာတယ်ဆိုတာလည်း ခေါ်တဲ့သူကခေါ် မှ လာလို့ရမှာကို.."

"ခုရော.."

"မခေါ်တော့လည်း ကိုယ့်ဘာသာလာရတာပေါ့.."

ပြောပြီး သူမမျက်ဝန်းလေးတွေ စံနှစ်ဆီရောက်သွားသည်။ အလင်း မျက်ခုံးတန်းနှစ်ဖက် မသိမသာမြင့်တက်သွား၏။ တခြားလူတွေအတွက် တော့ ကမ္ဘာကြီးပြောင်းပြန်လည်နေပြီလားလို့ ထင်စရာရှိသော်လည်း..

"ဖေဖေ့.."

အလင်းက စံနှစ်လက်ကိုဆွဲထားလိုက်ပြီး ဂီတကိုညွှန်ပြကာ.. ၊

"သူကဂီတညတဲ့..ကျွန်တော်တို့အုပ်စုထဲက ရတုရဲ့ညီမ.."

"ဟုတ်လား.."

စံနှစ်က ပြုံးပြတော့ ဂီတကသွားတန်းလေးတွေပေါ်အောင် ရယ် လိုက်ပြီး.. ၊

"ဂီတက ဦးကိုဟိုတစ်ည ကလပ်ထဲမှာမြင်လိုက်တည်းက ခင်ချင်နေ တာ..တချို့မိဘတွေဆိုရင် မိဘပုံစံမျိုးနဲ့ ဆုံးမပဲ့ပြင်ကြတာလေ၊ ဦးက တော့ ဂီတတို့အုပ်စုထဲကလိုပဲ..မသိရင် အမြင်မတော်လို့ ခင်ကူတဲ့ဟီး ပေါ့.."

ဂီတက လက်လည်းပါသည်။ ပခုံးလေးမသိသာတွန့်၍ ရယ်နေတ



လေးကလည်း ဖော်ရွေပွင့်လင်းပုံလေး ပေါ်လွင်နေ၏။ သူ့အပေါ်မှာဆို ဂီတက ရည်စားများလို့ အထင်မကြီးသလိုလို အဖက်မတန်သလိုလို စ ကားပြောဖြစ်တိုင်း နှစ်လိုရယ်မောခြင်းနည်းပါးခဲ့တာတွေ အမှတ်တရပါ။ ရကျတော့.. ၊

"ဂီတကတော့ ယောကျ်ားတစ်ယောက်မှာ အဲ့ဒီလိုလွှမ်းမိုးနိုင်မှုရှိတာ မျိုးကို သဘောကျတယ်..တိုက်လို့နိုင်တာဖြစ်ဖြစ် ငြိမ်းချမ်းရေးနဲ့ရတာ ဖြစ်ဖြစ် ကိုယ်လိုချင်ရင် ရအောင်ယူနိုင်တာမျိုး.."

နည်းနည်းတော့ များသွားပြီထင်သည်။ အလင်းရယ်နေချင်ပေမယ့် ရယ်လို့လည်း မရတော့ပေ။ ဘယ်လိုခံစားချက်မျိုးကြီးမှန်းမသိပေမယ့် နရခက်လာတော့ သေချာ၏။ သူမကို သူ propose လုပ်ထားခဲ့သည်။ ကိုယ့်အိမ်ထိ သူမကလိုက်လာပြီး အဖြေပေးတာမဟုတ်မှန်း သိပေမယ့်..၊

ဖေဖေ့ကားထွက်သွားတဲ့အထိ ဂီတမျက်နှာလေး ပြုံးနေဆဲ။ ပြီးတော့ ပြောဖော်ရပါ၏။

နင့်အဖေကချောသလောက် အရမ်းတည်ငြိမ်တာပဲ..တဲ့.. ၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၇)

"ဟား ဟား ဟား.."

"ဟား ဟား ရယ်ရတယ်.."

"ဒါရယ်စရာလား.."

"ရယ်စရာပေါ့အလင်းရာ..မင်းကိုစည်းမဖောက်ကြေးလို့ ပြောထာ တာကို.."

"အေးလေ..ဂီတကို တိတ်တိတ်ကြိတ်ပြီး ပရိုပိုစ့်လုပ်တုန်းက ငါတို့ မသိလိုက်ဘူး..ခုကျမှ.."

"အဲ့ဒါ ဟသာ်ကိုးသောင်းပျက်တာလို့ ခေါ်တယ်.."

"ကိုးသိန်းဖြစ်ဖြစ်ကွာ.."

"ဟား ဟား ဟား.."

အလင်းမျက်နှာကြီး ရှုပုတ်နေလေ စက်ဝိုင်းတို့ကရယ်လေ။ သူတို့ လည်း ရိပ်မိပါသည်။ ဒါပေမယ့် ဂီတကလည်း အလင်းကိုသဝန်တိုနေ တာ သိသာနေတာမို့ ဖွင့်ပြောလိုက်ရင်တော့ ပြဿနာရှိမယ် မထင်ခဲ့ကြ ပေ။ တစ်နေ့နေ့ ငြိသွားကြမှာပဲလို့ တွက်ထားကြသည်ဖြစ်ရာ.. ၊

"မိန်းကလေးပဲကွ..မင်းဆီကိုတောင် ရောက်အောင်လာရတဲ့ဥစ္စာ၊ အ ဖြေပေးချင်လွန်းလို့ လာပါတယ်လို့ပြောမလား.."

"အေးလေကွာ..မင်းအဖေနဲ့အရင်အဆင်ပြေထားချင်တာလည်း ဖြစ် နိုင်တာပဲ.."

"အန်ကယ်လ်လေးက တကယ်လည်းချောတာပဲကွ..ဘော်ဒီစထရက် ချာကလည်း မိုက်တယ်၊ ယောကျ်ားတွေက အဲ့ဒီအရွယ်မှာ ကိုယ်ဝိတ် ကိုယ်ထိန်းထားနိုင်ရင် လူငယ်တွေချောတာထက်ပိုပြီး ဆွဲဆောင်မှုရှိတယ် ..ငါ့ဦးငယ်လေးဆိုလည်း ဒီတိုင်းပဲ၊ သူနဲ့အတူရှိနေရင် ငါတို့ညီအစ်ကိုတွေ



ကျနေသလိုပဲ.."

"မနာလိုတာတွေ.."

"ဒါကတော့ ကိုယ့်ကိုထားပြီး ကိုယ့်အဖေအရွယ်ကို ချောပါပေ့ လှ ပါပေ့ဖြစ်နေတာ ဘယ်သူခံနိုင်မှာတုံး..အခုအလင်းကိုပဲ မေးကြည့်လေ.."

စားသောက်ပွဲတွေကို ကြည့်နေရင်း အလင်းကပြုံးသည်။ လေညာ သူ့မျက်နှာကိုသေချာလိုက်ကြည့်ကာ.. ၊

"ဘာလဲ..မချိုပြုံးလား.."

"ဘာကိုမချိုရမှာလဲ.."

"တစ်ရာနဲ့ဖြေပါကွာ..နှစ်ရာမရလည်း ဘာဖြစ်လဲ၊ အဟွန်း ဂီတကို ဒီလောက်လည်း မဟုတ်ပါဘူး..မစားကောင်းတဲ့အသီးလို့ သတ်မှတ် ထားလို့ စိတ်ဝင်စားနေတာ.."

သူငယ်ချင်းတွေက ဘယ်လိုတွေအစိပ္ပါယ်ကောက်ပြီး အလင်းကို ချော့မော့ဖို့ ကြိုးစားနေကြသည်မသိ။ သူတို့သာ စားလက်စတွေကိုရပ် ထားပြီး တစ်ယောက်တစ်ခွန်းပြောနေကြပေမယ့် အလင်းက ရှမ်းခေါက် ဆွဲစားလိုက် အအေးသောက်လိုက်နှင့် သာယာနေ၏။

စက်ဝိုင်းတို့ကတော့ အလင်းမဖြေသာသမျှ နှင်းကန်သွပ်သွင်းနေ သည်ပဲထင်နေလျက်.. ၊

"အဲ့ကောင်မလေး အလင်းကိုရွဲ့တာဆိုရင်လည်း ဒီလိုတော့မလုပ် သင့်ဘူး.."

"အေးလေ..သားအဖကြားကို.."

သူတို့ကိုယ်တိုင်လည်း မျက်စိလည်ကုန်တာ အမှန်ပင်။ အလင်းက ပြောထားတိုင်း သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးသည်။ ဟိုလိုကူပါဦး ဒီလိုလုပ်ပါဦးတွေနဲ့ အားလုံးကိုခေါင်းစားတတ်တဲ့သူ.. ၊

ထိုအခါ ဂီတဒေါသတွေထွက် ရှောင်ထွက်လိုထွက်နှင့် အလင်းကို မျက်စောင်းတည့်ကြည့်ပြီး ဘောပြောသွားတာတွေလည်း ရှိသေးသည်။ ထို့ ကြောင့် ဂီတကအလင်းကို တစ်ဖက်သတ်ကြိတ်ချစ်နေသည်လို့ သူတို့မှ တွက်ခဲ့၏။

"ဒါနဲ့အန်ကယ်လ်လေးက ဘယ်လိုပုံစံမျိုးလဲ.."

"ဘာလဲ.."

"သူကရင်းနှီးသွားတာပဲလားလို့.."

အလင်းက ကုန်သွားသည့်ပန်းကန်ကို ဘေးဖယ်လိုက်ပြီး အအေး

www.burmeseclassic.com

www.burmeseclassic.com



ပုလင်းကို ဆွဲယူ၏။

"ကိုယ့်ကိုလေးစားပါတယ် ခင်မင်ပါတယ်ပြောနေတာကို ဘယ်
က လက်နက်ကြီးတွေနဲ့ ပြန်ထုမှာလဲ.."

အလင်းက မှုန်ကုတ်ကုတ်ပြောရင်း အအေးပုလင်းကို ဆောင့်ချ၏

"ဘာသိချင်နေကြတာလဲ..တစ်ခွန်းပဲမေးလိုက်.."

"မင်းတင်းနေတာ မင်းအဖေကိုလား..ဂီတကိုလား.."

"အေးလေ..ဂီတကိုပဲ မင်းပရိုပို့စ်လုပ်ထားတဲ့ကိစ္စနဲ့ ရှေ့ဆက်လိုက်
သူကမီးစိမ်းပြရင် ပြီးပြီ..မဟုတ်ရင်တော့.."

အလင်းက စက်ဝိုင်းကိုကြည့်ပြီး မေးဆတ်၍.. ၊

"ဆက်ပြော.ဘာဆက်လုပ်ရမလဲ.."

"အဲ့ဒီကျမှ မင်းသူ့ကိုပေါ်တင်မေးရမှာ..အန်ကယ်လ်လေးကို
ကြောင့် မင်းမပြစ်မှားနဲ့နော်၊ ယောကျ်ားဆိုတာ.."

"ဖေဖေ့ကို ငါဘယ်တော့မှ မပြစ်မှားဘူး.."

နားချမလို့ အများကြီးစုဆောင်းထားသည့် စကားလုံးတွေကို စ
ဝိုင်းပြန်မျိုချရမလို လည်ချောင်းဝမှာ ခဏသိမ်းထား၍.. ၊

"ဟုတ်တယ်..အန်ကယ်လ်လေးကတော့ လူငယ်တွေနဲ့ ရော
မိုက်မှာ မဟုတ်ပါဘူး.."

"အဟွန်း.."

အလင်းကရယ်လိုက်ပြီး ထိုင်ခုံနောက်မှီမှာ ခါးဆန့်လိုက်ပြီး.. ၊

"ငါနားမလည်နိုင်တာက လူတစ်ယောက် အဲ..မိန်းမတစ်ယောက်
နှစ်သက်မှုက တစ်နာရီကို သို့မဟုတ် တစ်ရက် တစ်လအတွင်းမှာ ဘ
လိုစပိဒ်နဲ့ ဘယ်လောက်ထိမြန်အောင် ပြောင်းလဲနိုင်သလဲဆိုတာပဲ.."

"မင်းက ဂီတ အန်ကယ်လ်လေးကို တကယ်ကျနေတယ် ထင်
လား.."

ဟုတ်တယ်လို့ ရင်ထဲမှာဖြေလိုက်မိသည်။ ဖေဖေ့ကိုဂီတကြည့်လို
သည့် အကြည့်တွေကို သူတအံ့တသြကြီးဖြစ်မိရင်း တစ်ထိုင်တည်း
လည်ခဲ့သည်။ အံ့သြမိတာကို ဟန်မဆောင်နိုင်ခဲ့ပေမယ့် သူ့အတွက်
အသည်းကွဲတာ ဘယ်လိုအနာမျိုးလဲလို့ မေးရမလောက် စိမ်းသက်နေ
ဝေဒနာပါ.. ၊

"ဘာပဲဖြစ်ဖြစ် မသေချာသေးဘဲနဲ့တော့ သားအဖကြားမှာ.."

"ဖေဖေနဲ့ငါ့ကြားမှာ ဒီလိုတိမ်းစောင်းမှုတွေ ဘယ်တော့မှဖြစ်ဖို့



လေကြီး..ဖေဖေ့စိတ်ကို မေမေတောင်ငါ့လောက် သိမှာမဟုတ်ဘူး၊
ကြောင့် ဂီတက တကယ်ဆိုရင် သူ့ကိုငါသနားတယ်.."

'ဒါတော့ များသွားပြီထင်တယ်'လို့ ပြောချင်သည့်အကြည့်တွေ တ
ဖျတ်ဖျတ်ပေါ်လာပြီး တဖြုတ်ဖြုတ်ပြန်ပျောက်သွားကြ၏။ ပြီးတော့ သက်
ပြင်းကိုယ်စီနှင့်.. ၊

"ငါတို့ကလည်း အဲ့လိုပဲဖြစ်စေချင်ပါတယ်..ပြောရင်းဆိုရင်း ဟိုမှာ
ဂီတလာပြီ.."

ဂီတလာရင် ခါတိုင်းကမထူးဆန်းပေမယ့် ဒီနေ့ကျောပေးထားသည့်
လေကြီးကပါ နောက်လှည့်ကြည့်သည်။ ဂီတကလည်း သိသည်။ အပြာ
ရောင်ဝတ်ဆုံလေးနှင့် အပြာရောင်ထီးလှလှလေးကို ပိတ်လိုက်ကာ.. ၊

"စာမေးပွဲနီးနေလို့ စုဖွဲ့ပြီး အတင်းတုပ်နေကြတာလား.."

"အေးဟ..အတင်းတုပ်ရတာ နာမည်ဆိုးပေမယ့် အတော်အပျင်းပြေ
တာ၊ နင်ပါပါဦးမလား.."

"ပါချင်ပေမယ့် ကိုယ့်အတင်းကိုယ်ဝင်ပြောတဲ့သူ ဘယ်မှာရှိလို့လဲ.."

ပြောလိုက်သည့်စကားက ဘယ်ကိုရည်ရွယ်မှန်း မျက်လုံးတွေက
အလင်းကိုကြည့်လိုက်တော့ သရုပ်ပေါ်သွားသည်။ အလင်းက မသိလိုက်
လိုအကြည့်နှင့် ပြုံးပြကာ.. ၊

"ကိုယ်ပရိုပို့စ်လုပ်ထားတဲ့ ကောင်မလေးအကြောင်း ယောကျ်ားလေး
ချင်း ထိုင်ပြောဖြစ်တာ အတင်းတုပ်တယ်ဖြစ်စရာလား..အခုဘာလုပ်ကြ
မလဲပြော.."

"ဘာလုပ်ချင်လို့လဲ.."

"အဲ့.."

"အဟွန်း.."

"အဟမ်း အဟမ်း..ပြောလိုက်တော့အလင်း.."

"ငါတို့ကစေတနာ့ဝန်ထမ်းတွေနော်..အဲ့မှာရှင်းလိုက်တော့.."

"နေပါဦး..ဒါလေး ဒါလေး.."

စက်ဝိုင်းတို့က ထွက်ခွာဖို့ပြင်ကြသည်။ စားလက်စ[illegible]ကမန်းက
တန်း လက်စသတ်၍ လေကြီးကအစားလည်းကြီးကြောင်း သက်သေထူ
နေသည်။ နှစ်ယောက်တည်း ကျန်ခဲ့တဲ့အထိ အလင်းနှင့်ဂီတက တိတ်ဆိတ်
စွာ ရှိနေခဲ့ကြပြီး.. ၊

"အလင်း.."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်.."

"နင်ကငါ့ကို ပရိုပို့စ်လုပ်ထားတာဆိုတော့ အားတော့နာတယ်.."

"ဘာဖြစ်လို့လဲ..ငါတို့ကြားမှာ အားနာစရာတွေမရှိပါဘူး၊ နင့်ဘ
ကနိုးဆိုရင် ခေါင်းခါလိုက်ရုံပဲ.."

ဂီတက သူ့မျက်နှာကိုသေချာကြည့်သည်။ အလင်းကလည်း ပ
တွန့်ပြရင်း ပြန်စိုက်ကြည့်၏။ ပြီးမှ ဂီတကမျက်ဝန်းတွေတိမ်းဖယ်
သူသောက်ထားသည့် အအေးပုလင်းကို လှမ်းယူလိုက်ပြီး.. ၊

"ငါကတော့ မောင်နှမနှစ်ယောက်တည်း ကြီးပြင်းခဲ့ရတာ ကြ
ထင်တယ်..ငါ့စိတ်ကမိန်းမသိပ် မဆန်တတ်တော့ဘူး.."

"ဘာလဲ..မိန်းမချင်းကြိုက်ချင်စိတ်တွေ ဖြစ်နေလို့လား.."

"ဟား ဟား ဟား.."

ဂီတက မျက်နှာလေးမော့ပြီး ရယ်သည်။ သူမကမိန်းမမဆန်တ
ဘူး ပြောနေပေမယ့် ရယ်လိုက်တိုင်း လှနေတတ်သည့် နှုတ်ခမ်းသား
တွေက ဘေးမှာပါးချိုင့်လေးတစ်ဖက်နဲ့မို့ ချစ်စရာကောင်းနေသည်။ သ
ဘယ်လောက်ချစ်စရာကောင်းနေမှန်း သူသတိထားမိနေခဲ့သည်။ သူ
ပတ်သက်ပြီး ရင်ခုန်သံတွေဖြစ်လာတတ်တာကိုလည်း သူ့ဘာသာ
သည်။

ဒါကြောင့် သူငယ်ချင်းတွေစနောက် တားဆီးနေကြပေမယ့် စ
ဖောက်ပြီး သူရင်ဖွင့်ပြခဲ့သည်။ ဂီတက လက်မခံဘူးလည်း မဟုတ် ခေ
လည်းမညိတ် ဘာကြောင့်ဆိုတာတော့ မသိခဲ့သော်လည်း.. ၊

"ငါ့ရင်ထဲမှာ နင့်ထက်အရင် နေရာယူထားတဲ့သူရှိတယ်.."

တစ်ယောက်တည်းအဖြေရှာဖို့ ကြိုးစားနေစဉ် ဂီတရဲ့စကာ
ကြောင့် သူမဆီအာရုံရောက်သွားခဲ့၏။

"နင့်ငါ့ကိုပရိုပို့စ်မလုပ်ခင်တည်းက သူနဲ့ငါဆုံခဲ့ကြတာ.."

အလင်းအံ့သြသွားသည်။ ဒါဆို သူတို့အထင်တွေ တလွဲဖြစ်နေ
တာလား..။ ဒါမှမဟုတ် ကလပ်ထဲမှာ ဖေဖေ့ကိုမြင်ခဲ့တာကို ရည်ရွယ်
နေတာလား..။ မြင်မြင်ချင်းတမ်းတမ်းစွဲ ရူးသွပ်ကျွန်ခဲ့လောက်အောင်
ဖေဖေက မဟုတ်လောက်ဘူးထင်သည်။

"ငါဒုက္ခရောက်နေတုန်း သူကူညီခဲ့တာ..အဲ့ဒီအချိန်မှာ ငါ့ဘေ
ရောက်လာခဲ့တာလေ၊ ငါ့မျက်လုံးထဲမှာ သူကနတ်သားတစ်ပါးလို

ဒါဆိုရင်တော့ ဖေဖေမဟုတ်ဘူးထင်သည်။ ကိုယ့်ဘာသာထ



တွေးနေမိသည့်အဖြစ်ကို ရှက်မိသလိုလို ဝမ်းသာသွားသလိုလို.. ၊

"နင့်ရှေ့မှာ အဲ့လိုကြီးပြောမိတာ အားနာတယ်..မပြောမိအောင်လည်း
နေခဲ့ပါသေးတယ်၊ ဒါပေမယ့် အခု.."

"ရပါတယ်..အခုငါကပရိုပို့စ်လုပ်လိုက်တော့ နင့်မှာငြင်းပယ်ရမယ့်
ကြောင်းရှိနေတာ ငါသိမှဖြစ်မှာပေါ့.."

"နင်ငါ့ကိုစိတ်ဆိုးလားအလင်း.."

"မဆိုးပါဘူး..ဝဋ်လည်တယ်ဆိုတာ လက်တွေ့သိသွားတာပေါ့၊ ငါ
လည်း ငါ့ရင်ခုန်သံတွေကိုပဲ ဦးစားပေးတယ်..ရင်ခုန်သံမရှိဘဲနဲ့ ချစ်သူကို
ယူလိုက်လို့မရဘူး၊ ငါ့ကိုရင်မခုန်ဘဲနဲ့လဲ ငါပွေ့ပိုက်တာကို ရင်ခုန်မှာမ
ဟုတ်ဘဲ ဘာလုပ်မှာလဲ.."

"အဲ့လိုလည်း မဟုတ်သေးဘူး..ငါနင့်ကိုနေရာပေးချင်တယ်၊ ဒါပေ
မယ့် သူ့ကိုဖျောက်လို့မရဘူး.."

"ဘာဖြစ်လဲဂီတရယ်..မိန်းကလေးက ချစ်မိနေတာလည်း ရင်ဖွင့်လို့
ရတာပဲ၊ နင်ရင်ဖွင့်လိုက်ပေါ့.."

"နင်ငါ့စကားတွေကြောင့် နည်းနည်းမှမခံစားရဘူးပေါ့..ဟုတ်လား.."

"ခံစားနေရတာကို မြင်ချင်လို့မေးတာလား.."

"အဲ..ဘယ်လိုပြောရမလဲ အင်း.."

"ဟွန်း..ငါ့ကိုစမ်းသပ်ချင်တာကြောင့် ဖွဲလမ်းနေတဲ့တစ်ယောက်
ကောက်ကပ်ထည့်လိုက်တာတော့ မဟုတ်ဘူးမလား.."

"ငါပွင့်လင်းတာကို နင်သိပါတယ်..ငါနင့်ကိုစိတ်ဝင်စားခဲ့တယ်၊ ဒါ
ပေမယ့် သူပေါ်လာတော့ နင့်ရဲ့မအားလပ်နိုင်တဲ့ ရင်ဘက်ထဲကနေရာကို
ငါလွမ်းတော့ဘူး..ဒါပေမယ့် သူနဲ့လည်းမနီးစပ်နိုင်ဘူး၊ အချစ်ဆိုတာ
ချင်တိုင်းလည်း မရ..လိုချင်တိုင်းလည်း မရ၊ အရမ်းစိတ်ပျက်ဖို့ကောင်း
တယ်ဟာ.."

"ရဖို့သေချာမှတောင်းခံကြတာမဟုတ်ဘူးလေ..ခက်တော့တာပါပဲ.."

"အမလေး..ဆရာကြီးအထာနဲ့ ခက်ပြမနေပါနဲ့၊ ငါနင့်ထက်သ
တယ်.."

"ဘာရယ်.."

သူနားရှုပ်သွားတော့ ဂီတက သရော်လှောင်ရယ်သည့်မျက်ဝန်းတို့
ကြည့်သည်။ ပြီးတော့ အသံထွက်အောင် ရယ်လိုက်ရင်း.. ၊

"ကလပ်ထဲမှာ နင်ပြဿနာရှာပြီး ကိုယ့်ပြဿနာကိုယ်အဆုံးမသတ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘဲ သူများလက်ထဲမှာ ကိုယ့်ယို့ကားယားကြီး ပြုကျနေတာလေ..အပွ
ဟွန်း.."

အလင်းမျက်နှာ တစ်ချက်နီသွားသည်။ ဒါကြောင့် သူမပြောခဲ့
ပဲ.. ၊

....ဂီတကတော့ ယောကျ်ားတစ်ယောက်မှာ အဲ့လိုလွှမ်းမိုးနိုင်မှုရှိ
မျိုးကို သဘောကျတယ်..တိုက်လို့နိုင်တာဖြစ်ဖြစ်.....

....ငြိမ်းချမ်းရေးနဲ့ရတာဖြစ်ဖြစ် ကိုယ်လိုချင်ရင်ရအောင် ယူနိုင်
မျိုး....

"ဩော်..ဟား ဟား ဟား.."

ကိုယ့်ဘာသာတွေးမိပြီး အလင်းက မျက်နှာမော့၍ရယ်ချလိုက်
ဘေးစားပွဲက ကျောင်းသားတချို့ပါ လှမ်းကြည့်ကြလျှင် ဂီတကမျ
မှောင်လေးကုတ်၍.. ၊

"သဘောကျစရာပါသွားလို့လား..ရှက်ရယ်ရယ်တာလား.."

"ရှက်စရာလားဂီတရယ်..ငါနောင်တရသွားလို့ပါ၊ ဟား ဟား ဟ
ကိုယ်ကြိုက်နေတဲ့ကောင်မလေးရှေ့မှာ ငါနိုင်အောင်ချခဲ့သင့်တာကို.."

"ဟွန်း.."

ဂီတက မျက်စောင်းလေးထိုး၍ မဲ့ကာ.. ၊

"အဲ့ဒါကြောင့် နင့်အဖေခြေဖျားတောင် နင်မီမှာမဟုတ်တာ ကို
ဘာသာသဘောပေါက်လိုက်တော့.."

"ဘယ်သူကကိုယ့်အဖေနဲ့ ခြေရာချင်းတိုင်းနေမှာမို့လို့လဲ..ငါဆို
အလင်းသိက ပိုဆိုးတယ်၊ ဖေဖေက ငါ့အတွက်အရာရာပဲ..ငါ့မှာဖေ
ထက်မကတော်တဲ့ အရည်အချင်းတွေရှိနေရင်လည်း အဲ့ဒါဖေဖေ့သား
နေလို့ပဲ.."

"အင်း..အဲ့ဒီလိုသားလိမ္မာတွေကပဲ မိဘကိုဒဏ်ရာအကြီးကြီး
တတ်ကြတာ.."

"ဟား ဟား ဟား.."

"ရယ်ပါ..အမြဲတမ်းရယ်နိုင်ဖို့ပဲ ဆုတောင်း.."

"ဆုမတောင်းပါဘူး..လောကကြီးက ရယ်သံတွေချည်း နားထော
နေတာ မဟုတ်မှန်းငါသိပါတယ်၊ လောကထဲကိုဝင်လာတော့လည်း
လာကြတယ်..ထွက်သွားကြတော့လည်း ငိုကြရတာပဲ၊ ဒါပေမယ့် လော
နိယာမတချို့ကို လူတွေပြင်ဆင်လို့ရနေတာ နင်မေ့နေပုံပဲ.."



စကားတွေပြောရင်း တစ်ယောက်ကိုတစ်ယောက် ထိုးနှက်မှုတွေ စ
င်လာခဲ့သည်။ ဂီတဘာကိုဆိုလိုမှန်းသိနေပေမယ့် သူမပြောမလာသေး
ည့်အရာအတွက် တိုက်ရိုက်ပစ်ခွင်းလို့မရ။ ဂီတကလည်း ပြောမှာမ
ဟုတ်သော သိုသိပ်သည့်မဲ့ပြုံးနှင့် ငြိမ်သက်သွားသည်။ ပြီးတော့မှ.. ၊

"လူတွေပြင်ဆင်လို့ရနေတဲ့ နိယာမတွေထဲမှာ 'အချစ်'ဘယ်နေရာက
ပါနေလဲ ပြောပါဦး.."

"နို..အချစ်က နိယာမတစ်ခုခုဟုတ်သလား မဟုတ်ဘူးလားငါမသိ
ဘူး၊ ငါစိတ်ဝင်စားကြည့်သလောက်တော့ အချစ်အကြောင်း ငါကိုယ်တိုင်
တောင် သိပ်မသိသလိုပဲ.."

"ဒါဆိုငါအဖြေမပေးမိတာ မမှားဘူးပေါ့.."

"နင့်ဘာသာနင်သုံးသပ်လေ..အရှင်းဆုံးဝန်ခံရရင် ငါကရပါတယ်.."

"နင်ကရပေမယ့် ငါကတော့ နင့်ကိုကဲန်ဆယ်လ်မလုပ်ပါဘူး..ငါ့ရဲ့
ရင်းနှီးဆုံးယောကျ်ားလေးသူငယ်ချင်းက နင်ပဲ..ငါလည်းနင့်ကို.."

"ရပြီ.."

အလင်းက လက်ကာလိုက်ရင်း ရယ်ကာ.. ၊

"ကြိုးရှည်ရှည်နဲ့လှန်ထားခံရလည်း ငါကရပါတယ်..ရှင်းပြမနေနဲ့.."

"အဲ့လိုလား.."

ဂီတကလည်း ခေါင်းညိတ်ပြီးပြုံးသည်။ ပြီးတော့ သူမကိုင်ထား
ည့် အလင်းရဲ့သောက်လက်စအအေးပုလင်းထဲက လက်ကျန်တွေကို
မြပြင်ပေါ် ဒီတိုင်းသွန်ချပစ်လိုက်၏။ ပိုက်ဆံရှင်းမလို့ အမှတ်တမဲ့နေ
လိုက်မိသဖြင့် သူမရဲ့လုပ်ရပ်ကြောင့် မြေပြင်ကနေ ပြန်ခုန်တက်လာသည့်
ရေစက်အစက်အပေါက်တွေကို ခြေထောက်ရုတ်၍ ကမန်းကတန်းရှောင်
လိုက်ရသည်။

ဂီတကရယ်ကာ.. ၊

"အရမ်းသွေးအေးနေလို့ လှုပ်လှုပ်ရှားရှားလေးဖြစ်သွားအောင်လို့ပါ..
ယ်လိုလဲ.."

သူမကပြောလိုက်မှ အလင်းကပြုံးကာ.. ၊

"ငါကရပါတယ်.."

"အဟွန်း..ငါကရပါတယ်၊ တစ်ကြိမ်.."

"ငါကရပါတယ်.."

"ငါကရပါတယ် နှစ်ကြိမ်.."

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား.."

နှစ်ယောက်အတူတူရယ်မိကာ ကလေးတွေဆော့နေကြသည့်အ[illegible] မသိရင် ဒီနှစ်ယောက်ပတ်ဝန်းကျင်ကိုတောင် သတိမထားနိုင်လော[illegible] အောင် အပျော်လွန် အူမြူးနေကြသလိုလို.. ၊

သို့သော်.. ၊

♥♥♥

## အခန်း(၁၈)

ရုတ်တရက်မြင်လိုက်တော့ ကြော်ငြာရိုက်မလို့ရောက်နေတဲ့ မင်းသား[illegible]ားလို့ ထင်လိုက်မိ၏။ ဒါပေမယ့် မြန်မာမင်းသားတွေကို သူမသိသမျှ[illegible]မင်းသားတော့မပါပေ.. ၊

အနီရောင်ရုပ်အင်္ကျီ၏ကော်လံက ဖြူဝင်းနေသော မေးရိုးအစပ်မှာ [illegible]င်လျက် ကုတ်အင်္ကျီအနက်ကို ထပ်ဝတ်ထားသည်။ သေသပ်ကျနသော [illegible]ပင်ပုံနှင့် သူ့အရပ်အမောင်းသည် အဆီပိုမရှိသောကိုယ်ဟန်ကြောင့် [illegible]ကြည့်ကောင်းနေ၏။

မြန်မာပြည်၏ရာသီဥတုမှာ ကုတ်အင်္ကျီဝတ်ထားတတ်ရင်တောင် [illegible]ယ်လိုမှအထာမကျနိုင်တာကို မြင်တာနှင့်သိသာစေပေမယ့် သူ့ပုံစံက [illegible]ရှင်းသန့်ကြည်စင်နေသည်။

"ဟဲ့..ငေးလှချေလားလူမမာရယ်၊ ခြေထောက်ကမဟန်သေးဘဲနဲ့ [illegible]စ်ယောက်ယောက်ဝင်တိုက်သွားရင် အရုပ်ကြိုးပြတ် လဲကျသွားတော့[illegible]ယ်.."

"ဟန်သီ.."

"ဘာလဲ.."

မလွှတ်တမ်းဆွဲကိုင်ထားသည့် ဟန်သီ့လက်ပေါ်ကနေ ထပ်ကိုင်၍ [illegible]ါမိကာ.. ၊

"ဟိုမှာကြည့်စမ်း.."

"မြင်တယ်လေ..နင်ဒီလောက်တောင်ကြည့်နေတာ.."

"ငါမျက်လုံးလွဲလို့ မရတော့ဘူး.."

"မိသုရယ်..ဟိုကလည်း နင်ဒီလောက်ကြည့်နေတာ သိနေလောက်[illegible].."

www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူး..ငါသူ့မျက်နှာကို သေချာကြည့်ချင်တာ ဒီဘက်ကိုလှ ဝလှည့်မလာဘူး.."

"ကြည့်ချင်ရင်လည်း သူ့ရှေ့ရောက်အောင်သွားပေးမယ်..လာ၊ လေ ကားထိပ်မှာ သူများဝင်တိုက်လို့ ပြုတ်ကျမှဖြင့် တကယ်ပါပဲ.."

တော်ဝင်စင်တာထဲမှာ ဒီအချိန်လူရှင်းပေမယ့် ထိုသူရဲ့နံဘေးမှာတော့ လူအုပ်စုလိုဖြစ်နေပြီး တစ်ခုခုပြောဆိုလုပ်ကိုင်နေကြတာ သေချာ၏။ အ နက်ရောင်ထဲကနေ ခိုပြာရောင်လက်နေသည့် မျက်မှန်နှင့် ခါးထောက်ရပ် ပြီး စကားပြောနေပုံကို သုသေချာကြည့်နေမိကာ ခြေလှမ်းကလည်း အ နေးဆုံးနှုန်းနှင့် မခွာနိုင်.. ၊

"အဆောက်အဦးထဲမှာ မျက်မှန်တပ်ထားတဲ့ပုံစံနဲ့ ကြော်ငြာပိုစတာ ရိုက်မလို့လား.."

ခုခေတ် အနုပညာလောကက နိုင်ငံခြားမင်းသားမင်းသမီးတွေနဲ့တွဲ ဖက်လုပ်ဆောင်နေကြတာမို့ ဒီလူကိုဘယ်ကားမှာ ကြည့်ဖူးသလဲပြန်စဉ်း စားရင်း အနားနီးနီးလေးကို ရောက်သွားခဲ့လျှင်.. ၊

"ဒါလေးတစ်ချက်ကြည့်ပေးဦးစံနစ်..ရော့.."

တစ်ဖက်ကနေ ကီးချိန်းလေးတန်းလန်းနှင့် တစ်စုံတစ်ခုပစ်ပေးလိုက် လျှင် အမှတ်တမဲ့နေရာကနေ စံနစ်ကမန်းကတန်း ဖမ်းလိုက်လျှင်.. ၊

"အား.."

"ဟာ..ဆောရီး.."

ပစ္စည်းကိုသေသေသပ်သပ်မဖမ်းနိုင်ဘဲ ဘေးကမိန်းကလေးတစ် ယောက်၏လက်မောင်းကို ထိခိုက်မိသွား၏။ စံနစ်ပျာပျာသလဲတောင်း ပန်ရင်း ဖြူဝင်းသည့်သူမလက်မောင်းလေးကို ကြည့်လိုက်မိသည်။ သူမ က လက်ဖဝါးလေးတစ်ဖက်နဲ့ ဖတ်ခနဲအုပ်ထားလိုက်ပြီး.. ၊

"ရပါတယ်.."

မျက်မှန်ချွတ်ပြီး စိုးရိမ်တကြီးကြည့်လာသည့် မျက်ဝန်းတွေမှာ သု ငေးသွားမိသည်။ မျက်ခုံးတန်းက စိမ်းညို့ထူခဲနေသည့် မျက်ဝန်းတွေက သိုသိပ်သောမျက်တောင်တို့ ဘောင်ခတ်လျက်စူးရဲနေသည်။ မျက်လုံးချင်း ဆုံလိုက်သည်နှင့် စံနစ်မျက်မှောင်တစ်ချက် တွန့်သွားသည်။ ပြီးတော့ နောက်ပြန်ဆုတ်၍.. ၊

"ဆောရီးပါ..အဲ့ဒါက ကျသွားရင် ပျက်စီးလို့မရလို့ ကမန်းကတန်း ဖြစ်သွားတာ.."



"ဆောရီးပါညီမရယ်..သူကအဲ့လိုဖမ်းရင် ဘယ်တုန်းကမှမလွဲတတ် တော့ တမင်အငိုက်ဖမ်းပြီး လှမ်းပစ်လိုက်တာ.."

နောက်ထပ်နဖူးကျယ်ကျယ် အရပ်မြင့်မြင့်နှင့် ဗိုက်အနည်းငယ်စူချင် စူချင်သလိုရှိသော လူတစ်ယောက်က အရယ်တစ်ဝက်နှင့်ရောက်လာပြီး ရှင်းပြရင်း တောင်းပန်သည်။

"ကျွတ်..မင်းအဲ့လိုလုပ်ရလား.."

ရပါတယ်လို့ သုကပြောနေပေမယ့် သူကတော့နောက်လိုက်သည့်လူ ကြီးကို မကြည့်မလင်ကြည့်နေဆဲရှိလျက်.. ၊

"ကံကောင်းလို့ပေါ့ရှင်..သုကအက်ဆီးဒင့်ဖြစ်လို့ ဆေးရုံကဆင်းလာ တာမနေ့ကမှ.."

ဟန်သီက သု့လက်ကိုလှုပ်၍ သွားဖို့သတိပေးရင်း မကျေနပ်သလို ငင်ပြောသည်။ ထို့ကြောင့် သူ့မျက်နှာမှာ အတောမသတ်နိုင်သော အားနာ မှုတွေဖြစ်ထွန်းသွားလေသည်။ မျက်လုံးချင်းဆုံနေတာကို သုကလည်း တစ်ချက်မှ မျက်နှာမလွှဲဘဲ ငေးကြည့်နေမိကာ.. ၊

"ဒီက တစ်ယောက်ယောက်နဲ့ တူသလိုပဲနော်.."

စကားလက်ဆုံကျဖို့ သုကကြိုးစားပေမယ့် သူကခြေထောက်ကို ကြည့်၍.. ၊

"ခြေထောက်တွေမကောင်းသေးဘဲနဲ့ စင်တာထဲဝင်လာတာလား.."

"ဟုတ်..ဒါပေမယ့်.."

"အခု ဦးကြောင့်တစ်ခုခုများ ထိခိုက်မိသွားသေးလား.."

သူလက်ပြန်တွန်းလိုက်သလို ဖြစ်သွားသောကြောင့် သူမယိမ်းယိုင် များတာ မြင်လိုက်သည်။ အနားမှာ အဖော်မိန်းကလေးသာရှိမနေလျှင် ပဲသွားနိုင်၏။ သူမကတော့ ခေါင်းပဲခါနေကာ သူ့ကိုငေးနေရာကနေ ကိုအလိုမကျဖြစ်သွားသည်မသိဘဲ မျက်ခုံးလေးတွေ တွန့်ကုတ်သွား သည်။

"စံနစ် အပေါ်မှာ အစည်းအဝေးစတော့မယ်.."

တစ်ယောက်က လာခေါ်သည်။ သူကလှည့်ကြည့်ပြီး ခေါင်းညိတ်၏ တော့ သူမဘက်ပြန်လှည့်ကာ.. ၊

"ချာတိတ်အဆင်မပြေရင် ဒီဖုန်းကိုဆက်လိုက်..အောက်မှာ ဦးဒရိုင် ရှိတယ်၊ သွားမယ့်နေရာပို့ခိုင်းလို့ရတယ်.."

လိပ်စာကဒ်လေး ထုတ်ပေးလိုက်ပြီး.. ၊

www.burmeseclassic.com

www.burmeseclassic.com



"အိုခေ.."

"အင်း.."

သူလှည့်ထွက်သွားတော့ ရင်ထဲမှာဟာကျန်ရစ်၏။ သို့သော် သူ
လက်ထဲကကဒ်ကို တစ်ယောက်က လာဆွဲယူလိုက်ပြီး.. ၊

"ဘာပေးသွားတာလဲ ဟိုကောင်.."

ဟင်.. ၊

သု တအံ့တသြလှည့်ကြည့်မိကာ.. ၊

"ဖေဖေ.."

"ဟုတ်တယ်..ဖေဖေမြင်လိုက်တယ်၊ ခုနဒီကဒ်ပေးသွားတဲ့ကောင်..

လိပ်စာကဒ်မှာ နာမည်မပါဘဲ S စာလုံးကြီးတစ်လုံးပဲပါသည်။ ပြ
တော့ ဖုန်းနံပါတ်တွေ.. ၊

"ကိုရယ်..ဘယ်နှယ့်လူကြားထဲမှာ ကလေးကို.."

"ကလေးတွေကို ပြောချင်တာမဟုတ်ဘူးမာ..ဟိုကောင် ငါ့သမီး
လိပ်စာကဒ်ပေးသွားတာ မင်းမြင်တယ်မို့လား.."

"မြင်ပါတယ်..ဒါလေးနဲ့ပဲ.."

"ဒါလေးနဲ့မဟုတ်ဘူးကွ..ဒါသူ့သမီးအရွယ်လေးဆိုတာ သင်းနာ
လည်တော့ဘူးလား၊ စံနစ်ဆိုတဲ့ကောင် ငရှုပ်.."

မာမာလင်းလည်း ကိုယ့်ယောကျ်ားကို ပြောမနိုင်ဘဲဖြစ်နေသဖြ
တအံ့သြကြည့်နေသည့်သမီးကိုပဲ နောက်မှမေးဖို့ မျက်ရိပ်ပြမိသည်။
ပေမယ့် သုကလည်း သိချင်နေကာ.. ၊

"ဘာတွေလဲမေမေ..စံနစ်ဆိုတာ.."

"အဲ့ဒါ သမီးဖေဖေရဲ့ သူငယ်ချင်း.."

"ဟင်.."

"အစကပေါ့..နောက်တော့ ရန်ဘက်တွေဖြစ်ကုန်ကြတာတဲ့၊ မေ
လည်း သိပ်မသိပါဘူး.."

"ဘာဖြစ်လို့လဲ.."

"နောက်မှမေးပါသမီးရယ်..လာ လာ ပြန်ဆင်းရအောင်၊ သမီး
သူနဲ့ခုမှ ဆုံတာလား.."

"ဟုတ်တယ်.."

"တောက်.."

သုဘာမှဆက်မပြောရသေးခင် မော်လွင်ရဲ့တက်ခေါက်သံက ကြ



ဖြတ်ဝင်လာကာ.. ၊

"ဒီကောင်ခုထိ ဒီအကျင့်ကိုမပြင်ဘူး..မိန်းမထားခဲ့တာ နည်းတောင်
နည်းသေးတယ်.."

"ဘယ်လိုဖေဖေ..သူ့ကို.."

သုက အလွန်အမင်း အံ့သြသလိုရှိလျက်.. ၊

"သူ့ကိုထားခဲ့တာ ဟုတ်လား..မိန်းမက ထားခဲ့တာ.."

သမီးဖြစ်သူ ဘာကိုဆိုလိုချင်မှန်း မော်လွင်ကသတိမထားမိ။ ထို့
ကြောင့် အားပါးတရကြီး ခေါင်းညိတ်၍.. ၊

"ဟုတ်တယ်..သူကဇယားကျလွန်းတာကိုး၊ ဒီလိုလူကို ဘယ်မိန်းမ
က သည်းခံနိုင်မှာလဲ..ဟိုကပြတ်လိုက်တာမှ ကလေးကျန်ခဲ့တာတောင်
တစ်ချက်မှ ပြန်လှည့်မကြည့်ဘူး..သူ့ကိုရွံသွားတာ နေမှာပေါ့.."

"တော်တော် အံ့သြစရာကောင်းတဲ့မိန်းမပဲ..ဒါမှမဟုတ် အဲ့မိန်းမရူး
များနေလား.."

ဟင်.. ၊

ကိုယ့်သမီးကို မယုံနိုင်.. ၊

မော်လွင် ဟင်ခနဲလှည့်ကြည့်တော့ မာမာလင်းကသမီးဖြစ်သူကို
ခေါ်သွားပြီဖြစ်လျက်.. ၊

"နောက်ကို သမီးအဖေရှေ့မှာ သူ့အကြောင်းမပြောတော့နဲ့သိလား.."

"ကွယ်ရာမှာရော.."

မာမာလင်းစိတ်ညစ်သွားသည်။ အဖေကတစ်မျိုး သမီးကတစ်မျိုး..၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁၉)

"စာချုပ်ချုပ်ဖို့ကိစ္စတွေကို ဦးသူရနဲ့ပဲ လုပ်လိုက်တော့..ငါမန္တလေ
ကို တက်ရဦးမယ်.."

"စာချုပ်မှတ်ပုံတင်ကိစ္စတွေကို ရှေ့နေကိုမှာထားပြီးသားလား.."

"အေး..မန်နေဂျာလည်း စီစဉ်ထားတာရှိတယ်၊ အလယ်ပိုင်းက
ဆောက်အဦးကိစ္စ ခဏထားမှဖြစ်မယ်..ငါ့သားမွေးနေ့အတွက် ငါ့စိတ်
က အဲ့မှာဖြစ်နေလို့.."

"ဟုတ်ကဲ့ပါ.."

အတွင်းရေးမှူးနဲ့ မန်နေဂျာကိုအောင်စိုးတို့က စံနစ်ရဲ့တစ်ဖက်
ချက်မှာ စကားပြောရင်း အတူပါလာကြသည်။ နောက်မှာ ဒါရိုက်တာ
ဝေလုနဲ့ သူ့ရဲ့လုပ်ငန်းပါတနာတွေ ပါလာသေးသည်။ ဓာတ်လှေကား
ဝင်ခါနီးမှ စံနစ်က နောက်ချန်ရစ်ကာ.. ၊

"ဧည့်သည်တွေနဲ့ မင်းလိုက်သွား..ကိုအောင်စိုး.."

"ဗျာ..ကိုစံ.."

"ခင်ဗျား အခုဒီနေ့ပဲ ဘန်ကောက်ထွက်ရမှာနော်..ပစ္စည်းထုတ်
ကွန်တိတ်နာမချခင် ပါမစ်ရအောင်လုပ်ထား၊ ဟိုမှာနှစ်ညထက် ပိုမကြ
စေနဲ့.."

မှာစရာရှိတာတွေပြောရင်း လှေကားကနေ အောက်ဆင်းလာခဲ့စဉ်

"ဟော..ကိုဝင်း.."

"ဟုတ်ပဗျာ..ကိစ္စကအရေးပေါ်ဖြစ်နေလို့ စောင့်နေရတာ၊ ခင်ဗျ
လည်း အလုပ်ရှုပ်နေပုံပဲ.."

ကားနားကနေ ရပ်စောင့်နေသည့် ဦးရာဇာဝင်းက သူ့ကားနားက
စံနစ်ဆီကိုလျှောက်လာ၏။ ထိုမြင်ကွင်းကို သိုကသေချာမြင်နေရကာ..



ကြည့်စမ်း..မထင်ရဘူး.. ၊

တစ်ယောက်တည်းသေချာနေရင်း ဒေါသတွေထွက်နေမိသည်။ စံ
...ဘာဖြစ်လို့ ကိုယ့်အပေါ် ဒီလောက်အငြိုးထားနေရတာလဲ.. ၊

မတွေ့မမြင်ကြခင်ကတော့ တစ်ယောက်နဲ့တစ်ယောက် ရှိသည်
...င်မထင်ကြသလိုမျိုး အားလုံးကပြီးဆုံးပျောက်လွင့်သွားခဲ့တဲ့အတိုင်း၊
...လေးကြောင့် ကိုယ့်ဘက်ကအရာရာကို လိုက်လျောညီထွေနေထိုင်ဖို့
...ကြိုးစားနေကာမှ.. ၊

"ယောက်ျားတွေက ဒီလိုပဲသိုရဲ့..မီးနဲ့နီးတဲ့ချိတ်လိုပဲ၊ မီးဝေးတာနဲ့
...ကျသွားတာပဲ..ပြီးတော့ အသက်အရွယ်ချင်းတူရင်တောင် အရွယ်ကျ
... မိန်းမတွေက ပိုအကျမြန်တယ်လေ၊ လှနေရင်တောင် မိန်းမဆိုတာ
...ကိုယ်သိက္ခာနဲ့ကိုယ် နေကြတာ..ယောက်ျားတွေကတော့ ခပ်ထောထော
...ချောချောလည်းဖြစ် သို့လူလိုအရွယ်လေးကလည်း တင်နေရင် လိမ့်ပြီ
.."

သူငယ်ချင်းက ဒီတိုင်းပြောခဲ့သည်။ သူ့ဘာသာဘယ်သောင်ဘယ်
...ထိ လူးလိမ့်မျောပါပါစေ သူနဲ့ကိုယ်ရှုပ်ထွေးစရာ ဘာရှိလို့လဲ.. ၊
...အကန့်နဲ့ကိုယ်နေကြရင် မပြီးဘူးလား.. ၊

သူမက ဒီတိုင်းပြောမိတော့ စန္ဒီစိုးက ရယ်သည်။

"အစက သူကတောင်းပန်ရင်း ကျန်ခဲ့ရတာဆို နင်ပဲပြောပြီးတော့..
...ဖြစ်ခဲ့တဲ့သူက သူ့အချိန်အခါမှာတော့ မိုးကြိုးပါထည့်ပစ်ချင်နေမှာ
...ဒါပေမယ့် သူ့ဟာသူလုပ်ကိုင်သွားလာနေတာကို နင်ကဂရုစိုက်
...နေလို့ အမြင်စောင်းနေတာလည်း ဖြစ်နိုင်တာပဲ.."

ဆိုသည့် အပြောတစ်ချက်ကြောင့် သူမထင်နေတာကို မျိုသိပ်နေခဲ့
...သည်။ ဒါပေမယ့် ဦးရာဇာဝင်းနဲ့ သူ့ကိုတွဲလျက်မြင်လိုက်ရသည့်
...ကွင်းကို ဘယ်လိုမှဖျောက်ဖျက်လို့ မရခဲ့။ ဒါကြောင့်လည်း ကားတိုက်
...တာ ကံကောင်းလို့အကြီးအကျယ် ထိခိုက်မှုတွေ မဖြစ်ခဲ့တာပါ..
ဒီနေ့တော့ မရဘူး..သင်းတွေ့မယ်.. ၊

ဒီကိစ္စအတွက် မျိုသိပ်နေလို့ မရတော့လို့ သူရှိနိုင်သည့်အလုပ်နေရာ
...မှန်သမျှ လိုက်ကြည့်ခဲ့ရတာ နှံ့နေကာမှ.. ၊

"ရှင့်ကိုတွေ့လိုက်ရတော့လည်း လက်ပူးလက်ကြပ်ပါလားစံနစ်.."

သူ့ကိုမီအောင်လိုက်လျှောက်ရင်း မီပဲမမီနိုင်တော့ အသံပေးလိုက်မိ
...။ စံနစ်ခြေလှမ်းတုံ့သွား၏။ ဒီနေရာမှာ ဒီအသံကိုကြားရလိမ့်မည်

www.burmeseclassic.com

www.burmeseclassic.com



မထင်သောကြောင့် ဖျတ်ခနဲလှည့်ကြည့်လိုက်လျှင် သိုကြက်သွေးရော
ဆွဲသားအင်္ကျီခါးတိုလည်ဟိုက်လေးနှင့် ထမီကလည်း ကြက်သွေးရော
မှာ ဘာဒီဇိုင်းမှမပါ.. ။

သူမတစ်ကိုယ်လုံးမှာ အနီရင့်ရင့်ရဲတောက်နေကာ ရင်ညွန့်ထိ
သော စိန်လော့ကက်နဲ့ပလက်တီနမ်ကြိုးရှည်လေးနဲ့ ယဉ်နေသည်။
တော့ ဆံပင်တွေကို ဖြန့်ချထားကာ နဖူးထက်မှာ မို့မို့မောက်မောက်
သိမ်းထား၏။ မိန်းမတစ်ယောက်ကို မြင်လိုက်တိုင်း နှစ်သက်မြတ်နိုး
စိတ်တွေပဲ ထဖြစ်လာတတ်တာ သူမနဲ့သာဖြစ်လေသည်။

စံနစ်က မျက်တောင်ဖျားတွေ စင်းကြည့်လိုက်ရင်း ရယ်မြူးရိပ်
နေသည့် နှုတ်ခမ်းတို့ကို တင်းခနဲဖိပိတ်၏။ ပြီးမှ.. ။

“ဘာကိုလက်ပူးလက်ကြပ်လဲ..”

“ဦးရာဇာဝင်းကို ရှင်ဘယ်လိုလာဘ်ထိုးထားသလဲ..ဒါမှမဟုတ်
ရှင့်ဆီက ဘာတွေလိုချင်လို့ အဲ့ဒီလူက ရှင်ခိုင်းတဲ့အတိုင်း ကျွန်မကို
ပေးဖို့ လုပ်တာလဲ..လူတွေက တစ်ယောက်ထက်တစ်ယောက်ပိုမြင့်နေ
သူ့အတွက် ကိုယ့်မှာလုပ်ပိုင်ခွင့်တွေရှိနေရင် လက်တံရှည်သမျှ ဆွဲသိမ်း
ရိတ်စားဖို့တွေပဲ ကြိုးစားနေကြတယ်..တော်တော်ကြောက်စရာကောင်း
လား..”

“အခု မင်းကိုဘယ်သူကဆွဲသိမ်း ရိတ်စားသွားလို့လဲ..”

“ရှင်လေ..ရှင် ကျွန်မကိုဘာလို့ ဒီလောက်တောင်မည်းချောင်
တာလဲစံနစ်..”

စံနစ်က နောက်ကိုခြေတစ်လှမ်းဆုတ်၍ ကုတ်အင်္ကျီထဲက စီးကရ
နဲ့ မီးခြစ်ထုတ်သည်။ ပြီးတော့ မီးညှိနေပုံက အေးဆေး။ ဒီမှာ အကြ
ကျယ်ခံစားပေါက်ကွဲဖို့ ရှိနေသည့်အရေးအခင်းကဘာလဲ.. ။

“စံနစ်..”

“နေဦး..”

သူက စီးကရက်ရှိုက်၍ မီးခိုးငွေ့တို့ ထုတ်လွှတ်နေရင်း.. ။

“မင်းပြောနေတာတွေ ငါမသိဘူး..”

“ဘာလို့မသိရမှာလဲ..ရှင်ဦးရာဇာဝင်းနဲ့ ပေးယူပြောဆိုနေတာ
ကျွန်မမျက်စိနဲ့ တပ်အပ်မြင်တာ..”

“ဘာတွေပေးယူနေတာလဲ..”

သိမဖြေနိုင်။ ပေးတော့ ပေးနေတာပဲဖြစ်ကာ ဦးရာဇာဝင်းပျာပျာ



လက်ခံယူနေတာလည်း သူမမြင်တာပဲ။ ဘာမှန်းတော့ ဘယ်လိုသိနိုင်
လဲ.. ။

“ဘာတွေပြောဆိုနေတာလဲ..ငါတို့ပြောနေတာမင်းကြားရင် အခုပြော
ရတယ်..”

သူမမကြားရပါ.. ။

“အလုပ်လုပ်နေကြတဲ့လူတွေ ပြောစရာရှိလို့ပြောတာ မင်းနဲ့ပတ်
သက်ပါတယ်လို့ ဘာသက်သေနဲ့ လာစွပ်စွဲနေတာလဲ..”

“ရှင်က..”

ကျွန်မကိုမုန်းနေတဲ့သူပဲလို့ ပြောလိုက်ချင်ပေမယ့် ဒီစကားက က
လေးဆန်လွန်းမှာပါ။ ဒါပေမယ့် ဒီနေ့သူသွားလာနေသမျှ သူမတောက်
လျှောက်လိုက်နေခဲ့တာပါ။ ဒီနေရာမှာ ဘာလုပ်ငန်းအတွက် ပရော့ဂျက်
ည်နေမှန်း မသိပေမယ့် ဒီထိသူမလိုက်နေခဲ့တာ ဦးရာဇာဝင်းနဲ့ချည်းပဲ
ကိုပူးတွဲမြင်တာ နှစ်ခါ။ ဒီလူသူမကို ညစ်ပတ်ဖို့ကြိုးစားလာတာလည်း
မှုပဲဖြစ်သည်။

ဒါကြောင့် မဟုတ်ရင် ဘာလဲ.. ။

“ဦးဝင်းက ငါ့အတွက် ဘာမှမဟုတ်သေးဘူး..သူကကြားခံလူ၊ သူ
ငါပြောနေတဲ့အကြောင်းဆိုရင် ငါကမင်းနဲ့ပတ်သက်တာပြောနေတာ
မဟုတ်ဘဲ မင်းကပဲ ဦးဝင်းနဲ့တစ်ခုခု ငြိနေတာဖြစ်နိုင်တယ်..ပြန်စဉ်းစား
..”

“ရှင်တော်တော် စကားတတ်ပါလား..”

“ဟွန်း..”

စံနစ်က စီးကရက်ကို နှုတ်ခမ်းကခွာလိုက်ပြီး တစ်ဖက်လှည့်ပြုံး
သည်။

“စံနစ် ရှင်တစ်ခုခုလုပ်နိုင်လို့ ကျွန်မကိုဒုက္ခပေးလိုက်ပြီဆိုရင် အဲ့ဒီ
တစ်ခုခုက ကျွန်မထောင်နဲ့ချီပြီး လျော်ရမယ့်ကိစ္စပဲ..ပြီးတော့ ကျွန်မရဲ့
သိက္ခာ ကျွန်မသားရဲ့အနာဂတ် ကျွန်မဘယ်လိုထူမတ်ရအောင် ပြန်
ကြိုးစားရမလဲ..”

စံနစ်က သူမကိုစိုက်ကြည့်ပြီး နားထောင်နေ၏။ သူက ရှေ့ကိုတစ်
လှမ်းတိုးလိုက်ရင်း.. ။

“ကျွန်မအဲ့လိုဖြစ်သွားရင် ရှင့်မှာဘာတွေပိုရမှာလဲ..ရှင်ဘာအတွက်
ကြိုးစားနေသလဲ ကျွန်မမသိဘူး၊ ကျွန်မကတော့ ကျွန်မသားအတွက်ကြိုး

www.burmeseclassic.com

www.burmeseclassic.com



စားတာ ကျွန်မရဲ့ဘဝ ကျွန်မရဲ့ဂုဏ်သိက္ခာ ကျွန်မအတွက် အရေးကြီ
အရာရာတိုင်းက သားလေးပဲ.."

"အဲ့ဒီတော့.."

"ရှင်လုပ်ရင်လုပ်တယ်ပေါ့..ရှင့်ပုံစံကလည်း အရမ်းတက်ကြွနေတေ
အကြံအစည်အောင်မြင်သွားတဲ့အတွက် ပျော်နေတဲ့ပုံပါပဲ.."

"ဟုတ်တယ်..အဲ့လိုဆိုရင် မင်းလိုမိန်းမဘဝပျက်မှာ ပျော်စရာကြီ
ဒါပေမယ့် ငါဘာမှမလုပ်ရသေးဘူး..မင်းပါးစပ်ဆုံးသလောက် စွပ်စွဲ
တာကို ခံရမယ့်အတူတူ တကယ်လုပ်ခဲ့ရမှာ၊ အဲ့ဒါကိုခုမှနောင်တရတ

သူ့မျက်နှာကဒေါသကို မြင်လိုက်ရတော့ သိုတွေခနဲဖြစ်သွားသ
စံနစ်က စီးကရက်ကိုပစ်ချလိုက်ပြီး သို့မျက်နှာလေးကို စိုက်ကြည့်၍
ဦးထိပ်နဲ့ ဖိကြိတ်ချေပစ်၏။ လူကိုစိစိညက်ညက်ကြေအောင် ရိုက်သ
ပစ်ချင်ကြောင်း သရုပ်ပြနေသည့်နှယ်.. ။

"မင်းလိုရန်လိုပြီး မင်းလောက်မာန်တက်နေတဲ့ မိန်းမကို အဲ့လိုဒေါ
ဖြုတ်ဖို့ ငါဘာလို့မေ့နေခဲ့မှန်း မသိဘူး.."

"ခုလည်း ရှင်အောင်မြင်ပါတယ်..ဒါပေမယ့် ကျွန်မကလည်း ရှင့်
တောင်းပန်ဖို့လာတာ မဟုတ်ဘူး၊ ဟုတ်ရင်ဝန်ခံ မဟုတ်ရင်ငြင်းဖို့အော
ပြော.."

"ဘာတွေဖြစ်နေလို့ ငါကဝန်ခံရမှာလဲ..မင်းစကားပြောတာ ဘော
ကျော်လာပြီသို၊ မင်းဘာသာသိန်းထောင်နဲ့ချီတာဖြစ်ဖြစ် သောင်းနဲ့ချီတ
ဖြစ်ဖြစ် မိန်းမတစ်ယောက်ကို ငါအဲ့လောက်ခေါင်းမစားဘူး..စိတ်လည်
မဝင်စားဘူး.."

"ဟုတ်တယ်..မဝင်စားမှန်းသိတယ်၊ ရှင်ကအဲ့လိုအကျိုးအမြတ်ကို
လိုချင်လို့မှ မဟုတ်တာ.."

"သို.."

သူခပ်ကြိတ်ကြိတ်ခေါ်လိုက်ပြီး ဖျတ်ခနဲအနားကပ်ကာ.. ။

"ဘာပြဿနာလဲပြော..ဦးရာဇဝင်နဲ့ ဘာဖြစ်ထားတာလဲ.."

သူနဲ့နီးကပ်သွားတော့ သိုကနောက်ဆုတ်၏။ စံနစ်က သို့လက်
မောင်းလေးတစ်ဖက်ကို ဆတ်ခနဲပြန်ဆွဲယူ၍.. ။

"မင်းပြောသလို ငါနဲ့မသက်ဆိုင်ဘူးဆိုတာ ငါပြနိုင်ရင်တော့ မင်
စွပ်စွဲခဲ့တဲ့စကားတွေအတွက် မင်းတာဝန်ယူရမယ်.."

လက်ကိုပိုင်စိုးပိုင်နင်းဆွဲလိုက်သဖြင့် ဒေါသထွက်သွားကာ သိုက



က်လွှဲရုန်းလိုက်၏။ ဒါပေမယ့် သူ့လက်ကမလွတ်ခဲ့ဘဲ.. ။

"ရုပ်မနေနဲ့ဦးဝင်း..အခု ဘာဖြစ်နေတာ ခင်ဗျားကြားတယ်မို့လား.."

ဦးရာဇဝင်း သူမနောက်မှာ ရောက်နေသည်ကို သိလိုက်သည်။
အတွင်းမှာပဲ အံ့ဩနေသည့် မျက်လုံးပြူးကြီးနှင့် ဦးရာဇဝင်းရောက်
ကာ.. ။

"ကြားပါတယ်..ကျွန်တော်.."

"ခင်ဗျားဘာတွေလုပ်ထားတာလဲ..အဲ့ဒီရှုပ်ရှုပ်ယှက်ယှက်တွေက
တော်နဲ့ ဆိုင်သလား.."

"ဟာ..လုံးဝမဆိုင်ပါဘူး၊ ကျွန်တော်ကလည်း အထက်ကခိုင်းလို့လုပ်
ပါ..ကိုစံနဲ့မသိုဘယ်လိုပတ်သက်နေတာလဲ၊ ကျွန်တော်အဲ့ဒါကို လုံး
သိခဲ့လို့ပါဗျာ၊ အခု..ကျွန်တော်.."

"ဘာမှမပတ်သက်ဘူး.."

စံနစ်က ယတိပြတ်ပြော၍ တက်ခေါက်သည်။ ပြီးတော့ ဦးရာဇဝင်း
ကိုကြည့်ကာ.. ။

"ကိုယ့်ကိစ္စကိုယ် ကြိုက်တဲ့ပုံစံနဲ့ရှင်းကြ..အစတည်းက ဒီလက်ကလူ
ချင်နေတာ.."

အံကြိတ်ပြီးပြောပုံက သို့ကိုတစ်ခါတည်း ရိုက်သတ်ခဲ့ချင်သည့် အ
တွေနဲ့။ ပြီးတော့ ကားပေါ်တက်မောင်းသွားလေသည်။ သိုဒီတိုင်းရပ်
နေခဲ့၏။

"ဒါနဲ့မသို..ကိုစံနဲ့များ.."

"ဘာမှမပတ်သက်ဘူး.."

ါပဲပြောပြီး သူမလှည့်ထွက်လာခဲ့သည်။ ဦးရာဇဝင်း တံတွေးမျိုချ
ရှုပ်ထွေးမှုတစ်ခုခုကို အလွန်အမင်းသိချင်လာခဲ့၏။ 'ဘာမှမပတ်
ဘူး'လို့ နှစ်ယောက်စလုံးဒါပဲပြောသွားခြင်းက ပတ်သက်နေသည်လို့
.. ။

ခုကတော့ မသိုရဲ့လက်ကို ကိုစံဖမ်းဆွဲလိုက်တာ ပတ်သက်မှုတစ်ခု
ကြတဲ့ပုံပါ။ ဒါကို သူသိရမှဖြစ်မည်။ စံနစ်ဆိုသူနှင့် သူတို့ဒီအချိန်မှာ
င်မပြေဖွယ် တစ်ခုခုမှရှိလို့ မဖြစ်ပေ။ ထိုစဉ် မက်ဆေ့ချ်ဝင်လာသ
ဖွင့်ဖတ်လိုက်လျှင်.. ။

ဟာ..ကိုစံ.. ။

*ခင်ဗျားနဲ့ အခုပြောစရာရှိတယ်*

www.burmeseclassic.com

www.burmeseclassic.com



ဦးရာဇာဝင်း ဝမ်းသာအားရဖြစ်သွားကာ Ok ရိုက်ထည့်လိုက်ရ လူက ကားပေါ်တက်ပြီးဖြစ်လျက်.. ။

♥♥♥

အခန်း(၂၀)

"ဒီနေ့သားလေးမလာတော့ဘူး ထင်တယ်နော်.."

"ဟုတ်တယ်မမ..ဒီအချိန်မှဆို မလာလောက်တော့ဘူး.."

စိတ်ညစ်ဖွယ်တစ်ခု ခေါင်းထဲရောက်လာတာနှင့် စိတ်ညစ်ခဲ့ရတာ စိတ်ညစ်ရဖို့ရှိနေသေးတာတွေအားလုံးက တိုးဝှေ့ပေါ်လာတော့သည် ရက်ပိုင်းမှာ ပြောသမျှအဆင်မပြေ။ လုပ်သမျှက မှားမှားယွင်းယွင်းတွေ ဖြစ်နေခဲ့လျက် သူမဘာကိုမှလည်း ကိတိပပဖြေရှင်းနိုင်ခဲ့တာ မရှိသေး..။ တစ်နေ့တစ်နေ့ ဘာတွေပဲကြုံရပါစေ သားလေးမျက်နှာကို ပြေး ကြည့်လိုက်ရခြင်းနှင့် ဖြေဖျောက်နိုင်ခဲ့သည်။ ခုတော့.. ။

"မမနေမကောင်းဘူးလားဟင်..မမကိုကျွန်မကြည့်နေတာကြာပြီ၊ မ နကလည်း မျက်နှာမကောင်းဘူး..ခုလည်း တငိုင်ငိုင်နဲ့.."

ဦးကုမ္မြကြားသွားမှာစိုးကာ သိုကလက်ညှိုးထောင်၍ တိုးတိုးပြော သတိပေးရင်း.. ။

"ငါ့သားလေးကိုမတွေ့ရတာ နှစ်ရက်ရှိပြီလေ..အဲ့ဒါကြောင့်ပါ၊ ဘာ မဖြစ်ဘူး.."

"မမရယ်..ကလေးက အစတည်းက ဒီမှာနေတာမှမဟုတ်တာ၊ ဘဘ နေမကောင်းလို့သာ အစ်ကိုလေးကပို့ထားတာကို..မဟုတ်ရင် အစ်ကို လေးက သူ့သားကိုမျက်စိအောက်က ပျောက်တာနဲ့ဖုန်းတန်းခေါ်တာ.."

ဟုတ်ရဲ့လားလို့ တွေးမိတဲ့အထိ အံ့ဩသွားမိသည်။ ပြီးတော့ သိမ် ယ်သလိုခံစားမိလျက် ခေါင်းပဲညိတ်လိုက်မိ၏။ ကိုယ့်ကြောင့် စိတ်ပုတ် သားကိုမလွှတ်တာလားလို့ တွေးမိခဲ့သည့်အတွက်လည်း ရှက်မိ၏။ ပိုဆိုးတာက သားကိုသူဒီအချိန်ထိ ဒီလိုဂရုတစိုက် စောင့်ရှောက်လာ ကိုယ်ကတော့ တစ်ချက်မှလှည့်မကြည့်ဘဲ မာကျောနိုင်ဖို့သာကြိုး

www.burmeseclassic.com

www.burmeseclassic.com



စားနေခဲ့သည်။ သူနဲ့ကင်းရှင်းလိုခြင်းတစ်ခုကြောင့် ဘဝမှာမြတ်နိုးဆုံး ရာကို ဆုံးရှုံးခဲ့ရသည်။ ပြန်ရဖို့ကြိုးစားနေမိတာ သူမအိပ်မက်မက်နေတ လား.. ၊

"မမ.."

"ဟင်.."

မီးဖိုချောင်မှာ အတူတူစီစဥ်ချက်ပြုတ်ရင်း အေးမာက သူမမျက်နှ ကိုပဲ အကဲခတ်ကြည့်နေခဲ့ရာ.. ၊

"မမဖုန်းပြောနေတာ ကြားလို့ပါ..အမှုတွေဘာတွေများ ဖြစ်နေတ လားဟင်.."

မေးမိပြီးမှ စိုးရိမ်ထိတ်လန့်သွားကာ.. ၊

"မမတစ်ယောက်တည်း ပြေးလွှားဖြေရှင်းနေရတာတွေ မြင်နေရလို့ ပါမမရယ်..ကျွန်မစပ်စုတာ မဟုတ်ပါဘူး.."

"အင်း ပြဿနာနည်းနည်းရှိနေလို့ပါ..ဘာမှမဟုတ်ပါဘူး.."

ဒါပဲဖြေပြီး ဘောဇင်ဘက်လှည့်နေမိသည်။ စက်ာပူကုမ္ပဏီက တရား စွဲဖို့ရှိနေသည့်ကိစ္စက သေးသေးလေးမဟုတ်ပေ။ ဒါကြောင့် ရှေ့နေနဲ့တိုင် ပင်နေရတာဖြစ်သည်။ မိန်းကလေးတစ်ယောက်ကို ကားတိုက်မိတုန်းက လည်း သူမကံကြီးလို့သာ လူနာရှင်ဘက်က ပြဿနာမလုပ်ဘဲ နှုတ်ထွက် သွားခဲ့တာဖြစ်သည်။

ပြီးတော့ ဖေဖေ့ကိုပြောပြတိုင်ပင်ချင်တာတွေ ရှိသေးသည်။ သူမမြန် မာပြည် ပြန်ရောက်လာပြီး ဖေဖေ့ကိုတော့ သွားမတွေ့နိုင်သေးဘဲ သာ ဘေးမှာ တဝဲလယ်လယ်ဖြစ်နေခဲ့ရသည်။ ဖုန်းနဲ့ပဲတောင်းပန်ခဲ့ရပေမယ့် ကိုယ့်ဘက်က ဝတ္တရားပျက်ရတာမို့ ဒါကိုတွေးမိတိုင်း ဖေဖေ့ဆီမရောက် နိုင်သေးသည့်အဖြစ်က ကြွေးမြီတစ်ခုလို ရင်ထဲမှာတင်နေ၏။

ဦးကုဋ္ဌေကို တာဝန်ခံထားသည့် ရုပ်ရှင်လုပ်ငန်းကလည်း တစ်ဖက်..

"မမကို ကျွန်မတစ်ခုပြောလို့ ရမလားဟင်.."

"ပြောလေ.."

ကြက်သားတွေလှီးပြီး ကြိတ်စက်ထဲထည့်လိုက်ရင်း သိုကလှည့် ကြည့်၏။ အေးမာက ချင်း(ဂျင်း)ထောင်းပြီးသားကို အရည်ညှစ်ချရင်း တမင်မျက်နှာလွှဲထားလျက်.. ၊

"ဟိုလေ..တစ်ခုခုအကူအညီလိုရင် ဘဘကြီးနဲ့တိုင်ပင်ကြည့်ပါလား မမရယ်၊ အရင်းအနှီးငွေကြေးဖြစ်ဖြစ် အကြံဉာဏ်တောင်းတာဖြစ်ဖြစ်ပေါ့..



ဘဘကြီးကဖြင့် အစ်ကိုလေး သူ့ဆီဘာမှလာမပြောလို့ လာမယူလို့နဲ့ တဖျစ်ဖျစ်ပြောနေရှာတာ..နောက်ပြီး မြေးလေးမို့ မုန့်ဖိုးပေးရင်တောင် အစ်ကိုလေးက မကြိုက်ဘူး.."

"ဘာဖြစ်လို့လဲ.."

"ကလေးက ဟိုဘက်ကတောင်း ဒီဘက်ကတောင်းနဲ့ စည်းကမ်း ပျက်မယ်တဲ့..အစ်ကိုလေးက အလင်းလေးကို သူငယ်ချင်းပေါင်းပေါင်းပေ မယ့် အလိုမလိုက်ဘူးမမရဲ့၊ အလင်းကလည်း သူ့အဖေစကားကို နား ထောင်တယ်.. အပြင်ကကြည့်ရင် သားအဖတစ်ယောက်နဲ့တစ်ယောက် မပြစ်မထောက်ဘဲ ထင်သလိုနေကြတယ်လင်ရပေမယ့် အစ်ကိုလေးက ခဲ့လိုမဟုတ်ဘူးရယ်.."

သိုကျေနပ်သွားမိသည်။ ကိုယ့်ထက်သာလို့ သဝန်တိုစိတ်ဖြစ်မိပေ မယ့် သားလေးကိုနိုင်နင်းစွာ ထိန်းကျောင်းလာခဲ့တာမို့ ကျေးဇူးတင်မိ၏။ မှုမသည်သာ ဒီဖအေဘယ်လိုအဖေမျိုးလဲဆိုတာ ဘာမှမစဥ်းစားဘဲ က လေးကို လက်လွှတ်စပယ်ထည့်ပေးခဲ့မိတဲ့ မိန်းမမိုက်.. ၊

ကိုယ့်ခင်ပွန်းအဖြစ်နဲ့ လေးစားယုံကြည်ဖွယ် ဘယ်လိုမှမမြင်နိုင် သော်လည်း သားရဲ့အဖေအဖြစ် ဖခင်ကောင်းပီသစေချင်သည်။ ဖခင် ကောင်းဖြစ်နေသည့်အတွက် ကျေးဇူးလည်းတင်၏။

"ပြီးတော့ သိလားမမ..ဟိုအရင်ကလို မိန်းကလေးတွေနဲ့လည်း မတွဲ တော့ဘူး.."

"ဒါဆို သားကရည်းစားထားတဲ့အကျင့်တွေ ဘယ်လိုပါလာတာလဲ.. ါမျိုးက အတုမြင် အတတ်သင်.."

"ဒါကတော့ အလင်းကလည်း ချောတာကိုးမမရဲ့..မိဘဘိုးဘွားက ကျိုကျိုတက်ချမ်းသာတယ်၊ အလင်းကလည်း မျက်နှာချိုတယ်.."

"ဘာပဲဖြစ်ဖြစ် ဘမျိုးဘိုးတူပါပဲ.."

"ကလေးလည်းနောက်တော့ ပြင်သွားမှာပေါ့မမရယ်..အစ်ကိုလေးက ဖြင့် အရမ်းတည်တာ၊ အလုပ်လည်း ကြိုးစားတယ်..ကလေးကလည်း ရှစိုက်တယ်၊ ပြောရရင် အလင်းပုံစံနဲ့ဆို အပေါင်းအသင်းမှင် အလယ် မှန်တာတွေနဲ့ ထိန်းရခက်မယ့် ကလေးမျိုးပဲ..အစ်ကိုလေး အတော်ဂရု စိုက်လို့သာ.."

"တိ.."

ဟော.. ၊

www.burmeseclassic.com

www.burmeseclassic.com



ကားဟွန်းသံအရ အလင်းရဲ့ကားသံမှန်း သိလိုက်ကာ အေးမာ
နှာ ဝင်းထိန်သွား၏။

"အလင်းလေး လာပြီ.."

"ဒေါက်..ချလွှမ်.."

သိုကိုင်ထားသည့် ဓားပါးလေးကိုချလိုက်ပြီး လက်အိတ်ချွတ်
အပြင်ထွက်ဖို့ ပြင်လိုက်တာဖြစ်သည်။ ဓားကနေမရာမကျဘဲ ဘေ
လျှောကျသွား၏။ အေးမာကရယ်ကာ ဓားကိုပြန်ကောက်၍.. ၊

"ထားခဲ့ပါမမရဲ့..မမသားကို ထွက်ကြိုလိုက်ပါ၊ အကုန်လုံးထား

သိုဘာမှမပြောခဲ့ဘဲ ရယ်ပဲရယ်မိကာ လက်ဆေးပြီး လက်သုတ်
လေးကိုင်လျက်နှင့် ထွက်လာခဲ့၏။ သို့သော် အပြင်မှာစကားပြောနေသ
အသံတွေကြောင့် ခြေလှမ်းတုံ့သွား၏။

"ငါကပဲ ဟန်ဆောင်ပန်ဆောင်တွေ လုပ်နေတယ်ပေါ့..ဟုတ်လာ

"အဘိုးကို ဟန်ဆောင်တယ်လို့ မပြောပါဘူး..ဒါပေမယ့် အဘိုး
လေးက ဟိုလိုလိုဒီလိုလိုတွေနဲ့ လမ်းကြောင်းရှာတာ.."

"အဲ့ဒီအကြောင်းတွေနဲ့ ငါကငါ့မြေးကို နာရီတကြည့်ကြည့်နဲ့ စက
ပြောရမှာလား.."

"မဟုတ်ဘူးလေ..အဘိုးနေမကောင်းဘူးဆိုလို့ အကန့်မသတ်
လာနေခိုင်းထားတာပဲ၊ အဲ့မှာ အဘိုးမြစ်လေး ဘာတွေလုပ်တယ်ထင်လဲ

"မသိဘူး.."

"မသိလို့ပြောပြမလို့လေ..ကံကောင်းလို့ မိန်းမရမသွားတာ၊ ကေ
မလေးအိမ်ထဲ သွားချိန်းတွေ့တာလေ.."

"မိန်းမရတော့ ကောင်းတာပေါ့..ရည်းစားများတဲ့အမှုတွေ မင်းလို
ရှင်းစရာမလိုတော့ဘူး.."

"ရည်းစားများတာ ကိုယ့်ကိစ္စကိုယ်ရှင်းနိုင်ရှု စည်းနဲ့ကမ်းနဲ့ထား
တာပါ.."

"လာသေးတယ်.."

"မိန်းမတော့ မပေးစားနိုင်သေးပါဘူး..ရည်းစားများတဲ့ပုဒ်မနဲ့ သ
အေလို မိန်းမနဲ့တွေ့ရင် ကျွန်တော့်သားကျွန်တော်လို မဖြစ်စေရဘူး..

"ဒါဆိုလည်း ရည်းစားထားတာမကောင်းတဲ့ နည်းပေးလမ်းပြတွေ
ကလေးကို ပျိုးထောင်ပါလား.."

"ရည်းစားထားတာ စိတ်ရဲ့နပျိုလတ်ဆတ်မှုပါ..ရည်းစားထား



တာနဲ့ပဲ ကိုယ်စိတ်နှလုံး သုံးပါးစလုံးပျက်စီးနေတာမှ မဟုတ်ဘဲ..ပြီးတော့
ယောကျာ်းလေးတစ်ယောက်ကို မအေတစ်ယောက်က သမီးမိန်းကလေး
တစ်ယောက်ကို ထိန်းကျောင်းသလို ကိုင်တွယ်လို့မရဘူး..သားမှာ အမေ
မရှိတော့တည်းက အဲ့ဒီပညာတွေတတ်အောင် ကျွန်တော်အတော် ကြိုး
စားခဲ့ရတာ.."

သို့ရင်ထဲမှာ နင့်သွားသည်။ ကိုယ့်ကိုပုတ်ခတ်ပြောနေတဲ့ စကားတွေ
ကိုတောင် စိတ်တိုရမှန်းမသိတော့ဘဲ ကွယ်ရပ်လေးနားမှာပဲ လူကန့်ရုံမှာ
ရှ ကျုံ့မိသွားခဲ့၏။

"အဲ့ဒီအကြောင်းတွေကြောင့် ငါ့မြေးကိုငါ့ဆီအမြဲ ဝင်ထွက်ခွင့်မပြု
နိုင်တော့ဘူးပေါ့.."

"မဟုတ်ပါဘူးအဘိုးရာ..အေးမာကို အဘိုးဆီပို့ထားတာပဲ.."

"အေးမာက ငါ့မြေးလား.."

"ပြောချင်တာက အကျိုးအကြောင်းရှိရင် ဖုန်းဆက်လိုက်တာနဲ့ ကျွန်
တော်ချက်ချင်း လာတာပဲဟာ.."

"မင်းလာတာ ငါမလိုချင်ဘူး.."

"ဟား ဟား ဟား.."

စံနစ်ရဲ့ရယ်သံ ခပ်ညက်ညက်က ဟိုတုန်းကအတိုင်း ဘာမှမပြောင်း
လဲပေ။ သားလေးမလာတော့မှန်း သိလိုက်တာနှင့် သိုအိမ်ထဲပြန်ဝင်ခဲ့
သည်။ ဘိုးဘိုးအတွက် စားသောက်စရာလေး ချက်ပြုတ်ပြီးတာနှင့် ပြန်
တော့ဖို့ ဆုံးဖြတ်ကာ.. ၊

"နောက်နေ့တွေ ငါလာနိုင်မှာမဟုတ်ဘူးအေးမာ..ဘိုးဘိုးအတွက်
အစားအသောက်ကို ဂရုစိုက်နော်၊ အသက်ကြီးတဲ့လူက အနေအထိုင်အ
စားအသောက်မှားတာနဲ့ ခေါက်ခနဲလဲသွားနိုင်တယ်..ပြီးတော့ အနားမှာ
နေပဲရှိတာ.."

တကယ်ဆို စံနစ်ဒီလိုနေဖို့ မကောင်းပေ။ လူကြီးတွေက အသက်
ကြီးလေ သားသမီးမြေးမြစ်တွေကို တမ်းတလေ ကျန်းမာရေးကောင်း
သည့်အပြင် အထီးကျန်ခြင်းကြောင့် စိတ်ကယိုင်လဲသွားနိုင်၏။

ဖေဖေဆိုရင် မေမေဆုံးသွားတည်းက သူ့ဘဝအထီးကျန်ခြင်းကို
ဓာတ်စာတစ်ခုလို စားသုံးနေထိုင်ခဲ့သည်။ ဇနီးသည်ဆုံးသည့်အချိန်မှာပဲ
ကလေးက အိမ်ထောင်သည်တစ်ခုလပ်ဖြစ်ခဲ့သည့်အတွက် သူ့ဘဝသူနာ
ကျင်နေသည်။ သမီးအပေါ်မှာလည်း ထိန်းချုပ်ခြင်း ဖျောင်းဖျခြင်းဘယ်

www.burmeseclassic.com

www.burmeseclassic.com



လို အာဏာမှမသုံးဘဲ ဘာကိုမှလည်း မတိုက်တွန်းခဲ့ပေ။

တခြားမိဘတွေလို သားအဖနှစ်ယောက်ပဲ ကျန်ခဲ့ပါလားဆိုပြီး ပို နွေးထွေးကြင်နာဖို့ဆိုတာ ဝေးလို့ အချိန်ပြည့်အခန်းထဲမှာနေသည်။ အပြ သွားပြီဆိုလည်း တစ်ခါတလေ သိုအတင်းလိုက်ပြီး အတူသွားဖို့ကြိုး ရင်သာ သားအဖနှစ်ယောက်အတူရှိခွင့်ရသည်။

ဖေဖေ့သဘောအရ သူလည်းသူ့ဘာသာနေသည်။ သိုလည်း အခ ပြေသလိုနေ ဒါပဲဖြစ်၏။ တစ်ခါတလေ ဖေဖေ့ကို သိုဖွင့်မေးကြည့်မိ၏

"သမီးကို စိတ်ဆိုးနေတာလားဖေဖေ.."ဆိုတော့ "မဟုတ်ဘူး"လို ဖြေ၏။

"သမီးရှိနေလို့ ဖေဖေ့မှာတာဝန်ကြီးသလို ဖြစ်နေတာလား"ဆိုတေ လည်း မဟုတ်.. ၊

"သူနဲ့ပြန်ပေါင်းဖြစ်အောင် ဖေဖေတမင်တကာ ခပ်စိမ်းစိမ်းနေတ လားဟင်.."လို့ မေးကြည့်ဖူး၏။

"ကိုယ်ဖြစ်ချင်သလို ဖြစ်ခွင့်ရကြတာ ဘယ်မှာရှိလို့လဲသမီးရယ်..ဖေ ဖေမပေးနိုင်ပေမယ့် သမီးမေမေ့ကို ဖေဖေပေးလိုက်ရတယ်၊ သမီးတို့အိမ် ထောင်ရေးကို အဆင်ပြေစေချင်ပေမယ့် သမီးတို့အကြောင်း သမီးတို့ သိမှာပေါ့..ကိုယ့်ရင်ကိုတောင် ငြိမ်းချမ်းအောင်မလုပ်နိုင်ဘဲ သမီးကိုဘယ် လိုခံစားပါ ဘယ်လိုသဘောထားပါလို့ ဖေဖေမပြောလိုပါဘူး.သမီးလည် ကိုယ်ချမ်းသာသလိုနေ ဖေဖေလည်းဒီတိုင်းနေပါရစေ.."

ဆိုသည့် ဖြေရှင်းချက်မှာ သိုအလုပ်တွေလျှောက်လုပ်တော့သည်၊ အစတည်းက သိုက စံနစ်တို့လောက်မချမ်းသာခဲ့ပေ။ လူတောင် မဟ နိုင်သည့်အိမ်မှာ စီးပွားရေးကလည်း ဟန်လောက်ပဲကျန်တာ ခပ်ယဲ့ယဲ့..

ဒါကြောင့် သူမကြိုးစားခဲ့သည်။ သူများလို အလွယ်တကူမဟုတ် ပေမယ့် တဖြည်းဖြည်းတော့ အဆင်ပြေလာခဲ့သည်။ သားလေးကိုလွမ် သည့်စိတ်ကြောင့် အလုပ်လုပ်နေဖို့သာ စိတ်ကပြင်းထန်နေရာ အဆင် ပြေမှုတွေကို ကျော်ဖြတ်နိုင်ခဲ့၏။

'ငါပင်ပန်းလုပါလား'လို့ ကြေကွဲစပြုလာခဲ့တာ ခုကျမှ.. ၊

"မမ..မမဖုန်းကျန်ခဲ့တယ်.."

"ဩော်..အေး စိတ်တွေများနေတာ.."

သူရှိနေတာကြောင့် ဘိုးဘိုးကိုတောင် နှုတ်မဆက်တော့ဘဲ အိမ်ပေ ကနေပဲ ထွက်လာခဲ့တာဖြစ်သည်။ အေးမာကအမောတကောလိုက်ပေ



ရင်.. ၊

"ဖုန်းလာလို့ ကျွန်မလည်းသိတာ..ခုပဲပြန်ကျသွားတာမမ၊ ဟင်းအိုး တင်ခဲ့လို့ သွားမယ်နော်.."

တိုက်ဆိုင်စွာပင် ဖုန်းလက်ထဲရောက်တာနှင့် ချက်ချင်းလင်းလာကာ၊

"ဟလို.."

"................"

"ဟင်..ဒေါ်မာလာရီ.."

ဖုန်းပြောနေရင်း ဝမ်းသာတာရော အံ့သြတာပါ စုပြုံခံစားနေရ၏။ ပြိုင်ခွင့် ရှင်းမရသည့်ပြဿနာကြီးက မထင်မှတ်ဘဲ ပြီးဆုံးသွားခဲ့ပြီ..၊ ဒါစံနစ်နဲ့ ပတ်သက်နေနိုင်လား.. ၊

"ဘာမှမပတ်သက်ဘူး.."

"ကိုယ့်ပြဿနာကိုယ် ကြိုက်တဲ့ပုံစံနဲ့ရှင်းကြ.."

စံနစ်ပြောသွားတာတွေကို ပြန်တွေးကာ 'လူသတ်ချင်နေတာ'လို့ တောင်ပြောသွားသည့် ဒေါသအရှိန်ကို တွက်ကြည့်မိ၏။ ကိုယ့်အတွက် မှပြောပေးတာတော့ မဖြစ်နိုင်ပေ။ ဒါပေမယ့် သူနဲ့ပတ်သက်နေလို့သာ ရာဇဝင်းတို့ ဒီလောက်မြန်မြန်ဆန်ဆန် ရုတ်သိမ်းသွားတာလည်း ဖြစ် နိုင်၏။

ဘာကြောင့်ပဲဖြစ်ဖြစ် ခုလိုဖြစ်လာအောင် ကိုယ်လုပ်ခဲ့တာမဟုတ် သည့်အတွက် လိပ်ပြာမသန့်စရာအကြောင်းမရှိပါ။ ပျော်ရွှင်ဝမ်းမြောက် ခြင်းကို ခံစားရင်း ဖုန်းပြန်သိမ်းလိုက်စဉ်.. ၊

"မေမေ.."

ရုတ်တရက် အလင်းသူမရှေ့ကို ဘွားခနဲရောက်ချလာကာ.. ၊

"တော်သေးတာပေါ့..ပြန်သွားပြီလားလို့.."

"သား..ခုနတည်းက ပါလာတာလား.."

"ဖေဖေနဲ့ပါလာတာမဟုတ်ဘူး..သားကနောက်ကလိုက်လာတာ.."

တီရှပ်အဝါရောင်စပ်ကျားလေးနှင့် ဝင်းမှုန်နေသည့်အလင်းရဲ့မျက် နှာလေးကို သိုကငေးကြည့်နေလျက် ကိုယ့်ကိုမြင်ချင်ယုံအောက်သက်နဲ့ ဒီကို ပြေးလွှားရောက်လာမှာ မဟုတ်မှန်း တွေးလိုက်မိကာ.. ၊

"သား မေမေ့ကို တစ်ခုခုပြောစရာရှိလို့လားဟင်.."

"ရှိတယ်..ဒါပေမယ့် မေမေကဘာဖြစ်လို့ ဘယ်ကိုပြန်မှာလဲ၊ ဘိုးဘိုး နေမကောင်းလို့ ဒီမှာနေပေးတာ မဟုတ်ဘူးလား.."

www.burmeseclassic.com

www.burmeseclassic.com



"အပျှင်း.."

သားလေးမျက်နှာကို မြင်ချင်လွန်းလို့လို့ရော မတွေးမိဘူးလားသ ရယ်..။ ရင်ထဲမှာ မကောင်းပေမယ့် ဘယ်သူမပြု မိမိအမှုပဲလို့ တွေးနေ အတိုင်းတွေး၍ ဖြေသိမ့်ရင်း.. ।

"နေပေးလို့တော့ မရဘူးလေသားရဲ့..မေမေ့မှာလည်း အလုပ်ကိ ရှိသေးတယ်၊ ပြီးတော့ မန္တလေးမှာလည်း သားရဲ့ဘိုးဘိုးက တစ်ယော တည်းပဲလေ.."

"အဲ့ဒါသားသိပါတယ်..ဒါပေမယ့် ဘိုးဘိုးကြီးက ဘိုးဘိုးထက် သက်ပိုကြီးတယ်မို့လား၊ မေမေလည်း အဲ့ဒါကြောင့်လာပြုစုတာလို့ ထ တာ.."

"သားက မေမေ့ကိုဒီမှာလာပြီး ဘိုးဘိုးကိုပြုစုပေးချင်တာလား.."

"အဲ့လိုလည်း မဟုတ်ပါဘူး.."

တကယ်က မေမေ့ကိုဒီမှာရှိနေသည်ဆိုသည့် အဖြစ်မှာပဲ ရပ်တ ထားချင်တာဖြစ်သည်။ ဒါပေမယ့် အလင်းကိုယ့်ဘာသာ ဘယ်လိုရှိ မှန်းတောင် ကိုယ့်ဘာသာနားမလည်ခဲ့ဘဲ.. ।

"မေမေက အခုဘယ်ကိုပြန်မှာလဲ.."

"မေမေ့တိုက်ခန်းကိုပဲပေါ့..ဆိုင်မှာလည်း ပြဿနာနည်းနည်းရှိတ အဲ့ဒါတွေကြောင့် စိတ်သိပ်မကြည့်တာနဲ့လေ..သားဘာပြောမလို့လဲ.."

အလင်းက ဘောင်းဘီအိတ်ထဲ လက်နှစ်ဖက်ထည့်လိုက်ရင်း ပြုံး၍

"မေမေ့ကို သားအကူအညီတောင်းမလို့.."

အကူအညီဆိုတော့ သို့နှုတ်ခမ်းမှာ ပြုံးရိပ်လေးထင်၏။ သားဆီ ဤကဲ့သို့သော စိမ်းသက်သည့်စကားလုံးတွေ နောက်ထပ်ဘယ်လော တောင် ထွက်လာလေဦးမလဲ.. ।

"မေမေ.."

"ဟင်.."

"သားသူငယ်ချင်းလက်ဖွေ့ထိုးမှာ မနက်ဖြန်..အဲ့ဒါသားသွားကြ ချင်လို့.."

"အဲ့ဒီတော့.."

"ဖေဖေက အဲ့ဒါမျိုးဆို လုံးဝခွင့်မပြုဘူး.."

သူမသိလိုက်ပြီ။ လက်ဖွေ့ပွဲသွားကြည့်ဖို့အတွက် သူမကူညီရတ မည်။ ဒီ့ထက် မဖွယ်ရာတွေတောင် အလိုလိုက်အကြိုက်ဆောင်ပေး



ပြီး လက်ဖွေ့ပွဲကြည့်ဖို့ကျမှ စံနစ်က ဘာဖြစ်လို့ခွင့်မပြုတာလဲ.. ।

စံနစ်ခွင့်မပြုသည့်ကိစ္စမှာ မကောင်းမှုတစ်ခုခု ရှိနေနိုင်တာသိပေ မယ့် ဘာဖြစ်နိုင်သလဲဆိုတာလည်း စဉ်းစားလို့မရ.. ।

"မေမေ.. အဲ့ဒါသားကို.."

"နေပါဦးသားရယ်..လက်ဖွေ့ပွဲက အဲ..လက်ဖွေ့ပွဲကြည့်ရင် သားတို့ က ဘယ်လိုကြည့်ကြတာလဲ.."

"ဗျာ.."

"အို မဟုတ်သေးပါဘူး..လက်ဖွေ့ပွဲမှာ ဘာတွေဖြစ်တတ်လို့လဲ၊ သား ဖေက အဲ့ဒါစိုးရိမ်လို့နေမှာပေါ့.."

"ဟာ..မေမေကပါ လုပ်ပြီ.."

ကိုယ့်ကိုပထမဆုံးလာပြီး ပူဆာတာမို့ ပြုံးပြုံးလေးခေါင်းညိတ်ပေး လိုက်ချင်သည်။ သို့သော် သားမှာအန္တရာယ်တစ်ခုခု ရှိနေတာမျိုးဖြစ်မှာ လည်း စိုးသည်။ ဘာဖြစ်နိုင်သလဲဆိုတာကို အကြိတ်အနယ်စဉ်းစားတာ လည်း မရဘဲရှိကာ.. ।

"ဒီလိုလေသားရဲ့..ဟို.."

"မေမေကလည်း လက်ဖွေ့ပွဲကြည့်တာပါဆို မျက်လုံးနဲ့ကြည့်တာပဲ ပေါ့..သူငယ်ချင်းက သားတို့အားပေးနေတာမြင်မှ အင်အားတွေတိုးပြီး နိုင်အောင်ဖိုက်မှာ၊ ဒီတိုင်းပဲကြည့်ပြီး တန်းပြန်လာမှာ.."

"ကြည့်ပြီးပြန်လာမှာ.."

"ဟုတ်.."

လက်ဖွေ့ပွဲကြည့်ခြင်းနှင့် ပတ်သက်သည့်အကြောင်း သူမဘာမှမသိ သည့်အတွက် ဘာလုပ်ပေးရမှန်းမသိခြင်းက ခေါင်းညိတ်ဖို့လည်းခက် ခေါင်းလည်းမခါရက်နိုင်.. ।

"လုပ်ပါမေမေရာ..သားကမေမေနဲ့သွားကြည့်မှာလို့ ပြောလိုက်ရုံပဲ ဖေဖေက မေမေ့ကိုလည်း မေးချင်မှမေးမှာပါ..မေးရင်လည်း မေမေက 'အင်း'တစ်လုံးထည့်ပေးလိုက်ရင် ရပြီ.."

"အဲ့ဒါကလွယ်မလားသားရယ်..မေမေကဘယ်တုန်းက အဲ့လိုပွဲတွေ ကြည့်ဖူးလို့လဲ၊ ပြီးတော့ မေမေ.."

စဉ်းစားရင်းနဲ့ မလွယ်ကူမှန်းသိနေကာ.. ।

"မေမေညာမပြောချင်ဘူး.."

"သားအတွက်တော့ တစ်ခါတလေညာပေးပါမေမေရာ..တစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



တည်းပဲ.."

ဒီစကားက သို့ရဲ့တွေဝေခြင်းတွေကို အရည်ပျော်စေခဲ့လျက်.. ၊

♥♥♥

အခန်း(၂၁)

အလင်းရဲ့ဖုန်းက ဖျတ်ခနဲလင်းလာခြင်းသည် သို့တစ်ကိုယ်လုံးတုန်ဖြစ်သွားလောက်အောင် လွှမ်းမိုးဖိစီးနိုင်ခဲ့လျက်.. ၊

ဟင်.. ၊

'ချစ်ဖေ'ဆိုသည့် စာလုံးလေးတွေကို ဖတ်လိုက်ရတော့ ပူထူသွားလေသည်။

"မေမေဖုန်းယူထားလိုက်နော်..ဖေဖေခေါ်ရင် မေမေကိုင်လိုက်၊ ဒါဆိုပြီ.."တဲ့.. ၊

ဖုန်းကတစ်ခါကျသွားသည်။ ပြီးတော့ ချက်ချင်းပြန်ခေါ်၏။

"အဟမ်း..အဟမ်း.."

ကားထဲမှာ တစ်ယောက်တည်းချောင်းတွေဟန့် လည်ချောင်းရှင်းရင်းကိုဆုံးဖြတ်ချက်ချပြီးမှ ကိုင်ဖြစ်ကာ.. ၊

"ဟလို.."

သို့ ထူးလိုက်တော့ တစ်ဖက်ကအသံတိတ်နေ၏။ ဒီဘက်က မိန်းမကြားပြီး ဒေါကန်သွားတာလား..။ ဒါမှမဟုတ် ကိုယ့်အသံကိုသိနေလား.. ၊

"ဟလို.."

"ငါဘယ်သူလဲဆိုတာ သိရဲ့သားနဲ့ 'ဟလို'တွေ လွှတ်မနေနဲ့..ဘယ်လဲအလင်းသို့.."

"ဘယ်မှာလဲဆိုတာလည်း ရှင်သိတာပဲ..အပိုတွေပြောမနေပါနဲ့၊ ဘာလိုက်ရမလဲ ပြောခဲ့လို့ရတယ်.."

"ငါ့သားကို ငါပြောမယ့်စကား မင်းကတစ်ဆင့်ပြောပေးဖို့ မလိုပါမင်းက အလင်းကိုဘာကိစ္စနဲ့ လက်ဖွဲ့ပွဲထဲ ခေါ်သွားပေးလိုက်တာလဲ.."

www.burmeseclassic.com

www.burmeseclassic.com



ဟင်.. ။

"ဟော့..ဖြေလေ.."

"သူကြည့်ချင်တယ်ဆိုလို့ ကျွန်မသူ့ကိုလက်ဇွေ့ပွဲ.."

"ကြည့်တာမဟုတ်ဘူး..အလောင်းအစားတွေ သွားလုပ်ကြတာ.."

ဟင်.. ။

သူမဒါကို မကြားရဲကာမှ ဒါကိုပဲကြားလိုက်ရသဖြင့် တဟင်ဟင် ဖြစ်နေပြီး ဘာပြောရမှန်းလည်း မသိ.. ။

"ငါဘန်ကောက်ရောက်နေတုန်း ဒီကောင်လေးခိုးလိမ့်တာ..မင်းက မအေဖြစ်ပြီးတော့.."

"ရှင်ဖိသိပ်ပြောမနေပါနဲ့.."

"ဟုတ်တယ်..မျက်စိရှေ့မှာဆိုရင် မင်းကိုကိုင်ပေါက်ပစ်မိမှာ၊ နေပါ ဦး မင်းဘယ်အချိန်တည်းက ငါနဲ့ငါ့သားကြားမှာ ပွဲလုပ်ဖို့ စိတ်ကူးနေတာ လဲ.."

"ဘာပြောတယ်.."

"အဲ့ဒီမှာ ဖျာလိပ်ပိုက်ပြီးစောင့်နေ..ဘယ်တော့မှ ပွဲလန့်မှာမဟုတ်ဘဲ အတွက် မင်းဖျာခင်းခွင့်လည်း ဘယ်တော့မှရမှာ မဟုတ်ဘူး.."

"ရှင်..ရှင်နော်.."

ဖုန်းကိုင်ရင်း သိုမျက်ရည်တွေပြည့်တက်လာသည်။ ဘယ်လိုမှမ စားနိုင်ခြင်းသည် ခုခံချေပဖို့ စကားလုံးတွေသာ ပျောက်ဆုံးနေခဲ့လျှ သူပြောနေသမျှသည်.. ။

"ငါ့သားဘာလုပ်နေနေ ငါခွင့်မလွှတ်နိုင်တဲ့ အမှားမရှိဘူး..ရှိလည် ခွင့်လွှတ်ဖို့ ငါ့ဘက်မှာအမြဲတမ်း အဆင်သင့်ပဲ၊ ဘာဖြစ်လို့လဲသိလာ ငါ့သားငါ့ဘက်ပါလာတဲ့အတွက် နှလုံးသားမရှိတဲ့ အမေတစ်ယောက်ရဲ့ ဥပေက္ခာတွေ ဘယ်လောက်တောင် ခံခဲ့ရသလဲ..အဲ့ဒီအတွက် ငါ့ဘက်က ငါ့သားအတွက် မပေးနိုင်တာမရှိဘူး၊ မဖြည့်ဆည်းနိုင်တာလည်း မရှိဘူး၊

"ရှင် ဒီစကားတွေနဲ့ပဲ ထိုးနှက်မနေနဲ့စံနစ်..ကျွန်မရက်စက်တာ သ ကိုမဟုတ်ဘူး၊ ကျွန်မရဲ့ဒေါသက သားအပေါ်မှာမဟုတ်ဘူး.."

"သိပ်သိတာပေါ့..ဒါပေမယ့် အလင်းသိုကတော့ သူနားလည်သ ပဲ သိမ်းထားခဲ့တာ.."

"မဟုတ်ဘူး..အဲ့ဒီလိုသိမ်းဖို့ ရှင်ပဲထုပ်ပိုး ပြင်ဆင်ပေးခဲ့တာ.."

"ဟား ဟား ဟား.."



သို ဖုန်းနားထောင်ရင်း မျက်ရည်သုတ်မိ၏။ သို့သော် ရင်ထဲမှာ မှန်းကျပ်လာခြင်းကြောင့် တံခါးဖွင့်၍ အောက်ဆင်းရပ်လိုက်ပြီးမှ.. ။

"ရှင်ရယ်လို့ အားရပြီလား.."

"ဘယ်ရမလဲ..ရယ်ချင်လို့ရယ်နေတာမှ မဟုတ်ဘဲ သူများမိသားစု တွင်းရေးကို မင်းကကြားဝင်ပြီး သားနဲ့အဆင်ပြေဖို့အတွက်နဲ့ ဒီလမ်း ကို တမင်ဖွင့်ပေးလိုက်တာ.."

"ရှင်တော်တော့စံနစ်..ရှင် အဲ့လောက်စော်ကားတာ ခံနေရအောင် ကျွန်မက.."

သူမရှိုက်ငိုလိုက်မိသည့်အတွက် ဖုန်းကိုနားကနေ ခွာလိုက်ရသည်။ ထိုတော့ ကားကိုမှီ၍ သူမအားပါးတရငိုပစ်လိုက်၏။ သူမရဲ့ရှိုက်သံတွေ ကို စံနစ်ဟိုဘက်ကနေ အားလုံးကြားနေရသည်။

"ကျွတ်.."

သူကရော ပြောချင်လွန်းလို့ ပြောနေတာလား.. ။

သိုဆိုတဲ့မိန်းမ သူမကိုယ်တိုင် 'ငါမှားပါလား'လို့ သတိမရဘဲ နတ် ပြည်က သိကြားမင်းဆင်းလာပြောရင်တောင် ကျွတ်တမ်းဝင်မယ့်ပုံမရှိ ဘူး.. ။

"မင်းအဲ့လောက် မပြောသင့်ဘူးစံနစ်.."

သူ့နောက်မှာ စိုးခန့်က တိတ်ဆိတ်စွာရပ်နေခဲ့ပြီးမှ ဒီစကားနှင့်ကြား ဝင်လာခဲ့ပြီး.. ။

"သို သူ့သားကိုဘယ်လောက်ချစ်သလဲ..မင်းအသိ.."

"သိလို့ သူမှားတယ်လို့ ငါပြောနိုင်တာ သူနဲ့ငါဖြစ်တဲ့အဖြစ်တွေမှာ မှားခဲ့တယ်..ဒါပေမယ့် ငါကြောင့် သားကိုသူဥပေက္ခာထားပစ်လိုက်တာ မှားတယ်.."

"အလင်းက ကလေးအတွေးနဲ့ မတန်လောက်အောင် ခံစားနားလည် နေတာကြောင့်လို့ ငါထင်တယ်.."

စိုးခန့်က မျှတရေးအတွက်ပဲ ရှေ့ရှုလျက်.. ။

"အိမ်ထောင်ရေးပဋိပက္ခတွေ ဒီလိုပဲ..အနည်းနဲ့အများ ရှိကြတာပဲ ကွ၊ ဒါမှမဟုတ်ရင် အလင်းသိုက အစတည်းကိုက မင်းကိုအချစ်ပိုနေ တာလည်း ဖြစ်နိုင်တာပဲ.."

"အဲ့ဒါကြောင့် ငါ့ဘဝက ငါ့သားအတွက်ဖြစ်သွားတာပဲ.."

"သိုလည်း သူ့ဘဝကို သူ့သားအတွက် ပေးချင်မှာပဲ.."

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ သူဘယ်လိုကြိုးစားမလဲဆိုတာက စကားပြောမှာပဲ.."

"စံနစ်.."

စံနစ်က နာရီကြည့်လိုက်ပြီး ပိုက်ဆံရှင်းဖို့ပြင်တော့ စိုးခန့်ကသိ လိုက်ကာ.. ၊

"မင်းလိုက်တော့မလို့လား.."

"မလိုက်ပါဘူး..ငါအလုပ်ရှိသေးတယ်.."

စိုးခန့်က သူ့မျက်နှာကို စူးစိုက်ကြည့်ရင်း မယုံနိုင်။ စားသောက်ဆိုင် ထဲက မီးရောင်ကပဲ အားနည်းနေတာလား..။ သူကိုက လူကဲခတ်မတော် တာလားမသိ။ စံနစ်ရဲ့လှုပ်ရှားမှုတွေတိုင်းမှာ မျက်နှာကအတည်ငြိမ်ဆုံး ဖြစ်၏။

"ငါနဲ့မင်းတွဲလာတာ ဟိုတုန်းတည်းက..ခုချိန်ထိ မင်းကိုငါနား လည်သေးဘူး.."

"မင်းနားလည်ဖို့ မလိုပါဘူး.."

"ဟုတ်ပါတယ်..ငါနားလည်ဖို့မလိုပါဘူး၊ ဒါပေမယ့် သိနားလည် ဖို့တော့ မင်းကြိုးစားခဲ့ရမှာလေ..သူ့ကိုဆုံးရှုံးရတော့မယ်ဆိုမှ မင်းသေ လောက်အောင်ချစ်ပြနေတော့ ဟိုကနားလည်ခဲ့လို့လား.."

စံနစ်က သူပြောသမျှကို ဂရုမစိုက်မိသလိုနေကာ တစ်ယောက်စီဖုန် ခေါ်နေသေးသည်။ စိုးခန့်ကလည်း သူသိသိမသိသိ ဂရုစိုက်ချင်စိုက် မ စိုက်ချင်နေ ထုံးနှလုံးမူ၍.. ၊

"ကိုယ့်ကိုယ်ကို နုပျိုချောမွေ့လှချေရဲ့ဆိုပြီး ဗီလင်တွေစွတ်တက် နေနဲ့..ကိုယ့်အသက်ကိုပြက္ခဒိန်လေးလှန်ပြီး တွက်ချက်ကြည့်ဦး၊ ဒီတစ် ခါထပ်ပြီး ဘယ်သူနားလည်လည် မလည်လည်လုပ်နေလို့ကတော့ သို ကိုမင်းပြန်ရမှာ မဟုတ်ဘူး.."

"ဒုန်း.."

"ဟာ.."

ရေစပ်စပ်ကျန်နေသေးသည့် ဖန်ခွက်ကိုဆတ်ခနဲကိုင်၍ စိုးခန့်မျက် နှာရှေ့ကို ဒိုင်းခနဲဆောင့်ချလိုက်ကာ.. ၊

"သွားမယ်.."

လက်ခုံပေါ်ရေစက်တချို့ စင်ကျလာသဖြင့် စိုးခန့်ကလက်ကိုခါ၍ မဲ့သည်။

"ခွေးကောင်..ပုံစံကိုက နည်းနည်းမှမပြောင်းသေးတာ.."



ကျောနောက်ကနေ ပြောရင်းပါလာတာကို သိလိုက်ပြီး စံနစ်ကပြုံး သည်။ ပြီးတော့ ထိုအပြုံးကိုဖျောက်ဖျက်လိုက်ရင်း နောက်ပြန်လှည့်ကြည့် ကာ.. ၊

"ငါတို့အလုပ်ကိစ္စအတွက် မနက်ဖြန်မှ ပြန်ချိန်းမယ်ကွာ.."

"အေးပါ..မင်းက အခုဘယ်လဲ.."

"ခုပဲ လေဆိပ်ကထွက်ခဲ့တာ ပြန်နားမှာပေါ့.."

ဟုတ်လို့လားဆိုသည့် အကြည့်ကိုမသိသလို လှည့်ထွက်ခဲ့ရင်း ကား ပေါ်ဝင်ထိုင်ပြီးမှ ဖုန်းဖွင့်လိုက်၏။ သူ့ရဲ့မပြောင်းလဲသည့်အရာရာထဲမှာ ရင်ထဲက တစ်စုံတစ်ရာအကြောင်း အုပ်စုဖွဲ့၍ ကဗျာမရေးတတ်ခြင်းက လည်း တစ်ခုအပါအဝင်.. ၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၂)

"ဖုန်းကိုင်လိုက်လေကွာ မင်းကလည်း..ကိုယ့်အမေကို.."

"ဟော့အေး.."

အလင်းက ခေါင်းခါ၍ နောက်တစ်ခွက်ထပ်ထည့်သည်။

"အလင်း..ဟော့ကောင် မင်းမော့ထားတာ မနည်းဘူးနော်.."

စက်ဝိုင်းနဲ့လေကြီးက သူ့လက်ကိုဆွဲထားမတတ် လက်ပြင်ကြ
သော်ဇင်နဲ့အာကာမင်းတို့ကတော့ လက်ဗွေ့နိုင်လာကြသဖြင့် သူတို့
ပျော်နဲ့သူတို့ရှိကာ.. ။

"ဘာဖြစ်လဲကွာ..သူ့အမေခွင့်ပြုလို့ သောက်တဲ့ဥစ္စာ၊ ထားလိုက်ပါ

စက်ဝိုင်းတို့လောက်လည်း မရင်းနှီးကြသလို အလင်းရဲ့အဖေ အ
ဆိုတာ ဘယ်သူတွေမှန်းတောင် သိကြတာမဟုတ်။ တကယ်ဆို စက်ဝိ
တို့လည်း အလင်းရဲ့အမေကို မမြင်ဘူးကြပါ။ မြင်ဖူးဖို့နေနေသာ
ဟိုအရင်ကဆို အလင်းကစကားထဲလည်း ထည့်ပြောခဲ့တာမရှိ.. ။

နောက်ထပ် ဖုန်းမြည်လာတော့ ဂီတကကောက်ကိုင်လိုက်လျှင်

"ဟိတ်..'

အလင်းက မူးနေပြီပေမယ့် လက်ကမြန်သည်။ ဂီတရဲ့လက်ကို ဖု
နဲ့အတူထပ်ဖိထားလိုက်ကာ.. ။

"ထားလိုက်.."

"ဘာဖြစ်လို့လဲအလင်းရယ်..နင်ပဲအလာတုန်းကတော့ မေမေ့အ
ကိုးနဲ့လာရတာဆို၊ အခုလည်း အန်တီ့အကာအကွယ်နဲ့ ပြန်ရမှာမို့လာ
နင်သောက်နေတာသိမှာစိုးရင်လည်း ငါတို့ဝိုင်းပြောပေးမှာပေါ့.."

ထိုစကားကြောင့် အာကာမင်းတို့ကရယ်ကာ.. ။

"ပြောပေးဖို့တောင် လွယ်ပါ့မလား..ငါတို့ကောင်ကိုကြည့်ဦး၊ ခေါ



ကချွမ်းပြန်နေပြီ.."

သူတို့ကရယ်နေပေမယ့် စက်ဝိုင်းတို့ကတော့ ခေါင်းကြိမ်းနေပြီဖြစ်
သည်။ အာကာမင်းတို့က စင်ပေါ်ကဆင်းလာကြတည်းက အားလုံးဆိုင်
များကြမယ်လို့ ပြောထားသည်။ အလင်းက 'မေမေ့ကို ပြောရဦးမယ်'လို့
ပြော၏။ ပြီးတော့.. ။

"မင်းတို့အောင်ပွဲကို လိုက်လာတာ လိုက်ပါဂုဏ်ပြုတာနော်..ငါမ
သောက်ရဲဘူး၊ ဖေဖေက လုံးဝတားမြစ်ထားတာ.."တဲ့.. ။

ခုကျတော့ တစ်လမ်းလုံးမျက်နှာကြီး စူပုတ်ပြီးလိုက်လာသည်။ ဆိုင်
ရောက်ပြီဆိုတည်းက ဘီယာလှမ်းမှာတာ သူ.. ။

"အလင်း..မင်းတော်တော့လေကွာ၊ ဘာဖြစ်လို့လဲ..အန်တီ့ကိုမင်း
များပြောမယ်ဆိုတာ အန်တီကတစ်ခုခု ဆူလိုက်လို့လား.."

အလင်းကိုအကဲခတ်ကြည့်နေကြသည့် စက်ဝိုင်းကပဲ နားနားကပ်
မေးသည်။ ဂီတကလည်း မကြားတကြားပေမယ့် နားစွင့်နေခဲ့သည်။ လေ
ညာကတော့ ခဏခဏလင်းလာလိုက် မှောင်ကျသွားလိုက် ဖုန်းကိုပဲ စိတ်
မကောင်းစွာ ကြည့်၍ သက်ပြင်းတချချ.. ။

"ကဲပါကွာ..ငါတို့ပြန်ရအောင်၊ အာကာနဲ့သော်ဇင်တို့ ငါတို့ပြန်နှင့်
ကြမယ်ကွာ..သူ့အမေနဲ့ကွိုင်တက်လိမ့်မယ်.."

လေညာက သူ့ဘာသာဆုံးဖြတ်ပြီး အာကာတို့ကို နှုတ်ဆက်၏။
သော်ဇင်က ပြိုင်ပွဲမှာအောင်ပွဲခံခဲ့သူဖြစ်ကာ.. ။

"ဟာကွာ..မင်းတို့ကလည်း ဒီညအတွက် ငါသေချာကြိုပြောထား
တာကို.."

"အေးလေကွာ..ငါတို့မှာမင်းတို့ပဲ အဖွဲ့ရှိတာ၊ နှစ်ယောက်တည်းတော့
ထားခဲ့ကြပါနဲ့.."

"အန်တီဖြစ်ဖြစ် အန်ကယ်လ်ဖြစ်ဖြစ် ငါတို့လိုက်တောင်းပန်ပေးမယ်
ကွာ.."

သူတို့က အသည်းအသန်တားကြ၏။

"မင်းတို့ဟာက ပြန်မယ်ဆိုတော့လည်း အကုန်လုံး.."

"အတူပြန်ရမှာပေါ့ကွာ..ဂီတကိုလည်း ပြန်ပို့ရဦးမယ်.."

ဒီကောင်မလေးက မိန်းကလေးဖြစ်ပြီး သူတို့အုပ်စုဘယ်လေတိုက်
ကယ်အရပ်ကိုပဲ ရှေ့ရှေ့ တစ်ဖဝါးမှမချန်ခဲ့ဘဲ ထပ်ချပ်မကွာလိုက်
သည်။ ဒါကြောင့် တစ်ခါတလေဝန်လေးရပေမဲ့လည်း စိတ်မရှည်ချင်။

www.burmeseclassic.com

www.burmeseclassic.com



သူမအလင်းကို သဘောကျနေတာလားလို့ တွေးကြည့်တော့လည်း ဟု
တာမဟုတ်ဘဲ.. ၊

"မဟုတ်ဘူး..မဟုတ်ဘူး ငါရတယ်၊ ဆက်သောက်မယ်.."

သူတို့တွေ မိုးတိုးမတ်တပ်ရပ်မိပြီးမှ အလင်းက လက်နှစ်ဖက်
ခါနှင့် စာခြောက်သလို တားဆီးနေသဖြင့် ပြန်ထိုင်ကြရကာ.. ၊

"အလင်း မင်းအမေနဲ့မင်း ပြန်အဆင်ပြေတာ မကြာသေးဘူးမို့လာ

"နားစမ်းပါ..အဲ့ဒါမင်းတို့အပူ မပါပါဘူး၊ အဲ့ဒါငါ့အပူ..အတ်အ
ငါ့အပူပဲ.."

ခေါင်းထဲမှာ ရီဝေယစ်ထွေနေသည်။ ဒါပေမယ့် ထပ်သောက်ချင်
သေးသည်။ ဘယ်လောက်မျိုချချ လည်ချောင်းတွေသာ ပူလောင်ကျ
သွားသည်။ သူ့အာရုံတွေက နေမလောင်မီးမခပါလား.. ၊

သောက်နေရင်းဝမ်းနည်းနေသည်။ ဝမ်းနည်းခြင်းသည် ငိုချင်
မဟုတ်ဘဲ ဒေါသတွေဖြစ်လာခဲ့၏။ 'သူငယ်ချင်းတွေနဲ့ မုန့်လိုက်စား
လို့မေမေ' လို့ ခွင့်တောင်းဖို့ လက်ဇော့ရှုံထဲကနေ သူငယ်ချင်းတွေထား
သူတစ်ယောက်တည်း ပြေးထွက်လာခဲ့သည်။

'မေမေက ဖေဖေဆူမှာစိုးလို့ မဖြစ်ပါဘူး'ဆိုပြီး ခေါင်းခါရင် မေ
ပါးကို တစ်ချက်လောက်နမ်းပြီး မရမကပြောယူဖို့ တက်ကြွစွာဖြစ်သ
သို့သော်.. ၊

မေမေ့ဘေးမှာ အတွက်ဆိုတဲ့လူကြီးကို ခန့်ခန့်ညားညားမြင်လိုက်
သည့်အချိန်တွင် သူ့ခြေလှမ်းတွေ နေရာမှာတင် ရပ်သွားခဲ့သည်။ မေ
ကို သူဒီလိုမြင်ကွင်းတွေကြောင့် မေ့ပစ်နိုင်အောင် ကြိုးစားခဲ့သည်။ မေ
မေ့ကိုသတိရတိုင်း ဒီမြင်ကွင်းတွေပဲဖြစ်နေသည်က နာကျင်မှုတွေတိုး
ခဲ့၏။

မမြင်ရတာ ကြာလာသည့်အခါ ဒီလူကြီးနဲ့မေမေ့ရဲ့မြင်ကွင်း
လည်း မေ့လာသည်။ မေမေ့ကိုလည်း မေ့နိုင်ခဲ့၏။ ဒါပေမယ့် သူ့ဆား
မေမေပြန်ရောက်လာတာနဲ့ပဲ သူဘာကြောင့်ဒီလူကြီးကို သတိမရခဲ့ပါ
လဲ..။ ဒီလိုမြင်ကွင်းမျိုး ထပ်ရှိလာနိုင်တာကို ဘာကြောင့်မေ့ခဲ့တာလဲ

မေမေ့ကို ဒီလူကြီးက စိုးရိမ်ပူပန်သည့်မျက်လုံးတွေနဲ့ ကြည့်နေသ
ညမှောင်နေပြီပေမယ့် မေမေ့ကားရပ်ခဲ့သည့်နေရာက မီးရောင်အောက်မှ
မို့ သူကွယ်ရပ်ကနေ ပီပြင်စွာမြင်နေရ၏။

သူကြည့်နေတုန်းမှာပဲ မေမေယိုင်ခနဲဖြစ်သွားသည်။ ဒီလူကြီးက



မတ်ဖေးမ၏။

"တောက်.."

"ဒုန်း.."

ဒေါသတွေ တရိပ်ရိပ်တက်လာခဲ့လျက် စားပွဲကိုလက်သီးဆုပ်နဲ့ ထု
လိုက်မိသည်။ အနားက သူငယ်ချင်းတွေသာမကဘဲ တခြားသူတွေပါ
ကြည့်ကြ၏။ အလင်းဘာကိုမှ ဂရုမစိုက်နိုင်ပေ။ သူနာကျင်တာက
တ်မှာတည်းက သူရယ် ဖေဖေရယ် မေမေနဲ့ဒီလူကြီးရှေ့မှာ ဒူး
က်ကျရှုံးခဲ့ရခြင်း.. ၊

"ဘာသွားလုပ်မှာလဲမြေးရယ်..ရောဂါတစ်ခုတောင်မှ အရှိန်တက်နေ
ဆေးကုလို့ဆေးမတိုးဘူး၊ ကလေးလည်း နေမကောင်းဘူးမို့လား.."

"သားကြောင့်ပဲသွားရမှာဘိုးဘိုး..သူ့အမေကိုတွေ့လိုက်ရင် သား
ပျော်သွားမှာ.."

ဘိုးဘိုးကြီးနဲ့ ဘိုးဘိုးညီတို့စကားပြောကြတာ ကြားတည်းက မေမေ
ရောက်နေတာကို သူသိခဲ့သည်။ ဒါကြောင့် ဖေဖေ့ကို တစ်ညလုံး
တာနေမိ၏။

"မေမေကသားသားကိုတွေ့ရင် သားသားတို့နဲ့ပြန်လိုက်လာမှာ..မေ
ကိုသွားခေါ်ရအောင်နော်..ဖေဖေ.."

ဖေဖေအလုပ်စားပွဲမှာ ကောင်းကောင်းမထိုင်နိုင်ဘဲ သူ့ဆီပြေးလာရ
က်ချော့ရနှင့် ပခုံးပေါ်ထမ်းပြီး လမ်းလျှောက်နေရတာလည်း ရှိသေး
။ ငယ်ငယ်တုန်းကတော့ ဖျားနာတဲ့အချိန်မှာ မိဘကိုကပ်သည့်က
တစ်ယောက်ရဲ့ ဆိုးနွဲ့ခြင်းဖြင့် ဖေဖေ့ကိုလည်း အားနာရမှန်းမသိခဲ့..၊
နိုးလာတဲ့အချိန် ဖေဖေ့ကိုအလုပ်စားပွဲမှာ လှမ်းမြင်လိုက်တာနှင့် ဖေ
ားထသွားသည်။ ဖေဖေ့ပေါင်ပေါ်မှာ မှောက်အိပ်ခဲ့သည်။ ထို့ကြောင့်
အလုပ်ပျက်ရလေသည်။ မေမေ့ကိုသွားတွေ့ဖို့ မနက်မှာအလင်းပျော်
သည်။

ဖေဖေရယ် မေမေရယ်အတူတူပြန်နေကြရမည်ဆိုသည့် က
င့်တခြင်းပဲဆိုတာ မသိပေမယ့် ဘိုးဘိုးကြီးမုန့်ကျွေး ကိုလည်း
နိုင်။ ဒေါ်ဒေါ်အေးအကျီလှလှလေး ဝတ်ရအောင်ဆို လိုက်ဖမ်းနေ
ကိုလည်း ခုန်ပေါက်ပြေးနေမိ၏။

ပျော်နေခဲ့သမျှ မေမေ့ကိုမြင်လိုက်ရသည့်အချိန်မှာ အလင်းမေမေ့ကို
ဖို့ စကားလုံးတွေပါ မေ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သိုကခုပဲပြန်တော့မှာ.."

"ကျွန်တော်လည်း ညကမှသိလို့ပြေးလာခဲ့တာပါ..သူနဲ့ခဏလော တွေ့ပါရစေ.."

အတွက်ရဲ့အဒေါ်တွေဆိုလား မျက်နှာထားတွေက အပြုံးအရယ်မ ဘယ်သူ့အိမ်ခြံဝင်းမှန်းမသိသော်လည်း အတွက်ဆိုသည့်လူကြီးရဲ့ မျိုးတွေမှန်း ဖေဖေ့ကိုဘိုးဘိုးကြီး ပြောနေတဲ့စကားအရ အလင်းသိနေ၏

"အတွက်တို့ဆွေမျိုးအသိုင်းအဝိုင်းထဲမှာ သူတည်းခိုနေတည်းက ဘက်ကစိတ်သဘောကို မင်းနားမလည်ဘူးလားမြေးရယ်..ကိုယ့်အိမ် ထောင်ရေး ပြေလည်ဖို့ကြိုးစားချင်ရင် အချိန်တစ်ခုတော့ စောင့်လိုက် ဦး.."

"အိမ်ထောင်ရေးအတွက် မဟုတ်ဘူးဘိုးဘိုး..လောလောဆယ်သ လေးစိတ်ချမ်းသာမှ မြန်မြန်လန်းလာမှာ၊ ကလေးတရှောင်ရှောင်ဖြစ် တာသိရင် သူ့အမေနေမှာမဟုတ်ပါဘူး.."

ဟု ဖေဖေပြောခဲ့တဲ့စကားတွေကိုပါ အလင်းနားလည်နေခဲ့သည် ဒါပေမယ့် ဟိုရောက်သွားတော့ မေမေ့ကိုမတွေ့ခင် လူစိမ်းတွေက အ နှင်လွှတ်ဖို့တာစူသည်။ ထို့ပြင်.. ၊

မေမေထွက်လာတော့ နောက်မှာအတွက်ဆိုသည့်သူကြီးပါ ပါ၏ ခုနေပြန်တွေးလိုက်တော့ တကယ်ဆို သူများလင်မယားပြောဆိုဆွေး ပါစေဆိုပြီး ပေးတွေ့လိုက်ပါလား..။ ရှောင်ပေးကြဖို့ဆိုတာ ဝေးလို့..

"ကလေးကျန်နေတည်းက ဘယ်လိုမှပြတ်ကြမှာ မဟုတ်ဘူးဆို အန်တီပြောသားပဲသိ.."

"ပြောမနေနဲ့မာမီ..သူတို့ကိစ္စ ကိုယ်နဲ့မဆိုင်ဘဲနဲ့.."

"ဒီလိုပြောလို့တော့ ဘယ်ရမလဲ..ကွာရှင်းပြီးခဲ့တာ တစ်နှစ်ပဲရှိနေ လင်မယားနှစ်ယောက်တည်းဆိုတာ လမ်းမှာရပ်ပြီး စကားပြောကြ တောင် ဟိုလိုဒီလိုသွားပုတ်လေလွှင့် စကားတွေတန်းထွက်လာမှာ.. ကွာပြီးမှတော့ လုံးဝကင်းကင်းနေတာ အကောင်းဆုံးပဲ.."

အတွက်ရဲ့ ဆွေမျိုးသားချင်းတွေက တစ်ယောက်တစ်ခွန်း မဆီ ဆိုင်ပါဝါတွေ ဝင်ပြနေကြသည်။ ထိုစဉ်တည်းက ဖေဖေ့မာနကို နားလ နိုင်တဲ့အရွယ်မဟုတ်သေးဘဲ အလင်းဖေဖေ့ကိုသနားခဲ့၏။ ဒီလူတွေဆ ကြီးလုပ်ပြီး မောက်မာရိုင်းပျနေပေမယ့် ဖေဖေကမေမေ့ကိုပဲ မျှော်လင့် ခဲ့သည်။ အလင်းလည်း မေမေအနားရောက်လာမှာပဲလို့ တွေးနေခဲ့၏



ဒါပေမယ့် တကယ်တမ်းအဖြစ်သည်.. ၊

"သို.."

မေမေ့ခြေလှမ်းတွေက အတွက်ဆိုသူနဲ့ယှဉ်တွဲလျက် တခြားတစ်ဖက် ို့ ဦးတည်သွားခဲ့၏။ ဖေဖေက ခေါ်လိုက်တော့ တုံ့ခနဲခဏရပ်သည်။

"သို မင်းကိုငါ့ဆီပြန်လာပါလို့ ငါမခေါ်ပါဘူး..မင့်သားနေမကောင်း ူ။ ခဏဖြစ်ဖြစ် ကလေးကိုလာကြည့်စမ်းပါ.."

မေမေ့မျက်နှာ သူ့ဆီဖျတ်ခနဲလှည့်လာသည်။ 'မေမေ သားဆီလာ ါ'လို့ ခေါ်စေချင်တာလား..။ ဖေဖေပြောတာကို မယုံကြည်လို့လား..။ တစ်ခုခုကြောင့်ပဲဖြစ်မည်။ ဒါပေမယ့် ဖေဖေ့ပခုံးပေါ်မှာ သူမျက်နှာမှောက် ပစ်လိုက်သည်။ တစ်နည်းအားဖြင့် မေမေကြည့်နေတာကို မလိုလား ာသည့်စိတ်က ကလေးတစ်ယောက်၏ နှလုံးသားမှာ ဒဏ်ရာတစ် ျက် ထင်သွားခြင်းဖြစ်သည်။

ထိုစဉ်က သူမကြည့်တော့ပေမယ့် မေမေ့စကားတွေကို သေချာကြား ရသည်။

"ကလေးကို ပခုံးပေါ်ထမ်းလာရုံနဲ့ ကျွန်မတို့အိမ်ထောင်ရေးကို အစ ပြန်စလို့ရမှာ မဟုတ်ဘူးစံနစ်..သားကိုစောင့်ရှောက်နေရလို့ ရှင်ပင်ပန်း ာပါပြီဆိုရင် ခုတစ်ခါတည်းပြော ကျွန်မပြန်ခေါ်သွားမယ်.."

"သားကို ငါခေါ်ထားတဲ့အတွက် မင်းကမကြည့်နိုင်ဘူးလို့ ဆိုတာ ား.."

မေမေ့ဖြေသံကို မကြားရပေမယ့် ဖေဖေ့နှုတ်ခမ်းနားမှာ နားနဲ့ကပ် သဖြင့် ကျိခနဲအံကြိတ်လိုက်သံက သူ့နှလုံးသားထဲထိ ထစ်ချုန်းသံလို ဝင်ခဲ့၏။ ပြီးတော့.. ၊

"ကောင်းပြီ..ငါ့သားမင်းဆီကို ဘယ်တော့မှပြန်ရောက်မလာအောင် ထားမယ်၊ မင်းလိုအမေကို ဘယ်တော့မှမတမ်းတမိအောင် ငါ့သားကိုငါ ည့်ဆည်းမယ်..ငါပင်ပန်းမှ မင်းကပြန်ခေါ်မယ်ဆိုတော့ ငါကဘယ် တော့မှ ပင်ပန်းမှာမဟုတ်တဲ့အတွက် သားရဲ့မျက်နှာကို မင်းနောက်ထပ် မြင်ချင်လာရင်တော့ အဲ့ဒါမင်းကံတရားပဲ.."

ဒီလောက်စိတ်ပျက်ဖွယ်အဖြစ်ကြီးမှာ ဖေဖေ့ဘက်ကခြေခဲ့တာ ဒါပဲ ဖြစ်သည်။ သားတစ်ယောက်လုံးကို မြင်တာတောင် သူ့ရှေ့ကနေပြန်ထွက် ွားတဲ့အထိ ဒီတိုင်းရပ်ကြည့်ကျန်ခဲ့တဲ့ မေမေ့ကိုသူမွှမ်းသင့်သလား..၊ နောက်ထပ် မေမေ့ဆီသွားမယ်ဆိုတဲ့စကား အိမ်မက်ထဲမှာတောင် မပါ

www.burmeseclassic.com

www.burmeseclassic.com



တော့တဲ့အထိ စိမ်းပြတ်သွားခဲ့သည်။

ကလေးပေမယ့် မေမေ့စကားလုံးတွေကို ဖေဖေ့အတွက်အသည်း က နာခဲ့သည်။ နောက်ပိုင်းမှာ ဘိုးဘိုးကြီးခေါ်သွားလို့ မေမေ့ရှေ့ရော သွားခဲ့တာတောင် သူမေမေ့ကို စကားဟဟမပြောခဲ့ပေ။ တမင်မပြော နေတာမဟုတ်ဘဲ ပြောချင်သည့်စကားလုံးကို မရှိခဲ့တာဖြစ်သည်။ အဲ တော့ လူကြီးတွေဆီက စကားသံထွက်လာသည်။ ကလေးက သနားစ ကောင်းတဲ့ဘက်ကို ခင်သွားတာ..တဲ့.. ၊

ရယ်စရာတောင်ကောင်းသေးတော့သည်။ စံနစ်ဆိုတဲ့ယောကျ်ား ယောက် ဘယ်လောက်ထိမာနကြီးတယ်ဆိုတာ မသိကြတာလား မိန်းမတစ်ယောက်နောက်ကို ကလေးထမ်းပြီးတကောက်ကောက်လိုက် သည်ဆိုတဲ့အဖြစ်တွေကြောင့် ကဲ့ရယ်ချင်တာလား.. ၊

အဲ့ဒီယောကျ်ားက သူ့သားအတွက် သိက္ခာမာနတွေခဝါချခဲ့သည် သားကိုဂရုမစိုက်တဲ့ မအေတစ်ယောက်အတွက်က မာန်ဝင့်ဖွယ်တွေ ခဲ့၏။ အတိတ်တစ်ခွင်မှာ သူ့အတွက်မေမေကြင်နာခဲ့တာ ဘာရှိခဲ့သလဲ

ဒါတောင် သူမေမေ့ကို နာကျည်းမှုတွေနဲ့ မဆက်ဆံခဲ့ပါ။ ဖေ ကိုယ်တိုင်က မေမေ့အပေါ်မှာ 'ဒီမိန်းမမျိုး တော်ပါပြီ'ဆိုတဲ့စကား တစ်ခွန်းတလေမှ မဟခဲ့သည့် ဖေဖေ့အတွက် သူ့ရင်ဘက်ကအပူကို ခပ်ထားခဲ့သည်။

ဖေဖေသည်ဖေဖေ အမေသည်အမေပဲမို့ မုန်းတီးနာကျည်းတဲ့ခံ ချက်မျိုးလည်း မရှိခဲ့လို့ထင်သည်။ ဒါပေမယ့် ဒီနေ့တော့ သူဘယ်လော နာကျင်ခဲ့ရသည့်အဖြစ်တွေက လာခဲ့သည့်လမ်းကို နောက်တစ်ခေါက် လျှောက်နေရသလို တစ်ခုတလေကိုတောင် မမေ့ခဲ့ဘဲ အစကအဆုံး လုံးပေါ်လာခဲ့သည်။

ထို့ကြောင့် သူသိဖို့လိုလာပြီဟုလည်း တွေးမိလာခဲ့၏။ မေမေ့ ထဲမှာ ဘာတွေရှိနေသလဲ..။ ဖေဖေရယ် သူရယ် မေမေရယ်..ဒါမှမဟု ဖေဖေရယ် သူရယ် မေမေရယ် အတွက်ဆိုတဲ့လူကြီးရယ်.. ၊

မေမေ့ရင်ထဲမှာ ဘယ်သူ့အတွက် ဘယ်လိုနေရာ သတ်မှတ်ပြီး ဆည်းထားခဲ့တာလဲ.. ၊

"ဘယ်မှာလဲ..သော်ဇင်ဆိုတဲ့ကောင်.."

အနီးကပ်စကားသံနှင့်အတူ မီးရောင်တွေပြိုးပြက်လက်နေသလို စားလိုက်ရကာ အလင်းရဲ့စိတ်တွေ ပစ္စုပ္ပန်နဲ့အတိတ်ဘယ်မှာ သူရှိနေ



ဆိုတာ မကွဲပြားသေး.. ၊

"ဟော့..ဟော့ကောင် မင်းတို့နော်.."

"စက်ဝိုင်း..ငါတို့ကိုကူဦး.."

စကားသံတွေအရ တစ်ခုခုဖြစ်နေပြီကို သိလိုက်၏။ သိလိုက်ခြင်း သည် သူ့စိတ်တွေပစ္စုပ္ပန်မှာ ပြန်လည်ကပ်ငြိလာခြင်းပဲဖြစ်ကာ မျက်လုံး တွေကို ဖြဲကွဲဖွင့်ကြည့်မိ၏။

ကားတွေ.. ဒါကားပါကင်မှာပဲ၊ သူဆိုင်ထဲမှာမဟုတ်တော့ဘူးဆိုတာ သိလိုက်ကာ.. ၊

"မင်းက ငါ့အစ်ကိုကိုအလဲထိုးသွားတယ်ဟုတ်လား..ငါ့အစ်ကိုလို မှမရှိ ထိုးသတ်လာခဲ့တဲ့လူကို မင်းလိုကောင်က..ဟုတ်လား.."

"ခွပ်..ဘုန်း.."

"ဘယ်ကောင်တွေလဲ..ဒါ.."

"အလင်းမဆင်းနဲ့..နင်မူးနေတာ.."

"ဖယ်စမ်းပါ.."

"ဂီတ အလင်းကိုတားထား.."

အခြေအနေတွေက ရှုပ်ထွေးကုန်သည်။ အလင်းအမူးလွန်ပြီး မှောက် ပြီမို့ ပြန်ကြဖို့တိုင်ပင်ပြီး သူတို့အားလုံးပဲ ဆိုင်ထဲကထွက်ခဲ့ကြသည်။ အလင်းနဲ့စက်ဝိုင်းတို့က ကားတစ်စီး။ အာကာမင်းတို့နှစ်ယောက်က သပ်တစ်စီးဖြစ်ကာ လူခွဲမလို့နှုတ်ဆက်ကြတုန်း ကြိုးဝိုင်းထဲက ရန်စ ကပ်ပါလာတာဖြစ်၏။

သော်ဇင်တို့နှစ်ယောက်ရယ် တစ်ဖက်ကပြိုင်ဘက်ရယ်က မရိုးသား ကွနဲ့ ကစားခဲ့ကြတာဖြစ်ကာ ဒါတွေကိုအလင်းတို့က ရိုးသားစွာအား ခဲ့ကြတာမို့ ဘာမှမသိ။ မသိပေမယ့် ကိုယ့်လူကိုထိတော့ မခံနိုင်ကြ စက်ဝိုင်းတို့ကလည်း သော်ဇင်တို့အဝိုင်းခံထားရတာကို ကူဖို့ပြေး သည်။ အလင်းကလည်း ကိုယ့်ကိုယ်ကိုမနိုင်ဘဲ ကားထဲကခွတ်အွက် ။ အနားရောက်သွားတာနှင့် အလင်းမျက်နှာကို လက်သီးတစ်လုံး နဲ့ ပစ်ဆောင့်၏။

ခွပ်ခနဲလန်ထွက်သွားစဉ် နောက်ကနေ ဆွဲချုပ်ထားလိုက်ရကာ..

"ချကွာ..အသေထိုးစမ်း.."

"ဟဲ့..နင်တို့မညစ်ပတ်နဲ့၊ သူကမူးနေတာ ကြပါဦးရှင့်..ဟော ."

www.burmeseclassic.com

www.burmeseclassic.com



ဂီတ တအားအော်ပစ်လိုက်သဖြင့် ဆိုင်ထဲကလူတွေ ပြေးထွက်လာကြ၏။ ဦးဆုံးရောက်လာသူများမှာ သုသန္တာတို့အုပ်စုဖြစ်၏။

ညသည်ဆောင်းတွင်းမီးပုံနှင့် လေပွေညလို.. ၊

♥♥♥

## အခန်း(၂၃)

ရဲစခန်းရောက်ကုန်ကြတော့ အလင်းတို့အုပ်စုနဲ့ ဟိုဘက်ကရန်ဘက်အုပ်စုချည်းပဲ မနည်းဘူးရှိသည့်ပြင် အမြင်မတော်လို့ ပြေးကူဖို့ကြိုးစားကြသည့် သုသန္တာတို့ လေးယောက်လည်းပါလာ၏။ ရန်ဘက်အုပ်စုနဲ့ ယပ်သပ်စီခွဲထားပေမယ့် မြင်တော့မြင်နေရလျက်.. ၊

"တောက်..မဆီမဆိုင် သက်သက်ပြဿနာရှာတာ၊ ပြိုင်တာဘဲ အရှုံးအနိုင် ဘယ်သူရရပေါ့.."

"အဲ့ကောင်က ရှုံးပွဲမရှိတဲ့ကောင်.."

"ရှုံးပွဲမရှိတဲ့ကောင် ဘယ်တော့မှမရှုံးရတော့ဘူးလို့ ဘယ်ဥပဒေရှိတားလို့လဲ.."

"ရှူး.."

အလင်းချည်းဒေါသထွက်နေသည်။ ဘေးကတိုးတိုးကပ်ပြောလည်းမှုက ကျယ်ကျယ်။ ခေါင်းမှာသွေးထွက်နေတာကို လက်နဲ့ပြန်စမ်းကြည့်တော့ သိနေသည်။ နှုတ်ခမ်းကွဲထားတဲ့ဒဏ်ရာကလည်း ပါးစပ်ထဲကိုဆားမှုန့်တွေ သွန်းလောင်းနေသလို ငံကျိကျိမကုန်နိုင်.. ၊

အလင်း ကိုယ့်ဘာသာနှလုံးနာနေတာရော အမူးပြေသွားသည့်အဖြစ်နှင့် အသားကနာတာတွေပါ ရောပြုကာ ထွီခနဲတံတွေးထွေး၏။

"အလင်း ဟေ့ကောင်.."

"ဘာလဲကွာ..တံတွေးထွေးချင်တာ ပြန်မျိုချလို့ ရမလား.."

ရဲစခန်းမှာ သူ့အသံချည်းပဲဖြစ်နေကာ အနားမှာသာ တခြားရှိသူတွေ ရှိနေရင်တော့မလွယ်။ လေညာက စိတ်တိုတိုနှင့် အလင်းကိုတံကောင်နှင့် တွက်၍.. ၊

"မင်းပဲဆွဲမရ လွဲမရဇွတ်ထွက်တာလေ..ပြီးတော့ လက်ထဲမှာကိုင်မိ

www.burmeseclassic.com

www.burmeseclassic.com



တာ မြွေပွေးမှန်းမသိ ကြိုးခွေမှန်းမသိ ကံကောင်းလို့ ဓားသာဆိုဟိုကော ဇက်ပြတ်ပြီ.."

"ဘာလဲ..ဘာလို့မသိရမှာလဲ၊ ကားပေါ်မှာ သံတုတ်ပဲရှိတယ်.. တုတ်မှန်းသိလို့ ဆွဲယူသွားတာပေါ့၊ ငါမူးနေလို့ မဟုတ်ရင် အဲ့ကော ခေါင်းနှစ်ခြမ်းကွဲတယ်.."

"ဟာ ဒီကောင်ကြည့်စမ်း..ပြောနေရင်းနဲ့.."

စက်ဝိုင်းကလည်း အလင်းကိုပဲ တွန်းထိုးသတိပေးနေရသည်။ ဂီ ကတော့ စိတ်ညစ်နေပုံလေးနှင့် ဒီတိုင်းငိုင်နေကာ.. ၊

"ဟဲ့..နင်ကဘာရယ်တာလဲ.."

သုသန္တာတို့လေးယောက်က သီးသန့်လေးဖြစ်နေကာ ခိုင်က သု့မျ နှာလေးကို ငဲ့ကြည့်ပြီး တအံ့တသြနှင့်.. ၊

"သွေးထွက်သံယိုတွေဖြစ်ပြီး ရဲစခန်းရောက်နေကြတာတောင် မှာဘာတွေသဘောကျလို့ အပြုံးအရယ်မပျက်နဲ့.."

"ဟိုမှာလေ..အလင်းသို.."

"တွေ့တယ်လေ..ဘာဖြစ်လဲ၊ အဲ့ကောင် ငပွေ ငရှုပ်ဆိုပြီး..ဟွန်း..

'မိန်းမသတိထား'ဆိုသည့် မျက်စောင်းတစ်ချက်နှင့် ခိုင်ကတစ်ဖ လွှဲ၏။ သုကရယ်ကာ.. ၊

"တစ်ခါတလေကျတော့ ပွေတဲ့ယောက်ျားတွေကမှ ချစ်ဖို့ကောင်းတ ဟ..ရိုးပုံရိုးကန်းနဲ့ မိန်းမလိုမိန်းမရစိတ်တွေရှိတဲ့ယောက်ျားမျိုး နင်မြင်ဖူး လား.."

"မမြင်ဖူးပါဘူး.."

"အေး..ငါကတော့မြင်ဖူးတယ်၊ သေချာကြီးကိုမြင်ဖူးတာ..ဒါပေမယ့် ဟာ ဘယ်ယောက်ျားမျိုးက ဘယ်လိုဆိုပြီးတရားသေ သတ်မှတ်ထားလို့ တော့ မရပါဘူး၊ လူအမျိုးမျိုး စိတ်ဓာတ်အမျိုးမျိုးပေါ့..အလင်းသိုကျတော့ မျက်နှာလေးက အရမ်းချိုတယ်၊ ရည်စားများတယ်ဆိုပေမယ့် ကိုယ့်ကို ထားခဲ့ရင်တောင် မုန်းရခက်တဲ့ မျက်နှာမျိုးလေး.."

"ငါဖြင့် ရည်းစားများတဲ့ယောက်ျားတွေကို ကြည့်မရပါဘူး..ငါသိ တယ်၊ အလင်းသို ရန်ဖြစ်နေတာမြင်လို့ နင်တအားပြေးဝင်သွားတည်းက"

"ငါအဲ့လောက်လည်း မဟုတ်ပါဘူးခိုင်ရယ်..ဒါပေမယ့် သူ့ကိုခု သတိထားမိတာက.."

သူမတို့စကားပြောနေတုန်း ရဲတစ်ယောက်ရောက်လာကာ.. ၊



"အလင်းသို..မင်းအဖေလာတယ်.."

ဟင်.. ၊

အလင်းမျက်နှာပေါ်က မကျေမနပ်ဂျစ်ကန်ကန်ပုံစံတွေ ပျောက်ကုန် ကာ ဆတ်ခနဲဖြစ်သွားသည်။ ပြီးတော့ နှုတ်ခမ်းကိုလက်ခုံနဲ့ကပ်လိုက် ခေါင်းနောက်စေ့ကဒဏ်ရာကို ပြန်စမ်းပြီး ဆံပင်တွေအသေအသပ်ပြင် လိုက်နှင့်.. ၊

"ဖေဖေ့ကို ဘယ်သူပြောလိုက်တာလဲ.."

ဒေါသက ဝမ်းသာမည့်အဖြစ်ကို ကျော်လွှန်၍.. ၊

"စက်ဝိုင်း.."

"အံမယ်..ငါမဟုတ်ပါဘူး.."

"အန်ကယ်လ်လေးက မင်းပြောမှသိမယ့် လူမို့လို့လား.."

သူတို့ပြောနေတာတွေ အားလုံးကြားနေရကာ သုသန္တာတို့အဖွဲ့ထဲက လင်းက သူတို့မပါမှာစိုးရိမ်ကာ.. ၊

"အလင်းသို ငါတို့အကုန်လုံးထွက်ရမှ ဖြစ်မှာနော်.."

ကိုယ်ထွက်ရမှာတောင် ဝမ်းမသာသည့်အလင်းမျက်နှာက နောက်က သံတွေကြောင့် လှည့်ကြည့်လိုက်လျှင်.. ၊

ဟင်.. ၊

သုသန္တာတို့ပါလာသည့် အဖြစ်ကို ခုမှသိရကာ.. ၊

"သု..သုသန္တာ.."

"ဟေ့..ထွက်လေကွာ.."

ရဲကစိတ်မရှည်။ အလင်းက အံ့သြလို့ကောင်းတုန်း.. ၊

"ဟုတ်တယ်..ဆိုင်ရှေ့မှာငါတို့ဖြစ်ပျက်နေကြတော့ သူတို့လည်းဆိုင် ပေါ်ထပ်က ဆင်းလာကြတာ.."

"မူးသာမူးနေတယ် ကံကတော့ကောင်းပါ့..ဝိုင်းဆွဲကြတာ ကောင်မ လေးတွေချည်းပဲ.."

လေညာက ပွစိရေရွတ်၍ အလင်းကိုတွန်းလွှတ်လိုက်သည်။ ...စဉ် နှစ်နဲ့စိုးခန့်တို့ဝင်လာကြကာ စံနစ်က အလင်းဆီခြေလှမ်း...များနှင့် ...ကျက်လာပြီး အနားရောက်တာနှင့် သူ့ခေါင်းကိုလှမ်း...၏။

"ခေါင်းထိသွားတယ်ဆို.."

"ဖေဖေ.."

အလင်းဘာမှမဖြစ်သလို ရယ်လိုက်ပြီး ...နှစ်လက်ကို အသာလေး

www.burmeseclassic.com

www.burmeseclassic.com



ဖယ်ချ၍.. ।

"သားက ဘာမှမဖြစ်ပါဘူး.."

"ဘယ်သူ ဘာဖြစ်သွားကြသေးလဲ.."

လှမ်းကြည့်မေးလိုက်တော့ လူငယ်တွေအားလုံး ခေါင်းတွေခါပြ
၏။ စခန်းမှူးအပြောအရ မိန်းကလေးတွေလည်း ပါနေကြသဖြင့် ဒီဘ
က ကျောင်းသားတွေချည်းမို့ ပြဿနာဖြစ်ပေမယ့် ကိုယ့်အိမ်ကိုလည်
အကြောင်းမကြားရဲကြ.. ।

"မင်းတို့အားလုံးကိုပြန်ပို့ပေးမှာ..ခဏတော့စောင့်ဦး.."

ပြောပြီး အလင်းရဲ့လက်တစ်ဖက်ကို ဆွဲထားကာ.. ।

"ဖေဖေစခန်းမှူးနဲ့ စကားပြောဦးမယ်..သားတို့ခံဝန်ထိုးပြီးပြန်လ
အောင်လို့.."

စံနစ်က လူငယ်တွေဘက်ကို ပြန်လှည့်ကြည့်ကာ မိန်းကလေးတွေ
ရောပါလာသည့်အဖြစ်ကို စိတ်မကောင်းဖြစ်နေခဲ့လျက်.. ।

"ကျွတ်.."

သားကိုလည်းမဆူရက် သားမျက်နှာမှာ သွေးစတွေနဲ့မို့ စိုးရိမ်စိ
ကြောင့် ပိုဆိုးသည်။ တခြားကလေးတွေလည်း သူတို့မိဘတွေ ဘ
လောက်တောင် စိတ်ပူနေကြမလဲ.. ।

"ဖေဖေ့.."

စံနစ်လက်ကို အလင်းကလှမ်းဆွဲလိုက်ကာ.. ।

"ရုံ့အပြင်မှာ မေမေစောင့်နေတာ..အဲ့ဒါ.."

"မင်းအမေကို ပူမနေနဲ့.."

လက်ကိုဖြုတ်ချပြီး လှည့်ထွက်သွား၏။ မေမေနဲ့အတွက်ဆိုတဲ့
ကြီးကို ဖေဖေမြင်ပြီးပြီလား..။ ဒါမှမဟုတ် ဖေဖေနဲ့မေမေ ဒီအတွ
ကြောင့် ပြဿနာတက်ခဲ့ပြီလား.. ।

ဖေဖေကတော့ ဒီကိစ္စတွေကြောင့် မေမေနဲ့ရင်ဆိုင်မှာမဟုတ်မှ
သိနေသည်။ သူလည်း မေမေ့ဆီက တစ်စုံတစ်ရာကို မမျှော်လင့်တော့ပ
လက်ဖွေ့ရုံရဲ့အပြင်မှာ တစ်ယောက်တည်းဆက်စောင့်နေမလားလို့ တွေ
ရုံ.. ।

တကယ်ဆို မေမေမစောင့်နဲ့တော့လို့ သူပြောခဲ့သင့်တာမို့လား..
ဖုန်းကိုစမ်းလိုက်တော့ ဖုန်းဘယ်ရောက်သွားသည်မသိ.. ।

♥♥♥



အခန်း(၂၄)

ဒဏ်ရာရကြတာချင်းတူပေမယ့် အလင်းကခေါင်းမှာပါကွဲသွားသ
ပြဿနာအေးသွားတော့ ဒဏ်ရာပေါ်လာခဲ့သည်။ အရိုးနာ ထိပ်ဖုဖြစ်
သည့် လူတွေလည်း အိမ်တွင်းအောင်းကြ၏။ အလင်းဆီကို လူနာ
ဖို့ ရောက်လာကြတာက ဂီတရယ် လေညာရယ်ပဲဖြစ်ကာ.. ।

"တကယ်တော့ ငါတို့ခံရတာ မတန်ဘူးကွသိလား.."

"သိပြီးပါပြီ..ပြောမနေနဲ့တော့.."

အလင်းသိတာက ဖေဖေပြောပြလို့ဖြစ်သည်။ သူတို့သိတာက ကိုယ့်
ယ်ချင်းရဲ့ပွဲကို အားပေးဖို့သာ။ တကယ်က လက်ဖွေ့ထိုးပွဲမဟုတ်ဘဲ
ိုင်းပွဲကြီးဖြစ်နေခဲ့သည်။ ဟိုဘက်က မြကြီးဆိုသူနှင့်ဘယ်သူတွေ
ယ်လိုအပေးအယူလုပ်ကြသည်မသိဘဲ မြကြီးက ဒုတိယအချီအစမှာပဲ
(အရှုံးပေး)သွားခဲ့သည်။

ါကိုမြကြီးရဲ့ညီကိုယ်တိုင်က မသိဘဲ သူ့အစ်ကိုကို အရှက်ခွဲသွား
ိဆိုပြီး သက်သက်လိုက်ရန်စတာဖြစ်သည်။ သူတို့မှာတော့ ကိုယ့်သူ
ချင်းက နိုင်လာတာမို့ အားတွေအင်တွေအပြည့်နဲ့ ရင်ဆိုင်ကျော်ဖြတ်
သည်။ မခံချင်လုံးတွေနဲ့ အတူတူလက်တွဲဖြေရှင်းဖို့ ကြိုးစားခဲ့ကြ၏။
သူတို့ချင်းကတော့ အရှုံးပေးမည်။ နာအောင်မထိုးကြေးဆိုတာငွေနဲ့
ပြီးသုံးဖလှယ် ညှိနှိုင်းပြေလည်ခဲ့ပြီးဖြစ်လျက်.. ।

"အဲ့လိုပဲ အပျော်တမ်းလိုလို အကြီးတန်းလိုလိုနဲ့ ဟိုရောက်ဒီမ
က်ဝင်ထိုးတဲ့ မင်းတို့လိုလူတွေ သိပ်ဇယားရှုပ်တာ..ပြဿနာလားဆို
လည်း မဟုတ်ဘူး၊ ငွေကြောင့်လည်းမဟုတ်ဘူး၊ ဘာကြောင့်မှန်းမ
ရှုပ်ဖို့ပဲ ဝါသနာပါတာ.."တဲ့.. ।

ါကိုအလင်းက ပြန်ပြောပြတော့ လေညာက ခေါင်းညိတ်၏။

www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်လ်လေး ပြောတာဟုတ်တာပဲကွ..ငါတို့ကတော့ ကိုယ့် ငယ်ချင်းအောင်ပွဲဆိုပြီး ဘာအောင်ပွဲမှလည်း မဟုတ်ဘဲနဲ့ တော်တော် တဲ့ကောင်တွေ.."

"နင်တို့ကိုက တုံးလွန်းတာပါ.."

ဂီတက ကဲ့ရယ်ဖို့စတင်ခဲ့လျက်.. ၊

"သော်ဇင်က ဘယ်လောက်များ တောင့်တင်းကြံ့ခိုင်နေလို့လဲ..လ ဖော့မကြာမကြာ ထိုးခဲ့ဖူးတာနဲ့ပဲ တကယ်ပွဲကြီးမှာဝင်ထိုးပြီး မြကြီး လူကို နိုင်ရမယ်လို့.."

"ကဲ တော်ကြပါတော့ဟာ..ခေါင်းကဒဏ်ရာက တင်းတင်းကပ် ကိုက်တိုက်တိုက်နဲ့ နေလို့မကောင်းရတဲ့ထဲ.."

"ဟုတ်လား..ဒဏ်ရာကိုဆေးထည့်တော့ ဆရာဝန်ဘာပြောသွားလဲ

ဒဏ်ရာဆိုမှ လူနာမေးလာသည့် သူတို့တွေဒဏ်ရာကိုမေးဖို့ သတိ ၏။ အလင်းက ဒဏ်ရာကိုစမ်းလိုက်ရင်း.. ၊

"တကယ်ဆိုချုပ်သင့်တာတဲ့..သိပ်မကြီးပေမယ့်.."

"အေးလေ..အဲ့ဒါကိုဘာလို့ မချုပ်တာတဲ့လဲ.."

ဂီတက စိတ်မရှည်သလိုဖြတ်မေးသည်။ ပြီးတော့ ခေါင်းကိုကြည့် လက်လှမ်းသဖြင့် အလင်းကသူမလက်ကို ဖယ်ချပစ်ကာ.. ၊

"ဘာမှမဖြစ်ဘူး..ပြောတာတော့ ဆုံးအောင်နားမထောင်ဘဲနဲ့.."

"ဟဲ့..ဒဏ်ရာကိုမချုပ်ဘဲထားလို့ နင့်ခေါင်း.."

"ဩော်..ကဲ အလင်းပြောပါစေဦးလို့၊ အဟမ်း အဟမ်း.."

ခုမှ စိုးရိမ်ကြီးနေရလားဆိုပြီး လေညာက နှုတ်ခမ်းမဲ့လိုက် ချော ဆိုးလိုက်နှင့်.. ၊

"ပြောလို့ရပြီပြော.."

ပြောဆိုပေမယ့် အလင်းကဆက်မပြောဘဲ ဂီတကိုကြည့်သည်။ ဂီ ကလည်း ပြန်ကြည့်၏။ မျက်လုံးချင်းဆုံနေကြပြီးမှ ပြိုင်တူလွှဲမိကြ

"ငါကအနာရင်းမှာ စိုးလို့ပါ.."

"ဘာမှမဖြစ်ပါဘူး.."

ဂီတက ခပ်တိုးတိုးပြောကာ အလင်းကလည်း အင်အားမဲ့သံနှင့် သည်။ ခုနကပဲ နင်တွေငါတွေနဲ့ အော်ဟစ်အပြစ်တင်နေခဲ့ကြတာ သူ မဟုတ်ခဲ့တဲ့ အတိုင်း.. ၊

အလင်းက ခေါင်းကိုကိုင်နေရင်း မျက်ဝန်းတို့ကိုလွှဲထားကာ..



"ဒဏ်ရာကကြာသွားလို့ ချုပ်မပေးတော့တာ ချုပ်လိုက်မှအထဲမှာ ဝင်သွားရင် ပိုဆိုးမှာစိုးလို့တဲ့.."

ဘယ်သူမှမမေးတော့ဘဲ သူ့ဘာသာရှင်းပြနေကာ ပြီးတော့မှသတိရ သလို လေညာကိုကြည့်၍.. ၊

"လေကြီး..ငါ့ဖုန်းဘယ်သူ့အိတ်ထဲမှာလဲ၊ မင်းကြည့်ပြီးပြီလား.."

"ငါ့ဆီမှာ.."

ဂီတကပြောနေရင်း ဖုန်းထုတ်လိုက်ကာ.. ၊

"မနေ့ညက ပြန်ပေးဖို့မေ့သွားလို့ပါ..ရော့.."

ဖုန်းလှမ်းပေးရင်း မျက်ခုံးလေးတွေ တွန့်ကုတ်ထားလျက်.. ၊

"နင့်ဖုန်း ငါဘာမှမလုပ်ဘူးနော်.."

"လုပ်လို့မှမရတာ..ကုတ်ဒ်အထပ်ထပ်ချထားတာ.."

"ဟွန်း.."

အလင်းက ပြုံးစိစိလှမ်းယူတော့ ဂီတကမျက်စောင်းထိုး၏။ ပြီးမှ..၊

"ဒါပေမယ့် နင့်အမေကိုတော့ ဘယ်သူမှမမြင်ဖူးပေမယ့် ငါမြင်ဖူး ပြီ.."

ဟင်.. ၊

အလင်းမျက်နှာပျက်သွားပြီး ဖျတ်ခနဲကြည့်တော့ ဂီတကမေးဖျား ပင့်နေအောင်မော့လိုက်ရင်း.. ၊

"ခိုးဖွင့်တာမဟုတ်ပါဘူးနော်..ဖုန်းလာတည်းက မြင်လိုက်တာပါ.."

ထိုအခါကျမှ စားသောက်ဆိုင်မှာ မေမေ့ဆီကဖုန်းတွေဝင်နေတာကို ကိုင်ဘဲထားခဲ့တာ သတိရလိုက်၏။ ဒါပေမယ့် သူ့ဖုန်းထဲမှာ ရည်းစား ကလွဲလျှင် နာမည်ကြီးမော်ဒယ်လ်ပုံတွေ အများကြီးပဲမို့ စက်ဝိုင်းတို့ ပုံတွေမြင်တိုင်း စိတ်ဝင်တစားလိုက်ကြည့်နေကြတာ မဟုတ်ပေ..၊ ထို့ပြင် သူကိုယ်တိုင်က ဖုန်းကိုတော့ တခြားသူကိုင်တာမကြိုက်တာ ငယ်ချင်းတွေကို သတိပေးထားပြီးသား.. ၊

"ဟုတ်လား..ဖုန်းထဲမှာ အန်တီ့ပုံနဲ့နံပါတ်မှတ်ထားတာလား.."

လေညာကခုမှ တအံ့တဩ။ ထိုစဉ်ဂီတအိတ်ထဲက ဖုန်းမြည်လာကာ

"ဟလို..မေမေ.."

ဂီတက ဖုန်းကိုင်ရင်းအပြင်ထွက်သွား၏။ ပြောဖို့စောင့်နေသည့် လေ က ချက်ချင်းအနားတိုးလာပြီး.. ၊

"မင်းနဲ့ဂီတ အိုခေပြီမဟုတ်ဘူးလား.."

www.burmeseclassic.com

www.burmeseclassic.com



"လာပြန်ပြီ.."

"မေးကြည့်တာပါ..မင်းကလည်း.."

"မင်းမမြင်ဘူးလား.."

"မြင်သားပဲ..သူကြင်နာရှာတာကို.."

"ခတ်လိုက်လို့ဖြစ်မှာပေါ့.."

အလင်းက ရွှဲ့ပြောတော့ မျက်နှာကိုစိုက်ကြည့်ကာ.. ၊

"မင်းကဂီတကို ပြန်တင်းနေသလိုပဲ.."

"အဲ့ပုံပေါက်နေတာလား.."

"အေး.."

"မတတ်နိုင်ဘူး.."

"ဘာလဲ..အန်ကယ်လ်လေးကို.."

"နားစမ်းပါကွာ..ဂီတနဲ့ငါဘာမှမပြောမဆိုဖြစ်ခဲ့ဘူးလို့ထားလိုက်

"သြော်..အဲ့လိုလည်းရလား.."

အလင်းက မျက်နှာမကောင်းပေမယ့် ရယ်ဖို့တော့တတ်နိုင်သေး

"မနေ့ညက သုသန္တတို့ပါလာတာ ငါလုံးဝမသိလိုက်ဘူး..အဟွ

ချက်ချင်းကြီးပြုံးကြည့်သွားတော့ လေညာကမဲ့၍.. ၊

"ထင်ပါတယ်..အဲ့ဒါကြောင့်ဆိုတာ.."

"ဘာဖြစ်လဲ..ဘာကြောင့်ဖြစ်ဖြစ်.."

"အေးကွ..အဲ့ဒါလည်း အံ့သြထိုက်တဲ့တစ်စုံတစ်ရာပဲ.."

လေညာက ခေါင်းညိတ်ရေရွတ်၏။ တကယ်ဆို သုသန္တာကို အ
ကြိုးစားနေခဲ့တာကြာပါပြီ။ သိပ်တင်းနေတာမျိုးလည်း မဟုတ်။ အ
အရေးပေးတာလည်း မဟုတ်ဘဲ သုသန္တာကတည်ငြိမ်နေခဲ့၏။ မနေ့ည
တော့ သူမစိုးရိမ်တကြီးပြေးလာပြီး အော်ဟစ်အကူအညီတောင်းပုံသ

"သေချာတယ်..သူမင်းကို ရင်ဘက်ထဲထည့်ထားတာ.."

"အဟွန်း.."

အလင်း သဘောတွေကျနေခဲ့လျက် ဂီတရဲ့ပုံရိပ်က ဖျတ်ခနဲပေါ
၏။ ထိုအခါ ပြုံးနေသည့်မျက်နှာက မသိမသာတည်သွားလေသည
တကို ချစ်ခွင့်ရချင်ခဲ့သည်။ သူငယ်ချင်းတွေလည်းဖြစ်နေတော့ သ
ဇဥ်ပိုသလို ရှိခဲ့လျက် သူမကိုတော့မချစ်ရဘူးလို့ တားမြစ်ထားတာ
ပိုပြီးရှေ့ဆက်ချင်တာလည်း ဖြစ်နိုင်သည်။

ဒါပေမယ့် သူမရဲ့ဖေဖေ့အပေါ်မှာ တိမ်းညွှတ်နေသည့်အကြည



သူခံစားမိခဲ့သည့်နောက်.. ၊

"သုသန္တာက ဂီတလောက်တော့ မလှဘူးထင်တယ်နော်.."

"ငါ့မျက်လုံးထဲမှာတော့ လှတယ်.."

လေညာ့စကားကို သူကဆက်လိုက်ရင်း.. ၊

"ဘယ်သူပိုလှလှ ငါ့ကိုချစ်နိုင်တဲ့သူတိုင်းကို ငါပရိုပိုစ့်လုပ်မယ်.."

ဂီတရယ် သုသန္တာရယ် ဒီနှစ်ယောက်စလုံးကို သူတစ်ပြိုင်တည်း
ရိုပိုစ့်လုပ်သလိုဖြစ်သွားခဲ့သည်။ ဒါပေမယ့် ဂီတကိုမဟုတ်တော့ဘူးဆို
ဂီတက သူ့ကိုပြန်မချစ်နိုင်တဲ့သူလို့ ကြက်ခြေခတ်လိုက်တာလား..၊
ညာအတွက် အလင်းရဲ့စကားက တွေးစရာဖြစ်သွားခဲ့၏။ ဒါပေမယ့်
ရင်လည်း အလင်းကဖြေမှာမဟုတ်ပေ.. ၊

တခြားသူတွေကို ရင်ထဲမှာရှိတဲ့အတိုင်း ပြောလိုက်ရင် ရယ်ကြမှာ
လည်း သူသိသည်။

"သူငယ်ချင်းရဲ့အဖေကို ဂီတကကြိုက်စရာလားကွာ.."လို့ပြောပြီး
ကြမလား..။ ဒါမှမဟုတ် "မင်းကလည်း နောက်မှန်းမသိ ပြောင်မှန်း
ကွာ..ကလေးကျနေတာပဲ.."လို့ ပြောကြမလား.. ၊

ဒါပေမယ့် သူသေချာပေါက်သိနေသည်။ ဂီတရဲ့မျက်လုံးတွေ ဘယ်
ကားပြောနေကြသလဲဆိုတာ.. ၊

"လေကြီး နင်မပြန်သေးဘူးမို့လား..ငါပြန်တော့မယ်၊ မေမေရောက်
လို.."

ဂီတကဖုန်းကိုင်ရင်း ပြန်ဝင်လာတော့ လေညာကခေါင်းခါ၍.. ၊

"ငါမပြန်သေးပါဘူး..အန်ကယ်လ်လေးလာမှ ပြန်မယ်၊ ဒီကောင်
ယောက်တည်းမို့လို့.."

"နင်လည်း ခဏထပ်စောင့်လေ..ဖေဖေပြန်ရောက်တော့မှာပါ.."

"စောင့်တော့စောင့်ချင်တာ..ဒါပေမယ့် မေမေရန်ကုန်ဆင်းလာတယ်
တော့ ငါပြန်မှရမှာ.."

ဂီတမျက်နှာက ရွှဲ့တာလိုလို အရိုးခံအတိုင်းလိုလိုနှင့် အိတ်လေးလာ
ပြီး လှည့်ထွက်သွား၏။ သို့သော် သူမအခန်းဝရောက်တော့နှင့် စံနစ်
ဝင်လာတာ တိုက်ဆိုင်စွာဖြင့်.. ၊

"ဟော..ချာတိတ်ကပြန်တော့မလို့လား.."

"ဟုတ်..ဦး.."

"အိုခေ..အိုခေ.."

www.burmeseclassic.com

www.burmeseclassic.com



စံနစ်က ခေါင်းညိတ်ပြီး အထဲဝင်လာကာ.. ၊

"ဒီနေ့မှ အလုပ်တွေရှုပ်နေတာနဲ့ကွာ..ဘယ်လိုလဲ၊ ငါ့မင်းသား[illegible] ကောင်းရဲ့လား.."

သားကိုလှမ်းစရင်း ဘေးမှာထိုင်လိုက်၏။ ပြီးတော့ လည်ပင်း[illegible] ထဲကို လက်ခုံနဲ့လှမ်းကပ်ကာ.. ၊

"ကိုယ်တော့နွေးနေပါလား..အနာရှိန်များ တက်မလားပဲ.."

ပြောပြီး မျက်လုံးရောက်သွားတော့ အလင်းရဲ့မျက်လုံးတွေက တံ[illegible] ဆီကိုပဲရောက်နေသဖြင့် စံနစ်နောက်ကိုပြန်လှည့်ကြည့်မိသည်။ သူ[illegible] လိုက်ကာမှ ဂီတထွက်သွားသည့် အရိပ်လေးကို မြင်လိုက်ရကာ.. ၊

"ဪ.."

စံနစ်က အလင်းကိုပြန်ကြည့်ပြီး ပြုံးကာ.. ၊

"မင်းက လူမမာမဟုတ်ဘဲ လိုက်ပို့ချင်ပို့ပေါ့ကွ..ဘာလဲ ကွိုင်[illegible] နေကြတာလား.."

အလင်းက ခေါင်းခါလိုက်ပြီး ဆံပင်သပ်သလိုလိုနှင့် မျက်နှာငုံ့[illegible]

"အလင်းသို.."

"ဗျာ.."

"မျက်နှာကြီးက မမျိုနိုင် မအန်နိုင်နဲ့ပါလား.."

ပြောပြီး သားမျက်နှာကိုချစ်စနိုးအပြုံးနှင့်ကြည့်၍ မဲ့လိုက်ပြီး..၊

"ဖအေကိုရှက်နေမယ့် မျက်နှာမျိုးလည်း မဟုတ်ပါဘူး.."

"မဟုတ်ပါဘူးဖေဖေကလည်း.."

"မဟုတ်ရင်လည်း ကြည်ကြည်လင်လင်နေလေ..မင်းသောက်စာ[illegible] ပြလာလို့ ငါဖအေက ဆီးဟောက်ရမလားမှတ်တယ်..ပြန်ချော့နေရ[illegible] မဟုတ်သေးဘူး.."

စံနစ်ဘာပြောနေနေ အလင်းမျက်နှာမှာ ခပ်ယဲ့ယဲ့အပြုံးတုသာ [illegible] နေခဲ့လျက်.. ၊

"ဖေဖေ့.."

စံနစ်ရဲ့လက်ကို အလင်းကဆုပ်ကိုင်လိုက်ကာ.. ၊

"မေမေလာမယ်ထင်တယ်.."

"မလာလောက်ပါဘူး..အဘိုးအိမ်မှာဆိုရင်သာ.."

"ဖေဖေ့.."

"ဟင်..ပြောလေ ဘာတွေဖြစ်နေတာလဲ၊ ကြည့်ရတာမအေကို.."



"ဟုတ်တယ်..ကျွန်တော်ဆီမေမေရောက်လာခဲ့ရင် ကျွန်တော်နဲ့ပေး[illegible]တွေ့ပါနဲ့.."

စံနစ်မျက်ဝန်းတွေ တစ်မျိုးပြောင်းသွားသည်။ ခဏအတွင်းမှာ အ[illegible]များစွာဖြင့် မျက်ဝန်းတို့လှုပ်ရှားသွားခဲ့ပြီး.. ၊

"အန်ကယ်လ်လေးပြန်ရောက်ပြီဆိုတော့ ငါပြန်တော့မယ်အလင်း..[illegible]မတွက် စာတွေပါကူးပေးထားဖို့ ရှိသေးတယ်.."

သားအဖအတွင်းစကားတွေ ပြောကြတော့မှာသိကာ လေညာက[illegible]ည်း အလိုက်တသိထကာ စံနစ်ကိုပါနှုတ်ဆက်ပြီး ပြန်သွားခဲ့၏။ ထို[illegible] သားအဖမျက်လုံးချင်းဆုံသွားခဲ့ပြီး အတန်ကြာတိတ်ဆိတ်နေ၏။ [illegible]မှ စံနစ်ကမေးဆတ်၍.. ၊

"ဘာတွေဖြစ်လို့လဲ.."

အလင်းက ခေါင်းခါသည်။ စံနစ်ကလည်း ဇွတ်မမေးပါ။ သို့သော်..

"မင်းအဲ့လိုတွေ မလုပ်ဘဲနဲ့တောင် ငါ့ကိုမင်းအမေက စွပ်စွဲနေတာ.."

"ဖေဖေပဲကိုယ့်ကိုယ်ကို ယုံကြည်နေဖို့ပဲလိုတာဆို ဖေဖေ့ကြောင့်မ[illegible]ဟုတ်တာ စွပ်စွဲရင်လည်း ခံလိုက်ပေါ့ဖေဖေရာ.."

"ဪ..ဪ.."

"ဖေဖေမသိပါဘူး.."

"မင်းမသိတာတောင် ငါသိနေတာ မင်းသိထားတာကို ငါမသိပါဘူး [illegible]ဘာလို့ထင်တာလဲ.."

နောက်ထပ်မျက်လုံးချင်း ဆုံသွားပြန်သည်။ အလင်းက ငေးနေတော့ [illegible]နစ်က ပြုံး၍.. ၊

"ထားလိုက်ပါ..အခုဘာစားချင်လဲ၊ အပြင်ထွက်စားကြမလား..အိမ်[illegible]လုပ်ခိုင်းရမလား၊ မှာလိုက်ရမလား.."

"မှာတာတွေမစားချင်တော့ပါဘူးဖေဖေရာ..ဒေါ်ဒေါ်အေးရှိနေတာပဲ၊ [illegible]တို့မြီးရှည်လုပ်စားရအောင်.."

စံနစ်မျက်နှာမဲ့သွားသည်။ ဒါပေမယ့် ရယ်ကာ.. ၊

"မြီးရှည်တွေစားပြီး မင်းပါအမြီးထွက်လာဦးမယ်..ပြန်စမ်းကြည့်ဦး.."

"ဟား ဟား ဟား.."

"ဟား ဟား ဟား.."

ဘာရယ်မဟုတ်ဘဲ ရယ်မိကြကာ စံနစ်နေရာမှ ထရပ်လိုက်သည်။ [illegible]နေသည့်နောက်ကွယ်မှာ စိုးရိမ်ကြောင့်ကျမှုတို့ရှိနေရာ ဒီဘက်လှည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ ပင့်သက်ရှိုက်မိ၏။ အတွက်နဲ့သိုအတူရှိနေတာကို သားလ[...] မြင်သွားတာလား..၊ ဒါ့ကြောင့် သားအွမိမဆုံတော့ဘဲ ဘီယာဆိုင်ရော[...] သွားတာလား.. ၊

အချုပ်ထဲမှာ သူလိုက်ခေါ်တုန်းကနေ ခုချိန်ထိ အလင်းသိုမျက်[...] ကောင်းဘဲဖြစ်နေတာကို သတိထားမိနေ၏။ ပြဿနာရှိလို့ ဖအေချ[...] ကြောက်တတ်ရင်တောင် အလင်းသိုက ခေါင်းငုံ့ပခုံးကျုံ့နေတတ်သ[...] ဟုတ်ပေ.. ၊

အပြစ်ရှိလေရယ်လေ ဖအေမျက်နှာမကြည့်မချင်း လိုက်စတတ်[...] မရယ်မချင်း ရယ်စရာတွေလိုက်ပြောနေတတ်သူ။ သားနဲ့သူ့ကြားမှာ [...] ကြိတ်ကြိမ်းမောင်းလောက်ဖွယ် ပြဿနာရပ်မျိုးလည်း ဘယ်တုန်း[...] မရှိခဲ့ဘူးပါ။ ဒါဆို အတွက်နဲ့သိုနဲ့ အတူတူရှိနေသည့်အဖြစ်ကတော့ ဘ[...] လောက်ထိကြီးမားနေခဲ့လို့လဲ.. ၊

လက်ဖွဲ့ပွဲကို အလင်းသိုရောက်သွားပြီဆိုတာသိတာနှင့် ကိုယ်[...] လွှတ်ပြီး သူတန်းလိုက်ခိုင်းခဲ့သည်။ ပြီးတော့ သူထပ်ချုပ်မကွာလို[...] ၏။ ဒါကြောင့် သိုနဲ့အတွက်ကို သူလည်းမြင်သည်။ ဒီလိုမြင်ကွင်းမျိုး[...] ခါးသီးခဲ့ခြင်းကြောင့် အတိတ်မှာလည်း အဖြစ်ဆိုးတွေရှိခဲ့ကြသည်။

ဘယ်သူဘယ်လိုထင်ထင် သူမကဒီလူနဲ့ပဲ တွဲမြဲတွဲ သွားမြဲသွာ[...] ခဲ့ပေမယ့် သူ့ကိုယ်သူမှန်တယ်ထင်လို့ ဒီလိုဆက်နေတာပဲဆိုတဲ့ စိတ်န[...] ကတော့ ဥပေက္ခာထားနိုင်ခဲ့ပါပြီ။ သားကမထားနိုင်ဘူးလား.. ၊

ဒါဆိုရင် ဘယ်သူ့မှာအပြစ်ရှိနေသလဲ.. ၊

လေးလံသည့်ခြေလှမ်းတို့ဖြင့် အခန်းထဲကထွက်လာခဲ့မိလျက် [...] ဖက်ကို မျက်နှာမူ၍အထွက်တွင်.. ၊

♥♥♥

## အခန်း(၂၅)

အခန်းပြင်ကွယ်ရပ်လေးမှာ သိုကကောင့်တောင့်လေးရပ်နေ၏။ [...]က်တစ်ဖက်မှာ ဆွဲထားသည့်အိတ်က အလေးအပင်တွေပါမှန်းသိသာ[...]က်အောင် အိတွဲနေလျက်.. ၊

"ကျွန်မ မသိချင်ပါဘူး.."

သူမက စံနစ်ကိုမကြည့်ဘဲ မျက်ဝန်းလေးတွေက ခပ်စိုက်စိုက်ငေး[...]ရင်း.. ၊

"ဒါပေမယ့် ကျွန်မဒါတွေကိုပဲ ကြားနေရတယ်.."

သူ့ကိုမကြည့်ပေမယ့် သူ့ကိုပြောနေတာပဲဖြစ်ကာ ဆွဲထားသည့်အိတ်[...]ကို ဖိဆုပ်ညှစ်လိုက်သည့် လက်သီးဆုပ်လေးက တုန်ယင်လျက်..၊

"ကျွန်မမှာအပြစ်ရှိတယ်..သားအပေါ်မှာ ကျွန်မ.."

"အေးမာ.."

စံနစ်အသံက ဒေါသသံနှင့် ကျယ်လောင်နေကာ.. ၊

"အေး မာ.."

"ရှင် အစ်ကိုလေးလာပါပြီ.."

အေးမာ ကမန်းကတန်းပြေးထွက်လာကာ စံနစ်ဆီဦးတည်သွား၏။ စံနစ်ရဲ့မျက်ဝန်းတွေညှုန်ပြသည့်အရာကို လိုက်ကြည့်မိကာ.. ၊

"ဟယ်..မမ.."

[...]ွဲထားသည့်အိတ်ကြီးနဲ့ သို့ရဲ့လက်ချောင်းလေးတွေကို ခုမှ[...]ည့်မိ

"ကျွန်မအဝတ်တွေထွက်လှန်းနေမိလို့ပါမမရယ်..အိတ်က အလေး[...].."

[...]ိတ်ကိုဆွဲယူရင်း အရှုပ်လေးလိုရပ်နေသည့် သို့လက်ဖဝါးလေး

www.burmeseclassic.com

www.burmeseclassic.com



တွေကိုပါ ခိုးယူကြည့်မိလျှင် အိတ်ကိုင်းကြီးနစ်ဝင်နေသည့် လိုင်းရာ သွေးခြည်ဥ ညိုရဲနေတာမြင်လို့မကောင်း။ သူမကြည့်သည့်အတိုင်း စံ လည်းမြင်တာမို့ အေးမာခေါင်းလေးပိုင့်သွားကာ အိတ်ကိုဆွဲ၍ မြန် ထွက်သွားလေသည်။

စံနစ်က အေးမာထွက်သွားမှ သို့ရှေ့ကနေ ဖြတ်လျှောက်သွားလျှ

"စံနစ်.."

သိုနဲ့သူနောက်ကျောမကျတကျ အေးတိုက်အနေအထားမှာ ခြေလှ တို့ ရပ်တန့်သွားခဲ့လျက် သိုကလည်း နေရာမရွေ့ဘဲ စံနစ်ကလည်း ငဲ့မကြည့်.. ၊

"ကျွန်မဘယ်လိုရှေ့ဆက်ရတော့မှာလဲဆိုတာကို အခုကျွန်မသိပြ

စံနစ်က ဒီတိုင်းရပ်နေပြီး ဘာမှပြန်မပြော.. ၊

"ရှင့်ကိုအထင်လွဲခဲ့မိတဲ့ ကျွန်မရဲ့စကားတချို့အတွက် တောင်းပန် တယ်.."

"မလိုပါဘူး..မင်းအထင်လွဲတာ အမြင်ရှင်းတာတွေက ငါ့အတွက် ခိုက်စရာမှ မရှိတာ.."

ပြောပြီးတော့ စံနစ်ကသို့ဘက်ကို ပြန်လှည့်ရပ်လိုက်သည်။ သို မချိတရိပြုံးလိုက်ရင်း.. ၊

"ရှင်ပြောနိုင်ပါတယ်..ဒါပေမယ့် ကျွန်မကတော့ ရှင့်ဘက်ကအ ရှင်းဖို့လိုနေတဲ့အတွက် ဒါကိုအရင်တောင်းပန်တာပါ..ကျွန်မ.."

သူမနှုတ်ခမ်းသားလေးတွေ လှုပ်ခတ်နေပေမယ့် စကားသံပျော သွားသည်။ မျက်ရည်စတို့ပြည့်သိပ်နေသည့် မျက်ဝန်းတို့က စံနစ်ရဲ့မျ ဝန်းတို့မှာ စူးစိုက်နေခဲ့လျက်.. ၊

"ကျွန်မသားက ကျွန်မကိုမတွေ့ချင်ဘူးတဲ့.."

သူမကြားသွားပြီကို စံနစ်ကလည်းသိသည်။ ဒါပေမယ့် ဒီလို အောင် ကိုယ်ဖန်တီးခဲ့တာလည်းမဟုတ်.. ၊

"စံနစ်.."

သိုသူ့ရှေ့ကို နီးကပ်စွာ ရောက်လာခဲ့လျက်.. ၊

"သားရင်ထဲမှာ ဘာတွေရှိနေတာလဲ..ဒါတွေက သူကျွန်မအပေါ် အမြဲတမ်းထည့်ထားခဲ့တဲ့ ခံစားချက်တွေမဟုတ်ဘူးဆိုတာ ကျွန်မသိတ အခု ကျွန်မဘာလုပ်ခဲ့မိလို့လဲ..သားနဲ့ နွေးထွေးဖို့ ကြိုးစားနေကာမှ ကျ မဘယ်နေရာမှာ ခလုတ်တိုက်ကျန်ခဲ့တာလဲ..အဲ့ဒါရှင်သိရင် ပြောပြစ



"ဘယ်နေရာမှာ ကျန်ခဲ့တာလဲ..ဟုတ်လား.."

မချိမဆန့်ဖုံးဖိမျိုသိပ်ခဲ့ရသည့် နာကျင်မှုတွေကြောင့် စံနစ်မျက်နှာက မျက်ချင်းရဲတက်လာသည်။ ပြီးတော့ ဘောင်းဘီအိတ်ထဲ လက်တွေထည့် ထားလိုက်ရင်း ကျိခနဲအံကြိတ်၏။

"မင်းကအဲ့လိုမေးလိုက်တော့ ငါ့မှာပြောချင်တာတွေ အများကြီးဖြစ် လာတယ်..ဒါပေမယ့် အဲ့ဒီစကားတွေကို မင်းနဲ့ဘယ်တော့မှ မပြောတော့ ငါဆုံးဖြတ်ပြီးသား.."

"စံနစ်.."

သူထွက်လာတော့ သိုကပြေးလိုက်လာပြီး ရှေ့ကပိတ်ထားကာ.. ၊

"ရှင့်ကိုကျွန်မက တောင်းပန်နေတာပါ.."

"မင်းတောင်းပန်လာမှာကို ဘယ်သူကစောင့်နေလို့လဲ.."

"ကျွန်မကလည်း စောင့်နေလို့ လာတောင်းပန်တာမဟုတ်ပါဘူး..အ ကျွန်မနားလည်ပြီ၊ သားက ရှင့်စကားကိုနားထောင်တယ်..ရှင့်စကား အောင်နေတာ.."

"ဘာ.."

စံနစ်ခပ်ကြိတ်ကြိတ် တက်ခေါက်ရင်း အံကြိတ်သည်။ ပြီးတော့ မလက်ကို ဆတ်ခနဲဆောင့်ဆွဲကာ အိမ်ရှေ့ထိ တောက်လျှောက်ထွက် လာခဲ့ပြီး.. ၊

"ပြောစမ်းပါဦး..ရှင့်စကားပဲအောင်နေတယ်ဆိုတာ.."

အတွင်းဧည့်ခန်းရောက်လာမှ ဆွဲထားသည့်လက်ကို ဆောင့်ခါလွှတ် မျက်နှာချင်းထိမတတ် တိုးရင်း.. ၊

"အဲ့ဒီလိုစကားတွေနဲ့ ငါ့ကိုလာတောင်းပန်တာလား.."

"ကျွန်မပြောတာ အဲ့လိုသဘောမဟုတ်ဘူး..အခုသားက ရှင်ကလွဲ ပြီး.."

"ဒါကို မင်းရင်ထဲမှာ ဘယ်လိုခံစားလိုက်သလဲငါမသိဘူး..ဒါပေမယ့် ဒီတတ်နားလည်နေတဲ့ ကလေးတစ်ယောက်ရဲ့ရင်ဘက်က သူဘာကို ဒိမ်းရမယ် ဘာကိုထုတ်ပစ်ရမယ်ဆိုတာ သိတယ်..မင်းအပြုတွေက ခု နှိန်ထိ အတိသာရတွေပဲ.."

စံနစ်က နောက်လှည့်ထွက်သွားပြီးမှ ဖျတ်ခနဲပြန်လှည့်လာလျက်..

"မင့်သားဘာဖြစ်သွားသလဲ သိချင်ရင် မင်းဘာသာသွားမေးလိုက်.. မင်းကိုငါလက်လျှော့လိုက်တဲ့ အချိန်ကစပြီး ဒီနေ့ထိမင်းနဲ့ပတ်သက်တာ

www.burmeseclassic.com

www.burmeseclassic.com



သားကိုလည်း မပြောခဲ့ဘူး..အခုမင်းနဲ့လည်း မပြောချင်ဘူး၊ မေးချ
သွားမေး မမေးချင်ရင်လည်း ထင်သလိုတွေး..ဒါမင်းရဲ့လွတ်လပ်ခွင့်

"ဟင့်အင်း..မမေးပါဘူး.."

သူမစကားကြောင့် ခြေလှမ်းပြင်ပြီးမှ ပြန်ရပ်နေမိသည်။

"တစ်ခုလောက်ပြောပါရစေ.."

စံနစ်ရဲ့စိတ်မရှည်သည့်အကြည့် ဖျတ်ခနဲရောက်လာ၏။

"ထပ်ပြောချင်လို့.."

သိုအားတင်းထားလိုက်မိသည်။ သားနဲ့နီးရဖို့အတွက် ကိုယ့်ကို
ကို ဘယ်လိုအနေအထားရောက်နေပြီကိုလည်း မသိတော့ပါ.. ၊

"သားက ကျွန်မကိုဘာကြောင့်ခုလိုဖြစ်သွားတာလဲ ကျွန်မမသိဘူ
ဒါပေမယ့် သားကတစ်ခုခုကောက်ကိုင်ပြလိုက်မှာကိုလည်း မကြားရဲ
အဲ့ဒါကြောင့် မမေးတော့ပါဘူး..ရှင့်ကိုတောင်းဆိုချင်တာက သားကို
အဘိုးဆီမှာလည်းနေ ဒီမှာလည်းနေ..တစ်လှည့်စီ.."

"လုံးဝမရဘူး.."

စံနစ်က ပြတ်သားစွာငြင်း၏။

"ငါ့သားကို ကလေးအရွယ်တည်းက ငါ့မျက်စိအောက်မှာပဲထာ
တာ.."

"အခု ကလေးလေးမှ မဟုတ်တော့ဘဲရှင်.."

"ဟွန်း.."

စံနစ်က ခပ်နွဲ့နွဲ့ခါးထောက်လိုက်ပြီး မဲ့သည်။ ပြီးတော့ မျက်
ချင်းဆုံအောင် ကြည့်လိုက်ပြီး.. ၊

"အဲ့ဒါ အမေတစ်ယောက်ကပြောတဲ့ စကားလား.."

မေးခွန်းကြောင့် သိုမျက်နှာပျက်သွားသည်။

"မိဘတိုင်းကတော့ ကိုယ့်သားသမီးတွေ ဘယ်အရွယ်ရောက်နေ
သူတို့မျက်စိထဲတော့ ကလေးပဲလို့ မြင်ကြတယ်ဆိုပဲ..အထူးသဖြင့် မ
တွေက.."

"ရှင် ကျွန်မဆီက စကားအမှားတွေကိုထိုးနှက်ဖို့ ထိုင်စောင့်နေ
လားစံနစ်.."

"ထိုင်စောင့်နေနေ လမ်းကြုံလို့ပဲဖြစ်ဖြစ် ကိုယ်သိနေတဲ့အမှန်တ
ကို မမှန်တဲ့တရားတွေနဲ့ ပြောလာရင်တော့ အမှားအမှန်နှိုင်းယှဉ်ချက်
တာ ထွက်လာမှာပဲ..ငါ့သားဘယ်အသက်အရွယ်ဖြစ်နေနေ ဘယ်လိုပုံ



ပြင်းလာတာဖြစ်ဖြစ် အဲ့ဒါငါနဲ့ပဲ ဆိုင်တယ်မဟုတ်ဘူးလား.."

"ကျွန်မကမအေ..ကျွန်မနဲ့ပိုဆိုင်တယ်.."

မာနနှင့်ပက်ခနဲပြောလိုက်မိကာ မျက်ရည်များနှင့်မျက်ဝန်းတို့သည်
ပြင်းစွာရှိပေမယ့် ကြေကွဲလျက် အရှုံးပေးဖို့ကြိုးစားတိုင်း ဆုံးရှုံးမခံနိုင်
ဖြင့်.. ၊

"ကျွန်မ မမှားခဲ့ဘူးစံနစ်..ရှင်နဲ့ကျွန်မရဲ့ဒိုင်ယာရီတွေ မဟောင်းသေး
ဘူး၊ သားလေးကိုရှင်ခေါ်သွားတဲ့နေ့ မရောက်ခင်ထိ ကျွန်မပွေ့ပိုက်ယု
တားခဲ့တာ..ကျွန်မတို့အိမ်ထောင်ရေးကို ကျွန်မတို့ပြဿနာနဲ့ ဖြေရှင်း
ဖြတ်ခဲ့တဲ့အထဲမှာ သားလေးကိုဘယ်လိုခွဲဝေကြမယ်ဆိုတဲ့ အစီအစဉ်
ပါဘူး.."

"အဲ့ဒီတော့.."

"ငါမအေဆိုတဲ့မာနနဲ့ ကျွန်မယုံကြည်မှုလွန်ကဲခဲ့တာ..ငါ့သားကို
ယ်အချိန်ဖြစ်ဖြစ် ငါပိုင်တယ်ဆိုတဲ့မာနနဲ့ မှားခဲ့တာ.."

"ငါးနှစ်ခြောက်နှစ်ထိ ကောင်းနေတာလား.."

စံနစ်က ခနဲ့သည်။

"သားနေမကောင်းတာကို မင်းရှေ့ထိထမ်းခေါ်ခဲ့တုန်းကလည်း
ယ်အချိန်ဖြစ်ဖြစ် ငါပိုင်တယ်ဆိုတဲ့မာနနဲ့ပဲပေါ့..အဲ့နောက်မှာ ကလေး
သွားခဲ့ရင်ရော.."

"ရှင်မပြောကောင်းတာတွေ မပြောနဲ့.."

"ဟား ဟား ဟား.."

"ဘာကိုရယ်တာလဲစံနစ်..အဲ့ဒါတွေက သားနဲ့မဆိုင်ဘူး၊ ကျွန်မရှင့်
မှန်းခဲ့တာ..ရှင်နဲ့ဘာအတွက်ကြောင့်မှ ပြန်မပတ်သက်ချင်တာ.."

"ပြောပါဦး.."

"သားကိုကျွန်မချစ်တာ ရှင်သိပါတယ်.."

သို့ရဲ့စကားလေးတွေ ကတုန်ကယင် ပျော့ကျသွားခဲ့လျက်.. ၊

"ငါသိတယ်လို့ ဘာကြောင့်ထင်တာလဲ..ငါ့ကိုလည်း မင်းအချိန်မ
လက်ဖျစ်တီးခေါ်လို့ရမယ့် ယောက်ျားလို့ ထင်ခဲ့တာလား.."

"အခု ကျွန်မနဲ့သားရဲ့အခြေအနေကို.."

"အဲ့ဒါ မင်းရင်ဆိုင်ချင်ရင် ရင်ဆိုင်လို့ရတယ်..ရှောင်ချင်ရင် လှည့်
သွားလို့ရတယ်၊ ဒီမှာသို မင်းငါ့ဆီကတောင်းဆိုချင်တာတွေ တောင်း
နေတာတွေကို ငါပေးလည်းမပေးနိုင်ဘူး..စိတ်လည်းမဝင်စားဘူး၊ မင်း

www.burmeseclassic.com

www.burmeseclassic.com



က သားရဲ့အမေဖြစ်တဲ့အတွက် သားဆီကိုမင်းဝင်ထွက်သွားလာ တယ်..အဲ့မှာ မင်းနဲ့အလင်းသိုရဲ့အခြေအနေ ဘာတွေဖြစ်ဖြစ်.."

သို့ကို ဘာမှဆက်ပြောခွင့်မပေးဘဲ သူအပြင်ထွက်လာခဲ့သည်။ ပြင်မှာ ဂီတသည်ခုမှဝင်လာသည့်ပုံနှင့် ဧည့်ခန်းကြီးဘက်မှာ မတ် လေးရပ်လျက်.. ၊

"ဦးရှိသေးတာလား..ဂီတက.."

"ဝင်သွားလေ..ဘာမေ့ကျန်ခဲ့လို့လဲ.."

"မဟုတ်ပါဘူး..အလင်းကို အရေးကြီးတာ ပြောစရာရှိလို့၊ လည်းပါမလာတာနဲ့..ဟို.."

သူမစကားမဆုံးသေးသော်လည်း စံနစ်ကထွက်ခွာသွားပြီဖြစ် ဘာမှဆက်မပြောနိုင်ဘဲ ကျန်ရစ်ခဲ့၏။ ဘာရယ်မဟုတ်ဘဲ ဂီတကိုယ့် ကို ပြန်ငုံ့ကြည့်မိသည်။ စိတ်ထဲမှာ ရှက်သွားသလိုလို မခံချင်ဖြစ်မိ လို၊ ထိုစဉ် သူမရှေ့ကို သိုကထပ်ရောက်လာကာ.. ၊

"ဂီတ.."

သိုသည် ဂီတကိုတွေ့လိုက်ရသဖြင့် အလွန်အမင်း အံ့သြသွား

"သမီးက.."

"ဂီတက အလင်းရဲ့သူငယ်ချင်း.."

ဟင်.. ၊

သို မှင်တက်မိသွားသလိုပင်။ ဒီနေ့ သူမရင်ဆိုင်ကြုံတွေ့ရသမျှ က အိပ်မက်တွေလား..။ တကယ်ဖြစ်နေတာတွေလား.. ၊

ဂီတရဲ့နောက်ဆက်တွဲ စကားသံတွေ ရယ်သံတွေမှာ စက္ကန့်မျှ ဆွံ့အနေခဲ့၏။ ထူးဆန်းစွာကောက်ကွေ့ဆုံဆည်းမှုတွေအတွက် ဝမ်း ရမလား..၊ ဝမ်းနည်းဖွယ်တွေလား.. ၊

ဘာတွေဘယ်လိုဆိုတာ မသိတော့ဘဲ.. ၊

♥♥♥

အခန်း(၂၆)

"ဒါကဘယ်လိုသဘောတွေနဲ့လဲဦးစစ်တန်..ဒီဆိုင်ခန်းနှစ်ခန်းကို ပိုင်နင်းအရင်းအနှီးနဲ့တကွ ပြန်ရောင်းတာက လုပ်ငန်းအခြေယိုင်နေလို့ မဟုတ်ဘူး.."

"ကျွန်တော်သိပါတယ်ဗျာ.."

"ငွေလိုနေလို့လည်းမဟုတ်ဘူး..ကျွန်မရဲ့ဖြန့်ချီရေးကိုယ်စားလှယ်ကိုစွ သနာတက်လိုက်တာကို အကြောင်းပြုပြီး ဒီမိန်းမတော့ ကျဉ်းထဲကျပ် ရောက်နေပြီ ထင်နေတဲ့ပုံပဲ.."

ဦးစစ်တန်ဆိုသည့် ကပြားပုံနှင့်လူက အပြုံးမပျက်လက်ကာလိုက် ..၊

"မဟုတ်တာမသိရယ်..မသိမေးပုံက ကျွန်တော်ကပဲ မသိဆိုင်တွေအ ပါမှာ အဆမတန်ဈေးနှိမ်နေတဲ့အတိုင်း.."

"ဈေးမနှိမ်ဘူး..ဟုတ်တယ်၊ ဒါပေမယ့် ဒါပဲလေ..စရံချတာကို စရံ တဲ့စည်းကမ်းအတိုင်းဆိုရင် ပြီးတာပဲမဟုတ်ဘူးလား၊ ကျွန်မဘက်က ရောင်းအဝယ်ပျက်ကွက်ရင် စရံဆယ်ဆပြန်လျော်ရမယ်ဆိုတာကြီးက.."

"ဒါဆို မသိကိုပြန်မေးရတော့မယ်ထင်တယ်.."

ဦးစစ်တန်က မေးဖျားတသသနှင့် ပြုံးနေကာ.. ၊

"မသိကရော လောလောဆယ်ငွေလိုနေလို့ ဆိုင်ကိုအရောင်းပြီး ငွေကိုလက်ခံတာလား.."

"ဘယ်လို..ဘာပြောလိုက်တာ.."

"ဆောရီးပါ.."

သိုစိတ်မကြည်သမျှ သူများစကားများတာကိုလည်း သည်းမခံနိုင်။ ကိုယ်ကိုယ်ကို ထိန်းချုပ်နိုင်စွမ်းလည်း မရှိတော့ဘဲဖြစ်ကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာဦးစစ်တန်.."

"ကျွန်တော်ဆိုလိုတာက အရောင်းအဝယ်သဘောအရ ကျွန်တော်
စာချုပ်ကြတာပဲမသိရယ်..ပျက်ကွက်တဲ့ဘက်က ပြန်လျော်ရမယ်ဆို
ထုံးစံပါပဲ၊ ဘယ်နှစ်ဆဖြစ်ဖြစ် အရောင်းအဝယ်ဖြစ်ဖို့ ရည်ရွယ်ချက်
ဒါပါပဲ.."

သိုက်ကိုယ့်စိတ်ကို ပြန်ချုပ်တီး၍ အရောင်းအဝယ်ဖြစ်ဖို့ အဓိကလို
သတ်မှတ်လိုက်ရသည်။ အားလုံးကိစ္စတွေပြီးသွားသည့်အချိန်မှာ ပေ
ထိုင်နေသည့် သို့ဘေးကို အဝင်းကရောက်လာကာ.. ၊

"မမ ဒီနေ့နေမကောင်းဘူးထင်တယ်.."

"လူကနေကောင်းပါတယ်အဝင်းရယ်..ခေါင်းထဲမှာတော့ ပဒုအုံ
ဝင်နေသလိုပဲ၊ စိတ်ရှုပ်စရာတွေဆိုတာ တဝီဝီမြည်နေသလား ထ
တယ်.."

သူမကိုလည်း သိုကတချို့ကိစ္စတွေကို ပြောပြထားသည်ဖြစ်ရာ..

"မမစိတ်မဆိုးဘူးဆိုရင်တော့ ပြောချင်တယ်.."

ဟုအဝင်းက စကားပလ္လင်ခံလိုက်ရင်း.. ၊

"အမေပဲဖြစ်ဖြစ် အဖေပဲဖြစ်ဖြစ် ကလေးဆိုတာ လက်သာရာမှာ
တယ်မမရဲ့..မမက ကလေးနဲ့အကြာကြီး စိမ်းပြတ်နေခဲ့ပြီးမှ ချက်ချင်း
သူနဲ့ နွေးထွေးချင်လို့တော့ မလွယ်လောက်ဘူး၊ နှစ်ပရိစ္ဆေဒကြာအော
တိုက်စားခံလာရတဲ့ ကျောက်ခိုင်ပွင့်ကြီးကို လှလိုက်တာဆိုပြီး မမကအဲ
ပုံဖြစ်အောင် ကြိုးစားချင်နေတာနဲ့ တူနေတယ်.."

အဝင်းက ဥပမာတွေနဲ့ ထပ်တူပြုနေ၏။

"သူတို့သားအဖ ပေါ့ပေါ့ပါးပါး ကျော်ဖြတ်ကုန်ဆုံးလာခဲ့တဲ့
ရက်တွေကို တစ်ရက်တည်းတစ်လတည်းနဲ့ အကုန်ပြန်လိုချင်လို့ မရ
လေ..ကိုယ့်သားလေးဆိုပေမယ့် ဒီအရွယ်ထိ သူ့လက်ထဲမှာပဲရှိခဲ့တာကို..

"ငါနားလည်ပါတယ်အဝင်းရယ်..ဒါပေမယ့် အခုသားလေးက ငါ့
တောင် မတွေ့ချင်တော့ဘူးတဲ့လေ.."

သို့အသံလေးက တုန်နေသည်။ မငိုရသေးပေမယ့် ငိုရှိုက်နေသူတ
ယောက် စကားထပြောသည့်အသံမျိုးဖြစ်နေ၏။

"ငါ့အဲ့ဒါတွေကို.."

"မမက အဲ့ဒါတွေချည်း တွေးမနေနဲ့လေ..အရင်တုန်းက မမပုံစံ
မိန်းမချင်းအားကျလောက်အောင် သွက်လက်ထက်မြက်နေတာ၊ မမလို



အခက်အခဲအကျပ်အတည်းကို မကြောက်တတ်ပါဘူး.."

"ငါမကြောက်တာတွေထဲမှာ ငါ့သားမပါဘူးထင်တယ်..သားနဲ့ပတ်
သက်လာရင် ငါမခံစားနိုင်ဘူး.."

ဟိုတုန်းက ဘယ်လိုနေခဲ့သလဲ..အခုဘာကြောင့် ဒီလိုဖြစ်လာသလဲ..
အချိန်ကာလတွေကို သူမနားမလည်ပေ။ ဒါပေမယ့် ခုချိန်မှာဖြစ်နေသည့်
သားရဲ့အကြည့် သားရဲ့စကားလုံးတွေမှာ သူမဗုန်းဗုန်းလဲချင်နေပါပြီ။
တော့ ဂီတ..၊ သူမလေးရဲ့ စကားတွေက ထူးဆန်းနေသည်။ မျက်ဝန်း
က စကားသံတွေက သူမပြောနေတဲ့အတိုင်း မဟုတ်သလို ခံစားမိနေ
ဘာကြောင့်လဲ.. ၊

ထိုစဉ် အနားမှာဖုန်းမြည်သံ ထပေါ်လာကာ.. ၊

"ဒီအသံ ငါ့မှာမရှိပါဘူး.."

"ဟိုလူကျန်ခဲ့တာထင်တယ်မမ..ဒီမှာဖုန်း.."

ဦးစစ်တန်ထိုင်ခဲ့သည့်ဘေးက စာအုပ်အထပ်ဘေးမှာ ကျန်ခဲ့တာဖြစ်
အဝင်းကကောက်လိုက်ပြီး သို့ကိုလှမ်းပေး၏။ သူများဖုန်းကိုင်ဖို့
စိတ်ကူးမရှိသော်လည်း.. ၊

ဟင်.. ၊

'ကိုစံ'လို့ နာမည်ပေါ်နေသဖြင့် သိုမျက်မှောင်ကုတ်သွားသည်။ ထို့
ကြောင့် မဆုံးဖြတ်ရသေးခင် လက်ကကိုင်လိုက်ပြီးဖြစ်ကာ မထူးသေးဘဲ
လိုက်လျှင်.. ၊

"ကိုစစ်တန်.."

စံနစ်ရဲ့ခေါ်သံကို ကြားလိုက်ရ၏။ သို့သော် ဘာမှဆက်မပြောဘဲ
လည်တိတ်ကျသွားလျှင်.. ၊

"ဆက်ပြောလေ..ရှင်ခိုင်းတဲ့လူက ပြန်သွားပြီ၊ ဖုန်းကျန်ခဲ့တာ.."

စံနစ်က အသံတိတ်နေဆဲ.. ၊

"ရှင်က ကျွန်မလုပ်ငန်းကို ပြန်ဝယ်လိုက်တာပေါ့.."

"ဘယ်သူဝယ်ဝယ် ဘာဖြစ်သွားနိုင်လို့လဲ.."

"ရှင်ဝယ်တဲ့အတွက် ကျွန်မမှာတွေးစရာတွေ အများကြီးဖြစ်သွားတာ
..ဒါပေမယ့် ထားလိုက်ပါ၊ ကျွန်မကရောင်းချင်တဲ့သူ ရှင်ကဝယ်တဲ့သူ
ပါပဲ.."

"သိရင်လည်း သူများဖုန်းဝင်ကိုင်ပြီး ဘာလို့ပြဿနာရှာနေတာလဲ.."

"တောက်.."

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းချပစ်လိုက်ပြီး တနုံ့နုံ့ကျန်ရစ်သည့် ရင်ထဲကမာန်မာန ဘယ်လိုဖြေသိမ့်ခြင်းနဲ့ ဖျောက်ဖျက်ပစ်ရမှန်းမသိ။ အဝင်းကလည်း လည်သွားကာ သက်ပြင်းလေးချလျက် ပြန်ထွက်သွားခဲ့၏။ သို့ သူမအပြင်ရောက်တာနှင့် ဂီတနှင့်ရင်ဆိုင်မိကာ.. ၊

"အန့်တီ တီလေးရှိတယ်မို့လားဟင်.."

"အဲ.."

ရှိတယ်လို့မပြောချင်ပေမယ့် ခေါင်းခါဖို့လည်း ခက်နေစဉ် ဂီ သူမကိုရှောင်၍ အညိုရောင်ဇာခန်းဆီးစကို ရှတ်ဖယ်ကာ တံခါးတွ ဝင်သွား၏။

"တီလေးကို ဟိုဆိုင်မှာမတွေ့တာနဲ့ ဒီမှာရှိမှာမှန်းသိလို့ လိုက် တာ.."

"ဩော်..လာထိုင်လေ သမီး.."

"တီလေး နေမကောင်းဘူးလား.."

"ကောင်းပါတယ်.."

မပြုံးချင်ဘဲ ပြုံးလိုက်ရသည့်အဖြစ်ကို စိတ်ပျက်မိကာ သို့ ထရပ်လိုက်မိသည်။ အလုပ်တစ်ခုခုရှာပြီး စကားပြောရင်း မျက် စရာ နေရာယူဖို့ဖြစ်၏။ သို့သော်.. ၊

"ခုမှပဲ တီလေးလည်းမေမေနဲ့တူလာပြီ သိလား.."

ဘာဆိုင်လို့လဲဆိုသည့်အတွေးနှင့် လှည့်ကြည့်လိုက်မိသည်။ ကရယ်နေရင်း သူမဘက်လှည့်လာသည့် သို့မျက်နှာကို မျက်ခုံးတန် တွေ ပင့်၍ သေချာကြည့်ကာ.. ၊

"ဟုတ်ပါတယ်..အဲ့ဒီလိုမျက်နှာလေးပဲ၊ အဟွန်း..ကြည့်လို မျက်စပ်လေးတွေ အစ်အစ်နီနီနဲ့ ပါးလေးတွေက ရေစိုအဝတ်နဲ့ပွတ် ထားတဲ့ ကြွေအိုးလုံးလေးလိုပဲ..မျက်တောင် အဲ မေမေကတော့ တောင်မရှည်တော့ တီလေးလိုစိုကပ်ကပ် စုလုံးလုံးလေးတွေ ကော့ တာမျိုး မမြင်ရဘူးပေါ့.."

ဂီတက စကားပြောနေလျှင် ကိုယ့်ကိုယ်ကိုယုံကြည်မှုအပြည့် မျက်ခုံးပင့်တာ ပခုံးတွန့်တာတွေပါနေတတ်လျက် လက်ပိုက်ပြီးမဲ့ တာတွေလည်း ရှိတတ်၏။ ထို့ပြင် ပခုံးသာသာဆံပင်တွေကို ရှေ့ လက်နဲ့ထိုးသိမ်းတင်လိုက် မျက်နှာမော့ပြီး ခါပစ်လိုက်နှင့် သူမပုံစံ က ဘယ်လိုအမူအရာတွေဖြစ်နေနေ ချစ်ဖို့ကောင်းနေသည်သာ.. ၊



ခုချိန်မှာ သိုစိတ်ညစ်နေမိ၍ထင်သည်။ သူမရဲ့အမူအရာတွေကို ချစ် ဝင်ခြင်းမဖြစ်ဘဲ တစ်စုံတစ်ခုကိုပြောနေသလို ခေါင်းထဲမှာ မကျေ ဝင်နေခဲ့သည်။

"ဒါနဲ့တီလေး မြန်မာပလာဇာက ဆိုင်ကိုဘာလို့ရောင်းပစ်လိုက်တာ ဟင်..အရမ်းရောင်းရတဲ့ဟာကို နှမြောစရာကြီး.."

"ဟင် အင်း..ဟုတ်တယ်.."

သိုနေရာမှပဲ ပြန်ထိုင်လိုက်မိကာ.. ၊

"တီလေး အလုပ်တွေအရမ်းမလုပ်ချင်တော့လို့ပါ.."

"အဲ့ဒါအလင်းကြောင့်မို့လား..ဂီတသိပါတယ်၊ အလုပ်တွေပြေးလွှား နေရရင် အလင်းဆီပြေးချိန်မရှိဘဲဖြစ်နေမှာလေ..ဟုတ်တယ်မို့လား.."

ဂီတက အပိုင်သိနေသည့်မျက်နှာလေးနှင့် မေးဆတ်ပြီး ဆံပင်တွေ ၏။ သူမချည်းပဲမေးပြီး သူမဘာသာဖြေနေသမျှတွင်.. ၊

"ဂီတတို့ဆုံဆည်းကြတာ အံ့သြစရာကြီးနော်..ဂီတဆိုရင် အလင်းနဲ့ းနေတာ ကိုကိုပြန်သွားတည်းကပဲ ကိုကို့လက်ထက်ကနေ ဂီတနဲ့ လျှောက်လုံးပဲ၊ အလင်းက တီလေးသားမှန်း လုံးဝကိုမသိခဲ့ဘူး.."

"အဲ့ဒါက.."

"အလင်းရဲ့စကားထဲမှာလည်း သူ့အမေဆိုတာမျိုး တစ်ခါမှသတိတ ည့်ပြောတာမရှိဘူးလေ..ပြောလိုက်ရင် ငါ့ဖေဖေဆိုတာချည်းပဲ.."

သို့မျက်နှာလေး ညို့ခနဲဖြစ်သွားသည်။ ဂီတက သူမကိုအကဲခတ် ပေ။ နိုင်ငံကျော် ဘရန်းတွေချည်းရောင်းသည့် ရေမွှေးသီးသန့်ဆိုင်၏ ကက ရှုံးခန်းကိုခုမှမြင်ဖူးသကဲ့သို့ မျက်ဝန်းတို့ကို ဟိုဒီရွေ့လျားရင်း..

"သူကတော့ မအေနဲ့အတူတူနေခဲ့ရတာမှ မဟုတ်တာနော်..ဒါပေ ယ် တီလေးကအလင်းရဲ့နာမည်ကို တစ်ခါမှစကားထဲ ထည့်မပြောဘူး ဂီတဖြင့် အံ့သြလို့မဆုံးဘူး..အဟွန်း ဘယ်သူမဆို ကိုယ်ချစ်တဲ့သူ ကြောင်းကို တဖွဖွပြောနေတတ်တာပဲလေ.."

သူမကို ဂီတတည့်တည့်ပစ်ခွင်းလာပါပြီ။ ဒါ လူငယ်ပီပီ ရင်ထဲရှိ တိုင်း ပြောချတာလား..။ တမင်တကာ ရည်ရွယ်ပြီးပြောလား.. ၊

"တီလေးဆိုရင် သားနဲ့ခွဲနေရတဲ့အမေမို့လား..အလင်းအကြောင်းကို ဖွ.."

"တဖွဖွပြောနေမိတဲ့အချိန်က သမီးနဲ့စကားပြောတဲ့အချိန်တွေ ဖြစ် လို့နေမှာပါ..သမီးနဲ့တီလေးကလည်း အသွားအလာရှိမှ တွေ့ကြတာ

www.burmeseclassic.com

www.burmeseclassic.com



လေ၊ နောက်ပြီး သမီးရန်ကုန်မှာ ကျောင်းတက်ပြီဆိုတည်းက မတွေ့ဖြ
ကြတာ ကြာပြီမို့လား..”

“ဟုတ်မှာပေါ့နော်..ဖေကြီးကပိုဆိုးတာပေါ့၊ တီလေးအကြောင်းပြေ
ရမယ်ဆို ထမင်းမစားဘဲနေရမလား..ရေမသောက်ဘဲပြောရမလား လ
ထားပဲ၊ အလင်းအကြောင်းများ တစ်ခါမှမပြောဖူးဘူး..ဂီတဆိုရင် တီလေ
ကို ကလေးအမေမှန်း တော်တော်နဲ့မသိဘူးရယ်..”

စကားတွေ ဘယ်ကိုဦးတည်နေမှန်းမသိရသည်မို့ သူမစကားတို
ကို ခေါင်းညိတ်ခေါင်းခါလုပ်ဖို့တောင် သတိမရ.. ၊

“ဩော်..စကားကောင်းနေတာနဲ့ ပြောဖို့မေ့နေတာ၊ အလင်းလေ
လေးသိလား..အခုဂီတကို ခပ်စိမ်းစိမ်းနဲ့..”

အခု ခပ်စိမ်းစိမ်းဆိုတော့ သားနဲ့ဂီတဘယ်လောက်ထိ ရင်းနှီးနေ
တယ်ဆိုတာလည်း ကိုယ်မသိခဲ့.. ၊

“ဟိုလေ..အဟွန်း တီလေးကိုပြောရမှာ ရှက်တော့ရှက်ပေမယ့်..”

“ဘာလဲဟင်..”

“အလင်းက အလင်းကဂီတကို ပရိုပို့စ်လုပ်ထားတာ..”

ဟင် ခနဲဖြစ်သွားမိတာ ဘာကြောင့်မှန်းမသိ။ ဂီတကအတွက်ရဲ့
မီး အလင်းကစံနစ်ရဲ့သား.. ၊ ရင်ထဲမှာ လေးသွားမိသည်။

“သူပဲဖြစ်တော့ အသည်းအသန်..ခုကျတော့ ဂီတကိုစိတ်ဆိုးနေ
လိုလို မပြောချင်သလိုလိုနဲ့..”

“သမီးနဲ့တစ်ခုခု ပြဿနာဖြစ်ထားတာ ရှိလို့လား..ပြန်တွေးကြ
လေ..”

“မရှိပါဘူး..ဒါပေမယ့် ဂီတက ဦးနဲ့တော့ရင်းနှီးတယ်၊ သူ့အကျင့်
က သူကလွဲပြီး တခြားလူကိုအထင်ကြီးရင် မကြိုက်ဘူး..ဂီတက ဦး
ရင်းနှီးပြီး ဦးကတော်ကြောင်း ချောကြောင်းတွေပြောတာပေါ့နော်..အဲ
ဆို သူရေရေလည်လည်တင်းပြီ..”

သို့မျက်ဝန်းလေးတွေ လှုပ်လှုပ်ရှားရှားဖြစ်လာသည်။ ဂီတက
မျက်ဝန်းတို့ကို စိုက်ခနဲကြည့်ပြီးမှ မျက်နှာလွှဲ၍.. ၊

“ဂီတတွေးကြည့်တာတော့ သူစိတ်တိုစရာအဲ့ဒါပဲရှိတယ်..အဲ့ဒါ
လည်း တိုစရာလားတီလေးပဲ စဉ်းစားကြည့်ပါဦး၊ ဦးကသူ့အဖေပဲ..နော
ပြီး ဦးဘယ်လိုချောတာ တော်တာတွေ ဂီတပဲသိတာမှတ်လို့..”

စံနစ်အကြောင်းပြောနေစဉ် 'ဦး'လို့ တစ်ခါပြောတိုင်း ပြုံးရီသွားတ



သည့် ဂီတရဲ့မျက်ဝန်းလေးတွေကို သိုအလွတ်ကျက်နေမိသည်။ သူမလေး
စံနစ် အတော်ရင်းနှီးကြတာလား..။ သားကသဝန်တိုလာတဲ့အထိ ရင်း
နေတာ ဘယ်လိုပုံစံမို့လို့လဲ.. ၊

“အခုသိလား..သုသန္တာဆိုတဲ့တစ်ယောက်ကို လိုက်နေပြန်ပြီ၊ ဂီတကို
ပရိုပို့စ်လုပ်ထားပြီးတော့ သူအဲ့လိုပေါ်တင်ကြီး ခုန်ကူးနေတာကောင်းလား
လို..”

သိုဘယ်လိုဝင်ပြောပေးရမှန်း မသိဘဲဖြစ်နေသည်။ သားနဲ့စံနစ်ရဲ့
life style ကိုလည်း မသိခဲ့ရာ.. ၊

“အဲ့တစ်ယောက်က အားကစားကလပ်တစ်ခုမှာ တက်နေတာလေ..
အဲ့ဒါ အခုအလင်းကပါ အဲ့မှာ..”

“သမီးက တီလေးကိုတိုင်နေတာ ဘာပြောချင်လို့လဲ..သားနဲ့ပြေ
လည်ချင်တာလား..”

“အင်းလေ..တီလေးစဉ်းစားကြည့်ပါလား၊ သူငယ်ချင်းချင်း ချက်
ချင်းရည်းစားဖြစ်ကြည့်လို့ရမလား..စိတ်ကူးထဲမှာတောင် အဆင်မပြေ
ဘူး..”

“အင်းပေါ့..”

“ဒါနဲ့ပဲ သူဟိုတစ်ယောက်ကို တာ့ဂတ်ပြောင်းစရာလား..ဖေကြီးဆို
ရင် သူ့သူငယ်ချင်းကောင်မလေးကို တမ်းတမ်းစွဲကြိုက်နေတာ ခုထိပဲ..
မမေတောင် ခွင့်လွှတ်ထားရတာလေ..”

သို့မျက်နှာ ရဲခနဲဖြစ်သွားသည်။ အတွက်ရဲ့သူငယ်ချင်းတွေ ကိုယ့်
အပြင် ဘယ်နှစ်ယောက်ရှိသေးသည် ထင်လို့လဲ.။ ဒါမှမဟုတ် ကိုယ့်ကိုပဲ
ညွှန်းပြီး တိုက်ခိုက်နေတာလား.. ၊

ဒီလိုပြဿနာရပ်မျိုးတွေ ဘယ်တုန်းကမှ မရှိခဲ့ဘူးသဖြင့် သိုဘာကို
မှန်လို့ ယူဆရမှန်း မသိတော့ပေ။ ဟိုတုန်းကအကြောင်းတွေကို အ
ဖွက်ကတော့ လျှာလိမ့်ပါးလိမ့်ပြောပြခဲ့မှာ မဟုတ်ပေ။ ဒါဆို စောသက
ပြောပြခဲ့တာလား..။ သားအမိချင်းဆိုတော့ ဖြစ်နိုင်၏။

ဒါပေမယ့် စောသဲက ရိုးအေးတဲ့သူပါ။ မျိုးသိပ်အုံ့ဖွဲ့ထားသည့် ရင်
ဖက်နဲ့ဟန်ဆောင်ပြုံးရယ်နေမည့်သူ မဟုတ်ပေ။ ထိုစဉ် သူမစားပွဲပေါ်က
ဝင်လာသဖြင့် ဂီတကလည်း ပြောလက်စကို ရပ်လိုက်ကာ.. ၊

“တော်ပါပြီ..ဂီတလည်း ကိုယ့်ရဲ့တီလေးက အလင်းအမေမှန်းသိ
လိုက်လို့ အားကိုးတကြီးလာပြောတာ၊ တကယ်တမ်းကျ တီလေးတောင်

www.burmeseclassic.com

www.burmeseclassic.com



ခုမှအလင်းနဲ့ ရင်နှီးဖို့ကြိုးစားနေရတာ ဘယ်လိုလုပ်ဆုံးမနိုင်မှာလဲ တ နားလည်ပါတယ်.."

ပြောရင်း နေရာမှထရပ်လိုက်ကာ သူမစကားကို ပေါ့ပါးစွာရုတ်သိ သည်။

"နေပေ့စေပါ..ဂီတ ဦးကိုပဲတိုင်ပြောမယ်၊ အဲ့အလင်း အရမ်းကို ဖောက်ချင်နေတာ.."

"သမီး.."

ဖုန်းကိုင်လိုက်ပြီးမှ ပြန်ချ၍ ကမန်းကတန်းခေါ်မိကာ.. ၊

"ဟိုလေ..ဒီလိုသမီးရယ်၊ ဟို သူ့အဖေကိုတော့ အဲ့လိုတွေမပြောလို့ ပါနဲ့သမီးရယ်..ခုတလော သားပုံစံပြောင်းသွားတယ်ဆိုရင် အဲ့ဒါက သ ကြောင့်ချည်းပဲလည်း ဟုတ်ချင်မှဟုတ်မှာပါ.."

ကိုယ့်အတွင်းရေးကို ပြောတော့မပြောချင်ပေမယ့်.. ၊

"ဟိုတစ်ညက အရက်ဆိုင်ရှေ့မှာ ပြဿနာဖြစ်တဲ့ကိစ္စကြောင့် လေးနဲ့ အဲ..သားအဖအဆင်မပြေဖြစ်ထားကြတာလည်း ရှိတယ်မို့လား"

ဂီတက အံ့ဩသလို မျက်ခုံးလေးပင့်၍ မေးဖျားလေးစောင်း ခေါင်းညိတ်သည်။ ပုံစံက ရိုသလိုလှောင်သလိုမျိုး.. ၊

"မိဘနဲ့အဆင်မပြေရင် သူငယ်ချင်းတွေနဲ့ပဲ ဖြေဖျောက်ရတာမို့လ ..သမီးကထပ်ပြီး စိတ်ရှုပ်စရာတွေ မပေးမိစေနဲ့နော်.."

"အဟွန်း ဟွန်း.."

ဂီတက သိုဖုန်းပြန်ချပြီး ကမန်းကတန်းရှင်းပြတားဆီးနေတာ သေချာကြည့်ပြီး ရယ်လိုက်၏။

"ဂီတကိုမှာစရာ မလိုပါဘူးတီလေးရယ်..ဦးကဖြင့် သူ့သားကို ပေါ်မြတင်ထားတာ၊ ပြီးတော့ ဆုံးမကိုင်တွယ်တတ်လိုက်တာလည်း ရမ်းပဲ..တီလေးက အလင်းအကြောင်းဘာမှမသိပေမယ့် ဦးကသူ့သာ ကြောင်းကို သူ့ကိုယ်သူထက်တောင် ပိုသိသေးတယ်.."

ကိုယ်ပြောလိုက်တာ ဒီလိုစကားတွေနဲ့ဆိုင်လို့လား..။ သို့ရဲ့ ပေ တွေဝေသွားခြင်းများမှာ ဂီတကတော့ အပြုံးအရယ်များနှင့် ပြန်ထွ လေသည်။ သို့ရှေ့မှာ ရင်းနှီးပွင့်လင်းစွာ ပြုံးနေခဲ့သည့်နှုတ်ခမ်းတို့သ အပြင်ရောက်တာနှင့် တင်းခနဲစေ့၏။ ဖြူစင်ရွှန်းလက်နေသည့် မျက် တို့မှာ ရီဝေဝေအေးစက်ခြင်းတို့ ပြောင်းလဲဖြစ်တည်လာခဲ့ပြီး.. ၊

ရှင်ဘယ်တော့မှ ဘာမှပြန်ပြောနိုင်မှာမဟုတ်ဘူးသို.. နောက်



ည်း ရှင်ပြောခွင့်မရှိတဲ့ စကားတွေကို ဂီတကပြောဦးမှာ၊ ကမ္ဘာကြီးလုံး သရွေ့ သံသရာလည်နေသရွေ့ပေါ့... ၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၇)

"ဘာပြောတယ်..ဖေကြီးကိုပြန်ပြောစမ်းပါ၊ သိုကဝင့်လိုက်နေတ ဟုတ်လား.."

ဖေကြီးမျက်နှာပေါ်က စိုးရိမ်မှတ်ကို အကဲခတ်၍ ဂီတစိတ်ထဲမှ တင်းခနဲဖြစ်သွားမိသည်။ ဖေကြီးဘယ်အရပ်ဘယ်ဒေသမှာပဲ အလုပ်လု နေပါစေ မန္တလေးကို ခဏခဏပြန်သည်။ ဒါပေမယ့် နေ့လည်ကရော လာလျှင် မေမေ့ဆီကိုရောက်လာတော့ ညနေ။ မေမေဆီကိုမရောက်ခ ခရီးတစ်ထောက်က ဘယ်မှာဆိုတာမသိ.. ၊

အခုကျတော့ ဖေကြီးခဏခဏပြန်လာနေခဲ့တာ ရန်ကုန်ဖြစ်သွာ ၏။ ဒါကိုတော့ ဂီတရှင်းသွားပါပြီ။ ဖေကြီး အမောပြေပြေးကြည့်တ သည့်မျက်နှာက ဘယ်မျက်နှာလဲ.. ၊

"နေပါဦးသမီးရဲ့..သမီးနဲ့အလင်းက ဖရန့်တွေလား၊ ဘာလို့ဖေ တို့ကို မပြောခဲ့တာလဲ..အဲ့ဒါကို သိလည်းခုမှသိတာပေါ့.."

ဂီတက အတွက်မျက်နှာကိုကြည့်ပြီး ဘာမှမပြော.. ၊

ဧည့်ခန်းထဲမှာ အတွက်ရဲ့အစ်မတွေ အဒေါ်တွေလည်း ရှိနေကြလျ သားအဖစကားပြောနေတာကို စိတ်ဝင်စားနေကြ၏။ ဂီတကလည်း ဇ မင်တကာ အားလုံးရှေ့မှာပဲ ပြောချင်တာဖြစ်ကာ.. ၊

"ဖေကြီးတို့ကိုပြောဖို့ ဂီတကိုယ်တိုင်သိမှဖြစ်မှာပေါ့ဖေကြီးရဲ့..ဂီတ လည်း မနေ့တစ်နေ့ကမှ သိခဲ့တာ.."

အတွက်မျက်နှာမှာ စိတ်လှုပ်ရှားခြင်းတွေ သိသာစွာဖြစ်ထွန်းနေ လျက် မေးချင်တာတွေများပြီး ဘာကိုအရင်မေးရမှန်းမသိဖြစ်နေသေ နှုတ်ခမ်းတို့ တလှုပ်လှုပ်ရှရှနှင့်.. ၊

"တော်တော်တိုက်ဆိုင်တာပဲ.."



"ဘာတိုက်ဆိုင်တာလဲ.."

ဘယ်သူဝင်မေးလိုက်မှန်းမသိ။ အတွက်က ပြန်လည်းမဖြေဘဲ ဂီတ ကြည့်ကာ.. ၊

"ဒီကောင်လေးက ဂုဏ်ထူးသုံးခုနဲ့အောင်ပြီး..အေးလေ သူလည်းE ဂျာပဲ ဝါသနာပါလို့ပေါ့.."

ဂီတကို မမေးသည့်မေးခွန်းတချို့ကို သူ့ဘာသာတွေးယူနေလျက်..၊

"ခုန သမီးပြောတာကို ပြန်ပြောပါဦး..သိုက ဘာဖြစ်လို့ဝင့်လည်နေ တာလဲ.."

စံနစ်နဲ့ပြန်ပေါင်းဖို့များ ကြိုးစားနေတာလား..။ ဒါကြောင့် စံနစ်ရဲ့ ကြောကြောဆက်ဆံမှုအောက်မှာ ပြားပြားဝပ်ခစားနေရတဲ့အဖြစ်လား.. ရင်ထဲမှာ ရှိနေတာတွေကို ဆက်မမေးဖြစ်ပေမယ့် အတွက်ရဲ့မျက် မှာ အထင်အရှားပေါ်လွင်နေခဲ့၏။ ဂီတက လူကြီးတွေဆီမျက်လုံးဝေ့ က်ပြီးမှ အတွက်ကိုပြန်ကြည့်၍.. ၊

"ဖေကြီးက ဘာဖြစ်လို့တီလေးအတွက်ပဲ မေးနေတာလဲ..ဂီတနဲ့အ င်းဘယ်လိုမျက်နှာချင်းဆိုင်နေရသလဲ ဖေကြီးတစ်ခွန်းမှ မမေးဘူး.."

"အလင်းသိုက.."

"အလင်းက ဖေကြီးကိုအရမ်းမုန်းနေတာ.."

ဟိုတုန်းကတော့ လေးလေးတွက်လို့ခေါ်ပြီး သူ့ကိုမြင်လိုက်တာနှင့် ပြုံးရွှင်ရွှင်ပါ.. ၊

"ဖေကြီးမယုံလို့လား.."

"မဟုတ်ပါဘူးသမီးရယ်..ဒါပေမယ့်.."

"မုန်းမယ်ဆိုလည်း မုန်းချင်စရာပဲလေ..သူ့ကိုစာနာကြည့်လိုက်တာ ဂီတဆိုလည်း မုန်းမိမှာပဲလို့ တွေးမိတယ်.."

သို့ကိုမုန်းတယ်လို့ ပြောလိုက်တာလား..။ အတွက်မျက်နှာပျက်သွား ည်။ ဂီတကိုမွေးစားခဲ့တုန်းက ဇောသဲလိုပဲ သိလည်းဂရုစိုက်ပြုစုခဲ့ အမေနှစ်ယောက်လို့တောင် ပြောကြတဲ့အထိပါ.. ၊

ဂီတကို ကိုးနှစ်သမီးလောက်မှာ မွေးစားခဲ့တာဖြစ်ကာ ကိုး[illegible]ရွယ် နဲ့မမျှအောင် ပါလာသည့်ရောဂါတွေက အလယ်တ[illegible]ကျောင်းသူ ယ်ထိ လူနဲ့ဆေးနဲ့ပြတ်တယ်ဆိုတာ မရှိခဲ့ပေ။ သူ့[illegible]လေးကို ဇောသဲ ကပဲ ပြုစုခဲ့ရသည်။ နောက်ပိုင်းကျမှသာ သိုက[illegible]ွားရေးတွေရဲ့ထွင် အလုပ်တွေရှုပ်နေသဖြင့် အဝင်အထွက်ကျ[illegible]ွားခဲ့တာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်မိဘအုပ်ထိန်းသူလို နေလာခဲ့တဲ့ မိန်းမတစ်ယောက်အပေါ် ဂီတရဲ့မျက်လုံးစိမ်းတွေက မယုံနိုင်စရာပင်။ ထို့ပြင်.. ।

"ဂီတကို ဖေကြီးသမီးမှန်းမသိတော့ သူ့ရင်ထဲမှာရှိတာတွေ အကု ပြောတာ..ဖေကြီးကို သူအရမ်းမုန်းတယ်၊ ဖေကြီးကြောင့် သူ့အဖေနဲ့အ ကွဲရတယ်..ခုထိလည်း ဖေကြီးနဲ့တီလေး တွဲနေကြတယ်ဆိုပြီး.."

"ဟဲ့..ဘာဆိုင်လို့လဲ.."

လူကြီးတွေက နားမခံသာတော့ဘဲ ဝင်ပြောကာ အတွက်ဒေါသထ ထွက်လျက်.. ।

"ဘာတွေလျှောက်ထင်နေတာလဲ ဒီကလေးက..ကိုယ့်အိမ်ထောင် ကိုယ့်ဘဝနဲ့ကို ဖြစ်နေကြတဲ့ဟာ.."

"ဖြစ်နေကြပေမယ့် ဖေကြီးတို့ကမှ မပြီးနိုင်တာ.."

"ဟဲ့..ဟဲ့ ကြည့်စမ်း ဖအေကို.."

"ကောင်မလေးနော်.."

"နေစမ်းပါဦး..သမီးမေမေကိုယ်တိုင် သိနဲ့ဖေကြီးရဲ့ဖြူစင်မှုကို လည်လို့ နည်းနည်းလေးမှမငြိုငြင်ခဲ့တာ၊ သမီးကရော တီလေးကို သ ဘယ်တုန်းတည်းက အဲ့လိုတွေကြည့်နေခဲ့တာလဲ.."

"အစက တီလေးကိုချစ်ပါတယ်..ဒါပေမယ့် အလင်းရဲ့အမေမုန်း လိုက်ကာမှ ဂီတစိတ်ပြောင်းသွားတာထင်တယ်.."

ဂီတကလည်း ပြောင်ပြောင်တင်းတင်း ဝန်ခံလေသည်။ ဘယ်သူ့ ထဲမှာမှ ဒီကိစ္စကအကြီးကြီး မဟုတ်ခဲ့တာကြောင့် အားလုံးအံ့အား ကုန်ကြ၏။ အတွက်က အခိုးဆုံး.. ।

"ဖေကြီးက သူငယ်ချင်းလည်းဖြစ် မိန်းမသားတစ်ယောက်တ စီးပွားရေးကတစ်ဖက် မိဘကတစ်ဖက်မို့ အားနည်းတဲ့သူကို ကူညီနေ ပါ..ဒါကိုစောသဲလည်း.."

"ဖေကြီးရယ်..မေမေက မငြိုငြင်ဘူးပဲ ဘာလို့ပြောနေတာလဲ၊ မိန် သားတစ်ယောက်ရင်ထဲမှာ ဘယ်လိုနေမလဲလို့ တစ်ခါလောက်ထဲထ ဝင် တွေးကြည့်ခဲ့ဖူးလို့လား.."

ကောက်မေးလိုက်တော့ အားလုံးတိတ်ကျသွားသည်။ ချက်ကျ မေးလိုက်တာက မှန်သည်။ တွေးလည်းမကြည့်ခဲ့ဖူးတာ အမှန်ပဲမို့ အသွားတာဖြစ်သည်။ ဒါပေမယ့် စောသဲလောက်ရိုးသားပွင့်လင်းတာ ရင်တောင် မရှိနိုင်ဘူးလို့ ပြောနိုင်ပါသည်။ သို့ကိုစောသဲခင်တာ သူ



ရဲ့ဆက်ဆံရေးအပေါ်မှာ ယုံကြည်တာ ဒါတွေမှာ မျိုသိပ်အုံ့ဖွဲ့ထားတာ ယ်လိုမှ မဖြစ်နိုင်။ တစ်ခါတလေ ခံစားရတာမျိုးရှိရင်တောင် အေးဆေး မျက်နှာချင်းဆိုင်မိတာနဲ့ တန်းပြောတတ်တဲ့သူ.. ।

"သို့ကိုယုံကြည်နေလို့ရယ်..ကိုယ့်ယောကျ်ားတောင် ကိုယ်မပိုင် ကာသလိုပဲနော်၊ ကိုတို့များ ကိုယ့်မိန်းမရှိတာ မေ့နေသလားမသိဘူး.."လို့ ပြောပြီး မျက်စောင်းထိုးတတ်တာ ခဏခဏ။ ပြီးတော့ သိုတစ်ခုခုဒုက္ခ များပြီဆို သူမပဲသန်းခေါင်တလဲ နိုးထုတ်တတ်လျက်.. ।

"မြန်မြန်သွားလိုက်ပါဦးကိုရယ်..သားအဖနှစ်ယောက်တည်း ဒီအဖေ ဲတော့ သိုဘာမှလုပ်တတ်မှာမဟုတ်ဘူး၊ ကားလည်းသတိထားမောင်း နော်..ပြီးရင် အခြေအနေဖုန်းဆက်ဦး.."စသဖြင့် သို့အတွက် အိမ်မှာငုတ် တ်ထိုင်ပြီး ပုတီးစိတ်ဆုတောင်းပေးနေတတ်သူ.. ।

ဘာကြောင့် ဒါတွေကိုခုကျမှ သမီးကစာစီကုံးရေးနေပါသလဲ.. ।

"ဘာပဲဖြစ်ဖြစ် ဖေကြီးတို့လည်း လူငယ်တွေမှမဟုတ်တော့တာ..အခု ငယ်တွေမျက်နှာကိုထောက်ပြီး.."

"နေဦး..သမီးပြောပုံက ဖေကြီးတို့ကလူငယ်တွေကိုမကြည့်ဘဲ ဘာ မှားယွင်းပြုမူနေမိလို့လဲ.."

"မဟုတ်ဘူးလေ..ဂီတကလည်း စကားပြောလောလိုက်တာ..ဒီလိုပါ"

လူကြီးတွေက သားအဖကြားမှာ အခြေအနေမတင်းမာစေဖို့ ပေါ့ပါး င် ကြိုးစားကြသည်။ အတွက်ကလည်း မိဘဆိုသည့်နေရာကနေ သမီးက အပြစ်ထောက်လာတာကို ရှက်မိသည့်ခံစားချက်နှင့် မျက်နှာ ီမြန်းနေ၏။ ဂီတကလည်း နဂိုတည်းက မိဘမဲ့လေးမို့ တစ်ဆွေတစ် လုံးက ယုယအလိုလိုက်ထားခဲ့သည့် အကျင့်ဆိုးနှင့်ဂျစ်ကန်ကန်..।

"ကလေးက ကျောင်းမှာသူရင်းဆိုင်လာခဲ့ရတာကို ပြောချင်တာပါ.. တို့သားအဖ သူကပြော ကိုယ်ကပြောနဲ့ စကားကလိပ်ပတ်မလည်ဘဲ လွဲတွေဖြစ်နေကြတာ.."

"လွဲနေကြတာကိုက ကလေးတွေပဲအန်တီထား.."

ကိုယ့်သားသမီးရဲ့ 'ဖေကြီးတို့လည်း လူငယ်တွေမှမဟုတ်တော့တာ' ပြောလိုက်သည့်စကားလုံးတွေက အတွက်နားထဲမှာ ရထားတွေအ ဆိုင် မောင်းသွားကြသလို ကြမ်းရှုလှုပ်ခါကျန်ရစ်၏။ သူ့အပေါ်မှာ သတောင် ဒီလိုအထင်သေး အမြင်သေးစကားမျိုး ပြောခဲ့ဖူးတာမ ။

www.burmeseclassic.com

www.burmeseclassic.com



"အလင်းသိုက ကျွန်တော့်ကို ဘယ်လိုပဲမြင်နေနေ အချိန်တန် အားလုံးက နေရာတကျရှင်းလင်းသွားမှာပဲ..ကျွန်တော့်သမီးကတော့ ကျ တော့်ကို နားလည်ပြီးသားဖြစ်နေသင့်တာပေါ့.."

"ဂီတနားလည်ပါတယ်..ဒါပေမယ့် သူပြောသလို ဖေကြီးနဲ့တီ ခုချိန်ထိ တွဲနေကြတာလည်း ဟုတ်နေတာပဲဆိုတော့.."

"တွဲနေတယ်လို့ သမီးမပြောရဘူးလေ..သိုနဲ့တွက်လေး ဘ လောက်သံယောဇဉ်ကြီးခဲ့တာ ဘွားတို့လည်းသိတယ်၊ သိုဘယ်လိုမိန်း လေးမှန်းလည်း နားလည်ကြတယ်..ဒါကြောင့် သူ့နဲ့စံနစ်တို့တောင် ဘွ တို့ရှေ့မှာပဲ ဟောဒီအိမ်မှာ လမ်းခွဲခဲ့ကြတာ.."

"ဟုတ်တယ်..ငါတို့တောင် သူများလင်မယားကြား ဝင်ပါခဲ့ကြ တယ်၊ သို့ကို ကိုယ့်လူလို့သဘောထားကြတာကိုး.."

ဂီတကို လူကြီးတွေက ရှင်းပြကြသည်။ အတွက်က မျက်မှောင်ကု နှင့် ကြည့်နေ၏။ သူမမျက်နှာလေးကတော့ မကြည်မလင်ရှိနေဆဲ..

"မသိဘူးအဘွားရာ..ဂီတကတော့ တီလေးပဲဖြစ်ဖြစ် ဖေကြီးကိုပဲ ဖြစ် သူများအပြောလွတ်အောင် နေစေချင်တာပဲ၊ ကိုယ်မှန်တာကိုယ် တယ်ဆိုပေမယ့် မသိဘဲနဲ့ပြောနေတဲ့ ပါးစပ်တွေက ရပ်တန့်သွားတာ ဟုတ်ဘူး..သူ့အဲ့လိုတွေ ကြိမ်းဝါးနေတော့ ဂီတကလည်း အဲ့ဒါငါ့အ ပါလို့ မပြောရဲတော့ဘူး.."

အတွက် ထောင်းခနဲစိတ်တိုသွားသည်။ အလင်းကိုလား ဂီတကိုလ ဆိုတာမသိ.. ၊

"အခုဖေကြီးရန်ကုန်ဆင်းလာတာလည်း ဘာကိစ္စနဲ့ဖြစ်ဖြစ် တီလေ ကို လုံးဝမတွေ့ရဘူး..ဖုန်းလည်းမဆက်နဲ့ ဒါပဲ.."

"ဟဲ့.."

"ဩော်..ခက်တော့တာပဲ.."

ဂီတက ပြောချင်ရာပြောပြီး ခြေလှမ်းကျဲတွေနှင့် ကဆုန်ပေါက်သ လျှောက်ထွက်သွားသည်။ အတွက်မျက်နှာ နီရဲတင်းမာကျနရစ်၏။ ဒီမိ ကလေးကိုက အစတည်းက လေးစားသမှုနည်းပါးတာပါ။ ဆွေမျိုးစု က အလိုလိုက်ကြသလို စောသဲလက်ထဲရောက်တော့ ပိုဆိုးသွားသ

စောသဲက သဘောထားနူးညံ့သလောက် အနေလည်းအေးသည် ရိုးလည်းရိုးသားသည်။ သူမအပေါ်မှာ အတွက်သံယောဇဉ်ကြီးခဲ့ရ လည်း ဒါတွေကြောင့်ပဲဖြစ်သည်။ ထို့ပြင် သမီးမိန်းကလေးကို ဘယ်



ကိုင်ပဲ့ပြင်ဖို့တွေ သိုကနေပြောပြ အကြံပေးခဲ့တာတွေလည်း ရှိ၏။ သနဲ့ဂီတ တစ်ခါတလေ စကားပြောရင်း ပူညံပူညံတွေဖြစ်လာခဲ့လျှင် တယ်..အဲ့ဒါတီလေးစကားတွေပဲ..'လို့ ဂီတပြောတတ်တာတွေလည်း မိလာခဲ့၏။

ထိုစဉ်တည်းကများ သို့အပေါ်မှာ ဂီတသဘောမကျဖြစ်ခဲ့တာလား..၊

"အတွက်.."

ဒေါ်ထားက ခေါင်းငိုက်စိုက်ချထိုင်နေသည့် အတွက်ကိုကြည့်၍ ပြင်းချကာ.. ၊

"ဘယ်လောက်သဘောကောင်းတဲ့ မိန်းမဖြစ်ဖြစ် ကိုယ့်ယောကျ်ား ကိုယ့်ထက်ပိုပြီး တခြားမိန်းမကို ဂရုစိုက်နေရင်တော့ မခံစားရဘူးဆို မရှိဘူးနော်..အခုဂီတပြောသွားတာတွေက စောသဲရဲ့စကားသံတွေ ပါနိုင်တယ်..မင်းနဲ့သို.."

"ကျွန်တော်သို့ကို ညီမတစ်ယောက်လိုပဲ သဘောထားခဲ့တာကြာပြီ ကီထား..စောလည်းသိတယ်၊ ဒီကိုလာတိုင်း သို့အတွက်သူကြော်လှော် လှူပေးလိုက်တဲ့ စားစရာတွေနည်းသလား..စောက ဟန်ဆောင်ပြီး နေမယ့် မိန်းမမျိုးမဟုတ်ဘူး၊ ကျွန်တော့်မိန်းမအကြောင်း ကျွန်တော် တယ်.."

"အေးပါ..ကဲ ရိုးသားတယ်ဆိုရင်လည်း ဖြတ်တောက်ရလွယ်တာပေါ့ ၊ ကလေးတွေ.."

"ဘာလို့ဖြတ်ရမှာလဲ..ဘာကိုလဲအန်တီထားရယ်၊ ဖြတ်ရအောင် နေတာ ဘာရှိလို့လဲ..အလင်းက အဲ့လိုကောင်လေးမဟုတ်ဘူး.."

"ဘာရယ်.."

"သူ့အထင်လွဲနေရင်တောင် သူ့အမေကိုသူစိတ်ခုနေတာမျိုးပဲဖြစ် တခြားသူကို ကြိမ်းဝါးလောက်အောင် ခက်ထန်ရိုင်းစိုင်းတဲ့သူမဟုတ် .."

ဒေါ်ထားက သမီးတွေကို လှမ်းကြည့်ပြီးမေးဆတ်၏။ မျက်နှာ မယုံနိုင်စရာတွေ ကြားနေရသည့်နှယ်.. ၊

"စံနစ်ကိုလည်း ကျွန်တော်သိတယ်..မကျေနပ်ချက်တစ်ခု မျက်နှာ ိုင်း ပုတ်ခတ်တူးဆွရအောင် ဒီလူအောက်တန်းမကျဘူး.."

"ဒါဖြင့်အောက်တန်းကျနိုင်တာ မင်းသမီးပဲရှိတော့တာပေါ့.."

သလဲခေါင်းခါရင်း ဖြေရှင်းမည်လို့ လင့်ခဲ့သော်လည်း

www.burmeseclassic.com

www.burmeseclassic.com



အတွက်က နေရာမှထရပ်လိုက်ကာ.. ၊

"အန်တီထားတို့ မြေးအကြောင်းလည်း သိသားနဲ့.."

ပြောပြီး အိမ်ထဲဝင်သွားလျှင် သူတို့တွေအံ့သြမကုန်နိုင်.. ၊

"ငါတော့ ဒီသားအဖတွေကို မပြောချင်တော့ဘူးအေ..တကယ်ပါပဲ.."

"အတွက်ကိုက သို့ကိုထိရင် ဘယ်တုန်းကမှ ကြက်ခေါင်းဆိတ်
တာ မဟုတ်ဘူး.."

"အတွက်ကိုပဲမပြောပါနဲ့..သူတို့ချင်းက တကယ်ကိုရယူလိုခြင်းက
တဲ့သံယောဇဉ်တွေပါ၊ ငါးရာနှစ်ဆယ့်ရှစ်လည်းမက..ထောင့်ငါးရာမ
တဲ့ ကိုးရာခုနှစ်ဆယ့်နှစ် မေတ္တာမျိုးပေါ့.."

သမီးကြီးကပြောပြီး သက်ပြင်းရှည်ကြီး ဟင်းခနဲကချကာ.. ၊

"ဂီတညဆိုတဲ့ မိစ္ဆာတေးလေးကိုလည်း လျှော့မတွက်နဲ့သိလား..
အဖေ ဟိန်းကိုရဲ့သွေးဆိုးသွေးညစ် အပြည့်အဝပါတယ်၊ အရမ်းရိုင်း
ငယ်ငယ်တည်းက လူကြီးတွေက မိဘမဲ့လေးတွေမို့ အလိုလိုက်နေကြ
ယောက်ျားလေးဖြစ်တဲ့ ရတုကမဆိုးရဘူး..စီခနဲဆိုဂီတည.."

"ညည်းကလည်းအေ.."

"မဟုတ်လို့လား..မောင်လေးကလည်း သမီးတို့တုန်နေအောင်ချစ်
တဲ့ကလေးပဲ၊ တူမနဲ့မောင်နဲ့ယှဉ်လာရင်တော့ ကလေးဆိုပြီးမျက်စိမှိ
အရှုံးပေးလို့မရဘူး..မျှမျှတတပဲ.."

"ဟုတ်တော့ဟုတ်တယ်..စောသဲကလည်း ကလေးမရတဲ့သူ အတွ
ကလည်းချစ်နေလို့သာ မွေးစားဖို့ပေးလိုက်ရတာ၊ ဂီတနဲ့စောသဲသိပ်
မှာ မဟုတ်ဘူးနော်မေမေ..အရွယ်လေးရလာလေ မေမေ့မြေးမက လူ
ကြီးလုပ်လေ၊ အတွက်က သို့ကိုထိရင်တောင် ဒီလောက်ဖြစ်နေတာ
မိန်းမ ရိုးရိုးအေးအေးကို.."

"ကဲပါအေ..ကလေးကိုညည်းတို့ကလည်း၊ သူ့ခမျာ ရတုလိုတော
နိုင်ငံခြားသွားမယ် ဘာညာပြောရှာတာမဟုတ်ဘူး..ဆွေမျိုးသားချင်း
ကို ခင်ရှာတာ.."

"ပြောပြတာပါ..အတွက်နဲ့တစ်နေ့နေ့ ပူဂျီဝွမ်ဂျီတွေ ထဖြစ်ကြမစိုးလို့"

"ဖြစ်လည်း စောသဲကအဖြစ်ခံမှာမဟုတ်ဘူး..ဂီတကို ချစ်လိုက်တ
တုန်လို့.."

♥♥♥

## အခန်း(၂၈)

"ပြော..ဟော့ကောင် ငါရေခိုးချိုးတာ..ချမ်းလို့တုန်နေပြီ.."

ရေချိုးခန်းထဲမှာ ကန်ထဲကတက်လာတာနှင့် လူကခိုက်ခိုက်တုန်နေ
၏။ စောင်ဆွဲပတ်လိုက်ပြီး ဖုန်းပြောရင်းထွက်လာတော့ အခန်းပြင်မှာ
မေမျက်နှာသုတ်ပဝါအထူကြီး ကိုင်လျက်စောင့်နေ၏။

"နေမကောင်းသေးဘဲနဲ့ ရေချိုးနေတယ်ဆိုလို့သားလေးရယ်..မေမေ
ခေါင်းသုတ်ပေးမယ်နော်.."

"ရပါတယ်..သားဘာသာသုတ်မယ်.."

သိုကိုင်ထားသည့် ပဝါကိုယူပြီး ထွက်သွားတော့ သိုနောက်ကနေ
တောင်းလိုက်သွားမိသည်။ မေမေ့ကိုမတွေ့ချင်ပါဘူးပြောထားလည်း မ
တ်နိုင်။ နေ့နေ့ညညသားရဲ့စိတ်နဲ့ အိပ်လို့လည်းမပျော် စားလို့လည်း
ဝင်.. ၊

"အေး..ငါလာမှာလေ၊ လာမှာမို့ ရေချိုးနေတာပေါ့.."

ပြောနေရင်း ဖုန်းကဒေါက်ခနဲလွတ်ကျ၏။ အလင်းဖုန်းကောက်
ကိုက်စဉ် သိုကမျက်နှာသုတ်စောင်ကို ယူလိုက်ပြီး.. ၊

"မေမေသုတ်ပေးမယ်..သားလုပ်စရာရှိတာလုပ်.."

သားလည်း စံနစ်လိုပဲ အရပ်ကြီးထောင်မားနေသဖြင့် သူမမှာသား
မြုစုဖို့ကြိုးစားရင်း ခြေဖျားထောက်ထားတာက ကြာကြာလည်းခြေ
။ ထိုအချိန်မှာပဲ အလုပ်တစ်ဖက်နှင့် အိမ်ထဲကိုလှည့်ဝင်လာသည့် စံ
က ဧည့်ခန်းကနေ လှေကားဘက်ကိုဖြတ်ကူးလာတာဖြစ်ကာ အလင်း
တို့ကို လှမ်းမြင်သွား၏။

သိုသည် အဝါရောင်ချိတ်လေးလေးတွေနှင့် ကြက်သွေးရောင်ထမီ
ကိုအနီရောင် လက်ပြတ်လေးကိုဝတ်ထားကာ ဆံပင်တွေကို ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



စည်းကွင်းအဖြူရောင်လေးနဲ့ နောက်မှာသိမ်းစည်းထား၏။ ဖြူဝင်း...
ဂုတ်သားပြင်လေးနှင့် အနီရောင်အင်္ကျီသားက ခြားနားလှပနေသည်...

တင်းပြည့်သည့်သွယ်နွဲ့သည့် ကိုယ်ဟန်သည် ဟိုတုန်းကထက်...
နည်းငယ်သာတိုနေပေမယ့် ရှည်လျားနေဆဲဆံနွယ်တို့ဖြင့် ဟိုတုန်း...
ထက် ပိုလှနေပါ၏။ အရင်တုန်းကတော့ သူမကိုဇွတ်ဆွဲဇွတ်ခိုင်း...
ခုပုံစံအတိုင်း.. ။

ခုကျတော့ ရှန်းရှန်းဖယ်ဖယ်နှင့် ကြီးတောင့်ကြီးမားသာ...
ယောက်ကို သူမပြုစုခွင့်ရဖို့ ခြေမကိုင်မိလက်မကိုင်မိနှင့်.. ။

ကိုယ့်အတွေးနဲ့ကိုယ်ပြုံးနေမိစဉ် သူမဖျတ်ခနဲဒီဘက် လှည့်လိုက်...
ဖြင့် သူခိုးလူမိမှာစိုးကာ စံနစ်ကမန်းကတန်း ခြေလှမ်းပြင်လိုက်သ...
ထိုအခါ ကိုင်ထားသည့်ကားသော့ ဒေါက်ခနဲပြုတ်ကျ၏။ အစကမမြ...
သော့ပြုတ်ကျသံကြားလိုက်မှ သို့နဲ့အလင်းပြိုင်တူကြည့်ကြကာ.. ။

"ဖေဖေ့..ဟာ ဟက်ချိုး.."

အလင်းက ရေသုတ်ပေးနေသည့် လက်ကိုရှောင်ထွက်လိုက်ပြ...
နစ်ဆီထွက်လာ၏။

"ကျွန်တော့်ကိုကား..ဟက်ချိုး.."

"အလင်းသို မင်းကိုဘယ်သူရေချိုးခိုင်းတာလဲ.."

"ဟာ ဖေဖေကလည်း ကျွန်တော်ဘာမှမဖြစ်တော့တာ ဒ...
လည်းပျောက်နေပြီ.."

"ဒဏ်ရာကိုရေထိလို့မရလို့မနက်ကပဲ သေချာသန့်စင်ပေးထားတ...

"ဒါပေမယ့် ရေချိုးချင်တာပေါ့ဖေဖေရ..သားအပြင်ထွက်ချင်ပြ...

"မင်းကိုတော့ မပြောချင်တော့ဘူးသိလား.."

သို့နောက်ကပါလာသဖြင့် စံနစ်ဒါပဲပြောပြီး ရှောင်ထွက်သွားသ...

"ရေတွေကျန်သေးတယ်သားရယ်..ခဏလေးငြိမ်နေပေးနော်၊ ပြ...
ဟင်းခါးပူပူလေးသောက်လိုက်..ဆေးလေးပါသောက်ပြီးမှ အပြင်...
ပေါ့.."

"ခြောက်သွားပါပြီမေမေရာ.."

"မခြောက်သေးပါဘူးသားရယ်.."

ဇွတ်လုပ်ပေးနေတော့လည်း အလင်းစူပုတ်ပုတ်မျက်နှာကြီးနှ...
နေပေ၏။ မခံချင်လို့ ဖေဖေ့ဆီရှောင်ထွက်လာတာတောင် အတင်း...
လုပ်ပေးနေတော့ စိတ်ပျက်မိသည်။ မေမေ့ကိုသတိရမိတိုင်း အတွ...



...ကြီး ပူးတွဲပါနေခဲ့ခြင်းသည် မေမေနဲ့ထိုလူကို ပူးတွဲပြန်မြင်လိုက်
...ည့် ဟိုညတည်းက.. ။

"ဒရိုင်ယာလေးမှုတ်လိုက်ရအောင်သား..တော်ကြာရေငွေ့ကျန်ရင်
...အမြန်ဖျားလိမ့်မယ်.."

"ရပါပြီ..ကျွန်တော်အဲ့လောက်ထိ မပျော့ပါဘူး.."

"အို ပျော့တဲ့လူတွေမှ ဖျားနာတတ်တာလားသား..ဆရာဝန်က ရေချိုး
...မပေးသေးဘဲ ချိုးလို့ခုပဲဖအေက ဆူသွားပြီ.."

ပြောလည်းပြောရကာ ခေါင်းကိုအတင်းဆွဲနှိမ့်ပြီး ဒရိုင်ယာမှုတ်လေ
...၏။ အလင်းအမုန်းဆုံးအသံကို မနည်းသည်းခံနေရလျက် ငုံ့နေသည့်
...ကြီးက သံပုရာသီးတစ်ခြမ်းလုံး ဝါးမျိုနေရသလို ရှုံ့မဲ့နေ၏။ မေ
... ဆုံမိမှာစိုးလို့ ဘိုးဘိုးကြီးဆီတောင် သူမသွားခဲ့တာ..ခုမှပဲ.. ။

"ရပြီမေမေ..သူငယ်ချင်းတွေနဲ့ ချိန်းထားတာ နောက်ကျမှာစိုးလို့.."

"ဘယ်သွားကြမှာလဲသား.."

အင်္ကျီတွေရှိသည့် ချိတ်စင်ဆီလှည့်လိုက်ပြီးမှ တုံ့ခနဲဖြစ်သွားသည်။

"သူငယ်ချင်းတွေနဲ့ လည်တာလည်းလည်ပေါ့သားရယ်..သွားတာ
...တာတော့ နေရာလေးရွေးပါ၊ နောက်ပြီး သားအဖေကိုမပြောဘဲ ဘယ်
...သွားပါနဲ့.."

"ကျွန်တော့်သိပါတယ်..ကျွန်တော့်အတွက်ဘယ်အချိန်ဖြစ်ဖြစ် ဖေဖေ
...က်ကျမှရောက်လာတာ တစ်ခါမှမရှိမှန်း.."

"အဲ့ဒါကြောင့်.."

အမှတ်တမဲ့ ခေါင်းညိတ်လိုက်ပြီးမှ စကားမဆက်ဖြစ်.. ။

သားတစ်ခုခုကို ရည်ရွယ်လိုက်တာများလား.. ။

"အခု မေမေကရော အလုပ်အားလို့လား..တော်ကြာ သားနောက်
...က်နေရတာတစ်ဖက် တခြားကိစ္စတစ်ဖက်နဲ့.."

သို့က အလင်းလက်မောင်းတစ်ဖက်ကို ဆုပ်ကိုင်ပြီး သူမဘက်အ...
...လှည့်လိုက်ကာ.. ။

"သား မေမေ့ကိုတစ်ခုခုပြောချင်နေတာလား.."

"မပြောချင်ပါဘူး.."

"မဟုတ်ဘူး..မေမေသိတယ်၊ မေမေကလည်း အဲ့ဒါကိုသိချင်နေတာ
...သားတို့ရန်ဖြစ်တဲ့ညက မေမေ့ကိုသားထားခဲ့ရတဲ့နေရာကပဲ စောင့်နေ
...တာပါ.."

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်မြင်ပါတယ်.."

ဟင်.. ।

"မေမေအဆင်ပြေနေမှန်းသိလို့ မခေါ်တော့ဘဲ ကိုယ့်ဘာသာတွ တာ.."

"မေမေ့ကိုမြင်ပြီးမှ သား.."

သိုင်ိုင်သွားစဉ် အလင်းက ဖေဒါရောင်နှင့်အပြာနုလေး နှစ်ထပ် ထားသည့် တီရှပ်နဲ့ဘောင်းဘီရှည်အပြာကို ဆွဲယူပြီး ကန့်လန့်က ပိတ်၏။ ကန့်လန့်ကာကွယ်သွားပေမယ့် သိုကငေးနေဆဲရှိကာ ထိုည အဖြစ်အပျက်တို့မှာ ပြန်လည်နစ်မျောသွားခဲ့၏။

အတွက်ရောက်လာခဲ့သည်။ ရောက်လာရတဲ့အကြောင်းရင်း ကိုယ်ခေါ်တာလည်းမဟုတ် သူကလည်း ကိုယ့်ဆီလာတာမဟုတ်ပေ။ သော် စံနစ်ဆီကဖုန်းလာပြီး ပြောသွားသည့်စကားလုံးတွေကြောင့် သူ ကားဘေးမှာပဲ မျက်ရည်တွေကျနေခဲ့သည်။ ထိုအချိန်မှာပဲ ကားတစ်စီး ဟွန်းသံအနီးကပ်ကြားလိုက်ရပြီး.. ।

"သို.."

အတွက်ကမျက်နှာရှေ့မှာ ဘွားခနဲပေါ်လာသလို ရောက်လာခဲ့လျှ

"ဘာဖြစ်နေတာလဲ..ဘာဖြစ်လို့ဒီကိုရောက်နေတာလဲ၊ ငိုနေ လား.."

"ငါ.."

အတွက်က မျက်နှာကြီးတင်းသွားကာ ကားထဲကိုငုံ့ကြည့်သည် ပြီးတော့ ဘေးဘီကိုလှည့်ပတ်ကြည့်၍.. ।

"ဘယ်သူမှမပါဘူးလား..ပြောစမ်းပါ၊ ဒီအချိန်ကြီး ဒီမှာတစ်ယော တည်း မျက်ရည်ကျနေတာ ဘာလဲ.."

"အတွက် နင်ရန်ကုန်ရောက်နေတယ်ဟုတ်လား.."

"ငါဒီလိုပဲ ရောက်ချင်လည်းရောက်လာတာပဲ..ဘာတွေ ဆန်းပြ နေလို့လဲ.."

ရောက်လာတိုင်း ကိုယ့်ဆီကိုအရင်ရောက်လာတတ်တာကို ရည်ရွ ပြီးမေးမိတာပါ။ သူမကသာ သားဧကြောင့်ဦးကုဋ္ဌေနဲ့စံနစ်တို့ ပတ်ဝ ကျင်မှာပဲ ဝဲလည်နေရသည်။ ထိုအဖြစ်ကြောင့် အတွက်ရဲ့မေးခွန်းတေ ကိုမဖြေချင်ပေမယ့် ဖြေလိုက်ရကာ.. ।

"သူပြောတာမခံချင်ရင် နင်အရင်လိုပဲ နေလိုက်ပေါ့မိသိုရာ..မနေနိ



ူးဆိုရင်လည်း ဘာဖြစ်လဲ၊ ကိုယ်လုပ်ချင်တာ လုပ်ရဖို့ ကိုယ့်အခွင့် ရေးပဲ..'ဒါလိုချင်ရင် ဒါသွားမယ်'ဆိုတာ မှတ်ထား.."

"ဒါပေမယ့် ငါကသားကိုမွေးထားတဲ့ အမေပါ.."

"သူကလည်း အဖေလေ..သူ့သားသူတော့ ရိုက်မသတ်ဘူးဆိုပြီး နင် လိုက်တာ.."

ထိုစဉ်က ဖေဖေကရော အတွက်တို့အားလုံးပါ ဝိုင်းတားခဲ့ကြသည်။ ပြတ်သားနေတာကိုလည်း အံ့သြနေခဲ့ကြ၏။ သူမဘာကြောင့် ပြတ် နိုင်ခဲ့တာလဲ..။ အခု ဘာကြောင့်ငိုကြွေးနေရတာလဲ..။ သူမကဘယ် မေမျိုးပါလဲ.. ।

ကိုယ့်ကိုယ်ကိုပြန်မေးနေဖို့ မလိုပေ။ သားလေးကို သူမအသက် က်ချစ်ပါ၏။ ကိုယ်ကချစ်ရသလောက် ကိုယ့်လက်ကိုဖြုတ်ချရက် စိမ်းကားခဲ့သူကိုတော့ ပြေးဖက်ခဲ့၏။ ဒါကြောင့်လား.. ।

"သူ့အဖေကိုမှ ချစ်တယ်ဆိုရင် နေပါစေ"ဆိုသည့် မာနသားအ မှ ထားခဲ့မိတာလား..။ ဒီလူကိုမုန်းတီးခြင်းကြောင့် ဖြစ်ခဲ့သည့် သ ကိုစိတ်လား.. ।

ဘာပဲဖြစ်ဖြစ် ငါမှာသာအပြစ်ရှိသည်လို့ သူမခံယူထားခဲ့ပြီးသား။ ကြောင့် မျက်ရည်တွေကို သုတ်ပစ်လိုက်မိ၏။ အတွက်က သူ့အိတ်ထဲ တစ်ရှူးထုပ်လေးထုတ်ပေးသည်။ ပြီးတော့ သက်ပြင်းချ၏။

"ငါနင့်ဆီ သွားမလို့ပဲ..ဖုန်းဆက်တော့မရတာနဲ့ စိတ်ပူလို့ပါ.."

"ဟုတ်တယ်..ငါလေ ငါ့သားလေးကို ဒီတစ်ခါမခွဲနိုင်အောင် ဖြစ်နေ ယ်၊ ငါ့မာနတွေက ငါ့ကိုဒဏ်ခတ်နေပြီသိလား..ဖေဖေ့ဆီလည်း မ နိုင်တော့ဘူး..သာကြောင်းမာကြောင်းဖုန်းနဲ့ပဲ ပြောဖြစ်ခဲ့တယ်၊ ငါး ကတော ငါ့ကို.."

"ကဲ..ငိုဦးမလို့လား၊ မပြောလိုက်ချင်ဘူး.."

အတွက်က ကရုဏာဒေါသတွေနှင့် ကလေးဆူသလိုဆူနေခဲ့လျှင်း

"နင်ထင်သလို ဆုံးဖြတ်ပြီးနေလာခဲ့တာ ဘယ်နှစ်နှစ်တောင်ရှိနေပြီ သူ့ဘာသာအသားကျနေတဲ့ ပတ်ဝန်းကျင်ကနေ နင့်ရင်ခွင်ထဲ ချက် ပြေးမလာရကောင်းလားလို့ ဘာလို့တွေးနေတာလဲ.."

အတွက်နဲ့သူမပြောဖြစ်ကြတာ ဒါပါပဲ။ ပြောနေကြတုန်း ဖုန်းဝင် တာ သူဖွင့်ပြီးစကားခဏပြောကာ.. ।

"ငါဒီရုံထဲက ဦးစီးမှူးအဖွဲ့ဆီလာတာ..နင်က်နင့်ကိစ္စနဲ့နင်အဆင်ပြေ

www.burmeseclassic.com

www.burmeseclassic.com



နေပြီ ကြားလိုက်တော့ ငါလည်းမိတ်ဆွေတွေနဲ့ချိန်းပြီး စားကြသော ကြမလို့လေ.."

တိုက်ဆိုင်စွာတွေ့ဖြစ်ကြသည့်အချိန်ကို သားကလှမ်းမြင်သွား လား.. ၊

သိုကိုယ်ဘာလုပ်ခဲ့မိသလဲဆိုတာ ပြန်တွေးရင်း ဒါကဖြေရှင်းရမ ကိစ္စမျိုးလားဆိုသည့် မေးခွန်းပါဖြစ်လာခဲ့သည်။ သူမဘဝမှာ ကိုယ့်အမှ တရားနဲ့ကိုယ် ရပ်တည်ခဲ့သည်။ ပြောသင့်တာ မပြောသင့်တာကိုယ့် သာ ဆုံးဖြတ်ခဲ့၏။ ရှင်းသင့်တာမရှင်းသင့်တာတွေကိုလည်း သူများတို့ တွန်းတိုင်း ရောယောင်လုပ်ဆောင်ခဲ့တာမျိုး ဘယ်တုန်းကမှမရှိခဲ့ပေ။

ဒါပေမယ့် ပစ္စုပ္ပန်မှာ သူမရဲ့စိတ်နဲ့သူမခန္ဓာကိုယ်ဟာ ရောင်စုံမီး လိုက်တွေအောက်မှာ ချထားသည့်အရုပ်တစ်ရုပ်ကဲ့သို့ ဖြူနီညိုပြာရော ထွေပြားနေခဲ့ပြီး.. ၊

သားကငါ့ကို အတွက်နဲ့အထင်လွဲနေပြီ။ ငါဘာလုပ်ရမလဲ.. ၊

ကိုယ့်စိတ်နဲ့ကိုယ် 'ငါတို့ကရိုးသားတယ်'လို့ ရဲရဲဝံ့ဝံ့ပြောပြီး ဒီတို့ နေမလား..။ သားလေးယုံကြည်ဖို့အတွက် ကိုယ့်အမှန်တရားကို တစ်ခုခု ခင်းပြရမလား.. ၊

"အေး..ငါလာပြီ ခုပဲ.."

သူမရဲ့ရုပ်ထွေးခြင်းတွေက အလင်းဖုန်းပြောရင်း ထွက်သွားတော့ သတိဝင်လာ၏။

"သား.."

သိုနောက်ကနေ အပြေးတပိုင်းလိုက်သွားမိကာ.. ၊

"သားဘယ်သွားမှာလဲ..မေမေလိုက်ခဲ့မယ်လေ.."

"ဟာ မေမေကဘာလိုက်လုပ်မှာလဲ..ကျွန်တော့်နောက် အဲ့လိုလိုက် ရအောင် ကျွန်တော်က မိဘမျက်နှာမလွှဲရအောင် မှားယွင်းဆိုးသွမ်း တဲ့လူလား.."

"မဟုတ်ပါဘူးသားရယ်..မေမေက.."

"မလိုက်ပါနဲ့.."

အလင်းမျက်နှာက ဟန်ဆောင်ပြေပြစ်မှုလေးတောင် မရှိတော့ မှန်ကုတ်တင်းမာနေကာ ခြေလှမ်းတွေလည်း ပိုကျဲသွားသည်။ သိုက အလင်းကိုမီအောင်လိုက်နေခဲ့လျက် လှေကားအောက်က အဖြတ်တွ

"ဟ.."



"အာ.."

"ဘုတ်..ဒေါက်.."

အပေါ်ကဆင်းလာသည့် စံနစ်နဲ့ဘေးချင်းပစ်တိုက်မိလျက် စံနစ် ပိုင်သွားကာ သိုကပက်ကခနဲလည်ထွက်သွား၏။ သို့သော် စံနစ်ကသို့ လက်ကလေးတစ်ဖက်ကို ဖမ်းဆွဲထားလိုက်သဖြင့် ပစ်စလက်ခတ်လဲကျ သွားခဲ့ဘဲ.. ၊

"ဘယ်လိုဖြစ်လာတာလဲ..မင်း.."

"ရှင်ကရော.."

"ဘာ.."

ပြိုင်ဆိုင်အနိုင်လုစကားတွေက ကြမ်းပေါ်မှာ ပြန့်ကြဲနေသည့်သူ့ရဲ့ ပိုင်တွေနဲ့ ဖုန်းကိုမြင်တော့ အားနာသွားခြင်းကြောင့် ဆွံ့အစေခဲ့လျက်..၊

"သား.."

စိတ်က သားဆီချက်ချင်းပြန်ရောက်သွားသည်။ သားလေးကိုရှင်းပြ စရာကြောင်းတွေ သူမမှာရှိသေးသည်။ ထို့ကြောင့်သားနောက်ကို အပြေး တပိုင်းလိုက်ခဲ့လျှင်.. ၊

"လူမမာလို့ပဲသိထားတာကို အပြင်ထွက်မယ်ဆိုတော့ ထူးဆန်းလို့ ပေ.."

"ဘာလဲ..ကိုယ်ပူဖျားနာတာလောက်ကို လူမမာဖြစ်စရာလား.."

စကားသံတွေက အိမ်ရှေ့ကနေ ဆီးကြိုနေခဲ့၏။

ဂီတည.. ၊

မျက်လုံးချင်းဆုံလိုက်တော့ ဂီတမျက်ဝန်းတွေက အလင်းကိုပြုံးရယ် ပြနေသည့် ရင်းနှီးမှုထက်ဘာမှမပိုသော လေးစားသမှုမျိုးဖြင့်သာ..၊

"အန်တီ နေကောင်းတယ်နော်.."

ဟင်.. ၊

တီလေးလို့ခေါ်နေကျမို့ အန်တီလို့ခေါ်လိုက်တာ ကိုယ့်ကိုခေါ်သည် ထင်။ ရုတ်တရက်ကြောင်တောင်တောင် ကြည့်နေပြီးမှ.. ၊

"အင်း..ကောင်းပါတယ် သမီးရယ်.."

သို့ရင်ထဲမှာ ဖော်ပြဖို့ခက်ခဲ့သော ပူလောင်မှုတွေနှင့် ရှုပ်ထွေးသွား သည်။ ဂီတရင်ထဲမှာ သမားရိုးကျမဟုတ်သော အစီအစဉ်တွေရှိနေသည် သူမခံစားမိနေတာ ဘာကြောင့်မှန်းမသိ.. ၊

"ဂီတက တီလေးရဲ့သားလေးနဲ့ ဒီမှာဆုံပြီးမှနေ့ဒါဖြစ်နေတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဖေကြီးတို့မေမေတို့ကို လုံးဝမပြောပြဘဲထားတာ..”

လို့ သူမကိုအသိပေးခဲ့သည်။ ဒါဟာ ‘တီလေးလည်းမပြောပါနဲ့’ တားမြစ်သည့်သဘောမှန်း သူမသိသည်။ ဘာကြောင့်လဲလို့ တွေးနေရ နဲ့ပဲ ဒီနေ့ထပ်ဆုံလိုက်တော့ ‘အန်တီ’လို့ နှုတ်ဆက်လာခြင်းနှင့် ပတ်သ ၍.. ။

“ဟာ မရပါဘူး..သိသားပဲ၊ နင်အဲ့ကလပ်ကိုပဲ သွားမှာဆိုတာ..”

“ဘာလို့မရရမှာလဲ..နင်တို့လိုက်ချင်လိုက်ခဲ့ပေါ့..”

“ဘယ်လိုဖြစ်လို့ ဖွတ်ဖြစ်နေတာလဲ..စက်ဝိုင်းတို့ကိုလည်း ပြော ပြီဆိုမှ..”

“အစတည်းက အားကစားသွားလုပ်မလို့ ငါတို့ချိန်းထားတာ..”

“အေးလေ..အဲ့ဒါကြောင့် တင်းနစ်သွားကစားရအောင်လို့..”

“ဝါသနာမပါဘူး..”

“အန်တီ့..”

နှစ်ယောက်ကို ငေးကြည့်နေမိစဉ် ဂီတကသူမကိုကြည့်ပြီး အနား လာကာ.. ။

“ပြောပေးပါဦး..အလင်းက တမင်တကာအဲ့ကလပ်ကို..”

“ဟာ..ဘာတွေလျှောက်ပြောနေတာလဲ၊ ကျွတ်..”

အလင်းက ဒီတိုင်းရှုံ့မဲ့ညည်းကာ ကားထဲရောက်သွား၏။ ဂီတ သို့မျက်နှာကို စေ့စေ့ကြည့်၍ပြုံးလိုက်ကာ.. ။

“အန်တီက အလင်းကိုနည်းနည်းလေးတောင် မလွှမ်းမိုးနိုင်ဘူးနော်”

ကွယ်ရာမှာလည်း ‘အန်တီ’ပဲလား..။ ဂီတရဲ့မျက်ဝန်းတွေကို စိုက် ကြည့်ပြီး သိုတစ်စုံတစ်ရာကို ခံစားမိလာသည်။ ဒါပေမယ့် မရေမရာ နေဆဲနှင့်.. ။

“တီလေးက အဲ့ အန်တီကလွှမ်းမိုးဖို့ ကြိုးစားနေတာမှ မဟုတ်ဘဲသ မီးရယ်..သားကလည်း ကလေးအရွယ်မှမဟုတ်တာ..”

“အဲ့ကြောင့်ထင်ပါတယ်..အိမ်မှာပြန်ပြောဖြစ်တော့လည်း ဘွားတို့ က ပြောတယ်၊ သူ့ယောက်ျားကို ပြန်ချော့ချင်လို့ သားနဲ့အကြောင်းပြ နေမှာပေါ့တဲ့..”

“အို..အဲ့လိုမဟုတ်ပါဘူး..”

“အဟွန်း..ဒါပေမယ့် အန်တီရယ်၊ အလင်းက အိမ်ထောင်ပြုတော့ မယ် အရွယ်ကြီးလေး..ငယ်ငယ်လေးတုန်းကတောင် ပြတ်ပြတ်သားသား



ခဲ့ပြီးမှ ခုမှဒီထိလာပြီး..”

“ဂီတ..”

သို့မျက်နှာလေးပျက်နေကာ သည်းခံစရာမဟုတ်သည့်စကားမျိုးကို သိစိတ်က ချိုးနှိမ်နေပေမယ့် မာနကလက်မခံ.. ။

“သမီးက ကလေးပဲရှိသေးတယ်..ဘာဖြစ်လို့လူကြီးရဲ့..”

“တီ..”

အလင်းရဲ့ကားဟွန်းသံကြောင့် စကားမဆုံးလိုက်ခင် ဂီတကရယ် လှည့်ထွက်သွားသည်။ ပြီးတော့ ကားထဲနဲ့အပြင်ဘာတွေပြောပြီး ရယ် ကြသည်မသိ။ ခဏကြာမှ ဂီတက သို့ကိုတစ်ချက်ပြန်ကြည့်လိုက်ပြီး ကားပေါ်တက်သွား၏။

ကားနှစ်စီးထွက်သွားသည့်အချိန်တွင် သိုကတော့ ဦးတည်ချက်မဲ့စွာ လျှောက်သား ကျန်ခဲ့လျက်၊ ရင်နီးခဲ့ဖူးသည့်ရေမွှေးနံ့တစ်ချက် အနီးကပ် လိုက်ပြီး.. ။

“ဟုတ်တယ်..ကျွန်တော်နေ့လည်ပိုင်းလောက်မှ ရောက်မှာ..”

“...............”

“သဲင့်(ခ်)ယူ..”

ဖုန်းပြောရင်း စံနစ်ကသူမဘေးကနေ ဖြတ်လျှောက်သွား၏။ ပြီး တော့ လေကားတစ်ထစ်ဆင်းပြီးမှ ခြေလှမ်းပြန်ရုတ်လိုက်ပြီး သူမဘက်ကို ကြည့်၍.. ။

“မင်းကို အဘိုးဖုန်းဆက်သေးလား..”

စိတ်ကပုံ့လွင့်နေပေမယ့် သူပြန်လှည့်မေးတော့ ခေါင်းခါပြမိသည်။ နဲ့လူနဲ့ကပ်ပုံမရှိဘဲ ခေါင်းခါလိုက်ခြင်းကို စံနစ်ကသေချာစိုက်ကြည့် မှ.. ။

“သူမင်းကို တစ်ခုခုပြောချင်ပုံပဲ..ဆန္ဒရှိရင် ဖုန်းတစ်ချက်လောက် က်ကြည့်လိုက်ပါ..”

“ခဏ..”

ပြောပြီး ပြန်လှည့်သွားသည့် စံနစ်ကို သိုကလှမ်းတားလိုက်ပြီး..။

“ကျွန်မက..”

စံနစ်ရဲ့မျက်နှာကိုကြည့်ရင်း သိုကရှေ့ကိုဖြည်းဖြည်း တိုး လျှောက်လာကာ.. ။

“ကျွန်မက ရှင့်အိမ်ထိလာပြီး သားကိုအကြောင်းပြပြီး ရှင့်ကိုမျှော်

www.burmeseclassic.com

www.burmeseclassic.com



လင့်နေတယ်လို့ ရှင်လည်းထင်လားဟင်..”

စံနစ်မျက်မှောင်ကုတ်သွားသည်။ ပြီးတော့ သို့ဘက်ကို တည့်တ… ပြန်လှည့်ရပ်ရင်း.. ၊

“မင့်သား အဲ့လိုပြောသွားတာလား..”

သိုမျက်တောင်တွေ ခတ်ပစ်ရင်း ခေါင်းခါသည်။ ပြီးတော့ မျက်… တွေကို တခြားလွှဲပစ်ရင်း.. ၊

“ကျွန်မပုံက အဲ့လိုသူများထင်စရာ ဖြစ်နေသလား..ရှင် ရှင်အဲ့လို… နေလားပဲပြောပါ..”

“ဘယ်တုန်းက ပတ်ဝန်းကျင်ကို ဂရုစိုက်တတ်သွားတာလဲ..”

“ကျွန်မမေးတာကိုပဲ ဖြေပါ..”

“မင်းနဲ့ငါ လင်မယားတော်ခဲ့ဖူးတာပဲသို..အလင်းသိုဆိုတဲ့ က… အကြောင်းပြစရာရှိရှိ မရှိရှိ မင်းကဖြစ်ဖြစ် ငါကဖြစ်ဖြစ် စိတ်ထဲမှ… ချင်သလို ဖြစ်ခွင့်ရှိတယ်..ပတ်ဝန်းကျင်ကတော့ ပြတ်ချင်နေတယ်… လည်း ကဲ့ရဲ့မှာပဲ၊ ပေါင်းချင်နေပါတယ်ဆိုလည်း ချီးမွမ်းကြမှာမဟု… ဘူး..”

သူမမျက်နှာလေးကို စိုက်ကြည့်ပြီး စံနစ်ခပ်မဲ့မဲ့ပြုံးမိကာ.. ၊

“ကလေးပေါက်စတုန်းက ဘယ်သူဘာပြောပြော မင်းလက်က… အေးဆေးလွှတ်ချခဲ့တာပဲမို့လား..ခုကျမှ ဘာကိုကြောက်နေတာလဲ..”

သူ့မျက်နှာပေါ်က လှောင်ရိပ်ကိုမြင်မှ သို့မျက်ဝန်းလေးတွေ ရောင်လက်လာသည်။ မာနက လူကိုပုတ်နှိုးလာခဲ့လျက်.. ၊

“ဟုတ်တယ်..လွှတ်ချခဲ့တယ်၊ အခုလည်း ကျွန်မသားရှေ့မှာ ဒူး… လဲကျသွားပေစေ ဂရုမစိုက်ဘူး..အခု ကျွန်မကရှင့်ကိုမျှော်လင့်ပြီး..”

“ဟွန်း..”

စံနစ်က မဲ့လိုက်ရင်း.. ၊

“ဒူးတုပ်လဲကျသွားရင်တော့ စဉ်းစားပေးမှာပါ..”

“ဘာ..”

စံနစ်က ကားသော့ကိုမြှောက်တင်လိုက်ပြီး ချပ်ခနဲပြန်ဖမ်း၍ … ထွက်သွား၏။ သားလေးကြောင့် ဆွေးငေးခဲ့ရသမျှတွေ ဘယ်ရောက်… မှန်းမသိတော့ဘဲ သိုဒေါသတွေ ဗလပွနှင့်.. ၊

ရှင်အိပ်မက်နေ..အဲ့မှာ.. ၊

♥♥♥

အခန်း(၂၉)

“ဟုတ်ဖေဖေ..ဘိုးဘိုးဆီ သမီးရောက်နေတာ၊ ဘိုးဘိုးနဲ့ပြောချင်လို့ …ား..”

မေးသံကြားတည်းက ဦးကုဋ္ဌေကလှဲနေရာကနေ ထထိုင်နေပြီဖြစ် …ာ.. ၊

“ဘိုးဘိုးကိုပေး..”

ဖုန်းကိုလက်ပြောင်းယူလိုက်ပြီး ချောင်းဆိုးနေသေးကာ.. ၊

“မဟုတ်ပါဘူးကွာ..ဒီမနက်ကမှ ဆိုးလာတာပါ..”

“..............”

“ကောင်းပါတယ်..ဒါပေမယ့် အသက်ကလည်းကိုးဆယ်နီးနေပြီးကိုး …”

ရင်းနှီးဟန်နှင့်ပြော၍ အားပါးတရရယ်ချင်ပေမယ့် ဦးကုဋ္ဌေကိုယ့် …ာသာအခြေအနေမဟန်တာကို သိနေသဖြင့် ခပ်ဖြည်းဖြည်းပြောနေရ …ာ.. ၊

“ဟုတ်လား..ထပ်သွားဦးမလား၊ ကောင်းတယ် ကောင်းတယ်..ငါ …ကု ကိုယ့်ကိစ္စကိုယ်မနိုင်တဲ့ ကာလဖြစ်နေကာမှ နိုင်ငံရပ်ခြားမသွားရဲ …ာ့ပါဘူးကိုညို့ရာ..ဘုရားစုံအောင်ဖူးခဲ့ပေ့..”

“..............”

“အေး..ကိုယ့်နိုင်ငံမှာသာ ကိုယ့်ဘာသာက နေရာတကာမှာတခမ်း …ားမရှိတာ ဗုဒ္ဓဘာသာထွန်းကားတဲ့ တခြားနိုင်ငံတွေမှာတော့ ခမ်းနား …လည်းရှိ ဆန်းပြားတာလည်းရှိပဲ..အဟမ်း အဟွတ် အဟွတ်..”

“..............”

“ရတယ်..ဘာမှမဖြစ်ဘူး၊ ငါကဒီလိုပဲ..ဒါ မြေးချွေးမနဲ့မြေးကို ပြန်

www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်မပေးရသေးဘဲ ငါမသေပါဘူး.."

အခန်းထဲမှာပဲ စာကြည့်စားပွဲကြီးကို ရှင်းပေးနေသည့် သို့ကိုလှမ်း ကြည့်၍ ဦးကုဋ္ဌေက တမင်ကြားအောင်ပြော၏။ ပြီးတော့ ရယ်နေသဖြင့် ချောင်းတွေဆိုးလာပြန်ကာ.. ။

"ဘိုးဘိုး.."

"ရတယ်မြေး..မြေးရဲ့ဖေဖေကလည်း ဘုရားစုံအောင်ဖူးပြီး ပြန်လာ ရင် သာသနာ့ဘောင် ဝင်တော့မတဲ့.."

"ဟုတ်ကဲ့..သမီးကိုပြောပြထားပါတယ်.."

ဖုန်းမချဘဲ ဦးကုဋ္ဌေက သာခုခေါ်လိုက်သေးသည်။ ပြီးမှ ပြန်ပြော ဖို့ပြင်လျှင်.. ။

"ဘိုးဘိုးချောင်းတွေ တအားဆိုးလာရင် ရင်ကျပ်မယ်..တော်ပါတော့"

သိုက တောင်းပန်သလိုပြောကာ ဖုန်းကိုယူလိုက်ပြီး.. ။

"ဖေဖေ့ သမီးညကျမှပြန်ခေါ်မယ်လေနော်..ဘိုးဘိုးနေမကောင်းလို့ လေ၊ သမီးလည်း အလုပ်ရှုပ်နေတာနဲ့ ဒီနေ့မှလာကြည့်ရတာ.."

"....................."

"ဟုတ် ဖေဖေ..ဒါပဲနော်.."

သိုဖုန်းချလိုက်ပြီး ဒီဘက်တောင်မလှည့်ရသေးပေ။ မျက်လုံးထောင့် မှာ လဲပြိုသွားသည့် အရိပ်ကိုမြင်လိုက်ရကာ.. ။

"အမလေး ဘိုးဘိုး..ဘိုးဘိုးဘာဖြစ်တာလဲ၊ အေးမာရေ..အေးမာလာ ဦး.."

ဆရာဝန်ဆီ အရင်ဆုံးဖုန်းဆက်ပြီးမှ စံနစ်တို့သားအဖကိုခေါ်လျှင် ဖုန်းတွေက ခေါ်လို့မရ။ စံနစ်သည် လေဆိပ်အဆောက်အဦးထဲမှာ ဧည့် သည်တွေကို လိုက်ပို့ပြီး နှုတ်ဆက်နေခဲ့လျက် ဖုန်းက vibration ကို မသိလိုက်.. ။

"ဆရာစံ ခင်ဗျားတင်ဒါကိစ္စတွေ မစခင်တော့ လာခဲ့ဦးနော်..ကျွန် တော်တို့ချည်း ပစ်ထားဖို့မစဉ်းစားနဲ့.."

"လာပါ့မယ်..ဒီမှာလည်း အဘိုးကကျန်းမာရေးမကောင်းဘူးဖြစ်နေ လို့ပါ၊ သားကလည်း လူငယ်ဆိုတော့ လူမမာနဲ့ထားခဲ့လို့ မဖြစ်ဘူးလေ.."

လက်ဆွဲနှုတ်ဆက်ကြရင်း မိတ်ဆွေတွေကရယ်သည်။ ရင်းနှီးနေကြ တာမို့ ပြောစရာတွေလိုက်တာနှင့် ဘယ်သူကမှ အားနာနေဖို့ မတွေးကြ ဘဲ.. ။



"ဒါကြောင့် နောက်ကြောင်းအေးအောင် မိန်းမယူပါလို့ပြောတာပေါ့.. လူဘာတွေ စိတ်ကူးလွဲနေလဲမသိဘူး.."

"အေးလေဗျာ..ရုပ်ရှိရေလျှံ ခင်ဗျားမှာဘာလိုလို့လဲ.."

"မဟုတ်ဘူးကိုသန်းထိုက်..သူ့မှာအားလုံးလျှံနေလို့ကို မလိုဘူးဖြစ် နေတာဗျ.."

"လိုလာကာမှ ရှာမရဖြစ်နေမှာစိုးလို့ပါ..ခုနေဆို တကယ့်အလန်း လေးတွေနဲ့ အပီကဲရုံပဲ.."

သူတို့ပြောသမျှ စံနစ်ကရယ်နေပြီး ဘာမှမပြော.. ၊

"ကိုစံက သားနဲ့တောင် နင်လားငါလားရွေးရမယ့် စတိုင်လ်နော်.. အချိန်ထိနေလာတာ ဘာလဲ..အိုးဒ်လေဒီကြီးကို မမေ့တာလား.."

"အဟွန်း.."

"ဟော ဟော..ရယ်ပုံက.."

"သေချာပြီ..အရမ်းကို ဘဝင်ခွေ့သွားတဲ့အပြုံး ဒီအပြုံးက.."

"ဟား ဟား ဟား.."

ရယ်နေရင်း လည်ဂုတ်တစ်ချက်ပွတ်လိုက်တော့ မြင်နေရသည့်မျက် နှာစောင်းကို ဂီတစူးစိုက်ငေးနေမိ၏။ ရေညှိစိမ်းရောင်ရှပ်ကော်လံကို ပေါ်ကုတ်အင်္ကျီထဲမှာ တစ်ပို့တစ်ပိုင်းမြင်နေရသည်။ စံနစ်ဝတ်သမျှ ကုတ်အင်္ကျီတွေက အနက်တွေပဲများသလို သူများဝတ်တာတွေထက် အ ရင်ငယ်ပိုရှည်တာလည်း ထူးခြားချက်ဖြစ်၏။

ထို့ကြောင့် ကုတ်အင်္ကျီအနားစတို့ကို အနည်းငယ်သိမ်း၍ ဘောင်းဘီ အိတ်ထဲ လက်ထည့်လျှောက်လာတိုင်း ရင်ခုန်အောင်ညို့လေသည်။ စံနစ် ခြေလှမ်းတိုင်းနောက်ကို အညို့ခံရသူလို့ တကောက်ကောက်လိုက်နေ မိ.. ၊

"ဦး.."

ကားလော့ခ်ဖြုတ်လိုက်ရင်း ဘေးရောက်လာသူကို စံနစ်ကလှည့် ကြည့်သည်။

"ဦးမှာဧည့်သည်တွေပါသေးလားဟင်.."

"ဧည့်သည်လိုက်ပို့တာလေ..အခုပြန်မှာ.."

ဖြေရင်း သူမဘေးကိုကြည့်မိကာ.. ၊

"သမီးက တစ်ယောက်တည်းလား.."

"ဟုတ်..ဂီတသူငယ်ချင်းတစ်ယောက်ကို ပြည်တွင်းလေကြောင်းမှာ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပို့တာလေ၊ အဲ့ဒါ ဦးကားကိုလှမ်းမြင်လိုက်လို့ သူတို့နဲ့ခွဲထွက်လာ…
တာ..”

ဂီတက ရှင်းပြပြီး မပြည့်မစုံဖြစ်နေသည့် ကိုယ့်စကားကိုသတိရ…
လိုရယ်ကာ.. ၊

“ဒီလိုပါ..ဦးကိုဖျတ်ခနဲမြင်လိုက်တော့ အလင်းလား အန်တီလ…
တစ်ယောက်ယောက်နိုင်ငံခြားထွက်တာလားလို့ သိချင်တာနဲ့..”

“ဩော်..သူတို့သွားတာဆိုရင် ညည်းတို့ချင်းအရင်သိရမှာပေါ့..”

ပြောတာ အထာမကျလို့လား.. ၊

ဂီတဖျတ်ခနဲ မျက်လွှဲပစ်သည်။ စံနစ်ကတော့ ဂရုစိုက်နေပုံမရှိ…
တစ်ဖက်ကတံခါးကို ဆွဲဖွင့်ပေးကာ.. ၊

“ပြန်လိုက်ချင်တာမို့လား..တက်လေ..”

“ဟုတ်..”

ကားထဲဝင်ထိုင်လိုက်တာနှင့် ကားပိုင်ရှင်ရဲ့ကိုယ်သင်းနံ့က နှစ်သ…
ဖွယ် နှတ်ဆက်၏။ ဂီတရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ အသက်…
ရွယ်မတူဘဲ ဒီယောကျ်ားကိုမှ နာရီမခြားသတိရနေမိသည်။ သူငယ်ချ…
တွေနဲ့ ရုပ်ရှင်ဝင်ကြည့်တော့လည်း ဇာတ်လမ်းထဲကမင်းသားကိုမြ…
အိမ်မှာ ကြည့်ဖြစ်တဲ့ဇာတ်လမ်းတွဲတွေမှာလည်း မင်းသားက သူ့ပုံ…
နေသည်။

စားသောက်နေလည်း ရယ်နေတဲ့နှုတ်ခမ်းတစ်စုံကို ဖျောက်လို့မ…
ညဘက်အိပ်မပျော်နိုင်သည့်အခါမှာ အေးစက်စက်မွှေ့ရာကျယ်ကြီးက မ…
တီးဖွယ်ကောင်းသလောက် အိပ်ပျော်သွားချိန်မှာ နွေး၍မွှေးပျံ့သောရင်…
ထဲမှာ လွတ်ထွက်မသွားအောင် အတင်းအကျပ်ဖက်ထားရင်း ရင်ခုန်…
တွေက ချိုမြိန်နေကြ၏။

စံနစ်ဆိုသည့်ယောကျ်ားက ကိုယ့်သူငယ်ချင်းရဲ့အဖေ။ ကိုယ့်ထ…
အသက်ထက်ဝက်ပိုကြီးတာလား သုံးအချိုးတစ်ဖြစ်နေသလား လေးအ…
တစ်ဖြစ်သွားမလား.. ၊ သူမစွဲလမ်းနေရတာက စံနစ်ဆိုသည့်ယောက်…
သာဖြစ်ကာ ကျန်တာဘာမှမသိ.. ၊

ရည်းစားလည်းထားခဲ့ဖူးသည်။ ကိုယ်ကပြန်မကြိုက်ခဲ့ပေမယ့်လ…
ချောတာလှတာတွေ ကိုယ့်ဘေးမှာမရှားပေ။ အလင်းကို သူမတိတ်…
ချစ်ခဲ့ဖူးတာတောင် တကယ်တမ်းချစ်ပါရစေလို့ပြောလာတော့ သူမမ…
နိုင်။ ဒါဟာ စံနစ်ဆိုသည့်ယောကျ်ားကို တစ်ခါမြင်ဖူးရုံနဲ့ တစ်သက်…



…ရအောင် စွဲလမ်းခဲ့ခြင်းသာဖြစ်လျက်.. ၊

“ချာတိတ်..”

“ဟင်..ရှင်..”

ကားရပ်သွားခြင်းနှင့်အတူ ဖျတ်ခနဲသတိဝင်လာကာ မှန်ထဲကနေ…
…းနေမိသည့်အဖြစ်ကြောင့် လန့်ဖျန့်ထူးလိုက်မိလျက်.. ၊

“ဒါ..”

“ဒါကဦးကိစ္စရှိလို့ ဝင်ရမယ့်နေရာပဲ..မင်းဘယ်သွားမှာလဲ..”

“ဂီတ..”

“အင်း..ပြောလေ၊ သားကိုခေါ်လိုက်မလား..မဟုတ်ရင် ဒီကားပေါ်က…
…စောင့်မလား၊ ဦးဒရိုင်ဘာလှမ်းခေါ်လိုက်မယ်..”

ကြည့်လိုက်တော့ ကုန်သည်ကြီးများဟိုတယ်လ်(Sule Shangri-
La)ရှေ့မှာ.. ၊

“ဦးက ဒီမှာကြာမှာလား..”

“ပြောလို့တော့မရဘူး..ဒါပေမယ့် တစ်နာရီတော့ ကျော်သွားမှာပဲ..”

ပြောပြီးတာနဲ့ သူမရှေ့မှာပဲ ဖုန်းကောက်ခေါ်ကာ.. ၊

“အေး..မပြန်နဲ့တော့၊ ခေါင်းရင်းကြားထဲမှာ ဦးသက်အတွက်ထားတဲ့
Mark Xရှိတယ်..အဲ့ဒါမောင်းလာခဲ့..”

“..............”

“ကားသော့က အပေါ်ထပ်မှာ ငါ့အတွင်းရေးရှိတယ်..မေးကြည့်၊ သူ
…မထားရင် ဦးသက်ဆီမှာပဲ ဝင်ယူလိုက်တော့..”

စံနစ်ရဲ့ညွှန်ကြားချက်တို့ကို ဂီတကမျက်နှာကြည့်ငေးရင်း နား…
…ာင်နေခဲ့၏။ ဘာလုပ်မှာလဲလို့မေးပြီး ဘာလို့ရွေးချယ်ခွင့်မပေးတာ…
…။ ဦးဆောင်ညွှန်ကြားတတ်တဲ့ယောကျ်ားတွေရဲ့ စိတ်ဓာတ်က ဒီတိုင်း…
…လား.. ၊

ဂီတ သဘောကျနှစ်သက်ခြင်းကို မဖုံးနိုင်ဘဲ နှုတ်ခမ်းလေးတွေ…
…ာင်သမ်းလျက်.. ၊

“ဦးကလည်း ဂီတကိုအိမ်အရောက် လိုက်ပို့မလို့နဲ့..”

သူမစကားကြောင့် စံနစ်ကလှည့်ကြည့်သည်။ ပြီးတော့ ကုရှင်နဲ့
…နောက်ကြားမှာ ထည့်ထားသည့်အိတ်ကို ကိုယ်…စ်ခြမ်းစောင်း၍
…တ်ယူလိုက်ရင်း.. ၊

“ဦးကအဲ့လောက်အချိန်မရဘူးကွ..ကား…ရင် ဒရိုင်ဘာကိုပို့ခိုင်း

www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၊ မင်းဘယ်သွားမှာလဲပြောလိုက်.."

"မက်ခ်အိတ်စ်ဆိုတော့ ဂီတကြိုက်တဲ့ကားမျိုးပဲ..အဲ့ကားကို ဂီတ
နာရီလောက် ခေါ်ထားလို့ရလားဟင်.."

တံခါးဖွင့်လိုက်ပြီးမှ စံနစ်ကပြန်ငဲ့ကြည့်သည်။ သို့သော် မျက်လုံ
ချင်းမဆုံခင် ပြန်လှည့်သွားပြီး အောက်ဆင်း၏။ ပြီးမှ ငုံ့ကြည့်၍.. ၊

"ဒရိုင်ဘာမှာ အဲ့ကားသုံးဖို့ အချိန်ဇယားရှိတယ်..မင်းသူ့ကိုမေး
ရတယ်ဆို ခေါ်သွားလို့ရတယ်.."

"ဦး..ဦး.."

တံခါးပိတ်လိုက်မှာစိုးကာ ဂီတဟိုဘက်ဆိုဖာပေါ်ထိ အလျားထို
တတ် ကိုယ်လေးကိုင်း၍ လက်ထောက်ရင်း... ၊

"ဦးတစ်နာရီလောက် ကြာမှာဆို ဒီကားကိုဂီတယူသွားပြီး.."

"အဲ့လိုမရဘူးသမီး..ဆောရီး.."

ဆောရီးလုပ်သွားသည့်မျက်နှာမှာ အပြုံးအရယ်မဲ့နေသည်။ တံခါး
ပိတ်လိုက်သံက ဖြစ်လာသည့် အသံထက်ပို၍ ကျယ်လောင်သလိုရှိက

"ဂျိမ်း.."

ဂီတနှုတ်ခမ်းလေး မဲ့ကျသွားကာ သူထိုင်ခဲ့သည့်ဆိုဖာကို လက်
ဝါးနုနုနှင့် တယုတယဖိပွတ်နေရင်း.. ၊

သိလား..ဦးကို အရမ်းချစ်တယ်.. ၊

♥♥♥

အခန်း(၃၀)

"ဘာလဲ..ပြင်တတ်လို့လား.."

သုသန္တာတို့ကားစက်ဖုံးဖွင့်ထားတာ မြင်လိုက်သဖြင့် ဆင်းသွားတုန်း
တော့ စေတနာအပြည့်နဲ့ပါ။ အနားရောက်တော့ ဘာလုပ်ရမှန်းမသိ
ဘူပေ။ ထို့ကြောင့် ငုံ့ကြည့်ပြီး မချိုမချဉ်ပြန်မော့လာလျှင်.. ၊

"ကဲပါ..လက်စွမ်းပြမယ်ဆိုလည်း မြန်မြန်လုပ်ပါ၊ ဒီမှာ ရှိုးပွဲမမီရင်
သနာတက်မှာ.."

သုသန္တာက ဇာတစ်ခြမ်းဆွဲသားတစ်ခြမ်းနှင့် Evening dress
ညိုရောင်ကိုဝတ်ထားသည်။ ဆံပင်ကိုအကျိုမှာဇာပါသည့် ဘယ်ဘက်
မ်းတစ်ခြမ်းလုံး အပြောင်သိမ်းတင်ထားကာ ညာဘက်ကနေပါးရိုးလေး
ထိကပ်ပြီး ရင်ဘက်ပေါ်မှာ အခွေလိုက်ပြန်ချ၏။

မျက်ခွံထောင့်စပ်မှာ ရှားမည်းရောင်ရင့်ရင့်နှင့် နှုတ်ခမ်းနီကလည်း
ရောင်တူ စိုအိနေ၏။ သူမရဲ့အလှအပတွေမှာ အလင်းခလုတ်တိုက်မ
တ်ဖြစ်နေသဖြင့် နောက်ကနေခါးကိုဆိတ်ကာ.. ၊

"သိလည်းမသိဘဲနဲ့ ပြေးဝင်သွားတာ သေနာ.."

အလင်းတွန့်ခနဲဖြစ်သွားပေမယ့် အပြုံးမပျက်ရှိစဉ် မျက်လုံးကလမ်း
ါက ကားတစ်စီးဆီရောက်သွားခဲ့၏။

ဖေဖေ.. ၊ ဟုတ်သည်။ ခုနကမှ သူဘယ်မှာလဲလို့ ဖေဖေမေးထား
။ ကားမယူဘဲ သူငယ်ချင်းတွေနဲ့ ထွက်ခဲ့မိသည့်အခါတိုင်း ဘယ်
ဖုန်းဆက်မေးပြီး ဖေဖေကကားလွှတ်ကြိုခိုင်းတာများသည်။ စံနစ်ကို
လိုက်သဖြင့် ဝမ်းသာသွားခြင်းသည် တစ်စုံတစ်ခုကိုသတိရလိုက်ပြီး
နာကွက်ခနဲပျက်လျက်.. ၊

"ဖေဖေ့ကားဟိုမှာ..ခဏနော်.."

www.burmeseclassic.com

www.burmeseclassic.com



သူအားလုံးရှေ့ကနေ ဟန်မပျက်ထွက်လာခဲ့ပြီး စံနစ်ရဲ့ကား
လည်း သူ့ရှေ့မှာရပ်သွားလျှင်.. ।

"အလင်းသို.."

"နောက်မှသိုပါ ဖေဖေရာ..အခုအဲ့ပါဂျရို အကောင်းကြီးကနေ
ရပ်သွားတာတဲ့.."

ကားပေါ်ကနေ ရှေ့နောက်အတိုင်းလိုက်ရပ်ထားသည့် ကားနှစ်စီး
စံနစ်ကလှမ်းကြည့်၏။

"ကားကအလန်းကြီးတော့မဟုတ်ဘူး..ဂျီဂျောင်ဖြစ်တတ်တဲ့ပုံ

"ဘာဖြစ်လို့လဲ.."

"ဒီတိုင်းထိုးရပ်သွားတာတဲ့..ဖေဖေတစ်ချက်လောက် ဆင်းကြည့်
စမ်းပါ.."

"ဝပ်ခ်ရှော့ခေါ်ပေးလိုက် အလင်းသို..ငါမင်းကို ဂရုစိုက်ချင်လွန်း
လာကြိုတာမဟုတ်ဘူး၊ မင့်ဘိုးဘိုး.."

"သိပါတယ်ဖေဖေရာ.."

အလင်းမျက်နှာ ရှုံ့မဲ့နေကာ ချထားသည့်မှန်ကြားထဲကနေ စံနစ်
လက်ကို လှမ်းကိုင်လှုပ်ကာ.. ।

"လာပါ..ဘိုးဘိုးကြီးဆီ သားသွားမှာပါ၊ အခုတစ်ချက်လောက်
ဆင်းကြည့်ပေး..ပြီးတော့ ဖေဖေဘာမှမပြောနဲ့၊ ဖေဖေ့သားကဆရာ
လုပ်မှာ.."

စပ်ဖြဲဖြဲနဲ့သားမျက်နှာကို အရင်လိုအချိန်သာဆို နဖူးကိုလက်ဖြန့်
ပစ်မိမလားမသိ။ ခုချိန်မှာတော့ ရင်ထဲမှာသာသောကတစ်ပိုင်းနှင့် ရှိနေ

"ပြောတာကိုသေချာနားမထောင်ဘဲနဲ့ကွာ..မင့်ဘိုးဘိုးဆေးရုံ
လိုက်ရတယ်.."

"ဟင်.."

"အန်ကယ်လ်လေး.."

သားအဖညှိနှိုင်းလို့မရသေးခင် သုသန္တာနဲ့မိန်းကလေးတစ်ယော
အလင်းရဲ့ဘေးကို ရောက်လာသည်။ ပြီးတော့ စံနစ်ကသတိမရပေမ
သူမနဲ့လည်း တရင်းတနှီးမပြောဆိုခဲ့ဘူးဘဲ.. ।

"သူတို့တွေက အန်ကယ်လ်လေးလို့ ခေါ်သံကြားလို့ပါ.."

သုသန္တာက ထပ်ရှင်းပြလိုက်ပြီး ချစ်စဖွယ်လေးပြုံးပြကာ.. ।

"ကားခဏလေး ဆင်းကြည့်ပေးပါနော်..အလင်းတို့လည်း မ



တတ်ဘူးထင်တယ်၊ သုတို့သွားစရာ အရမ်းအရေးကြီးလို့ပါ.."

စံနစ် သူမကိုတရင်းတနှီး မြင်ဖူးနေသည်။ ဒါပေမယ့် စဉ်းစားလို့
ရမ။ ဒါပေမယ့်လည်း မိန်းကလေးတွေချည်း ကျန်ခဲ့မှာသိရက်နဲ့ ဒီတိုင်း
ထွက်သွားလို့လည်း မသင့်တော်သည်မို့.. ।

"ဦးလည်း သိပ်မကြည့်တတ်ဘူးကွ.."

ပြောရင်း ကားပေါ်ကဆင်းလာခဲ့ရ၏။ အလင်းသိုကတော့ မျက်နှာ
လေး ငယ်ကျန်ခဲ့လျက် တစ်ချက်တစ်ချက်မဲ့ရွဲ့သွားတတ်သေးသည်။ 'အ
လင်းတို့လည်း မကြည့်တတ်ဘူးထင်တယ်'လို့ သူမကသတ်မှတ်လိုက်ပြီ
မို့ ပါးရိုးလုပ်ဖို့လည်း မကြိုးစားချင်တော့ဘဲ.. ।

"အလင်း.."

"ဘာလဲ.."

"မင်းမြင်လား.."

"ဘာလဲ.."

စက်ဝိုင်းက သူ့ကိုလက်ကုတ်၍ နောက်နားထိခေါ်လာကာ.. ।

"သုသန္တာရဲ့မျက်လုံးတွေက အန်ကယ်လ်လေးကို ဟိုလိုဒီလို.."

"ကျွတ်.."

"အဲ့ဒါကိုမင်းမြင်လားလို့.."

"မမြင်ဘူးထင်တာပဲ.."

အလင်းက ခေါင်းကုတ်၍ စက်ဝိုင်းကိုင်ထားသည့် လက်ကိုဖယ်ချ
ပစ်၏။ ဖေဖေနဲ့သူ ရည်းစားလုဘက်တွေသာဖြစ်ကြကြေးဆို သူဘယ်လို
မှနိုင်ပွဲရှိမှာ မဟုတ်.. ।

"ဘိုးဘိုးကြီးဆေးရုံတင်ထားရတယ်တဲ့..ငါဖေဖေနဲ့ပြန်လိုက်သွား
တော့မယ်.."

"ဟုတ်လား..အန်ကယ်လေး ကားပြင်ပေးနေရတာ အားနာစရာကြီး"

ပြောပြီးတော့ သူတို့မျက်လုံးတွေက ကားစက်နှိုးပြီးစမ်းနေသည့်
စံနစ်ထံ ရောက်သွားကြပြန်သည်။ ထိုအခါ စံနစ်မျက်နှာကိုမော့ငေးကြည့်
စံနစ်လှုပ်ရှားသွားလာသမျှ ဘေးကပူးတွဲပါနေသော သုသန္တာဆီ သတိ
ထားမိကြပြန်လျက်.. ।

"အန်ကယ်လ်လေးက တော်တော်ဆုတောင်းကောင်းတာပဲနော်..မင်း
တို့သားအဖကိုတော့ ရေလည်အားကျတယ်..တကယ်.."

"ဘာအားကျစရာရှိလို့လဲ.."

www.burmeseclassic.com

www.burmeseclassic.com



"မင်းလည်းချောတာပဲလေ..လူကြီးနဲ့လူငယ် ကွာခြားပေမယ့် နှ တာက သပ်သပ်၊ ရင့်ရော်တာက တခြားကွ..အန်ကယ်လ်လေးကျတော့ ရင့်ကျက်ပြီး ဆွဲဆောင်မှုရှိတာ၊ ငါပြောချင်တာက မင်းလည်းအန်ကယ် လေးလို အသက်ပိုကြီးလာရင်.."

"မင်းပြောတာနဲ့ပဲ လူငယ်တွေက သုံးစားမရတော့ဘူးလား.."

"အန်ကယ်လ်လေးလို အဖေရှိရင်လေ..လောလောဆယ် မင်း.."

"တော်ပါတော့..နှစ်လုံးလောက်ပစ်ကျွေးမိတော့မယ်.."

လက်သီးရွယ်တော့ စက်ဝိုင်းကရယ်ကာ.. ၊

"ဘာလဲ..တင်းနေတာလား ကိုယ့်အဖေကို.."

"ဖေဖေ့ကိုမဟုတ်ဘူး..မင်းမျက်နှာကြီးကို.."

"ဟား ဟား ဟား.."

တော်တော်ထူးဆန်းတဲ့ သားအဖလို့ပြောရလောက်အောင် သာ အဖေဘာယ်တုန်းကမှ ဒီလိုပြဿနာမျိုးမရှိခဲ့ဘူးတာ သူတို့သိနေကြသ ဒါကိုပြောဖြစ်တိုင်း ရယ်မောခြင်းဖြင့်သာ.. ၊

♥♥♥

## အခန်း(၃၁)

"အသက်အန္တရာယ်တော့ စိုးရိမ်စရာ မရှိတော့ဘူး..ဒါပေမယ့် ခြေ က်တွေလေဖျန်းသွားတာကို အချိန်ယူပြီးကုသဖို့ လိုတယ်.."

ဆရာဝန်စကားကြောင့် အားလုံးမျက်နှာမကောင်းဖြစ်သွားကြသည်။ နှာကို အိမ်ခေါ်သွားလို့ရပြီမို့ ဝမ်းသာပေမယ့် လက်တွေကကိုင်သမျှ မြဲ။ ခြေထောက်တွေက ခိုင်ခိုင်မရပ်နိုင်ဖြစ်သွားခဲ့သောကြောင့်.. ၊

"မက်ဒီကယ်လ်ချက်ကက်ကို ကြည့်တော့ ဘာရောဂါမှကြီးကြီးမား မရှိဘူး..ကိုယ်ခန္ဓာတစ်ခုလုံးရဲ့ အစိတ်အပိုင်းတွေကတစ်ခုနဲ့တစ်ခု က်ပွဲချိတ်ဆက်နေကြတာလေ၊ ချို့ယွင်းချက်အနည်းငယ်စီရှိနေတဲ့ ကျာက်ကပ် အစာအိမ်အားလုံးနဲ့လည်း ဆိုင်တယ်..အဓိကက ဝိုင်းဝန်း စိုက်ပေးဖို့ပါပဲ.."

"ဟုတ်ကဲ့ပါ..ဘိုးဘိုးကလည်း စိတ်ဓာတ်ခိုင်မာတဲ့သူပါ၊ ကျွန်မစိုး တာက သူစကားမပီတာကြီးက အမြဲတမ်းဖြစ်သွားနိုင်လားဆိုတာ.."

"အာလေးလျှာလေးဖြစ်သွားတာပါ..မပီသတဲ့အထိ မဖြစ်သေးပါဘူး၊ ါကသူ့စိတ်ဖိစီးမှုနဲ့ သက်ဆိုင်တယ်ဒေါ်သို..ဒီအသက်အရွယ်ရှိလာ ရင် လူကြီးတွေက ကလေးပြန်ဖြစ်သွားတတ်တယ်ဆိုတာလည်း ဒေါ် တို့ကြားဖူးမှာပါ..အားလုံးရဲ့နားလည်သိတတ်မှုတွေနဲ့ ဂရုစိုက်ပြု အရေးကြီးဆုံးပါ.."

ဦးကုဋ္ဌေသတိရလာတော့ စကားပြောသည်။ သို့သော် အာလေးလျှာ သံကြီးနှင့် သူပြောတာကို သူပြန်ကြားလိုက်တည်း နောက်ထပ် ပြောတော့ပေ။

"ဘိုးဘိုးကြီး စိတ်မကောင်းမဖြစ်နဲ့နော်..သိပ်မကြာဘူး ဘိုးဘိုးကြီး ကောင်းလာမှာ.."

www.burmeseclassic.com

www.burmeseclassic.com



အလင်းက ဘိုးအေလက်ကိုဆုပ်ကိုင်ပြီး ပေါ့ပေါ့ပါးပါးရယ်မောပြေ ၍.. ၊

"ဘိုးဘိုးကြီးပဲ ငါအသက်ကြီးပြီ..သေမယ်ဆိုသေပျော်ပြီဘာညာ ဘာဖြစ်လို့ စကားမပြောနိုင်တာလေးကို ခံစားနေတာလဲ..လုံးဝအသံ ထွက်တာလည်း မဟုတ်ဘဲနဲ့၊ စိတ်မပျော့ပါနဲ့ ဘိုးဘိုးကြီးရာ.."

မဖွယ်မရာတွေပြောနေသည် ထင်ရပေမယ့် ဘိုးအေအပေါ်မှာထ သည့် ချစ်ခင်နွေးထွေးမှုက ပေါ်လွင်နေကာ.. ၊

"သူများတွေဆို ဒီအသက်ထိနေနိုင်ကြလို့လား..ငါမနေ့က မသေ ဘူးဆိုပြီး ကိုယ့်ကိုယ်ကို ဂုဏ်ယူရမှာကို..ဘိုးဘိုးကြီးအဲ့ဒါခက်တာပဲ..

ဘေးမှာ ရှိနေသည့် စံနစ်ကပြုံးသည်။ သိုကတော့ သားလေးပြော တာကို ဘိုးဘိုးစိတ်ဆိုးသွားမလား စိုးရိမ်နေမိ၏။ ဆရာဝန်ကြီးတွေ တော့ သဘောကျစွာရယ်ရင်း ပြန်ထွက်သွားကြ၏။

"အိမ်ပြန်မယ်ဘိုးဘိုးကြီး..သားနဲ့စကားမပြောဘဲ အဲ့လိုစိတ်ကော နေရင် အိမ်ရောက်ရင် ဘိုးဘိုးကြီးဝှက်ထားတဲ့ စာအုပ်ကြီး သားယူဖက်မှ ..အဲ့ကြားထဲမှာ ညှပ်ထားတဲ့.."

"အာ..ဒီကလေး.."

မှိတ်ထားသည့် မျက်လုံးတွေဖွင့်လာကာ အသံလေးကြီးနှင့်အေ လိုက်သဖြင့် အနားမှာရှိတဲ့လူတွေ ရယ်ကုန်ကြ၏။ ပြီးတော့ ဦးကုဋ္ဋေမျ နှာကြီးလည်း ပြုံးလာကာ.. ၊

"သေတော့မယ်..မင်းတော့.."

"သေပေ့စေ..ဘိုးဘိုးကြီ အဲလိုကြိမ်းမောင်းနိုင်ဖို့ပဲလိုတာ.."

ဦးကုဋ္ဋေက ပြုံးနေကာ လူနာခုတင်ရဲ့ တစ်ဖက်စီမှာရပ်နေသ သိုနဲ့စံနစ်ကို ကြည့်သည်။ ထို့ကြောင့် သူတို့ချင်းမျက်လုံးချင်းဆုံသွား ၏။ ပြီးတော့ တစ်ခုခုပြောမလာခင် သိုက ပစ္စည်းတွေသိမ်းဖို့ အကြော ရှာပြီး တစ်ဖက်လှည့်သွားသည်။ သို့သော် အေးမာလည်းမရှိသောကြေ အပြင်ကို ထွက်လိုက်လာခဲ့လျက်.. ၊

"အေးမာ.."

"ရှင်..လာပြီမမ..."

အေးမာက ရေသန့်ဘူးနှစ်ဘူးနှင့် မုန့်ထုပ်တစ်ထုပ်ဆွဲပြီး အပြေ ပိုင်း လျှောက်လာကာ.. ၊

"ဒီနေ့ဆင်းဖြစ်တယ်တဲ့လားမမ.."



"အေး..ခုပဲဆင်းတော့မှာ.."

ပြောရင်းနဲ့ အခက်အခဲတွေရှိနေတာကို စဉ်းစားနေမိသည်။ ဘိုးဘိုး က တစ်နေရာ သားတို့ကတစ်နေရာ။ ဒီကြားထဲ ဘိုးဘိုးက ဆေးရုံကဆင်း ရပေမယ့် အရင်ထက်ပိုပြီး ဂရုစိုက်ပြုစုရမည့် လူမမာဖြစ်နေသည်။ အေး မာတစ်ယောက်တည်းနဲ့ ဘယ်လိုမှအဆင်မပြေနိုင်ပေ.. ၊

"ဘိုးဘိုးဆီမှာ အရင်ဘုန်းက အလုပ်လုပ်တဲ့ ဒိုးဆိုတဲ့ကောင်လေး နင်သိလား.."

"ဟင်.."

အေးမာ အမှတ်တမဲ့မို့ သိုဘာလို့မေးလိုက်မှန်းမသိ။ ပြီးမှတွေးမိ ကာ.. ၊

"သိတာပေါ့..ကျွန်မဒီရောက်ပြီးမှ ဘိုးဘိုးခေါ်ခိုင်းထားတဲ့ကောင် လေးပဲ၊ အဲ့ကောင်လေးကိုလည်းသိတယ်..စိုးစိုးဆိုတဲ့ အမျိုးသမီးကိုလည်း သိတာပဲ.."

ပြောနေရင်း သိုထပ်မေးစရာတောင် မလို.. ၊

"ငဒိုးက ဘိုးဘိုးကြီးစာကြည့်ခန်းထဲက ရွှေလိပ်လေးခိုးလို့ နှင်ထုတ် လိုက်တယ်..စိုးစိုးကတော့ ကျွန်မကိုကူဖို့ဆိုပြီး အစ်ကိုလေးက ခေါ်ထား လိုက်တာလေ၊ အဲ့ဒါကလေးကို မဟုတ်ကဟုတ်ကတွေပြောပြီး စပ်စုနေ လို့ အစ်ကိုလေးကအလုပ်ထုတ်လိုက်တယ်..အဲ့ဒါကြောင့် နောက်ထပ်ဘယ် သူမှ မခေါ်တော့တာလေ.."

အေးမာက ပြောနေရင်းရယ်ကာ.. ၊

"အဲ့ဒါနဲ့ပဲ ကျွန်မပိုပင်ပန်းသွားတာပေါ့မမရယ်..အဟီး.."

သိုကလည်း ကျေးဇူးတင်သည့်အပြုံးနှင့် လက်ကိုဆုပ်ကိုင်လိုက်ကာ၊

"မိသားစုဆိုတာ ဒီလိုပေါ့အေးမာရယ်..ငါကလည်း သားလေးကို နင်ပါသွားလို့ စိတ်ချလိုက်တာပဲ၊ နင့်ကိုအဲ့လောက်ထိ ယုံကြည်တာ နည်း သမာဓိလားလို့.."

"ဟုတ်ကဲ့ပါ..အဟမ်း အဟမ်း.."

နှစ်ယောက်သားရယ်မိကြရင်း အရေးကြီးတာကို သတိရသွားသည်။

"အခု ငါလူထပ်ရှာမှဖြစ်မယ်.."

"ဘာအတွက်လဲမမ.."

"နင်က သားကိုငယ်ငယ်တည်းက ထိန်းလာခဲ့တာလေ..သားကို လည်း တခြားသူနဲ့ စိတ်မချပါဘူး၊ ငယ်ရွယ်သူကျတော့လည်း မကောင်း

www.burmeseclassic.com

www.burmeseclassic.com



အသက်ကြီးတဲ့သူတိုင်းလည်း သမာသမတ်ရှိကြတာမဟုတ်ဘူး..
ကြောင့် နင်ဟိုမှာပဲနေလို့ရအောင် ဘိုးဘိုးအတွက်.."

"အဘိုးကိုတော့ ဘယ်သူနဲ့ဖြစ်ဖြစ် ထားလို့ရတယ်ပေါ့.."

စံနစ်က လူမရောက်ခင်တည်းက စစ်ချီသံနှင့်ဖြစ်နေခဲ့လျက် သို့
ကိုရောက်လာသည်နှင့် တင်းနေသောမျက်နှာက လူကိုကြည့်တာ
မတတ်.. ။

"အဘိုးအတွက် ဘာလိုအပ်တယ်ဆိုတာ ငါပဲစီစဉ်မယ်.."

ပြောပြီး ပင့်သက်ရှိုက်လိုက်ရင်း.. ။

"ဖင်မနိုင်ခေါင်းမနိုင် ဖြစ်လာတဲ့ သက်ကြီးရွယ်အိုဆိုတာ မြေး
အရင်းအချာတွေတောင် စိတ်ရှည်တာမဟုတ်ဘူး..အဘိုးအတွက်
ရှယ်နာစ်တွေ ငှားဖို့လည်းမစဉ်းစားဘူး၊ တော်လေးဝလို မိန်းမမြတ်
သေးတယ်ဆိုရင်တောင် နိုးပဲ.."

သူ့သဘောတွေ သူပြောနေတာ ကိုယ်နဲ့ဆိုင်လို့လား.. ။

သိုကဆက်နားမထောင်တော့ဘဲ ရှေ့ကထွက်လာခဲ့လျှင် စံနစ်
ဖျတ်ခနဲဖမ်းဆွဲလိုက်ကာ.. ။

"မင်းကိုခေါ်ချင်တယ်..ဘယ်လောက်ပေးရမလဲ.."

"ဘာ.."

သိုဒေါသချောင်းချောင်း ထွက်လေသည်။ အေးမာကတော့
ထွက်သွားပါပြီ။ ထိုစဉ် စားသောက်ပွဲတွေကို ဗန်းကြီးနဲ့ပြင်ဆင်လာ
နှစ်ယောက်က 'ခဏ ခဏလေးဘေးကိုပါ..'လို့ပြောရင်း ရပ်စောင့်
မလွယ်ကူခြင်းကို အချက်ပေးလာ၏။

သူ့ကိုဒေါသထွက်နေသည့်သိုက ရှောင်ပေးဖို့ကိုသတိမရဘဲရှိ
စံနစ်က သို့ပခုံးလေးကို ဆွဲဖက်လိုက်ပြီး နောက်ဆုတ်ပေးလိုက်၏။
ခြေထောက်နဲ့ခလုတ်တိုက်မိတော့ ခြေဖော့လိုက်သဖြင့် သိုခလုတ်တို
လေသည်။

ထို့ကြောင့် သူ့ရင်ခွင်ထဲပြုတ်ကျသလိုဖြစ်ကာ စံနစ်ရဲ့ခါးကို သိ
ကျုံးဖက်ထားလိုက်မိ၏။ နှစ်ယောက်သားနောက်ကန့်ရုံမှာ ထပ်လျ
သားကျသွားခဲ့ပြီး တစ်ယောက်ကိုတစ်ယောက် ဖက်ထားပုံသည် လွ
ထွက်သွားမှာစိုးသည့်အတိုင်း.. ။

သူ့ကိုယ်ကရေမွှေးနံ့သည်လည်း အရင်တုန်းကအတိုင်းပဲရှိကာ
ဖက်ပစ်လိုက်တာလည်း သူ့စိတ်ကြိုက် သူ့သဘောအတိုင်း ဘာမှမပြော



။ ဒါပေမယ့် သူမဘာတွေထူးဆန်းနေပါသနည်း.. ။ ရုတ်တရက်
ထိတ်လန့်သွားခြင်းနှင့်အတူ တစ်ကိုယ်လုံးပူထူ ရှိန်းဖိန်းနေခဲ့လျက်၊

"ရှင့်.."

မျက်လုံးခြင်းငေးကြောင်ကြည့်နေမိသည့်အဖြစ်ကနေ ကမန်းက
၊ လွှဲပစ်မိကာ သူ့လက်တွေကိုပါ တွန်းဖယ်ပုတ်ခတ်ချမိလျက်.. ။

"နေဦးလေ.."

ပူထူနေသည့်ရှက်စိတ်နှင့် သူဘာပြောခဲ့တာလဲသတိမရ ဒေါသထွက်
လည်းမေ့ကာ စံနစ်ကပြန်ဆွဲထားလိုက်ကာမှ.. ။

"မင်းကိုငါမေးနေတာ.."

"ဘာလဲ..ဘာမေးတာလဲ၊ ရှင်နော်စံနစ်..စကားပြောတာမိုက်မရိုင်းနဲ့"

စံနစ်က ရယ်မြူးရိပ်သမ်းနေသည့် မျက်ဝန်းတို့ဖြင့် စူးစိုက်ကြည့်
.. ။

"အဲ့လိုမမေးရင် ဘယ်လိုမေးရမလဲ..ဘိုးဘိုးအတွက်အဆင်ပြေမယ့်
မင်းပဲရှိတာ၊ မင်းလည်း မင်းရဲ့လုပ်ငန်း ဆပ်ပြာခွက်လောက်လေး
ရောင်းထုတ် လုပ်ကိုင်စားသောက်နေရတာဆိုတော့.."

ကြည့်စမ်း.. ။

"ပြောကြည့်လေ..လက်ရှိပါးချိနားချိကျန်တဲ့ မင်းရဲ့ရေမွှေးဆိုင်လေး
တစ်နေ့ဘယ်လောက်ဝင်သလဲ၊ မင်းကအဘိုးလိုလားနေတဲ့သူဆိုတော့
လည်း ပစ်စလက်ခတ်ပေးနိုင်ပါတယ်..ဘယ်နှစ်သိန်းဖြစ်ဖြစ် ပြော
ည့်လိုက်.."

သိုဒေါသထွက်လာကာ စံနစ်ရဲ့မျက်နှာအောက်ထိ တိုးရပ်လိုက်ပြီး
ချာစိုက်ကြည့်၍.. ။

"ရှင်အဲ့လိုတွေ ပစ်ခတ်သုံးချင်လို့ ငွေတွေရှာနေတာလား.."

"ဒါပေါ့..မာနတွေ ရင်ခေါင်းထိနေတဲ့ မိန်းမတွေကို ငယ်ထိပ်ကနေ
ထုပ်နဲ့ ဖိသိပ်ချဖို့.."

"ဒါဆိုလည်း မှတ်ထားဦး..မာနကိုငွေနဲ့ဖိချလို့ မရဘူး.."

"ဟုတ်လား.."

သိုက ချာခနဲလှည့်ထွက်သွားလျှင် စံနစ်ကမြန်သည်။ သို့လက်
ကဝတ်လေးကို ဖမ်းဆွဲထားလိုက်ကာ.. ။

"ဘာနဲ့ဖိလို့ရလဲ..တစ်ခါတည်း မှတ်ထားလို့ရအောင် ပြောသွားလေ"

"ရှင် အဲ့မှာသေလိုက်.."

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှစိတ်ထိန်းလို့မရတော့ဘဲ သိုသူ့ရင်ဘက်ကို အားရှိပါ
ဆောင့်တွန်းပစ်လိုက်သည်။ ယိုင်နဲ့ကျန်ခဲ့ပေမယ့် စံနစ်ကပြုံးနေမှာ
သိသည်။ သဘောကျနှစ်ခြိုက်စွာတော့ မဟုတ်ပေ။ တစ်ဖက်သားကို
နိုင်ပိုင်းပြောလိုက်တိုင်း မေးဖျားခပ်လှုပ်လှုပ်နှင့် ပြုံးတတ်သောခနဲ့ပြုံး

"မမ..မမကိုဘာဘကြီးခေါ်နေတယ်.."

ဟင်.. ၊

ဒေါသစိတ်တွေ နေရာမှာတင် ဖြုတ်ခနဲပျောက်ကွယ်ကုန်လျက်
အပြေးတပိုင်းလိုက်သွားမိသည်။ အနားရောက်သွားတော့ ဦးကုဋ္ဋေသ
အာလေးလျှာလေးသံကြီးကို ပီသအောင်ကြိုးစား၍.. ၊

"မြေး ဘိုးဘိုးနဲ့လာနေပါ.." ဟု ပြောလေသည်။ သားကိုလှည့်ကြ
မိတော့ အလင်းက မျက်လွှာချလျက်.. ၊

"သားလည်း ဘိုးဘိုးကြီးနဲ့လာနေမှာ.."

"ဟင်..သားလေးလာနေမယ်.."

သို့မျက်နှာလေး ဝင်းထိန်သွားလေသည်။ ပျော်လိုက်သည့်ဖြစ်ခြင်း

♥♥♥

အခန်း(၃၂)

"ပျော်နေတယ်ပေါ့.."

"ပျော်တာပေါ့စောသဲရယ်..အဲ့ဒီလူအရမ်းကြောတာကို ဂရုမစိုက်နိုင်
လောက်အောင် ငါအရမ်းကိုပျော်သွားတာ၊ ဘိုးဘိုးကလည်းခေါ်တယ်..
သားလေးကလည်း လာနေမယ်ဆိုတာ ငါနှစ်ပေါင်းများစွာ တမ်းတခဲ့ရ
တဲ့ အိပ်မက်ပဲ.."

ပြောရမယ်ဆို ဘိုးဘိုးကကယ်တင်လိုက်ခြင်းပဲဖြစ်သည်။ ကိုယ်က
နေပါရစေလို့လည်း မပြောချင်။ ပြောလိုက်ရင်တောင် သားလေးကသူ့အ
ဖေဆီမှာမို့ ရင်မောနေရမည်သာ။ ခုတော့ ဘိုးဘိုးကိုလည်း နေ့ညမပြတ်
ပြုစုနိုင်မည်။ သားလေးနဲ့အတူနေပြီး သားရဲ့ဝေယျာဝစ္စလေးတွေကိုလည်း
လုပ်ပေးရတော့မည်။

သူမဘဝမှာ သားလေးကို ဟိုအရင်တုန်းကလို ပွေ့ပိုက်ယုယခွင့်
ပြန်ရမယ်ဆို နောက်ထပ်ဘာမှမလိုတော့ပေါ.. ၊

"သို့ကို စောအဲ့လိုမထင်ခဲ့ဘူးသိလား.."

"ဟင်..ဘာပြောတာလဲ.."

စောသဲက စားသောက်ပြီးသည့်ပန်းကန်ကို ဘေးရွှေ့ထားလိုက်ပြီး
စားပွဲပေါ်လက်တင်၍ သို့ကိုပြုံးကြည့်ကာ.. ၊

"သိုက အရမ်းသွေးအေးတာလေ..ပြီးတော့ တည်ငြိမ်တယ်..ကိုယ့်
ရင်သွေးနဲ့ခွဲနေရတဲ့ ပုံစံမပေါက်ဘူး၊ ဒါပေမယ့် ဂီတကိုမွေးတုန်းကမွေးကြ
တုန်းက သိုအရမ်းချစ်တာကို ပြန်တွေးကြည့်တော့ အတွေးတာလည်း ပြော
တယ်..သူ့သားအရွယ်လေးမို့ ချစ်နေတာတဲ့.."

သိုက ယုံယုံလေးပြုံးကာ.. ၊

"ဂီတကိုလည်း ချစ်ပါတယ်.."

www.burmeseclassic.com

www.burmeseclassic.com



"သို.."

"ဟင်.."

"ကလေးကိုသတိရပြီး ပြန်လိုက်နေရင် စံနစ်နဲ့ပတ်သက်ရမှာစိုး အဲ့လောက်ထိ မျိုသိပ်နိုင်ခဲ့တာလား.."

"အဲ့တုန်းကတော့.."

"သူ့ကိုအဲ့လောက်ထိ စိတ်ပျက်ခဲ့တာလား.."

သို့စိတ်တွေ အတိတ်ကိုအောင့်မေ့သွားသလို မျက်ဝန်းလေးတွေ ရီဝေသွားခဲ့သည်။ ရှမ်းရိုးရာအစားအစာဆိုင်ထဲမှာ စားပွဲတွေက ခပ် စိပ်ပင်။ ဒါပေမယ့် လူရှင်းနေသဖြင့် ဆူညံတာသိပ်မရှိ။ သိုက ဘာရယ် ဟုတ်ဘဲ ဘေးဘီကိုမျက်လုံးလေး ဝေ့လိုက်ပြီးမှ သက်ပြင်းတစ်ချက် ၍.. ၊

"သူများတွေအမြင်မှာတော့ မေမေ့ကိစ္စကရှောင်လွှဲလို့မရတဲ့ ကံ မှာပေါ့နော်..ဒါကိုတို့က ရိုးမယ်ဖွဲ့တယ်ပေါ့.."

ဘယ်တုန်းကမှ မေးလို့မရခဲ့သော အတိတ်ကအကြောင်းတချို့ ပြောလာသဖြင့် စောသဲစိတ်ဝင်စားနေမိ၏။

"ငါ့ရင်ထဲမှာ တကယ်တော့ ကန်ရေပြင်ထဲမှာ စုပြုံနေတဲ့ ခဲ(ဂဲ) လေးတွေလိုပဲ..သူနိုင့်ထက်စီးနင်းပြောခဲ့တဲ့ စကားတွေ နိုင်လိုမင်းထက် မှုခဲ့တာတွေ ငါစိတ်အနာဆုံးက ငါ့သားလေးရလာတုန်းကံ သူငြိုငြ တာပဲ.."

စကားသံတွေကပါ ချက်ချင်းမာကျောလာခဲ့၏။ ပြီးတော့ စိတ်ရှေ့ လိုက်သလို ပျော့ကျသွားပြန်ကာ.. ၊

"ငါအရမ်းပွေ့ပိုက်ယုယခဲ့ရသမျှ ခဏတစ်ဖြုတ်လောက်ပဲ မေ မောင်ဘာဘာလုပ်လာခဲ့တဲ့လူကို ဖေဖေခေါ်ပြီးပြေးသွားတာ အရမ်းခံစာ တယ်.."

"ကလေးကိုလား.."

မေးလိုက်တော့ သိုကအပြစ်ရှိသူလို မျက်လွှာချသည်။ ပြီးတော့ ရ ရယ်လေးရယ်လျက်.. ၊

"ဟိုတုန်းကပါ..ငယ်တဲ့စိတ်မှာ ဘာတွေဖြစ်ခဲ့သလဲဆိုတာ ဒီအသ အရွယ်ကျမှ နားလည်လာခဲ့တယ်.."

"ဒါဆိုရင်သိုက စံနစ်ကိုပဲမဟုတ်ဘဲ ကလေးကိုပါသဝန်တိုပြီး မေ သောနာနေတာပဲ.."



သိုက သွားလေးတွေပေါ်အောင် ရယ်ရင်း မော့လာကာ.. ၊

"တကယ်လွန်တယ်နော်.."

"မလွန်ပါဘူး..ချစ်တဲ့လူက ငြိုငြင်ရင် ပိုခံစားရတယ်လေ၊ ဒါက တော့ နားလည်ကြည့်လို့ရပါတယ်..ဒါပေမယ့် ငါးနှစ်ခြောက်နှစ်ထိ ပြတ် ပြတ်တောက်တောက် နေပစ်လိုက်တာက အံ့သြဖို့ကောင်းတယ်.."

"ငါ့ကိုယ်ငါလည်း နားမလည်နိုင်တော့ပါဘူးစောရယ်..မိန်းမသား ချင်းမို့ ငါတွေးမိသမျှပြောရရင် ဖအေတစ်ယောက်က သားသမီးကိုသည်း မှာ မဟုတ်ဘူးလို့ တွက်ခဲ့တာ..'မ'ကိုချစ်လို့ 'ဉ'ကိုချစ်တယ်ပေါ့နော်.."

"အင်း..ပြောပါဦး.."

"ငါပြတ်ပြတ်သားသားနေလိုက်တာနဲ့ ယောကျ်ားဇာတိပြလာမှပဲ လို့.."

"သိုရယ်.."

"ဟုတ်တယ်..ငါအဲ့လိုတွေ တွေးခဲ့သေးတယ်၊ ပြီးတော့ စံနစ်ကပွေ ယ်..မိန်းမတစ်ယောက်နဲ့ အနေးနဲ့အမြန်လက်ထပ်ဖြစ်မှာပဲ၊ အဲ့ကျရင် ခွင်မဲ့တဲ့ကလေးက သူ့ကိုကြိုဆိုနေမယ့် မအေ့ရင်ခွင်ထဲကို ပြန်ရောက် မှာပဲလို့.."

စောသဲက ပင့်သက်မှုင်းမှုင်းချရင်း ခေါင်းခါ၏။ ဘာပဲဖြစ်ဖြစ်သို သည့် မိန်းမတစ်ယောက်ဟာ မိန်းမတွေထဲမှာတော့ အသည်းမာဆုံး ရင်းဝင်ပဲဖြစ်သည်။

ကိုယ်ထင်တာသာ အမှန်တရားလို့ ယုံကြည်နေသည့်အတ္တကလည်း ဆိပ်အတောက်တစ်ခုလို.. ၊

"အဲ့ဒါဘဝနဲ့ရင်းပြီး ရတဲ့သင်ခန်းစာတစ်ခုပဲပေါ့သိုရယ်..တခြားလူရဲ့ က်ကိုမပြောနဲ့ မိမိစိတ်ကိုတောင် ထိန်းချုပ်ခန့်မှန်းဖို့မလွယ်ဘူး၊ စံနစ် ကိုယ်ထင်သလိုမဟုတ်ခဲ့တော့ သိုရလိုက်တာဘာလဲ.."

"ဟုတ်တယ်.."

"ကလေးရဲ့စိတ်ထဲမှာ ဒဏ်ရာဖြစ်သွားတယ်..အမှားအယွင်းတွေရှိ တဲ့သူက ကိုယ်တစ်ချက်လေးမှားလိုက်တဲ့အတွက် အမှန်တရားအားလုံး ကျက်ရောက်သွားခဲ့တယ်.."

"ငါလည်း အဲ့လောက်ထိသူများအပေါ် စိတ်မဝင်စားတတ်ခဲ့ဘူးစော ား နဲ့ပတ်သက်လာမှ ငါဘာဖြစ်လို့ ရှုသွပ်ခဲ့မှန်းမသိဘူး၊ သူ့ကိုလူရှုပ် မှုဆိုတဲ့အဆင့်ထက် နည်းနည်းမှကျော်မတွေးခဲ့ဘူး..ငါ့သားငါ့ဆီပြန်

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာမှပဲလို့ ထင်ခဲ့တာ.."

"လူရှုပ်မို့လို့ ရှုပ်လို့ဝသွားတာလို့ပဲ မှတ်လိုက်တော့သို..'စားရတဲ့ လေးပိုင်တယ်'ဆိုတဲ့ စကားရှိသလို 'မစားဘူးမဝတ်ဘူးတာ မရှိဘူး' တဲ့လူတွေကျတော့ သူတို့အတွက် ဘာမှမဆန်းပြားဘူးပေါ့.."

စောသဲက လူကြီးဆန်ဆန်ဆုံးမစကားတွေ ပြောနေလျက် တကယ် စိတ်မကောင်းဖြစ်နေခြင်းကြောင့် သို့ကိုပဲအပြစ်တင်ချင်နေတော့သည်

" 'ငကန်းသေ ငစွေပေါ်'တဲ့ 'နောက်မင်းတက်မှ ရှေ့မင်းကောင်းမှန် သိတယ်'တဲ့..ဆိုရိုးစကားတွေတောင်မှ ဆန့်ကျင်ဘက်သဘောတွေယှ ပြီး စကားနှစ်ရပ် ရှိခဲ့ကြတာလေ၊ 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' တာရှိသလို 'သေချင်တဲ့ကျား တောပြောင်း'ဆိုတာလည်း ရှိတာပဲ..အဲ့ လူစိတ်သဘောကို တစ်သမတ်တည်း ဘာမှတွက်လို့မရလို့ပေါ့၊ ဒီထဲမှ ကံတရားတွေအလိုက် ကွာခြားသွားတာတွေလည်း ရှိသေးတယ်.."

ပြောပြနေရရင် ဆုံးပါဦးမလားတောင်မသိ။ ကိုယ့်အမှန်တရားတစ် နဲ့ပဲ ကိုယ့်ရင်ကွဲခံပြီး နှစ်ပေါင်းများစွာမျိုသိပ်စောင့်ဆိုင်းနိုင်ခဲ့တာ အဲ့ ဖို့လည်းကောင်းသလို ဒီအတ္တမျိုးကို လန့်လည်းလန့်မိသည်။ သိုကတော ခုချိန်ထိ သူမဘာမှားခဲ့သလဲဆိုတာမှာ ရှုပ်ထွေးနေဆဲရှိသည့်အတိုင်း..

"စိတ်ထဲမှာအဲ့လိုရှိခဲ့တာကို ပြောပြတာပါ..အခိုင်အမာတွက်ထာ တာမျိုး မဟုတ်ဘဲနဲ့ ဖြစ်လာမှာပဲလို့ တွေးပြီးစောင့်နေရင်းနဲ့ ကြာလ တော့ သားကိုငါဆုံးရှုံးရတော့မယ်ဆိုတာ သိလာတယ်..စံနစ်က သား ဂရုစိုက်နေတာ မယုံနိုင်အောင်ပဲ၊ ပြီးတော့ သူ သူငါ့ကိုကလေးကမေ့ အောင် သွေးထိုးစည်းရုံးထားတာမျိုးလည်း မဟုတ်ဘူး.."

"အဲ့လိုထင်ခဲ့သေးတာလား.."

မျက်နှာကြည့်ပြီးတော့လည်း စွပ်စွဲခဲ့ပြီးပြီလို့ စောသဲကိုဝန်မခံရဲပေ သူမဘာမှစကားမပြန်ပေမယ့် စောသဲကနားလည်သွားသလိုပင်.. ၊

"အေးပါလေ..အဲ့ဒါတွေထားလိုက်ပါတော့၊ အခု နင်အဲ့မှာသွား မယ့်ကိစ္စက စံနစ်ကကြိုးစားတာ မဟုတ်ဘူးပေါ့.."

"မဟုတ်ပါဘူး..သူကြိုးစားတိုင်းရော ငါကနေစရာလား.."

ပြောပြီးမှ သဘောကျသလို ပြုံးမိကာ.. ၊

"သူကလည်း အဲ့လိုလုပ်မယ့်သူမဟုတ်ပါဘူး..ဟိုတုန်းက စံနစ် မဟုတ်တော့တာ.."

စောသဲက သို့မျက်နှာကို အကဲခတ်သလို စိုက်ကြည့်နေ၏။



"သူနေတာမှန်တော့ ငါသွားနေရတာလည်း လိပ်ပြာသန့်တာပေါ့.."

"ဘယ်လိုမှန်တာလဲ.."

"သူလည်းပြတ်သလို ငါလည်းပြတ်တယ်လေ.."

"နင်ပြတ်တာကထားပါတော့..သူကပြတ်တယ်လို့ ဘာဖြစ်လို့ထင် လဲ၊ အတွက်ပြောပုံအရဆို စံနစ်ကအရွယ်တင်တယ်ဆိုပဲ..ခုထိလည်း ထောင်မပြုဘဲ အပျော်မရှာဘဲ နေနေတာလေ.."

"စောကဘာပြောချင်တာလဲ..အပျော်ရှာမရှာ ဘယ်သူကသေချာသိ လဲ၊ ခုခေတ်ကငွေရှိရင် နည်းမျိုးစုံနဲ့ပွေရှုပ်လို့ရတယ်.."

"ထားပါတော့..ဒါပေမယ့် မိန်းမထပ်မယူခဲ့ဘူးလေ၊ အဲ့ဒါက သို့ကို လင့်.."

"မဖြစ်နိုင်ပါဘူး..ဖြစ်နိုင်ရင်လည်း သူ့ရင်ထဲမှာဘာရှိရှိ ငါနဲ့မဆိုင် .."

"အဲ့ဒါလည်း သိုကိုယ့်စိတ်ကို နားမလည်သေးတာဖြစ်နိုင်တာပဲ.. အတွက် တစ်ခါမှားခဲ့ပြီးပြီနော်၊ ဒီတစ်ခါဆိုရင်တော့ ဘဝကနင့်အ က် အချိန်ပေးမှာ မဟုတ်တော့ဘူး..ကိုယ့်အသက်ကိုယ်မေ့မနေနဲ့ဦး.."

နှစ်ယောက်သားရယ်မိကြကာ ကရုဏာဒေါသနဲ့ အပြစ်တင်တဲ့သူကို ဖြစ်ရှိနေသူကလည်း ကျေနပ်စွာဖြင့်.. ၊

"နင်တို့လည်း လောဘတွေသိပ်မကြီးကြနဲ့တော့သိလား..ဘဝအ က် ပြည့်စုံနေပြီဆိုရင်လည်း.."

"ပြည့်စုံတဲ့ဘဝဆိုတာ မရှိပါဘူးသိုရယ်..လောဘ ဒေါသ မောဟ ပြိုင်တွေနဲ့ဘဝတွေမှာ လူတိုင်းမှာလိုအပ်ချက်ကိုယ်စီနဲ့ပါ.."

စောသဲမျက်ဝန်းလေးတွေက ဆွေးရိပ်သမ်းနေတာကို သိုကသတိမ မိ။ အသားလေးဖြူဖြူ လေးထောင့်မကျတကျ မျက်နှာပြည့်ပြည့်လေး စောသဲကို အမြဲတမ်းဖြူစင်နေသော ချစ်စဖွယ်မိန်းကလေးတစ် က်ဆိုတာထက် ပိုမမြင်မိခဲ့.. ၊

တစ်ချက်တစ်ချက် စကားဝဲသလိုရှိပေမယ့် မြန်မာစကားပြောတ ည်။ ကပြားမလေးနဲ့တူသော်လည်း မြန်မာပဲဖြစ်၏။ တိုင်းရင်းသား ကြားထဲမှာ အနေများသဖြင့် သူမကိုမြန်မာလို့ သိပ်မထင်ကြပေ။ က်နဲ့ကလေးဘဝမှာ သူငယ်ချင်းဖြစ်ခဲ့ဖူးသည်လို့ ပြော၏။ ပြန်တွေ တော့ တစ်ယောက်ကိုတစ်ယောက်လည်း မရင်းနှီးကြပါ။ ထို့ကြောင့် ဘီထားတို့က စနောက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"အတွက်ရင်ထဲကို မရောက်ခဲ့လို့သာ ဒုတိယဖြစ်ရတာနော်..တကယ် က စောသဲကအတွက်ရဲ့ ပထမလူ.."တဲ့.. ।

ရိပ်ခနဲဖြတ်ပြေးဝင်လာသည့် နောက်ကြောင်းတို့ကြောင့် စောသဲ ကားသံ တိတ်ကျသွားသည်။ သို့ကလည်း ကိုယ့်အတွေးနဲ့ကိုယ် ငြိမ်သ သွားခဲ့တာဖြစ်လျက်.. ।

"အခု နှစ်ယောက်လုံး သွားကြမှာပေါ့.."

"သွားမှာက ဟုတ်တယ်..စောကနှစ်လလောက်ပဲနေမှာ.."

"ဩော်..အတွက်ကကျန်ခဲ့မှာလား၊ ဒီလာတုန်းကတောင် ဘာမှပြေ မသွားဘူးနော်..နောက်ဆိုသိပ်လာဖြစ်မှာ မဟုတ်တော့ဘူးပဲပြောတ

သို့ကအပြစ်တင်သလိုပြောနေတော့ စောသဲကပြုံးသည်။ ပြီးတော့ အတွက်ပြောတာတွေကို သတိရမိပြန်သည်။

"သို့လည်း သူ့အိမ်ထောင်ရေး ပြန်အဆင်ပြေချင်နေတဲ့ပုံပဲ.."

"အေးလေ..ကလေးရှိနေကြတာ ဘယ်ပြတ်မလဲ.."စသဖြင့်သော ကားတွေကိုပြော၍ သက်ပြင်းတွေချလို့.. ।

သူမက နားလည်နေပါသည်။ ဒါပေမယ့် သို့စိတ်ဘယ်လိုရှိသ ဆိုတာကို ပိုပြီးနားလည်သည်။ ထို့ကြောင့် အတွက်ကိုအပြစ်မယူရက် လို သနားလည်းသနားမိပါ၏။ ကောက်ကွေ့ဆန်းပြားသော ချစ်ခြင်း တ္တာသဘောတို့ကိုတော့ ကြောက်မိသည်။

ကိုယ့်ကိုမချစ်နိုင်သည့် တစ်ယောက်ယောက်အပေါ် ကိုယ်ကချ သွားမှာကို ပို၍ကြောက်မိသည်။ အတွက်မြန်မာပြည် အစွန်အဖျ အလုပ်သွားလုပ်တော့ဖို့ ဆုံးဖြတ်လိုက်ခြင်းနှင့် ပတ်သက်၍.. ।

"အတွက်နဲ့ဖုန်းပြောရင်တော့ အဲ့ကိစ္စကိုမေးဦးမှပါ..ခေတ်တွေ ကောင်းလို့ အကောင်းဆုံးကိုယ်ပိုင်ဆေးရုံကြီးတွေ ရှိနေတယ်ဆိုရင်တော ဖိုးသူတော်လဲတော့ တောင်ဇေးထူနိုင်မလား..ဆရာဝန်တွေက အဖျ နာမရှိကြလို့လား.."

"သွားမပြောနဲ့သို့..သူကသွားကိုသွားမှာ၊ ခုတစ်ခေါက်မှာ သူ့ နဲ့လည်း ဘာဖြစ်လာသလဲမသိဘူး..မျက်နှာသိပ်မကောင်းဘူးရယ်.."

"ဟုတ်လား.."

ဒါကိုတော့ စောသဲတကယ်မသိပေ။ သို့လည်း စိတ်ကောင်းဖြစ် မိသည်။ ပြီးတော့ ဂီတမျက်နှာလေးကို သတိရလိုက်မိသည်။

'အလင်းနဲ့ဒီမှာလာဆုံမိနေတာကို မေမေတို့ကိုအသိမပေးဘူး..



မကရော ဘာဖြစ်လို့ မျိုသိပ်ထားခဲ့တာလဲ.. ।

မဟုတ်သေးဘူး..ကလေးကပြောတိုင်းနေရအောင် ငါကကလေးမှ ဟုတ်ဘဲ.. ।

ဒါပေမယ့် ဂီတနဲ့ဘာဖြစ်သွားလို့ အတွက်ကမျက်နှာမကောင်းတာ ..။ ဂီတကအလင်းနဲ့ တွေ့တာကိုမပြောဘူးဆိုတာ အကြောင်းတစ်ခု များ ရှိနေမလား..။ ဒါအတွက်နဲ့ သက်ဆိုင်နေသလား..။ အတွက်က ကြိုက်လို့လား.. ।

အတွေးများစွာ နောက်ယှက်နေခဲ့လျက် သို့ဘာမှမပြောဖြစ်ခဲ့ပေ။ ဒါကြောင့် ဘာတွေဖြစ်လာနိုင်သလဲဆိုတာလည်း မသိခဲ့ဘဲ.. ।

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၃)

"ရေအိမ်ဝင်သလိုပဲလေဘိုးဘိုးရဲ့..သိုကန့်လန့်ကာဆွဲပိတ်ပေး
မယ်၊ ဒီမှာပဲသွားလိုက်ပါ.."

ဦးကုဋ္ဌေက သူ့ကိုရေအိမ်ပို့ပေးဖို့ပဲ တွင်တွင်ပြောနေကာ လက်
လိုက် ခေါင်းခါလိုက်နှင့် တစ်ခါတစ်ခါစကားသံပါလာတော့ မပီ
သူဒီလိုကြီးမနေချင်ကြောင်း စားလိုက်အိပ်လိုက် ဒီနေရာမှာပဲ မလုပ်
ကြောင်း ရှုံ့မဲ့လုပ်ပြနေလျက်.. ၊

"သွားမယ်..ဟို ဟိုကို.."

ရေအိမ်ကိုပဲ မေးထိုးပြနေ၏။ ပြီးတော့ လဲနေသည့်တောင်ဝှေး
လည်း တောင်းသေးသည်။

"ဒါဆိုလည်း ဘိုးဘိုးတောင်ဝှေးမကိုင်ပါနဲ့..ဗိုးချဲလ်လေးနဲ့
လိုက်ပို့ပါ့မယ်.."

ဘာပြောပြော အသာတကြည်လက်ခံတယ်ဆိုတာမရှိဘဲ ဦးကု
ရောဂါလက္ခဏာ၏ ဖိစီးလွှမ်းမိုးခြင်းကို အံတုဖို့သာကြိုးစားနေ၏
သက်ကြီးနေပြီပေမယ့် တရှောင်ရှောင်ဖြစ်ခဲ့ဖူးတာလည်း သိပ်မရှိဘဲ
ဒေါင်မြဲည်နေခဲ့တဲ့မာနက ရောဂါကိုအရှုံးမပေးချင်.. ၊

"ဟာ ဘိုးဘိုးကြီးဘာတွေ ဂျီကျနေတာလဲ..နေဦး သားလာပြီ

အလင်းရောက်လာမှ ပိုဆိုးတော့သည်။ လွယ်အိတ်ကိုပစ်ချပြီး
ချဲလ်ပြေးယူလာကာ.. ၊

"လာ..ဒီမှာထိုင်၊ လူကြီးတွေက ဒီအချိန်ကလေးပြန်ဖြစ်တယ်
အလှည့်ကျရင် မနွဲ့စတမ်းပေါ့.."

အားပါးတရပြောနေတုန်း ဦးကုဋ္ဌေရဲ့လက်တစ်ဖက်က နီးရာကို
ဆုပ်ထားလိုက်လျှင်.. ၊



"အား..သေပြီ ဘိုးဘိုးကြီး.."

"ဆက်..ဆက်ပြောစမ်း.."

ဦးကုဋ္ဌေအသံသြောသြောကြီးနှင့် ကြိမ်းဝါးတော့ အလင်းရှုံ့မဲ့ညည်း
ရယ်လေသည်။ ပြီးတော့ လက်ကိုထပ်ကိုင်ထားရင်း အော်လည်း
နေလျက်.. ၊

"ဘိုးဘိုးကြီးလွှတ်တော့လေ..သားလုပ်တာ အဲ့လိုရက်ရက်စက်စက်
မပါဘူးနော်..အား.."

ထမင်းချက်အကူအသစ်ခေါ်ထားသည့် ဒေါ်စိုးကလည်း မနက်စာ
ထားသည့် ပန်းကန်တွေကို ဝင်သိမ်းရင်း ရယ်နေ၏။ သားမျက်နှာ
ကိုကြည့်ရင်း သိုစိတ်ချမ်းနေမိသည်။ သူကတော့ ဘိုးအေကျန်းမာ
ကြောင့် အမေဖြစ်သူအပေါ် ချိုသာနေတာလား ဒါမှမဟုတ် ငယ်သူ
စားမိပေမယ့် ပြီးပြီးပျောက်ပျောက်ဖြစ်ခဲ့တာလား..။ ပြန်တွေ့စက
ကိုင်း ကြည်ကြည်လင်လင် ရယ်မောမပျက်ဖြစ်နေခဲ့၏။

"သားလေး ညနေအပြင်သွားဦးမှာလား.."

"မသွားတော့ဘူး..ဟိုကောင်တွေ အိမ်လာကြမှာ.."

"ဟင်.."

သိုက အဝတ်ဟောင်းတွေ စုသိမ်းနေရင်း ပြန်လှည့်ကြည့်၏။

"သူငယ်ချင်းတွေလာကြမှာလား..ဒါဆိုကလေးတွေ စားသောက်ဖို့
မပြင်ထားရမှာပေါ့၊ ဘယ်နှစ်ယောက်လဲ.."

"ဟာ မေမေကဘိုးဘိုးကြီးအတွက်လည်း ပင်ပန်းနေရသေးတယ်..
မလုပ်ပါနဲ့၊ အအေးဘူးတွေရှိတယ်..ထုတ်တိုက်လိုက်ရင် ပြီးတာပဲ.."

အလင်းက မျက်နှာသုတ်ပဝါဆွဲ၍ ပခုံးပေးတင်လိုက်ပြီးမှ ဖုန်းလာ
ကောက်ကိုင်လိုက်၏။

"ပြောလေဂီတ.."

"................"

"မနက်ဖြန်မှသွားမှာ.."

"..............."

"ဟုတ်လား..ဒါပေမယ့် ငါကအစတည်းက သွားကြည့်ဖို့စိတ်မကူးပြီး
သုကခေါ်ထားတာ.."

"..............."

"နင်ပါတာဘယ်လိုလုပ်သိမှာလဲ..ဘယ်တုန်းက ဘက်စကက်ဘော

www.burmeseclassic.com

www.burmeseclassic.com



ဝါသနာပါသွားတာလဲ.."

ရယ်နေသည့်သားမျက်နှာ တစောင်းလေးကို မကြာခဏလှမ်းကြ
နေမိကာ ပြောလို့ပြီးသွားမှ.. ၊

"ခုပဲထမင်းစားပြီးတာကို ရေချိုးမလို့လားသားရယ်..နာရီဝ
လောက် စောင့်လိုက်ပါဦး.."

"နာရီဝက်လောက်ရှိနေပါပြီမေမေရ..ကျွန်တော်က တစ်နေ့ကိုရေ
ခါ လေးခါလောက် ချိုးတာအကျင့်ပါနေလို့.."

အလင်းက ဖုန်းကိုမွေ့ရာပေါ်ပစ်ချလိုက်ပြီး သို့ဘက်လှည့်လာက

"ဘိုးဘိုးကြီးလည်းပြောဖူးတယ်..ထမင်းစားပြီးကာစ ရေချိုးရင်
ဖျင်းစွဲတယ်ဆိုတာ အလကားပြောတာတဲ့၊ ရှေးခေတ်က လေ့သူကြီး
ညာခဲ့တာတဲ့..လေ့ထိုးသားတွေက ပျင်းပျင်းရှိတိုင်း ရေဆင်းကူးလိုက်
တက်လာပြီးစားလိုက်နဲ့ စရိတ်ထောင်းလွန်းလို့ ရေမကူးရဲတော့အော
ပြောတာတဲ့.."

ရယ်နေသည့်မျက်နှာလေးကို ချစ်မဝနိုင်စွာ ငေးကြည့်ရင်း သို
လိုက်ရယ်နေမိလျက်.. ၊

"အဲ့ဒါလည်း ဟုတ်မှာပေါ့..ဒါပေမယ့် ကိုယ်ခန္ဓာကြီးကို အလုပ်
ခုပေးပြီးရင် နောက်တစ်ခုချက်ချင်းထလုပ်တာ မကောင်းဘူးလေ၊ မ
တော့ကောင်းတယ်..ဖြစ်လာရင် ကိုယ်ဆင်ခြင်လို့ရနေတဲ့ကိစ္စလေး
ကြောင့် မဖြစ်ရအောင်ပေါ့.."

"မေမေ့.."

"ဟင်.."

အလင်းက ပခုံးပေါ်တင်ထားသည့် ပဝါစနှစ်ဖက်ကို လက်ပြန်
ထားပြီး နှုတ်ခမ်းတစ်ချက်ဖိ၏။ ပြီးမှ သို့မျက်နှာကို အကဲခတ်ကြည့်ရင်
"မေမေက ဘိုးဘိုးကြီးနေကောင်းသွားရင် တိုက်ခန်းမှာပဲပြန်နေ
လား.."

ဟင်.. ၊

မထင်မှတ်သည့်မေးခွန်းမို့ သို့ကြောင်ငေးသွား၏။ အလင်းက
မျိုးထင်သွားကာ.. ၊

"မဟုတ်ပါဘူး..သားမေးတာက.."

"မေးလို့ရပါတယ်သားရဲ့..ဘာကြောင့်ပဲမေးမေး မေမေကသား
ရဲ့မေမေပဲဟာ၊ ဘာဖြစ်ဖြစ် သိခွင့်ရှိတယ်.."



သို့အသံတွေ တုန်နေခဲ့လျက်.. ၊

"ဘာဖြစ်လို့လဲဟင်..သားကမေမေ့ကို ပြန်သွားမှာစိုးလို့လား၊ ပြန်
ပြန်စေချင်လို့လား.."

အလင်းကခေါင်းခါပြီး နှုတ်ခမ်းတစ်ချက်သပ်သည်။ သားလေးနဲ့
သူမကြားမှာ ပြောရခက်စေသာ စိမ်းသက်ခြင်းတွေ ကာဆီးနေပြီကို ခံ
စားမိလိုက်သည်။ သားနဲ့သူ့အဘိုး..ပြီးတော့ သားနဲ့သူ့အဖေ.. ၊

ဒီမိသားစုသုံးယောက် တစ်ယောက်ကိုတစ်ယောက် စနောက်ရယ်
မောပြီး ပြောမနာဆိုမနာ သူငယ်ချင်းရင်းတွေလို နေခဲ့ကြသည်။ ဒီအမေ
ကိုကျမှ သားလေးဘာဖြစ်လို့ စိမ်းနေတာလဲ.. ၊

သို့ရင်ထဲမှာ နင့်နေမိသည်။ ဒီကရင်းနှီးမှုတွေ ဒီမှာရှိကြတဲ့ နွေးထွေး
ကြင်နာခြင်းတွေကို သူမလည်းမျှဝေခံစားချင်မိ၏။ သို့သော်.. ၊

"ပြောပါသားရဲ့..မေမေကလေ.."

သူမစကားဆက်မပြောတော့ အလင်းကစိုက်ကြည့်ပြီး နားစွင့်နေ၏။
သားအမိနှစ်ယောက်သည် ထင်ခြင်းကိုယ်စီနှင့် မပြောရဲခြင်း မမေးရဲခြင်း
တွေ ရှုပ်ထွေးနေခဲ့လျက်.. ၊

"မေမေက သားကမနေစေချင်ရင် မနေပါဘူး.."

"အဲ့လိုမဟုတ်ဘူးမေမေ.."

အလင်းက ချက်ခြင်းဖြေရှင်းချက်ပေးလျက် သို့လက်တစ်ဖက်ကို
ဆုပ်ကိုင်လိုက်ကာ.. ၊

"မေမေက ဘိုးဘိုးကြီးကြောင့် မဖြစ်မနေလာနေပေးရတာလား.."

သိုက ခေါင်းခါသည်။ ပြီးတော့ အလင်းရဲ့မျက်နှာလေးကို လက်
ဝါးတစ်ဖက်နှင့် တို့ထိပွတ်သပ်ရင်း.. ၊

"သားလေးရှိနေတဲ့နေရာမှာ မေမေနေချင်လို့ပါ..ဘိုးဘိုးကိုပြုစုရတာ
လည်း ကိုယ့်မိဘလို သဘောထားတာမို့လို့ ဒီပြင်ဘာတွေလုပ်ရလုပ်ရ
ကယ်လောက်ပင်ပန်းပါစေ သားလေးနဲ့မေမေ တစ်မိုးအောက်တည်းမှာ
အတူတူနေရတယ်ဆိုရင်ပဲ ကျေနပ်တယ်.."

ဒါဆို ဟိုအရင်အချိန်တွေတုန်းကတော့ မေမေသားကို...ချစ်ခဲ့လို့
လား..၊ မိခင်တစ်ယောက်ရဲ့မေတ္တာက သားသမီးရဲ့အသက်အရွယ်လိုက်
ပြောင်းလဲတတ်တာလား..။ အချိန်ကာလပေါ်မှာလား.. ၊

သူမေးလိုက်ရင် မေမေဘယ်လိုဖြေမလဲ.. ၊

မေမေ့လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်ရင်း အလင်းပြုံးလိုက်မိ

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါကိုသူမေးဖို့ စိတ်မကူးတော့ပါ။ မေမေနဲ့အတူနေရတော့မှ
ပျော်နေခဲ့သည့် ကိုယ့်ရင်ထဲက ကြည်နူးစိတ်ကို နားလည်သွားခဲ့သ
နောက်.. ၊

"ကျွန်တော် ညတုန်းက ဖေဖေ့ကိုဘာပြောလဲသိလား မေမေ.."

သိုမျက်နှာ ကွက်ခနဲပျက်သည်။ မသိပေမယ့် မသိချင်ပါ။ ဒါ
မယ့်သားလေးရဲ့ အပြုံးလေးပျောက်ကွယ်သွားမှာစိုးသည်မို့ သူမအ
မပျက်နေမိရင်း.. ၊

"ပြောပြလေ.."

"အဟွန်း..ဖေဖေတစ်ယောက်တည်း အိမ်မှာကျန်ခဲ့တာလည်း သ
က မကြိုက်ဘူးလေ၊ အဲ့ဒါကြောင့် ဒီမှာပဲ ဘိုးဘိုးကြီးမကျန်းမာသေး
လာနေပါလားလို့.."

အလင်းက စကားပြောရင်း သို့မျက်နှာပေါ်က အသက်မပါသ
ပြုံးကို အကဲခတ်နေခဲ့၏။ မေမေ့ရင်ထဲမှာ ဘယ်လိုဖြစ်နေပြီကို သူမ
နေမလား..။ ဖေဖေကလည်း ပြောရှာပါသည်။

"မင်းအမေ အဆိပ်သောက်သေနေလိမ့်မယ်..သွားမပြောနဲ့.."
တွေးကြည့်လိုက်ပြီး အလင်းခပ်ကြိတ်ကြိတ်ပြုံးမိကာ.. ၊

"မေမေလန့်သွားလား.."

"ဟင်..အဲ မဟုတ်ပါဘူးသားရဲ့.."

"အဟွန်း..စိတ်မပူပါနဲ့၊ ဖေဖေကမနေပါဘူး..ဒါပေမယ့် ကျွန်
ရှိနေရင်တော့ ဖေဖေမကြာမကြာလာလိမ့်မယ်၊ ဖေဖေမလာရင်
ကျွန်တော်က သွားမှာပဲ..ခုချိန်ထိ တစ်ခါမှကြာကြာခွဲမနေခဲ့ဘူး
"သား.."

သိုက အလင်းရဲ့မျက်နှာကို စေ့စေ့ကြည့်ရင်း ခေါ်ကာ.. ၊

"ဟိုအရင်တုန်းကလို 'သားသား'လို့ မပြောတော့ရင်တောင်
လို့ပြောပါလားသားရယ်..သားလေးက မေမေ့မျက်စိထဲမှာ ဟိုအရင်
က ကလေးလေးပါပဲ၊ နောက်ပြီး သားကမေမေ့ကိုတမင်တကာ
စိမ်းနေချင်လို့ 'ကျွန်တော်'လို့ ပြောနေတာမဟုတ်ဘူးမို့လားဟင်.."

"ဟာ..ဘယ်ကလာမေမေကလည်း၊ 'ကျွန်တော်'လို့ပြောတတ်
သား မနည်းအကျင့်လုပ်နေရတာ.."

"ဘာဖြစ်လို့လဲ.."

"ဖေဖေက 'မင်းကလေးမဟုတ်တော့ဘူး'တဲ့..ဒီတိုင်းပြော



ယ့်သားမွေးရင်တောင် သားချင်းရှုပ်ပြီး ဖအေကပြောမှန်းမသိ သားက
မှန်းမသိ ဖြစ်နေမယ်တဲ့.."

ဘာလေးပြောလိုက်ပြောလိုက် စံနစ်ချခင်းထားတဲ့ ဘောင်တစ်ခုခုပဲ
နေတတ်ကာ ဒီစည်းဒီလမ်းကိုပဲ နှစ်သက်ကျေနပ်စွာလျှောက်လှမ်းချင်
ညှိသားက နည်းနည်းလေးမှ ပြုရှုဟန်မရှိ.. ၊

သိုတိတ်ဆိတ်စွာ နောက်ဆုပ်နေခဲ့ရတာတွေ တစ်ခုပြီးတစ်ခု.. ၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၄)

"နည်းနည်းစောသေးတယ်ဒေါ်စိုး..အသားနူးအောင် ရေနည်းနည်း
မီးနည်းနည်းနဲ့ နှပ်ထားလိုက်ဦး၊ ဘိုးဘိုးစားခါနီးမှ အနေတော်လေး
ထည့်ပြီး ဆူအောင်ပြန်တည်မယ်.."

"ဒါဆို ကျွန်မကြက်သားချက်လိုက်မယ်နော်.."

"ကြက်သားက ကြက်ကချင်ချက်ချက်မှာ..ဒေါ်စိုးမချက်နဲ့၊ ကျွန်
ကို ကြက်သားတုံးလေးတွေ တုံးပေးထား.."

ဒေါ်စိုးက ကြက်သားဘူးကို ဇလုံထဲသွန်ချမလို့ ကိုင်ပြီးမှ ပြန်ကြ
ကာ.. ၊

"တုံးတစ်ပြီးမှ သိမ်းထားတာပါ မသိရဲ့.."

"မဟုတ်ဘူး..အဲ့ဒါကို ထပ်ပြီးနှစ်တုံးသုံးတုံး ထပ်စိပ်ခိုင်းတာ၊
စိုး ကြက်ကချင်ချက် မချက်ဖူးဘူးထင်တယ်.."

"စားတောင်မစားဖူးဘူး.."

ထမင်းချက်အကူရှာပါဆိုပြီး သေချာပြောထားလို့ အဝင်းရှာ
လိုက်တဲ့အကူတဲ့.. ၊

အလုပ်လုပ်နေရင်း ပြုံးမိကာ ဒေါ်စိုးစိုးကရှိုးသားပုံတော့ ရှိတာ
ကြံဖန်ကျေနပ်လိုက်ရသည်။

"ရေခဲသေတ္တာထဲက ကျွန်မထုတ်ထားတဲ့ အသီးအရွက်တွေကို
ရေလေးလုပ်ပြီး ခဏစိမ်ထားလိုက်နော်..ပြီးမှ ပြန်ဆေးချပြီး ဇကာ
ထဲမှာ ရေစစ်ထား.."

"ဆားရေစိမ်တာက ဘာလုပ်တာလဲဟင်.."

"ပိုးသေတာပေါ့ဒေါ်စိုးရယ်..အသီးအရွက်စားရတာ တစ်ခါတ
ဟင်းနုနွယ်ရွက်ကြော်တာတောင် ပိုးသတ်ဆေးနံ့ကြီးပါလာလို့ တစ်



လုံးသွန်ပစ်လိုက်ရတယ်..သေချာသိပ်သိလို့တော့ မဟုတ်ပါဘူး၊ စိတ်
တော့ သန့်တာပေါ့နော်.."

ဒေါ်စိုးကတော့ သို့ကိုသဘောကျနေလေသည်။ သိုကမေးသမျှပြန်
ဖြေတတ်ပေမယ့် သပ်သပ်ကြီး စကားရပ်ပြောတာမျိုးလည်း မဟုတ်။
ခေါင်းထဲမှာ စီစဉ်မှတ်သားထားတာမျိုးနဲ့လည်း မတူဘဲ စကားပြောရင်း
လက်က သေသေသပ်သပ်လေး အစဉ်လိုက်လှုပ်ရှားသွားတာဖြစ်သည်။

ဆံပင်ရှည်ကြီးကို ဒီတိုင်းဖြန့်ချထားပေမယ့် နားသယ်စပ်လေးတွေ
နဖူးပြင်လေးတွေကနေ မို့မို့ပြေပြေလေး သိမ်းလှန်ထားတာမို့ မျက်နှာ
ပက်မှာ ဖရိုဖရဲရှုပ်ပွလာတာမျိုး တစ်ခါမှမတွေ့ဖူးသေးပေ။ ပြီးတော့
ဝင်းဝါစိုပြေသော အသားအရေ၏ကောင်းခြင်းနှင့်ပြည့်စုံလျက် ကိုယ်လုံး
သွယ်သွယ်လေးက အချိုးအစားကျပြီး ဘယ်လိုကြည့်ကြည့်လှ၏။

"ဒေါ်စိုး.."

"ရှင်.."

ငေးကြည့်နေမိတုန်းမို့ လန့်ဖျန်ထူးလိုက်မိသည်။ ပြီးတော့ မလုံမလဲ
ယ်ကာ.. ၊

"မသိုက ချစ်စရာကောင်းလွန်းလို့ ငေးနေမိတာ..ဒီအိမ်မှာသူဌေး
ကြီးရဲ့မြေးချွေးမဆိုတော့ မသိုတို့က နောက်အိမ်ထောင်လည်းမပြုကြဘူး..
ပျိုလေးတွေလိုက်မမီအောင်လည်း ဒီလောက်လှနေတာကို မသိုကိုယော
ကျားက ပြန်ပေါင်းဖို့မကြိုးစားဘူးလားဟင်.."

ဒေါ်စိုးစိုးက နည်းနည်းတော့စပ်စုတတ်ပုံပင်။ ပြီးတော့ သူမဘယ်
ရပ်ကလာသလဲဆိုတာ သူမရဲ့စကားထဲက ဖော်ပြနေ၏။ သိုကတော့
းလည်သည့်အပြုံးနှင့် ခေါင်းခါလိုက်ကာ.. ၊

"ကြာခဲ့ပြီလေ..ဒီလိုပဲ ကိုယ့်ဘာသာနေခဲ့ကြတာ အသားကျနေပါ
ဒါတွေလုပ်ထားလိုက်နော်..ကျွန်မဘိုးဘိုးကို ရေပတ်လေးတိုက်ပြီး
ကိုယ်လက်သန့်စင်ပေးလိုက်ဦးမယ်.."

"ဟုတ်ကဲ့ပါ..ဒါဖြင့်ဇွပ်ပြုတ်အိုးလေး လုပ်ထားလိုက်ရတော့ ..."

"မလုပ်ပါနဲ့ဦး..စောသေးတယ်.."

သိုကရေနွေးစပ်ပြီး ရေဇလုံကိုအမွှေးနံ့လေးထည့် သေချာပြင်
ည်။ ပြီးတော့ လိုအပ်တာတွေပါအောင် ယူပြီးမှ ထွက်လာခဲ့၏။ ထို
ကိုယ့်အိတ်ထဲကဖုန်းမြည်နေသဖြင့် ရေဇလုံကို ... ချခဲ့ပြီး ဖုန်းဆီသွား
ကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ အဝင်း..ပစ္စည်းမရောက်ဘူးလား.."

"ရောက်တယ်မမ..ကောင်မလေးတွေ စာရင်းလုပ်နေကြတယ်၊ ကြိမ်နံ့ဒစ်ကောင့်လုပ်ရရင် ကောင်းမလားလို့..သိမ်ကြီးဈေးကနေ ပေါ် ထည့်ထားတဲ့ပစ္စည်းတွေကို ဒစ်ကောင့်ထဲချပေးလိုက်ရင်.."

"ဟော့အေး..မလုပ်နဲ့၊ အရမ်းအလုပ်ရှုပ်သွားမယ်..ဘာမေးဦးမလဲ လေ.."

"မမပြောမှသတိရတယ်..မနက်က လူတွေအများကြီးလာကြတ သိလား"

"ဟင်..ဘာလာလုပ်တာလဲ.."

"တော်တော်ချောတဲ့လူတစ်ယောက်လည်း ပါတယ်..ဆိုင်ကိုလှ ပတ်ကြည့်ပြီး ဒီဆိုင်ကိုလိုချင်တယ်တဲ့.."

"ဘာ.."

"ပြောပုံက အဲ့အတိုင်းပဲမမသိလား..သူလက်ညှိုးထိုးလိုက်တာန သမျှလူတွေက ကျောကော့ဆင်းပြေးပေးရတော့မယ်အတိုင်း.."

"ပြီးတော့ ဘာပြောသေးလဲ.."

"လုံးဝဈေးမဆစ်ဘူး..ဘယ်လောက်နဲ့ရောင်းမလဲတဲ့.."

"အံမာ..အံမာ.."

စိတ်တိုလွန်းသဖြင့် ဖုန်းနားထောင်ရင်း တက်ခေါက်မိသည်။ ဒါ မယ့် မထောင်ဘဲလည်း မနေနိုင်.. ।

"ပြီးတော့ရော.."

"မကြာခင်ရောင်းထုတ်ရမှာကို ဈေးကောင်းပေးနေတုန်း ရောင်းလို ဖို့ မင်းသူဌေးကိုပြောလိုက်တဲ့..တော်ကြာ အိုးစုတ်ခွက်စုတ်လို.."

"နေစမ်းပါဦး..အဲ့လိုတွေပြောနေတာကို နင်ဒီတိုင်းပဲနားထောင်နေ သလား၊ ပါးသုံးချက်လောက် ဆွဲရိုက်လိုက်ပါလား..တောက်.."

"အမလေး ပါးရိုက်ဖို့နေနေသာသာ အရပ်ကြီးကမြင့်မြင့် လူပုံချေ ချောနဲ့ သူ့မျက်လုံးတွေနဲ့ဆုံလိုက်တာနဲ့ ဘာပြောရမှန်းတောင် မသိတ တကယ်ပါမမရယ်၊ ကျွန်မကချောလွန်းလို့ ငေးတာမဟုတ်ပါဘူး..သူ့မျ နှာကိုက ဟိတ်ရှိတာ၊ နောက်ပြီး သူနဲ့ပါလာတဲ့လူတွေက ကျွန်မတို့ ဆက်ဆံနေတဲ့သူဌေးတွေပဲ..အကုန်လုံးက သူ့စကားပဲဖြစ်နေကြတာ

သူ့ဘာသာ ဘယ်လိုပါဝါတွေရှိနေနေ ကိုယ်နဲ့ဘာဆိုင်လို့လဲ.. ।

"မမ.."



"ငါရှိတယ်..သူတို့ခြေလှမ်းတွေကို စဉ်းစားနေတာ.."

"ဟုတ်ပမမရယ်..တစ်ခုခုလို့ ထင်စရာပဲ၊ မမကဆိုင်တွေဖြုတ်ပစ် နေတာ ပိုက်ဆံမရှိလို့လို့ထင်ပြီး ဒီထိလိုက်လာတဲ့ပုံမျိုး..ဒါပေမယ့် လုံးဝ ဈေးမဆစ်ဘူးလို့ပြောတာက ဗိုက်နာစရာ့ချေးနဲ့ အချောင်ဝယ်ချင်တာလည်း မဟုတ်နိုင်ဘူး.."

"အဲ့လူက ဘယ်လိုပုံစံမျိုးလဲ.."

"ချောတယ်.."

"ခြေဘ်..ဒုက္ခပါပဲ၊ မှတ်မိလွယ်တဲ့ပုံကိုမေးတာ.."

"အရမ်းမှတ်မိလွယ်တာပေါ့မမရယ်..တော်တော်ချောတာကို နောက် ပြီ၊ ဝတ်လာတဲ့အင်္ကျီကဆို ရှပ်လက်ရှည်ရဲတောက်နေတာပဲ၊ အသားက ဖြူတော့ ထင်းနေတာပေါ့.."

ရဲတောက်နေသည့်ရှပ်အင်္ကျီနှင့် မြင်ကွင်းထဲဝင်လာသည့်စံနစ်က သို့ မျက်လုံးတွေ စူးစိုက်လွဲဖယ်လို့မရအောင် ဆွဲဆောင်သွားလေသည်။ လက် ထဲမှာ အိတ်နှစ်လုံးဆွဲလျက် တစ်ဖက်မှာကားသော့နှင့်။ ရှပ်အင်္ကျီအနီရဲ ကို အနက်ဖောက်သောဘောင်းဘီရှည် ရှားသွေးရောင်နှင့် ဝတ်ထား၏။

"ဘောင်းဘီရှည်က အနက်လား အညိုလားပဲသိလားမမ.."

အဝင်းကပြောနေတုန်းဖြစ်သည်။ သိကတော့ သိလိုက်ပြီဖြစ်သည်။ ဆိုင်ကိုလာသွားသည့်လူဟာ စံနစ်ပဲဆိုတာ သက်သေရှာဖို့မလိုဘဲ ခိုင်မာ သွားခဲ့၏။ ထို့ပြင် အရောင်းအဝယ်တွေဖြစ်ခဲ့သမျှ သူဌေးဦးစစ်ထန်မ ဟုတ်ဘဲ အားလုံးသည်.. ।

"စံနစ်.."

ဖုန်းချလိုက်ပြီး သူ့ကိုလှမ်းခေါ်လိုက်မိသည်။ သူ့ခြေလှမ်းရပ်သွား သည်နှင့် သိကအနားရောက်သွားကာ.. ।

"ရှင်လား..ကျွန်မဆိုင်ကိုဒီနေ့ရောင်းမလားလာမေးတာ.."

သူခဏတိတ်သွားသည်။ ပြီးမှ ပြန်ငဲ့ကြည့်၍.. ।

"ဂျီတူးအလှကုန်လား.."

"ဟုတ်တယ်..ဦးစစ်ထန်နဲ့ရှင်လာသွားတာ.."

"အဲ့ဒီတော့ ဘာဖြစ်လို့လဲ.."

မေးပုံက.. ।

"ဂျီတူးတွေအတွဲလိုက် ငါ့လက်ထဲရောက်နေပြီ ... ရပ်ကျန်တာ"

ပြောပြီ ကားသော့ကိုအင်္ကျီအိတ်ထဲထည့် ... ထားသည့်အိတ်တွေ

www.burmeseclassic.com

www.burmeseclassic.com



ကို လက်ပြောင်းကိုင်သည်။ ပြီးမှ.. ။

"အဲ့ပိုင်ရှင်က စိတ်တွေများပြီး သူလုပ်နိုင်ကြောင်းတွေ စွတ်ပြနေတာ တကယ်ကဘာမှမဟုတ်ဘူး.."

ဟင်.. ။

မျက်နှာတည့်တည့်ကြည့်ပြီး အတည်ပေါက်ကြီးအတင်းတုတ်မေ့သည်။ သိသိကြီးနဲ့ ပြောထွက်နေတာ ဘယ်လိုပြောင်တဲ့မျက်နှာလဲ.. ဂျီတူးဆိုတာ Grade Girl ကိုအတိုခေါ်တာဖြစ်သည်။ ဒီနာမည်တွေ့ သူမ ဆိုင်ဖွင့်ခဲ့တာ ရန်ကုန်မှာနှစ်ဆိုင် မန္တလေးမှာနှစ်ဆိုင်.. ။

"ရောင်းမှာမှန်းသိလို့ သွားမေးတာကို အလေးတင်းနေလို့..ဟွန်း.."

မှန်းစရာကောင်းသည့်ရယ်သံကြောင့် ဒေါသသည်ကုန်းဆင်းမှာ လံ ဗာနင်းမိတဲ့အတိုင်း.. ။

"ရှင့်ကိုဘယ်သူက ရောင်းမယ်ပြောလိုက်လို့ သူများဆိုင်ထဲထိသွား ပြီး စော်စော်ကားကား.."

"ရောင်းမှာလားမေးတာ စော်ကားရာကျသွားလို့လား..ဂျီတူးတွေ ကုန်ငါဝယ်ထားတာ၊ ဒီတစ်ဆိုင်ကျမှ.."

"ဒီတစ်ဆိုင်ဖြစ်ဖြစ် အဲ့နေရာကကြမ်းတစ်ချောင်းပဲဖြစ်ဖြစ် သူများ ပိုင်နက်ဆိုရင် ကျူးကျော်စော်ကားတာပဲ..အဲ့ဒါလူမှုရေးမရှိတာ၊ ရိုင်းစိုင်း တာ.."

"ဟား..ဘာဖြစ်လို့စွတ်ကောနေတာလဲ၊ ငါမင်းကိုဈေးမေးနေတာ မဟုတ်တာ.."

"စံနစ်..ရှင်.."

မျက်လုံးချင်းဆုံတော့ စံနစ်မျက်လုံးတွေက တည်ငြိမ်နေပေမယ့် လှောင်ရယ်ခြင်းတွေနဲ့ဖြစ်လျက် သိုကဒဏ်ရာရနေသည့် ကျားသစ်တစ် ကောင်လို.. ။

"ရှင်ကျွန်မကို အဲ့လိုပြောဆိုနှိမ့်ချနိုင်ဖို့ ဘယ်လောက်တောင်လုံးပမ်း နေခဲ့တာလဲ..အဲ့ဒီမိန်းမဘာမှမဟုတ်ဘူးလို့ ပြောဖို့အတွက်လေ.."

"ဂျီတူးကမင်းလား.."

ထူးခြားမှုမရှိသည့်မျက်နှာနှင့် မသိသလိုဟန်ဆောင်နေသေးသည်။ ပြီးတော့ အိတ်ကိုစားပွဲပေါ်လှည့်တင်လိုက်ပြီး.. ။

"ဒါဆိုရင်တော့ တိုက်ဆိုင်တာဖြစ်မှာပါ..ဂျီတူးရှိတဲ့နေရာတွေက ပျံ သားအတွက် အဆင်ပြေမယ့်နေရာတွေ ဖြစ်နေလို့၊ အခုဂျီတူးကလည်း



အလင်းသိုအတွက် ဖြေရှင်းလိုက်ရတဲ့ ပြဿနာတစ်ခုနဲ့သက်ဆိုင်တယ်.."

သိုက စူးစူးဝါးဝါးကြည့်နေပြီး ဘာမှမမေး.. ။

"ငါ့သားနေမလောင် မီးမခဖို့အတွက် ငါဘက်ကအဲ့လိုတွေလုပ်ရ တယ်..ဒါကြောင့် အလင်းသိုဆိုရင် သူသွားမယ့်လမ်းကရှင်းပြီးသားဖြစ် နေတာပေါ့..သူ့အဖေက ရှေ့ကိုလည်းကာတယ် နောက်ကလည်းလိုက် ရှင်းတယ်..အခုမင်းရဲ့ဂျီတူးကို ကကဆိုတဲ့မိန်းကလေးရဲ့အဒေါ်အတွက် လိုချင်တာ.."

"ရှင်လိုချင်တိုင်းမရဘူး.."

"ခုမရလည်းဖြစ်ပါတယ်..မင်းအဆင်ပြေမယ့် တစ်နေ့ပေါ့.."

"ရှင်ကသားအတွက်လို့ ခေါင်းစဉ်တပ်ပေမယ့် ကျွန်မကနမ်းဖြူးပေး မယ် အမှတ်မယူဘူးစံနစ်..အဲ့ဒီတော့ ရှင်ကသိပ်လိုချင်နေပေမယ့် ကျွန်မ အဆင်မပြေဖြစ်လာမယ့် တစ်နေ့နေ့မှာလည်း ရှင့်ကိုတော့မရောင်းဘူး.."

"ဟား ဟား ဟား ဟား.."

ရယ်သံကို ဒေါသထွက်နေပေမယ့် မနေတတ်သည့်စိတ်က မျက်လုံး မှာ အမြင်မတော်သည့်နေရာကို အရင်ရောက်သွားသည်။ စံနစ်ဒီတိုင်း ထားလိုက်သဖြင့် အိတ်တွေစောင်းကျကာ အထဲကသစ်သီးတွေစောင်း ထားသည့်ဘူးထဲက ဘာတွေမှန်းမသိသော စိမ့်ထွက်လာသည့်ဆီတွေ..၊

သိုအနားရောက်သွားကာ ကောက်သိမ်းမလို့ လက်လှမ်းပြီးမှ ချက် ချင်းပြန်ရုတ်၏။ ပြီးတော့မှ.. ။

"ဒေါ်စိုးရေ.."

သူမလှမ်းခေါ်တာရော ပစ္စည်းတွေသိမ်းဖို့ပြောတာရော စံနစ်ကဒီ တိုင်းရပ်ကြည့်နေ၏။

"ဘာဆီတွေဖြစ်ဖြစ် ဆပ်ပြာတွေရေတွေနဲ့ မဆေးနဲ့..တစ်ရှူးနဲ့သုတ် မှန်ကြည်ဆေးနဲ့ပြန်သန့်လိုက်.."

"ဟုတ်ကဲ့ပါ.."

"မီးဖိုထဲမှာ ချက်ပြုတ်တာတွေ ပြီးပြီလား.."

"ငါးခေါင်းချဉ်ဟင်းလေးပဲ ကျန်တယ်မသို..ရေအနေတော်ဆို မီးပိတ် ..."

"ကျွန်မမီးဝင်ပိတ်လိုက်မယ်..ဒေါ်စိုးသန့်ရှင်းရေးလုပ်ပြီးရင် ချက် ပြုတ်တာတွေ ဝင်မကိုင်နဲ့တော့.."

သူမကပြောနေရင်း ဒေါ်စိုးအတွက် မှန်ကြည်ဆေးဘူးကြီးနှင့် ပဝါ

www.burmeseclassic.com

www.burmeseclassic.com



တွေပါ ထုတ်ချပေးနေသည်။ တင်ပါးအောက်ထိဖြာဆင်းနေသည့် ညို
မောင်းသောဆံနွယ်ရှည်တို့ တလွန့်လွန့်ဝေ့ခါနေအောင် သူမလှုပ်ရှား
တိုင်း လေးလံနှေးကွေးနေတာမရှိ.. ။

သူမကိုစံနစ်ကကြည့်နေရင်း မသိမသာပြုံး၏။ ညအိပ်ရာဝင်တိုင်
ပြီးတော့ မနက်အိပ်ရာနိုးတိုင်း သူ့ဘေးမှာလှုပ်ရှားနေတတ်သည့် သူမ
ပုံရိပ်လေးတွေ ပျောက်ကွယ်နေခဲ့တာ ကြာပါပြီ။ ညစဉ်လိုလို သူမက်ခဲ့
အိပ်မက်တွေထဲမှာ သူ့ဘေးကိုသူမပြန်ရောက်နေခဲ့သည်။ ဒီလိုပုံရိပ်လေး
တွေနဲ့ ဖျတ်ခနဲရောက်လာပြီး ဖြုတ်ခနဲပျောက်သွားခဲ့၏။

သူမြင်နေရတာ အိပ်မက်တော့မဟုတ်ဘူးထင်သည်။

♥♥♥

အခန်း(၃၅)

"ဘိုးဘိုး ဘာလုပ်နေတာလဲဟင်.."

မျက်မှန်ပါဝါထူထူကြီးနှင့် ခေါက်စားပွဲလေးရှေ့မှာချပြီး အကြိတ်
အနယ်ရေးနေသဖြင့် သိုအနားရောက်သွားခဲ့သည်။ ဦးကုဋ္ဌေက မော့ကြည့်
ပြီး သူရေးနေသည့်စာရွက်ကို လက်နဲ့ပုတ်ပြသည်။ ပြီးတော့ အသံသြကြီး
ခပ်လေးလေးနှင့်.. ။

"စာရေးတာ ပိုမြန်တယ်.."

"မဟုတ်တာဘိုးဘိုးရယ်..စာရေးပြောနေရင်းနဲ့ မပြောတာကြာရင်
ပိုပြီး ပြောရခက်လာမှာပေါ့.."

ဦးကုဋ္ဌေက ခေါင်းခါ၍ သူရေးထားတာတွေကို ဖက်ဖို့ပြသည်။ သို
ကအနားထပ်တိုးပြီး စာတွေကိုငုံ့ဖတ်လိုက်၏။

.....စံနစ်ကို ဒီမှာပဲလာနေစေချင်တာ..မြေးက ဘိုးဘိုးကိုတစ်မျိုးထင်
မှာလား......

......မြေးရယ် မြစ်ရယ် ဘိုးဘိုးနေချင်တာပါ..စံနစ်က ဘယ်တုန်း
ကမှ ခေါ်လို့မရခဲ့ဘူး.......

......မနေ့ကရောက်လာတော့လည်း သူရှိတာထက် မြေးရှိနေတာ
ဘိုးဘိုးအတွက် ပိုကောင်းတယ်ဆိုပြီး လက်မခံဘူး.....

.....ဘိုးဘိုးကတော့ မြေးတွေစုံစုံလင်လင်နဲ့ နေချင်တဲ့ဆန္ဒရှိတယ်..
မြေးတို့ကို ပေါင်းဖက်ပါလို့လည်း မတိုက်တွန်းပါဘူး..ဘိုးဘိုးမျက်စိ
အောက်မှာ သိုက်သိုက်ဝန်းဝန်းလေး မြင်သွားချင်ရုံပါ......

စာတွေကိုဖတ်ကြည့်ပြီး ပြန်ကြည့်လိုက်တော့ ဦးကုဋ္ဌေက သူမအ
ဖြေကို ငံ့လင့်နေသည့်မျက်ဝန်းတို့ဖြင့် ငိုင်တွေတွေကြီး ကြည့်နေ၏။ သို
စိတ်မကောင်းဖြစ်သွားမိသည်။ သူမကလည်း သူလေးနဲ့လူမမာအတွက်

www.burmeseclassic.com

www.burmeseclassic.com



လာနေခဲ့တာဖြစ်သလို စံနစ်ကလည်း ကိုယ့်ကိုမျှော်လင့်နေတဲ့ပုံမရှိ

ဒီအတွက် သူမဘက်က ဘာမှသံသယပွားနေဖို့ မလိုပေ။ ဘိုး
ခများ အသက်ကြီးတဲ့အထိ ဟိုဒီကြောင့်ကျရင်း တစ်ယောက်တည်းအ
ကျန်နေခဲ့ရရှာသည်။

"ဘိုးဘိုးစိတ်ချမ်းသာဖို့ လိုတာပါ..စံနစ်ဒီမှာနေတဲ့အတွက် သ
ဘာမှပြောစရာမရှိပါဘူး.."

ဒါ သူ့အိမ်ပဲဆိုတာတော့ ထည့်မပြောမိတော့ဘဲ.. ၊

"ဘိုးဘိုးမြန်မြန်ကျန်းမာလာတော့ သမီးတို့လည်း စိတ်ချနိုင်
ပေါ့.."

ဘိုးဘိုးနေကောင်းတာနဲ့ ကိုယ်လည်းသွားမှာမို့ ဒါကဘာမှမ
ဖြူစရာမရှိပါ။ ကွဲကွာပြီးသား လင်မယားနှစ်ယောက် တစ်အိမ်တည်း
နေတဲ့အတွက် ပတ်ဝန်းကျင်ပုတ်ခတ်ပြောဆိုလာမှာတွေကတော့ အာ
က ကိုယ့်အကြောင်းနဲ့ကိုယ်.. ၊

"စာရေးတာနားလိုက်ပါတော့..ဘိုးဘိုးလက်တွေတုန်နေပြီ.."

လက်တွေပါ မသယ်နိုင်မကြွနိုင်ဖြစ်နေသည့်ရောဂါကို ဇွတ်ကြိ
ရေးနေသဖြင့် ဦးကုဋေသိသာစွာ တုန်နေခဲ့၏။ သို့သော် စာတွေချရေ
ဆဲဖြစ်လျက်.. ၊

......ကလေးပြန်လာရင် ဘိုးဘိုးဆီလွှတ်ပေးပါ..........

ရေးပြီး သို့ကိုဖတ်ခိုင်းပြန်သည်။ သို့သော် သိုဘာမှမပြောရသေး
ဦးကုဋေထိုင်လျက်ကနေ ဘေးတိုက်ယိုင်ကျသွားခဲ့ပြီး.. ၊

"ဘိုးဘိုး.."

"ဟာ..ဘိုးဘိုးကြီး.."

ကျောင်းကပြန်လာသည့် အလင်းလည်းလွယ်အိတ်တောင် မဖြု
နိုင်ဘဲ ဘိုးအေဆီပြေးလာ၏။ ဦးကုဋေသည် သတိလစ်သွားတာလ
မဟုတ်။ ခေါ်လို့လည်းမရတော့ဘဲ မျက်လုံးပွင့်လျက်သားနှင့် နှုတ်
တွေလှုပ်နေရင်း အသံလည်းမထွက်တော့ပေ.. ၊

"ဘိုးဘိုးကြီး..ဘိုးဘိုးကြီး သားပြောတာကြားနေရလားဟင်၊ မေ
ဘိုးဘိုးကြီးဘာဖြစ်တာလဲ.."

အလင်းခြေမကိုင်မိ လက်မကိုင်မိဖြစ်သွားတာကြောင့် သိုပိုပြီးထိ
လန့်သွားခဲ့သည်။ ထို့ပြင် လွတ်လပ်မှုကိုကြိုက်တတ်သော ပျော်ပျော်
တတ်သည့် လူငယ်လေးတစ်ယောက်က သူ့ဘိုးအေအပေါ် ဒီလောက်



ရှိမ်နေခြင်းက မယုံနိုင်ဖွယ်. ၊

"နေဦးသား..ဘိုးဘိုးကိုဆေးရုံပို့မှဖြစ်မယ်.."

သားအမိနှစ်ယောက်တည်း ပြေးလွှားရင်း ဦးကုဋေကိုဆေးရုံတင်
လိုက်ရသည်။ ညကိုးနာရီထိုးတဲ့အထိ လူနာကစကားမပြောနိုင်သေးသလို
နှစ်ကို ဖုန်းဆက်တာလည်းမရ.. ၊

"ရုပ်ကိုစိတ်ကဆောင်နေတဲ့အတွက် ခံနိုင်ရည်ရှိနေသလို ထင်ရပေ
ယ့် မခံနိုင်တဲ့အားကို မရမကညှစ်ထုတ်သုံးဖို့ မသင့်ဘူး..အဲ့လိုရှော့ခ်
တာမျိုးက အသက်အန္တရာယ်ထိဖြစ်သွားနိုင်တယ်.."

"ဟုတ်ပါတယ်ဆရာ..ဘိုးဘိုးက သူ့အတွက်သူများမှာ တာဝန်ကြီး
နေတယ်ဆိုတဲ့ စထရက်ကြီးနဲ့ သူ့တာဝန်သူယူဖို့ပဲ အမြဲကြိုးစားနေတာ.."

"အဲ့လိုမရဘူး..လူနာကိုစိတ်ရောကိုယ်ပါ သက်တောင့်သက်သာဖြစ်
အားလုံးကဂရုစိုက်ရမှာ.."

ဆရာဝန်လည်း သေချာရှင်းပြနေတာမို့ သိုနားထောင်နေမိသည်။

"အထူးသဖြင့် ဒီအသက်အရွယ်ထိ အသက်ရှည်လာတာကိုပဲ ငါကျေ
နပ်ပြီ သေမယ်ဆိုသေပျော်ပါပြီဆိုတာမျိုး လူကြီးတွေက စိတ်ကိုလျှော့
ချလိုက်ကြတာပါ..ဆရာဝန်ဆိုတာလည်း ခံစားနေရတဲ့ဝေဒနာကိုပဲ ကု
ပေးနိုင်တာ၊ သေခြင်းရှင်ခြင်းကိုတော့ မိမိကိုယ်တိုင်က အလိုရှိနေမှဖြစ်
မှာပေါ့..မဟုတ်ဘူးလား.."

သတိလစ်နေတာမဟုတ်သောကြောင့် ဆရာဝန်ပြောနေတာကို ဦး
ကုဋေလည်း ကြားနေလိမ့်မည်။

"ကိုယ်ကိုယ်တိုင်အသက်ရှင်ချင်မှ ရှင်သန်ဖို့အတွက် ခုခံနိုင်တာ..ဒါ
ကြောင့် လူကြီးတွေအသက်ကြီးလို့ ကျဆင်းလာတဲ့စိတ်ခွန်အားတွေကို
ကျန်တဲ့မိသားစုတွေက တတ်နိုင်သမျှ မြှင့်တင်ပေးရမယ်.."

ဆရာဝန်ကရှင်းပြတော့ ဖေဖေ့ကိုသတိရလိုက်မိသည်။ မေမေဆုံး
သွားတည်းက စကားနည်းသွားကာ အလုပ်တစ်ခုခုလုပ်နေရင်း မိမိဘာ
သာတိတ်ဆိတ်ခြင်းကို ဖန်တီးသည်။ အထီးကျန်နေပါသည်လို့ လ
ယ်တော့မှ မညည်းခဲ့ပေ။

သမီးတစ်ယောက်သားနဲ့ကွဲကွာပြီး အိမ်ထောင်ပျက်ခဲ့ရသည့်အဖြစ်
ပဲ ဖေဖေ့အတွက်တရားရစရာဖြစ်သွားခဲ့သည်လားမသိ။ စံနစ်ကပြန်
ဖို့ ခေါ်နေတိုင်း သို့ကိုအိမ်ထောင်ကွဲအောင်မလုပ်ဖို့အမြဲနားချသည်။
နောက်ဆုံးမှာ ကလေးကိုပြန်ခေါ်ဖို့ တိုက်တွန်းခဲ့သေးသည်။ မရသည့်အ

www.burmeseclassic.com

www.burmeseclassic.com



ဆုံးမှာတော့ သိုခေါင်းမာလွန်းတာကို ဖေဖေလက်လျှော့သွားခဲ့သည်။

မိတ်ဆွေသင်္ဂဟမဆိုထားနှင့် အတူနေသည့်သမီးတစ်ယောက်လုံးကို တောင် တစ်နေကုန်လို့ မျက်နှာချင်းဆိုင်ပြီး စကားတစ်ခါပြောဖြစ်တယ် ဆိုတာ ခပ်ရှားရှား။ ဘိုးဘိုးကြီးနဲ့သားလေး တစ်ခါလာလည်တော့ စကား ပြောဖြစ်တာတောင် ဘိုးဘိုးကိုယ်တိုင်ဖေဖေ့ကို သြောချသွားခဲ့သည်။

"မင်းလိုနေတတ်ချင်တာ ကိုညို..မင်းတကယ်အေးချမ်းအောင်နေ တတ်တယ်၊ မြစ်လေးကို ငါရခဲ့လို့ မင်းအပေါ်မတရားသလိုတောင် ခံစား မိခဲ့ပါတယ်..ဒါပေမယ့် ငါ့ကဖောင်စီးရင်း ရေငက်နေတဲ့သူကွ မင်းသိ လား၊ မြစ်လေးကိုငါ့မြေးက သူနဲ့ပဲထားတာ..ငါ့ဆီမှာနစ်ဆယ့်လေးနာ ရီပြည့်အောင် ထားတာမဟုတ်ဘူး..သူ့ရောဘိုးအေဆီဝင်ထွက်လားမေး ကြည့် လုံးဝမလာဘူး.."တဲ့.. ၊

ဘိုးအေနှစ်ယောက်က အသက်ချင်းကွာသလို နေထိုင်ကြပုံချင်း လည်း မတူပေ။ ခုချိန်မှာ ဖေဖေ့ကိုပြုစုခွင့်မရလို့ သိုသတိရတိုင်း စိတ် မကောင်းဖြစ်ရပေမယ့် ဖေဖေကလည်း သားသမီးနဲ့နွေးထွေးဖို့ မျှော်လင့် နေတဲ့သူမဟုတ်ပေ။ ဘိုးဘိုးကျတော့ စံနစ်ဆီကနွေးထွေးမှုကို အမြဲတမ်း မျှော်လင့်နေခဲ့ရှာသည်။

သူ့စကားကိုမြေဝယ်မကျနားထောင်ပြီး သူ့မျက်စိအောက်မှာပဲ ရှိနေ စေချင်သည့် မျှော်လင့်ချက်တွေနဲ့ ကာလတာရှည်စွာ အထီးကျန်နေခဲ့ရ သည်။ ခုလို ဒုက္ခိတတစ်ပိုင်း ရောဂါဝေဒနာခံစားနေရသည့်အချိန်မှာဆို ဘယ်လိုနေမလဲ.. ၊

ဆရာဝန်ပြန်ထွက်သွားတော့ ဦးကုဋ္ဌေရဲ့မျက်ဝန်းထောင့်မှာ မျက် ရည်စတချို့ကို မြင်လိုက်ရကာ သိုပျာပျာသလဲဖြစ်သွားခဲ့လျက်.. ၊

"ဘိုးဘိုး ဘိုးဘိုးဘာမှမဖြစ်ဘူးဘိုးဘိုးရဲ့..ပြန်ကောင်းသွားမှာပါ၊ စံနစ်ကိုလည်း.."

"ဟား..ဖေဖေ အခုဘိုးဘိုးက.."

အလင်းရဲ့ဖုန်းပြောသံကြောင့် သိုထိတ်လန့်သွားမိသည်။ အလင်း လည်း ပြောရင်းဝင်လာတာမို့ ဦးကုဋ္ဌေလှမ်းကြည့်နေသည့် မျက်လုံးတွေ နဲ့ ဆုံလိုက်ကာမှ ကြောင်အမ်းအမ်းဖြစ်သွား၏။ ပြီးတော့ ဘာမှမဟုတ် သလို ပြုံးလိုက်ရင်း.. ၊

"ဖေဖေက လာနေပြီတဲ့..မနေ့က ဖားအံကိုအရေးတကြီး ထွက်သွား ရတာတဲ့ ဘိုးဘိုးရဲ့ ပြန်လာနေပြီ နောက်ကျနေလို့တဲ့.."



တကယ်ဟုတ်သလား မဟုတ်ဘူးလား ဘိုးဘိုးယုံသွားလား မယုံဘူး ဆိုတာမသိ။ အလင်းပြောလိုက်သည်နောက်မှာ ဦးကုဋ္ဌေမျက်လုံးတွေ သွားသည်။ ဂျူတီကျဆရာဝန်တွေနဲ့ သူနာပြုတွေမကြာမကြာဝင်လာ လိုအပ်သည့်စမ်းသပ်စစ်ဆေးမှုတွေ လုပ်ကြပေမယ့် မျက်လုံးမဖွင့် ဘဲ နေ၏။

"သား..သားအဖေတကယ် ခရီးသွားနေတာလား.."

အပြင်ကိုခေါ်ထုတ်လာပြီးမေးတော့ အလင်းကဆံပင်တွေဖွပစ်ပြီး ခါသည်။

"ဖုန်းမကိုင်တာလား..ခေါ်လို့ကိုမရတာလား.."

"ဖေဖေက သူ့အလုပ်အရေးကြီးနေရင် ဘယ်တော့မှဖုန်းမကိုင်ဘူး.." လို့စိတ်ပျက်သံနှင့်ဖြေသည်။ မိသားစုချင်း ဖုန်းခေါ်တဲ့ဖုန်းသီးသန့် သည်။ အလုပ်ချိန်တွေမှာဆို မကိုင်ဘဲထားသည့်ဖုန်းကလည်း မိသား ပဲဖြစ်ကာ.. ၊

"သားနဲ့ခုနပြောလိုက်တယ်မို့လား.."

"အဲ့ဒါသားခေါ်လွန်းလို့ ကိုင်တာ..ဘာမှကိုမပြောလိုက်ရဘူး၊ သား ပြောက်သွားတာ.."

အစည်းအဝေးချိန်တွေ တခြားအရေးကြီးတဲ့အချိန်တွေမှာ ဖုန်းမကိုင် ဆိုတာ မှန်သလား..။ လူတစ်ယောက်မှာ မိသားစုထက်အရေးကြီးတာ ရှိသေးလို့လဲ..။ အထူးသဖြင့် ကိုယ်ချစ်တဲ့သူတွေ သေရေးရှင်ရေးဖြစ် ရင် ဒီဖုန်းမကိုင်မိတဲ့ခဏနောင်တ ဘယ်လောက်ဆိုးသလဲ သင်းမခံဘူး းမလည်တာလား.. ၊

ဖုန်းထုတ်လိုက်ပြီး သူ့ကိုခေါ်ဖို့ လက်ကရောက်လိုက်သေးသည်။ ဘာမှ အိတ်ထဲပြန်ထည့်လိုက်ပြီး.. ၊

"သားအဖေဘယ်မှာလဲ သားသိလား.."

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၆)

"ကျွန်တော့်အခက်အခဲကို ကူညီပေးတဲ့အတွက် ကိုစံ့ကိုသဲနံ့ခ်ယူဖျ

"ရတယ်.."

"ကိုမင်းခန့်ဇော်ရေ..ကျုပ်တို့လေးယောက် တစ်ကားပေါင်းစီးလို့ တော့မယ်.."

"သူဌေးဦးအကျိန်းတို့ကို လေဆိပ်ထိ ကျွန်တော်နဲ့ဦးမိုးပို့လိုက်မယ်.."

ဟိုတယ်လ်ကနေ မိတ်ဆုံဒင်နာပြီးသည်နှင့် ရောက်လာသည့် သည်ကိုရော ပြည်ပထွက်ခွာမည့် ဧည့်သည်ကိုပါ သွားလိုတဲ့နေရာ ရောက်ပို့ကြဖို့ အိမ်ရှင်ဖြစ်သူတွေထဲကနေ တာဝန်တွေခွဲဝေလိုက်ကြသ

လူဆယ့်တစ်ဦးထဲမှာ တစ်ဦးတည်းပါလာသည့် အမျိုးသမီး သည်က မန်နေဂျင်းဒါရိုက်တာတစ်ဦး၏ ကိုယ်စားလှယ်အဖြစ် ဒင်နာ တက်ရောက်လာသော ချောစုနဒီဖြစ်လေသည်။ သူမက ဘေးကွဲပါသ ကြက်သွေးရောင်အသားကပ်စကက်ရှည်နှင့် ပခုံးစွန်းနှစ်ဖက်ထိပေါ် သော ခါးတိုလက်ရှည်ကိုယ်ကျပ်ကိုဝတ်ထား၏။

ထို့ပြင် ရင်ညွန့်အောက်ထိရှည်သော အသားရောင်ပြားစေ့အရွယ် တီးကုံးကို နှစ်ထပ်ဆွဲထား၏။ လက်ကောက်တွေ နားဆွဲတွေကအစ ကြိုးနဲ့ဆင်တူဝတ်ထားကာ သက်လတ်အရွယ်လွန် ယောကျ်ားတွေထဲမှ သူမက နုငယ်ဖွံ့ထွားလျက်.. ၊

"ကဲ..ဒီကဘယ်သူ့ကားပေါ်တက်ရမှာလဲတောင် မသိတော့ဘူး.."

သူမစကားဟလိုက်တာနှင့် အားလုံး၏အကြည့်တွေက စံနစ်နဲ့က ဆီ တန်းခနဲရောက်ကြ၏။ စီးပွားရေးလုပ်ငန်းရှင်တွေအားလုံးထဲမှာ စံနစ် က သက်ငယ်ပိုင်းကျပြီး နုပျိုသောရုပ်ရည်ရူပကာလည်းရှိရာ နှစ်ဆယ် ကျော်မိန်းမလှလေးတစ်ယောက်နှင့် တွဲဖက်ပေးလိုက်ဖို့အတွက် ကို



ပင်ဖို့မလိုဘဲ အတည်ပြုလိုက်ကြလျက်.. ၊

"ကိုစံအဆင်ပြေတာပဲ.."

"ကိုစံကတစ်ယောက်တည်းပြန်မယ့်သူပဲ.."

"ဘယ်လိုလဲကိုစံ.."

ဖုန်းထဲက မစ်ကောလ်တွေဖွင့်ကြည့်နေရင်း စံနစ်ကလှည့်ကြည့် သည်။ ချောစုနဒီက နားဆွဲလေးလွှဲရမ်းသွားတဲ့အထိ မျက်နှာလေးမော့ လိုက်ပြီး ပြုံးပြကာ.. ၊

"ချောလိုက်လို့ရရဲ့လားဆရာ.."

"ဘာလို့မရရမှာလဲ..သူ့ကိုတစ်ယောက်လေးပဲ တာဝန်ပေးထားတာ."

"ဟုတ်တယ်..ကျုပ်တို့ဆို သုံးယောက်တောင်မှ.."

စံနစ်က မစ်ကောလ်တွေဖွင့်ကြည့်ပြီး စိတ်ကအိမ်ကိုရောက်နေပြီဖြစ် သည်။ သားပြောတဲ့စကားသံက တစ်ခုခုအရေးကြီးနေမှန်းသိသည်။ အ ကိုးနဲ့ပတ်သက်နေတာလည်း ဖြစ်နိုင်သည်။ အလုပ်နဲ့ပတ်သက်လျှင် တစ် ခုကိုမှ နောက်ဆံမတင်းချင်သည့် သူ့အကျင့်ကလည်း အရေးကြီးသမျှ ရာရာတိုင်းမှာ လက်ရှိရင်ဆိုင်နေရသည့် အရေးကြီးကိုသာ ဦးစားပေး မည်ဆိုသည့် သတ်မှတ်ချက်ရှိထားခဲ့ရာ.. ၊

"ချောက ဦးချစ်မြိုင်လမ်းထဲမှာနေတာမို့လား.."

"ဟုတ်.."

"တွေ့လား..တွေ့လား၊ သူစိမ်းတွေမဟုတ်ကြတာ.."

"သိနေကြတာများ.."

"ဟာ မဟုတ်ပါဘူးအန်ကယ်လ်ကလည်း..ဆရာက ချောတို့သူဌေး နေ့မှာတည်းက အပြန်လမ်းကြုံလို့ အိမ်လိုက်ပို့ပေးခဲ့ဖူးတယ်..အဲ့ဒါ ကြောင့် သိနေတာပါ.."

ချောကဝင်ရှင်းပြပေမယ့် လူလွတ်နဲ့အပျိုလေးမို့ စနောက်သည့်အပြုံး က ပျောက်ကွယ်မသွားခဲ့ဘဲ.. ၊

"ဟုတ်ပါပြီ..ခုလည်းလမ်းကြုံ.."

"မကြုံဘူးထင်တယ်..ကျွန်တော်က.."

"စံနစ်ရာ ကြုံကြုံမကြုံကြုံ မင်းပဲတစ်ယောက်တည်းသွားမယ့်သူရှိ ..မင်းခေါ်သွားမှ အဆင်ပြေမှာကို.."

"ရပါတယ်ဆရာ..တံတားထိပ်ထိပဲပို့ပေးပါ၊ ဟိုအကဲကိုတက္ကစီငှား ရင် နီးနေပါပြီ.."

www.burmeseclassic.com

www.burmeseclassic.com



ဒါကျတော့ ဥပေက္ခာထားလိုက်ဖို့ ဘယ်လိုမှမကောင်းတတ်
ကာ.. ။

"အိုခေလေ..အိမ်ထိလိုက်ပို့ပေးပါမယ်၊ တက်.."

သူကိုယ်တိုင်ပဲ သူမအတွက်တံခါးဖွင့်ပေးလိုက်လျှင်.. ။

"အဲ့လောက်ထိ ရှင်အချိန်ထပ်ယူလို့ မရတော့ဘူးစံနစ်.."

သူ့ရှေ့မှာ ဘယ်လိုရောက်လာလိုက်မှန်းမသိဘဲ သို့ကိုရုတ်တ
မြင်လိုက်ရလျှင် စံနစ်အံ့သြသွား၏။ ထို့ပြင် သိုကသူ့လံက်ကိုဖိ
လိုက်ပြီး ကားတံခါးကိုအသာလေးပြန်တွန်းပိတ်လိုက်ရင်း.. ။

"လူကြီးမင်းတို့ကို အားနာပါတယ်ရှင်..သူ့အဘိုးအသည်းအသ
နေလို့ပါ.."

"ဟာ.."

"ဆောရီးပါဗျာ.."

သူမက လူအားလုံးကို ဝေ့ကြည့်ပြီး ခေါင်းတစ်ချက်ငုံ့၍.. ။

"ဖုန်းဆက်နေတာလည်း မရလို့ လိုက်ခေါ်ရတာပါ.."

အကြောင်းရင်းကိုပြောပြီး ချောကိုကြည့်ကာ.. ။

"သူမလိုက်နိုင်ပေမယ့် ကားယူသွားလို့တော့ ရပါတယ်..ကား
စံနစ်ဆီက ကားသော့ကိုပါ ဆွဲယူလိုက်ပြီး ချောလက်ထဲလှမ်း
၏။

"မောင်းသွားလိုက်ပါ..လူနာကအရေးကြီးနေလို့ အမြန်သွား
ပါ.."

ချောစုနဒီဆိုတဲ့မိန်းကလေး ကားမောင်းတတ်ရဲ့လားမမေး။ 
သူတွေအမြင်မှာ ကောင်းတတ်ပုံမလားလို့ တွေးတာမျိုးလည်းမ
ပိုဆိုးတာက စံနစ်ဘယ်လိုလုပ်ချင်သလဲဆိုတာ မျက်နှာကိုတစ်
မကြည့်ဘဲ.. ။

"ကျွန်မကားနဲ့ပဲပြန်မယ်.."

လို့ အသိပေးရုံနှင့် သူမကကားဆီ ပြန်လှည့်သွားသည်။ 
သူမကျောထက်မှာ စည်းချထားသည့် ဆံနွယ်ရှည်ကြီးက သူမ
အလှည့်မှာ ဝေ့ခါလွှန့်လူးသွား၏။

"သူကဘယ်သူလဲ.."

"ဆံပင်ရှည်ကြီးနဲ့ တော်တော်လှတယ်လို့ကြားဖူးခဲ့တဲ့ စက
သူ့မိန်းမပဲ.."



"ဟုတ်လောက်တယ်..ကျွန်တော်လည်း အဲ့ပုံစံမျိုးလို့ ကြားဖူးတာဗျ၊
ဖြစ်နိုင်တယ်..သူတို့ပြန်ပေါင်းသွားကြတာလား.."

သူမထွက်သွားပြီးမှ နောက်ကလိုက်လာခဲ့သည့် စံနစ်ကတော့ ကျန်
ရစ်ခဲ့သည့်လူတွေ ပြောသမျှကို သေချာကြားခဲ့၏။ သိုကတော့ ကြားပေ
မယ့် နားစွံနားဖျား။ သို့သော်.. ။

"ဝေါ်..ဒုန်း.."

"ဖြည်းဖြည်းထုတ်လေ..ဘာတွေရှောင်စရာရှိလို့ အတင်းဇက်ချိုးကွေ့
နေတာလဲ.."

"ကျွန်မဘာသာဘယ်လိုကွေ့ကွေ့ ဘယ်ငဲ့မောင်းမောင်း ရှင့်အပူမ
ပါဘူး.."

"ပါတာပေါ့ကွ..မင့်ကားဒီလောက် ဒိတ်အောက်နေတာ အကြမ်းပ
တမ်းစွတ်တင်နေတော့ အိတ်ဇောကအနံ့တွေလာတာပေါ့.."

ကားကိုလမ်းပေါ်ထိ မောင်းတက်လိုက်ပြီးမှ သိုကဆတ်ခနဲလှည့်
ကြည့်သည်။ လမ်းပေါ်ကမီးရောင်တွေ တစ်ချက်တစ်ချက်ဖြတ်နေပေမယ့်
မျက်လုံးကဒေါသကြောင့် မှန်ရောင်ထနေ၏။

"ရှင့်ရဲ့ပါတနာတွေနဲ့ ကောင်းကောင်းစားသောက်ပြီး ကားကောင်း
ကောင်းနဲ့ အေးဆေးပြန်ဖို့ပဲရှင်တွေးနေတာလား.."

"အဲ့ဒါပဲတွေးနေတာတောင် မင်းရှောင်တခင်ဝင်ဆွဲလာလို့ အဲ့ရုံကွန်း
မကောင်း အိတ်ဇောနံ့တွေဝင်နေတဲ့ ကားပေါ်ခုရောက်နေရသေးတယ်."

"စံနစ်.."

"ဘာလဲ.."

"ဆေးရုံတင်လိုက်ရတာ ရှင့်အဘိုးနော်.."

စံနစ်အသံတိတ်သွားသည်။

"ရှင်ဘယ်လိုအတွေးတွေနဲ့ နေနိုင်တာလဲ..အဘိုးကိုဘာတွေမကျေ
လို့ အနားမကပ်ချင်အောင် ဖြစ်နေရတာလဲ၊ ဘယ်အချိန်မှာ ဘယ်လို
နေ အိုးကြီးအိုနာဖြစ်လာတဲ့အချိန်မှာတော့ ရှင်ဂရုစိုက်သင့်ပါတယ်..
ပါလက်ပါမရှိရင်တောင် စိတ်ပါသလို ရှင်ဖြည့်ဆည်းပေးသင့်တယ်..
ကြီးကလည်း.."

"ဟော့..ဟော့ မင်းအဲ့လောက်ဒေါသတွေထွက်နေရင် ကားမောင်းလို့
ဘူးနော်..ဘေးချရပ်လိုက်.."

"ပူမနေနဲ့..ရှင်တစ်ယောက်တည်းသေမှာမဟုတ်ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"ဒုန်း..."
"ဟ.."
ကားက တစ်စီးပြီးတစ်စီးကျော်တက်ကာ ဒေါသတကြီးပြေးလျ
ဖြတ်ကျော်နေခဲ့လျက်.. ၊
"ကျွိ.."
"ဟေ့.."
"ဒုန်း..ဒုန်း..."
တစ်ဖက်ကကွေ့လာသည့် ကားတစ်စီးကဘွားခနဲပေါ်လာကာ က
နှစ်စီးလုံး လွတ်ရုံလေးပွတ်ကာသီကာ ရှောင်လိုက်ကြရကာ.. ၊
"အား..ကျွတ် ကျွတ်.."
ဟိုဘက်ကားက ဟူးဟူးရားရားဆက်မောင်းသွားပေမယ့် သိုကသိ
ထားသည့် လမ်းဘေးကကွမ်းယာဆိုင်လေးဆီ အရှိန်နဲ့ပြေးသွားသောက
ကိုမထိန်းနိုင်ဘဲ ပလက်ဖောင်းနဲ့ထိပ်တိုက်တိုး၍ ဆောင့်ခုန်၏။
"သို..ဟေ့ သို.."
စံနစ်ကိုယ့်ခေါင်းဆောင့်မိသွားတာကို ဒဏ်ရာရှာနေချိန်မရဘဲ
ပခုံးလေးကို လှမ်းကိုင်၍နှိုးသည်။ သူမစတီယာရင်မှာ ခေါင်းစိုက်နေ
မှ သူလှုပ်သည့်အတိုင်း မျက်နှာလေးမော့ပါလာ၏။
"သို..ဘာဖြစ်သွားလဲ သတိရလား.."
မေးနေရင်း စိုးရိမ်လာကာ သူမဘက်ကို ပြေးဆင်းသွားမိ၏။ သို
ရင်ဝကိုဖိ၍ ဆိုဖာမှာပျော့ခွေခွေလေး မှီလျက်.. ၊
"ရင်ဘက်အောင့်သွားတာ.."
"အဲ့ဒါကြောင့် ပြောနေတာကို သိပ်ခေါင်းမာတယ်မင်း.."
စံနစ်က သို့တစ်ကိုယ်လုံးကိုပွေ့၍ ကားထဲကဆွဲထုတ်ကာ ဟိုဘ
မှာ သွားပြောင်းတင်လိုက်၏။ ပြီးတော့ သူမရဲ့နဖူးနဲ့ဆံပင်ကြားတွေ
လက်နဲ့လျှောက်ဖွကြည့်ကာ.. ၊
"ခေါင်းထိသွားသေးလား.."
"ဟင့်အင်း.."
သူဖွလိုက်သဖြင့် သို့ခေါင်းမှာစည်းထားသည့် လက်ကိုင်ပဝါလေ
ပြေကျသွားကာ သို့ဆံပင်တွေဖားလျားပြန့်ကျလာ၏။ ဖွေးနုသည့်မျက်
လေးက ပို၍နုငယ်သွားသလိုရှိလျက် သူမမျက်နှာလေးကို အနီးကပ်
လိုက်ရသည့်ခဏမှာ စံနစ်မျက်ဝန်းတွေ လွှဲလို့မရအောင်ဖြစ်သွားခဲ့



သိုလည်း ငုံ့မိုးနေသည့် မျက်ဝန်းတွေကို ငေးနေမိကာ ဖျတ်ခနဲသတိ
ရလာလျှင် သူ့လက်တွေကို ပုတ်ခတ်ဖယ်ချပစ်လိုက်ပြီး.. ၊
"ပြန်မယ်.."
"အင်း.."
စံနစ်ကိုယ်ကို မတ်မတ်ပြန်ရပ်လိုက်ရင်း.. ၊
"မင်းရရဲ့လား.."
"မရလည်း အခုဆေးရုံသွားရမှာပဲ..မြန်မြန်တက်ပါဆို.."
"အဘိုးအခြေအနေက စိတ်ချရပြီမို့လား..အခုအသက်ဘေးနီးနေတာ
နဲ့ငါ.."
"ဘာ.."
ခုလေးတင် ရင်ဝအောင့်ပြီး ခွေခေါက်ကျသွားခဲ့သည်။ ထွက်လာ
သည့် 'ဘာ'သံက ဒေါသတကြီး.. ၊
"ရှင်အဲ့လိုတွေတွေးပြီး သာတောင့်သာယာနေနေတာပေါ့ ဟုတ်လား"
"ကျွတ်.."
"ဆေးရုံကဆင်းလာတာမကြာသေးတဲ့ အသက်ကိုးဆယ်လူကြီးတစ်
ယောက်ကို ရှင်က.."
"မင်းနဲ့သားနဲ့ရှိနေတာပဲကွ..အခုလည်း ဘာမှမဖြစ်ဘူး၊ အဲ့ဒါဘာ
ဖြစ်သွားနိုင်လို့ ဒီလောက်တောင်.."
"ဘာဖြစ်သွားနိုင်သလဲဆိုတာ ဘယ်သူကကြိုသိမှာလဲ..ဒါကြောင့်
ကြည့်နေရတာ ရှင်ကအဘိုးရဲ့သွေးသားရင်း.."
"ငါ့မှာလည်း.."
"ရှင်ကဖုန်းဆက်တာတောင် အကျိုးအကြောင်းနားထောင်သလား..
အဘိုးသက်သာမလာဘဲ တစ်ခုခုဖြစ်သွားရင် ရှင်ဘယ်လိုမြေးမျိုး
သွားမလဲ.."
"မင်းပဲအရင်တွေးကြည့်စမ်းပါ.."
သိုကမီးရောင်ကျနေသည့် စံနစ်မျက်နှာကို မချင့်မရဲကြည့်၍ ကျိကျ
ကစောင်းထိုး၏။ ဘယ်လိုလူစားလဲ..။ ဘိုးဘိုးဆေးရုံပြန်ရောက်
မြေးနဲ့အတူနေချင်လှပါသည်လို့ သူမကိုစာတွေရေး[illegible]သည်။ မြေး
တွေနဲ့ သိုက်သိုက်ဝန်းဝန်းနေသွားချင်သည်ဆိုတဲ့[illegible] ညဦးက
ဘိုးဘိုးဘာဝကူးသွားခဲ့ရင် ဒီဆန္ဒလေးတောင် ပြည့်ဝ[illegible]မှာမဟုတ်..၊
ဘိုးအဖြစ်သူက ဒီမြေးဒီမြစ်တွေကို တွယ်[illegible]နေသလောက် သင်း

www.burmeseclassic.com

www.burmeseclassic.com



ကအလုပ်ထက် ဘာမှအရေးမထားတဲ့လူစား.. ။

"ကားက နှိုးလို့မရတော့ဘူး.."

ဟင်.. ။

ဒေါသသည်စိုးရိမ်ဖွယ်အဖြစ်သို့ ထိုးဆင်းကျသွားကာ သိုလက်ကို အိတ်လေးဆွဲယူပြီး ကားပေါ်ကဆင်း၏။ ရင်ဘက်ကအောင့်နေပေမယ့် အသက်ဝဝရှူလိုက်တော့ သိပ်မဆိုးတာကြောင့် ဘောနက်ဖွင့်ကြည့်နေ သည့် သူ့နားထိသွားမိကာ.. ။

"ဘာဖြစ်သွားတာလဲ.."

"ကြည့်နေတုန်းပဲ.."

အနီးအနားမှာ သစ်သားတိုင်နဲ့ မီးသီးလေးတစ်လုံး ရှိနေသဖြင့် စက် ခန်းလေးထဲကို မြင်နေရသည်။ သိုကမသိပေမယ့် လိုက်ငုံ့ကြည့်ကာ စံန ကအနားရောက်လာသည့် သူမကိုငုံ့ကြည့်၍.. ။

"ဘာလာလုပ်တာလဲ..ဒဏ်ရာရှိနေလည်း ကိုယ့်ဘာသာသက်သ သာသာနေပါလား.."

"နေလို့မရလို့ပေါ့.."

"မရတာ မင်းပြင်တတ်လို့လား.."

"ရှင်ဘာဖြစ်လို့ ဘေးပြောနေတာလဲ.."

"မင်းလိုပဲလေ..မင်းငါ့ကိုလူကြားထဲမှာ ပိုင်စိုးပိုင်နင်းလာခေါ်ပြီး.."

"အဲ့ဒါ ရှင့်အဘိုးအတွက်လေ.."

"ဘာအတွက်ဖြစ်ဖြစ် ငါ့ကားကိုငါဘယ်တုန်းကမှ သူများပေး မောင်းဘူး.."

အလုပ်ကိစ္စကြောင့် လူမှုရေးကြောင့် ဘာဖြစ်ဖြစ် သူ့မှာဒရိုင်ဘာ တွေရော ကားတွေပါအပိုရှိသည်။ ကိုယ်မောင်းတဲ့ကားကို ပေးမောင်း မလို.. ။

သူမဘယ်လိုလုပ်ခဲ့မိသလဲ သိုလည်းခုမှတွေးမိကာ ရုတ်တရက်အ နာသလို ရှက်သွားမိသလိုလို.. ။

"ပိုဆိုးတယ်..ဒီလောက်စုတ်တဲ့ကားကို မောင်းရဦးမှာ.."

"စုတ်တယ်ပြောရလောက်အောင် မဆိုးသေးပါဘူး.."

သူမကယောင်ချောက်ချားပြန်ပြောတော့ စံနစ်ကမမြင်အောင်ပြုံ သည်။ ပြီးမှ သူမကိုမကြည့်ဘဲ.. ။

"ဆိုးလားမဆိုးလား ကိုင်နေရတဲ့သူကသိတယ်..ကိုယ့်ဘာသာက



ပါမှာ အေးဆေးသွားထိုင်နေ.."

"အေးဆေးလို့ရမလား.."

သိုက သူ့ကိုစိတ်မရှည်သလိုအော်ကာ လမ်းမဘက်ကိုမျှော်ကြည့် သည်။ ထိုစဉ် ဖုန်းဝင်လာသဖြင့် သားမှန်းလည်းသိလိုက်ကာ ကမန်းက မန်း ကိုင်လိုက်ပြီး.. ။

"သား ဘိုးဘိုးသက်သာနေရဲ့လားဟင်.."

"................."

"အေး အေး..တော်သေးတာပေါ့သားရယ်၊ စံနစ်ကိုခေါ်လာပြီလို့ ပြောလိုက်နော်..ဒီမှာမေမေတို့ကား.."

လွှတ်ခနဲပြောမလိုဖြစ်သွားပြီးမှ ထိပ်ထိပ်ပျာပျာပြန်ရုပ်သိမ်း၍.. ။

"လမ်းပေါ်မှာလေ..အက်ဆီးဒင့်တစ်ခုနဲ့တိုးလို့ လမ်းပိတ်နေတာနဲ့.."

"အဟွန်း.."

နောက်ကလှောင်ရယ်သံက နားထဲကို ဆောင့်ခုန်ဝင်လာ၏။ သားကို ကတွေဆက်ပြောမိမှန်းတောင် မသိတော့ဘဲ သူ့ဘက်လှည့်ကြည့်၍..။

"ရပြီလား..မရနိုင်တော့ရင်လည်း ကားငှားပြန်မယ်.."

"ရပြီ.."

"ဂွိမ်း.."

စကားသံနှင့် ဘောနက်ပြန်ချလိုက်ခြင်းက တဆက်တည်းဖြစ်လျက်၊

"ဒီကားရောင်းထုတ်လိုက်တော့.."

လက်နှစ်ဖက်ကို ပွတ်သပ်ခါနေရင်း စံနစ်ကရှုံ့မဲ့နေလျက်.. ။

"ဒီလောက် ရေခြောက်မီးခြောက်နဲ့ စုတ်ပြတ်သတ်နေတာတောင် ယ်လိုစီးနေတာလဲ.."

"နေပါဦး..ကျွန်မကားက ရှင်နှိုက်ချွတ်နေတာကို ရန်းကန်အော်ဆဲ လို့လား၊ ဒီလောက်ဖြစ်နေတာလား.."

"ဘယ်ဆဲမလဲ..မင်းမှမဟုတ်တာ.."

"ဘာရယ်.."

"ကဲ..တက်.."

"ကျွန်မဘာသာမောင်းမယ်..ရှင်သိပ်ကြီးကျယ်မနေနဲ့.."

သူ့ကိုရှောင်ပြီး မောင်းသူဘက်ကိုသွားမယ်လုပ်တော့ စံနစ်ကလက် ဆွဲထားကာ.. ။

"ဒီတစ်ခါဆို မင်းဒေါသထွက်ချိန်ရလိုက်မှာ မဟုတ်ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"သေတော့လည်း အသိသာကြီး..ဖယ်.."

"မမောင်းရဘူး.."

"ရှင်နော်.."

အတင်းဆောင့်ရုန်းတော့ စံနစ်က သို့ပခုံးလေးနှစ်ဖက်ကို ဖိဆုပ်ထား လိုက်ပြီး မျက်နှာကိုစိုက်ကြည့်၏။

"မင်းကိုစေတနာနဲ့ပြောနေတာ..နည်းနည်းပါးပါးနားလည်.."

"ဘာကိုနားလည်ရမှာလဲ..ရှင့်ကားအကောင်းစားကို ထားခဲ့ရပြီး ကားစုတ်ကိုမောင်းရလို့ ရှင်ဖြစ်နေတာလေ.."

သို့မျက်ဝန်းလေးတွေက စူးစူးရဲရဲဖြစ်နေကာ ဝတ်ထားသည့်ပန်းရေ ရောင်လေးနဲ့ လင်းလက်နေသလိုပင်။ ဒါပေမယ့် သူမဖြစ်နေတာက သူ့အ တွက် ဒေါသအမုန်းတွေဖြစ်နေလျက်.. ၊

"ကျွန်မရှင့်လို ကားအကောင်းစားတွေစီးပြီး လူရှိန်အောင်မနေနိုင် ဘူး..နေဖို့လည်းမလိုဘူး၊ ကျွန်မကားစီနေတာ ကျွန်မအတွက် သွားလာ ရေးအဆင်ပြေရုံပဲ.."

သင်းကတော့ သူ့ကားဆိုရင် အလုအယက်တိုးတက်ချင်အောင် ကြွားရွားသည့် ကားကြီးတွေထည်လဲစီးလို့။ ဘယ်သွားသွားကျော့ကျော့ မော့မော့။ အဖေနဲ့သားနဲ့ ညီအစ်ကိုလိုပဲလို့ ပြောကြတာတွေကို သာယာ နေသည်။ သမီးလောက်လေးတွေက အထင်တကြီးသဘောတကျ ကြည့် ရတာကို ဂုဏ်ယူလို့.. ၊

စေ့စေ့စပ်စပ်ကြည့်မိရင်း ကိုယ့်အတွေးနဲ့ကို မဲ့လိုက်မိသည်။ ထိုအ ခမ်းတို့ကို စံနစ်ကလည်းသိသည်။

"ကြည့်ရတာ ငါ့ဘုန်းငါ့ကံတွေ ကြီးမားနေတာကို မရှုစိမ့်နိုင်ဖြစ်နေ တဲ့ပုံပဲ.."

"ဟွန့်.."

သိကသိသာအောင်မဲ့ပြီး လှည့်ထွက်လာခဲ့သည်။ စံနစ်ကမောင်းသွ နေရာမှ ဝင်ထိုင်လိုက်ပြီးမှ သူမဘက်ကို ကိုယ်တစ်ခြမ်းစောင်းလှည့်ကာ..

"ကားကောင်းစီးတယ်ဆိုတာ လူအထင်ကြီးခံရဖို့ မဟုတ်ဘူး..ဒါပေ မယ့် ကိုယ့်အဆင့်အတန်းကို ကိုယ်သတ်မှတ်ရတယ်၊ ပိုအရေးကြီးတာက ကားကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတာတွေ သက်သာတယ်.."

"စိတ်ချမ်းသာနေတယ် လုပ်စမ်းပါ..ရှင့်ကားကြီးပေါ်တက်မယ် တ



ကဲနဲ့ ခုပဲကျွန်မရှင့်ကို အဲ့နားကဆွဲထုတ်ခဲ့ရတာ.."

"အဲ့ကောင်မလေးက ကိုယ်နဲ့.."

"ရှင်နဲ့ဘယ်လိုငြိနေတာ ကျွန်မနဲ့မဆိုင်ပါဘူး.."

"ဟုတ်လား..ဆိုင်တယ်ထင်ပြီးတော့များ ဒေါပွနေတာလားလို့.."

သိကဆတ်ခနဲ လှည့်ကြည့်သည်။ သူကလည်း မျက်နှာမလွှဲ.. ၊

"ရှင့်ကိုကျွန်မ ဒီထိလိုက်ခေါ်တာကို အထင်မလွဲနဲ့..ဘိုးဘိုးရှင့်စိတ် ဘယ်လောက်ထိခံစားနေရသလဲ ရှင်သိလား.."

"မသိဘူး.."

"အဲ့ဒါကိုရှင်သိအောင် ကြိုးစားသင့်တယ်..အသက်ကြီးတဲ့လူကြီး တစ်ယောက်ရဲ့ ရင်ထဲမှာ.."

"သူများရင်ထဲကို ဝင်ကြည့်ဖို့နေနေသာသာ ငါ့ရင်ထဲမှာဘာတွေဖြစ် နေသလဲဆိုတာတောင် ငါ့ကိုယ်ငါစိတ်မဝင်စားဘူး.."

ဘယ်မှာပြောင်းလဲတာလဲ စံနစ်ဆိုတဲ့ယောကျ်ား.. ၊

စိတ်ထဲမှာတော့ အတော်လေးချဉ်နေပြီဖြစ်ကာ ရင်ဘက်ကပြန်နာ တော့ စကားလည်းမပြောချင်တော့ပေ။ ဒါပေမယ့် ဟိုတစ်ချိန်ကပြော တဲ့ သူ့စကားတွေကို ပြန်တွေးရင်း ခေါင်းခါမိ၏။

"ကိုယ်မှားသွားပါတယ်..ကိုယ့်ကိုပြင်ဆင်ခွင့်ပေးပါ.."တဲ့.. ၊

"မင်းဘယ်မှထွက်မသွားတော့ဘူးဆိုရင် နောက်ထပ်ဘာဖြစ်ဖြစ် ငါ ပေးနိုင်တယ်..စွန့်လွှတ်နိုင်တယ်.."

"ငါတောင်းပန်ပါတယ်..ငါ့မာနတွေ မင်းရှေ့မှာချကျွေးပါတယ်၊ ဒီ ဖြစ်တစ်ခုကို မင်းကျေနပ်ပေးမယ်ဆိုရင် မင်းရဲ့တစ်ဘဝလုံးမှာ ငါ့ဘက် ပေးဆပ်သွားမယ်လို့ ကတိပေးပါတယ်.."

"ငါတောင်းပန်ပါတယ်..မင်းကျေပါ၊ မင်းထင်သလို မဟုတ်ဘူးသို.. မင်းကိုလိုအပ်ခဲ့တာ အဲ့လိုမဟုတ်ဘူး၊ ငါမင်းကိုချစ်လို့ပါ.."

"ဟုတ်ပါတယ်..ငါဆိုးတယ်၊ ဒါပေမယ့် မင်းပြောတာမှားတယ်..အဲ့ တွက ငါမင်းကိုချစ်လို့ဖြစ်ရတာတွေ.."လို့ ဆိုသေးသည်။ ယောက်ျား ဟာ လိုချင်တာရဖို့ဆို ငိုဖို့လည်းလွယ်သည်။ ချော့ဖို့လည်း ဝန်မလေး ကြ.. ၊

ကတိတွေတွင်တွင်ပေးပြီး ပြောင်းလဲပြကြသည်တဲ့။ စံနစ်ကအဲ့လို ပဲလား..။ သူ့ကိုသူမမချစ်ခဲ့ပေမယ့် ဒီလူစီးကျော်တတ်တာကို နား သည်။ မိန်းမတစ်ယောက်အတွက်နဲ့ ချော့မော့ခယပြီး ကြိုးစားမယ့်

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးမဟုတ်ဘူးဆိုတာလည်း သိသည်။

ဒါကြောင့် တစ်ခါတလေသတိရမိတဲ့အခါ မြင်ခဲ့ဖူးသည့်မျက် တွေကို ပြန်တွေး၍ သူတကယ်ပြောင်းလဲသွားပြီလား တွေးမိခဲ့တာလ ရှိဖူးသည်။ ချစ်လို့လွမ်းလို့မဟုတ်သော်လည်း မာနကြီးတဲ့ယောကျ်ား ယောက်ရဲ့ မျက်ရည်တွေအပေါ်မှာ သတိတရဖြစ်နေခဲ့တာ အမှန်ပ

မာနတွေ သားကိုလွမ်းရတဲ့သောကတွေနဲ့ လုံးထွေးလဲပြိုခဲ့ရတဲ့ တိုင်းညတိုင်းမှာ သူငါ့ကိုချစ်တယ်ဆိုတာ တကယ်လား..။ ကိုယ်က မယ်ဆိုရင် သူ့ပုံစံသူ့ဝါဒတွေကို ချခင်းပေးပါ့မယ်ဆိုတာ ရင်ထဲကစက လား စသည့်လူမသိခဲ့သော တွေဝေလွန်ဆွဲခြင်းများနှင့် လမ်းဆုံက နောက်ပြန်မျှော်ကြည့်မိခဲ့သေးသည်။

ဒါပေမယ့် သူမရွေးချယ်ခဲ့သည့် လမ်းခွဲက မမှားခဲ့ဘူးပဲ.. ၊

စံနစ်ဆိုတဲ့ယောကျ်ား ဘယ်တုန်းကမှ မပြောင်းလဲခဲ့တာ သိချ ရန်ဖြစ်ကြည့်ရုံ.. ၊

♥♥♥

## အခန်း(၃၇)

"ဖေဖေရော မေမေ့.."

"သားဘိုးဘိုးကြီး အခန်းထဲမှာ.."

မီးဖိုချောင်ဝင်နေသည့် မေမေ့ကိုနောက်ကနေကြည့်ပြီး အလင်းပြုံး က်မိသည်။ ဖေဖေ့ဆီသွားဖို့ပြင်ပြီးသည့် ခြေလှမ်းက နေရာကမရွေ့ တဲ့ မေမေ့ဆီမှာ ဖေဖေ့ကိုလာမေးမိသည့် သူ့မေးခွန်းရယ် မေမေပြန် ရယ် နားထဲမှာ ခေါက်တုံ့ခေါက်ပြန်ပြေးနေသည်။

"မေမေ့ ဖေဖေရော.."

"ဖေဖေရော မေမေ့.."

"သားဘိုးဘိုးကြီးအခန်းထဲမှာ.."တဲ့.. ၊

ဟွန်း.. ၊

ကိုယ့်ဘာသာပြုံးနေရင်း ရယ်သံထွက်သွားတော့ သိကဖျတ်ခနဲလှည့် ၏။

"အဟွန်း.."

"သား ဗိုက်ဆာလာလို့လား..လာလေ မေမေကစောသေးသလားလို့"

ကိုယ့်အရှိန်နဲ့ကိုယ် မေမေ့နားကိုလျှောက်လာခဲ့ရကာ စိတ်ပါတာ းမဟုတ်ဘဲ ပြင်ဆင်လက်စနဲ့အိုးတွေကိုရော မီးဖိုပေါ်ကဟင်းအိုး ကိုပါ လိုက်ငုံ့ကြည့်မိ၏။ ပြီးမှ နှာခေါင်းထဲမှာ ထူးခြားသည့်ဟင်း မှုကို သတိထားမိလျက်.. ၊

"ဒါ ဘာနံ့လဲ..အဲ့အနံ့ကိုသေချာသိနေတာ.."

သိကပြုံးလိုက်ပြီး အလင်းမျက်နှာကိုစိုက်ကြည့်သည်။ ခဏကြာတဲ့ အလင်းအနံ့ခံနေပေမယ့် အမည်မဖော်နိုင်ဖြစ်နေလျှင်.. ၊

"သိရုံပဲသိတာလား..သားအဲ့ဒီအနံ့ကို ကြိုက်လားမကြိုက်ဘူးလား.."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်..ဟင်းနံ့ကိုသိနေတယ်၊ ဘာဟင်းမှန်းဖော်လို့မရသေး
စားချင်လာတာ.."

သိုက သွားလေးတွေပေါ်အောင်ရယ်နေကာ.. ၊

"ငါးရံ့အူဆီပြန်လေသားရဲ့..အဲ့ဒါချက်တိုင်း မေမေကဂျူးပြစ်
ဟင်းချက်တယ်၊ အဲ့ဟင်းနံ့တွေသားရနေတာ.."

"ဟား.."

အလင်းက မိုက်လေးပွတ်၍ အားပါးတရဖြစ်သွားတော့ သို၀
လွန်းလို့ ငိုချင်စိတ်တွေပါ ဖြစ်လာမိသည်။ သားလေးဆီက ဒီလိုချ
ရင်းနှီးမှုလေးတွေ ပြန်ရပါတော့မလားလို့ သူမပူပင်ခဲ့ရတာ ဘယ်လို
ကျမျိုးနဲ့မှမတူ.. ၊

"ကျွန်တော်မှတ်မိပြီ..အဲ့ဒီဟင်းကို ဖေဖေကမေမေချက်တာပဲစား
မေမေပဲမခါးအောင် ချက်တတ်တာ..မေမေပဲ မွှေးနေအောင်ချက်တတ်
နဲ့၊ အဟွန်း..ခုထိတောင်ပြောနေတုန်း.."

ဒီစကားကျတော့ ရယ်ကျဲကျဲလေးဖြစ်သွားရှာသည်။ သားမျက်
ပေါ်က အပြုံးလေးတွေပျောက်သွားမှာစိုးသောကြောင့် သိုမျက်နှာမ
ပြုံးရယ်နေမိကာ.. ၊

"ခုစားတော့မလို့လားသား.."

"ဟင့်အင်း..မစားသေးပါဘူး၊ ဒီနေ့အိမ်မှာလူစုံတယ်ဆိုတော့
တို့ အတူတူစားရမှာပေါ့.."

"အဲ.."

သိုဘာပြောရမှန်းမသိဖြစ်သွားသည်။ အလင်းက အကဲခတ်မိ
ဘာမှမဟုတ်သလို ရယ်ကာ.. ၊

"ဟုတ်ပါတယ်..တော်ကြာဖေဖေက အလုပ်ကိစ္စဘာညာကိုကျ
လာတာနဲ့ ထလစ်သွားမှာ၊ ဒါဆိုသားဖေဖေ့ဆီသွားလိုက်ဦးမယ်..
ထမင်းစားတော့မယ်ဆို သားကိုခေါ်လိုက်လေ.."

"မဟုတ်ဘူးလေ..သားလေးစားမယ်ဆို မေမေပါစားမှာပေါ့.."

"ရပါတယ်..ဒီအဆင်ကြည့်ရတာ မေမေမဆာသေးပါဘူး၊
လည်းဘာဂါနှစ်ခုစားထားတာ ခုထိအင့်နေတုန်းပဲ.."

အလင်းဗိုက်ဆာနေပြီပေမယ့် ဒီနေ့မိသားစုလက်ဆုံစားရဖို့
မလား လူစုံအောင်လိုက်ပြီး ချက်ချ်အပ်ထိလုပ်ရပါဦးမည်။ ဘိုး
ခန်းထဲက ထွက်လာတဲ့စံနစ်ကိုမြင်လိုက်တော့ အလင်းကဆံပင်ရှ



က်သပ်ရင်း ချောင်းဟန့်၍အင်္ကျီကော်လံတွေပါ ဆွဲပင့်၏။

စံနစ်က သူ့ကိုခြေဆုံးခေါင်းဆုံးကြည့်၍.. ၊

"ဘာဖြစ်လာတာလဲ.."

"အဟွန်း.."

"အလှူခံမဏ္ဍပ်က မိုက်ရှေ့ဝင်ထိုင်တဲ့ ဂေါပကလူကြီးကျနေတာပဲ.."

"ဟား ဟား ဟား.."

"ဟော့ကောင်..လူမမာနဲ့.."

"ဖေဖေရော..ဘိုးဘိုးကြီးက သူ့မြစ်လေးအသံကြားရလေ အသက်ရှည်
ပါ၊ အိမ်ပြန်ခေါ်လာတာ ဘာအတွက်မို့လို့ယဲ.."

ပြောပြီး အခန်းထဲကို လည်ပင်းရှည်လိုက်ပြီး.. ၊

"ဘိုးဘိုးကြီးဟုတ်တယ်မလား..ခုလောက်ဆို ဘိုးဘိုးကြီးပြုံးစိစိဖြစ်
ပြီ၊ သိတယ်.."

သူစကားပြောနေတုန်း စံနစ်ကထွက်သွားသဖြင့် နောက်ကပြေး
က်ရင်း လက်ကိုဆွဲထားကာ.. ၊

"ဖေဖေ့.."

"ဘာလဲ.."

"ဖေဖေဒီမှာပဲနေတော့မှာမလား.."

"မနေချင်ပါဘူး.."

"မနေချင်လည်းနေရမှာပဲ..ဖေဖေ့ကို ဘိုးဘိုးကြီးက ရင်နဲ့ရင်းပြီးမျှော်
တာ.."

ဟာသပြောသလိုလို အတည်လိုလိုနှင့် အလင်းကပြုံးမလိုဖြစ်သွား
မှ တည်တည်ကြည်ကြည်ပြင်ဆင်လိုက်ပြီး.. ၊

"မေမေ့ကိုလည်း ဘိုးဘိုးကြီးပြောတယ်.."

"ဘာပြောတာလဲ.."

အလင်းက စံနစ်ကိုအိမ်နောက်ဖေးထိ ဆွဲခေါ်သွားပြီး လွတ်လွတ်
လပ်လပ်ရှိပြီဆိုမှ.. ၊

"ဘိုးဘိုးကြီး ပထမဆေးရုံကဆင်းပြီးစကဖြစ်မယ်..စာတွေရေးပြီး
ထားတာ၊ အဲ့စာရွက်တွေ သားဖတ်ရတယ်.."

ဦးကုဋ္ဌေဆေးရုံပြန်ရောက်သွားသည့်ညက သန်းခေါင်ကျော်မှ ပြန်
ားပေမယ့် ဘိုးအေကိုစိတ်ပူပြီး ဘယ်လိုမှအိပ်မရခဲ့ပေ။ အသက်အ
ကလည်း ရနေပြီဖြစ်ကာ နောက်တစ်ခေါက်ဆေးရုံတင်ရသည့်အဖြစ်

www.burmeseclassic.com

www.burmeseclassic.com



က ဘိုးဘိုးကြီးအိမ်ပြန်လာနိုင်ပါတော့မလားလို့ တွေးပြီး နှိပ်စက်နေ
၏။

ထို့ကြောင့် တစ်ယောက်တည်းထသွားပြီး ဘိုးဘိုးကြီးအိပ်ခန်းထဲမှ
ဘာမှလည်းမဟုတ်ဘဲ ဟိုရပ်ဒီရပ်နှင့် စားပွဲခုံလေးပေါ်မှာ စာရေးလက်
စာအုပ်ကိုတွေ့တာဖြစ်သည်။ မေမေ့ကိုမေးထားသည့် မေးခွန်းတွေလည်း
ပါနေတာမို့ ဒီစာရေးပြီးမေမေ့ကို တိုက်ရိုက်မေးခဲ့တာမှန်း သိလိုက်သည်။
ဖေဖေ့ကို မေမေကိုယ်တိုင်လိုက်ခေါ်တဲ့အထိ ဘိုးဘိုးကြီးကိုစိတ်ပူသွား
သည့် စေတနာတို့သည်လည်း.. ၊

"အဲ့လိုတွေရှိခဲ့တာ ဖေဖေရာ..မေမေတောင် ဘိုးဘိုးကြီးကိုစိတ်ပူ
တာ ဖေဖေကအဘိုးအရင်းကြီး.."

"အဲ့ဒီစာအုပ်က ဘယ်မှာလဲ.."

"အခု မေမေသိမ်းသွားပြီနေမှာပေါ့..ဖေဖေကဘာကိုကြည့်ချင်တာ
လဲ၊ မေမေက ဘိုးဘိုးကြီးဆန္ဒအတိုင်း ဒီမှာနေပေးတာ အသိသာကြီးကို

"ဒါနဲ့ပဲ ငါကလည်းဒီမှာနေတော့ လူမမာအကြောင်းပြပြီး သူ
မျှော်လင့်နေတယ်ထင်မှာပေါ့.."

"ဖေဖေကလည်း.."

"လုံးဝအထင်မခံနိုင်ဘူး..ဒီမိန်းမပြောခဲ့တဲ့စကားတွေ ငါ့ရင်ထဲမှာ
ခုထိ တစ်လုံးစီတစ်ပုံစီ ရှိသေးတယ်.."

"အဲ့ဒါဘယ်လိုမှ မမေ့နိုင်တဲ့သက်သေပဲ.."

"ဘာ.."

"ဖေဖေနော်..ဖေဖေမေမေ့ကို စိတ်နာသလို မာနပြိုင်သလိုလို့နဲ့ပဲ
တော့.."

စံနစ်ခြေလှမ်းတုံ့သွားသည်။ ပြီးတော့ဆိုသည့် နောက်ဆက်တွဲ
ကားကြောင့် ပြန်လှည့်ကြည့်လာခဲ့လျက်.. ၊

"ဘာလဲ..ပြီးတော့ဆိုတာက.."

အလင်းက ရှုံ့တွတွနှင့် စံနစ်ရဲ့ဘေးက ခပ်လှုပ်လှုပ်ဖြတ်လျှောက်
သွားရင်း.. ၊

"သား ကောင်မလေးတွေကို ဖြားယောင်းသွေးဆောင်ဖို့ ကြံစည်
ဟာ ဖေဖေ့..မဟုတ်ဘူး.."

စံနစ်ရဲ့လက်သီးလှုပ်ရှားသွားတာ မြင်သည်နှင့် အလင်းကျောကို
အော်ကာ.. ၊



"ဟား ဟား ဟား..မဟုတ်ရင်မနာနဲ့လေ၊ သားက ဖေဖေ့..ဖေဖေနော်
လက်သီးကြီးက နည်းတာမဟုတ်ဘူး၊ ဘိုးဘိုးကြီးရေ.."

အလင်းအော်လည်းအော် ရယ်လည်းရယ်ကာ လှစ်လှစ်ပါအောင်
ပြေး၏။ သဘော်သီးစိပ်လေးတွေ ပန်းကန်နဲ့ကိုင်ပြီးထွက်လာသည့် သို့ကို
ရင်ဆိုင်မိတော့ စက်ကိတ်စီးသမားတွေလို ကွေ့ဝိုက်ရှောင်တိမ်းသွား၏။ သူ
ကလွတ်အောင်ရှောင်နိုင်သော်လည်း နောက်ကလိုက်လာသည့် စံနစ်က
အရှိန်လွန်မထိန်းနိုင်.. ၊

"အမလေး.."

"ဟာ.."

"ခွမ်း.."

ပစ်တိုက်သွားသည့်အရှိန်ကြောင့် သိုသည်လူရောပန်းကန်ပါအတွန်း
လိုက်ရသကဲ့သို့ နှစ်ယောက်စလုံးပူးကပ် ဖက်တွယ်လျက်သား နံရံပေါ်
ကျသွားခဲ့ပြီး.. ၊

"သေပါပြီ.."

"ဆောရီးကွာ..မင်းထွက်လာမယ် မထင်လိုက်တာနဲ့.."

"ထွက်လာလာမလာလာ ဒါကစားကွင်းမှမဟုတ်တာ.."

နံရံနဲ့သူ့ရင်ခွင်ကြားမှာ ဖိကပ်ညပ်နေသည့်အဖြစ်ကို ရုန်းထွက်လိုက်
ရင်း အော်ပစ်လိုက်မိသည်။ ကိုယ့်ဘာသာခြေချော်လက်ချော် ပြုတ်ကျ
လဲပြိုတာဖြစ်ဖြစ် သူ့ကြောင့်ဖြစ်ဖြစ် စံနစ်အနားမှာရှိနေလျှင် သိုဘယ်
တော့မှ ပစ်စလက်ခတ်ပြိုလဲခဲ့ဖူးတာမရှိပေ။ ဒါပေမယ့် ကိုယ့်အပြစ်နဲ့
ကိုယ်ဆိုရင်တော့ သင်းကကျေးဇူးရှင်ပေါ့.. ၊

"ကလေးနဲ့စိန်ပြေးတမ်း ဆော့ရအောင် ကိုယ့်အသက်ကိုပြန်ကြည့်
ဦး.."

"ဘယ်မှာလဲကလေး..မင့်သားကိုတော့ ကလေးလို့ပဲမြင်နေသေးရင်
ငါကရော ငယ်လို့မရဘူးလား.."

"ဟွန်း.."

ပန်းကန်ကွဲတွေဆီ စိတ်ကရောက်သွားပြီး စံနစ်ကိုမျက်နှာလွှဲလိုက်
စဉ် မျက်လုံးထဲမှာ မတော်တရော်တစ်ခုခုကို မြင်လိုက်မိကာ.. ၊

"ခဏ.."

ဘာရယ်ဟန်ဆောင်နေဖို့ သတိမရဘဲ သူ့နားကပ်လိုက်ပြီး သေချာ
ကြည့်မိ၏။ နားသယ်စပ်ဆံပင်တွေကြားထဲကနေ စိမ့်ကျလာသည့်သွေး

www.burmeseclassic.com

www.burmeseclassic.com



စတို့ကို မြင်လိုက်ရလျှင်.. ၊

"ရှင်..ရှင်အဲ့လောက်တောင် ဖြစ်သွားတယ်.."

စံနစ်က သိုကြည့်သည့်နေရာကို သူကိုယ်တိုင်လက်နဲ့ပြန်စမ်းကြည့် လိုက်ပြီး.. ၊

"ဟုတ်တယ်..ကားအက်ဆီးဒင့်ဖြစ်တဲ့ညက ခေါင်းနည်းနည်းထိ သွားတာ.."

ဟင်.. ၊

"ချုပ်ရိုးထိသွားတာထင်တယ်.."

"ကျွန်မနဲ့ပြန်လာတဲ့ညကလား.."

"နေစမ်းပါကွာ..ဒဏ်ရာကအရေးမကြီးပါဘူး၊ ဒီမှာ ဒါတွေလုပ်ပေ ဦး..ကျွတ်.."

စံနစ်ရဲ့အင်္ကျီခါးစပ်မှာ သဘော်သီးမှည့်တွေ ပေကျံနေတာဖြစ်က အလွန်အသန့်ကြိုက်သည့် စံနစ်မျက်နှာက စိတ်ပျက်ခြင်းကြီးစွာဖြင့်..

"အပြင်သွားစရာ ရှိသေးလို့ပါဆို.."

လက်နဲ့ခါချမလိုပြင်လိုက် မထိမကိုင်ချင်သလို လက်ပြန်ရုတ်လိုက် နှင့် အဖြစ်ဆိုးနေတော့ ဒဏ်ရာကိုစိတ်ပူသွားသည့် သို့ဒေါသက ဘယ်သူ့ ကြောင့် ဘယ်ဝါ့ကြောင့်ဆိုတာမသိ.. ၊

"အဲ့ဒါစားစရာတွေပါ..ရှင်တော်တော်အဖြစ်သည်းပါလား၊ ခေါင်းက သွေးထွက်နေတာကိုတော့.."

"အဲ့ဒါကအနာဟောင်းလေ..မင်းပေးတဲ့ဒဏ်ရာ.."

"ဘယ်သူပေးတာဖြစ်ဖြစ် ဒဏ်ရာကအရေးကြီးတာလား..သစ်သီး စွန်းတာက အရေးကြီးတာလား.."

"ငါ့ဘာသာကြီးချင်တာ ကြီးလို့မရဘူးလား.."

စံနစ်ကပြောပြီး ကုတ်အင်္ကျီကိုဆွဲချွတ်ပစ်လိုက်ပြီး ရောက်ချင်ရာ ရောက် လွှင့်ပစ်သည်။ ပြီးတော့ ရှပ်အင်္ကျီကို ကြယ်သီးဖြုတ်ဖို့ပြင်လျှင်..

"ဟား.."

ကြယ်သီးတွေကလည်း ပေကျံနေရာ ဒီတိုင်းဆွဲဖြုတ်ပစ်ဖို့ ဆုံးဖြတ် ၏။

"အို..မလုပ်နဲ့လေ.."

သူဘာလုပ်တော့မယ်ဆိုတာ သိုကလည်းသိသည်။ အင်္ကျီရင်ဘက် နှစ်ဖက်ကို ဖိဆုပ်ကိုင်လိုက်သည့် သူ့လက်ကို အလျင်စလိုဆွဲထားလိုက်



ကာ.. ၊

"ကျွန်မဖြုတ်ပေးမယ်.."

ပြောပြီး ရှေ့တိုးမျက်နှာချင်းဆိုင် ပိုကပ်လိုက်ကာ အင်္ကျီကြယ်သီး တွေဖြုတ်ပေး၏။ နူးညံ့ဖြူနုနေသည့် လက်ချောင်းလေးတွေက ခုချိန်ထိ ရာ၏အရိပ်တို့ မထင်သေးဘဲ လှနေဆဲရှိလေသည်။ ပြီးတော့ စိုက်ဆင်း နေသည့်မျက်တောင်ကော့ကော့လေးတွေရယ် ရှိန်းမြဝင်းစိုနေသော နား ယ်စပ်ဆံလေးတွေရယ် စံနစ်အာရုံတွေအားလုံး သူမရဲ့မျက်နှာလေးပေါ် မှာပဲ စူးနစ်သွားခဲ့၏။

"မကြီးမငယ်နဲ့ ပြေးလွှားနေလို့ဖြစ်တာကိုများ ဒီကပြန်တောင်းပန်ရ မယ်..ဟွန်း.."

ကြယ်သီးဖြုတ်နေရင်း မကျေမနပ်ပြောနေတော့ သူအသည်းယား သွားသည်။

"ရပြီ..ချွတ်.."

သူအင်္ကျီချွတ်ပေးတော့လည်း အကျင့်ပါနေသည့် သူမအမြင်မှာ စိတ် ရှည်ဖွယ်ဖြစ်နေခဲ့၏။ ထို့ကြောင့် လက်တစ်ဖက်ပဲကျန်တော့သည့်အချိန် ဝိုင်းကူချွတ်ပေးလိုက်ပြီး အင်္ကျီကိုသေချာလုံးလိုက်သည်။ ပြီးတော့ လွှတ်ပစ်လိုက်သည့် ကုတ်အင်္ကျီကိုသွားပြန်ကောက်၏။ ပြီးတော့မှ..၊

"အေးမာရေ.."

"ရှင် မမ.."

ခေါ်ရင်ထူးတတ်သည့် အေးမာကလည်း အကျင့်မပျောက်နိုင်သည့် ဖြစ်ကြောင့် ခန်းဆီးနောက်ကွယ်လေးကနေ ထူးလိုက်တာ ကျယ်ကျယ် လောင်လောင်။ ထိုအခါ အနားမှာရှိလျက်နှင့် ချောင်းမြောင်းကြည့်နေခြင်း ထင်ရှားစွာပေါ်လွင်သွားခဲ့ပြီး.. ၊

"ဟိုဟာလေ..ကျွန်မက မမခေါ်မှာမှန်းသိလို့ အဲ.. မမနဲ့အစ်ကိုလေး ကိုဥစ္စာ.."

"ကဲ တော်ပါပြီ..ဒါတွေမြန်မြန်ရှင်း.."

သို့ပါးပြင်လေးတွေ ရဲတက်သွားသည်။ အင်္ကျီနှစ်ထည်ကို ဖိ ထား င်း လွှတ်ချမိမတတ် လက်တုန်ခြေတုန်ဖြစ်သွားခဲ့ပြီး.. ၊

မဆိုင်ပါဘူး..ဒီအိမ်မှာ ငါရှိနေသားနဲ့ ငါပဲလုပ်ပေးရမှာပဲ.. ၊

ကိုယ့်ဘာသာနှစ်သိမ့်ပြီး ရေချိုးခန်းထဲဝင်လာခဲ့သည်။ သို့သော် နှစ်က သူ့ပစ္စည်းတွေသူများကိုင်တာ နည်းနည်းလေးမှမကြိုက်မှန်း သူမ

www.burmeseclassic.com

www.burmeseclassic.com



ဘာလို့မှတ်ထားမိတာလဲ..၊ ထမင်းစားမယ်ဆို သိုပြင်ဆင်ပေးမှ ပြင်ဆ… ပေးပြီးရင်လည်း အနားမှာထိုင်နေမှ။ သူ့အခန်းထဲကို သန့်ရှင်းရေးလု… တာတောင် အမှိုက်ကအမှိုက် ပစ္စည်းကသပ်သပ် သိုကိုယ်တိုင်ရှင်းလ… ခွဲခြမ်းပြီးမှ သူများကိုခိုင်းရသည်။

"မင်းရှိနေသားနဲ့ ငါ့ဝေယျာဝစ္စကို သူများကလုပ်ပေးစရာလား.."

"မကိုင်စေနဲ့ ငါ့ပစ္စည်းကို သူများထိတာလုံးဝမကြိုက်ဘူး.."

"သိုဘယ်မှာလဲ..ဟော့ သွားစမ်း၊ ဟိုတစ်ယောက်ကိုခေါ်တာ..နင်တ… ကဘာလာလုပ်တာလဲ၊ သွား.."

"သိုထက္ခာ..ငါရှိနေရင် မင်းရှိနေရမယ်၊ မင်းရှိနေသားနဲ့ ငါကကြ… စရာ မျက်နှာမရှိဘူးလား.."

စသဖြင့်သော နှိပ်စက်မှုများကို သူမအရိုးစွဲနေတာလား..။

ခုတော့ သူခိုင်းစရာမလိုဘဲနဲ့တောင် အလိုအလျောက်နာခံခြင်းဖြ… သူမ.. ၊

♥♥♥

အခန်း(၃၈)

"သိုဘာလုပ်နေလဲ.."

"ရှင်.."

အေးမာကြောင်တောင်တောင်ဖြစ်သွားသည်။ ပြီးမှ အံ့ဩဝမ်းသာ… သွားခဲ့လျက်.. ၊

"မမကိုခေါ်လိုက်ရမလား အစ်ကိုလေး.."

"ခေါ်ကြည့်လိုက်ပါလား..နှစ်နာရီလောက် သတိလစ်နေလိမ့်မယ်.."

ဖွင့်ပေးလိုက်သည့် တံခါးကနေဝင်လာပြီး ဖိနပ်ချွတ်နေလျှင် အေး… မာက အနားမှာမရဲတရဲသွားရပ်ကာ.. ၊

"မမ ဘုရားရှိခိုးပြီးရင် ဘဘကြီးကို ဆေးသွေးပေးမယ်လို့ပြောတယ် အစ်ကိုလေး..ကလေးအတွက် နိုက်ခရင်မ်လုပ်နေသေးတယ်.."

"နင်လုပ်တာဘာရှိလဲ.."

"ရှင်.."

သူမ ဝမ်းသာအားရသတင်းပေးသော်လည်း စံနစ်က မတ်မတ်ရပ်… လိုက်ပြီး ခါးထောက်လျက်.. ၊

"မီးဖိုထဲကြည့်လိုက်ရင်သို..အဘိုးနားမှာမြင်လိုက်ရင်သို ကန့်လန့်… ကာတွေဖြုတ်တာကအစ နင်မပါဘူး..နင်ဘာလုပ်နေသလဲ ပြော.."

"အစ်ကိုလေးရယ် ကျ ကျွန်မလည်း.."

"မေးတာကိုဖြေစမ်းပါ.."

"မမလေးက မလုပ်ခိုင်းတာပါအစ်ကိုလေးရဲ့.."

အေးမာက မောင်နှမတွေလိုဖြစ်နေပြီမို့ ရှိသေလေးစားပေမယ့် ပြော… ဆိုရဲရှိသူဖြစ်ရာ.. ၊

"ချက်ပြုတ်တော့လည်း လူမမာအတွက်ပေကာပဲသိ.."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ.."

"အဲ ဟိုလေ..မမကပြောတာ၊ ငါပဲသိတာ နင်မသိဘူးတဲ့..ခိုင်းနေ တာ ပိုပင်ပန်းတယ်တဲ့၊ ပြီးတော့ ကလေးအတွက် မမက သူပဲလုပ်ပေး ချင်တာတဲ့..ကျွန်မကို မမကငါခိုင်းတာလေးပဲ လုပ်ပေးထားရင် ရပြီတဲ့.."

"ကန့်လန့်ကာ ခန်းဆီးတွေဖြုတ်တာလဲတာလည်း သူပဲသိတာ လား.."

အစ်ကိုလေး ဘယ်တုန်းကမြင်သွားတာလဲ..။ မဟုတ်ဘူး..ငါပဲ တာပါ.. ၊

အေးမာပြေးလွှားစဉ်းစားရင်း မျက်တောင်လေးပုတ်ခတ်ပုတ်ခ ငြိမ်ကျသွားလျှင်.. ၊

"အေးမာ.."

"ရှင်.."

ငိုင်ကျသွားတုန်းမို့ တုန်ခနဲဖြစ်သွားကာ.. ၊

"အဲ့ဒါကမဟုတ်ပါဘူးအစ်ကိုလေးရယ်..မမက.."

"တော်ပြီ နောက်ထပ်ဘာဆင်ခြေမှ မလိုချင်ဘူး.."

စံနစ်က အိမ်ထဲကိုတစ်ချက်လှမ်းကြည့်ကာ အေးမာနားထပ်တိ လိုက်ပြီး.. ၊

"ခိုင်းမှလုပ်တတ်တာကောင်းသလား.."

"မကောင်းပါဘူး.."

"အေး.လက်ညှိုးကိုက် ခေါင်းညိတ်နေရမယ့်အရွယ်လည်း မဟုတ် ဘူး၊ သူစီစဉ်ပေးတာကို နင်လုပ်ရမယ်.."

"ဟုတ်.."

"သူခိုင်းခိုင်းမခိုင်းခိုင်း သူအလုပ်လုပ်နေရင် သူ့ဘေးမှာနင်ရှိနေ စေ.."

"ဟုတ်ကဲ့ပါ.."

"ဘာတွေမှန်းမသိဘူး..မြင်လိုက်ရရင် အချိုးမပြေဘူး.."

စံနစ်ဒေါသထွက်နေပြီဆို အေးမာနေစရာမရှိတော့ပေ။ ခေါင်းတွ တွင်ငုံ့ထားရင်း ခေါင်းညိတ်မှန်းသိအောင် ခါးပါတဲ့အထိ ညိတ်နေရ၏

"နောက်ညတွေ ငါ့ကိုတံခါးစောင့်ဖွင့်ပေးဖို့ မလိုဘူး.."

"ဟင်..ဒါဆိုမမကို စောင့်ခိုင်းတယ်လို့ပြောလိုက်ရ.."

"အေးမာ.."



"ရှင်.."

စံနစ်က မျက်နှာတင်းတင်းကြီးနှင့်ကြည့်ကာ.. ၊

"သိပ်မတုံးနဲ့.."

"ဟုတ်.."

ဘာကိုတုံးသည်ပြောမှန်းမသိ။ ဒါပေမယ့် ကမန်းကတန်းခေါင်း ညိတ်ရလေသည်။ စံနစ်ဝင်သွားပြီး ခဏလေးမှာပဲ သိုထွက်လာလျှင်..၊

"မမ ဘုရားရှိခိုးပြီးသွားတာလား.."

"အင်း.."

သိုကမျက်နှာလေးညှိုးနေလျက် စံနစ်ဝင်သွားသည့်ဆီကို လှည့် ကြည့်ရင်း.. ၊

"သူဘာပြောသွားတာလဲဟင်..အိမ်မှာ ငါ့ခြေငါ့လက်ဖြစ်နေတာကို ကြိုက်တာလား.."

"ဘယ်ကလာမမရယ်..ဟုတ်စရာလား၊ ဟိုအရင်တုန်းက အတိုင်းပဲ လား..တံခါးရှေ့ရောက်လာတာနဲ့ သိုရောဆိုပြီး..အဟွန်း.."

"အဲ့ဒါတွေမသိချင်ဘူးအေးမာ..ငါ့ကိုပွင့်ပွင့်လင်းလင်းပြောစမ်းပါ၊ ငါ့ကိုအလုပ်မလုပ်လို့ ဆူသွားတာမို့လား.."

"ဟုတ်တယ်..မမအလုပ်လုပ်နေတာကို မကြိုက်တာက ပင်ပန်းမှာ လို့ပါမမရယ်၊ အသိသာကြီးကို.."

သိုက စံနစ်အေးမာနားကပ်ကြိမ်းနေသည့် စကားတွေကိုမကြား လိုက်ပေ။ သူမကြားလိုက်ရခြင်းအရမှာ အေးမာကိုအလုပ်မလုပ်လို့ ဆူ သွားတာပဲဖြစ်ရာ.. ၊

"ငါဒီလိုပဲလုပ်နေတာ သူသိပါတယ်..မလုပ်ဘဲထိုင်နေရင်တောင် မရ ကခေါ်ထုတ်ခိုင်းခဲ့တဲ့ဟာ.."

"အဲ့ဒါက ဟိုအရင်တုန်းကပဲမမရဲ့..အခုက.."

"ရပြီ..တော်ပြီ.."

သိုမျက်နှာမကောင်းစွာ ထွက်သွားလျှင် အေးမာလည်း ဟိုလိုဖြစ် ားလို့တွေးရင်း ကျန်ခဲ့၏။ သိုအတွေးကတော့ စံနစ်ဘာအလိုကျဖြစ် နေသလဲဆိုတာပင်။ သူမမှာရင်ဖွင့်စရာ သူငယ်ချင်းပေါင်းသင်းရီတစ် ယောက်ပဲရှိသည်။ သူမကလည်း အိမ်ထောင်ပျက်ခဲ့ဖူးသည့် လက်ရှိအိမ် ထောင်သစ်မှာ ပျော်အောင်နေဖို့ကြိုးစားရင်း ကိုယ့်ကိုအမြဲတမ်းအားပေး ရှာသူ.. ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်ကို လာနေဖို့ဖြစ်လာကာမှ စိတ်ထဲရှိတဲ့အတိုင်း ဖုန်းပြော ရင်ဖွင့်ခဲ့သေးသည်။

"ယောက်ျားဆိုတာ အလိုမကျရင် ပြုစုတတ်တဲ့အမျိုးပဲသိ..သား ယားပြုစုလုပ်ကိုင်ပေးတဲ့အပေါ် မရောင့်ရဲနိုင်တာရှိတယ် အပြင်မှာ အ ရှာအသစ်တွေပြီး အိမ်ကသားမယားကို အပြစ်ရှာတယ်ဆိုတာရှိတယ်.. တို့ရဲ့ အပြစ်ရှာခြင်းအကြောင်းတွေကို စာတမ်းပြုစုလို့တောင်ရတယ်၊ တိုင်းမှာ အကြောင်းအဖြစ်အပျက်တွေ အများကြီးရှိတော့လည်း ဘ ယောက်ျားကတော့ ဆိုးပါတယ်လို့ လက်ညှိုးထိုးလို့လည်း မရပြန်ဘူ တဲ့.. ။

ဒါဆို စံနစ်သူမအပေါ်မှာ တစ်ချက်လေးမှအကြောင်းတင်မခံဘဲ ပြ ဆိုင်ဒေါကန်နေတာ ဘာလို့လဲ..။ ဟိုတုန်းတည်းက ဒီပုံစံပဲဆိုပေမ အတူနေတုန်းကလည်း လင်နဲ့မယားမို့ကိုယ်ကသာ အလျှော့ပေးခဲ့တ ဘာမှမဆန်း.. ။

ကွဲကြကွာကြပြဿနာတွေနဲ့ ရင်ဆိုင်ကြတော့လည်း ကိုယ်ကချ ပဲ သူ့ကိုဒေါသထွက်နင်လွှတ်လုပ်ခဲ့မိတာ ဒါကလည်းဖြစ်ရတဲ့အကြေ အရင်းနဲ့ပါပဲ.. ။

ခုချိန်မှာ သူနဲ့သူမရဲ့အနေအထားက ဘာလဲ..။ သူဘယ်လိုသ မှတ်သည်မသိပေမယ့် ကိုယ့်ရင်ထဲမှာတော့ သားကိုလိုချင်လွန်းလို့ တ ဖားလိုက်နေရသည့် အမေဆိုးတစ်ယောက်လိုပင်။ ဒါကြောင့် ငါ့အလု ပဲဆိုပြီး စံနစ်ပညာပြနေတာလား.. ။

ဒီလိုတွေးမိတာ သူမကလေးဆန်နေပြီလား..၊ သူကဒီတိုင်းပဲဟ တယ်ဆိုရင်ရော သူမဘာလုပ်ရမလဲ.. ၊ 'ရှင့်လိုပဲ ကျွန်မမှာမာနရှိတယ်' ဆိုပြီး နောက်ပြန်လှည့်မှာလား.. ။

ဟင့်အင်း.. ။

လုံးဝနောက်ပြန်မလှည့်ဘူး။ သားလေးနဲ့ထပ်မခွဲနိုင်ဘူး။ သား ငါမွေးထားတာ ငါကသားရဲ့အမေ။ သူကတော့ သားနဲ့အတူနေနိုင်ပြ ငါကဘာလို့ခွဲထွက်သွားရမှာလဲ.. ။

'ကလေးဒီအရွယ်ကျမှ အဖြစ်သည်းနေလိုက်တာ'လို့ ပြောကြတ တွေကို သူမဂရုမစိုက်ပါ။ စံနစ်က ပြောလာရင်တောင် သူမဖြေရှင်းနေမှ မဟုတ်ပေ။ သားကိုသူမချစ်သည်။ မွေးလာတည်းက သူ့ဆီကိုပါသွ သည့်နောက် ခုချိန်ထိ.. ။



သူမတစ်ရက် တစ်နာရီပြည့်အောင် မေ့နေခဲ့တာမရှိ.. ။

"မမေ့ဘူး..မမေ့ဘူး၊ ဆောရီးပါချာတိတ်ရာ..ဦးလုံးဝကိုမအားလို့ပါ" ဖုန်းပြောလာသည့် စံနစ်၏အသံကြောင့် သိုခြေလှမ်းရပ်လိုက်သည်။ သော် စံနစ်ကသူမနဲ့မျက်နှာချင်းဆိုင်မှာ ပေါ်လာခဲ့လျက်.. ။

"အင်း..အဲ့ဒါ.."

တစ်ယောက်နဲ့တစ်ယောက် လက်တစ်ကမ်းအကွာလေးမှာ ရပ်လိုက် ပြီး စံနစ်ဖုန်းပြောမပျက်ပေမယ့် စကားတွေထစ်ငေါ့ပျောက်ဆုံးသွား ည်။ ပန်းနုရောင်ညဝတ်အင်္ကျီပွပွလေးနှင့် ဆံပင်တွေကို စုသိမ်းလိပ် ထားပုံပေါ်ပေမယ့် ကပိုကရိုပြိုဆင်းနေသည့် ဆံစလေးတွေ ဟိုတစ် တစ်စ.. ။

သူမကိုမတွေ့လို့ အပေါ်ထပ်ကရှိသမျှ အခန်းတွေစုံခဲ့ပြီဖြစ်သည်။ သော် ဝင်းစက်ဖြူနုနေသော သူမရဲ့တစ်ကိုယ်လုံးကို စူးစိုက်သိမ်းကျုံး ၍လိုက်ပြီး သူဖျတ်ခနဲခြေလှမ်းရွှေ့သည်။

"စားတာပေါ့..အင်း ဒါနဲ့သမီးကို သားဘာမှမပြောဘူးလား၊ ဦးမ ဖြစ်တာကို သေချာပြောလိုက်ပါတယ်.."

ဖုန်းပြောရင်းလှကိုရှောင်ထွက်သွားတော့ သိုသမင်လည်ပြန်လိုက် ကြည့်မိသည်။ ပြီးတော့ တွက်လိုက်မိတာ ဂီတနဲ့ပြောနေတာလား..၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃၉)

"သုသန္တာက မင်းသမီးမို့လို့ကို မရိုက်ချင်တော့တာ.."

ရှူတင်စတည်တဲ့အချိန်မှာပဲ ဂီတကပြဿနာရှာသည်။ ထို့ပြ

"တီလေးက အိမ်မှာလူမမာကြီးတစ်ဖက်နဲ့ ရိုက်ကွင်းလည်းရော လိုက်သေးတယ်နော်..အံ့သြစရာ.."

"အဲ့ဒါတွေထားလိုက်ပါဦးသမီးရယ်..သမီးကို တီလေးအစတည်း ဒုတိယမင်းသမီးနေရာမှာ ပါရမှာလို့ ပြောထားတယ်လေ.."

"ဟုတ်တယ်လေ..ဒါပေမယ့် လုတပတပါရတာနဲ့ပဲ မင်းသမီးနေ လို့ ဘယ်ပြောလို့ရမလဲတီလေးရဲ့.."

ဂီတက ရှူတင်တစ်ဖွဲ့လုံးကိုကြည့်ပြီး နိုင်ငံကျော် cele တစ်ယော လို ရှုံ့မဲ့ခေါင်းခါ၏။

"သူများတွေ ဖလက်ရှ်ဘက်ခ်ပြန်တဲ့ အခန်းဆိုနင့်နေတာပဲ..ပြီးတော့ ကိုယ်လုပ်ကွက်ရရင် ဟုတ်သေးတယ်၊ ဒီလိုအခန်းမျိုး နှစ်ခန်းလော ပါရမှာကို မရိုက်ချင်ပါဘူး..ဂီတအစတည်းက တွေးမိပါတယ်၊ ရုပ်ရှ ကားကြီးထဲပါရမယ်ဆိုပြီး ရိုက်မယ့်နေ့ထိ ဇာတ်ညွှန်းလည်းမရ..ရိ ဇယ်မရှိနဲ့.."

"ဒါက.."

"ခုတော့သိပါပြီ..ဂီတကို ဒေးကြေးပေးခေါ်တဲ့ စပို့တင်းတွေလိုပဲ.."

"အဲ့ဒါမဟုတ်ဘူးသမီး..ဇာတ်ညွှန်းသေချာဖတ်ကြည့်ဦး၊ သမီး မင်းသမီးနဲ့ညီအစ်မလည်းဖြစ်.."

"ဟင့်အင်း..မရိုက်ချင်တော့ဘူး၊ ဒီအခန်းမျိုးပါဖို့ ဝါသနာရှင်လေ တွေ အများကြီးပါ..သမီးမပါလည်း အန်တီ့စီးပွားရေး ဘာမှပျက်စီး သွားပါဘူး.."



သိုစိတ်ဆင်းရဲသွားသည်။ ရိုက်ဖို့လာပါဆိုမှ ရောက်လာပြီး ကောက် ငင်ကာ ခေါင်းခါသည်။ ပြီးတော့ တီလေးဖြစ်လိုက် အန်တီဖြစ်လိုက် ကိုယ်ကအပြစ်တင်ရမယ့်အစား သူမလေးကတစ်ပြန်စီး.. ၊

"ဂီတတကယ်မထင်ဘူးသိလား..အန်တီ အရမ်းပြောင်းလဲသွားတယ် နော်.."

"ဘယ်လို.."

ဂီတက မျက်လုံးအကြည့်တွေနဲ့ စိမ်းကားမှုကိုဖော်ပြပေမယ့် ပြုံး ကာ ပြုံးနေသေးကာ.. ၊

"ဂီတက အန်တီရုပ်ရှင်လုပ်ငန်းလုပ်နေတယ်ဆိုတည်းက မေမေ့ကို ပြတာလေ..နောက်ပြီး အန်တီ့သားလေးနဲ့ဦးတို့အကြောင်းတွေကိုပါ ပြလိုက်တော့ မေမေကဘာပြောလဲသိလား.."

ဘာလဲလို့ သိုမမေးတော့ပါ။ ဒါပေမယ့် မကောင်းတာတစ်ခုခုပြော တော့မှာကို သိနေသဖြင့် နားစွံနေမိ၏။

"သူ့သားလေးနဲ့ဖြစ်ဖြစ်စံနစ်နဲ့ဖြစ်ဖြစ် သိပ်မရင်းနှီးနဲ့တော့တဲ့..မဟုတ် သမီးဖြစ်ချင်တာကို ဖြစ်ခွင့်မရဘဲ ပယ်စာရင်းဝင်သွားလိမ့်မယ်တဲ့.."

သိုမျက်မှောင်ကုတ်သွားသည်။ မျက်ဝန်းထဲမှာ ဒေါသရိပ်တို့သိသာ ရုပ်ပြေးသွားသော်လည်း.. ၊

"အဲ့ဒါဘာကိုဆိုလိုတာလဲသမီး..စောကအဲ့လိုစကားလုံးတွေ ပြော ယ်ဆိုတာ.."

"အန်တီတောင် ပြောသေးတာပဲဟာ.."

"တီလေးက.."

"ဟုတ်တယ်..အစတုန်းကတော့ ဂီတကအန်တီ့သမီးလိုပဲတဲ့၊ ခုကျ တော့.."

"တီလေးက သမီးကိုခေါင်းဆောင်မင်းသမီး တင်မပေးမိတဲ့အတွက် လောက်ထိ ပြောစရာဖြစ်သွားခဲ့တာလား.."

"အဟွန်း.."

သို့မျက်ဝန်းလေးတွေ အေးစက်စက်ဖြစ်သွားခဲ့လျက်.. ၊

"ဒါဆိုရင်တော့ သမီးကိုအများကြီး ရှင်းပြရတော့မယ်ထင်တယ်.."

"မရှင်းပြပါနဲ့..ပြောရရင် သမီးကဝါသနာပါနေခဲ့တဲ့ပုံပါ၊ သုသန္တာ ကြော်ငြာမော်ဒယ်လ်မဟုတ်သေးပေမယ့် ခုမှပရိုဂျူဆာထလုပ်တဲ့ အန် ကော်တော့ အတွေးအမြင်တွေအများကြီးရှိပါတယ်.."

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာ ပြန်တွေ့ကြကာမှ ဂီတရဲ့တိုက်ခိုက်မှုတွေက သိသာ
သည်။ ခုတော့ ကြမ်းတမ်းမှုတွေပါပါလာခဲ့ပြီဖြစ်ကာ သူမဘာကြော
ပြောင်းလဲသွားခဲ့မှန်း မတွေးတတ်အောင်ပင်။ ထို့ပြင် ကိုယ်ကပြော
သွားပါသည်လို့ သူမကပဲဦးအောင် ပြောနေသေးရာ.. ။

"အနုပညာဆိုတာဘာညာ အဲ့ဒီစကားလုံးတွေကို ပုခက်ထဲက
လေးတွေတောင် ရွတ်နိုင်တယ်..ဂီတလိုချင်တာ အန်တီ့ကိုဂီတက ကို
ဘရဲပါတနာမို့ အားကိုးတယ်၊ အန်တီက ပရိုဂျူဆာမို့လုပ်ပေးလိုက်
..ဒါပဲ.."

"တစ်ဆင့်ချင်းပဲသွားလို့ရမယ်သမီး..တက္ကသိုလ်ကျောင်းသူ
ခေါင်းဆောင်မင်းသမီး ချက်ချင်းတက်လုပ်ဖို့ ဘယ်လိုမှမဖြစ်နိုင်ဘူး

"မဖြစ်နိုင်ရင်လည်း ဖြစ်နိုင်မယ့်သူတွေကိုပဲ ထည့်လိုက်ပါ..ဂီတ
လည်း ဒီဇာတ်ကားမှာပါခွင့်ရဖို့ မတောင်းဆိုပါဘူး၊ ဒါပေမယ့် မေ
ပြောသလို ဦးတို့သားအဖနဲ့ ဂီတရင်းနှီးနေတာကြောင့် ဂီတကိုခုလို

"သမီး.."

သို့မျက်နှာကရော စကားသံကပါ တင်းမာမှုတွေ လွှမ်းမိုးနေ
ဂီတက အနီးမှာရှိနေသည့် ရှူတင်အဖွဲ့ကလူတွေဆီ မျက်ဝန်းတစ်
စောင်းကြည့်လိုက်ပြီး.. ။

"ဦးနဲ့ဆုံခဲ့တုန်းကလည်း အန်တီနဲ့ပတ်သက်ခဲ့တာကို မသိ
ဘူး..အလင်းနဲ့သူငယ်ချင်းဖြစ်နေတုန်းကလည်း အန်တီ့သားမှန်း
သိခဲ့ဘူး.."

သူမစကားသံက နှစ်ကိုယ်ကြားနိုင်ရုံမဟုတ်ဘဲ ဘာကိုမှဂရုမ
သည့်လေသံမျိုးဖြစ်သည်။ ထို့ပြင် သုသန္တာရဲ့ကားလေး ဝင်လာ
လှည့်ကြည့်လိုက်ပြီး ရယ်သေးသည်။

"ဦးတို့နဲ့ရင်းနှီးနေတာကို အန်တီကဘယ်လိုအတွေးနဲ့များ
တယ်ဆိုတာ ဂီတမတွေးတတ်ဘူး.."

"သမီးဘယ်တွေးတတ်မလဲ..အဲ့လိုတွေ သမီးဘာသာခေါ
ကောက်ထည့်နေတာကိုး၊ တီလေးဘက်က ဘယ်အရာမှမပြောင်းလဲ
သမီးကို ဟိုအရင်တုန်းကလည်း ကိုယ့်သမီးလိုချစ်တယ်၊ ဒီမှာပြန်
တော့လည်း ဒီတိုင်းပဲ.."

"ဂီတကတော့ အဲ့လိုပဲနေမှာပါလို့ တွေးပါတယ်..ဒါပေမယ့် မေ
သတိပေးတယ်၊ အမြဲတမ်းအနိုင်ရနေတဲ့သူတစ်ယောက်က ယ



တည်းက ဆိုးနွဲ့အနိုင်ရခဲ့တဲ့ ကလေးလိုပဲတဲ့..သူရနေတာတွေကို ဆုံးရှုံး
လိုက်ရတဲ့အခါ ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် မဆုံးရအောင် ကြိုးစားမယ်
မဟုတ်ရင် ညစ်ပတ်လာမှာပဲတဲ့.."

"မေက.."

"ဟုတ်တယ်..အဲ့ဒီတိုင်းပဲပြောတယ်.."

အနီရောင်ဝတ်ထားသည့် ဂီတမျက်နှာလေးက နီရဲနေသလို အဖြူ
ရောင်ဝတ်စုံလေးနှင့် ပါးပြင်လေးတွေလည်း နီမြန်းနေလေသည်။ နေ
လည်းမပူ လေပူလည်းမတိုက်ဘဲ နှစ်ယောက်စလုံးရဲ့မျက်နှာနဲ့မျက်ဝန်း
တွေအရ ရင်ထဲကမောဟမျဉ်းပြိုင်တို့ ဘယ်ကိုအပြိုင်ပြေးနေခဲ့သလဲဆို
ကာ.. ။

"တီလေးမယုံနိုင်ဘူး..ဒါပေမယ့် သမီးမေမေပြောတဲ့ စကားကိုသမီး
ကြားမှာပေါ့၊ ဆောရီးပါ.."

သို့နှုတ်ခမ်းသားလေးတွေ တုန်ယင်နေခဲ့သည်။ ဂီတက စေ့စေ့စပ်
စပ်စိုက်ကြည့်ကာ.. ။

"ဘာကိုလဲအန်တီ..ဂီတက အန်တီစိတ်ဆိုးသွားမယ်ထင်တာ၊ ဆော
ရီးလို့ပြောပုံထောက်တော့ မေမေ့အပေါ်မှာ အန်တီတစ်ခုခုနိုင်စားခဲ့တာ
ရှိနေတာလား.."

သိုက နှုတ်ခမ်းအစုံကို ဖိကပ်ပစ်လိုက်ပြီး မျက်နှာလေးမော့သည်။
ပြီးတော့ မေးဆတ်၍.. ။

"သမီးတစ်ခုခုပြောချင်နေတာလား..ရှိနေရင်ပြောပါ.."

ဂီတကပြုံးလိုက်ပြီး မျက်နှာလွှဲသည်။ သူမလှမ်းကြည့်လိုက်တော့
ရိုက်တာနဲ့ ခေါင်းချင်းဆိုင်ပြီး ဇာတ်ညွှန်းဖတ်နေသောသုသန္တာကိုဖြစ်
ကာ ဖျတ်ခနဲပြန်လှည့်ကြည့်လိုက်ရင်း.. ။

"သုသန္တာဆင်းနံ ဒီနေ့မပါဘူးဆို.."

"ဟုတ်တယ်..ဒါပေမယ့် အဲ့ဒါသမီးနဲ့မဆိုင်ဘူးလေ၊ တီလေးမေးနေ
တာကိုပဲ ဖြေပါ.."

"ဖြေဖို့မလိုပါဘူး..ဂီတကလည်း အန်တီဘာဖြစ်သွားတာလဲပဲသိချင်
တာ၊ ဖေကြီးရယ် မေမေရယ် အန်တီရယ် အရမ်းခင်မင်ရင်းနှီးခဲ့ကြတယ်..
အန်တီ အခုရန်ကုန်မှာပဲ အနေကြာတာနဲ့ ဖေကြီးလည်းမေမေ့နားမှာ မရှိ
တော့ဘူး.."

ကြည့်စမ်း.. ။

www.burmeseclassic.com

www.burmeseclassic.com



"ဂီတပြောသမျှ ဒီစကားတွေစောကပြောတာ မဖြစ်နိုင်ဘူးလို့ပဲ တီထင်တယ်မို့လား..ဟုတ်တယ်လေ မေမေကအရမ်းတုံး အရမ်းအ ကိုး.."

ဂီတအသံက ကျယ်ကျယ်လောင်လောင်ဖြစ်လာသည်။ ဘယ်လို ဆင်မပြေမှုမှ မရှိခဲ့ကြသည့် ဒီမိသားစုထဲက မိန်းမငယ်လေးတစ်ယော ဟာ ခုလိုစကားတွေပြောဖို့ အချိန်ယူတာစုနေခဲ့မှန်း သူမအနည်း တောင် မရိပ်မိခဲ့.. ၊

သူမလေးရဲ့ မျက်ဝန်းထဲမှာ တစ်စုံတစ်ရာသော အရိပ်ငွေ့တွေကို စားမိနေတာတောင် 'စိမ်းသွားသလိုပဲ'ဆိုသည့် အတွေးနဲ့သာ ပြီးဆုံး ခဲ့သည်။ ခုတော့.. ၊

"ခုကျတော့ မေမေကောင်းကောင်းနားလည်သွားပါပြီ..ဖေဖေလ ပြဿနာတွေတက်ပြီးတည်းက တာဝန်အကြောင်းပြပြီး ထွက်သွားပြီ တော့လေ..အပွန်း မေမေ့မှာဘာမှမရှိတော့ဘူး.."

ဟင်.. ၊

သို့မျက်နှာထက်က မာကြောခြင်းတွေ ဖြုတ်ခနဲကြွေကျကုန်၏

"မေမေ့ရင်တွင်းဖြစ်စကားတွေ ကြားတာနဲ့ 'ဆောရီး'လို့ပြောခဲ့ အာ့တွေအတွက်လား.."

မဟုတ်ဘူးဆိုတာကို ခေါင်းပဲခါပြမိသည်။ အစတုန်းက ထော နဲ့ဖြစ်သွားသည့် ဒေါသစိတ်နှင့် ဒီလိုထင်စရာတွေဖြစ်သွားရင်တော့ ရီးပါလို့ ပြောမလို့စိတ်ကဖြစ်ခဲ့တာအမှန်ပါ။ ဒါပေမယ့်.. ၊

"အန်တီနိုင်ပါတယ်..ငါအဲ့လိုမဟုတ်ပါဘူးလို့ ဖြေရှင်းဖို့လည်း ဘူး၊ အနိုင်တိုက်ယူဖို့မှ မလိုခဲ့တာ..အန်တီအမြဲတမ်း အနိုင်ရခဲ့တယ်

"သမီး.."

"ပွန်း..ရပါတယ်၊ ဂီတကဝမ်းမနည်းတတ်ဘူး.."

သူမမျက်နှာလေး တင်းနေခဲ့လျက်.. ၊

"မေမေကအရမ်းဖြူစင်တယ်..သူများကို လက်ညှိုးမထိုးတတ် သူ့ကိုလက်ညှိုးထိုးရင်လည်း မဖြေရှင်းတတ်ဘူး..အဲ့ဒါကြောင့် ဂီတ တာတွေကို ဒီတိုင်းပဲဖြစ်ဖြစ် ပုံကြီးချဲ့ပြီးပဲဖြစ်ဖြစ် အန်တီဖေဖေ့ကို ဆက်မပြောဘူးဆိုရင် ကျေနပ်တယ်.."

အားလုံးကြားနေကြလိမ့်မည်။ ဒါပေမယ့် သို့အားလုံးကိုမေ့နေ ရှက်ခြင်း ဝမ်းနည်းခြင်းသည် သူမကိုယ်မှာ ခွန်အားမဲ့နေစေခဲ့လျက်



"မေမေ့ကိုနည်းနည်းလောက် အားနာတယ်ဆိုရင်ပြောတာပါ..မေမေ့ စားချက်ကို ဂီတကကိုယ်စားပြောမိတဲ့အတွက် ဖေဖေနဲ့ရင်ဆိုင်ရလည်း တကကဂရုမစိုက်ဘူး.."

သူမလေးက ပြောချင်ရာပြောပြီး ခြေလှမ်းပြင်သည်။ ပြီးတော့ ပြန် ညှိကြည့်ပြန်ကာ.. ၊

"ဂီတဝါသနာပါပေမယ့် မင်းသမီးဖြစ်ကိုဖြစ်ရမယ်ဆိုတဲ့ ရည်ရွယ် ချက်မျိုးလည်း မရှိခဲ့ဘူး..ဒါပေမယ့် အန်တီ့စိတ်ကိုသိချင်တာ၊ အာ့ကြောင့် န်တီတို့မိသားစု တွေ့ဆုံတဲ့နေ့ကစပြီး ဂီတဒီခြေလှမ်းကို လှမ်းခဲ့တာပဲ.."

သူမက သို့စကားပြောမည်ပြင်တိုင်း ခေါင်းခါပစ်လိုက် လက်ကာ ကိုက်နှင့် တားဆီးပစ်တတ်ပြီး.. ၊

"မစိုးရိမ်ပါနဲ့..အန်တီ့ဆီက ပိုမယူပါဘူး.."

"မဟုတ်သေးဘူးသမီး..တီလေးပြောတာကို.."

"ဘာမှမလိုတော့တာ..အန်တီက ဖေကြီးဘဝထဲကို ဝင်လာတော့ ည်း နောက်ပြန်ဆုတ်ပြီးဝင်တယ်၊ ပြန်ထွက်သွားတော့လည်း ခြေကန် ပြန်ထွက်တယ်..အန်တီနင်းခဲ့တာက မြေမှာ ကျောက်သားမဟုတ်တော့ ရာကျန်ခဲ့တာပေါ့၊ အဖြစ်ကဒါပဲ ဒါပေမယ့် ဂီတကတော့ ခြေရာ ကက်ဂါတာမတတ်ပေမယ့် အဲ့ခြေရာနောက်ကို ထပ်ချပ်မကွာလိုက်နိုင် ခဲ့ပဲ.."

သူမဘာတွေပြောနေတာလဲ..ကျန်ခဲ့တဲ့အတိတ်ဟာ ဒီလောက်တောင် ညည်းတန်ဆိုးရွားခဲ့သလား.. ၊

ခေါင်းထဲမှာ ရှုပ်ထွေးလာသည်။ ကိုယ့်ကိုယ်ဟာ ရပ်နေသည့်နေရာ ဟုတ်ဘဲ မြေကျွံနစ်ဝင်သွားသလို သိမ်ငယ်စိတ်က ဖိစီးလာ၏။ ပြီး စောသဲနဲ့အတွက်တို့ရဲ့ပုံရိပ်တွေ.. ၊

ပြောပါတော့သို့ရေ..ဒီမှာအမြုပ်ထွက်အောင် ပြောနေတာရကိုမရဘူး"

"သိုလား..လာပါဦးသို့ရယ်၊ အရက်တွေသောက်လာတာ စကား မပြောနိုင်တော့ဘူး..အဲ့ဒါပြန်ထွက်ဦးမလို့တဲ့၊ အပြင်မှာဘာတွေဖြစ် ကြသလဲမသိဘူး..သို့ပြောမှရမှာ လာတားပေးပါဦး.."

ဟင့်အင်း.. ၊

သို့ခေါင်းတွင်တွင်ခါ၍ ကြားယောင်လာသည့်စကားသံတွေကို ပျက်ဖို့ ကြိုးစားသည်။ စောသဲကပြောနေခဲ့ဖြစ်ကာ သူမလည်း ပါတန်းရောက်သွားပြီး အတွက်ကိုစိုးရိမ်စိတ်နဲ့ ထွက်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အတိတ်၏ပုံရိပ်တွေက ရုပ်ရှင်ပြကွက်တွေလို ပီပြင်ထင်ရှားနေဆဲပင်...

ဒါပေမယ့် စောသဲရဲ့မျက်ဝန်းလေးတွေမှာ သူမအပေါ်တစ်စုံတစ်ရာ ရိုးမယ်ဖွဲ့နေတာ မရှိခဲ့ပါ။ ကပ်ရိလျောင်ရယ်သော အစွန်းမလွတ်သည့် ကားမျိုးလည်း မပြောခဲ့ဖူးပေ။ ဒါပေမယ့် ခုတော့ပြိုကွဲပျက်စီးကုန်တဲ့ ထိ ဘာတွေဖြစ်ရတာလဲ.. ၊

သူမနိုင်ငံခြားသွားခဲ့ဖူးသည်။ ရန်ကုန်ကိုလည်း ခေါက်တုံ့ခေါက် ပြန်။ ခုကျမှ ဘာတွေမှားယွင်းခဲ့လို့လဲ.. ၊ သူမဘာတွေများ မှားယွင်း ဆိုင်ခဲ့မိပါသလဲ.. ၊

လူသည်နေရာမှာတင် အရုပ်ကြိုးပြတ်ထိုင်ကျသွားခဲ့ပြီး ဒါရိုက်တာ နဲ့ရှူတင်ဘယ်လိုစခန်းသွားနေကြသည်ကိုလည်း မသိတော့ပေ။

'အန်တီက ဖေကြီးဘဝထဲကို ဝင်လာတော့ နောက်ပြန်ဆုတ်ပြီး တယ်..ပြန်ထွက်တော့လည်း ခြေကန်ပြီးပြန်ထွက်တယ်..'

'ဂီတကတော့ အဲ့ဒီခြေရာနောက်ကို ထပ်ချပ်မကွာလိုက်နိုင်တဲ့သူ'

ဂီတ နာနာကျင်ကျင်ပြောသွားသည်။ သူမဘယ်သူ့ဘဝကို နင်း ဖျက်ဆီးခဲ့မိသလဲ..။ အတွက်နဲ့သူမရဲ့ပတ်သက်မှုမှာ ဒီလိုအညစ်အ တွေ လုံးဝကင်းရှင်းခဲ့သည်။ စောသဲလည်း ဒါကိုယုံကြည်သည်။ တောင်.. ၊

"အဟမ်း.."

ချောင်းဟန့်သံကြောင့် သတိဝင်လာကာ သိုလှည့်ကြည့်လိုက်သည်

"အာ..ဆောရီးမသို.."

ဒါရိုက်တာဦးအောင်ကောင်းက ဖျတ်ခနဲနောက်ပြန်ဆုတ်သွားတဲ့ ပျာပျာသလဲ တောင်းပန်၏။ ထိုအခါကျမှ သူမပါးပြင်ထက်မှာ မျက် တွေ စိုလူးနေခဲ့မှန်း သတိရသည်။ သိုမျက်နှာလွှဲ၍ လက်ခုံနဲ့အသာ သုတ်ပစ်လိုက်ရင်း.. ၊

"ရတယ်ဦးကောင်း ပြောပါ.."

"ဟိုတယ်လ် တစ်ဆင်းနဲ့ပဲကျန်တော့တယ်.."

"အင်း..ရွှေ့မယ်လေ၊ ကျွန်မတော့မလိုက်တော့ဘူး..ရှူတင်မန် ရော.."

"သူပြန်လာပြီမသို..ဟိုတယ်လ်ကအဆင်မပြေလို့.."

"ဟင်..ဘာဖြစ်လို့လဲ.."

"ဒီနေ့အစည်းအဝေးရှိလို့ ခွင့်မပြုဘူးတဲ့.."



"တစ်နေ့ကလည်း ပြင်ဆင်ဆဲအခန်းတွေရှိလို့ဆိုပြီး.."

ဦးအောင်ကောင်းကလည်း စိတ်မသက်သာသလို ခေါင်းညိတ်လိုက် .. ၊

"ဟုတ်တယ်..အဲ့ဒါကြောင့် မန်နေဂျာကိုထပ်လွှတ်ထားတယ်၊ ငါ ည်းထင်တော့ထင်ပါတယ်..ဒီဟိုတယ်လ်ကို ဘယ်ပရိုဂျူဆာမှ မရဘူး ကာ့ စိတ်ဝင်စားတာနဲ့ မန်နေဂျာကို အတော်ကြိုးစားခိုင်းမိတာ.."

"ဒါနဲ့ အဲ့ဒီကလက်ထောက်မန်နေဂျာနဲ့ သေချာပြောပြီးသားဆို.."

"ဟုတ်ပေမယ့် အဆင့်ဆင့်တွေကြောက်ရတာတွေ ရှိသေးတာကိုးမ ရဲ့..နိုဗိုတယ်လ်နဲ့အပြိုင်တက်လာတဲ့ဟာ၊ သူ့ဝိတ်ကလည်း နည်းတာမှ ဟုတ်တာ..လုပ်နေကျထုံးစံလို ဒေးကြေးပေးထားလို့ရရင်လည်း ကောင်း ား.."

ဒီဟိုတယ်လ်မှာပဲ နေ့ ည sceneတွေပါနေသည်။ တစ်ရက်တည်း ုံးခွင့်ရသောကြောင့် ဒီနေ့ဟိုတယ်လ်ခန်းတွေ အပြတ်ရိုက်ပစ်ဖို့ ဟို ယ်လ်မန်နေဂျာရဲ့ ဖုန်းကိုစောင့်နေခဲ့ကြသည်။ ဖုန်းစောင့်ရင်းတခြား ခန်းတွေ ရိုက်ထားရတာလည်း ပြီးနေပြီဖြစ်၏။ ထိုစဉ် ဒါရိုက်တာဆီ ်းဝင်လာကာ.. ၊

"ဟလို..အေး အေး တော်သေးတာပေါ့၊ အင်း..ဘယ်နှယ့် ဘယ်လို.."

အဆင်ပြေပြီလို့ထင်ကာမှ ဒါရိုက်တာစကားမပြတ်သေးဘဲ မျက်နှာ က်သွားသည်။ ပြီးတော့.. ၊

"ဘာတဲ့လဲ.."

"ရပါတယ်..ပိုက်ဆံလည်းမယူတော့ဘူးတဲ့၊ ဒီနေ့သူဌေးရှိနေလို့ နိုက် င်းမရိုက်ပါနဲ့ဦးတဲ့.."

"ဖြစ်ရပြန်ပြီ.."

အစတည်းက ပိုက်ဆံကြိုပေးထားမယ်ဆိုတာ မန်နေဂျာလက်မခံ ပေ။ ဒါကိုခုကျမှ သဘောပေါက်၏။ ကိုယ့်သူဌေးကို ဒီလောက်ကြောက် သားနဲ့ ဘာလို့ခေါင်းညိတ်ခဲ့ရတာလဲ.. ၊

"အဲ့ဒါပဲ..အပေးအယူနဲ့မဟုတ်ရင် ဘယ်သူ့ဆီကမှ အလကားမယူ ကောင်းတယ်၊ ပိုက်ဆံပေးရတာထက် စိတ်ညစ်ရတာက ပိုဆိုးနေတာ"

သိုအိမ်ပြန်ဖို့ပြင်ပြီးမှ မပြန်ဖြစ်တော့ဘဲ ဟိုတယ်လ်ကိုပဲ ဆက်လိုက် ွားခဲ့သည်။ အဆင်မပြေထပ်ဖြစ်ရင်တော့ သူဌေးကိုပဲတိုင်လိုက်တွေ ့ အကူအညီတောင်းဖို့ဖြစ်သည်။ ဒီရုပ်ရှင်ကားကို သူမသေချာလုပ်ချင်

www.burmeseclassic.com

www.burmeseclassic.com



သည်။

ရှိပြီးသားဇာတ်လမ်းတွေမှာ မပါဘူးသည့် လိုကေးရှင်းတွေ ဆောက်အဦးနေရာတွေနဲ့ပဲ သွားချင်တာမို့ စိတ်ညစ်ရပေမယ့် အတွေ့ကြုံလို့သာ သဘောထား၍.. ။

ဟင်.. ။

ဟိုတယ်လ်ကြီးထဲမှာ ကားတွေရောက်ပြီး ရှူတင်တည်ဖို့လုပ်နေတုန်း မျက်စိရှေ့ရောက်လာတာ စံနစ်ရဲ့ကားဖြစ်သည်။ ပြီးတော့ ဟိုတယ်ရှေ့မှာ ကားထိုးကာ ဆင်းလာတော့ဂီတနဲ့စံနစ်.. ။

သူတို့ဟိုတယ်လ်ကို ဘာလာလုပ်ကြတာလဲ.. ။

ရင်ဘက်ကြီးသည် ဆီမပါဘဲ မီးဖိုပေါ်တင်ခံလိုက်ရသည့် ဒယ်အိုးကဲ့သို့ အငွေ့တထောင်းထောင်း ထလာတော့မတတ် ချက်ချင်းပူပူလောင်လောင် ဖြစ်လာခဲ့၏။ ဟိုတယ်လ်ဝတ်စုံနှင့် လူငယ်တစ်ယောက်ပြေးလာကာ စံနစ်လက်ထဲက ကားသော့ကိုတရိုတသေယူသည်။ ပြီးတော့ စံနစ်ပြောသမျှကို ခါးညွတ်ခေါင်းငုံ့၍ တညိတ်ညိတ်နာခံနေ၏။

စံနစ်တို့ဟိုတယ်လ်ထဲဝင်သွားကြတော့ လူငယ်က ကားကိုမောင်းဝင်သွားသည်။ သို့သော် ကက်စတန်မာတွေအတွက်ထားသော ကားပါကင်ကိုမဟုတ်ပေ။

ဒါကဘာလဲ..။ စံနစ်က ဒီဟိုတယ်လ်က သူဌေးလား.. ။

ဒီလောက်မြန်ဆန်သည့် အရှိန်အဟုန်နှင့် သူဒီလိုတိုးတက်ကြီးပွားနေတာ ဘယ်လိုမှအထင်မကြီးဘဲနေလို့မရတော့သည့် အရည်အချင်းပဲဖြစ်သည်။ တဆက်တည်းမှာ ဒေါသမာနကလည်း ခေါင်းထောင်လာခဲ့သည်။ ထို့ထက်ပို၍ ရင်းရပါလျှင် သူမမခံရပ်နိုင်အောင် ဖြစ်သွားခဲ့၏။

ပြောတော့ ငါ့သားအတွက် ငါအားလုံးဖန်တီးပေးနိုင်သည်တဲ့။ ငါ့သားရောက်နေတဲ့ ပတ်ဝန်းကျင်မှာ ငါ့သားပိုင်တာတွေပဲ ဖြစ်နေအောင် ငါဖန်တီးထားတယ်တဲ့.. ။

သားအတွက်လား အဖေအတွက်လား.. ။

ကိုယ့်ဘာသာလွတ်လပ်ခြင်းကို ငွေလမ်းခင်း၍ အမျိုးမျိုးစီးမျောဖို့ ကြိုးစားနေတာ ဘာဖြစ်လို့ သားကိုရှေ့တန်းတင်ရတာလဲ.. ။

ပြီးတော့ ကိုယ့်သားကမေတ္တာရှိနေတဲ့ မိန်းကလေး..။ ကိုယ့်သမီးအရွယ်လေးနဲ့.. ။

♥♥♥

## အခန်း(၄၀)

အဖေအရွယ်ဖြစ်ဖြစ် ဘာဖြစ်ဖြစ် အသက်ကိုဘယ်သူကလိုက်ကြည့် လက်ချိုးရေတွက်နေမှာလဲ..။ အသက်ကိုမသိရင် စံနစ်ဆိုတဲ့ယောကျ်ား ဂီတက ချာတိတ်နဲ့သူ့ရဲ့ကိုကိုပဲ.. ။

စံနစ်ရဲ့အထက်ပါအောက်ပါ အရည်အချင်းကောင်းများကို တစ်ခုတစ်ခု တွေ့မြင်လာရလေ ဂီတရဲ့ဝန်တိုလောဘစိတ်တွေက တဖျစ်ဖျစ် တောက်မြိုက်လာလေ။ ဒီလောက် ထည်ဝါခမ်းနားသည့် ဟိုတယ်လ်ကြီး တစ်ခုလုံးကို ပိုင်ဆိုင်ထားတာတောင် အလင်းကလည်း စကားထဲမှာတစ်ခါမှ ထည့်မပြောခဲ့.. ။

သူမတောင် စံနစ်ရဲ့အရိပ်လေးဖြစ်ဖြစ် တစ်ချက်လေးမှမျက်ခြေပြတ်မခံဘဲ လိုက်ကြည့်နေခဲ့လို့.. ။

"သမီးဆရာက ဒီကလပ်မှာလား.."

"ရှင်..ဟုတ်.."

ကားရပ်လိုက်ပြီး စံနစ်ကဂီတကို ငဲ့ကြည့်သည်။ ဂီတကလည်း အတွေးလွန်နေသည့်အဖြစ်ကို ဖုံးဖိသလိုလေးရယ်ပြ၍.. ။

"အဟွန်း..ဦးကိုအားနာလိုက်တာ.."

တစ်ခုခုပြောချင်နေသည့် အကြည့်မျိုးနှင့် စံနစ်ကစိုက်ကြည့်နေကာ..

"အခု ဆင်းတော့မလား.."

"ဟင်.."

ပခုံးပေါ်တင်နေသည့် ဆံပင်တွေကို ဖိသိမ်းရင်း လက်လေးတစ်ဖက် ဆံပင်နဲ့လည်ဂုတ်မှာပဲ ဖိကပ်ထားလျက်.. ။

"ဦးက ပေးမဆင်းချင်လို့လား.."

စံနစ်က ရယ်မြူးရိပ်သမ်းနေသော မျက်ဝန်းတို့ဖြင့် ကြည့်ရင်းပြုံး

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒါပေမယ့် မဲ့တာနဲ့လည်းတူ၏။ ဂီတမျက်လုံးထဲမှာတော့ စံနစ်ရဲ့နှုတ်ခမ်းတွေက ညှို့အားပြင်းသောလက်နက်တစ်ခုနှယ်.. ၊

"ဦးကိုဂီတပြောစရာတော့ ရှိသေးတယ်..ဒါပေမယ့်.."

"ပြော.."

မဝံ့မရဲစကားခင်းလိုက်ရင်း စံနစ်ရဲ့'ပြော'ဆိုသည့် ခွင့်ပြုချက်က မျက်နှာလေးကို ချိုသာသွား၏။

"ဒီလိုလေ..ဦးကိုဦးလို့ခေါ်တာ ပြဿနာမရှိပါဘူး၊ ဒါပေမယ့် သမီးလို့တော့ ပြန်မခေါ်စေချင်ဘူး.."

"မင်းကသားရဲ့သူငယ်ချင်းပဲ.."

"ဟုတ်တယ်..ဒါပေမယ့် တခြားလူတွေမသိကြဘူးလေ၊ ဒီတို သတိမထားမိတာတောင်မှ သမီးနဲ့ဦးဆိုတော့ သို့လောသို့လောတွေ ကုန်မှာပေါ့.."

စံနစ်ကပြုံးလိုက်သည်။ ဂီတက နှုတ်ခမ်းစူသလို စိတ်ကောက် လေးဖြစ်သွားပြီးမှ ရယ်လိုက်ရင်း.. ၊

"သမီးလို့ခေါ်တာကြီးက အဆင်ဆိုးသလားလို့ပါ..ဂီတရဲ့ဖရဲ့ ကတောင် ပြောကြတယ်၊ ဦးကအရမ်းမိုက်တာပဲတဲ့..ဒီတိုင်းတွဲနေ ပြီးတာပဲကို ဦးတွေသမီးတွေလုပ်နေတာက အရမ်းငှတ်တယ်တဲ့.."

"တွဲနေတယ်လို့ သူတို့ကဘာလို့ထင်တာလဲ.."

ဂီတက မေးခွန်းကိုရှက်ရွံ့ထိတ်လန့်သွားတာမျိုးမဖြစ်ဘဲ စံနစ် ရွှန်းလဲ့သည့်မျက်ဝန်းတို့ဖြင့် ပြန်လှည့်ငေးရင်း.. ၊

"ဦးကချောတယ်လေ..ဦးနဲ့အတူသွားတိုင်း သူတို့ကစနောက် တာ.."

"ဦးကအလင်းသိုရဲ့အဖေဆိုတာ မသိကြဘူးလား.."

ဂီတက ဝမ်းနည်းသွားသလိုလေး စိုက်ကြည့်ပြီး ခေါင်းခါ ပြီးတော့ မျက်လွှာလေးချပစ်လိုက်ပြီး.. ၊

"မသိကြဘူး..ဂီတကပြောမှ မပြောတာ.."

"ဘာဖြစ်လို့လဲ..သားကရော.."

"သူနဲ့ဂီတက ကျောင်းမှာတောင် သိပ်မတွေ့ဖြစ်တော့ဘူး.."

"မခေါ်ကြဘူးလား.."

"အဲ့ဒါ အင်း..ဘယ်လိုပြောရမလဲတောင် မသိတော့ဘူး၊ အလ ကလေးလိုပဲ..ဦးနဲ့ဆုံမိကာမှ သူ့ကိုပိုပြီး အံ့ဩမိတာ၊ သူဂီတကို



ပ်ဖူးတော့လေ..ဂီတက အဖြေမပေးရသေးပေမယ့် အရမ်းနိုင်တာပဲ၊ ဦး င်တာကိုလည်း..."

"သူကသဝန်တိုနေတယ်လို့ ပြောချင်တာလား.."

ဂီတက မေးခွန်းတစ်ခုမေးလိုက်တိုင်း နှုတ်ခမ်းမဲ့တော့မလို နှာခေါင်း းမသိမသာတွန့်လျက် ဆံပင်တွေလှုပ်နွဲ့သွားအောင် ခေါင်းခါသည်။ ဖြစ်မကင်းတာ တစ်ခုခုရှိလာလျှင်လည်း မျက်လွှာချထားပြီးမှ ပြန်ပင့် ည့်၍ ဆံပင်လေးသပ်လိုက် ခေါင်းလေးငဲ့လိုက်.. ၊

စံနစ်စိုက်ကြည့်ရင်း သားပြောတာကို သတိရလာမိသည်။

"အဲ့ကောင်မလေးက အသည်းယားအောင်ချစ်ဖို့ကောင်းတာဖေဖေ.. ကြီးတို့လို သာသနာဖျက်တွေသာ ရှိမနေဘူးဆိုရင် အလင်းသိုတို့ဒါ ကို ဆွဲစားပြီးသားပဲ.."တဲ့.. ။

"ဦးကဘာပြုံးတာလဲဟင်.."

"မင်းပြောတာကို တွေးနေတာ.."

"ဂီတက အလင်းရဲ့အတင်းပြောတာ မဟုတ်ပါဘူး..သူနဲ့ရန်မဖြစ် တာနဲ့ မဆုံမိအောင်ရှောင်ရင်းနဲ့ ဦးနဲ့ပဲတိုက်တိုက်ဆိုင်ဆိုင်တွေ့နေ ာ.."

"ဟုတ်ပါပြီ..မင်းနဲ့တိုက်ဆိုင်စွာ ခဏခဏတွေ့နေရတာကို ဦးက ည်း ကျေနပ်ပါတယ်၊ တိုက်ဆိုင်မှုဆိုတာ တမင်လုပ်ယူလို့ရတာမှ မ တ်ဘဲ.."

ဂီတက ရယ်လိုက်ရင်း ဘေးပတ်ဝန်းကျင်ကို လှည့်ကြည့်သည်။ တ်စကက်ဘောကလပ်၏ ဘေးလမ်းကြားထဲမှာ ကားကပါကင်ယူ သလို ဘေးကပ်ရပ်ထားပြီးဖြစ်ကာ စက်တော့မသပ်ပေ။ ဒါပေမယ့် လည်း မဆင်းဖြစ်သေးသလို စံနစ်ရဲ့ညို့ရီသော မျက်ဝန်းတွေက ကိုမဆင်းပါနဲ့လို့ ပြောနေသည့်နှယ်။ ထို့ကြောင့် သူမပဲစကားစရှာရ .. ၊

"ဒီကလပ်ရှေ့မှာ ပါကင်မရှိတာလည်း ဦးကသိနေတာပဲနော်.. တ နာမည်ပြောလိုက်တာနဲ့ ဦးဒီဘေးကိုတန်းဝင်လာတာ.."

"ဘာလဲ..ဒါလည်းဦးပိုင်တယ်ထင်လို့လား.."

"ဦးကလည်း မေးကြည့်တာလေးကို.."

တကယ်မထင်ခဲ့ပါ။ ထင်စရာအကြောင်းလည်း ရှိမှမရှိလေရာ.. ၊

"ဟုတ်တယ်.."

www.burmeseclassic.com

www.burmeseclassic.com



"ဟင်..ဘာဟုတ်တာလဲဟင်.."

Equal to'က သားအတွက်ဖွင့်ထားတာ.."

"အယ်..တကယ်.."

"ညာစရာလားချာတိတ်ရ.."

ဂီတမျက်ဝန်းလေးတွေ တလက်လက်ရွှန်းတောက်သွားသည်။ လု ငန်းကြီးတွေ လုပ်ကိုင်အောင်မြင်နေတဲ့လူတစ်ယောက်က သားအတွ ကလပ်ထောင်ဖို့လည်း အချိန်တွေထုတ်နှုတ်လိုက်သေးသည်။

"ဂီတနဲ့အလင်းနဲ့လည်း ဒီမှာလာကစားဖူးတယ်..အလင်းမသိ မို့လားဟင်၊ ဟိုတယ်လ်မှာတုန်းကလည်း ဦးကမဖြေဘူး.."

"ဘာကိုလဲ.."

"အဲ့ဟိုတယ်လ်ကို ဦးပိုင်တယ်ဆိုတာ.."

"မင်းကအဲ့ဒါကိုသိရဖို့ အကြောင်းရှာပြီး လိုက်လာတာလား.."

ဟိုတယ်လ်မှာ အိမ်ကိုလာမည့်ညသည်တည်းနေလို့ လာရှာတာ သူမပြောခဲ့သည်။ ဒီနေ့ဒီအချိန် ဟိုတယ်လ်ကိုစံနစ်သွားမှာမှန်းသိထ သောကြောင့် သူမရဲ့ကြိုတင်ပြင်ဆင်ခြင်းတွေ ဖြစ်သည်။

Equal to ကလပ်နဲ့ပတ်သက်တာကိုတော့ သူမနည်းနည်း မသိခဲ့သည့်အတွက် ဘာမှလည်းပြင်ဆင်မထားခဲ့ပါ.. ၊

"မဟုတ်ဘူးလေ..အထဲကိုဦးနဲ့လိုက်လာတော့ သိရတာပဲဟာ၊ ဦး ဝန်ခံရုံလေးကို ဝန်မခံတာ.."

စံနစ်က ဘာမှမပြောတော့ဘဲ ကားကိုနောက်ထပ်ဆုပ်ပြီး နေရာ စက်သပ်၏။

"ဦး.."

"ပြော.."

"ဦးရဲ့တခြားလုပ်ငန်းတွေကိုရော အလင်းမသိဘူးပဲလားဟင်.."

"နေရာတကာသိဖို့မှ မလိုဘဲကွ.."

"ဟင်..ဘာလို့မလိုရမှာလဲ၊ ကိုယ့်မိဘပိုင်တာ ကိုယ်ပိုင်တာပဲဟာ သားသမီးက သိရမှာပေါ့.."

စံနစ်က တံခါးဖွင့်ဆင်းလိုက်ပြီး သူမကိုပါဆင်းဖို့ မေးဆတ်ရင်း

"အဲ့လိုပေါ့..သားသမီးကအားလုံးသိနေရင် ကိုယ်လုပ်ချင်ရာ မလု ရဘဲနေမှာစိုးလို့.."

ဒီစကားကြောင့် ဂီတရင်ခုန်သွားသည်။ ကန္တာရအလယ်မှာ



စ်ဆုပ်စာ မြက်ဖုတ်လေးကို မြင်လိုက်ရသလို စံနစ်ဘယ်လိုသဘောနဲ့ ပြောမှန်းလည်း သိကာ.. ၊

"ဦးကဘာလုပ်ဖို့ စိတ်ကူးတွေရှိလို့လဲဟင်..ဂီတသိခွင့်မရှိဘူးလား.."

"သားကိုတောင် မပြောတာ မင်းကိုပြောလို့ ဘယ်ဖြစ်မလဲ.."

စံနစ်က ပြောလိုက်ပြီး မတည်မပြုံးစိုက်ကြည့်ကာ.. ၊

"ငွေဆိုတာ ကိုယ့်မှာရှိမှ ကိုယ်ပိုင်တာ.."

"ကြည့်ရတာတော့ ဦးကအလင်းမသိအောင် လျှပ်ရှားဖို့ရည်ရွယ်ချက် တွေ ရှိနေတဲ့ပုံပါပဲ.."

"အဟွန်း.."

စံနစ်က ဘာမှမပြောဘဲ တံခါးကိုလော့ခ်ချလိုက်ပြီး ရှေ့ကထွက်သွား သည်။ ဂီတက စံနစ်ရဲ့ဘေးက အတူယှဉ်တွဲပါဖို့ ခြေလှမ်းပိုကျဲ၏။ က လပ်ထဲကို ဝင်လိုက်တာနှင့် သင်တန်းမှူးက စံနစ်ရှိရာကို သွားအဖွေး ထားရယ်ပြရင်း ရောက်လာခဲ့လျက် ရောက်နှင့်နေကြသည့် အလင်းနဲ့သူ ငယ်ချင်းတစ်ဖွဲ့လုံးသည်.. ၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၁)

"ဟာ အလင်း..ဟော့ကောင် ဟိုမှာဂီတ.."

"ငါမြင်တယ်.."

"အန်ကယ်လ်လေးနဲ့ အတူလာတာကွ.."

"ငါသိတယ်.."

အလင်းက ဘောလုံးကိုထိုင်လျက်ကနေ ပုတ်နေရင်း တစ်ချက်မျှ ကြည့်။ တကယ်က သူနဲ့ဂီတမျက်လုံးချင်း ဆုံပြီးပြီဖြစ်သည်။ ဖေဖေ ဖြစ်စေ ဖေဖေ့ကိုဖြစ်စေ နှစ်ယောက်စလုံးကမြင်ကြတာဖြစ်စေ ဖေဖေ ဘယ်တော့မှ လှမ်းခေါ်နှုတ်ဆက်ကြတာ မရှိပေ။ ဒါကတမင်တကာ ... ခဲ့ကြသည့် အကျင့်တော့မဟုတ်ပါ.. ၊

"ကိုယ့်အကြောင်းနဲ့ကိုယ် ရောက်ချင်ရာရောက်နေကြတဲ့ကိစ္စ ... မြင်တိုင်း 'ဖေဖေရေ သားရေ'လို့ လှမ်းခေါ်စရာလားကွ.."

"ဖေဖေက လူကြားထဲမှာ အဖေခေါ်မခံချင်တာလား.."

"ဟုတ်တယ်ဆိုရင် မင်းမရမကလိုက်ခေါ်မှာမို့လား.."

"ဒါကြောင့်မဟုတ်ဘူးလို့ငြင်းတော့ ဘာထူးမှာလဲ..ဒါပေမယ့် ... ပါနဲ့ဖေဖေရာ၊ ဖေဖေ့ကိုမြင်တိုင်း နှပ့်ါချေပါ့ဖြစ်နေကြတဲ့ အသံတွေ ... မကြားရရေးအတွက် ဖေဖေလို့ဂုဏ်ယူဝင့်ကြွားစွာ ခေါ်နိုင်တဲ့အခွင့်အရေး ကို စွန့်လွှတ်ထားပါတယ်.."

"ကောင်းတာပေါ့..ငါကလည်း အပိုတွေမလိုချင်ဘူး.."

ဖေဖေက ဒီတိုင်းပြောခဲ့သည်။ သူကလည်း ပြောချင်ရာပြန်ပြော သည်။ ပြီးတော့ ဘာရယ်မဟုတ်ဘဲ ဖေဖေ့ကိုသူမလိုအပ်သရွေ့ လ... နေဘယ်တော့မှ မခေါ်။ တမ်းတခဲ့တာလည်း မရှိ။ ဖေဖေကလည်း ... လွန်အိမ်ပြန်မရောက်သည့်အဖြစ်ကလွဲလျှင် ဘယ်တော့မှမချုပ်ချယ်။ ...



...ရတကာ လိုက်လံစစ်မေးနေတာမျိုးလည်းမရှိ.. ၊

ဒါကြောင့်လည်း စက်ဝိုင်းတို့မှလွဲလျှင် သူ့သူငယ်ချင်းတချို့တောင် ...ဖေဖေ့ကို သိပ်မသိခဲ့ကြ။ ဒါကိုလည်း စက်ဝိုင်းတို့က နားလည်နေသည် ...ဖြစ်ရာ.. ၊

"ဂီတသိပ်တော့ မဟုတ်တော့ဘူးကွ.."

လေညာကာစိတ်ပျက်သလို ကျွတ်ခနဲဖြစ်ရင်း ခပ်တိုးတိုးပြောသည်။ ...က်ဝိုင်းကလည်း မျက်ထောင့်နီနှင့် လှမ်းကြည့်ရင်း.. ၊

"တစ်ခုခုတော့မှားနေပြီ.."

"မမှားပါဘူး..ဂီတ အလင်းကိုရွဲ့နေတာ.."

ဝင်းမောင်မောင်က အားကစားကလပ်ကျမှ ခင်ကြပေမယ့် ဂီတနဲ့ ...လင်းတို့အဖွဲ့ တွဲလာကြတည်းက အလင်းရှုတ်နောက်နောက်တွေ ပြော ...နတတ်တာကြောင့် ဟိုလိုဒီလိုငြိနေကြတာကို သိသည်။ ထို့ကြောင့် ပြော ...ရင်း အလင်းဘေးမှာ ဝင်ထိုင်လိုက်ကာ.. ၊

"ဟိုခပ်ချောချောဘဲကြီးကလည်း ကြွေလောက်တယ်ကွ..ရွဲ့နေရင်း ...ပါသွားမယ်နော်.."

"မောင်မောင်ရာ..မသိဘဲနဲ့ မင်းကလည်းတစ်မျိုး.."

"အေးပါ..မသိလို့မှားမိပါတယ်.."

နောက်ပြောင်ပြောရင်း နေရာမှထကာ အလင်းအသည်းကွဲနေသည့် ...မျက်နှာကြီးကို ပြုံးပြုံ့ကြည့်သွား၏။ အနားမှာ တခြားသူမရှိတော့မှ ...က်ဝိုင်းက မတ်တပ်ကနေအလင်းနားမှာ ကပ်ထိုင်လိုက်ပြီး.. ၊

"ဂီတ ကြံစည်နေပြီအလင်း.."

"အေးကွာ..အန်ကယ်လ်လေးကလည်း.."

ပြောလိုက်မိပြီးမှ အလင်းကိုအားနာသလို လှည့်ကြည့်ပြီး လေညာ ...တံတွေးမျိုသည်။ ပြီးတော့ သင်တန်းမှူးနဲ့ စကားပြောရင် နောက်ခန်း ...ကို ပါသွားသည့် စံနစ်ကိုလှမ်းကြည့်၍.. ၊

"အန်ကယ်လ်လေးက မင်းရှိမှန်းသိလို့ လာတာမဟုတ်ဘူးလား.."

"ဟုတ်စရာလားကွ..မျက်နှာချင်းဆိုင်ဝင်လာတာကို မမြင်ဘဲနေမ ...လား၊ နှုတ်တောင်မဆက်ဘဲနဲ့ကို.."

စက်ဝိုင်းကတော့ ဂီတကိုမကျေနပ်ဖြစ်နေသလို စံနစ်ကိုလည်း မချင့် ...ရဖြစ်နေပုံရှိကာ.. ၊

"သေချာတယ်..ဂီတကိုလိုက်ပို့တာ.."

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်နိုင်တယ်.."

"နောက်ထပ်သေချာတာက ဒါမရှိးသားမှုပဲ.."

ဒါကျတော့ လေညာကမထောက်ခံတော့ဘဲ အလင်းကိုပြန်ကြ သည်။ အလင်းမျက်နှာက မြင်နေကျလို အပြုံးအရယ်တွေနဲ့မဟုတ် မယ့် နှာကျင်နေသည့်မျက်နှာမျိုးလည်းမဟုတ်.. ၊

"ဘာလဲ..မင်းတို့ငါ့ရင်ထဲကို အစ်အောက်ချင်နေတာလား.."

"မလုပ်စေချင်လည်း နည်းနည်းပါးပါးပြောလေ.."

"ဘာပြောရမှာလဲ..ဖေဖေနဲ့ငါ့ကြားမှာ ဒီလိုကိစ္စတွေကြောင့် ငြိစ ဘာအကန့်မှမရှိဘူး၊ ငါလူပျိုဖြစ်သလို ဖေဖေကလည်းလူလွတ်ပဲ.."

ဒါပေမယ့် ဒီလိုဖြစ်တာ ဖြစ်သင့်တဲ့ကိစ္စကြီးလား.. ၊

စက်ဝိုင်းတို့ပြိုင်တူတွေးဖြစ်ကြကာ မျက်လုံးချင်းဆုံသွားသည်။ စားဖို့လူစုတော့ ဂီတကအနားရောက်လာကာ.. ၊

"နင်တို့ဒီရောက်နေတာလား..ဒါနဲ့သုသန္တာကစားတဲ့ ကလပ်ကိုသူ မှာဆို.."

"ဒီကိုလာလို့ ဒီမှာတွေ့တာပေါ့..ဘာတွေထူးဆန်းနေလို့လဲ.."

ဂီတမျက်ခုံးလေးပင့်သွားသည်။ ပြီးတော့ အလင်းမျက်နှာကိုအ ခတ်စိုက်ကြည့်၍.. ၊

"ငါ့ကိုတင်းနေတာလား.."

အလင်းက မျက်လွှာပင့်ကြည့်သည်။

"ဘာဆိုင်လို့လဲ.."

"သိဘူးလေ..ဖြစ်နေတဲ့မျက်နှာကြီးက.."

အလင်းက ဘာမှမပြောဘဲ မျက်လွှာချကာ.. ၊

"နင်ကရော ဒီမှာဘယ်တုန်းက ကစားနေတာလဲ.."

"ငါက ဦးကခေါ်လာလို့ လိုက်လာတာပါ.."

အလင်းမျက်နှာပျက်သွားသည်။ စက်ဝိုင်းတို့က တံတွေးမျို ချောင်းဟန့်ကြတွေ ဖြစ်ကုန်ကြလျက်.. ၊

"ဘယ်တုန်းက ဒီလောက်တောင် ရင်းနှီးသွားကြတာလဲ.."

"ဒီကလပ်ကိုဝင်ဖို့ဖြစ်လာတည်းက.."

"နင်ကအလင်းကိုကျတော့ သုသန္တာရှိတဲ့ကလပ်ကို လိုက်တယ် ပြောတယ်..နင့်ကျတော့.."

"ငါကဦးနဲ့ပတ်သက်မှလေ.."



ပတ်သက်တာက ဘာအကြောင်းလဲလို့ မေးချင်နေကြတာ ပါးစပ်ထဲ ယားနေကြသည်။ ထိုစဉ် နှစ်ဖက်အသင်းတွေခွဲလိုက်ပြီးမှ သုသန္တာတို့ ..လေးနှစ်ယောက် ရောက်လာကြလျှင်.. ၊

"နင်ကရော သုသန္တာဒီရောက်လာလို့ ဒီကိုပါလာကြတာ မဟုတ်လို့ ..း.."

မျက်နှာလေးက သဝန်တိုနေသလို တင်းမာနေကာ နှုတ်ခမ်းလေးမဲ့ ရှာခနဲလှည့်သွားသည်။ ပြီးမှ ပြန်လှည့်ကြည့်ကာ.. ၊

"နင်နဲ့ငါသရေပဲ.."တဲ့.. ၊

သူမပုံစံက အလင်းနဲ့သုသန္တာကို ရွဲ့နေတာလိုလို။ ရွဲ့နေတာဆိုရင် ..ကင် ဒီသားအဖနှစ်ယောက်ကြားမှာမှ ဘာဖြစ်လို့လဲ.. ၊

အလင်းရဲ့ပတ်ဝန်းကျင်က စံနှစ်ကိုလည်းသိနေသဖြင့် ယောကျ်ား ..းတွေအားလုံး တွေးစရာတွေဖြစ်သွားကြသည်။ သုသန္တာကတော့ ဝင် ..တည်းက အလင်းကိုလှမ်းကြည့်ပြီး ပြုံးပြသည်။ အနီစင်းပါသော ဖြူရောင်ဘောင်းဘီရှည်နှင့် ချိုင်ပြတ်ဆွယ်တာအဖြူလေးကိုဝတ်ထား ..က ဆံပင်ရှည်တွေကို နောက်မှာခပ်မြင့်မြင့် စုစည်းထားသည်။

မျက်တောင်ကော့ကော့ မျက်ဝန်းပြာလေးတွေနှင့် ဂီတလောက် သူမ ..လှပါ။ ဒါပေမယ့် သူမရဲ့အရပ်အမောင်းနှင့် လှပကျော့ရှင်းသည့်ကိုယ် ..ကောက်ကြောင်းတို့က ဘယ်လိုအဝတ်အစားနဲ့ဖြစ်ဖြစ် မြင်တဲ့သူနှစ် ..ပြန်မကြည့်ဘဲ မနေနိုင်အောင်ဆွဲဆောင်မှုရှိလေသည်။

ထို့ပြင် အားကစားမျိုးစုံ လိုက်စားတတ်ကာ ဘတ်စကက်ဘောမှာ ..မကနာမည်ကျော်၏။ ဖေ့စ်ဘွတ်ခ်မှာ နာမည်ကြီးနေသော မော်ဒယ်လ် ..စ်ယောက်မို့ ပို၍ပေါ်လွင်၏။ ထို့ကြောင့် သူမရဲ့ဂရုစိုက်ခြင်းကို ရရှိ ..ကလည်း မလွယ်ပေ။ မာနကြီးတာမျိုးလည်းမဟုတ်ဘဲ ဖော်ရွေခြင်းကဲ့ ..ာ သူမပုံစံက မှန်းဖို့လည်းခက်၏။

သို့သော် ကစားနေကြသည့် အဖွဲ့နှစ်ဖွဲ့ကိုထိုင်ကြည့်ရင်း သူမရဲ့ ..က်လုံးတွေက အလင်းဆီမကြာခဏရောက်လာတတ်လျက် ဂီတ.. ..ကြတော့ သူမအကြည့်တွေက တစ်မျိုးတစ်မည်ပြောင်းနေခဲ့ပြီ.. ၊

"မင်းကိုသုသန္တာကြည့်နေတယ်.."

"အဲ့ဒါ ငါဘာလုပ်ရမှာလဲ.."

"ဂီတကိုငေးပြီး အဆွေးကရားကြီး သွန်ချမနေနဲ့လို့.."

"ဘယ်သူကဆွေးလို့လဲ..ကစားနေတာကိုကြည့်နေတာ.."

www.burmeseclassic.com

www.burmeseclassic.com



"ဟေး..အလင်းတို့ဝင်မလား.."

"ဟုတ်တယ်..အလင်းလာကွာ၊ မင်းကရှုတင်ကောင်းတယ်.."

နည်းပြဆရာက လက်ခုပ်တီးခေါ်ပြီး လှမ်းပြောတော့ အလင်းခေါ် ခါလိုက်၏။

"ဒီနေ့လာကြည့်ရုံပဲဆရာ..တအောင့်နေပြီးပြန်မှာ.."

"မင်းကလည်း.."

လေညာက မချင့်မရဲကပ်ပြောကာ.. ၊

"ဂီတက ဘာမှဟုတ်တာမဟုတ်ဘူး၊ ဝင်ပြီးဖွဲ့လိုက်ပါလား.."

ဂီတနဲ့သူတို့ ရင်းနှီးလွယ်ခဲ့ပေမယ့် ကာလအားဖြင့်တော့ သူငယ်ချ ရင်းတွေ ဖြစ်လောက်အောင် မဟုတ်သေးပေ။ ထို့ကြောင့် အလင်းကိုရေ သူတို့အကြောင်းတွေပါ ဂီတဘာမှသိပ်မသိခဲ့တာဖြစ်သည်။ သူမလေး ချစ်စရာကောင်းလွန်း၍သာ ရတုကမိတ်ဆက်ပေးခဲ့သည့်နောက်မှာ ရင် နှီးလွယ်သွားခဲ့ခြင်းဖြစ်ရာ.. ၊

"ဂီတကိုကြည့်နေရင်း ငါတော့အမြင်ကတ်လာသလိုပဲ.."

စက်ဝိုင်းက မနေနိုင်မထိုင်နိုင် ကပ်ပြော၏။ လေညာက အလင်း လက်မောင်းချင်းတိုက်ကာ.. ၊

"သုသန္တာဝင်ရင် မင်းလည်းလိုက်ဝင်ဟေ့ကောင်..မင်းဘယ်လိုတေ သလဲရှုံးပြလိုက်.."

အလင်းကိုစံနစ်က သေချာသင်ပေးထားတာဖြစ်သည်။ ဘက်စကေ ဘောအတွက်မဟုတ်ပေမယ့် အားကစားပိုင်းနဲ့ပတ်သက်ပြီး သက်ရ ကောင်းအောင် အမျိုးမျိုးသောနည်းတို့ဖြင့် ထရိန်းပေးခဲ့သည်။ အလင် ကသာ ဘယ်အားကစားမှာမှ ဝါသနာကြီးခဲ့တာမရှိဘဲ ဟိုစပ်စပ်ဒီစပ်စ ဝင်ကစားခဲ့ပြီး ဟုတ်တော့မလိုရှိလာတာနှင့် နှုတ်ထွက်သွားတတ်ခဲ့၏

ဂီတတို့ နှစ်ဖက်ကစားနေကြတာကို ထိုင်ကြည့်ပြီး အလင်းရဲ့စိ တွေက စံနစ်ဆီကိုရောက်နေခဲ့၏။ ဖေဖေအထဲမှာ ရှိနေသေးလား..ပြ ထွက်သွားပြီလား.. ၊

"ဟိုမှာ အန်ကယ်လ်လေးနဲ့ သင်တန်းမှူးထွက်လာပြီ.."

အလင်းရဲ့အတွေးတွေကို လေညာ့စကားသံက အဖြေပေးလိုက်၏ စံနစ်နဲ့သင်တန်းမှူးက နည်းပြရဲ့ဘေးမှာရပ်ပြီး လူငယ်တွေကစားနေ တာကို ကြည့်၍.. ၊

အလင်းနဲ့ဆို မျက်နှာချင်းဆိုင်လည်းမဟုတ် ဘေးတိုက်လည်



ဟုတ်သော အနေအထားမှာရှိကာ မျက်လုံးချင်းဆုံလိုက်တော့ စံနစ်ကစ ကားပြောလက်စနှင့်မို့ အလင်းကိုရယ်ပြတာလား ဘာလားမသိ.. ၊

"ဟော ဟော ဖြစ်ပြီ..ဖြစ်သွားပြန်ပြီ.."

သုသန္တာချက်ချင်းထရပ်ပြီး ဝင်ကစားဖို့ပြင်သည့် မြင်ကွင်းက အ လင်းရဲ့တည်ငြိမ်မှုတွေကို ဖျက်ဆီးလေသည်။

"သုသန္တာ ဟေ့ကောင်..တွေ့လား.."

စက်ဝိုင်းတို့အချိန်မီ သတင်းပေးပေမယ့် အလင်းရဲ့မျက်နှာကြီးရဲ ရက်လာသဖြင့် ချက်ချင်းဘာရိတ်အုပ်လိုက်သည်။ လေညာက သတိမ ထားမိ.. ၊

"ကောင်မလေးတွေ အန်ကယ်လ်လေးကိုမြင်တာနဲ့ ရူးကုန်ကြတာ လား.."

"ငါပြန်တော့မယ်.."

"ဟမ်.."

အလင်းက လွယ်အိတ်ဆွဲချိတ်ပြီး ချက်ချင်းထရပ်သည်။ သုသန္တာ က လှမ်းမြင်လိုက်တော့ လက်ပြ၏။ နှုတ်ဆက်တာလား နေပါဦးလို့တား တာလားဆိုတာမသိ။ ဂီတကတော့ စံနစ်နားမှာဖြစ်ကာ ရေသန့်တစ်ဘူး ကို အသည်းအသန်ဖွင့်ဖောက်နေလျက် ရတာနှင့်စံနစ်ကိုပေးလေသည်။

အလင်းမျက်နှာလွှဲပစ်လိုက်ပြီး နေရာမှလှည့်ထွက်လာခဲ့သည်။ စက် ဝိုင်းတို့ ခလုတ်တိုက်မတတ် ပါလာကြကာ ဂီတကြောင့်လား သုသန္တာ ကြောင့်လားမသိဘဲ 'ဘာဖြစ်တာလဲ'ဆိုတာလည်း မမေးနိုင်။ ဂီတက အလင်း တို့ ထွက်သွားတော့ စံနစ်ကိုအကဲခတ်နေ၏။ စံနစ်က တစ်ချက်ပဲလှမ်း ကြည့်ပြီး ကစားပွဲဆီ ပြန်လှည့်သည်။

"ဘယ်လိုလဲကိုစံ..ကလေးတွေအခြေအနေ.."

"မင်းကောင်တွေကြည့်ရတာ သူ့ထက်ငါဂိုးရှုံးဖို့ပဲ ကြိုးစားနေကြ တာ ..ဘောလုံးတစ်လက်ထဲရောက်မိရင် တခြားမရွှေ့တော့ဘူး၊ သွင်းနိုင် မလားဆိုတော့လည်း မဟုတ်ဘူး.."

နည်းပြဆရာက အပြစ်ဖြေသလို လျော့ရိလျော့ရဲပြုံး၍ ခေါင်းညိတ် ၏။

"အဲ့ဒါကိုတော့ တတွတ်တွတ်ပြောပြောနေရတယ်ကိုစံ..ခုနောက်ပိုင်း ကလေးတွေက သူတို့ချင်းအပြင်ကပါလာတဲ့ အကြောင်းကြောင်းတွေနဲ့ မှာကစားပြီဆို တစ်ယောက်ကိုတစ်ယောက် အနိုင်ယူဖို့ပဲပြင်နေကြတာ၊

www.burmeseclassic.com

www.burmeseclassic.com



အားကစားစိတ်ဓာတ်ဆိုတာ မနည်းရိုက်သွင်းပေးနေရတာ.."

စံနစ်က ခြေချဲရပ်လျက် ခပ်နွဲ့နွဲ့ခါးထောက်ရင်း ကစားပွဲကိုကြ နေ၏။ ဂီတက လူလဲပေးလိုက်ပြီး လာနားနေတာမို့ စံနစ်ရဲ့ဘေးတို ပုံစံကို ငေးကြည့်နေခဲ့သည်။ သူမကိုသုသန္တာက ကစားနေရင်း လှမ်းကြ ၏။ သူမတို့ရဲ့အကြည့်တွေ စံနစ်ထံမှာဆုံကြသည့်အခါ စံနစ်သည်ပြ သန်းသော အကြည့်တစ်ချက်နှင့် အမှတ်တမဲ့မျက်နှာလွှဲကာ.. ၊

"ဘောလုံးပုတ်နေတည်းက ဘယ်လိုသယ်ပြေးရတယ်ဆိုတာ တ တည်းထရိန်းရမှာ..ခြေရောလက်ရော မသွက်ကြဘူး.."

"ဟုတ်တယ်..ဟုတ်တယ်၊ လက်ထောက်နည်းပြဆရာကလည်၊ ကိုယ်တိုင်က ကလေးဝင်လုပ်နေတော့ လူငယ်တွေနဲ့ရောပြီး ဘာမှတ ပပ လုပ်မပေးနိုင်ဘူး.."

"အဲ့ဒါကိုသိရင် လူချိန်းလိုက်လေ.."

စံနစ်မျက်နှာက ကုမ္ပဏီမှာထိုင်သည့် ပုံစံချက်ချင်းပြောင်းသွား

"ဒီလူလေးဆယ်ယောက် ဆယ့်နှစ်ယောက်လောက်ကို သူထရိန် ပေးနိုင်ရင် ဘာလုပ်မှာလဲ..အပျင်းပြေဆိုရင် ဂျင်သွားဆော့လို့ရတ ဒီကလပ်တွေမှာ တကယ်လိုချင်လို့ တကယ်လာကစားနေတဲ့ ကလေး ကျတော့ နစ်နာတာပေါ့.."

သင်တန်းမှူးက ခေါင်းညိတ်နေပြီး ဘာမှမပြော.. ၊

"အလင်းသိုတို့အဖွဲ့ ဒီမှာမကစားဘူးလား.."

"ကစားတယ်..ဒါပေမယ့်.."

အလင်းတို့ပြန်သွားကြတာကို မသိလိုက်သဖြင့် သင်တန်းမှူ နောက်လှည့်ကြည့်ပြီး ဟိုရှာဒီရှာဖြစ်သွား၏။

"အလင်းသိုကတော်တယ်..ဒါပေမယ့် ဒီကောင်လေးက စိတ် တယ်ဗျ.."

နည်းပြဆရာကဖြေလိုက်ပြီး အလင်းတို့ရှိခဲ့သည့်နေရာကို ထပ်လှ ကြည့်သည်။ ပြီးမှ.. ၊

"လာချင်လည်းဆက်တိုက်လာတယ်..ပျောက်ချင်လည်း ပျောက် ပြန်ရော၊ အစမ်းပွဲတွေလုပ်တိုင်းလည်း သူမပါဘူး.."

"ဟုတ်တယ်..ကျွန်တော်လည်း ကြည့်ဖူးတယ်၊ အဲ့ဒီကလေးက သွက်လက်သွက်လေးရယ်၊ ပြီးတော့ အဝေးရှူးအရမ်းကောင်းတယ်..သူ တော်တော်အားထားခဲ့တာ၊ ခုလည်းကြည့်လေ..ခဏဝင်ထိုင်ပြီး ပြန်



ားတာတောင် မသိလိုက်ဘူး.."

သူတို့လည်း စံနစ်တို့ကို သားအဖမှန်းမသိကြပေ။ စံနစ်မကြာမကြာ းတတ်သောကြောင့် အလင်းသိုတော်လို့သာ မေးသည်ဟုထင်ကြလျက်၊

"ကိုစံက အလင်းနဲ့သိနေတာလား.."

"သိတယ်.."

စံနစ်ကဒါပဲဖြေပြီး ပြန်ဖို့ပြင်သည်။ ဂီတကအနားမှာရှိနေသဖြင့် စံ စ်ကိုနှုတ်ဆက်ရင်း.. ၊

"ဦးက အလင်းရဲ့အဖေဆိုတာ ဒီမှာလည်း ဖုံးထားတာပဲလား.."

စံနစ်မျက်နှာကွက်ခနဲပျက်သွားသည်။ ပြီးတော့ မျက်မှောင်ကုတ်နှင့် ကြည့်ကာ.. ၊

"မပြောဖြစ်ရင်းနဲ့ပါ.."

ထိုစဉ် သုသန္တာရောက်လာကာ.. ၊

"သုကတော့ ဘာမှထိန်ချန်မထားဘူးနော်.."

ပြောလိုက်ရင်း လက်တစ်ဖက်ဆန့်ထုတ်လိုက်၍.. ၊

"သုက ဦးမော်လွင် ဒေါ်မာမာလင်းတို့ရဲ့သမီး သုသန္တာပါဆရာ.."

စံနစ်က လှည့်ကြည့်ပြီး အံ့ဩသလိုဖြစ်သွားသည်။ ပြီးတော့ ပြုံး က်ပြီး လက်ဆွဲနှုတ်ဆက်၏။

"ကိုမော့်သမီးလား..မင်းအဖေကိုပြောလိုက်ပါဦး၊ သတိရတယ်လို့.."

စံနစ်နဲ့အချောအလှလေးတွေကို ကြည့်၍ နှုတ်ဆက်မလို့ရပ်စောင့် သည့် သင်တန်းမှူးနဲ့နည်းပြက နောက်ဆုတ်နေလိုက်ရင်း ပြုံးသည်။ တော့ ခေါင်းခါရင်း.. ၊

'ကောင်မလေးတွေ မလွယ်ဘူး..'

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၂)

"သားလေးဘာလုပ်နေလဲအေးမာ.."

"ဖုန်းပြောနေတယ်မမ.."

"ဘယ်သူနဲ့လဲ..ကြားလိုက်သေးလား.."

"သုဆိုလား..ယုဆိုလားပဲ.."

ဂီတမဟုတ်ဘူးဆိုတာ သိလိုက်တော့ စိတ်အေးသွားမိသလိုပ
သူမလေးရဲ့ ပြောစကားများအရ သူ့အမေအတွက်နဲ့ ကိုယ့်အပေါ်အ
လွဲနေသည်။ ဒါကြောင့် အနာခံတစ်ခုခုနဲ့ တစ်စုံတစ်ရာတုံ့ပြန်လာမှ
မသိစိတ်ကစိုးရိမ်နေမိ၏။

သားနဲ့ပတ်သက်နေရင်တောင် သားဘက်ကနင့်သည်းလေးန
တွေနဲ့ဆိုလျှင် ဂီတရဲ့အမုန်းငြိုးက ကြောက်မက်ဖွယ်လက်နက်ကြီးတ
ခုဖြစ်လာနိုင်၏။

"မမ.."

"ဟင်.."

"သူကဆရာတွက်ရဲ့သမီးမို့လား..သူ့သမီးဟိုလိုဒီလိုတွေ ဒီမှာ
ပြောဆိုနေတာကို သူ့အဖေကိုတိုင်ပါလားမမရဲ့၊ မမနဲ့ဆရာတွက်
လောက်ရင်းနှီးတဲ့ဥစ္စာ.."

"ရင်းနှီးခဲ့တာတွေကြောင့်ပဲ ခုလိုဖြစ်လာခဲ့ရတာ..ငါမဆက်သွယ်
တော့ဘူး.."

စကားပြောနေတုန်း ကားသံကြားလိုက်သဖြင့် အေးမာပြေး
သွားသည်။ စံနစ်ပြန်လာတာမှန်းသိသောကြောင့် သိုကညစာအ
ပြင်ဆင်ဖို့ မီးဖိုချောင်ဝင်ခဲ့သည်။ သို့သော် မကြာခင် အေးမာခပ်သု
သုတ်ပြန်ဝင်လာခဲ့ပြီး.. ၊



"မမ အစ်ကိုလေးနဲ့ ဟိုကောင်မလေးပါပါလာတယ်သိလား.."

"ဘာ.."

နားထဲမှာ အပူချောင်းကြီးတစ်ခု ဆောင့်ဝင်သွားသလိုပင်။ အေးမာ
လည်း စိတ်တိုနေသည့်မျက်နှာလေးနှင့် အပြင်ကိုပြန်ငဲ့ကြည့်ကာ.. ၊

"သူကများ အစ်ကိုလေးရဲ့အိတ်ကို သိမ်းပေးမယ်..ဘာမယ် ညာမယ်
..ဟွန်း.."

"သူကပေးလိုက်လား.."

"ဩော်..ဇွတ်ဆွဲတောင်းနေတာကို ပေးလိုက်ရတာပေါ့မမရဲ့.."

မဟုတ်ဘူး..ဒီလူကိုက အဲ့ဒါမျိုးကို သာယာချင်နေတာ လို့စိတ်ထဲက
ပြောလိုက်မိသည်။ နာရီကြည့်တော့ ညနေခြောက်နာရီမထိုးသေးပေ။ ပထ
ည့်ခန်းထဲမှာ စကားပြောနေကြသည်။ နောက်ကျတော့ ဂီတအတွက်
းစရာတစ်ခုခုလုပ်ခိုင်း၏။

'အစ်ကိုလေး ထမင်းစားတော့မလား..'မေးတော့ 'မစားသေးဘူး'ပြော
၊ ဂီတနဲ့စကားထိုင်ပြောနေသည်။ အေးမာဝင်ချီထွက်ချီနှင့် အကြောင်း
ရှာပြီး မေးခွန်းတွေသွားပို့ပေးခဲ့သည်။ စံနစ်ကိုကြောက်ပေမယ့် သို
ပတ်သက်နေသဖြင့် အေးမာတို့က အသက်ပင်သေသေ.. ၊

"ငါ့အတွက် ဘာမှမလိုဘူး..ဧည့်သည်ကိုပြည့်စုံအောင် လုပ်ပေး
ိက်.."တဲ့.. ၊

သိုအခန်းထဲမှာ ထိုင်လို့မရ ထလို့မရ.. ၊

"ဦးကလည်း အဲ့လိုမဟုတ်ပါဘူးဆို.."

"မရတော့ဘူး..မင်းပဲပြောတာ၊ ကိုယ်ပြောတဲ့စကား ကိုယ်တာဝန်
ပေါ့.."

ဘာတွေလဲ.. ၊

မနေနိုင်မထိုင်နိုင် ဒီနားထိလာပြီး ခိုးချောင်းနားထောင်လိုက်မိသည်။
ားရတဲ့စကားတွေက ညုတုတုခပ်နွဲ့နွဲ့ ဘယ်လိုအဆင်တွေလဲ..။ သို
ါသထွက်လာမိသည်။ ခုနေသားလေးဆင်းလာခဲ့ရင် ဘယ်လိုနေမ...၊

ဒီမိန်းကလေးကို သားကမေတ္တာရှိနေခဲ့သည်။ ခုတော့ ဖအေနဲ့တွဲနေ
့ သားကနောက်ဆုတ်နေရတဲ့အဖြစ်။ ကိုယ့်သားအရွယ်မိန်းကလေးနဲ့မှ
င်းက.. ၊

"မမ.."

အေးမာကလည်း သို့လက်လေးကိုဆွဲခေါ်လာခဲ့ပြီး မခံရပ်နိုင်စွာ..၊

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေးကို မမသွားပြောရင် ဖြုံသွားမှာပါ..တစ်ခုခုသွားပြော လိုက်ပါလား.."

"ငါကဘာပြောရမှာလဲ.."

"ထမင်းစားဖို့က ဘယ်အချိန်ရှိပြီလဲ ဘာညာပေါ့..ခုပဲခုနစ်နာရီကျော် နေပြီ၊ အစ်ကိုလေးက ခါတိုင်းဆိုရောက်တာနဲ့ ရေချိုးခန်းတန်းဝင်တာ.."

အေးမာပြောလိုက်မှ ဂီတအတွက် တမင်တကာအချိန်ပေးနေခဲ့မှန်း သိသာလာကာ သို့ဒေါသတွေ တရစ်ရစ်မြင့်တက်လာ၏။

"သူ့ဘာသာရေမချိုး ထမင်းမစားတဲ့ကိစ္စ ကလေးပေါက်စလို ငါက ရေချိုးခန်းထဲဆွဲခေါ်ပြီး ထိပ်ခေါက်ထုရိုက်နဲ့ ရေချိုးပေးရမှာလား..တော်ပြီ သင်းဘယ်လိုနေနေ.."

စိတ်ဆင်းရဲခြင်းကို ဘယ်လိုမှသည်းမခံနိုင်တော့ဘဲ နေရာမှလှည့် ထွက်လာခဲ့စဉ် အခန်းထောင့်အကွေ့ချိုးတစ်ခုမှာ အလင်းနဲ့ရင်ဆိုင်မိလိုက် ၏။

"သား..သားထမင်းမစားရသေးဘူးမို့လား၊ မေမေနဲ့တူတူစားရ အောင်လေ.."

"မေမေကစားနိုင်လို့လား.."

ဟင်..၊ သားသိနေတာလား.. ၊

အလင်းရဲ့မျက်ဝန်းတွေက တည်ငြိမ်နေတာထက် အေးစက်စက်ဖြစ် နေခဲ့ပြီး.. ၊

"ကျွန်တော်မဆာသေးဘူး.."

"သား.."

အလင်းက ရှောင်ဖယ်ထွက်လျှင် သိကလက်ကိုဆွဲထားလိုက်ပြီး..၊

"သားဘယ်သွားမလို့လဲ..မိုးချုပ်နေကာမှ 'အပြင်ပြန်မထွက်နဲ့တော့ လေသားရဲ့၊ လာပါ မေမေသားအတွက် ချက်ပြုတ်ထားတာတွေ လိုက် ကြည့်ပါဦး..သားတစ်ခါတည်း သွားရည်စိုလာလိမ့်မယ်.."

ပြောပြီးဆွဲခေါ်ပေမယ့် တောင့်မတ်စွာရပ်နေသည့်အလင်းက ချ တိုင်းမပါ.. ၊

"ဖေဖေနဲ့ဂီတကို ကျွန်တော်မြင်မှာစိုးလို့လား.."

"သားက.."

"သူတို့ကားဝင်လာတည်းက ခေါင်းရင်းဝရန်တာမှာ သားဖုန်းပြော နေတာ.."



ထိုနေရာကဆို အိမ်ရှေ့ပေါ်တီကိုအောက်ကို သေချာမြင်ရလေ သည်။ သို့သော် သိကဘာမှမဟုတ်သလို ရယ်ကာ.. ၊

"ဂီတက မေမေ့ကိုလည်းခင်တယ်သားရဲ့..တစ်အိမ်လုံးနဲ့ရင်းနှီးနေ တော့လည်း.."

"ဖေဖေနဲ့ပဲ ပြောနေတယ်ပေါ့.."

ဝင်လာတည်းက နှစ်ယောက်တည်းပြောဆိုရယ်မောနေတာကို သား ကုန်သိနေသည်မို့ ဖြေသိမ့်စရာစကားလုံး ရှားသွားသည်။ အလင်းက ပြုံးလိုက်တာလား မဲ့တာလားမကွဲပြားသော အပြုံးတစ်ချက်နှင့်.. ၊

"မေမေတို့အဆင်ပြေနေရင် ပြီးတာပါပဲ..ကျွန်တော့်အတွက် မပူပါနဲ့"

"မဟုတ်ဘူးသားရဲ့..သားအဖေက သားထင်သလိုမျိုး မဟုတ်ပါဘူး၊ ဟိုလေ တစ်ခါတလေမိန်းကလေးက အနေအထိုင်မတတ်ရင်လည်း ပတ် ဝန်းကျင်အမြင်ဆိုးတယ်.."

"မေမေရော အမြင်မဆိုးဘူးလား.."

မေးပြန်ပြီ။ အလင်းရဲ့မေးခွန်းတိုင်းမှာ သိအနေခက်နေရလျက်..၊

"မေမေတစ်ခုလောက် မေးချင်တယ်..သားနဲ့ဂီတက.."

"ကျွန်တော်က ပရိုပို့စ်လုပ်ဖူးတယ်.."

"သူကရော.."

"ဟွန်း.."

အလင်းက မချိသွားဖြဲပုံစံ ပြုံးလိုက်ပြီး.. ၊

"အဲ့လိုရှိခဲ့ဖူးတာကို ပြောတာပါ..အခုဘာမှမဟုတ်တော့ဘူး.."

ဖအေနေတာထိုင်တာမဟုတ်လို့ သားလေးကနှောက်ဆုတ်လိုက်ရ တာ။ သို့ရင်ထဲမှာ နင့်သွားသည်။ ဒါပေမယ့် သားအဖနှစ်ယောက် ကြားမှာ ငြိတွယ်နေသည့် မိန်းကလေးက ဂီတဖြစ်နေသည့်အတွက် သား နဲ့သာအဆင်ပြေစေချင်သည့် စေတနာမျိုးနဲ့လည်း မဟုတ်ပေ.. ၊

သားကခံစားနေရတာကိုလည်း မမြင်ချင်။ စံနစ်ပစ်ကျနေတာကို လည်း ဒေါသထွက်၏။ ဂီတ စံနစ်ကိုလာတွဲတာ ရည်ရွယ်ချက်တစ်ခု ရှိနေသည်ဟု စိတ်ကသိနေသည့်တိုင် မကျေနပ်ချက်ကြောင့်လား..ကိုယ် ကျင့်သိက္ခာ ပျက်ပြားခြင်းပဲလားဆိုတာ စဉ်းစားရင်း လုံးထွေးနေခဲ့သည်။

"သိပ်စဉ်းစားမနေပါနဲ့မေမေ..အဲ့ဒီပုံစံကို မေမေကျေနပ်နိုင်သလား၊ ထက်ဆိုးသွားရင်ရော မေမေရလား..မေမေအဆင်ပြေတယ်ဆို ပြီးတာပဲ၊ ကျွန်တော့်အတွက် မလိုဘူး.."

www.burmeseclassic.com

www.burmeseclassic.com



အလင်းရဲ့စကားသံတွေက နာကျင်သည့်အငွေ့အသက်တွေ ရှိနေ
မယ့် ဘယ်သူ့ကိုမှန်းမသိ။ ဘာကိုမှန်းမသိ။ ဒါမှမဟုတ် အမေ
ယောက်အနေနဲ့ သူ့အတွက် ဘာမှလုပ်မပေးနိုင်ဘူးလားလို့ ပြောသွား
လား..။ ဒါကိုတားဆီးဖို့ တာဝန်မရှိဘူးလားလို့ အပြစ်တင်သွားတာလ

ဂီတရဲ့ ရယ်သံလေးကို ကြားနေရဆဲရှိကာ.. ၊

"အလင်းရေ ငါပြန်ပြီနော်..နေနိုင်သူကြီး ဖုန်းဆက်ခေါ်တာတော
ဆင်းလာမတွေ့ဘူး.."

ဂီတကကြားအောင် အော်ပြောပြီး အပြစ်တင်ခြင်းကို အသံရဲ့
သည်။ ဒီအိမ်မှာ ကိုယ်ရှိတယ်လို့ရော သတ်မှတ်သေးရဲ့လား.. ၊

အတွက်ရဲ့သမီးလေးအဖြစ် သူမနားလည်ဖို့ ကြိုးစားခဲ့သည်။
ပျက်ခဲ့သမျှ အရာရာအတွက် ကိုယ့်ရဲ့အနေအထိုင်မတတ်မှုတွေပဲလို့
ချပြီး သည်းခံပေးခဲ့သည်။ ဒီမိန်းကလေး အတော်ကိုလွန်လာပါပြီ..

သို့နေရာမှ ထထွက်လာခဲ့ရင်း အိမ်ရှေ့ကိုတောက်လျှောက် သွား
တာ ကိုယ့်ကိုယ်ကိုတောင် သတိမထားမိခဲ့ပေ။ မြင်ကွင်းထဲဝင်လာ
စံနစ်က ကုတ်အင်္ကျီချွတ်ထားတာပဲရှိသည်။ အဝတ်အစားမလဲနိုင်ဘဲ
ဒီအတိုင်း.. ၊

ကုတ်အင်္ကျီက ဆိုဖာပေါ်မှာ အစကတင်ထားပုံရှိပေမယ့် ပုံ
သားဖြစ်နေခဲ့၏။ ဂီတက စကက်တိုကျပ်ကျပ်လေးကို ပြန်တော့မည့်
နှင့် အတင်းအကျပ်ဆွဲချနေတာ ခါးလေးမော့သွားလိုက် ရင်လေးမော
သွားလိုက်နှင့် မျက်စိရှက်ဖွယ်ပင်.. ၊

စံနစ်က ဖုန်းပြောနေပေမယ့်.. ၊

"အား..ကျပ်လိုက်တာ အဟွန်း.."

စကက်ဆွဲချရင်း အသံပေးလိုက်တော့ စံနစ်ဖျတ်ခနဲလှည့်ကြ
သည်။ သို့သော် သူမဆီအကြည့်မရောက်ဘဲ သိုရပ်နေရာဆီလှမ်းကြ
၏။ ပြီးတော့ ပြန်လှည့်သွားကာ.. ၊

"အခုလား..ဘာတွေဖြစ်နေလို့လဲ.."

"............"

"အင်း..လာခဲ့မယ်လေ၊ အီးဂဲလ်နောက်လမ်းလား.."

စံနစ် အပြင်ထွက်တော့မည်ကြားတာနှင့် ဂီတကခြေဖျားလေးကြ
ထောက်၍ လက်ခုတ်တီးကာ.. ၊

"ဝမ်းသာလိုက်တာ ဒါဆိုရင်တော့ ဂီတကိုလမ်းတစ်ဝက်ထိ ပြ



ရတော့မှာ သေချာသွားပြီ.."

စံနစ်ကပြုံးလိုက်ကာ.. ၊

"ပို့မယ်ပို့တော့ အိမ်တိုင်ရာရောက်ပို့ရမှာပေါ့..မင်းကိုမိဘလက်ထဲ
အပ်ရမှာ ငါ့တာဝန်ပဲ.."

"အာ..ရပါတယ်ဆိုမှ.."

မိဘသိမှာတော့ ကြောက်သည့်မျက်နှာလေးနှင့် ဂီတရှုံ့တွတွလေး
သွားသည်။ စံနစ်က စိုက်ကြည့်ပြီးပြုံးကာ.. ၊

"ခဏစောင့်.."

ပြောပြီး ဒီဘက်ကိုလျှောက်လာတော့ သိုနဲ့မျက်နှာချင်းဆိုင်။ ပြီး
တော့ မျက်လုံးချင်းဆုံကြည့်မိရင်း အနားကနေပခုံးတိမ်းရှုံရှောင်ထွက်
သွား၏။ သိုလက်သီးလေးနှစ်ဖက်ဆုပ်ထားမိလျက် ဝေ့ဝဲကျန်ရစ်သည့်
ကိုယ်ကရေမွှေးနံ့တို့ကိုပါ ကလေးဆန်ဆန်နှာခေါင်းပိတ် အသက်
အောင့်ပြီး ပုတ်ပတ်ခါထုတ်ပစ်ချင်မိသည်။

"အန်တီ ထမင်းစားဖြောင့်ရဲ့လားမသိဘူး.."

ဘေးမှာ ဗြုန်းခနဲရောက်လာသဖြင့် သိုလှည့်ကြည့်လိုက်လျှင် ဂီတ
စိုရွဲနေသည့် နှုတ်ခမ်းသားလေးတွေ လှုပ်ခတ်ရုံခပ်မဲ့မဲ့ပြုံးလျက်.. ၊

"ဘဝဆိုတာ တိုက်ပွဲလိုပဲလေ..နိုင်တဲ့အခါရှိသလို ရှုံးတဲ့အခါလည်း
ရှိမှာပေါ့၊ အန်တီနဲ့ဂီတရဲ့ပွဲမှာ မမျှတတာမရှိပါဘူး.."

"မင်းက ငါ့ပြိုင်ဘက်မဟုတ်ဘူးဂီတ.."

'မင်း'တဲ့လား။ ဂီတမျက်နှာလေး အကျည်းတန်စွာ မဲ့သွားသည်။
ပြီးတော့ နှုတ်ခမ်းပေါ်လက်ခုံလေး ကပ်ပိတ်ပြီး ပခုံးတွေလှုပ်အောင်ရယ်
ကာ.. ၊

"ကွာကျသွားပြီ..မင်းသမီးခေါင်းစွပ်.."

"ဂီတ သမီးကိုအန်တီတစ်ခုပြောမယ်.."

"ပြောကြည့်လေ.."

"သမီးအသက်အရွယ် မိဘဂုဏ်သိက္ခာနဲ့ အိမ်ထောင်ရှိနေတဲ့ ဒီအ
ရွယ်ယောကျ်ားတစ်ယောက်နဲ့ ရင်းနှီးလွန်းတာ မကောင်းဘူး..တီစ..."

"ကြားကောင်းအောင် လျှောက်ပြောမနေပါနဲ့အန်တီ..အန်တီ့ယော
ကျ်ားပါသွားမှာစိုးလို့လား၊ ဟွန်း အသက်လေးဆယ်ကျော်မိန်းမတစ်
ယောက်နဲ့ နှစ်ဆယ်ကျော်မိန်းကလေးပဲ..အန်တီကျိန်းသေ သဘာဝကျ
တယ်.."

www.burmeseclassic.com

www.burmeseclassic.com



"ဘာ.."

"ယောကျ်ားတွေက လေးဆယ်ကျော်မှဘ၀စတာတဲ့..မိန်းမတွေ
တော့ လေးဆယ်ကျော်တာနဲ့ ကျတာပဲ.."

"ဂီတ.."

"စိတ်ဆိုးသွားပြီလား..ဆိုးစမ်းပါ၊ အန်တီဒီလောက်ထိ သည်း
နေတာတောင် ဂီတကအံ့ဩနေတာ..ဟွန်း ခုမှငါနဲ့အအပါးစပ်ပိတ်
တော့စောသဲလိုကျန်ခဲ့ဦးမှာပဲဆိုပြီး ကယောင်ချောက်ချားထလာတာ

"အဲ့ဒါတွေကို မင်းတိတ်တိတ်ဆိတ်ဆိတ်ထိုင်ကြည့်ပြီး အထ
နေတာ..ငါနဲ့အတွက်နဲ့စောသဲရဲ့ကြားမှာ.."

"ဂီတရှိတယ်လေ..အန်တီတို့အကန့်တွေကို မေမေကဘာမှမမြင်
မယ့် ဂီတမြင်တယ်..အန်တီက.."

ဂီတက သို့နားနားကပ်လိုက်ပြီးမှ အံကြိတ်ထားသည့်လေသံ
နှင့်.. ၊

"အန်တီအရမ်းလောဘကြီးလွန်းတယ်.."

သိုကဖျတ်ခနဲ ခြေလှမ်းဆုတ်ပစ်သည်။ ဂီတကလည်း ဖျတ်ခနဲ
ကပ်သည်။ ပြီးတော့ သို့မျက်နှာနဲ့ပါးချင်းကပ်မတတ် တိုးလိုက်က

"ဒီကကျယ်ကျယ်ပြောရင် သူများကြားအောင်လို့လား..ဘယ်လို
ဖြစ် ဖေကြီးနားထဲပေါက်သွားရင် အန်တီ့ဘက်ကပဲ ရှိပေးမှာလေ၊
နည်းနဲ့ ပုံကြီးမချဲ့ချင်ပါနဲ့..အန်တီကလေးဆယ်ကျော် ဂီတကနှစ်
ကျော်ပဲရှိသေးတယ်၊ စတည်းက ပွဲကမမျှတဲ့ဟာကို အန်တီကအကူ
ခေါ်ရင် လွန်တာပေါ့.."

"မင်း..မင်းတော်တော်ကြောက်စရာကောင်းပါလားဂီတ.."

"မေမေကလည်း ကွယ်ရာမှာအဲ့လိုပြောပြီး ငိုနေခဲ့တာပဲ..'သို့ဆို
မိန်းမ သိပ်ကြောက်စရာကောင်းတယ်'တဲ့.."

ပြောပြီးမှ ထိကပ်မတတ် တိုးထားသည့်မျက်နှာကို တဖြည်းဖြ
ပြန်ဆုတ်သည်။ သို့သော် မျက်နှာနှစ်ခု၏ အကွာအဝေးသည်စကား
သည့် လေငွေ့နွေးတို့ထိခတ်နိုင်သေးသည့် အနေအထားမှာရပ်တန့်ခဲ့ပြီ

"ဒီယောကျ်ားကို ကလေးထည့်ပေးလိုက်ပြီး ချုပ်ထားတယ်..ဟို
တော့ မျက်ရည်တွေ ပူဆွေးမှုတွေ မရှိုးနိုင်တဲ့အလှအပတွေနဲ့ ချုပ်
တယ်၊ ဒီလောက်ဆိုတော်လောက်ပြီမို့လား..အန်တီရနေတာတွေ မျ
ပါပြီ..တော်ပါတော့.."



"မဟုတ်ဘူး..မဟုတ်ဘူးအဲ့ဒါ.."

ကိုယ့်ရဲ့အားနည်းချက်သည် ကိုယ့်ကြောင့်သူများအိမ်ထောင်ရေး
စီးသွားခဲ့သည်ဆိုသည့် အဖြစ်ဆိုးပဲဖြစ်ရာ ဂီတဒါကိုပြောလာတိုင်း
တုန်လှုပ်ချောက်ချားခဲ့ရလျက်.. ၊

"ငါအဲ့လိုမိန်းမမဟုတ်ဘူးဂီတ..ရိုးသားခင်မင်မှုတွေမှာလည်း စွန့်
အနစ်နာခံတာတွေ ရှိတယ်၊ စာနာထောက်ထားကြတာတွေ ရှိတယ်..
ါတွေကို စောသဲသိတယ်၊ အတွက်နဲ့ငါပဲမဟုတ်ဘူး..ငါရယ် စောသဲ
ယ် အတွက်ရယ်တတွဲတွဲရှိခဲ့ကြတာ.."

"မိုးကြိုးပစ်မှ ထန်းလက်နဲ့မကာပါနဲ့..အန်တီမျက်ရည်ဖြိုင်ဖြိုင်ကျ
ရင်ကွဲပက်လက်ဖြစ်တဲ့အထိ ဂီတတို့ဆုံးရှုံးခဲ့ရတာတွေကို ပြန်ယူမယ်."

"ဘာပြောတယ်.."

သို့မျက်ဝန်းတွေ ပြူးပြတ်လက်သွားသည်။

"မင်းက စံနစ်ကိုဟုတ်လား.."

"ဟုတ်တယ်ဆိုရင် ဒီယောကျ်ားကို ငါဂရုမစိုက်ဘူးလို့ အန်တီပြော
လား..ရတယ် အလင်းသိဆိုရင်တော့.."

"မင်းဘယ်လိုမိန်းကလေးလဲ..မင်းပြောတဲ့စကားတွေမှာ သိက္ခာတစ်
တစ်ချပ်မှ မရှိတော့ဘူးဆိုတာ နားလည်ရဲ့လား.."

"သိက္ခာအစား ရိက္ခာပြန်ရမှာပဲ..ထောင်မြင်ရင် ရာစွန့်ရမှာပေါ့၊ အန်
လှည့်ကျမှ ဘာဖြစ်လို့ လန့်တုန်ဖျားနေတာလဲ..ဝဋ်ဆိုတာလည်
မှန်း အစတည်းကတွေးထားရမှာ.."

ဂီတကတော့ သူမလုပ်ရပ်အတွက် အတိအကျဂုဏ်ယူနေသော မျက်
များနှင့်.. ၊

"ဦးနဲ့အလင်းက လက်ခုပ်တီးပေးတိုင်း ထိုင်ထကပြမယ့်အရွယ်တွေ
ဟုတ်တာ..အန်တီစိတ်ပူလွန်းလို့ ရင်နှစ်ခြမ်းဗျန်းဗျန်းကွဲနေလည်း
ပဲ.."

"ဒီလိုမလုပ်ပါနဲ့သမီးရယ်..ဒါမျိုး မိန်းကလေးတစ်ယောက်က စိန်
တာ အရမ်းအန္တရာယ်ကြီးပါတယ်၊ ပြီးတော့ စံနစ်ကလည်း.."

ဘယ်မိန်းကလေးကို ဂရုစိုက်ခဲ့လို့လဲ..။ လူပျိုတုန်းကတော့ သူမ
ပိုလှ ပိုငယ်တဲ့မိန်းမငယ်လေးတွေ ဝိုင်းဝိုင်းလည်နေတဲ့ကြားမှာ 'စံနစ်
က စံနစ်တကျလွတ်လပ်ခြင်းပဲ'ဆိုတဲ့ ဝါဒနဲ့ ဥပေက္ခာအလံထူခဲ့တဲ့
ကျ်ား.. ၊

www.burmeseclassic.com

www.burmeseclassic.com



"အလင်းနဲ့သမီးကို တီလေးသဘောတူပါတယ်..စံနစ်နဲ့ခုလို သ နေတာက.."

"အားလား..ရယ်ရတယ်၊ ဟား ဟား ဟား.."

သို့စကားမဆုံးခင် သူမကရယ်ပစ်လိုက်ပြီး နှာခေါင်းဖျားချင်း တတ် ထပ်ကပ်လာကာ.. ။

"ဂီတက အန့်တို့ဆီမှာ ချွေးမဖြစ်ခွင့်တောင်းမိလို့လား.."

သို့မျက်နှာနောက်တွန့်သွားသည်။ ဂီတကလည်း ထပ်ကပ်၏။ သူ ၏ရှိုင်းပျခြင်းတွေက သို့ထပ်ဆုပ်လို့မရအောင် လက်မောင်းတစ်ဖက်ကို ဖမ်းဆွဲထားခဲ့လျက်.. ။

"အလင်းလို အဖေမှန်းမသိ အမေမှန်းမသိ ဘာတန်ဖိုးမှနားမလ တဲ့ ယောကျ်ားကိုလား.."

"ဂီတ.."

သို့ နားထဲမှာခါးသွားသည်။ နောက်ကို ခြေတစ်လှမ်းဆုတ်၍ ဂီ ကိုင်ထားသည့်လက်ကို ပုတ်ချပစ်လိုက်ခြင်းက တစ်ပြိုင်တည်းဖြစ်လျ လက်တစ်ဖက်ရိပ်ခနဲ မြောက်တက်သွားသည်။ ဂီတလည်း ကြောင် သွားခဲ့ပြီး ရှောင်ဖို့တိမ်းဖို့ဆိုတာ စိတ်ကူးထဲတောင် မရောက်လိုက်

"ဘာတွေဖြစ်လို့ လက်ပါတာလဲ.."

ဂီတရဲ့မျက်နှာပေါ် လက်ရောက်ဖို့ သီသီလေးမှာ စံနစ်ကသို့လက် ဖမ်းဆွဲထားလိုက်၏။ မျက်လုံးမှိတ်ထားလိုက်သဖြင့် ပါးတစ်ဖက်မှာ ခနဲဖြစ်သွားတာကို ဂီတသိလိုက်သည်။ စံနစ်အသံကြားမှ မျက်လုံး လိုက်တော့ အခြေအနေကိုနားလည်သွားကာ.. ။

"ဦး..ဂီတပြန်တော့မယ်.."

မျက်ရည်လေးတွေ ဝေ့လည်နေသည့် မျက်ဝန်းတို့ဖြင့် စံနစ်ကို ဆက်ရင်း.. ။

"ဂီတတောင်းပန်ပါတယ်..ဂီတအနေအထိုင်မှားသွားရင် ခုပဲအပြ ပေးလိုက်ပါ၊ အိမ်ကိုတော့ ဘာမှသွားမတိုင်လိုက်ပါနဲ့.."

စံနစ်ရဲ့ရှေ့မှာ ငိုယိုတောင်းပန်နေသလိုပြောရင်း မျက်ရည်စက် ပိုးပိုးပေါက်ပေါက်ကျ၏။ ပြီးတော့ ထပ်၍.. ။

"ဒါတွေကို ဂီတကြောင့်လို့ပဲမှတ်ပြီး အန်တီရင်ထဲမှာ ထားပေးပါ ဖေကြီးသိရင် ဂီတသေမှာ.."

ထွက်သွားတော့မလို ခြေလှမ်းပြင်လိုက်တော့ စံနစ်ကိုဘေးစော



ကျောပေးသလိုဖြစ်သွားသည်။ ထိုအခါ ဂီတရဲ့တင်းတင်းစေ့ထားသည့် နှုတ်ခမ်းတို့နှင့် စူးရဲလက်တောက်နေသည့်မျက်ဝန်းတွေက ခြိမ်းခြောက် သတိပေးနေသည့် ရန်လိုခြင်းတွေ သိသာစွာပြည့်နှက်နေခဲ့လျက်.. ။

"အန့်တီဂီတကို မကျေနပ်သေးရင် အချိန်မရွေးခေါ်လို့ရပါတယ်.. ဂီတလာပါ့မယ်.."

ပြောပုံက သို့ကပဲကိုယ့်ယောကျ်ားနဲ့ဖွပ်စွဲပြီး ဖိနှိပ်ရိုက်ပုတ်နေခဲ့သလို လို့.. ။

"ဟေ့..နေဦး၊ တစ်ယောက်တည်းမပြန်နဲ့.."

သို့လက်ကိုလွှတ်ချခဲ့ပြီး စံနစ်ကစိုးရိမ်သည့် ခြေလှမ်းကျဲများနှင့် မီလိုက်၏။ သို့ဒီတိုင်းရပ်ကျန်ခဲ့လျက် လက်ပါချင်အောင် ဖြစ်ခဲ့ရသော ဒေါသတရားများကြောင့် ရှက်လည်းရှက်မိပါ၏။ ကိုယ့်ကိုမလေးမစား လောက်စော်ကားပြောဆိုနေသည့်ပြင် သားလေးကို ဒီလောက်ထိချိုးဖဲ့ ပြောနေတာတော့ မခံနိုင်.. ။

ဒါပေမယ့် သူမလက်မပါသင့်ဘူးဆိုတာတော့ သတိရသင့်ပါသည်။ ပြီးတော့ သူမနဲ့ဂီတရင်ဆိုင်နေရသည့်အကြောင်းကို တခြားလူတွေမသိ စေချင်သည့် ဂီတရဲ့သတိပေးစကားတွေနဲ့ သူမမှာရှင်းပြခွင့်လည်း မရှိ။ ဒါဆို စံနစ်မေးရင် ဘယ်လိုပြန်ရှင်းပြမလဲ.. ။

မဟုတ်ဘူး..ဒါ ငါရှင်းပြရမယ့် ကိစ္စမဟုတ်ဘူး။ မဖွယ်မရာပြုမူနေ ထိုင်နေတာက သူပဲ.. ။

ဂီတနောက်ကို အပြေးအလွှားထွက်လိုက်သွားသည့် ပုံရိပ်ကြောင့် နက်ခေါက်လိုက်မိသည်။ အိမ်ထောင်မပြု အပျော်မရှာဘဲ သားလေးကို ရှိုက်မွေးမြူလာခဲ့တာတွေက ဒီနေ့လို သားလူပျိုနဲ့နှိုင်းယှဉ်ခံနိုင်ပါတယ် ဆိုတာ ပြဖို့အတွက်လား.. ။

သို့ရင်ထဲမှာ ဒေါသတွေ မာနတွေ ပြီးတော့ ဘာမှန်းမသိနိုင်သည့် ခံရပ်နိုင်သော ပူလောင်ပြင်းရှသည့် ဝေဒနာတွေ စုပြုံတိုးကြိတ်နေခဲ့ လျက်.. ။

ရှင့်ကိုသိပ်မုန်းတယ်စံနစ်.. ။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၃)

စေ့ထားသည့်တံခါးကို ဖွင့်ဝင်လိုက်လျှင် အဲရ်ကွန်း၏အအေးဓာ
က ရေခဲရေတွေနဲ့ ပက်ဖျန်းလိုက်သလိုပင်။ အပြင်မှာ မိုးတွေရွာနေသ
မို့ အဲရ်ကွန်းက ရာသီစကားနားထောင်နေသလားမသိ.. ၊

ညအိပ်မီးလေးဖွင့်လျက် လူကိုတော့ ဒရင်းဘက်ခ်ပေါ်မှာ အိပ်ပျေ
နေတာတွေ့လျှင် သိုစိုးရိမ်သွား၏။ လေအေးစက်ကိုအရှိန်ချပစ်လိုက်ပြ
အလင်းရဲ့လက်ဖျားလေးတွေကို ထွေးဆုပ်ကြည့်မိ၏။ အေးစက်နေတော့
မွေ့ရာပေါ်ကစောင်ကိုယူကာ ခြေတွေလက်တွေပါ လုံအောင်ခြုံလိုက်ရင်း

"ဖျားတော့မှာပဲသားလေးရယ်..ဒုက္ခပါပဲ.."

အလင်းရဲ့နဖူးလေးကို ဖွဖွလေးစမ်းကြည့်ပြီး ဆံပင်တွေသပ်ပေး
သည်။ ငယ်ငယ်လေးတည်းက ဘယ်ရာသီမှာဖြစ်ဖြစ် လေးအေးစက်ဖွ
ထားမှ အိပ်တတ်သည်။ သူ့ကြောင့်ပဲ ခရီးသွားလမ်းသွားဖို့တွေရှိလာ
တိုင်း အဆင်ပြေသလို ကောက်ကပ်ထွက်သွားလို့ ဘယ်တော့မှမရခဲ့ပေ။

မိုးတွေရွာနေပေမယ့် အဲရ်ကွန်းပိတ်ဖို့ကိုတော့ လက်လျှော့လိုက်ရ၏။
ထို့ကြောင့် ပြန်ထွက်လာပြီး သူမဘုရားဖူးသည့်ပဝါပါးလေးကို ဒရင်း
ဘက်ဒ်ခေါင်းရင်းကနေ ခေါက်ချိုးလေးပြန်ချပြီး အလင်းရဲ့မျက်နှာကို
သာသာလေးအုပ်ပေးထားလိုက်သည်။

အေးစက်နေသည့်နှာခေါင်းဖျားလေးတွေ နွေးသွားအောင်ဖြစ်သည်
ပြီးတော့ သားလေးရဲ့ကော့ထင်းနေသည့် နှာတံလေးနဲ့မျက်နှာကို ငုံ့မို
နေရင်း အနားမှာဒူးထောက်လေး ထိုင်ကျသွားခဲ့၏။ သားလေးသူ့အဖေ
ကို ဘယ်လောက်ချစ်တာ သူမသိသည်။ သူ့အဖေ သူ့အပေါ်ဘယ်လိုချစ်
ခဲ့တာတွေကိုတော့ သားပြောပြလို့သိခဲ့ရပေမယ့် သူမမယုံနိုင်ခဲ့ပါ။

ခုတော့ သူမမယုံနိုင်ခဲ့တဲ့အတိုင်း သားရဲ့နားလည်ခွင့်လွှတ်နေသည်



မေတ္တာတရားကိုသာ တွေ့နေခဲ့ရပြီး ဖအေတစ်ယောက်ရဲ့မေတ္တာကတော့..၊

"ဒီန်း..ဒလိန်း.."

ဝင်းခနဲလျှပ်စီးလက်သွားပြီး မိုးခြိမ်းသံက ကပ်ပါလာ၏။ ထိုအခါ
ကျမှ စံနစ်ခုထိပြန်လာသံမကြားသေးတာကို သတိရသည်။ မိုးရွာကာစ
က အေးမာပြောသလိုများ ဖြစ်နေပြီလား.. ၊

"ဒီအချိန်ထိ ဟိုကောင်မလေးနဲ့ရှိနေတာဆိုရင်တော့ ပြဿနာကမ
သေးဘူးမမ.."တဲ့.. ၊

ခုချိန်ဆိုရင်တော့.. ၊

"မမ.."

ဟင်.. ၊

ဟနေသည့် တံခါးကြားမှာ အေးမာရပ်နေတာကို တစ်ပို့တစ်ပိုင်းမြင်
ရကာ တိုးတိုးလေးအသံပေးပြီး လက်ယပ်ခေါ်နေ၏။ သားရဲ့လက်လေး
ကို အသာလေးပြန်လွှတ်ပြီး သိုအပြင်ထွက်လာခဲ့သည်။ အေးမာပုံစံက
တစ်ခုခုကို ပြေးလွှားသတင်းပေးသည့်ပုံစံမို့ စိုးရိမ်စိတ်တွေလည်း ဖြစ်ရ
လျက်.. ၊

"ဘာလဲ.."

"အစ်ကိုလေးပြန်ရောက်ပြီး အရက်တွေမူးလာတယ်.."

"ဟင်.."

"ကားထဲက ဆင်းလာတာတောင် လူတွဲပြီးဆင်းရတာ.."

"ဘာ.."

စိတ်က ထောင်းခနဲဖြစ်သွားသည်။

"ဂီတပါလာသေးတာလား.."

"မဟုတ်ပါဘူး..အစ်ကိုလေးမိတ်ဆွေတွေထင်တယ်၊ ကားထဲမှာသုံး
လေးယောက်ပါလာတာ..အခု အစ်ကိုလေးကိုပို့ပြီး ပြန်သွားကြပြီ.."

ဘာမှန်းတော့မသိဘဲ ဆောင့်တက်လာသည့်အပူလုံးကြီး လျှောခနဲ
ကျတ်ကျ၏။

"မမ..မမ.."

သိုပင့်သက်လေးရှိုက်ပြီးထွက်လာတော့ အသံခပ်အုပ်အုပ်နဲ့ခေါ်ရင်း
အေးမာက အမောတကောလှမ်းဆွဲကာ.. ၊

"မမကို အစ်ကိုလေးခေါ်နေတယ်.."

"အံမာ..သူခေါ်တိုင်းငါကသွားရမှာလား.."

www.burmeseclassic.com

www.burmeseclassic.com



"မသွားလို့မရလောက်ဘူးနော်မမ..အစ်ကိုလေးက ဧည့်ခန်းမှ
ကျောက်ချထိုင်နေတာ မမမသွားရင် သူခေါ်ထုတ်မှာတဲ့.."

"ခေါ်ထုတ်တော့ရော ငါကဘာဖြစ်လို့.."

"သို..ဟော့ ထွက်လာကွာ၊ ဒီမှာ ငါစောင့်နေတာ.."

ဘုရား.. ၊

အောက်ထပ်က အော်ခေါ်လိုက်တဲ့အသံက ဘောက်စ်ထဲကထွက်လာ
တဲ့အတိုင်း နည်းတဲ့အသံကြီးမဟုတ်.. ၊

"သိုး.."

သူစိတ်မရှည်စွာ အော်ဟစ်ခေါ်တိုင်း သိုလည်းသိုးဘဝရောက်ရ
သည်။ ဘုရားခန်းနဲ့ ကပ်လျက်မှာ လူမမာရှိသောကြောင့် သိုအပြေး
လွှားဆင်းလာခဲ့ရသည်။ မသိရင် ကိုယ်ကသမီး သူကသမက်.. ၊

"အား..မူးလိုက်တာ၊ ဟော့ သို.."

"ရှင်ဘာဖြစ်လို့ အော်နေတာလဲစံနစ်..အပေါ်မှာ ဘိုးဘိုးရှိနေတာ
နေတာလား.."

"အင်း..မေ့နေတယ်၊ ငါမင်းကိုပဲသတိရနေတာ.."

အရမ်းမူးလာတယ်ဆိုပြီး မူးနေပုံပေါက်ပေမယ့် ထူထူထောင်ထော
ပါ။ ဒီလူတမင်ညစ်ချင်လို့.. ၊

"ငါ့ကိုကော်ဖီချဥ်ချဥ်လေး လုပ်ပေးစမ်းပါ.."

"လုပ်ပေးမယ်..ဘာသံမှမထွက်နဲ့.."

"မထွက်စေချင်ရင် ငါကသိုလို့ ခေါ်လိုက်တာနဲ့ မင်းငါ့ရှေ့ဘွား
ပေါ်လာပေး..အိုခေ.."

ထိုင်လျက်ကနေ လက်ညှိုးတထောင်ထောင်နှင့် ညွှန်ကြားနေသ
ထိုလက်ကို ဆွဲကိုက်ပစ်ချင်စိတ်တွေ ဖြစ်သွားမိသည်။ ကိုယ့်ကိုယ်
သူငယ်ပြန်နေပြီလားလို့တောင် ပြန်မေးရတော့မည့်အဖြစ်။ ကော်ဖီပ
ကန်လေးကိုင်ပြီး ပြန်ထွက်လာတော့ သူ့ဘေးမှာ ကုတ်အင်္ကျီက ဆိုဖ
လူနဲ့ကြားမှာ တစ်ပိုင်းညပ်ကာ တစ်ပိုင်းကတန်းလန်းကျနေ၏။

ပြီးတော့ အိတ်ထဲက ထွက်ကျနေပုံရှိသည့် မီးခြစ်နဲ့စီးကရက်ဘူ
ရယ် ဖုန်းနှစ်လုံးရယ် ပြီးတော့ လက်တစ်ဝါးလောက်စာအုပ်ထူလေးတ
အုပ်ရယ် အားလုံးကကြမ်းပေါ်မှာ ပြန့်ကျဲနေ၏။

"ကော်ဖီရပြီ.."

"ဟင်..အင်း.."



သူကလက်သီးဆုပ်ပေါ် နဖူးကပ်မှေးပြီး ငြိမ်နေရာကနေ ခေါင်းမော့
သည်။ လက်လှမ်းတော့ ပန်းကန်ကိုမကြည့်.. ၊

"ခွပ်.."

"အား..ပူလိုက်တာ.."

"အို..ဘယ်လိုဖြစ်ရတာလဲ၊ ကော်ဖီပန်းကန်တစ်ခုလုံးကြီးကို.."

သူမကလည်း ပစ္စည်းတွေကိုကောက်ဖို့ အာရုံရောက်သွားသဖြင့် မ
သို့မိသည့် နှစ်ယောက်ကြားမှာ ကော်ဖီပန်းကန်ကို လက်ကတိုက်မိ
၏။ စံနစ်ရဲ့လက်ပေါ်သို့ ကော်ဖီပူပူတွေ ဖိတ်စင်ကုန်သောအခါ..၊

"အရမ်းပူသွားလား..ခဏလေး ခဏလေး.."

သိုဆိုတဲ့မိန်းမ အပူလောင်တဲ့သူကို စိတ်ပူနေတာတောင် ကြမ်းပေါ်
စ္စည်းတွေကို ပြေးလွှားကောက်ထပ်ပြီး စားပွဲပေါ်တင်ဖြစ်အောင် တင်
က်သေးသည်။ အပူထိလို့မျက်စိကျယ်သွားသည့် စံနစ်နှုတ်ခမ်းမှာပြုံး
ထင်၏။

ဒါဟာ ဘာမှမဟုတ်သည့် လှုပ်ရှားမှုလေးပါပဲ။ ဒါပေမယ့် သူအခန်း
င်လာတိုင်း သူမကိုလှမ်းမြင်လိုက်ရတိုင်း အလုပ်တစ်ခုခုမှာ စူးစိုက်
တတ်သည့် သိုသည် အမြင်မတော်သမျှ ကောက်ကပ်သိမ်းဆည်းသွား
တ်ပြီး သူမ၏လုပနန္ဒ သောကိုယ်ဟန်လေးမှာ ဆံနွယ်ရှည်တို့ဒန်းစီး
မ်းနဲ့နေကြတာက မရိုးနိုင်သော မြင်ကွင်းဖြစ်၏။

သူမနဲ့ဝေးကွာနေခဲ့သမျှ လွမ်းရတဲ့အချိန်တိုင်းမှာ ဒီပုံရိပ်လေးတွေက
ကခဲ့သည်။ မေ့လို့မရ ဖျောက်ဖျက်လို့လည်းမရနိုင်ဘဲ သူ့ရင်ထဲမှာ
ိုတဲ့မိန်းမတစ်ယောက်သည်သာ.. ၊

"ပေးလက်.."

ပြန်ရောက်လာတော့ ဆေးထည့်ပေးမလိုပါပဲ။ သို့သော် မျက်နှာလေး
စူပွတင်းမာနေလျက်.. ၊

"လက်ပေးဆိုမှ.."

"လက်ပေးရအောင် ကိုယ်ကခွေးမှမဟုတ်တာ.."

"ဂျစ်တိဂျစ်ကန်လုပ်မနေနဲ့.."

သိုက သူ့လက်ကိုဆွဲယူလိုက်ပြီး ညစ်ဆေးလေးနဲ့ အသာလေးပွတ်
တ်ပေးကာ.. ၊

"သူ့ကိုပြောရမလားမှတ်တယ်..ဒီကပြန်ပြီး ပြုံးနေရသေးတယ်၊
လိုက်ရင် သူ့အသာချည်းပဲ.."

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ်ကွ..ပွစိပွစိနဲ့.."

"ပွစိပွစိမဟုတ်ဘူး..ရှင်ကြားအောင်ပြောနေတာ.."

ဆေးလိမ်းပြီးတာနှင့် ဘူးထဲပြန်ထည့်သိမ်းလိုက်ရင်း.. ၊

"ရှင်ဒီလိုပဲ မူးပြီးပြန်လာတတ်တာလားဟင်..ဒီပုံစံနဲ့ သားကိုဘယ် ဆုံးမခဲ့တာလဲ.."

"ဘယ်လိုဆုံးမခဲ့တယ် ထင်လို့လဲ.."

သိုပါးစပ်ပိတ်လိုက်သည်။ မူးနေတဲ့လူကို မေးခွန်းထုတ်မိတာကို ကိုယ့်အမှား.. ၊

"ကဲ..ကော်ဖီထပ်ဖျော်ပေးရမလား.."

"တော်ပြီ..မသောက်တော့ဘူး.."

"ပြီးတာပဲ.."

ညက ဂီတကိုကာကွယ်ပြီး ကိုယ့်လက်ကိုဝင်ဆွဲခဲ့တာ မမေ့နိ ပြီးတော့ 'တစ်ယောက်တည်းမပြန်နဲ့'ဆိုပြီး ဂီတနောက်ကိုစိုးရိမ်တ ကမျောသောပါး လိုက်ထွက်သွားတဲ့ ခြေလှမ်းတွေ.. ၊

သင်းတို့မျက်စိအောက်က ပျောက်သွားပေမယ့် ဒီမြင်ကွင်းက ညလုံး နှိပ်စက်နေခဲ့သည်။ အင်မတန်သတိကောင်းသူလို့ ချီးမွမ်း သည့် သူမဘဝတစ်လျှောက်မှာ ကိုယ့်ကိုယ်ကိုဘာလုပ်ဖို့ ဆင်းလာမိမှ သိ။ ဘာအတွက် တက်ခဲ့မိမှန်းမသိအောင် တစ်ခါမှကယောင်ချောက် မဖြစ်ခဲ့ဘူးပါ.. ၊

ညက သူမဖြစ်နေတာ ပစ္စည်းတစ်ခုခုကိုင်မိပြီး ဘယ်သွားထား မှန်းမသိ။ ဘာလာယူတာမှန်းမသိ။ တစ်ယောက်တည်း ဘယ်သူမှ ဘဲ အိမ်အပေါ်ထပ်နဲ့ အောက်ထပ်ကို ခေါက်တုံ့ခေါက်ပြန် တက်လို ဆင်းလိုက်.. ၊

အိမ်ရှေ့နဲ့အိမ်နောက်ကို ဘာလုပ်ဖို့မှန်းမသိဘဲ လျှောက်နေခဲ့ ဘယ်နှစ်ခေါက်မှန်းမသိ။ ဒါတွေကိုပြောချင်လွန်းလို့ စောင့်နေတော့ ပြန်လာတော့ မိုးရေထဲမှာမူးလို့ရူးလို့.. ၊

"သို..ဟော့ ဘယ်ထွက်သွားတာလဲ.."

ဟင်.. ၊

အော်ချလိုက်ပြန်ပြီဒီလူ.. ၊

အတွေးစကို ချက်ချင်းဖြတ်ကာ သိုကမန်းကတန်း ပြန်လှည့် ရကာ.. ၊



"ရှင်ဘယ်လိုလူလဲစံနစ်..ညသန်းခေါင်ဖြစ်နေတာသိရဲ့လား.."

ပြောလိုက်မှ သူကနာရီပင့်ပြီးမျက်နှာနဲ့ ထိကပ်မတတ်ပြူးပြဲငုံ့ကြည့် ..၊

"ဘယ်မှာသန်းခေါင်လဲ..ခုမှဆယ်နာရီခွဲပဲရှိသေးတယ်.."

"အဲ့ဒီတော့ ဘာလုပ်ပေးရမလဲပြော.."

"ဟာ..မင်းတော်တော်တာဝန်မဲ့ပါလား.."

"ရှင့်ကိုဘယ်သူက တာဝန်ယူပါ့မယ် ကတိပေးထားလို့လဲ.."

"မဟုတ်ဘူးလေ.."

ပြောပြီး ဘာဆက်ပြောရမှန်းမသိ.. ၊

"မဟုတ်ဘူးလေအဲ့ဒါ..အဲ ဒါပေမယ့် ဟုတ်တာပဲ၊ ဘာမှမဆိုင်တော့ မယ့် အခုအတူတူနေနေကြတုန်းမှာ နည်းနည်းလေးတော့ ဆိုင်သွား ပဲ.."

"နည်းနည်းမှဆိုင်စရာအကြောင်းမရှိဘူး..ကျွန်မဒီမှာလာနေတာ ဘိုး ကျန်းမာရေးအတွက်.."

"ကိုယ်လည်းဒီတိုင်းပဲလေ.."

"ဒီတိုင်းပဲဆို ဘာအပိုတွေပြောနေသလဲ..ရှင့်ပါးစပ်ကြီးကို ပိတ်ပြီး အိပ်တော့.."

"ဒီမှာရေတွေစိုနေတာ ဘယ်လိုလုပ်အိပ်ရမှာလဲ.."

သူ့အင်္ကျီလက်ဖျားတွေနဲ့ ဆံပင်တွေမှာ မိုးရေတွေစိုနေသည်။ ပြီး ရင်ဘက်နဲ့ဘောင်းဘီတွေမှာ စိုရွှဲနေသည်ဖြစ်ရာ.. ၊

"ရေစိုကွက်တွေနဲ့ ကိုယ်မနေတတ်တာမင်းသိပါတယ်.."

"ဘယ်တုန်းကလဲ..မသိဘူး.."

"ဟား.."

မျက်စောင်းထိုး၍ ရွဲ့ချိတ်ပြောနေသည့် သို့ကိုကြည့်၍အသည်းယား မိသည်။ ထို့ကြောင့် ရယ်လိုက်မိရင်း လက်တို့သည် ရေစိုနေသည့် င်တွေထဲ ရောက်သွားခဲ့ပြီး.. ၊

"အို..ဘယ်လိုလုပ်တာလဲ.."

ဆံပင်တွေကို လက်နဲ့ရိုက်ခါပစ်လိုက်သဖြင့် ရေစက်လေးတွေသို့ နှာကို ပြေးမှန်ကုန်၏။

"ဒီမှာ ရေတွေစိုစိနေတာ မင်းသိအောင်လို့.."

"သိတယ်လေ..ရှင်မိုးရေထဲက ပြန်လာတာပဲ၊ [watermark-obscured]တိတ်မချောချောလှ

www.burmeseclassic.com

www.burmeseclassic.com



လှလေးတွေကို မမောနိုင်မပန်းနိုင် လိုက်ပို့နေရတော့ မိုးလွတ်အောင်
ဖို့ သတိမရဘူးလား..”

“ဘယ်လိုလုပ်သတိရမှာလဲ..ညဘက်ကြီး မိုးတွေမှောင်နေတာ မြ
တာမှ မဟုတ်တာ..”

“ရှင်လျှောက်ပြောမနေနဲ့ စံနစ်..”

ပြောချင်စိတ်ကို ထိန်းမရတော့တာကြောင့် သူ့နားကပ်ပြီး အသံ
အတိုးဆုံးနိမ့်ချလိုက်ရင်း.. ၊

“အဲ့ဒီကောင်မလေးကို ရှင့်သားက သဘောကျနေတာ..”

“သားကိုမေးပါတယ်..မကျဘူးတဲ့..”

“ဘာ..”

သိုဒေါသချောင်းချောင်းထွက်လေသည်။ စံနစ်က နေရာမှခပ်
ယိုင်ထရပ်လိုက်ပြီး လဲကျမသွားအောင် အနိုင်နိုင်ထိန်းနေရင်း.. ၊

“နည်းနည်းတွဲပေး..”

တွဲပေးဆိုပြီး သို့ပခုံးကိုဆွဲဖက်ပစ်လိုက်သည်။ သူမအတင်းအ
ပြန်ရုန်းသော်လည်း နှစ်ယောက်လုံးလဲကျမလိုဖြစ်သွားသဖြင့် ပြန်
ထားလိုက်ရကာ.. ၊

“အဲ့လောက်မလိုဘူး..ရှင့်လက်တွေဖယ်..”

“မင်းက ကိုယ့်ကိုတွန်းထိုးနေတာ..လွှတ်လိုက်ရင် လဲသွားမှာပေါ့

ဒီတိုင်းနဲ့ သူ့အခန်းထဲထိ ရောက်လာခဲ့ရသည်။ ဟိုအရင်အချိန်
က ဘိုးဘိုးဆီရောက်လာဖြစ်တိုင်း သူနဲ့သူမနေခဲ့သည့် အိပ်ခန်းဖြစ်သ
အခန်းထဲမှာ သူနဲ့သို့ရဲ့မင်္ဂလာစုံတွဲပုံကြီးကို မြင်လိုက်သဖြင့် သိုမျက်
ပျက်သွားသည်။

ပြီးတော့ နံရံသုံးဖက်စလုံးမှာ သို့ပုံတွေချည်းရှိနေတာ သူမအံ့
ဆုံးနိုင်။ ဓာတ်ပုံရိုက်ဖို့လည်း ဝါသနာမပါခဲ့ပါ။ ရိုက်ခဲ့တာတွေရှိ
လည်း ချိတ်ထားဖို့မဆိုထားနှင့် အယ်လ်ဘန်နဲ့ထည့်သိမ်းဖို့တောင်
စိတ်မဝင်စားခဲ့ပေ.. ၊

ဒီမှာမြင်နေရတာ ရှုထောင့်အမျိုးမျိုးကနေ ရိုက်ယူထားသည့်ပုံ
ဖြစ်ကာ နောက်ကျောပုံတွေပဲ များနေခြင်းအရ သူမမသိအောင် ရိုက်
ထားသည့်ပုံတွေပဲဖြစ်လေသည်။ သူကမူးယိုင်နေပေမယ့် သိုမျက်နှာ
မိသည်။ ဟုတ်မှာပေါ့..။ ဟိုအရင်တုန်းက ရိုက်ထားတာဖြစ်နိုင်တာ

ကိုယ့်ဘာသာနေရချောင်အောင် ကြံဖန်ဖြုတ်ချလိုက်မိသည်။



သော် ဘယ်တုန်းကဖြစ်နိုင်သလဲလို့ ဆက်တိုက်အတွေးက ပါလာ၏။
အတူနေကြစဉ်က ရိုက်ယူထားတာဆိုလျှင် ‘မင်းကိုငါဒီလောက်ထိချစ်ပါ
သည်’လို့တော့ ဘာဖြစ်လို့ဖွင့်မပြောခဲ့တာလဲ..၊

ပြောဖို့နေနေသာသာ သိုကလွဲရင် တစ်လောကလုံးကမိန်းမတွေပဲ
တွဲဆောင်မှုရှိသည်။ သိုကတော့ ငတုံး.. ၊

“အ..”

ဓာတ်ပုံတွေကြောင့် ငိုင်သွားသည့်ခဏလေးမှာ စံနစ်ရဲ့ကိုယ်ကြီးလူ
ပေါ် ယိမ်းယိုင်ပိကျလာ၏။ ထို့ကြောင့် မျက်နှာချင်းထိကပ်သွားစဉ် ပါး
ပြင်မှာ နွေးခနဲဖြစ်သွားသည်။

“ရှင့်..အား သေပြီ..”

သိုဒေါသထွက်ပြီး အတင်းတွန်းပစ်လိုက်လျှင် သူကပြန်ဆွဲထားသ
ဖြင့် ခြေထောက်ချင်းတိုက်ချိတ်နင်းမိကုန်၏။

“ဆောရီးကွာ..မင်းဘာလို့ အတင်းတွန်းနေတာလဲ၊ ကိုယ်လည်းလဲ
မှာစိုးလို့..”

“လဲမှာစိုးရင် ဘာလို့မူးယိုင်နေအောင် သောက်လာလဲ..သွား ကုတင်
ပေါ်သွားထိုင်၊ အား..နာလိုက်တာ..”

“ဆောရီး..ဆောရီး၊ ကိုယ့်ကိုအကျႌလဲဖို့ ထုတ်ပေးပြီးရင်သွားတော့..”

“ရှင့်ကိုအရမ်းမုန်းတယ်သိလား..သူများလုပ်ချင်ချင် မလုပ်ချင်ချင်
အနိုင်ကျင့်ခိုင်းတယ်၊ သူများကျေနပ်လား မကျေနပ်ဘူးလား ဂရုမစိုက်
ဘဲ ထင်သလိုနေတယ်..တစ်စက်လေးမှကို မေတ္တာထားဖို့မကောင်းတဲ့လူ.”

စိတ်တိုလွန်းလို့ လက်ကဝတ္တရားကျေဖို့ လှုပ်ရှားနေရင်း ပါးစပ်က
ထင်သလိုပြောနေမိသည်။ ပြုံးယောင်သမ်းနေသည့် သူ့မျက်နှာကိုလည်း
မကြည့်မိ။ တကယ်မူးနေလား မမူးဘူးလားဆိုတာလည်း သတိမထား
နိုင်.. ၊

“မင်းသိလားသို..ဂီတက..”

“မပြောနဲ့..”

“ဟမ်..”

သူကမျက်လုံးတွေ မှေးစင်းနေရင်း သေချာမော့ကြည့်၏။

“မပြောရဘူးလား..ဘာဖြစ်လို့လဲ၊ သူကချစ်စရာကောင်းပါတယ်..
အရမ်းလည်းသွက်တယ်..”

“စံနစ်..”

www.burmeseclassic.com

www.burmeseclassic.com



သို သူ့ရှေ့ကိုရောက်လာပြီး ဆွဲထုတ်လာသည့် ညဝတ်ဝတ်စုံနှ
အားရှိသလောက် ပစ်ပေါက်လိုက်ကာ.. ။

"ချစ်ရင် အဲ့ဒီမှာသွားနေပါလား..ရှင်တစ်ခါတည်း လိုက်နေလိုက်ပေါ့
မှာ.."

"မင်းကလည်း အဲ့လောက်ကြီးတော့ ဘယ်လွယ်မလဲ.."

"ဟုတ်လား..ရှင်ကလွယ်လွယ်ရရင် လိုချင်တယ်ပေါ့.."

စံနစ်က သိုပစ်ပေါက်ထားသည့်ဝတ်စုံကို ပိုက်လျက်နှင့် မွေ့ရာပေါ
မှာ နောက်ပြန်ထိုင်လိုက်ကာ.. ။

"လွယ်လွယ်ရတိုင်းတော့ မကောင်းပါဘူး..ငါမင်းကိုလည်း လွယ်
လွယ်ရခဲ့တာပဲ.."

"ဘာ.."

"အဘိုးတို့ပေးစားခဲ့တာလေ..ကိုယ်ကကောက်စားရုံပဲကို.."

သိုက နှုတ်ခမ်းလေးကိုဖိကိုက်ထားလျက် စူးစိုက်ကြည့်နေ၏။ သူမ
မျက်ဝန်းထဲက ဒေါသမာနတွေကိုသိပေမယ့် စံနစ်က မျက်နှာလွှဲ၍.. ။

"ဒီ့ထက်လွယ်တာ ဘာရှိလို့လဲ..ဟွန်း ဒါပေမယ့် ကိုယ့်ကိုဆို စေတ
နာ လက်သည်းခွံလေးတောင် မရှိဘဲနဲ့ အမြဲတမ်းစူစူအောင့်အောင့်နဲ့.."

ပြောပြီး သို့ကိုမော့ကြည့်၍ ပြုံးကာ.. ။

"အဲ့မျက်နှာမျိုးပဲ.."

"ဟုတ်တယ်..ခုဆိုပိုဆိုးတယ်၊ လူသတ်ချင်စိတ်တွေပါ ဖြစ်နေပြီ.."

"အင်း..အဲ့ဒါတွေကြောင့် ကိုယ့်ကိုဆို ချူပါ ယူပါဖြစ်နေတဲ့ မိန်းမ
ချောမိန်းမလှလေးတွေကိုပဲ ဦးစားပေးစဉ်းစားမယ်လို့.."

သိုနားမထောင်တော့ဘဲ လှည့်ထွက်လာခဲ့သည်။ စံနစ်ကလက်ကို
ဖျတ်ခနဲဆွဲယူလိုက်လျှင် သူမကိုယ်လေးသူ့ရင်ခွင်ထဲ ယိမ်းယိုင်ပြိုကျလာ
ခဲ့ပြီး.. ။

"ရှင်ဘယ်လိုလုပ်လိုက်တာလဲ..ဖယ် လွှတ်.."

"မင်းကိုယ့်ဆံပင်တွေကို ရေသုတ်ပေးရဦးမှာလေ.."

"မသုတ်ပေးဘူး..ရှင်နဲ့ကျွန်မဘာဆိုင်လို့လဲ၊ လွှတ်လို့ပြောနေတယ်
နော်.."

"မင်းကိုကိုယ်အရမ်းလွမ်းတာပဲသို.."

"ရှင်နော် မညစ်ပတ်နဲ့..ဟင့်အင်း.."

သို့ကိုဖက်ထားရင်း မွေ့ရာပေါ်လှဲချလိုက်လျှင် သူ့ရင်ခွင်အောက်မှာ



သို.. ။

"စံနစ် ရှင်အဲ့လိုမရဘူးနော်..ရှင့်ကိုတစ်သက်လုံးခွင့်မလွှတ်ဘူးသိ
လား၊ လွှတ်.."

စံနစ်ရဲ့တပ်မက်မြတ်နိုးသောအနမ်းတွေက တမ်းတခြင်းတို့နှင့်ရော
ပလျက် ကြာရှည်စွာနှိပ်စက်၏။ သို့သော် သူမထိတ်လန့်ကြောက်ရွံ့ခဲ့
သလို တစ်ဆင့်တက်ဖို့ မကြိုးစားဘဲ စံနစ်ကသူမကိုဖက်ထားရင်း ဘေးမှာ
လှဲအိပ်လိုက်ကာ.. ။

"ကိုယ့်ကိုဘာလို့မုန်းနေတာလဲ..မင်းမှမင်းဖြစ်နေတဲ့ကောင်ကို ဘာ
ဖြစ်လို့ ယုံထင်ကြောင်ထင်တွေဖြစ်နေရတာလဲ၊ ကိုယ်လိုအပ်နေတာမင်း
ပဲ..မင်းဆီကမရနိုင်တာတွေကို ကိုယ်ဘယ်မိန်းမနဲ့မှ ဖြေသိမ့်ဖို့မကြိုးစား
ဘူး..မင်းကိုချစ်တယ်၊ ဘာဖြစ်လို့ အဲ့လောက်ချစ်နေမိမှန်းလည်း မသိ
တော့ဘူး.."

သို့ကိုရင်ခွင်ထဲ ဆွဲသွင်းကာ အတင်းအကျပ်နမ်းနေရင်း စကားတွေ
ပြောသည်။ ပြောနေရင်း ငြိမ်သက်သွားခဲ့၏။ သိုရုန်းနေမိတာတွေလည်း
သူဖက်ထားသည့် လက်တွေထဲမှာ ငြိမ်ငြိမ်သက်သက်လေးဖြစ်သွားလေ
သည်။

သူ့စကားတွေမှာ သူမဘာလို့မှင်တက်မိသွားခဲ့တာလဲ..။ မူးနေလို့
ထင်ရာတွေပြောနေတာ။ ဂီတကိုစိတ်ကူးပြီး ပြောနေတာလည်း ဖြစ်နိုင်
တာပဲ... ။

ဖြုတ်ခနဲကြွေကျသွားသည့် မာနကို ပြန်ဆွဲတင်၍ သူ့လက်တွေကို
အသာလေးဖယ်ချလိုက်သည်။ ပြီးတော့ သူ့ခေါင်းအောက်မှာ ခေါင်းအုံး
ပေးလိုက်ကာ ဆံပင်တွေကို ရေခြောက်တဲ့အထိ သေချာသုတ်ပေးမိ၏။
အင်္ကျီဘောင်းဘီတွေ လဲဖို့ထိတော့ မလုပ်နိုင်တာမို့ ကိုယ်ပေါ်မှာစောင်ကို
သေချာခြုံပေးထားလိုက်ကာ လေအေးစက်ကိုပိတ်လိုက်သည်။ ဒါမှအင်္ကျီ
ရစိုကြောင့် အအေးပတ်သက်သာမှာဖြစ်ကာ အိုက်လာရင် သူနိုးလာလိမ့်
မည်။

ဒီထိလုပ်ပေးဖို့မလိုသော်လည်း အခန်းထဲမှာ အမြင်မတော်သော
အစီအစဉ်မကျ ရှုပ်ပွခြင်းတွေကိုပါ မြန်မြန်ဆန်ဆန်ထားသိမ်းဆည်း
နေမိသည်။

သူမလှုပ်ရှားနေသမျှကို စံနစ်ကမျက်တောင်ဖျားတွေ စင်းကြည့်ရင်း
ကျနပ်နေခဲ့၏။ သူမကိုနှစ်ပေါင်းများစွာ တမ်းတနေခဲ့ရသမျှ ဒီညလိုအ

www.burmeseclassic.com

www.burmeseclassic.com



ခွင့်အရေးမျိုး သူ့အတွက်ဖြစ်လာလိမ့်မည်လို့ အိပ်မက်မက်ခွင့်လေးတော ရှိလိမ့်မည်မထင်ခဲ့.. ၊

မင်းကိုချစ်တယ်သို..။ ကိုယ်ပေးခဲ့သမျှ မင်းဆီကလိုသလောက် ပြ ရချင်တယ်။ ကိုယ်ရသမျှ မင်းရဲ့အချစ်တွေပဲဖြစ်နေဖို့ဆိုရင်.. ၊

♥♥♥

## အခန်း(၄၄)

"သို့ဆီကလည်း ဘာသတင်းမှတောင် မလာတော့ဘူးနော်..နေနိုင် က်တာ.."

ခရီးသွားကြဖို့ပြင်ဆင်ရင်း စောသဲကတမ်းတမ်းတတပြောနေသည်။ တော့မှ.. ၊

"အေးလေ..သိုကအမြဲဒီလိုပဲနေတာပါ၊ စောတို့ကသာမနေနိုင်ခဲ့တာ"

"မင်းအဲ့လိုနေကြည့်ပါလား.."

အတွက်က ခေါက်ပြီးသားဘောင်းဘီရှည်ကို ပြန်ဆွဲလိုက်ပြီး ကြိမ်း သလိုပြောလျှင် စောသဲကအံ့ဩသွားသည့်မျက်ဝန်းတို့နှင့်.. ၊

"ဘယ်လို.."

"သိုကဘယ်သွားသွား အိမ်ကိုတောင် သတိရတဲ့သူမဟုတ်ဘူး..သူ ချင်းဆိုတာ ထည့်မပြောနဲ့.."

"ဟုတ်တယ်လေ..အဲ့ဒါကို စောကပြောတာပဲ.."

"ငါကလည်းမင်းကိုပဲ ပြောတာပါ..မင်းဝါခြားရောက်နေလည်း သ ငါ့ကို မေ့ထားလို့မရဘူး.."

ထိုအခါကျမှ စောသဲမျက်နှာလေး ပြုံးကြည်သွားကာ.. ၊

"မတတ်နိုင်ဘူးလေ..ယောကျ်ားတွေက အဲ့လိုရက်စက်တဲ့မိန်းမကိုမှ မ်းတတ်ကြတာဆိုတော့ ကိုယ်လည်း.."

"ဟော့နော်..မဟုတ်တရုတ်တွေ လျှောက်မလုပ်နဲ့၊ မိသိုနဲ့ပေါင်းပြီး လေသံတွေနဲ့မရှိနဲ့..ငါကစံနစ်လိုကောင်မဟုတ်ဘူး.."

"အဟွန်း..ဟွန်း.."

စောသဲက အဝတ်တွေထည့်ပြီးမှ အိတ်ကိုမပိတ်သေးဘဲ အတွက် က်လှည့်ထိုင်လိုက်ကာ.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမထူးပါဘူးအတွက်ရယ်..ရှင်လည်း သို့ကိုရခဲ့လို့လား.."

"မရဘူးပြောရအောင် သို့ကိုမရရင် သေရပါတော့မယ် ဖြစ်ခဲ့ဖူး လား.."

စောသဲက ရွဲ့သလိုမျိုး မျက်ခုံးလေးပင့်လိုက်ပြီးမှ ခေါင်းညိတ်

"မရမကရော ကြိုးစားခဲ့ဖူးလားပြော..မိသိုက မိဘစကားနား တဲ့သမီး၊ ငါသာအန်ကယ်လ်ညို့ကို ပူဆာလိုက်ရင် တစ်ချက်တည်း တယ်.."

ဒါတော့လည်းဟုတ်ပါသည်။ သိုနဲ့အတွက် ညားကြမှာပဲလို့လ အားလုံးကထင်ခဲ့ကြပေမယ့် အတွက်ကသူမကိုသာ လက်ထပ်ခဲ့တာ ၏။ ထိုစဉ်က အတွက်ကိုတိတ်တခိုးမြတ်နိုးနေမိသည့်စိတ်နဲ့ သိုနဲ့အ တို့ ဘာတွေဖြစ်ခဲ့ပါစေ သူမဘက်ကလည်း သဝန်တိုပုတ်ခတ်လို အရှင်းမရှိခဲ့ပါ.. ၊

ခုချိန်မှာပိုပြီးရှင်းပါသည်။ အတွက်ကို သူမချစ်သလို သို့စိတ် ဘောထားကိုပိုပြီး နားလည်လာခဲ့တာမို့ အတွက်ကိုလည်း သနားသ သို့ကိုလည်း အထင်ကြီးလေးစားခဲ့၏။

"နေစမ်းပါဦး..မင်းစိတ်ထဲမှာ အဲ့ဒီကိစ္စအတွက် ကြိတ်ခံစားနေ တာတွေ ရှိခဲ့တာလား၊ ငါ့ကိုပွင့်ပွင့်လင်းလင်းပြောစမ်းပါ.."

ဘေးမှာထိုင်ချလိုက်ပြီးမေးတော့ ဒါကိုပဲတွေးနေသည့်စောသဲ ပျာ သလဲခေါင်းခါမိကာ.. ၊

"မဟုတ်တာအတွက်ရယ်..ရှင်တစ်ဖက်သတ်မေတ္တာရှိခဲ့တာလ သိတယ်၊ သိုကလည်း သိက္ခာသမာဓိနဲ့ မိန်းမပါ..ရှင့်ကိုစွပ်စွဲနေရင် ကို ယောက်ျားကို စော်ကားသလိုဖြစ်မှာပေါ့၊ သို့ကိုလည်း မိန်းမသားချင်း နားလည်တယ်..နောက်ထပ်ပြီး အဲ့လိုမေးခွန်းမျိုးမမေးပါနဲ့.."

လင်မယားနှစ်ယောက်မှာ နားလည်မှုတွေကိုယ်စီရှိကြလျက် ထောင်ရေးမှာ ဘယ်လိုအဖုအထစ်မှလည်း မရှိခဲ့ပေ။ တာဝန်ကျရာသွ သူက သွားရသည်။ လွမ်းတဲ့သူက မလာနိုင်တဲ့သူနောက်ကို လိုက်ရ လည်း ရှိခဲ့၏။ အတွက်နဲ့စောက သူငယ်ချင်းလိုရော ဇနီးမောင်နှံလို နားလည်မှုတွေ ဖလှယ်ခဲ့ကြတာမို့ အဆင်မပြေဖြစ်စရာလည်း မရှိ။ သော်.. ၊

"မင့်သမီးကတော့ မိဘအပေါ်တောင် ဘယ်လိုအတွေးအမြင်တွေ ပဋိပက္ခရှာချင်နေမှန်း မသိဘူး.."



အတွက်ကစပြောတော့ စောသဲသက်ပြင်းချမိလေသည်။

"ရန်ကုန်မှာ ရှင်တို့သားအဖဘာဖြစ်ခဲ့ကြသလဲတော့ မသိဘူး..ဒါပေ ယ့် သမီးကိုတော့ မငြိုငြင်ပါနဲ့အတွက်ရယ်၊ ကလေးက သူ့ကိုယ်သူမွေး း သမီးဆိုတဲ့ ခံစားချက်ရှိနေတယ်လေ.."

"ရှိရအောင် ငါတို့ကအယောင်ပြနေတာမှ မဟုတ်ဘဲ..ဒီမှာစော ငါတို့ မွးချင်းတွေအားလုံး သူ့ကိုကရုဏာရှိတယ်..ချစ်ကြတယ်၊ ရတုကလည်း ိုင်ခြားရောက်သွားတည်းက ပြန်လာဖို့ စိတ်ကူးမယ့်ကောင်မဟုတ်ဘူး.. ့ကိုပဲ မိဘမဲ့တစ်ကောင်ကြွက်လေးဆိုပြီး အလိုလိုက်နေကြတာ.."

"အဲ့ဒါကြောင့် ကလေးကကလေးလို ဆိုးတာကို စောတို့က.."

"ကလေးမဟုတ်ဘဲနဲ့ ကလေးလိုဆိုးလို့ မရဘူးလေ..မင့်သမီး ငါ့ကို ်ကုန်မှာ ဘာပြောလဲသိလား.."

"မသိဘူးလေ..ရှင်ကမှ ပြောမပြတာ.."

"အေး..ပြောမိရင် စိတ်တိုလွန်းလို့မပြောတာ၊ ခုလည်းမပြောချင်ဘူး"

မျှော်လင့်ငေးမောနေရသည့် စောသဲစိတ်တိုသွားကာ မျက်စောင်း လးရွယ်လိုက်မိလျက်.. ၊

"မပြောချင်ရင်လည်း မစနဲ့ပေါ့.."

"ဘာမှမဟုတ်တာတွေကို ရမယ်ရှာနေတာလေ..မိဘကိုမလေးစား က ငါ့အမုန်းဆုံးပဲ၊ ငါလည်းငါ့မိဘကို မလေးမစားမဆက်ဆံခဲ့ဘူး..ဒီ ကောင်မလေးကိုက စရိုက်ဆိုးချင်တာ.."

"ဘယ်လိုပြောလိုက်တာလဲအတွက်ရယ်..ဒီစကားတွေ ကလေးကြား ွားရင် ကြည့်ပါဦး.."

ထိတ်ထိတ်လန့်လန့်တားဆီးနေသည့် စောသဲကိုအတွက် သနား ည့် မျက်ဝန်းတို့ဖြင့် ကြည့်သည်။ ပြီးတော့ ခေါင်းခါ၍.. ၊

"ငါ့တူမအရင်းပါပဲ..ဒါပေမယ့် 'ဝမ်းနဲ့မလွယ် သားမမယ်(မမည်)' ၊ ငါ့ကိုစိတ်ဆိုးအောင် လုပ်လိုက်လို့မဟုတ်ဘူး..အဲ့ဒီစကားတွေသူပြော တော့ ငါခံစားမိလိုက်တာ အဲ့ဒါပဲ.."

"ဘာလဲဟင်.."

အတွက်က စောသဲနားမှာထိုင်ရင်း လက်ဖဝါးလေးတစ်ဖက်ကို ဆုပ် ိုင်လိုက်၏။ ပြီးတော့ တောင်းပန်သည့်မျက်ဝန်းတို့ဖြင့်.. ၊

"ငါတို့ကလေးယူရအောင်စော.."

"ဟင်.."

www.burmeseclassic.com

www.burmeseclassic.com



စောမျက်လုံးပြူးလေးနှင့် ငေးကြည့်နေတော့ အတွက်ကသူ မျ လေးကို ဖက်ထားလိုက်ကာ.. ။

"မင်းဘာမှမဖြစ်စေရဘူး..မိန်းမချင်းတူတူ ငါ့မိန်းမလည်း မိခင် လို့ရတယ်၊ မင်းကျန်းမာရေးအတွက် ငါ့အသက်နဲ့ထပ်တူ စောင့်ရှော က် ပေးမယ်..ငါတို့ချမ်းသာသမျှ ကုန်ပေ့စေကွာ၊ ကိုယ့်ရင်သွေးဆိုတာလေး မွေးပိုက်ဖို့ ဘာနဲ့ပဲလဲရလဲရ.."

"အတွက်ရယ်.."

စောသဲမျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာခဲ့လျှင် အတွက် မျက်နှာလေးကို မော့ယူပြီး မျက်ရည်တွေကိုသုတ်ပေးရင်းဖြင့်.. ။

"ငါကမစာမနာပြောရက်တယ်ဆိုပြီး.."

"ဟင့်အင်း.."

စောသဲက သူ့ရင်ခွင်ထဲတိုးဝင်ပြီး ခါးကိုပြန်ဖက်ထားလိုက်ကာ

"ခုနေသေသွားရင်တောင် စောသေပျော်ပါပြီ.."

"ဟာကွာ..မဦးမချွတ်တွေ.."

"ဟုတ်တယ်..စောမှာရောဂါရှိနေလို့ ကလေးမယူနဲ့လို့ ရှင်တား တဲ့နေ့က စောဘယ်လောက်ခံစားရလဲသိလား၊ မိန်းမဆိုတာ ကိုယ်သေ သေပါစေ ကိုယ့်ခင်ပွန်းရဲ့ရင်သွေးကို လွယ်ချင်တယ်..သေရမယ့်အ ထက် မိခင်ဖြစ်ခဲ့ပြီဆိုတဲ့ ပီတိလေးကိုလိုချင်တယ်၊ တချို့သောမိန်းမ ဘယ်လိုစိတ်ပဲရှိရှိ စောရင်ထဲမှာအဲ့ဒီအတိုင်းပဲ.."

"ဟုတ်ပြီ.ဒါဆို ကိုယ်ပိုပြီးကြိုးစားမယ်..အခု ပရော့ဂျက်ပြီးသွား ကိုယ်ပိုင်ဆေးရုံနဲ့ဖြစ်သွားပြီဆိုတော့ မင်းရဲ့ကျန်းမာရေးအတွက်လ တစ်ဖက်ကစိတ်ချရပြီ.."

စောသဲဝမ်းသာလွန်းလို့ ခေါင်းညိတ်ရင်း မျက်ရည်သုတ်ဖို့မေ့ နေ၏။ အတွက်ဆီက နွေးထွေးမှုတွေကို သူမတဖြည်းဖြည်း ပိုင်ဆိုင်ခွင့်ရ ခဲ့ပြီဆိုတာ သိသည်။ ခုတော့ ပိုပြီးမှန်ကန်သွားပြီဖြစ်သည်။ ဒါဟာ ကို ဘက်က နားလည်မှုတွေနဲ့ သည်းခံစောင့်ဆိုင်းနိုင်ခဲ့သည့် ကောင်းကျိုး တရားပဲဖြစ်သည်။

"ဒါဆို သို့ကိုဖုန်းဆက်ပြောရမယ်..စောတို့ကလေးယူတော့မယ့် ကြောင်း..အဲ.."

စောသဲက ကလေးလိုပျော်ရွှင်နေခဲ့လျက် စိတ်ကူးလေးတွေ တစ် ပြီးတစ်ခုဖြစ်နေရှာကာ.. ။



"သို့ကတော့ အရမ်းစိတ်ပူသွားမှာပဲ..အတွက်တစ်ယောက်လုံးရှိနေ တာတောင် စောကိုသူ့ပဲစိတ်ပူ သူ့လောက်ဂရုစိုက်တာမရှိဘူး.."

"မိသို့ကတော့ ဘာမဆိုအိုဗာပဲ.."

"အိုဗာမို့ ရှင့်ကိုစောပိုင်ဆိုင်ခွင့်ရတာလေ..သို့ကစောရဲ့ကျေးဇူးရှင်.."

"ဘာ..ဘယ်လို.."

အတွက် ပြူးပြူးပြဲပြဲထမေးတော့ စောသဲက ခေါင်းလေးခါရင်းရယ် နေကာ.. ။

"ဟုတ်တယ်လေ..ရှင်အသေအလဲပိုးပမ်းနေတာ သို့ကသာပြန်ချစ် လိုက်ရင်.."

"စောနော်..မင်းကိုယ်ချစ်ခဲ့တဲ့ သစ္စာကိုတော့ မစော်ကားနဲ့၊ ဒီမှာတွေ့ လား..ဒါကြီးနဲ့တွေ့သွားမယ်.."

လက်သီးဆုပ်ကြီးနဲ့ လာကပ်တော့ စောကလက်သီးကိုဖယ်ချပစ် ကာ.. ။

"ရှင်ကစောကိုချစ်တယ်.."

"မချစ်ဘဲနဲ့ ခင်ဗျားဆီခဏခဏ ပြန်လာပါ့မလား..ကိုယ်ပိုင်ဆေးရုံ ထောင်နိုင်အောင် အသေအလဲကြိုးစားနေတာကရော ဘယ်သူ့အတွက်လဲ၊ အဲ့ဒါ ခင်ဗျားကိုထားခဲ့ပြီး သွားနေရတာ စိတ်မဖြောင့်လို့.."

"မသိဘူးလေ.."

"အခု သိလိုက်တော့.."

အတွက်က စောသဲပခုံးလေးကိုဖက်၍ ရင်ခွင်ထဲဆွဲသွင်းကာ.. ။

"သို့ကို ရည်ရွယ်ခဲ့ဖူးတယ်..သူငယ်ချင်းသံယောဇဉ်ထက်လည်း ပို တယ်၊ ခုထိလည်း သူ့အတွက်ဆို ကိုယ်မင်းကိုထားပြီး ပြေးကြည့်မိဦးမှာ ပဲ..အဲ့ဒါက ရှိခဲ့တဲ့သံယောဇဉ်နဲ့ပါ၊ ဒါကိုတော့ နားလည်ပေးပါစောရယ်.. ကိုယ်တို့မှာ မောင်နှမလို ဖြူစင်တဲ့စိတ်တွေနဲ့ပါ၊ မင်းကိုငဲ့ညှာရမှန်းသိ လာတဲ့အချိန်ကစပြီး ကိုယ့်အတွက်အရာရာက မင်းပါ.."

"စောယုံပါတယ်..ရှင်နဲ့သို့ကို ဘယ်တုန်းကမှ မငြိုငြင်ခဲ့ဖူးဘူး၊ ရှေ့ မှာရော ကွယ်ရာမှာရောပဲ.."

ဟုတ်ရဲ့လားလို့ ပြန်မမေးဖြစ်ပေမယ့် ဂီတရဲ့စကားတွေကိုသတိရ လိုက်မိတော့ မေးချင်သည့်မေးခွန်းတစ်ခု ထပ်ဖြစ်လာခဲ့သည်။ 'မင်းသမီး ရှေ့မှာများ သို့နဲ့ကိုယ့်အကြောင်းပြောပြီး မျက်ရည်ကျခဲ့မိသေးလား'လို့..။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄၅)

"ပြောပါ..ဒါကမဆန်းတော့ပါဘူး.."

ဖုန်းပြောသံကြောင့် သိနေရာမှာတင် ရပ်လိုက်မိကာ နားကလည်၊ အသံကို စူးစိုက်ထားမိပြီးဖြစ်လျက်.. ၊

"ပြောလေ..အခု ဘာလဲအားနာနေတာလား.."

"...................."

"အဟွန်း..ကလပ်မှာတည်းက မင်းရဲ့အကြည့်တွေကို ကိုယ်သဘော ပေါက်တယ်၊ အားနာဖို့မလိုပါဘူး..ကိုယ့်အဖေပေမယ့် ဖေဖေကကိုယ့်ရဲ့ စံပြပဲ၊ အားလုံး ပိုသာတာသိတယ်.."

ဘုရား ဘုရား.. ၊

ကြားလိုက် မြင်လိုက်ရသမျှ မတော်တရော်တွေချည်းပါလား..။ က မ္ဘာကြီးပဲ ပြောင်းပြန်လည်နေတာလား..။ မိုးကောင်းကင်နဲ့မြေကြီးအထက် အောက် ဇောက်ထိုးပြောင်းသွားတာလား.. ၊

နုနုကြွကြွ ဖူးဖူးသန့်သန့် လူငယ်လူရွယ်ကိုကျော်၍ ဒီကလေးရဲ့အ ဖေကိုမှ.. ၊

"မေမေ့.."

ဟင်.. ၊

အခန်းထောင့်မှာ ရပ်နေတုန်း အလင်းအနားရောက်လာတာကို မသိ လိုက်။ အလင်းကလည်း သူဖုန်းပြောနေတာကို သိကြားသွားခဲ့မှန်း သိ သည့်အပြုံးနှင့်.. ၊

"ကျွန်တော် ဖေဖေ့ကောင်မလေးနဲ့ သွားတွေ့မလို့.."

"ဘယ်လို.."

"သုသန္တာတဲ့နာမည်က.."



"အင်း.."

"သူဒီက တစ်ခြံကျော်မှာရောက်နေလို့ စကားသွားပြောရုံပဲ.."

"နေပါဦးသားရယ်..မေမေမျက်စိလည်နေလို့ပါ၊ သားကဖအေအ တွက် အောင်သွယ်နေတာလား..ဖအေကသားရဲ့ကောင်မလေးတွေနဲ့.."

"ဘာမှမဟုတ်သေးပါဘူး.."

"မဟုတ်သေးဘူးဆိုတာက.."

အလင်းက ဆံပင်တစ်ချက်သပ်ရင်း ပြောရခက်သလို ခဏတိတ် သွားသည်။ ပြုံးနေပေမယ့် ပျော်ရွှင်ကျေနပ်နေတာမဟုတ်မှန်း သိကတော့ မျက်တောင်မခတ် အကဲခတ်နေခဲ့လျက်.. ၊

"ပြောလေသား.."

"ဖေဖေက မီးစိမ်းလိုက်ရင်တော့ အွန်ရုံပဲပေါ့.."

"ဩော်..ဩော်.."

ဘာမှဆက်မပြောတော့ဘဲ အလင်းကဖုန်းတစ်လုံးပဲကိုင်လျက် အ ပြင်ထွက်သွားသည်။ သုသန္တာဆိုတာ အောင်မြင်ကျော်ကြားစ ဖေ့စ်ဘွတ်ခ် က နာမည်ကြီးမော်ဒယ်လ်ပါ။ ကိုယ့်ရုပ်ရှင်မှာလည်း သူမပါသည်။ ဒါ တောင် သားပြောနေတဲ့သုဆိုတာ သားနဲ့ကျောင်းအတူတက်နေတဲ့ သု သန္တာမှန်း မသိခဲ့ပေ.. ၊

"အဲ့တစ်ယောက်ကိုတော့ ကလေးကတကယ်စိတ်ဝင်စားနေပုံပဲမမရဲ့ သူ့စာအုပ်တွေမှာရော စားပွဲပေါ်ကအံဆွဲတွေ မှန်တင်ခုံအံဆွဲတွေထဲမှာ ရော သူ့ဓာတ်ပုံတွေချည်းပဲ"လို့ အေးမာပြောမှ သိခဲ့ရတာဖြစ်သည်။ ခု တော့ သူမလေးကပါ စံနစ်ကိုသဘောကျနေတာဆိုပါလား.. ၊

"မမ.."

"ဟင်.."

"သစ်ခွပန်းတွေ ရူးပြီးပြီ..မမပြင်တော့လေ၊ ညည့်ခံပွဲနောက်ကျဦး မယ်.."

"အေးပါ.."

ဆိုပြီး သူမခြေတစ်လှမ်းမှ မရွေ့နိုင်.. ၊

'ဖေဖေ့ကောင်မလေးနဲ့ သွားတွေ့မလို့'ဆိုသည့် စကားကို သူမဘယ် လိုမှ နားမလည်နိုင်ဘဲ ဒီအတွေးကိုပဲ လက်မလွှတ်နိုင်။ ထိုစဉ် စံနစ် ကိုမြင်လိုက်ရတော့ အတွေးကနေ မကျေနပ်ခြင်းသို့ရောက်သွားခဲ့လျက်..၊

"ရှင်ကဘယ်ကိုလဲ.."

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သွားသွား မင်းနဲ့ဆိုင်လို့လား.."

ပက်ခနဲပြန်မေးလိုက်တော့ ရင်ထဲမှာအောင့်သွားသည်။ အပြာနု ဖျော့ဖျော့အရိပ်လေးတွေ ရင်ဘက်မှာအနည်းငယ်ပါသော ဖွေးနုသည့်ရှပ် အင်္ကျီလက်ရှည်နှင့် ဘောင်းဘီရှည်အဖြူကို ဝတ်ထားသည်။ အမြဲတမ်း ကုတ်အင်္ကျီအနက်နှင့် အနေများခဲ့ပြီး ခုကျမှ ကုတ်အင်္ကျီကလည်း ဖွပ်ဖွပ် ဖြူ.. ။

ဖြူဝင်းသည့်မျက်နှာသည် အဖြူရောင်လင်းနေသည့် ဝတ်စုံအောက် မှာ မြုပ်ကွယ်မသွားဘဲ ပို၍ကြည့်ကောင်းနေ၏။ ပြီးတော့ သူမရှေ့ရောက် လာမှ ထုတ်တပ်လိုက်သည့် မျက်မှန်က အဖြူတစ်ဝက် အပြာတစ်ဝက် နှင့်.. ။

"ရှင့်ကိုယ်ရှင် မိုးကျရွှေကိုယ်မှတ်နေပုံရတယ်..ဟွန်း.."

သေချာကြည့်မိလေ အသည်းယားလေဖြစ်လာရကာ သိုဘယ်လိုမှ မအောင့်နိုင်။ ကဲ့ရယ်ထူသည့် မျက်နှာလေးနှင့် နှုတ်ခမ်းသားလေးတွေပါ မဲ့နေခဲ့လျက်.. ။

"ကုန်းဆင်းရောက်နေကာမှ ဘရိတ်တွေစွတ်နင်းနေတာ မရှက်ဘူး လား.."

"ဘာလဲ..မင်းမနာလိုဖြစ်နေတာလား.."

"ရှင့်ကိုယ်ရှင် ရှက်သင့်တာကို သတိပေးနေတာ..ရှင့်မှာသားလူပျို အရွယ်ရှိသေးတယ်၊ ဒီလောက်တောင် ပြင်ဆင်နေစရာလိုလို့လား.."

"လိုလားမလိုလားမသိဘူး..သားရှိတာမရှိတာလည်း မင်းသတိပေး စရာမလိုဘူး၊ စံနစ်ကိုက ဘာလုပ်လုပ်ကိုယ့်အခွင့်အရေးနဲ့ကိုယ် စံနစ်တ ကျ လွတ်လပ်ခြင်းပဲ.."

"ဘယ်အရာကိုမှ ကြိုးချည်ထားလို့မရဘူးစံနစ်..လွန်ခဲ့တဲ့ နှစ်နှစ် ဆယ်လောက်က ရှင့်ရဲ့ဒိုင်ယာလော့ဒ်တွေကို ဒီအချိန်ထိသယ်ပိုးထားတာ ကိုက အလုပ်မဟုတ်တာ.."

"သယ်တော့.."

"သယ်တော့ ကျွန်မသားထိခိုက်တယ်.."

"သားကတော့ အေးဆေးပါ..ထိခိုက်နေတာ မင်းပဲထင်တယ်.."

သို့မျက်နှာလေး ရဲခနဲဖြစ်သွားသည်။ စံနစ်က မေးဖျားလှုပ်ရုံလေး မဲ့လိုက်ပြီး ရှောင်ထွက်သွားသည်။ သိုဆတ်ခနဲဖြစ်သွားပြီး ရုတ်တရက် လှမ်းဆွဲမိမတတ်ဖြစ်သွားသည်။ တစ်ခြံကျော်မှာ သုသန္တာရှိနေသည်။



ပြင်ကိုမြင်နေရသည့်နေရာမှာ ရှိနေကြမလား..၊ ခြံဝမှာပဲ စကားရပ်ပြောနေ ကြမလား.. ။

သူမနဲ့အတူ သားလေးလည်းရှိနေတာ ပိုဆိုးသည်။ ဒီကမိုးကျရွှေ ကိုယ် ကျော့ကျော့မော့မော့လေး ကားမောင်းထွက်သွားလျှင် သုသန္တာကား ရှုကပိတ်တားပြီး အချိုတွေကျွေးမနေဘူးလို့ မပြောနိုင်။ ကြားထဲက သားလေးဘယ်လိုနေရှာမလဲ.. ။

"စံနစ်..စံနစ်ခဏလေး.."

စံနစ်ကခြေတစ်လှမ်းပြန်ဆုတ်ပြီး ငဲ့ကြည့်သည်။ သိုက ချက်ချင်း ဖြစ်လိုက်သည့် ဆုံးဖြတ်ချက်အတွက် ပင့်သက်ရှိုက်လိုက်ရင်း အတည် ပြုသည်။ ပြီးမှ.. ။

"ရှင်ဘယ်သွားမှာလဲ.."

"မင်းလိုက်လို့မရဘူး..ဟိုတစ်ကြောင်း ဒီတစ်ကြောင်းပို့ကြိုနေဖို့ မရှိ ဘူး.."

"မရှိလည်းလိုက်ရမှဖြစ်မယ်.."

ဘယ်သူကရော လိုက်ချင်လွန်းလို့လဲ..အရင်လို မာနမျိုးနဲ့သာဆို က်ခနဲပြောလိုက်မှာပင်။ သို့သော်.. ။

"ရှင့်ကို ဘိုးဘိုးပြောထားတဲ့ဧည့်ခံပွဲ.."

"အဲ့ဒါမင်းသွားပေးမယ်လို့ တာဝန်ယူပြီးပြီမို့လား..စကတည်းက ငါ သွားစရာရှိနေလို့ တာဝန်မယူခဲ့တာ.."

"ဒါပေမယ့် ရှင်လည်းပါတီ ဒင်နာတစ်ခုခုတက်ဖို့ပဲမို့လား..ဘယ်မှ သွားဖို့မရှိဘဲ နေရင်းထိုင်ရင်းဝါးလုံးခေါင်းထဲ လသာနေတာလား.."

စံနစ်က စိတ်မရှည်သည့် မျက်နှာဖြစ်သွားပြီး သူမရှေ့ထိပြန်လှည့် လာသည်။ ပြီးတော့ မျက်နှာကိုငုံ့မိုးကြည့်လိုက်ပြီးမှ.. ။

"ဘယ်လိုဖြစ်လို့ ငါဝတ်စားတာကိုပဲ ကြည့်မရဖြစ်နေတာလဲ.."

သိုက မေးဖျားလေးပင့်လိုက်ပြီး ဂရုမစိုက်သလို မဲ့ပစ်သည်။ ရင်ထဲ သူ့ထက်မနည်းသောမာနတို့နှင့် တနုံ့နုံ့ခံပြင်းနေခဲ့သော်လည်း.. ။

"ကြည့်မရစရာမရှိပါဘူး..ရှင်လည်း ရိုးသားတယ်ဆိုရင် အပိုတွေ ပြောမနေနဲ့၊ ဒီမှာခဏစောင့်..ကျွန်မလည်း လိုက်မယ်.."

"ဘယ်ကိုလဲ.."

"ရှင်သွားတဲ့နောက်.."

"ဟော့..ကြာလို့မရဘူးနော်၊ ဆယ့်ငါးမိနစ်ကျော်ရင် သွားပြီ.."

www.burmeseclassic.com

www.burmeseclassic.com



လှမ်းအော်လိုက်ပြီး ဒီဘက်လှည့်လိုက်တော့ မျက်နှာကပြုံးနေ ... ဒါတွေဒီလိုတိုက်ဆိုင်လာဖို့ ကြိုတင်ကြံစည်ထားခဲ့တာလည်း မဟုတ် ...

♥♥♥

အခန်း(၄၆)

"ဘယ်ကိုလဲ.."

"မင်းကိုအရင်ဝင်ပို့မလို့လေ.."

"အို..ကျွန်မကအရေးမကြီးပါဘူး၊ ရှင်သွားမယ်နေရာကိုပဲ အရင်ဝင်ပို့ရတယ်.."

ဘာမှမဟုတ်သလို ခပ်တည်တည်ကြီးလုပ်ထားရပေမယ့် သို့မျက် ...ကြီးထူးအမ်းရှိန်းဖိန်းနေတာ ဆန်ကောလောက်ကြီးများ ဖြစ်နေပြီလား ...သိ။ ညမို့နေသာပေမယ့် ဒီစကားပြောလိုက်ရကာမှ ရှေ့ကဖြတ်နေသည့် ...ကားမီးရောင်တွေကလည်း မပြီးနိုင် မပြတ်နိုင်။ စံနစ်ကလည်း မှန်ထဲက ကြည့်ရုံမဟုတ်ဘဲ လှုကိုလှည့်ကြည့်ပြီး.. ။

"ဘာဖြစ်လို့ ငါ့နောက်ကိုပဲလိုက်ဖို့ ကြိုးစားနေတာလဲ.."

"ဘာမှမဖြစ်ဘူး..အဟမ်း.."

ပူထူနေသည့်မျက်နှာကို တစ်ဖက်လွှဲထားရတာ လည်လိမ်နေပြီထင် ...ည်။ တကယ်က သူဘာတွေလုပ်နေသလဲ..။ ဘယ်သူနဲ့တွဲနေသလဲဆို ...သိချင်လို့။ ပြီးတော့ လောလောဆယ် ဂီတရယ်..သုသန္တာရယ်.. ။

သူမတို့နှစ်ယောက်ထဲက သူဘယ်သူ့ကိုပိုကြံရွယ်တာလဲဆိုတာ သိ ...င်သည်။ ဒီလိုရှုံးစမိုးနဲ့ ထွက်သွားတိုင်း မိန်းမငယ်လေးတွေမြင်နေကြ ... ဒီလမ်းကြောင်းမှာ ဘယ်သူနဲ့တွေ့ဖို့ရှိနေသလဲဆိုတာ သိရမှဖြစ်မည်။ ...ားလုံးထက် အဓိကကျသော အကြောင်းရင်းသည် စံနစ်စန်းပွင့်နေ... ...တွေကို လာဘ်ပိတ်အောင်လုပ်ရမည်။

"သို မင်းငါ့ကိုကြည့်ပြီး ပြောလို့ရတယ်..ဒီဘက်လှည့်.."

"ဘာလဲ..ဘာတွေမေးနေတာလဲ.."

ရှက်ရှက်နှင့် လိုတာထက်ပိုနေသော ဒေါသတွေကိုလည်း မထိန်း

www.burmeseclassic.com

www.burmeseclassic.com



သိမ်းနိုင်.. ၊

“ရှင်သွားတဲ့လမ်းကို သိချင်လို့..ရှင်းပြီလား..”

ထင်ချင်သလိုထင်စမ်း။ သားလေးအတွက် သင်းရဲ့ပွင့်လန်းမှု ငုတ်သွားဖို့က အဓိက.. ၊

“ဘာလဲ..ကိုယ့်ကို မင်းယောကျ်ားပါလို့ လူတွေသိအောင် မကျွပ် တက်မလို့လား..”

“အဲ့လိုဟုတ်တယ်ဆိုလည်း ကျွန်မသားအတွက်ပဲ..ဟိုလိုဒီလို ထင်မနေနဲ့..”

“စံနစ်ဆိုတဲ့ကောင်မှာ သားတစ်ယောက်ရှိမှန်း အားလုံးသိတယ် အဲ့ဒါမင်းလူလုံးထွက်ပြဖို့ မလိုဘူး..”

“ပြသင့်ရင်တော့ ပြရမှာပဲ..အခု ကျွန်မသိထားတာနှစ်ယောက်တည် ရယ်၊ နောက်ထပ် ဘယ်နှစ်ယောက်ထပ်ရှိပြီး ဘယ်သူတွေနဲ့ ထပ်ငြိဖို့ ဖြစ်လာမလဲမသိတော့..”

“သိတော့ ဘာလုပ်မလဲ..”

“ကျွန်မလုပ်စရာမလိုပါဘူး..မိကောင်းဖခင်သားသမီးမှန်ရင် သူ အိမ်ရာကို ပြစ်မှားဖို့စိတ်တောင် ကူးမှာမဟုတ်ဘူး..”

“ဟွန်း..”

စံနစ်က ကားကိုအရှိန်ပြန်တင်လိုက်ပြီး မဲ့သည်။ သူကမကြည့် မယ့် သိုကမဲ့လိုက်သည့်မျက်နှာကို သေချာလိုက်ကြည့်မိကာ.. ၊

“ရှင်နဲ့ကျွန်မပြောချင်တယ်စံနစ်..”

“ငါကမပြောချင်ဘူး..”

“မပြောချင်လည်း ကျွန်မပြောတာကို နားထောင်ပေါ့..”

“မင်းပြောတာနားထောင်ရအောင် မင်းနဲ့ငါကဘာမို့လဲ..”

“ဘာခဲ့တုန်းကလည်း ရှင်နားမထောင်ခဲ့ပါဘူး..ဒါပေမယ့် အခုရှ မှာ ဖခင်စိတ်ရှိတယ်ဆိုရင် နည်းနည်းလောက်ပြင်ဆင်ကြဖို့ ပြောချင်တာ

သူ့ဘက်ကကန့်ကွက်သံ ထွက်မလာမှ သိုစိတ်ချမ်းသာသွားကာ..

“ရှင်ပြင်တာဆင်တာတွေ လျှော့ပေးပါ..သားကိုကျော်ပြီး ရှင့်ကိုစိတ် ကူးယဉ်ချင်လာအောင်..”

“ကျိ..”

“အမေ့..”

ကားက လမ်းဘေးကိုပုံပန်းမကျစွာ ထိုးဆင်း၍ ဆောင့်ခုန်ရပ်၏။



“ပြန်ပြောစမ်းပါ..ငါကအဲ့လိုတွေဖြစ်အောင် ဘာလုပ်နေသလဲ၊ ဟို ုန်းကနဲ့အခု ငါဘာတွေထူးပြီးပြင်ဆင်လာတာ မင်းမြင်လဲ..”

“ဘာလို့အတင်းဆွဲထားတာလဲ..ဖယ် လွှတ်..”

စံနစ်က သို့လက်မောင်းလေးတစ်ဖက်ကို ဆောင့်ဆွဲလိုက်သဖြင့် အလယ်ဘောက်စ်ပေါ်မှာ တံတောင်လေးထောက်လျက် သို့ကိုယ်လေး သူ့ က်ပါနေ၏။ ဗေဒါရောင်ချိတ်လေးတွေ ပြေးနေသည့်ခဲဖျော့အပြောင် ား မြန်မာဝတ်စုံလေးသည်။ သူအတင်းဆွဲလိုက်သဖြင့် လက်ပေါ်တင် ားသည့် ပဝါကအစ ဖရိုဖရဲတွေဖြစ်ကုန်၏။

ဒါပေမယ့် သိုစိတ်မဆိုးနိုင်ဘဲ သူ့မေးခွန်းကသာ ခေါင်းထဲရောက် သည်။

“ဖြေလေသို..မင်းဘာဖြစ်ချင်တာလဲ..”

“ကျွန်မတို့မိဘတွေကြောင့် သားသမီးအရှက်မရစေချင်တာ..”

“အခု ငါ့သားက ငါ့ကြောင့်အရှက်ရနေတယ်လို့ မင်းပြောတာလား”

“ဒီမှာလက်နာနေပြီ..လွှတ်လို့ပြောနေတယ်..”

“မရဘူး..မင်းငါမေးတာကိုဖြေ..”

“သားကရှင့်ကိုယုံကြည်လေးစားနေတဲ့သားပဲ..သူရှင့်ကိုဘယ်တော့မှ ငြင်မှာမဟုတ်ဘူး..”

“အဲ့ဒါ ငါ့သားနဲ့ငါ ဒီလိုကိစ္စကြောင့်ဘယ်တော့မှ ပဋိပက္ခဖြစ်ဖို့မ တဲ့ဆက်သွယ်ချက်ပဲ..အဲ့ဒီတော့ သားအတွက်ဆိုတဲ့ ခေါင်းစဉ်ကိုပြောင်း က်တော့..”

သိုနဲ့သူ့အကြည့်ချင်း ဆုံသွားကြသည်။ စံနစ်ပေးသည့် အချိန်ဆယ့် မိနစ်မှာ ပြေးလွှားပြင်ဆင်ရသဖြင့် တစ်ပတ်လျှိုဆံထုံးလေးအမြန်ထုံး ပြီး ခဲဖြူရောင်သစ်ခွလေးနှစ်ပွင့် ကပ်ပန်ထားသည့် သို့မျက်နှာလေးက ရောင်တွေ ဖြတ်နေသည့်အောက်မှာ ဝင်းမှုန်နုညက်နေ၏။

အမြဲတမ်း ခပ်ဖျော့ဖျော့ရှိနေတတ်သည့် သူမရဲ့နှုတ်ခမ်းလွှာလေး ွက ပြင်ဆင်ထွက်လာပြီဆို ရင်ခုန်သံမြန်လောက်အောင် နုထွေး တတ်ခဲ့ပြီး.. ၊

“အဟမ်း..”

စံနစ် မျက်နှာလွှဲပစ်လိုက်သည်။ ပြီးတော့ စတီယာ မှာတင်ထား ည့် လက်တို့ကိုတင်းခနဲဖိဆုပ်ပစ်ရင်း.. ၊

“မင့်သားကြိုက်နေတယ်ဆိုတဲ့ မိန်းကလေး ပဲ..ငါ့ဆီရောက်သွား

www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုရင် သူများအိမ်ရာကို ပြစ်မှားဖို့ အင်တိုက်အားတိုက်ကြိုးစား ကြတဲ့ မိန်းကလေးတွေပဲ.."

ပြောပြီး ဖျတ်ခနဲလှည့်ကြည့်ကာ.. ၊

"ဟုတ်တယ်မို့လား..သားအတွက် မင်းစိတ်ပူတာဆိုရင် မိကော ဖခင်သားသမီး မဟုတ်တဲ့မိန်းကလေးတွေနဲ့ မင့်သားလွဲသွားတယ်..ငါ ကို သူတို့ရောက်လာတယ်၊ အဲ့ဒီမှာ မင်းရဲ့စိတ်ပူခြင်းအဆုံးသတ်လို့ရပြီ.."

"မဟုတ်ဘူးလေ..ရှင်ကအခု.."

"အခု ငါဘာလုပ်နေတာမြင်လဲ..ဂီတနဲ့ငါစည့်ခံပွဲမှာ ချိန်းထား ကို မင်းလိုက်ဖျက်ချင်တာလား.."

"ဘာ.."

"ဒါဆိုရင်တော့ အလကားပဲ..အဲ့ဒီချာတိတ်မ ဘယ်လိုမိန်းမ အစားလဲ ငါမသိဘူး၊ ဒါပေမယ့် သူဘာလုပ်နေသလဲဆိုတာတော့ ဟာသူသိတယ်..မင်းရဲ့မဏ္ဍပ်တိုင်တက်ပြခြင်းကိုလည်း ဂရုစိုက်မှာမဟု တာတော့ သေချာတယ်..အဲ့ဒီတော့ မင်းဘာလုပ်ဦးမလဲ.."

သို့နှုတ်ခမ်းလေး ပွင့်ဟလျက် စံနစ်ကိုပဲငေးကြည့်နေမိသည်။ ဂီ နဲ့ချိန်းထားတယ်ဆိုပါလား..။ ဒါကိုသူမမသိခဲ့ပေ။ ဂီတနဲ့ပတ်သက် သမျှ စောသဲမျက်နှာကြောင့် သူမသည်းခံနေခဲ့သည်။ အတွက်ရဲ့တူမ ပေမယ့် ကလေးမရနိုင်တော့သည့် အားငယ်စိတ်နှင့် စောသဲကဂီတ ပြီး ချစ်နေရှာသည်။

ဒါကြောင့် ဂီတဒီမှာ ဘာတွေလုပ်နေနေ ဘယ်လိုတွေပြောဆို နေပါစေ ဒီနေ့ထိသူမရေငုံနှုတ်ပိတ်နေခဲ့တာဖြစ်သည်။ ဂီတကတာ ခဲ့တာ မရှိရင်တောင် သူမကိုက အတွက်နဲ့စောသဲတို့ကို ဒါတွေပြော ဖို့ ဆုံးဖြတ်ပြီးသား။ ခုတော့ ဆက်လက်သည်းခံနိုင်ဖို့ မသေချာတော့

"စံနစ် ရှင်နဲ့ဂီတကဘယ်အဆင့်ထိ.."

စံနစ်က ရှေ့ပြန်လှည့်လိုက်ပြီး.. ၊

"မင်းသိဖို့မလိုပါဘူး.."

"လိုတယ်..ဂီတက.."

သူမဆက်မပြောတော့ စံနစ်ကလှည့်ကြည့်သည်။

"ပြောလေ..ဂီတအကြောင်း မင်းဘာသိထားလို့လဲ၊ ယောကျ်ား ယောက်အတွက်ကတော့ ဂီတလောက်လှတဲ့ မိန်းကလေးကို ရမယ် ကြမှာပဲ.."



"ရှင့်ကိုပဲမေးနေတာ.."

"ငါလည်းယောကျ်ားပဲ..မင့်သားလည်း သူ့ကိုပရိုပိုစ့်လုပ်ထားသေး တယ်လေ.."

စံနစ်က သူမကိုစိုက်ကြည့်၍.. ၊

"မင်းမျက်စိအောက်မှာ မင်းသားနဲ့ယောကျ်ားကို သူဘယ်လိုကစား နေလဲ မင်းအမြင်ပဲ.."

"ကစားနေတာသိသိနဲ့ ရှင်ကတွဲရလား..ဘယ်လိုမိန်းကလေးမှန်းသိ ရက်နဲ့..ရှင်.."

"ငါ့အတွက် မင်းပူဖို့မလိုဘူးသို..မင့်သားနဲ့အဲ့ကောင်မလေးကို ပြန် ငြိစေချင်တာလား၊ အဲ့ဒါကိုမင်းဖြေ.."

သိုဘာပြောရမှန်းမသိ.. ၊

"ဖြေလေ..သားကိုပဲ မင်းခေါင်းစဉ်တပ်နေလို့မေးတာ၊ မင်းအတွက် သားကအဓိကဆိုရင် ဒီချာတိတ်ကမင့်သားနဲ့သာ ထိုက်တန်တဲ့မိန်းမငယ် လေးလို့ မင်းမြင်သလား.."

"ကျွန်မပြောချင်တာက.."

"ပြော ဘာလဲ..ငါ့ကိုအားနာတာတော့ မဟုတ်ဘူးမို့လား၊ ဂီတက ငါတို့သားအဖနဲ့ တစ်ဖက်ဖက်နဲ့တော့ ငြိမှာပဲ..မင်းမျက်စိရှေ့မှာပဲ အိမ် ဝင်ထွက်နေတော့ သူနဲ့ရင်းနှီးမှုက ပြီးသွားမှာမဟုတ်ဘူးလေ.."

"ရှင်လည်း အဲ့လိုဖြစ်ချင်တာမို့လား..ရတယ်၊ ရှင်သိပ်သဘောကျ ရင်တွဲပါ.."

"အတည်ယူဖို့ထိလည်း ဖြစ်လာနိုင်တယ်.."

"ယူလေ..ရှင့်သဘောနဲ့ရှင်ပဲ၊ ရှင့်လောက်လည်တာ ရှင့်လောက်ရှုပ် တာ မရှိဘူး..ရှင်အဲ့ဒီအဖြစ်ရောက်အောင် သွားနေတာသိတယ်၊ မင်္ဂလာ ထပ်ဆောင်ချင်ရင် ဆောင်လိုက်လို့ရတယ်.."

သိုက ပြောနေရင်း မျက်ရည်တွေတလိမ့်လိမ့်ကျလာသည်။ စံနစ်က ဘာမှထပ်မပြောဘဲ စိုက်ကြည့်နေ၏။ သူမမျက်ရည်ကျနေခဲ့ ကိုယ် ဘာသာမသိလိုက်ဘဲ.. ၊

"ကျွန်မသားကို အဲ့လိုမိန်းကလေးမျိုးနဲ့ မနီးစပ်စေ..ရှင်ပဲယူ၊ ရှင်တို့ပဲပေါင်းကြ.."

"အိုခေ..မင်းသားနဲ့လုံးဝလွတ်ပြီလို့ မှတ်..."

ပြောပြီး ကားကိုလမ်းပေါ်ပြန်တင်သည်။ ပြီးတော့.. ၊

www.burmeseclassic.com

www.burmeseclassic.com



"မျက်ရည်တွေသုတ်လိုက်ဦး..ဧည့်ခံပွဲပြန်ရောက်ရင် ဘာမှမရှိတော့ဘဲ နေမယ်.."

ဘာလဲ..ငါမငိုဘဲနဲ့.. ။

စမ်းကြည့်လိုက်ရင်း အထိတ်တလန့်ဖြစ်သွားခဲ့သည်။ သူမဘာကြောင့် ငိုမိပါသလဲ.. ။

♥♥♥

## အခန်း(၄၇)

စံနစ်နဲ့သိုက မရည်ရွယ်ဘဲအတူရောက်လာခဲ့ကြသည်။ အလင်းကတော့ ဒီအိမ်ကလူငယ်ချင်း ဖိတ်ထားတာမို့ ရောက်လာခဲ့သည်။ သို့သော်ကသားကိုမြင်တာနှင့် အနားရောက်သွားခဲ့လျက် စံနစ်ကိုလှမ်းမြင်တော့းနေ့ရှင်တွေက ထွက်လာပြီး ဧည့်ခံနေကာ.. ။

"ခနီးမောင်နဲ့ရောက်လာတာပဲ..အန်ကယ်လ်ဒေ့ကိုကျေးဇူးတင်ပါယ်လို့ ပြောပေးနော်၊ သူမကျန်းမာပေမယ့် မိတ်ဆွေဝတ္တရားမပျက်ခဲ့က အရမ်းကျေးဇူးတင်ပါတယ်..တကယ်.."

စံနစ်က သို့ကိုလိုက်ပို့တာပေမယ့် ပြန်ထွက်သွားဖို့ခက်နေ၏။ တယ်က သို့ကိုသူပြောခဲ့သလို မဟုတ်ပေ။ အလုပ်ကိစ္စနဲ့ပတ်သက်သောွေးနွေးပွဲသွားဖို့ရှိနေသည်။ နာရီကြည့်လိုက်တော့ လမ်းမှာကြန့်ကြာခဲ့ည့် အချိန်တွေထုတ်နှုတ်ပြီး နောက်ထပ်အချိန်ယူဖို့ မဖြစ်နိုင်တော့ပေ။

"လာ..ဒီမှာထိုင်ကြ၊ နေဦး ဘူဖေးပေးမယ့် နှင်းပဲယူပေးမယ်.."

ဒါကျတော့ မကောင်းတတ်သဖြင့် စံနစ်ကမန်းကတန်းပြန်ထရပ်ကာ၊

"နေပါစေ..မနှင်းဆီကလည်း ကျွန်တော်က ကြေးများတယ်၊ ကိုယ့်ကသာယူစားမှဖြစ်မှာ.."

ဟိုဘက်ကိုသွားဖို့ ကိစ္စဖျက်လိုက်ဖို့ ဆုံးဖြတ်၍ ဖုန်းပြောရင်းထလာသည်။

"မေမေနဲ့ဖေဖေ အတူတူလာတာလား.."

ရယ်နေသည့်အလင်းမျက်နှာနဲ့ ဘေးကသူငယ်ချင်းတွေပြုံးနေသောကြောင့် သိုခေါင်းညိတ်ခေါင်းခါတွေ ရှုပ်ယှက်ခတ်ကုန်ကာ မျက်နှာလေးည်း နီမြန်းနေခဲ့လျက်.. ။

"အဲ့ဒါက ဟို..သားဘိုးဘိုးကြီးကလေ သူ...အဲ သူလည်းသွားမှာ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီကိုမဟုတ်ဘူး..ဒါပေမယ့် ဘယ်လဲမသိဘူး.."

"မေမေကလည်း.."

"မင်းကလည်း လူကြီးတွေကို မနောက်နဲ့လေ.."

စက်ဝိုင်းက ပခုံးချင်းတိုက်ပြီး အလင်းရဲ့ပါးစပ်ကြီးဖြစ်နေတာကို ပြ
စေ့ဖို့ သတိပေး၏။

"တော်ကြာရှက်ပြီး ထလစ်သွားရင်ဒုက္ခ..သူတို့ဘာသာအဆင်ပြေ
တာကို.."

ကလေးတွေက မျက်နှာပိုးသတ်ကုန်ပေမယ့် သိုကတော့ ရက်နေ
သာ။ စားသောက်ဖွယ်တွေနားကနေ စံနစ်ကလှမ်းကြည့်တော့ ကိုယ်က
လည်း ကြည့်လိုက်မိတာနှင့်ဆုံ၏။ ထို့ကြောင့် ပိုဆိုးရကာ.. ၊

"မေမေ့ စားစရာထယူလေ.."

"အင်း..မေမေအတွက် သားပဲ..ဟင်.."

နောက်တစ်ခါပြန်မော့အကြည့်မှာ ဂီတကိုမြင်လိုက်ရလျှင် သို့တ
ကိုယ်လုံး တဖျစ်ဖျစ်ထမြည်၏။ စံနစ်ခုနက ဖုန်းဆက်နေတာ ဒီကိုလ
လှမ်းခေါ်လိုက်တာလား.. ၊

"ဟာ..ဟိုမှာဂီတ.."

"ဂန္ထဝင်လင်းနဲ့သူငယ်ချင်းတွေကိုး.."

ပြောလို့မဆုံးသေးခင် အဖြူရောင်တွေချည်း ဖက်ရှင်လုပ်လာသ
သုသန္တာနဲ့မိန်းကလေးတစ်ယောက်က စားပွဲတို့ရဲ့အလယ်လမ်းလေးက
လျှောက်လာနေကြကာ.. ၊

"သူတို့လာပြီ.."

မိန်းကလေးတွေအသံထွက်လာကာ နှစ်ယောက်လောက်ထွက်ကြို
ထိပ်ဆုံးစားပွဲဆီခေါ်သွားရင်း.. ၊

"ငါတို့ကလူမစုံသေးလို့ စတေ့ချ်ရှိုးမစခိုင်းသေးတာ.."

အနားကဖြတ်သန်းသွားစဉ် သုကအလင်းကို လက်လေးပြသွား၏။
မွေးနေ့ရှင်က အသက်လေးဆယ်ရှစ်နှစ်ပေမယ့် သားသမီးတွေက အမျ
ကြီးမို့ လူငယ်ပရိတ်သတ်တွေက ပိုများနေတာဖြစ်သည်။သိုကတော့
လောက်ခမ်းနားစည်ကားသည့် မွေးနေ့ပွဲမျိုးမကြုံခဲ့ဖူးသလို ရှိနေသ
လူတွေရော ဝင်လာနေဆဲ ဧည့်သည်တွေကိုပါကြည့်၍ မျက်စိလည်
တတ်.. ၊

သုသန္တာသည် အဖြူရောင်လေးဖြစ်လျက် ဂီတကလည်း ဆင်တူ



ရောင်လေးနဲ့ ပဝါပါးအနက်လေးကို ရင်ပြတ်လေးအထက်မှာ ပတ်သိုင်း
ထား၏။ အကျီကရင်လျားထားသလိုပေမယ့် ပဝါပတ်ထားသည့်ပုံကြောင့်
ပိပ်တော့မရိုင်း.. ၊ဘယ်နှယ့်ကြောင့် စံနစ်ရယ် သူမရယ် သုသန္တာ
ဂီတရယ် အားလုံးအဖြူဆင်ဆင်တွေချည်း ဖြစ်နေတာလဲ..။ သူမက
မင်္ဂလာကာစံနစ်နဲ့ အရောင်တူဝတ်ပြီး တမင်ဒုက္ခပေးဖို့ ဝတ်လာခဲ့တာ။
သူမတို့ကရော စံနစ်နဲ့တူအောင် ဝတ်လာကြတာပဲလား.. ၊

"ဟော့.."

"သူ နောက်ကျတယ်နော်.."

သုက ဟိုဘက်မှာထိုင်ပြီးမှ အလင်းတို့စားပွဲကို လျှောက်လာကာ..၊

"ဟုတ်တယ်..တို့ပရိဂျူဆာကို နှုတ်ဆက်ဖို့လာတာပါ၊ ယူ့ဆီကိုမ
ဟုတ်ဘူး.."

"ဒီလိုလား..ဒါဖြင့် 'ဟော့'ဆိုတာလည်း တို့ကိုခေါ်တာမဟုတ်ဘူးပေါ့"

"မင်းကလည်း တစ်မျိုး.."

သုသန္တာက အလင်းကိုရှုံ့မဲ့လက်ခါပြပြီး သို့ဘေးကိုလာကာ.. ၊

"အန်တီသို ဘာမှမယူရသေးဘူးမှတ်လား..သွားမယ်လေ.."

သူငယ်ချင်းတွေ အများကြီးကိုထားခဲ့ပြီး သုဒီနားထိ သို့ကိုလာခေါ်
က ဘာလို့လဲ..။ ဧည့်ခံပွဲက သူ့အလိုလိုရှေ့ဆက်နေခဲ့ပြီး လူတစ်စု၏
ပွဲထွေးနှောင်တည်းမှုတွေက တစ်ရစ်ရစ်တိုးနေခဲ့လျက်.. ၊

"ဟိုမှာ ဂီတလုပ်ပုံကြည့်ဦး.."

လေညာက အမှတ်တမဲ့စိတ်တိုသွားပုံနှင့် ထပြောလိုက်လျှင် အား
လုံးရဲ့အကြည့်တွေ ထိုဆီရောက်ကုန်ကြ၏။ သုက သို့လက်ကလေးကို
ဆွဲကာ.. ၊

"လာလေ..သူတို့လည်း သွားယူရမှာပဲကို.."

သုသန္တာက ဘာကိုသိနေလို့လဲ..။ ဘာအတွက်နဲ့မေမေ့ကို လာခေါ်
ကလဲ..။ ဖေဖေ့ဆီသွားရခက်နေလို့လား..။ ဂီတနဲ့ရောနှောနေတာကို ဝင်
နှောက်ဖို့လား..။ အလင်းဤသို့တွေးနေကာ သူငယ်ချင်းတွေလည်း အံ့ဩ
ကုန်ကြ၏။ စံနစ်ကိုယ်တိုင် သူ့ဘေးကိုဂီတရောက်လာတော့ အံ့ဩသွား
လျက်.. ၊

"မင်းလည်းရှိနေတာလား.."

"အင်း..ဒီမှာအလင်းတို့လည်း ရှိတာပဲဦးရဲ့၊ ပေး..ဒီကထည့်ပေးမယ်"
ပန်းကန်ကိုဆွဲယူသွားတော့ စံနစ်မျက်မှောင်ကုတ်သွားမိသည်။ ဒီ

www.burmeseclassic.com

www.burmeseclassic.com



ဘက်လှည့်ကြည့်လိုက်တာနှင့် သိုနဲ့သုသန္တာက နောက်မှာရောက်နေပြီဖြ
ကာ.. ၊

"အန်တီသိုဘာကြိုက်လဲသုသိပါတယ်..အန်ကယ်လ်လေးအတွက်
လည်း ယူခဲ့ပေးမယ်၊ ဟိုမှာသွားထိုင်စောင့်လေနော်.."

သုသန္တာက လက်ရှိရုပ်ရှင်ကားကြီးရိုက်နေတာမို့ ပရိဂျူဆာဖြစ်သ
သိုနဲ့ရင်းနှီးမှုရှိနေ၏။ စံနစ်ရဲ့လက်တစ်ဖက်ကို ဆွဲခေါ်သွားတာကတော့

"ဂီတာပြောတာ မမှားဘူးမို့လားအန်တီ.."

သုသန္တာနဲ့စံနစ်ပြန်ပါသွားတော့ သိုကနားမလည်စွာ ကျန်ခဲ့လျ
ဂီတမျက်နှာ ဖွေးတစ်လှည့်နီတစ်လှည့်ပြောင်းလဲနေခဲ့လျက်.. ၊

"ဟိုတစ်ချိန်တုန်းကလို အန်တီ့အလှတွေနဲ့ ယောကျ်ားတွေကို ထိန်း
ချုပ်ထားလို့မရတော့ဘူးဆိုတာလေ..လေးဆယ်ကျော်နဲ့ နှစ်ဆယ်ဘယ်
ယှဉ်လို့ရမလဲ.."

"ဘယ်သူကရင်ဆိုင်ယှဉ်ပြိုင်နေလို့လဲဂီတ..စံနစ်ကငါ့ယောကျ်ား"

"အို အို..ယောကျ်ားတော်သွားပြီလား၊ မြန်လိုက်တာ.."

"သုသန္တာက ငါ့မင်းသမီး.."

"ဒါကြောင့် ခေါင်းလောင်းထိုးလျှိုလိုက်တာလား.."

"သူ့ယောကျ်ားတော့ ဘယ်လျှိုချင်ပါ့မလဲဂီတရယ်.."

သုသန္တာက အနားပြန်ရောက်လာပြီး ဂီတကိုကြည့်ကာ.. ၊

"အလှူခံပုဂ္ဂိုလ်တချို့ကတော့ အလှူခံရဲတာကိုး.."

မိန်းကလေးတွေ ရွဲ့ချိတ်ပြောဖြစ်ကြလျှင် သိုကိုယ့်ကိစ္စကိုမေ့နေ
၏။ ဘယ်သူကဘယ်သူ့ဘက်က ပြောနေတယ်ဆိုတာလည်း ရုတ်တရ
မသိခဲ့။ သုသန္တာက စားစရာမယူဘဲ လက်လေးပိုက်ထားကာ.. ၊

"အဲ့ဒါအန်ကယ်လ်လေး ပန်းကန်မှတ်လား.."

ဂီတဆွဲယူထားပြီး ကိုယ်တိုင်ကိုယ်ကျထည့်လျှိုပေးဖို့ လုပ်နေတ
သုသန္တာကမြင်ထားသလို ဂီတကလည်း တစ်ချက်လောက်အငိုက်မိသွား
ပေမယ့်.. ၊

"ငါကိုင်ထားရင် ငါ့ပန်းကန်ပေါ့..အထပ်လိုက်ရှိနေတဲ့ပန်းကန်
မှာ ပိုင်ရှင်မရှိပါဘူး.."

ပြောပုံကရင့်သည်။ ပြီးတော့ သို့ကိုငဲ့ကြည့်လိုက်ပြီး.. ၊

"ဦးရာလူကြိုက်တာ ယူစားလို့ရတယ်.."

"နင်ထင်တာပါ..နင့်ထက်အရင် စားဦးစားထားတဲ့လူတွေ ရှိပြီးသ



"စားဦးမစားရလည်း ဖြစ်တယ်..ငါစားပြီးရင်တော့ ဘယ်သူမှစား
လို့ မရစေရဘူး.."

ဂီတက ပြောသလိုလုပ်၏။ ပန်းကန်ကိုချထားလိုက်ပြီး ဖြန့်ချထား
သည့် ဆံပင်တွေထဲ သူမလက်ဖဝါးလေးတွေ ဝင်သွားအောင် ထည့်ဖွ
လိုက်သည်။ ပြီးတော့ အရဲသင့်ဖွင့်ပေးထားသည့် စတီးအိုးတွေပေါ် **သူမ**
ရဲ့လက်ဖဝါးနှစ်ဖက်ကို ပွတ်ခါချပစ်လိုက်၏။

"ဟဲ့..နင်မိုက်ရိုင်းလှချေလား.."

"ဂီတ..မင်းဒီလောက်တောင် ကြည့်စမ်း.."

"ဟုတ်တယ်.."

တအံ့တဩဖြစ်သွားသည့် သို့မျက်နှာကို ဖျတ်ခနဲလှည့်ကြည့်ပြီး
ဂီတက ပခုံးတွန့်၏။

"ဟုတ်တယ်..အဲ့ဒါဦးအတွက်နဲ့ဒေါ်စောသဲတို့ရဲ့ သမီးပဲ၊ အော်ပြော
လိုက်လေ..ဒီကောင်မလေး သိပ်ညစ်ပတ်ပါတယ်လို့.."

ပြောပြီး ချာခနဲလှည့်ထွက်သွား၏။ မိန်းမသားတွေ မျက်နှာချင်းဆိုင်
ပြီး ချစ်ကြောင်းခင်ကြောင်းတွေ ပြောနေကြတာမဟုတ်မှန်း စံနစ်သိသည်။
ဒါပေမယ့် သူ့စားပွဲမှာ စိုးခန့်တို့ရောက်လာပြီး စကားပြောနေကြသဖြင့်
ဒီတိုင်းပဲ လှမ်းကြည့်နေရသည်။

"မေမေ့.."

အလင်းက 'ဘာတွေဖြစ်နေတာလဲ'ဆိုသည့် မေးခွန်းနှင့်အနားရောက်
လာကာ.. ၊

"ဘာမှလည်း မထည့်ရသေးဘူး..ပေးလေ ကျွန်တော့်ထည့်ပေးမယ်"

"အို..မထည့်နဲ့.."

သုသန္တာကလည်း ခေါင်းခါပြီး မျက်ရိပ်ပြနေသဖြင့် အလင်းပန်းကန်
ယူလိုက်ပြီးမှ ကြောင်တောင်တောင်ပြန်ဖြစ်သွား၏။

"လာပါ..သုတို့ရေခဲမုန့်ပဲ စားရအောင်.."

"မေမေက ပါစတာကြိုက်တယ်.."

"နေပေ့စေသား..မစားတော့ဘူး၊ သားတို့ရော စားသောက်ပြီးကြပြီ
လား.."

"သားကပြီးပြီ..ဟိုကောင်တွေတော့.."

"ထပ်မယူနဲ့တော့နော်..ရေခဲမုန့်နဲ့အအေးလေးပဲသောက်ကြတော့လို့.."

"အလင်းက မိသားစုတူတူထိုင်လေ..အန်တီသို့ကိုခေါ်သွား၊ သုရေ

www.burmeseclassic.com

www.burmeseclassic.com



ခဲမုန့်တွေ ယူလာခဲ့မယ်.."

"အိုခေ.."

သုသန္တာအရောက်ပို့တာက စံနစ်နဲ့သို့တို့သုံးယောက် စားပွဲတစ်ပို တည်း အတူထိုင်ဖြစ်ဖို့ပဲဆိုတာ သိုနားလည်သွားသည်။ သူမလေး ရေခဲမုန့်တွေ ထည့်လာပေးပြီးတာနှင့် သူငယ်ချင်းတွေနဲ့ သွားပြန်ထိုင် စံနစ်နဲ့သို မျက်လုံးချင်းဆုံသွားသည်။ ကိုယ့်ဒေါသတွေ မျက်လုံးထဲ အပြင်းစားအင်အားနဲ့ ပါနေမှာမှန်းသိနေသောကြောင့် သိုအသက်တ ရှူလိုက်ပြီး မျက်နှာလွှဲ၏။ ပြီးမှ.. ၊

"မင်းအဖေ ဒူရင်းသီးမကြိုက်ဘူး..စတော်ဘယ်ရီနဲ့လဲပေးလိုက်.."

"ဟုတ်သားပဲ..ဖေဖေနဲ့သားနဲ့လဲမယ်.."

အလင်းကပြုံးလိုက်ပြီး ရေခဲမုန့်ခွက်ချင်းလဲပေးလိုက်သည်။ သို့ ထဲမှာတော့ ဖြောင်းဆန်နေဆဲပင်။ ဂီတ သူမကိုအတိအလင်းစိန်ခေါ ပါပြီ။ သူမလေးဟာ ကိုယ်ချစ်ခင်ယုယဖူးသည့် ကလေးတစ်ယောက် တာ ခုနေသူများကိုပြောရင် ယုံပါ့မလား.. ၊

"မေမေ့စားလေ..အရည်ပျော်ကုန်တော့မယ်.."

"အင်း..ရပါတယ်သားရယ်.."

"ယူဖို့သွားပြီးမှ ဘာဖြစ်လို့ဘာမှယူမလာတာလဲ.."

စံနစ်ရဲ့မေးခွန်းကြောင့် သို့မျက်လုံးတွေလက်ခနဲ စူးသွား၏။ ပြီ သားကိုသတိရပြီး မျက်ဝန်းတို့ကို ရွှေ့ဖယ်ပစ်ကာ.. ၊

"မစားချင်လို့.."

"ဟော..တွေ့ရတော့လည်း ဒီပွဲမှာလူစုံတက်စုံပါလား.."

ရောက်လာသူကို မြင်လိုက်ရတော့ သိုအံ့သြသွားသည်။ ဟိုအရ တုန်းက စံနစ်ရဲ့သူငယ်ချင်း ချစ်သူဆိုသည့်တစ်ယောက်။ ထိုသူကို သူ မှတ်မိနေတာက ရေပက်ခံရမှာကြောက်သည့် သူမကိုရေပက်ဖို့ အတ ကြိုးစားခဲ့တာ ချစ်သူပဲဖြစ်ကာ.. ၊

"ဟော့..မင်းတို့နေရာရှာလိုက်ကြ၊ ငါဒီမှာထိုင်မလို့.."

အတူလာကြသည့် လူစုကိုလှမ်းပြော၍ မျက်လုံးတွေက သိုနဲ့အလ ဆီမှာ။ ပြီးတော့ ရယ်ကျဲကျဲနှင့်.. ၊

"သားတောင် ဒီအရွယ်ဖြစ်နေပြီလား..မထင်ရဘူးနော်ချာတိတ်၊ မ အမေက လှတုန်းပဲ.."

စံနစ်မျက်နှာက တည်ငြိမ်နေသည်ထင်ရပေမယ့် အေးစက်စက်ဖြ



၏။ ချစ်သူနဲ့သူမရင်းနှီးခဲ့ပါ။ ခင်မင်ခဲ့တာရှိပေမယ့် သို့ကိုဒီကောင် သွားသည့်နောက်ပိုင်းမှာ အကြောင်းအမျိုးမျိုးနဲ့ လိုက်ချိတ်နေတတ် ည့်အကျင့်ကြောင့် စိမ်းသက်ခဲ့ကြ၏။

ခုကျမှ ဘယ်လိုတိုက်ဆိုင်မှုတွေလဲ..။ ချစ်သူသည်လည်း ဟိုတုန်းက တိုင်း နုပျိုရှင်းသန့်နေဆဲရှိလျက်.. ၊

"မသို ကျွန်တော့်ကိုမှတ်မိတယ်မို့လား..ကျွန်တော်ကတော့ မသိုကို ဝမမေ့ခဲ့တာ၊ ဒါနဲ့ စံနစ်.."

တစ်ယောက်တည်းမေး တစ်ယောက်တည်းဖြေနေရင်း စံနစ်ကိုကြည့် က အလွန်မတန်ရင်းနှီးကြတဲ့ လူတွေလို.. ၊

"မင်းတို့ကွဲသွားပြီလို့ ကြားခဲ့တာတကယ်မဟုတ်ဘူးလား..ဟုတ်ပါ ယ်..ငါ့ကို သိန်းဦးသေချာပြောသွားတာ.."

"ဟုတ်တော့မင်းဘာလုပ်မလို့လဲ.."

"မလုပ်ပါဘူး..ဒါပေမယ့် ဒီလိုကြီးမြင်လိုက်ရတာက မဖြစ်သင့်ဘူး လ.."

ပြောပြီး ဘယ်သူ့အဖြေကိုမှ မစောင့်ဘဲ.. ၊

"ချာတိတ်ကလူချောပဲကွ..ဒါပေမယ့် မင်းအဖေကိုမမီသေးဘူးဆို ကဲ့ ကောင်မလေးတွေ ချမ်းသာရာရတာပေါ့ကွာ.."

အလင်းက လူငယ်ပီပီ ဒေါသဖြစ်လာခြင်းကို မထိန်းနိုင်။ သို့သော် စ်က မလှုပ်ရှားဘဲရှိနေတာမို့ မိဘနဲ့ဘယ်လိုပတ်သက်ခဲ့တဲ့ လူမှန်းအ တော်ရင်း မျိုသိပ်နေခဲ့၏။ ချစ်သူက သို့ကိုရှန်းရှန်းစားစားကြည့်ရင်း ကာ.. ၊

"ကျွန်တော်ကတော့ ခုချိန်ထိလိုတာမရတဲ့ လူပျိုကြီးပေါ့..အဟွန်း နေရတာ ဗိုက်တောင်ဆာတယ်.."

ထိုအချိန်မှာ စတေ့ချ်ဆီမှာ သီချင်းဆိုနေကြပြီမို့ ချစ်သူက ရှုံ့တွတွ ည့်ကြည့်သည်။ ပြီးတော့ နားကိုကလိသလို လက်ပြင်လိုက်ရင်း မဲ့ကာ..

"နားကလည်းငြီး..ဆာလည်းဆာ အဲ..ရေခဲမုန့်တွေလည်း ပျော်တော့ ၊ ကျွန်တော့်စားမယ်နော်.."

ဆိုးဆိုးဆတ်ဆတ်လှမ်းယူလိုက်တော့ သို့ရှေ့ကရေခဲမုန့်ကို။ သို့ တ် စံနစ်က သူ့လက်ပေါ်ကနေ ထပ်အုပ်ကိုင်ထားလိုက်ပြီး.. ၊

"လူပျိုကြီးဖြစ်နေရလို့ ဂေါက်ချောင်ချောင်သွားတာလား..ယဉ်ကျေး မှုပေါ့ကွ.."

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ..ငါတို့က သူငယ်ချင်းတွေပဲ.."

"သူငယ်ချင်းဖြစ်တိုင်း မျှဝေမကျွေးနိုင်ဘူး..မုန့်ကိုဖြစ်ဖြစ် ဘာကို ဖြစ်ဖြစ်.."

ချစ်သူမျက်နှာပေါ်က ပေါ့ပျက်ပျက်အပြုံးတွေ ပျောက်ကွယ်သွား သည်။ ပြီးတော့ စံနစ်ကိုစိုက်ကြည့်ပြီး အံကြိတ်လိုက်သည့်မေးရိုးနှစ်ဖက် က တင်းခနဲလှုပ်ခတ်သွားလျက်.. ၊

"မင်းလိုပဲ ချစ်သူဆိုတဲ့ကောင်ကလည်း အရင်ကအတိုင်း မပြောင်း လဲသေးဘူးစံနစ်..ဒါပေမယ့် ကိုယ်တိုင်လည်းချောင်ထိုးပြီး သူများလည်း မပေးနိုင်တာတော့ မင်းလိုကောင်ပဲရှိမယ်.."

ပြောနေရင်း ထရပ်သည်။ ပြီးတော့ စားပွဲမှာလက်ထောက်၍ ခပ်ငုံ့ ငုံ့ကြည့်ကာ.. ၊

"မင်းလိုကောင်သေရင်တောင် မီးလောင်ပုံ့မလား.."

"မင်းပူဖို့မလိုပါဘူး.."

"မင်းကိုယ်မင်းသိဖို့ ပြောတာပါ.."

ချစ်သူက အလင်းကိုတစ်ချက်ငဲ့ကြည့်၍.. ၊

"မင်းကသားမွေးလိုက်တော့ ကံကောင်းသွားတာပေါ့..မဟုတ်ရင် တော့ ဟွန်း မင်းနဲ့ငါဆွေမျိုးတော်ဖို့ ဖြစ်လာဦးမှာ.."

"ဟော့လူ.."

အလင်း ဆတ်ခနဲထရပ်လိုက်လျှင် ချစ်သူကလှည့်ကြည့်ပြီး ပခုံးတွန့် သည်။ သိုက အလင်းလက်ကိုဆွဲချရင်း.. ၊

"သားထိုင်နေစမ်း.."

"မင်းတို့သားအမိကို ဦးကသတိပေးမလို့ပါ..မင်းအမေကိုချစ်ရင် မင်း အဖေနဲ့ပြန်ပေါင်းမထုတ်စေနဲ့..ဒူးနဲ့မျက်ရည်သုတ်နေရမယ်.."

"ဟာ..ဒီလူ.."

"ဒုန်း.."

"ဟား ဟား ဟား.."

အလင်းက ထိုင်ခုံကို လွှဲကန်ပစ်လိုက်သည်။ သိုကမန်းကတန်း ထ စောင်းသွားသည့် ခုံကိုပြန်တည့်သည်။ လှည့်ကြည့်သည့် လူတွေကို မှမဟုတ်ကြောင်း လက်ကာတောင်းပန်ရင်း အလင်းကိုပြန်ထိုင်ခိုင်းရ၏။ တော်သေးတာက စတေ့ချ်ဆီမှာ ပျံ့လွင့်နေသည့် သီချင်းသံကြောင့် လူ တွေသိပ်မသိလိုက်ခြင်း.. ၊



"ကျွန်မအရမ်းချစ်နေမိတဲ့သူကို ရည်ရွယ်ပါတယ်ရှင်.."

ဟင်.. ၊

သီချင်းတစ်ပုဒ်ပြီးသွားတာကို သတိမထားမိလိုက်ဘဲ စကားသံ ထွက်လာမှ စင်ပေါ်ကိုလှမ်းကြည့်မိ၏။ ပင့်ထိုးထားသည့် ရောင်စုံမီးဆ လိုက်တို့ အလယ်မှာ ဂီတာကမိုက်ကိုကိုင်လျက်.. ၊

"သူ့ကိုကျွန်မအရမ်းချစ်နေပါတယ်..မချစ်သင့်ပေမယ့် ချစ်နေမိပါ တယ်၊ ဒီသီချင်းလေးနဲ့ ပြောခွင့်ပြုပါလို့.."

သူမရဲ့မျက်ဝန်းတို့သည် ရှေ့ဆုံးရဲ့နောက်စားပွဲမှာရှိနေသည့် စံနစ် ထံသို့ တန်းမတ်စွာ.. ၊

၏...မင်းနားကဝဲတဲ့ လိပ်ပြာတွေလောက်တော့ တို့ကဘယ်လန်း မလဲ အင့်..အင်း..... ၏

စထွက်လာသည့် သီချင်းသံကိုက အဆိုတော် မယ်ရီနဲ့တစ်ထပ် တည်း။ စံနစ်နဲ့အလင်း မျက်လုံးချင်းဆုံသွားသည်။ အလင်းမျက်နှာလွှဲ လိုက်သော်လည်း စံနစ်ကိုယ့်မျက်နှာကို ဘယ်ဆီပို့ရမှန်းမသိ။ မယ်ရီရဲ့ (ဝဲ)သီချင်းကိုဆိုတာ သိလိုက်တာနှင့် ဘယ်လိုစာသားတွေ ထွက်လာ တော့မှာကို သိနေခဲ့ရာ.. ၊

၏....အဝေးကပဲမင်းကို ငါလေခိုးခိုးကြည့်ရ မင်းကိုရှူး..ရှူး အရှူး ရူးချစ်နေမိပြီ ဒုက္ခပဲ.... ၏

၏....ထိန်းချုပ်မရတဲ့ ငါ့စိတ်နဲ့တော့ သွားပါပြီ.... ၏

ဂီတက ရှေ့တိုးလာပြီး ဖီးလ်အပြည့်နဲ့ ဆိုသည်။ တခြားသူတွေ ထိုသွားတာထက် ပရိသတ်အားလုံး၏ တိတ်ဆိတ်ခြင်းက သူမကျမှပို နေ၏။ ပြီးတော့ သူမကြည့်သည့်နေရာကို လှည့်ကြည့်ကြ၏။ အလင်းဆံ ပင်သပ်လိုက် တံတွေးမျိုလိုက်နှင့် နောက်ဆုံးမှာစက်ဝိုင်းတို့ စားပွဲဆီထ ထွက်သွားခဲ့၏။

၏....မျှော်လင့်ချက်များပေးပြီး နင့်အနားအမြဲတမ်းရောက်အောင် ခေါ်ဆောင်သူရယ်... အခုထက်ထိမင်းက ဟန်ဆောင်ကောင်းတုန်းပဲ ဟား.... ၏

သီချင်းဆိုခြင်းမဟုတ်ဘဲ တကယ်မေးနေသလို သူမက လက်ညှိုး ထိုးလာသဖြင့် စံနစ်ရဲ့မျက်နှာတစ်ပြင်လုံး ရဲတက်လာ၏။

၏.....မင်းကိုရှူး..ရှူး × × × × × ......... ၏

၏.....သူ့မျက်နှာလေးနဲ့ နှုတ်ခမ်းပါးအိုး....သူ့ရဲ့အသံလေးက

www.burmeseclassic.com

www.burmeseclassic.com



နားထဲ... ¶

¶.....သူ့ခါတ်ပုံခိုးပြီး သိမ်းထား...ညညဆို အိပ်မက်ထဲခေါ်ပြီး....¶

¶....သူ့မျက်နှာ × × × × × ........ ¶

သီချင်းဆုံးသွားသည်နှင့် လက်ခုတ်သံတွေ ဝေါခနဲထွက်လာ ထိုအသံထဲမှာ ရယ်သံနှောနေသော ချစ်သူရဲ့လက်ခုပ်သံက အကျယ် ဖြစ်လျက်.. ၊

"တောက်.."

စံနစ်မျက်လုံးတွေမှိတ်ပစ်ရင်း တက်ခေါက်၏။ သိုကတော့ ကြ ရှက်မနေနိုင်ပါ။ ဘယ်လိုမှထိန်းချုပ်မရတော့သည့် ဒေါသသည်ရှက်သ စိတ်ကြောင့် ပိုဆိုး၏။ သားလေးထထွက်သွားသည့်အဖြစ်ကြောင့် မွှ လွှတ်နိုင်သည့် ဆုံးဖြတ်ချက်ကထပ်ဖြစ်ကာ.. ၊

"ဖြန်း.."

ဂီတစင်ပေါ်က ဆင်းလာတာကိုစောင့်၍ လူကွယ်ရာထိ လက်ကို ခေါ်လာခဲ့သည်။ ပြီးတော့ ဆွဲလာခဲ့သည့်လက်ကို လွှတ်ချလိုက်ပြီး သူ ပါးကိုတအားရိုက်ချပစ်လိုက်သည်။ ဂီတမျက်နှာရော လူပါလည်ထွ သွားသည်။ ဒီလိုမျှော်လင့်မထားခဲ့မိတာမို့ ဂီတပစ်စလက်ခတ်ခံလို ပေမယ့် မာနနဲ့ချက်ချင်းပြန်လှည့်ရင်ဆိုင်၏။

သို့သော် ပြေးလိုက်လာသည့် စံနစ်နဲ့အလင်းတို့ကို မြင်လိုက်လျ တုံ့ပြန်ရင်ဆိုင်ဖို့ ပြင်လိုက်သည့်ကိုယ်ကို ပြန်လျှော့လိုက်သည်။ ဆုပ်ကျ ထားလိုက်သည့် လက်သီးဆုပ်လေးကို ဖြည်၍.. ၊

"ဦး.."

ယိုင်လဲမတတ်ကိုယ်ကို အနိုင်နိုင်ထိန်း၍ ရှိုက်ငိုလိုက်မိရင်း.. ၊

"ဂီတ ဂီတတောင်းပန်ပါတယ်..ဒါပေမယ့် ဦးကိုချစ်ခဲ့တာ ဂီတမှ အပြစ်ရှိလို့လားဟင်.."

စံနစ်ခြေလှမ်းမရပ်ရသေးခင် ရင်ခွင်ထဲပြေးဝင်လိုက်ပြီး.. ၊

"ဦးကို တိတ်တိတ်လေးချစ်မနေချင်တော့ဘူး..အဲ့ဒါကြောင့် ဂီတ ချစ်နေတာကို ကြေညာလိုက်တာပါ.."

"ကြည့်စမ်း..အရှက်နည်းလိုက်ကြတာ.."

သိုအသားတုန်အောင် ဖြစ်ရသည့်ဒေါသကြောင့် ဂီတကိုစံနစ်ရင်ခွ ထဲက ဆွဲထုတ်ဖို့ရှေ့တိုးသည်။

"မေမေမသွားနဲ့.."



အလင်းကဆွဲထားလိုက်ပြီး ဖအေကိုကြည့်သည်။ စံနစ်နဲ့မျက်လုံး ချင်းဆုံလိုက်စဉ်မှာ.. ၊

"ဒါ မေမေရှင်းရမယ့် အပိုင်းမဟုတ်ဘူး.."

အလင်းမျက်နှာလွှဲ၍ သို့လက်ကိုပါဆွဲထွက်သွားသည်။ သူတို့ နောက်မှာ မွေးနေ့ရှင်မိသားစုတွေနှင့် ရင်းနှီးသူတချို့ တအံ့တသြရပ် ကြည့်နေကြ၏။ ထို့ကြောင့် အလင်းနဲ့သိုခြေလှမ်းတုံ့သွားသည့်ပြင် ရှက် မှုန်းသဖြင့် သားအမိလက်ချင်းဖိဆုပ်ထားမိကြသည်။

"ဟင်.."

ရှက်ပေမယ့် လှည့်ကြည့်မိသေးသည်။ ထိုအခါ စံနစ်သည်ဂီတလက် ကိုဆွဲ၍ ထွက်ခွာသွားခြင်းကိုမြင်လိုက်ရပြီး မယုံနိုင်စွာ.. ၊

"မေမေ့.."

သိုကိုယ့်ကိုယ်ကို ဘာဖြစ်သွားမှန်းမသိလိုက်ခင် ခွေခေါက်ပြိုလဲသွား လသည်။

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၄၈)

"သူ့မိဘတွေကိုပြောမယ်.."

"မပြောနဲ့မေမေ..မေမေဘယ်သူ့ကိုမှ ပြေးတိုင်ပြီး အားကိုးရှာဖို့မလို ဘူး.."

"မဟုတ်ဘူးသား..ဒါကိုမပြောရင်.."

"မပြောရဘူး.."

အလင်းက သို့လက်ထဲက ဖုန်းကိုအတင်းဆွဲယူထားလိုက်၏။ မျက် ဝန်းမှာ ရှက်မျက်ရည်တို့ ဝေ့ဝိုင်းနေခဲ့လျက်.. ၊

"မေမေ ဖေဖေ့ကိုပြန်လိုချင်တာလား.."

မဟုတ်ဘူးလို့ဖြေဖို့ ကြိုးစားလိုက်သေးသည်။ ဒါပေမယ့် သိုမပြော နိုင်။ အလင်းက သို့ပခုံးလေးကိုဖက်၍ အံကြိတ်လိုက်ပြီး.. ၊

"ချစ်ခြင်းမေတ္တာဆိုတာ အလိုအလျှောက်ကူးလူးဆက်သွယ်ခြင်း၊ မေမေ..သူများကိုအားကိုးလို့ မရဘူး..မရမကလုပ်ယူလို့လည်း မရဘူး၊ ဟိုအရင်က မေမေ့ကိုချစ်ခဲ့ပေမယ့် အခုမချစ်တော့ဘူးဆိုတာ မယုံနိုင်စရာ မရှိပါဘူး..မေမေကြိုးစားပြီးဖြေပါ.."

သိုကကိုယ်ခံစားနေရတာထက် သားလေးဘယ်လောက်အရှက်ရ ကျင်နေရှာသလဲဆိုတာကို ပိုပြီးမကြည့်ရက်နိုင်။ ဒီလိုဒဏ်ရာကို လူငယ် တစ်ယောက်က ဘယ်လောက်ထိခံစားနိုင်မလဲ..။ ဘယ်လိုကုစားဖျောက် ဖျက်နိုင်မှာလဲ.. ၊

ဘုရား ဘုရား..ဒါတွေတကယ်မဟုတ်ပါစေနဲ့.. ၊

ရှိုက်သံမဲ့မျက်ရည်တို့က ရင်ထဲကပူပင်သောက၏အရှိန်အတိုင်း ဆက်မပြတ် ဆင်းကျနေကြသည်။ စံနစ်နဲ့ဂီတကို ပွေ့ဖက်လက်ဆွဲလျက် မြင်လိုက်ရသည့်မြင်ကွင်းဟာ သေစေနိုင်သော လက်နက်တစ်ခုလို ရင်ထဲ



စိုက်ဝင်မွှေနှောက်နေသည်။

ဒါသာ တကယ့်အဖြစ်အပျက်အတိုင်း ဒီတိုင်းဆက်သွားတော့မည် ဆိုရင် သူမဘယ်လိုနေမလဲ..။ သူမသားလေးအတွက် စိတ်မကောင်းဖြစ် ရတာ သက်သက်မှဟုတ်ရဲ့လား. ၊

ထိတ်လန့်စိုးရွံ့သည့် အတွေးကြောင့် ရင်ခုန်သံတွေ ပြင်းထန်လာ သည်။ 'ဟိုအရင်က မေမေ့ကိုချစ်ခဲ့ပေမယ့် အခုမချစ်တော့ဘူးဆိုတာ မယုံ နိုင်စရာ မရှိပါဘူး'လို့ သားပြောခဲ့သည့်ခဏမှာ သူမသည်မတ်စောက်နက် ရှိုင်းသော တွင်းနက်ကြီးကနေ ကွက်ကွက်လေးမြင်နေရသော မိုးကောင်း ကင်ကြီးကို မော့ကြည့်၍ အပေါ်ပြန်တက်ဖို့ မျှော်လင့်နေသူကဲ့သို့.. ၊

"မဟုတ်ဘူးသား..ဂီတကိုသူချစ်မှာမဟုတ်ဘူး.."

"မေမေ.."

"မေမေသူ့ကို မျှော်လင့်လို့မဟုတ်ပါဘူး..ဒါပေမယ့် ဂီတတမင်လုပ် ကြံတာ.."

"လိုရင်းက ဖေဖေကသူ့ကိုချစ်ဖို့ပဲ မဟုတ်ဘူးလား.."

"အို စံနစ်သိရင် ချစ်မှာမဟုတ်ဘူး..မေမေအဲ့လိုအဖြစ်မခံနိုင်ဘူး.."

"မေမေရာ.."

လွတ်တဲ့ငါးကြီးနေသည်လို့ ပြောရမလား..။ 'မိုးလွန်မှထွန်ချ'မနေ ပါနဲ့လို့ ပြောမရမလား..။ သို့သော် ကယောင်ချောက်ချားခံစားနေရသည့် မေမေ့ကို အလင်းဘယ်လိုမှမပြောရက်ဘဲ ဖြစ်နေသည်။ ဂီတကိုသူစွန့် လွှတ်လိုက်ရလို့ ဘာမှထိခိုက်မသွားပေ။ ဒါ့ထက်ပိုပြီး ယုံခဲ့တာက ဖေဖေ့ ကို.. ၊

ဂီတရဲ့ရွံ့စရာလုပ်ရပ်ဟာ ဖေဖေရဲ့တည်ငြိမ်စွာ ဖြေရှင်းမှုအောက်မှာ ပူ့အလိုလိုဘေးရောက်သွားလိမ့်မည်လို့ ထင်ခဲ့၏။ ထို့ပြင် မနေ့ကထိ ဖေဖေအချစ်သစ်မရှာခဲ့တာကို ယုံသည်။ မေမေ့ကိုမျှော်လင့်နေခဲ့သည်လို့ ထင်တိအကျတွက်ခဲ့၏။ ဒါပေမယ့် ဒီနေ့ဖြစ်ရပ်မှာ သူ့ရဲ့ထင်မြင်ယုံကြည် ချက်ခြင်းတွေအားလုံး အရည်ပျော်ပျောက်ရှကုန်ပြီဖြစ်၏။

"သား..သားလေး.."

ဟင်.. ၊

သူ့မျက်နှာကို လက်ဖဝါးနှစ်ဖက်နဲ့ အတင်းလှည့်ယူပြီး သိုကမျက် လုံးချင်းဆိုင်သည်။ ပြီးတော့ မျက်ရည်ပြည့်လျှံနေသည့်မျက်ဝန်းတို့ဖြင့် စူးစိုက်ငေး၍.. ၊

www.burmeseclassic.com

www.burmeseclassic.com



"ဂီတက အတွက်ရဲ့သမီး.."

"ဟင်.."

"သမီးရင်းမဟုတ်ဘူး..ဒါပေမယ့် တူမအရင်းကို မွေးစားထားတ
သမီးလေးလိုပဲ အရမ်းချစ်တာ..မေမေကိုယ်တိုင် သားလေးကိုလွမ်းတိုင်
ဂီတဆီသွားပြီး အလွမ်းဖြေခဲ့တယ်..ကိုယ့်သမီးလေးလို ဂရုစိုက်ပေးခဲ့မှု
တယ်.."

သိကတောက်လျှောက်ပြောပြသွားရင်း ဂီတစွပ်စွဲပြောဆိုခဲ့တာတွေ
ထို အားလုံးဖွင့်ဟမိကာ.. ၊

"မေမေမှားတာပါ..မေမေဒါကို ဖွင့်ပြောခဲ့ရမှာ၊ အတွက်တို့ကိုဆက်
သွယ်ပြီး ဂီတမျိုသိပ်ခံစားနေတာတွေ..မေမေ့ကို စွပ်စွဲတာတွေကို ပြော
ခဲ့ရမှာ.."

"မေမေကဘာလို့မပြောခဲ့တာလဲ.."

အလင်းကို သိကတောင်းပန်သလိုကြည့်လိုက်ရင်း မျက်ရည်တွေကို
လည်း သုတ်၍.. ၊

"မေမေကိုယ်တိုင် ဂရုစိုက်ထိန်းကျောင်းခဲ့တဲ့ ကလေးမလေးဆိုတဲ့
အသိက ဒီလိုကိစ္စကြီးအတွက် ကိုယ့်ရဲ့ရင်ဆိုင်ဘက်လို့ ဘယ်လိုမှမမြင်လို့
မရဘူး..ပြီးတော့ သူ့အမေလေ..စောသဲကိုသနားလို့.."

ပြောနေရင်း သူမကိုယ်တိုင် ဒီအကြောင်းပြချက်တွေပေါ်မှာ စူးစိုက်
ကြည့်ခဲ့မိလျက်.. ၊

"ပြီးတော့ ပြီးတော့ မေမေဒါကိုပြောဖို့.."

"ဖေဖေ့ကို ယုံကြည်ခဲ့တာနေမှာပါ.."

"ဟင်..ဘယ်လို.."

"မေမေက ကျွန်တော့်ရဲ့အမေပဲ..ကျွန်တော့်ရင်ထဲက အတိုင်းပဲရှိမှာ
ပေါ့၊ ဂီတဘယ်သူ့သမီးဖြစ်ဖြစ် သူ့မှာဘယ်လိုအကျင့်တွေပဲရှိရှိ ဖေဖေရဲ့
ရွေးချယ်မှုသာအဓိက.."

"သူ့ကိုရွေးချယ်ခွင့် မပေးနိုင်ဘူးသား..မေမေလည်း သူ့ကိုယုံကြည်ခဲ့
လို့မဟုတ်ဘူး၊ မယုံကြည်တာလည်း မဟုတ်ဘူး..ဒါပေမယ့် ဒါမလုပ်သင့်
ဘူးဆိုတာ သူသိသင့်တယ်.."

"ဟုတ်တယ်..ဖေဖေသိဖို့ပဲလိုတာ၊ အဲ့ဒါကြောင့် ဖေဖေရွေးပါစေမေ
မေရာ..မဟုတ်ရင် သားတို့ဒီ့ထက်ပိုပြီး စိတ်ဆင်းရဲရမှာ မေမေသိလား.."

သိက လက်မခံပါ။ ဖရိုဖရဲဖြစ်နေသည့် ဆံပင်တွေကို လက်ကိုင်ပ



ါလေးလှမ်းယူပြီး ဖြစ်သလိုစည်းလိုက်သည်။ ပြီးတော့ လှမ်းဆွဲသည့်
အလင်းရဲ့လက်ကို ဖယ်ချပြီး နာရီကြည့်၏။

"သူဒီနေ့အပြင်ထွက်ရင် ဂီတဆီကိုမဖြစ်ရဘူး.."

"မေမေ့.."

"ဟင့်အင်း..ဖယ် မေမေခွင့်မပြုနိုင်ဘူး.."

ညက ဂီတကိုဆွဲခေါ်သွားပြီး အိမ်ပြန်တော့ သူတို့နဲ့ရှေ့ဆင့်နောက်
ဆင့်ပဲဖြစ်သည်။ ပြီးတော့ တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်ဖို့
ကြိုးစားကြဘဲ အိပ်ရာဝင်ခဲ့ကြသည်။ သိတစ်ညလုံး အိပ်မရခဲ့ပေ။ အ
လင်းလည်း ဘိုးအေဆီသွားလိုက် သို့အခန်းမီးလင်းနေသဖြင့် မအိပ်သေး
ကသိနေသည်စိတ်နှင့် ဟိုလျှောက်ဒီလျှောက်.. ၊

လင်းခါနီးမှ အိပ်ပျော်သွားပြီး ကမန်းကတန်းပြန်ထကြည့်တော့ ဖေ
ဖေ့အခန်းတံခါးပိတ်နေတုန်း ဒေါ်ဒေါ်အေးကိုမေးတော့လည်း ဖေဖေထွက်
လာသေးဘူးဆိုမှ ဘဝင်ကျခဲ့သည်။ အမြဲတမ်းအေးချမ်းနေခဲ့သည်။ ဒီ
အိမ် ဒီရင်ဘက်က တစ်ညလုံးပူလောင်နေခဲ့ရသည့်နောက် ဒီမနက်မှာ
ခေါင်းစဥ်တပ်စရာ ရခဲ့သည်။ 'ဖေဖေ့ကို ကိုယ်မပိုင်တော့သလို ခံစားရ
ခြင်း'.. ၊

"မေမေ.."

အလင်း မေမေ့လက်ကိုဆွဲထားလိုက်ရင်း.. ၊

"မေမေ ဖေဖေ့ကိုဘာသွားပြောမှာလဲ..ကိုယ့်သားသမီးကိုတောင် ဒီ
ကိစ္စမှာ အမိန့်ပေးလို့မရကြတာ၊ ဖေဖေ့ကိုမေမေဘာသွားပြောလို့ရမ
လဲ..အခုဆုံးဖြတ်ချက် မချသေးပါဘူး၊ ဖေဖေ့ကိုခဏလောက်.."

"ချပြီးပြီလေ..ညကမေမေသတိလစ်ခဲ့တာတောင် မေမေ့ကိုလှည့်မ
ကြည့်ဘဲ ဂီတလက်ကိုဆွဲသွားတာ.."

"ဒါဆိုမေမေက ဖေဖေ့ကိုပြန်လုယူမှာလား..မေမေ့ကိုမချစ်တော့တာ
ကို ခံစားနေရတာလား.."

"အို အဲ့လို..အဲ့လိုမဟုတ်ပါဘူး.."

"သားအတွက် ဂီတလိုမိန်းကလေးက မစင်ပုံတစ်ပုံပဲမေမေ..သူ့အဖေ
ဘယ်သူဆိုတာသိလိုက်တော့ ပိုဆိုးသွားပြီ.."

"မင်းအဖေလည်း အဲ့လိုသိရင် သူပြန်လာမှာပဲ.."

"မေမေရာ.."

မေမေ့မျှော်လင့်ချက်တွေကို မြင်လိုက်ရပြီမို့ အလင်းငိုင်ကျသွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ လူတွေဟာ ဘာဖြစ်လို့ဆုံးရှုံးလိုက်ရပြီဆိုမှ ထိုတစ်စုံတစ်ရာရဲ့တန်ဖိုးကို သတိရတမ်းတကြတာလဲ.. ၊

ထိုစဉ် အိမ်ရှေ့ကဝင်လာသည့် စံနစ်ကိုမြင်လိုက်ရ၏။

"ဖေဖေက အပြင်မှာလား.."

အလင်းမျက်လုံးတွေ အရှုံးရင့်သွားသည်။ သို့ဖျတ်ခနဲလှည့်ကြည့်ပြီး မျက်လုံးဝိုင်းသွား၏။ ညတည်းက ပြန်ထွက်သွားတာလား.. မိုးလင်းမှလား..။ ဘယ်သူမှသတိမထားမိလိုက်ခင် ဒါမှမဟုတ် ဘယ်သူမှမသိအောင် သွားခဲ့တာလား.. ၊

ဘယ်အဖြေထွက်လာလာ ကောင်းဖို့မရှိခြင်းသည် ဘောင်းဘီရှည်ကော်ဖီရောင်ဖျော့ဖျော့နှင့် ပန်းနုရောင်ရှပ်ကိုဝတ်ထားသည့် ရှင်းသန့်မွေ့နေသော သွင်ပြင်ကဖော်ပြနေပြီဖြစ်ရာ.. ၊

"စံနစ်.."

"မမ..မမနေပါဦး.."

သိုက စံနစ်နောက်ကိုလိုက်သည်။ သို့ဆီကိုအေးမောက အပြေးပိုင်းလိုက်လာခဲ့လျက်.. ၊

"ဘာဘကိုယ်တွေပူပြီး ဝမ်းပျက်နေတယ်.."

"ဟင်..ဘိုးဘိုးဟုတ်လား.."

သို့ခြေလှမ်းတွေ ချက်ချင်းပဲဦးတည်ချက်ပြောင်းသွား၏။ အလင်းဒီတိုင်းရပ်နေပြီးမှ စံနစ်နောက်ကိုပဲ လိုက်လာခဲ့သည်။ ဒါပေမယ့် အနည်းငယ်ဟနေသည့် အခန်းထဲကိုအပြင်က ကြည့်လိုက်တော့ စံနစ်မရှိ.. ၊

"မင်းအဖေကဒီမှာ.."

စံနစ်က အလင်းရဲ့နောက်ကို ရောက်လာ၏။ အလင်းကအသံကြားပေမယ့် လှည့်မကြည့်ဘဲရပ်နေသည်။ ပြီးမှ ခပ်ဖြည်းဖြည်း လှည့်လာပြီး မျက်ဝန်းတို့ကို လွှဲဖယ်ထားခဲ့ရင်း.. ၊

"ဖေဖေတကယ်လား.."

အစမပါသည့်မေးခွန်းက ဘာကိုဆိုတာအဆုံးသတ်လည်းမပါ။

"ဖေဖေ့မှာ တစ်ခုခုရှိနေသေးတယ်လို့ ထင်ခဲ့တာ.."

"သိချင်တာတွေမေးလို့ရတယ်..မင်းအဖေမျက်နှာကိုကြည့်.."

အလင်းက ဆတ်ခနဲမျက်ဝန်းရွှေ့လာပြီး စူးစူးစိုက်စိုက်ကြည့်ကာ..

"ကျွန်တော်ကမကြည့်ရဲစရာ မရှိပါဘူး..ဖေဖေအနေခက်မှာပဲစိုးတာ"

"ဟွန်း.."



စံနစ်က အလင်းမျက်လုံးတွေကို ကြည့်နေပြီးပြုံးသည်။ ပြီးမှ ပင့်သက်မျှင်းမျှင်းချ၍.. ၊

"မင်းအမေဘာပြောလဲ.."

"ဖေဖေမလုပ်သင့်တာကို ပြောနေတယ်.."

"ဒါပဲလား.."

"ဖေဖေတစ်ခုခုပြောစေချင်တာလား..အဲ့ဒါကျွန်တော့်ကိုလား ဖေဖေ့ကိုလား.."

စံနစ်ကခေါင်းခါသည်။ အလင်းနားမလည်စွာ ကြည့်နေဆဲဖြစ်ကာ..

"ဖေဖေနဲ့မေမေ့ကို ကျွန်တော်နားလည်ဖို့ကြိုးစားခဲ့တယ်..အဲ့ဒါမိသားစုတစ်စုဖြစ်ဖို့ပဲ၊ ဖေဖေ့ကိုယုံကြည်လေးစားခဲ့ဟာက ကျွန်တော်ဖေဖေ့ကိုချစ်လို့.."

"အဲ့ဒီတော့ ဘာဆက်ဖြစ်မလဲ.."

"ဖေဖေလုပ်ချလိုက်တာ နည်းနည်းတော့များသွားပြီ.."

"ဂီတကိုမင်းနှမျောနေတာလား.."

"ဖေဖေ့အတွက် တန်ဖိုးကြီးနေတာလားပဲ သားသိချင်တာ.."

"မင်းထက်တန်ဖိုးကြီးတာ မရှိဘူး.."

"အဲ့ဒါဝမ်းသာစရာကောင်းတဲ့ အဖြေမဟုတ်ဘူးလေ..ကျွန်တော်က"

"အလင်းသို့.."

စံနစ်က အလင်းရဲ့လက်မောင်းတစ်ဖက်ကို လှမ်းကိုင်ပြီး ခပ်ဖျစ်ဖျစ်ညှပ်လိုက်၍.. ၊

"မင်းဖေဖေ့ကို မယုံဘူးလား.."

အလင်းက ငေးကြည့်နေသည်။ ပြီးတော့ မျက်နှာလွှဲ၏။ စံနစ်ကလည်း ထပ်မမေးဘဲ စောင့်နေခဲ့သည်။ ခဏကြာမှ အလင်းကပြန်ကြည့်ကာ.. ၊

"ဘာကိုယုံစေချင်တာလဲဖေဖေ..ဒီအခြေအနေမှာ ဖေဖေမေးတာကိုဖြေဖို့က တစ်ခွန်းတည်းနဲ့မရဘူး.."

"ဖေဖေကတော့ မင်းဆီကစကားတစ်ခွန်းပဲလိုချင်တယ်..အဲ့ဒါက ခေါင်းညိတ်တာဖြစ်ဖြစ် ခေါင်းခါတာဖြစ်ဖြစ်.."

အလင်းက ဆတ်ခနဲခေါင်းညိတ်၏။

"ယုံတယ်..ဖေဖေ့ကိုကျွန်တော်အမြဲတမ်း ယုံခဲ့တာပဲ၊ ခုလည်း ဖေဖေကျွန်တော့်ဆီက လိုချင်တာတစ်ခုခုရှိသေးတာကြားလိုက်ရတဲ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



အရင်လိုပဲယုံတယ်.."

"အိုခေ.."

စံနစ်က ရှေ့တိုးလိုက်ပြီး အလင်းရဲ့လက်မောင်းနှစ်ဖက်လုံးကို ညစ်ဆုပ်ကိုင်လိုက်ကာ.. ။

"ကိုယ့်ရင်ဘက်ကိုဓားနဲ့ပြန်ခွဲရအောင် မင်းအဖေကအရှုံးမှမဟု တာ..ဒါပေမယ့် စထားရင်အဆုံးသတ်ရတယ်၊ ငါလုပ်သင့်တာကို လု ဦးမယ်.."

"ဖေဖေ့.."

စံနစ်က အခန်းထဲဝင်၍ တံခါးပိတ်ဖို့ပြင်လျှင် အလင်းကတံခါ လှမ်းကိုင်ထားလိုက်ကာ.. ။

"ဖေဖေ့ကိုမေမေကချစ်တယ်.."

အလင်းမျက်နှာကို စိုက်ကြည့်နေသည့်စံနစ်ရဲ့မျက်ဝန်းတွေက သ ဝင်လှုပ်ရှားလာခြင်း ကင်းမဲ့နေလျက်.. ။

"ဒါ လူကြုံပါးရမယ့်စကားမျိုးမဟုတ်ဘူး.."

"မေမေပြောတာမဟုတ်ဘူး..ဒါပေမယ့်.."

စံနစ်က လက်ကာလိုက်ရင်း တံခါးကိုပါပိတ်ပစ်သည်။ အလ အပြင်မှာရပ်ကျန်ခဲ့ရင်း ဖေဖေ့စကားတွေကို နားလည်ဖို့ကြိုးစားနေ သည်။ ဖေဖေဘာလုပ်မှာလဲ.. ၊ သူတွေးနေတုန်း စံနစ်ပြန်ထွက်လာသ ဒီပုံစံအတိုင်းပဲဖြစ်ကာ စကားတစ်ခွန်းမှလည်း မဆိုဘဲ ကားဆီဝေ လျှောက်ထွက်သွားခဲ့လျက်.. ။

*ငါ..ငါမဟုတ်သောငါသည်*
*ငါချစ်ရဆုံးသူဖြစ်၏။*
*ငါမလုပ်ဘဲ ငါဆင်းရဲရခြင်းသည်*
*ငါချစ်ရသူ ဆင်းရဲ၍သာ*
*ထို့ကြောင့်..*
*ငါ့အတွက်အရာရာသည်*
*ငါချစ်ရသူချမ်းမြေ့ဖို့သာဖြစ်ပါကြောင်း*
*ကျွန်တော့်ရဲ့အရိပ်သို့..*

♥♥♥

အခန်း(၄၉)

"ဘာ..ဘာပြောလိုက်တယ်သမီး.."

စောသဲချောက်ချားသွားသည်။ ခုပဲသူ့အဖေက ရန်ကုန်ဆင်းဖို့လုပ် သည်။ ဒီတစ်ခါခရီးကပြန်လာတာနဲ့ ဆေးရုံပရော့ဂျက်စတော့မှာမို့ ကုန်ဝင်ပြီး အကြီးအကဲတွေနဲ့တိုင်ပင်မည်။ ပြီးမှ အလုပ်ကိစ္စဆက်သွား ည်တဲ့.. ။

ဖုန်းကိုင်ရင်း နောက်ဖေးခြံထဲပြေးဆင်းခဲ့ရတာ ခလုတ်တိုက်မတတ်၊

"မေမေနားကြားမှားတာလားသမီး..ခုနသမီးပြောလိုက်တာတွေ.."

"မမှားဘူးမေမေ..ဂီတလုပ်တာမှန်တယ်၊ ကိုယ်လိုချင်တာကိုလည်း မယ်..သူဝင်ငွေလည်ပြီဆိုတာလည်း သိစေရမယ်.."

"မဟုတ်ဘူး..အဲ့ဒါလုံးဝမဟုတ်ဘူးသမီး၊ သိုကဘာအတွက်ဝင်ငွေလည် ာလဲ..မေမေ သို့အပေါ်မှာ ဘယ်တုန်းကမှ စိတ်မကွက်ခဲ့ဖူးဘူး၊ ခင် င်လည်း မပျက်ဘူး..သမီးဘာတွေလုပ်နေတာလဲ.."

"ဂီတ ဦးကိုချစ်တယ်.."

"ဘုရား ဘုရား.."

"ဦးကလည်း ဂီတကိုနေရာပေးတယ်.."

"မဖြစ်နိုင်တာ.."

"ဟွန်း..မေမေတို့ သိုဆိုတဲ့မိန်းမကြီးကို အထင်ကြီးလွန်းနေတာ ား၊ ဒါမှမဟုတ် ကြောက်နေတာလား ဒါမှမဟုတ် ဖေဖေ့မိန်းမကို ရင်မကြိုက်မှန်းသိလို့ ဖေဖေငြိုငြင်မှာ စိုးလို့လား.."

"ဘာတွေလျှောက်မေးနေတာလဲသမီး..သမီးမလုပ်နဲ့နော်၊ မေမေတို့ ျိုးထဲမှာ ဒီလိုအကျင့်စရိုက်မျိုး မရှိခဲ့ဘူး..နောက်လည်းမရှိရဘူး၊ သူတို့ င်မယားက ကွာရှင်းထားပေမယ့်.."

www.burmeseclassic.com

"ပြတ်နေပြီမေမေ..ဦးကအန်တီသို့ကို နည်းနည်းမှမျက်နှာသာပေး
တာ မရှိဘူး.."

အန်တီသိုဆိုပါလား.. ၊

စောသဲရင်တွေပူကာ လက်ဖဝါးတွေမှာပါ ချွေးတွေစိုလာခဲ့၏။ ထို
အခါ ဖုန်းကိုလက်ပြောင်းကိုင်လိုက်ရခြင်းသို့ရောက်လျက်.. ၊

"သမီး..သမီးပြောနေတာ မေမေကြောင့်သို့ကို မကျေနပ်တာလား
စံနှစ်ကို.."

"ဦးကိုလည်း သမီးလိုချင်တယ်.."

"ဘုရားရေ.."

"ဒါဘုရားတလောက်အောင် ဖြစ်ဖို့မရှိပါဘူး..ဦးကိုလည်း ရအော
ယူမယ်၊ အဲ့မိန်းမကို ဟိုမမိဒီမမိဖြစ်ပြီး သားတစ်ယောက်နဲ့အရှုးတစ်ပိုင်
ကျန်ခဲ့တာကိုလည်း အရသာခံပြီးကြည့်မယ်..သိုဆိုတဲ့မိန်းမကို ဂီတဘယ်
တုန်းကမှ ချစ်ခဲ့တာမဟုတ်ဘူး..သူ့ကြောင့် ဖေဖေနဲ့မေမေ.."

"အဲ့လိုမေမေတို့ မဟုတ်ဘူးလို့ ဘယ်နှစ်ခါပြောရမလဲဂီတ..မမိုက်
ရိုင်းနဲ့သမီး၊ ညည်းခံစားတာတွေ ညည်းလုပ်နေတာတွေ အားလုံးမှားနေ
တယ်.."

"မမှားဘူး..မမှားလို့ ဂီတရှေ့ဆက်နိုင်တာပေါ့၊ တော်ကြာ ဂီတရဲ့
ကြိုးဝိုင်းထဲက နောက်ဆုံးအချီစတော့မယ်..သိုဆိုတဲ့မိန်းမကို အလဲထိုးပြီ
ဦးနဲ့ဂီတလက်ထပ်မှာ.."

"စံနှစ်က ညည်းကို.."

"မေမေပူမနေပါနဲ့..မေမေ့စိတ်ထဲမှာ ဂီတကသမီးရင်း မဟုတ်တဲ့အ
တွက် မေမေ့အတွက်သူ့ကိုမုန်းပါတယ်ဆိုတာကို နားလည်ဖို့ခက်နေမှာ
ပေါ့..ဒါလည်းသဘာဝကျပါတယ်၊ ဂီတကိုယ့်ကိုယ်ကို အမှတ်မှားတာ
လည်း ဖြစ်နိုင်တာကိုး..အမှန်ကတော့ ဖေကြီးရယ်စံနှစ်ရယ် အဲ့ဒီယော
ကျ်ားနှစ်ယောက်ကို လွှမ်းမိုးလှည့်စားခဲ့တဲ့ အဲ့မိန်းမကိုမုန်းခဲ့တာပဲ.."

"အဲ့ဒါလည်းမဖြစ်သင့်ဘူးသမီး..သမီးနဲ့သိုက ရွယ်တူတွေလား၊ သို
ယောကျ်ားစံနှစ်ကရော သမီးစိတ်ကူးယဉ်ရမယ့်အရွယ်လား.."

"ဂီတ စိတ်ကူးဘယ်လိုရှိရှိ ဘယ်သူမှဝေဖန်ဖို့မလိုဘူး..အခုဂီတ
ဆက်လုပ်မယ်၊ အဲ့ဒီဇည့်ခံပွဲမှာ ဂီတလက်ညှိုးထိုးသီချင်းဆိုခဲ့တာ အရှက်
မရှိလို့မဟုတ်ဘူး..ဦးက ဂီတဘက်ကရှိမှာပဲဆိုတာသိနေလို့ မထွာပ်တိုင်
တက်ပြခဲ့တာ.."



တခြားသောအမျိုးကောင်းသမီးတို့ ပြောထွက်မှာမဟုတ်သည့်စကား
တွကို ဂီတအေးဆေးပြောထွက်နေသည်။ ကြားနေရသည့်စောသဲပင် နား
က်လွန်းလို့ ဖုန်းနားကနေ ယောင်ယောင်မှားမှား ခွာလိုက်မိတာ ခဏ
ဏ.. ၊

သို့ဆီကိုဖုန်းခေါ်လို့ မရတာတွေ ခေါ်လို့ရပေမယ့် မကိုင်တာတွေ
ါတွေက ရန်ကုန်မှာဂီတမွှေနှောက်နေတာတွေကြောင့်လား..။ အန်တီတို့
တွလည်း ဂီတဘာတွေလုပ်နေလဲဆိုတာ သိကြပုံမပေါ်.. ၊

"အခု မေမေကြားခဲ့တာတွေရော ဂီတပြောနေတာတွေရော မေမေ့
ားထဲမှာပဲထားနော်..အဘွားတို့နားထဲတစ်ခုခုရောက်လာလို့ ဂီတရည်
ယ်ချက်တွေပျက်ခဲ့ရင် မေမေကြောင့် ဦးကိုဂီတလက်လွှတ်လိုက်ရမယ်
ိုရင် ဂီတကိုယ့်ကိုယ်ကို သတ်သေမှာ.."

"ဘာပြောလိုက်တယ်ဂီတ..မလုပ်ရဘူး၊ မွေးနေ့ဧည့်ခံပွဲက ကိစ္စကြီး
ို ဒီထိသတင်းတက်လာတာ ညည်းအဖေလည်းမကြာခင်သိမှာပဲ..တ
ားဆွေမျိုး အသိုင်းအဝိုင်းတွေလည်း သိကြမှာပဲ.."

အတွက်ရန်ကုန်ဆင်းလာမယ့်အကြောင်းကိုတော့ ထည့်မပြောဘဲ
ားလိုက်ပြီး.. ၊

"ဧည့်ခံပွဲက ပရိသတ်လူထုအလယ်မှာ ညည်းလုပ်ခဲ့တာတွေရှက်စ
ကောင်းလိုက်တာ ဂီတရယ်..စံနှစ်ကိုမှ ညည်း.."

"စံနှစ်လိုယောကျ်ားက စံနှစ်ပဲရှိတာ ဦးကိုမှမရရင် ဂီတအသက်မရှင်
င်ဘူး.."

ပြောလေကဲလေ တားဆီးလေ မိုက်ရိုင်းလာလေ.. ၊

"စံနှစ်က ညည်းဘက်ကဆိုရင် လူသိရှင်ကြားမထွာပ်တိုင် ဟစ်နေ
ာလိုမလားဂီတ..ဟင် နည်းနည်းတွေးစမ်းပါ၊ အချစ်ဆိပ်တက်ပြီး
ည်းရူးနေပြီလား..ညည်းပြောသမျှကို နားထောင်ကြည့်တာနဲ့တင် စံနှစ်
ယ်လိုသဘောထားတယ်ဆိုတာ ခန့်မှန်းလို့ရနေပြီ၊ သူတို့က ကွာရှင်း
ားပြီးသား..ညည်းကိုလိုချင်ရင် လက်ထပ်လိုက်ရုံပဲ အခုထိညည်း..."

"အခုလက်မထပ်သေးတာ ရှုပ်နေတာတွေ မရှင်းသေးလို့..သိုဆို
မိန်းမ တဝဲလယ်လယ်လာကပ်နေတော့ ဘာလိုလိုတွေဖြစ်နေလို့လေ..
တော့ တွေ့မှာပါ၊ ဒီမိန်းမလွှင့်သွားလိမ့်မယ်.."

စံနှစ်ရဲ့သား လူပျိုလူရွယ်လေးတစ်ယောက်လည်းရှိသည်။ တင့်တယ်
ာမောသည့် ရုပ်ရည်ရူပကာလည်း ရှိပါလျက်နှင့် ဘာဖြစ်လို့ဖအေကို

www.burmeseclassic.com



မှ.. ၊

"ဟလို.. ဟလိုဂီတ၊ သမီး.."

သူမလေးက ပြောချင်ရာပြောပြီး နှုတ်ထွက်သွားသည်။ စောသဲနေမှ ထိ ထိုင်မသာကျန်ခဲ့ရင်း အတွက်ကိုပြောပြရမလား..။ မပြောဘဲနေရမလား.. ၊

"မေမေ့ကြောင့် ဦးကိုဂီတလက်လွှတ်လိုက်ရမယ်ဆိုရင် ကိုယ့်ကိုယ်ကို သတ်သေမှာ.."တဲ့.. ၊

သူမဘာလုပ်ရမလဲ.. ၊

♥♥♥

အခန်း(၅၀)

တံခါးပိတ်ပြီး လှည့်ထွက်လိုက်လျှင် သူ့ရှေ့မှာသိုက ရပ်နေလျက်..၊

"ရှင်ဒီနေ့ အဲ..ဒီတစ်ပတ်လောက် အပြင်မထွက်ဘဲ နေပေးလို့မရဘူးလား.."

"မရဘူး.."

"စံနစ်.."

သိုက သူ့ရှေ့ပြေးရပ်လိုက်သဖြင့် ခြေလှမ်းကျဲနှင့် တာထွက်သည့်စံနစ်နဲ့သို ရင်ဘက်ချင်းတိုက်မိမတတ်ဖြစ်သွား၏။

"ရှင့်ကိုအမိန့်ပေးနေတာ မဟုတ်ဘူး..ဖြစ်ခဲ့တာတွေအတွက် ရှင်အသွားအလာဆင်ခြင်မှ ကျွန်မတို့ဂုဏ်သိက္ခာတွေကို အဖက်ဆည်နိုင်မှာ.."

စံနစ်က ဘောင်းဘီအိတ်ထဲမှာ လက်တစ်ဖက်ထည့်လိုက်ပြီး သို့မျက်နှာလေးကို ကြည့်သည်။ ပြီးတော့ နှုတ်ဖျားက မလာသေးသည့်မေးခွန်းတွေက မျက်ဝန်းမှာ ထင်ဟပ်လာခဲ့လျက်.. ၊

"ကျွန်မတို့ဆိုတာ သိပ်မရှင်းလိုက်ဘူး..ပြန်ပြော.."

သူပြန်မေးတာကို သိုနားမလည်ခဲ့.. ၊

"ပြောနေကျလို သားအတွက်လို့ပြောင်းပြောကြည့်ပါလား.."

"ရှင်က ကျွန်မနဲ့ဘာမှမသက်ဆိုင်တော့ဆိုတာသိတယ်..ဒါပေမယ့်.."

"ဒါပေမယ့် ပါဖို့မလိုဘူးသို..ငါတို့အတူရှိနေကြတာ လူမမာအစ္စက်မင်းငါ့ဘေးကို လာရပ်တာက သားအတွက် မင်းနဲ့ငါက ဘာမှမဟုတ်ဘူး..အဲ့ဒီတော့ ငါလွတ်လပ်သလိုနေခွင့်ရှိတယ်.."

"ဟုတ်တယ်..ရှင် စံနစ်တကျလွတ်လပ်နိုင်တယ်၊ ဒါပေမယ့် ကျွန်မတို့မိဘတွေကြောင့် သားသမီးဂုဏ်သိက္ခာကျစေတာ ကောင်းသလား.."

"ပါးစပ်ထဲရောက်နေမှ စားကောင်းမကောင်းသိတာကျတော့ မျိုချ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတာပဲ.."

"ဒါအစားအသောက် မြည်းစမ်းနေတာမှ မဟုတ်ဘဲ.."

"ငါ့အတွက်မြည်းတာလည်း ဖြစ်နိုင်တယ်..အတည်လည်းဖြစ်နိ တယ်.."

"စံနစ်..ရှင် ရှင်ဂီတကို လက်ထပ်လို့မဖြစ်ဘူး.."

"ဟွန့်.."

စံနစ်ကမဲလိုက်ပြီး ဟိုဘက်လှည့်လျှောက်သွားသည်။ သိုကနော တလိုက်ကာ.. ၊

"ဂီတက အတွက်ရဲ့သမီး.."

စံနစ် ဖျတ်ခနဲလှည့်လာပြီး.. ၊

"အဲ့ဒါ မင်းခုမှသိတာလား.."

သိုငေးကြောင်နေခဲ့၏။

"ပြောလေ..အတွက်သမီးဆိုတာ သားသိရင်မတွဲတော့မှာသိလို့ မ ဖုံးထားတာလား.."

"မဟုတ်ဘူး.."

"ဟုတ်တာကဘာလဲ..ဂီတ ဒီမှာဝင်ထွက်နေတာ သားဆီကိုလာ မဟုတ်မှန်း မင်းသိပါတယ်၊ အဲ့ဒါကိုဝန်ခံလား.."

သူမမဖြေနိုင်.. ၊

"အဲ့ချာတိတ်မ မင်းကိုနိုင်ကွက်နင်းနေတာ ငါသိတယ်..အလင်း ကို ရင်းနှီးချင်တာလည်း မဟုတ်ဘူး၊ အဲ့တော့ ဘာကျန်သေးလဲ..သူ့ နှီးစပ်ခွင့်ပေးခဲ့တာ မင်းကိုယ်တိုင်.."

"နီးစပ်ဖို့ရှိနေတိုင်း နီးစပ်သွားရအောင် ရှင်က.."

"ငါကယောကျ်ား.."

ရင်ထဲမှာ အတော်ကြီးခံရခက်လေသည်။ စံနစ်က စိုက်ကြည့် မဲ့သည်။

"ဂီတဘယ်လိုမာကျောတဲ့ မိန်းကလေးလဲဆိုတာ သိရက်နဲ့ အတွ နဲ့ပတ်သက်နေလို့ မင်းသူနိုင်စားသမျှ မျိုသိပ်နေတယ်..ကိုယ့်သားသမီ မအပ်စပ်တဲ့ မိန်းကလေးမှန်းသိတာတောင် မင်းကြည့်နေခဲ့တာ.."

"ရှင်ကရော သူဘယ်လိုမိန်းကလေးဆိုတာ သိနေသားနဲ့.."

"သိပါတယ်ပြောမိလို့လား.."

"ဘာ.."



"အချစ်မှာမျက်စိမရှိဘူး.."

"ရှင်က.."

စံနစ်က ဆက်မပြောဘဲ လှည့်ထွက်သွားသည်။ သိုကပြေးလိုက်၏။

"ရှင်မသွားရဘူးစံနစ်.."

ဧည့်ခန်းမကြီးနားမှာ နောက်ထပ်ရင်ဆိုင်မိပြန်ကာ.. ၊

"ဘာအတွက်လဲ..မင်းငါ့ကိုတားခွင့်ရှိတယ်ထင်လို့ တားနေတာဆို ပြောစမ်းပါ၊ ဘာအတွက်လဲ.."

"သားအဖကြားမှာ ဒီလောက်မွှေနှောက်ထားတဲ့မိန်းကလေးကို.."

"မင်းတောင် နောက်ဆုံးထိကြည့်နေခဲ့သေးတာ..ငါကယောကျ်ားပဲ၊ ခြားလူအပေါ် သူဆိုးနေပေမယ့် ငါ့အတွက်အဆင်ပြေတယ်.."

"ဘာ.."

"မင်းရဲ့ဂီတကို ငါကအပျော်ကြံသွားမှာစိုးနေတာလား..အတွက်မျက က အဲ့လောက်တောင်ကြီးနေတာလား.."

"ရှင်ဘာတွေပြောနေတာလဲ..ဘာဖြစ်လို့ အတွက်ကိုပဲထည့်ပြောနေ လဲ.."

"မင်းလည်းအတွက်တစ်မျက်နှာနဲ့ ဂီတညနိုင်စားသမျှ ခံနေခဲ့တာ နဲ့ငြိတဲ့အထိ.."

"ရှင်နဲ့ငြိတာ ရှင်ဝါသနာပါလို့ငြိခဲ့တာ..နီးစပ်ရာမှာ အမြစ်တွယ် တ်တာ ယောကျ်ားကောင်းမဟုတ်ဘူး.."

"မဟုတ်တော့ဘာဖြစ်လဲ..ကိုယ်ကကောင်းရင် ဆိုးတဲ့လူနဲ့တွေ့တယ်၊ ါကြောင့် ကိုယ်ကပဲဆိုးဖို့ စနစ်တကျပြင်ဆင်ထားတာ.."

"စံနစ် ရှင်မရွဲ့ပါနဲ့..အတွက်နဲ့ကျွန်မကို ခုချိန်ထိရင်သံသယရှိနေ းလား၊ ဒီအချိန်မှာ အဲ့ဒါတွေပြောပြီး ကျွန်မတို့ကိုယ့်သိက္ခာကိုယ် ကြမလို့လား.."

"ဘယ်အချိန်ဖြစ်ဖြစ် ချသင့်ရင်ချမယ်..တင်သင့်ရင်တင်မယ်၊ ကိုင်ထားတဲ့ စာအုပ်ကြီးကိုပိတ်ထားလိုက်တော့သို..မင်းနဲ့ငါ့မှာမှ ိုင်တော့တဲ့လူတွေဆိုလည်း ဟုတ်တယ်၊ ဆိုင်တယ်လို့ပြောရင်လည်း းတယ်..အဲ့ဒီတော့ မဆိုင်တဲ့အရပ်မျက်နှာမှာ မင်းနေပြီဆိုရင် သက် သူတွေ ပြောတဲ့စကားနဲ့လာမငြိနဲ့..စံနစ်က ဂရုမစိုက်ဘူးဆိုရင် လူ ဖြဟ္မာသတ္တဝါ ဘယ်လိုပုဂ္ဂိုလ်ဖြစ်ဖြစ်..နိုးပဲ.."

သူချာခနဲလှည့်ထွက်သွားသည်။ သို့ရင်တစ်ခုလုံး တဆစ်ဆစ်နာ

www.burmeseclassic.com

www.burmeseclassic.com



ကျင်ကျန်ရစ်လေသည်။ ပြီးတော့ မျက်ရည်တွေကျလာခဲ့လျက်.. ।

"မဟုတ်ဘူး..ရှင်ပြောနေတာတွေ ဘာမှမဟုတ်ဘူး၊ ကျွန်မရှင့်ကို မပေးနိုင်တာ..ရှင့်ကိုသူများပိုင်သွားမှာ မခံနိုင်လို့သိရဲ့လား..အရမ်းရက်စက်တဲ့လူကြီး ရှင့်ကိုမုန်းတယ်.."

သိုတတွတ်တွတ်ပြောရင်း ရှိုက်ငိုရင်းဖြင့် တအိအိထိုင်ကျသွားလျက်.. ।

♥♥♥

အခန်း(၅၁)

"မမ..ညစာအသီးအရွက်သိပ်မစုံလို့ ကျွန်မဈေးသွားလိုက်တော့မယ်၊ ကစားဦးမလဲဟင်.."

"မစားပါဘူး..နင်ပိုက်ဆံနည်းနေမှာပေါ့၊ လာယူလေ.."

"မနည်းဘူးမမ..ကလေးတို့မီးပုံပွဲလုပ်ဖို့ ခြံထဲမှာ ချက်ပြုတ်တုန်းက ကလေးပေးထားတဲ့ ပိုက်ဆံတွေကျန်သေးတယ်.."

အေးမာက တကယ့်ညီအစ်မရင်းပမာ တစ်အိမ်လုံးအသုံးစရိတ်ထိ တ်ချရတဲ့သူဖြစ်သည်။ စိတ်ညစ်နေသည့်ကြားထဲက သိုစိတ်ချမ်းသာစ ုလေး တွေးရင်း ပြုံးမိသည်။ ထို့ပြင် မိသားစုအတွင်းရေးတွေ တိုင်ပင် လည်း အားကိုးရသူဖြစ်၏။

"မမရယ် တစ်နေ့လုံးလည်း ဘာမှမစားဘူး..သွားရည်စာတစ်ခုခု ယ်ခဲ့မယ်လေ၊ မမကြိုက်တာတွေ ကျွန်မသိပါတယ်..တစ်ခါတလေအ ှင်စာလေးတွေ စားရတာ မဆိုးပါဘူးမမရဲ့.."

"နေပါစေ..ငါစားချင်စိတ်ကို မရှိတာ၊ ပြီးမှပဲ နွားနို့လေးကျိုသောက် တော့မယ်..ဘိုးဘိုးရှေ့မှာ ငါတို့ဖြစ်နေတဲ့ကိစ္စတွေ သတိလက်လွတ်ဘာမှ ွားမပြောမိစေနဲ့နော်.."

အေးမာကိုမှာရင်း ဘိုးဘိုးအခန်းဘက်ကို ကူးသွားမိသည်။ ခုတ လာ ချူချာသလိုဖြစ်နေပေမယ့် ဦးကုဋ္ဌေမျက်နှာကတော့ ကြည်လင်သန့် ဝန်းနေလျက်ပါ.. ।

"ဘိုးဘိုး ခဏကြာရင် ရေပတ်လေးတိုက်ရအောင်နော်..ပြီးရင်ဆေး ိမ်းမယ်.."

ပြောပြီး အနားမှာထိုင်လိုက်သည်။ သို့ ဘိုးဘိုးနဲ့မျက်လုံးချင်းမဆုံ အောင် ရှောင်လွှဲနေမိသည်။ စကားသိပ်မပြောနိုင်ပေမယ့် ဘိုးဘိုးကသို့ကို

www.burmeseclassic.com

www.burmeseclassic.com



မြင်တာနှင့် အကဲခတ်နေတတ်ကာ မျက်ဝန်းထဲမှာလည်း မေးခွန်းတွေပြ နေတတ်၏။

သူမပုံစံကလည်း သိသာနေသည်ထင်ပါသည်။ ပုံမှန်ဝင်လာခဲ့ တဲ့ နေ့တွေဆို ဘိုးဘိုးကိုပြုံစုပေးရင်း စကားတွေတတွတ်တွတ်ပြောပေး သည်။ ဘိုးဘိုးပြန်မပြောနိုင်ပေမယ့် အပြန်အလှန်ပြောနေသလို သိုက ဆက် စိုက်ခဲ့တာဖြစ်သည်။

ဂီတနဲ့ပတ်သက်ပြီး ရှုပ်ထွေးလာသည့်နောက်မှစ၍.. ၊

"မြေး.."

"ရှင် ဘိုးဘိုး.."

မပီတပီခေါ်သံထွက်လာလျက် သူ့လက်ချောင်းလေးတွေနဲ့ လက် တောင်ကို အကြွအမ လှေ့ကျင့်ပေးနေသော သို့လက်ကို မမြဲတမြဲဆုပ်ကိုင် ဖို့ ကြိုးစား၏။ လက်တို့သည်တုန်ယင်နေကာ.. ၊

"ဘာ ဘာ ဖစ်..ရှ.."

"ဘာမှမဖြစ်ပါဘူးဘိုးဘိုးရဲ့..ဟို.."

ဦးကုဋေက ခေါင်းခါ၍ သို့လက်ကိုလှုပ်ခါဖို့ ကြိုးစားနေသည်။ 'မညာနဲ့'လို့ ပြောချင်တာဖြစ်လိမ့်မည်။

"မဟုတ်ဘူးဘိုးဘိုး..ဒီလို ဟိုကောင်မလေးလေ ဘိုးဘိုးမြေးနဲ့အိမ် ကိုပါလာတဲ့ ဂီတညဆိုတဲ့မိန်းကလေး.အဲ့ဒါ သူ သူ့ကို အဲ့..သူက.."

စကားကို ဘယ်လိုလှည့်ပြောရမှန်းလည်းမသိ။ ဒီနေရာမှာ အလင်း ဆိုရင်တော့ လူငယ်ပီပီ အမှန်အတိုင်းတည့်တည့်ဖြေလည်း ရယ်စရာ ရွှတ်အနောက်လေးတွေနဲ့ ပေါ့ပါးသွားနိုင်သည်။ သူမညာလည်းမညာရက် ပေ။ ဒီတိုင်းပြောလို့လည်း မဖြစ်လောက်ပါ.. ၊

"အဲ့မိန်းကလေးက နည်းနည်းစကားရှုပ်တတ်တယ်..အဲ့ဒါပါ ဘာမှ မဖြစ်ပါဘူး၊ သားကိုသူ့အဖေက အဲ့ဒါတွေမေးပြီး ဆူနေတာပါ..အဟွန်း သူတို့သားအဖ စကားပြောရင် ဘိုးဘိုးသိရဲ့သားနဲ့.."

ဟန်မဆောင်တတ်ဘဲ ဟန်ဆောင်ရယ်မောနေရင်း ကိုယ့်မျက်နှာ ဘယ်လိုကြီးဖြစ်နေပြီကို တွေးလိုက်မိ၏။

"ဘိုးဘိုးလက်သီးဆုပ်တောင် ကျစ်နေပြီကြည့်စမ်း..အသားအရေ တွေလည်း ကြည်နေတာပဲ၊ သိပ်မကြာဘူး လမ်းလျှောက်နိုင်တော့မယ်.. သမီးဘိုးဘိုးအတွက် လက်ကိုင်တန်းလေးလုပ်ဖို့ ခြံထဲမှာသေချာနေရာ ရွေးထားတယ်.."



ဦးကုဋေကတော့ သို့မျက်ခွံလေးတွေအစ်နေတာကို စူးစိုက်ကြည့်နေ ခဲ့ပါ။ ထိုစဉ် ဖုန်းမြည်လာသဖြင့် သိုဘိုးဘိုးကိုပြောပြီး ထလာခဲ့ရင်း..၊

"ဒေါ်စိုးရေ..ဘိုးဘိုးအတွက် ရေနွေးလေးစပ်ပြီး ယူခဲ့ပေးပါ.."

လှမ်းပြောလိုက်ပြီးမှ ဖုန်းပြောဖို့ အိမ်ရှေ့ထွက်လာခဲ့ရင်း.. ၊

"ဟလို.."

"ဖေကြီးနဲ့ဦး ပြဿနာတက်နေတယ်.."

"ဟင်..ဘာ.."

ဂီတအသံမှန်းသိလိုက်သဖြင့် ဖုန်းကိုဖျတ်ခနဲ ပြန်ကြည့်မိသည်။ ပြီးမှ နားမှာပြန်ကပ်၍.. ၊

"ဂီတလား..ဘာပြောလိုက်တာလဲ၊ အတွက်ရောက်နေတာလား..စံနစ် ဘယ်လိုတွေ့ကြတာလဲ.."

"သိချင်လာကြည့်လိုက်တော့အန်တီ..နှစ်ယောက်တစ်ယောက်သေပဲ ဖြစ်ဖြစ် ဂီတကတော့ ထင်ရာလုပ်မှာပဲ၊ ဘယ်သူ့ကိုမှ ဖြေရှင်းနေမှာမဟုတ် ဘူး.."

သူမစကားဆုံးသည်အချိန်မှာ သိုကားပေါ်ရောက်နေပြီဖြစ်သည်။ အလင်းကို သတိပေးဖို့လည်းသတိမရ။ အိမ်မှာမှာစရာ အေးမာလည်းမရှိ။ လင်တွေတလှုပ်လှုပ်တုန်ရင်း ကားမောင်းလာခဲ့ရလျက်.. ၊

"ဟား ဟား ဟား ဟား.."

သိုဘယ်လိုကယောင်ချောက်ချား ပြေးထွက်လာမလဲဆိုတာ မြင်စ ရာမလိုဘဲ သိနေသည်။ ထို့ကြောင့် တခြားတစ်နေရာကနေ ဖုန်းကိုမျက် နှာရှေ့မှာ ထောင်ကြည့်ရင်း ဂီတအားပါးတရရယ်နေလေသည်။ ရယ်နေ ရင်း မျက်ရည်တွေဝေ့လာခဲ့၏။

စံနစ်သူမကို တကယ်ပျော်ဝင်တာမဟုတ်မှန်း နားလည်လာပေမယ့် သူမချခင်း နင်းဖြတ်ခဲ့တဲ့ ဂုဏ်သိက္ခာဆိုတာကတော့ ကြေမွစုတ်ပြတ်ခဲ့ ရဖြစ်သည်။ သူမလူတွေသိအောင် ကြေညာခဲ့သည်။ သိုနဲ့အလင်းတို့ ရဲ့ စံနစ်ရင်ခွင်ထဲ တိုးဝင်ခဲ့သည်။ စံနစ်သည် သူမလက်ကို ဆွဲပြီးတော့ အားလုံးရှေ့ကနေ ထွက်ခဲ့ပါသေးသည်။ ဒါပေမယ့်.. ၊

"ဂရုမစိုက်ဘူးဆိုတာ အတိုင်းအတာရှိတယ်ဂီတ..ဒါကြောင့်အတွက် ဂရုစိုက်စရာလူမဟုတ်ဘူး၊ ဒါပေမယ့် အပြစ်တွေနဲ့ရှောင်ထွက်သွားရတဲ့ သူက ငါမဖြစ်ချင်ဘူး.."တဲ့.. ၊

ဂီတကျေနပ်ပီတိများဖြင့် တစ်ယောက်တည်း ကြိတ်ရယ်မိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



စံနစ်ကိုပိုင်ဆိုင်ရဖို့အတွက်ဆို သူမဘယ်လိုကိစ္စအကြောင်းအရာကိုမှ ဂရု မစိုက်တော့ပါ။ ဒီသားအဖစိတ်ဝမ်းကွဲဖို့ သိုဆိုတဲ့မိန်းမရဲ့ ဖြားယောင်းနိုင်မှုတွေ အဆုံးသတ်ဖို့ စသဖြင့်သော မူလရည်ရွယ်ချက်တို့က ခုတော့ စံနစ်ကို ပိုင်ဆိုင်ရေးတစ်ခုပေါ်မှာပဲ မှီတည်နေခဲ့လျက်.. ၊

"စားစရာတွေမှာထားပြီးမှ ဘာထလုပ်နေတာလဲ.."

ဂီတ မျက်နှာလေးညိုးနွမ်းနေကာ ဖုန်းကိုင်လျက်စံနစ်နဲ့မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ပြီး.. ၊

"ဖေကြီးရန်ကုန်ရောက်နေတယ်တဲ့.."

"အဲ့ဒီတော့.."

"ဂီတကိုကျုပ်လိမ့်ဦးမယ်..ခုပဲချက်ချင်းပြန်ရတော့မယ်၊ အဘွားတို့က ဖေကြီးကို သိပ်ကြောက်ကြတာ.."

"မင်းအဖေက အတွက်ဖြစ်နေတာ ဘာဖြစ်လို့ညာခဲ့တာလဲ.."

စံနစ်က စီးကရက်မီးညှိရင်း ထူးခြားမှုမရှိသည့် မျက်နှာမျိုးနှင့်မေး၍.. ၊

"ဟော့..မေးနေတယ်လေ.."

"ဦးကလည်း ပြောပြတော့လည်းတစ်မျိုး.."

ဂီတက စိတ်ညစ်ပါတယ်ဆို ထပ်ညစ်သွားသည့် မျက်နှာလေးနှင့် ဆံပင်တစ်ချက်ဖွပစ်ကာ.. ၊

"ဂီတဖေဖေက ဦးဟိန်းကိုပဲ..ဒါပေမယ့် ဖေကြီးတို့ကလည်း ဂီတကို ချစ်ကြတာပဲ၊ ဒါပေမယ့် ဘယ်လိုပြောရမလဲမသိဘူး..ဖေကြီးတို့ဆီရောက်တော့ ဂီတကလေးပေါက်စလေး မဟုတ်တော့ဘူးလေ၊ ကိုယ့်မိဘရင်းမဟုတ်ဘူးဆိုတဲ့ အသိလေးတော့ ရှိနေတာပဲ..ဂီတရဲ့သန်းခေါင်စာရင်း မှတ်ပုံတင်မှာလည်း ဦးဟိန်းကိုပဲဆိုတော့.."

"အဲ့ဒါတွေကိုလက်ခံတယ်..မင်းက ဘယ်သူ့သမီးဖြစ်ဖြစ် ဒါလည်း ပြဿနာမရှိဘူး၊ အတွက်ရဲ့သမီးဖြစ်နေတဲ့အပြင် မင်းကဖွင့်မပြောဘူးဆိုတာ.."

"အဲ့ဒါ အန်တီသိုကပိတ်ထားလို့.."

စံနစ်က ဂီတကိုစိုက်ကြည့်သည်။ ဂီတရဲ့မျက်နှာလေးက ညနေဆည်းဆာနှင့်အပြိုင် ဝင်းစိုနေကာ ပုံဖော်ထားသည့်စတက်ပ်ဆံပင်လေးက နွဲ့နေ၏။ ပြာလဲ့သည့်မျက်ဝန်းလေးက စံနစ်ကိုကြည့်တိုင်း စူးလက်နေတတ်လျက်.. ၊



"ဘာဖြစ်လို့မှန်း ဂီတမသိဘူး.."

"ငါကတော့သိတယ်.."

မျက်ဝန်းနှစ်စင်း ဆုံဆည်းသွားလျှင် စံနစ်မျက်ဝန်းထဲက တရားခံဖမ်းသည့်အကြည့်ကို ဂီတခံစားမိလိုက်၏။ ထိတ်ခနဲဖြစ်သွားပေမယ့်..၊

"သူမပြောခိုင်းတာ မင်းစိတ်ချမ်းသာဖို့ဖြစ်မယ်.."

"ဦးက ဘာပြောချင်တာလဲ.."

"မင်းဘာဖြစ်ချင်နေတာလဲဆိုတာပဲသိချင်ခဲ့တာ ဒါပေမယ့်ခုတော့ သိပြီထင်တာပဲ.."

စီးကရက်သောက်တာ ဘယ်လိုဇယားတွေနဲ့မှန်းတော့မသိ။ ဒါပေမယ့် စီးကရက်တပ်လိုက်သည့် စံနစ်ရဲ့နှုတ်ခမ်းလွှာတွေက ရင့်ပေမယ့် အနီရောင်သမ်းနေသည်။ စီးကရက်သောက်ရင်း စကားပြောနေသည့်သူ့ပုံစံက တစ်ဖက်လူကို မထိမဲ့မြင်ပုံဖြစ်နေတတ်ပေမယ့် ဒါကိုပဲဂီတအိပ်မက်တွေ မက်နေခဲ့မိ၏။ ဒီအိပ်မက်တွေကို သူမပိုင်ဆိုင်ခွင့်သည်.. ၊

"မင်းကသတ္တိရှိတယ်..ဒါပေမယ့် မိုက်ရဲတဲ့သတ္တိတွေဖြစ်နေတယ်.."

"ဦးနဲ့ပတ်သက်ပြီး ဖြစ်လာတဲ့သတ္တိတွေက အချစ်နဲ့ပဲသက်ဆိုင်ပါတယ်..ချစ်တာကိုမိုက်မဲတယ်လို့ ဦးကပြောတာလား.."

"ဟုတ်တယ်.."

"ဦးပုံစံက ချက်ချင်းပြောင်းလဲသွားတယ်နော်.."

စိတ်ထင်ရာပြောကြတမ်းဆို 'မရခင် ဖျာလိုလိပ်ထိပ်ပေါ်တင်' 'ရပြီးတော့ ဖျာလိုခင်းပြီးနင်း' ဒီစကားပုံကို ရွတ်ပြပြီး တစ်ခုချင်းပြန်မေးလိုက်ချင်၏။ ဒါပေမယ့် စံနစ်သူမဆီက ဘာတစ်ခုမှမယူခဲ့သေး.. ၊

"ဆက်ပြောလေ..ဘယ်လိုတွေပြောင်းလဲနေသလဲ.."

"ဂီတ နားမလည်နိုင်တော့ဘူး..ဦးကဖျက်ဆီးဖို့ ဖြားယောင်းတာနဲ့တူတယ်၊ ဒါပေမယ့်.."

ဂီတဆက်မပြောတော့ သူပြုံးသည်။ ဂီတမျက်နှာလေး ဆတ်ခနဲမော့လိုက်ပြီး လက်တစ်ဖက်နဲ့ နှုတ်ခမ်းထိပ်ကို ပွတ်သပ်မိရင်း..၊

"ဂီတကို အရမ်းအလိုလိုက်ခဲ့တယ်..လိုချင်တာတွေပေးတယ်၊ ဂီတအတွက် ဦးရဲ့အရေးကြီးတဲ့အချိန်တွေထဲက အချိန်ပေးတယ်.. ဂီတကြောင့် အိမ်မှာအဆင်မပြေဖြစ်နေတာလည်း ဦးဂရုမစိုက်ဘူး.."

"ဟွန်း.."

"ဂီတပွင့်ပွင့်လင်းလင်းပြောရရင်.."

www.burmeseclassic.com

www.burmeseclassic.com



ပွင့်လင်းမယ်ဆိုပေမယ့် ရုတ်တရက်ကြီးတော့ ပြောမထွက်ဘဲရှိက၊

"ဦးနဲ့ဆိုရင် ဦးစီစဉ်တဲ့အတိုင်း ဘယ်လိုအနေအထားနဲ့ဖြစ်ဖြစ် ပို အဲ့ဒါ ဂီတဦးကိုချစ်လို့ပါ.."

"မင်းမသိခဲ့တာက မင်းထက်လှပြီး မင်းထက်ရဲတင်းတဲ့ မိန်းကလေ တွေ ငါ့မှာ.."

"ဂီတသိတယ်..အဲ့ဒါကြောင့် ရင်ခုန်ခဲ့တာ၊ ဦးရဲ့အထူးအရေးပေးမှု တွေကို အရမ်းတန်ဖိုးထားခဲ့တာ.."

"ဒါပေမယ့် ငါတန်ဖိုးထားတဲ့မိန်းမက မင်းမဟုတ်ဘူး.."

ဂီတမျက်နှာလေး မိုးကြိုးလျှပ်စီးကြောင်းကို သေချာမြင်လိုက်ရသလို ငေးစိုက်ငြိမ်သက်သွားသည်။ စံနစ်က မီးညှိပြီးစ စီးကရက်အသစ်ကို တစ်ခုခုဒဏ်ရာရှာသလို လှည့်ပတ်ထောင်ကြည့်သည်။ ပြီးတော့ စားပွဲ ပေါ်မှာရှိသည့် အလုပန်းအိုးလေးရဲ့နှုတ်ခမ်းနဲ့ ဖိကပ်ချေပစ်လိုက်ပြီး..၊

"အဲ့လိုစည်းကမ်းမဲ့ရင် တဗျစ်တောက်တောက် အပြစ်တွေတင်ပြီ၊ ငါ့ရဲ့ဖရိုဖရဲမှန်သမျှကို မညည်းမညူလိုက်သိမ်းတတ်တဲ့မိန်းမ.."

ပြောရင်း ခါးမတ်မတ်စန့်လိုက်ပြီး ရယ်သည်။ မျက်ဝန်းတို့သည် အလွန်တရာမြတ်နိုးသော ချစ်တဲ့သူကိုမြင်ယောင်ပြီး ချစ်မဝနိုင်ဖြစ်ရသလို မျိုး.. ၊

"ငါ့ဆီက ဥပေက္ခာတွေ ဘယ်လိုပဲရရ..အနိုင်ပိုင်းပြောခဲ့တဲ့စကား တွေ ဘယ်လောက်ရင့်နေနေ သူ့မျက်လုံးထဲမှာ ငြိုးရိပ်မရှိဘူး..ဝတ္တရားမ ပျက်ဘူး.."

"အဲ့ဒါ မချစ်တတ်တဲ့သူတွေပဲ လုပ်နိုင်တဲ့အလုပ်တွေပါ.."

"မှန်တယ်.."

စံနစ်က စားပွဲပေါ်မှာ လက်တံတောင်တစ်ဖက်လှမ်းတင်ပြီး ဂီတကို စိုက်ကြည့်သည်။

"သိုဆိုတဲ့မိန်းမက မချစ်တတ်တဲ့မိန်းမပဲ..အဲ့ဒါကြောင့် အတွက်နဲ့သူ့ ကိုဆုံပေးပြီး ငါ့ကိုမြင်အောင်ပြဖို့ မင်းအစီစဉ်က အဆင်ပြေမှာမဟုတ် ဘူး.."

"ဟင်.."

တစ်ကိုယ်လုံး ဖျင်းခနဲပူရှိန်းသွားသည်။ ရုတ်တရက် ဂီတမျက်လုံး တွေ ဆန်ကောထဲက ဒီးဖြူသီးတွေလိုဖြစ်သွားသည်။ စံနစ်မျက်လုံးတွေနဲ့ မဆုံအောင် ဘယ်ဆီလွှဲဖယ်ပစ်ရမှန်းမသိအောင် ယောက်ယက်တိုက်သွား၊



၏။

"သူ့ကိုသဝန်ကြောင်ခဲ့ရင် အဲ့ဒါငါ့ရင်ထဲက တစ်ဖက်သတ်လောဘပဲ ..သိုဆိုတဲ့မိန်းမကို ဖောက်ပြန်နေတယ်လို့ပြောရင် အဲ့ဒီလူ ကိုယ့်လည် ပင်းကိုယ်လှီးပြရင်တောင် ငါယုံမှာမဟုတ်ဘူး..မင်းလက်တွေပြဖို့ ကြိုးစား နေတဲ့ မြင်ကွင်းမျိုးတွေအပါပေါ့.."

"ဦးအဲ့လောက်ထိ သူ့ကိုချစ်နေရင် ဂီတကိုဘာဖြစ်လို့ မျှော်လင့်ချက် တွေပေးပြီး ဖျားယောင်းခဲ့တာလဲ..ဂီတကိုအသုံးချဖို့အတွက်နဲ့ ဒီလိုလုပ် တာ ဦးအရမ်းအောက်တန်းကျတယ်၊ အရမ်းယုတ်မာတယ်သိလား..ဦးရဲ့ မရိုးသားမှုတွေကို ဒီလောက်တောင်ဖုံးထားနိုင်တာ အရမ်းအံ့သြဖို့ကောင်း တယ်.."

"ငါကတော့ မင်းကပိုအံ့သြဖို့ကောင်းတယ် ထင်တာပဲ.."

ဂီတက စားပွဲပေါ်တင်ထားသည့် ဆလင်းဘက်ဒ်အိတ်ကြိုးလေးကို ကြွမွမတတ် ဖိဆုပ်ထားရင်း စံနစ်ကိုစူးစိုက်ကြည့်နေသည်။ တဆတ် ဆတ်တွန့်လှုပ်နေသည့် နှုတ်ခမ်းလွှာလေးတွေကိုပါ ဖိကိုက်ထားလျက်..

"နောက်ထပ်ဘာတွေလို့ဝှက်ထားသေးလဲ ပြောပါ..အကုန်အစင် ပြောစမ်းပါ.."

"ဟား ဟား ဟား.."

သူမရင်ခုန်ခဲ့ရသော နှုတ်ခမ်းလွှာတို့ကို ဖွင့်ဟရယ်နေသည့် စံနစ် ၏ရယ်သံသည် ခုချိန်မှာတော့ ဂီတရဲ့မျက်ရည်ခြူသံပင်.. ၊

"မင်းကတစ်ပြန်စီးပါလားဂီတည..မရိုးသားတဲ့လှို့ဝှက်ချက်တွေနဲ့ ငါ့မိသားစုထဲကို ဝင်လာတာဘယ်သူလဲ.."

"ဂီတကလူငယ်ပါ..အချစ်နဲ့ပတ်သက်သမျှ အားလုံးမှန်တယ်.."

"ငါ့သားနဲ့ငါ့ကိုသွေးခွဲဖို့ ကြိုးစားခဲ့တာက အချစ်နဲ့မသက်ဆိုင်ဘူး.. မင်းကိုအလျှော့ပေးနေတဲ့ မိန်းမတစ်ယောက်အပေါ် မင်းကြံစည်ခဲ့တာရော အဲ့ဒါလည်းအချစ်နဲ့ ဘာမှမဆိုင်ဘူး..မင်းလုပ်တာအရမ်းများနေပြီ.."

"ဘာ.."

ဂီတ ဒေါသချောင်းချောင်းထွက်ရလျက် ဆိုင်ထဲမှာဆိုတာလည်း သတိမထားနိုင်တော့ပေ.. ၊

"အလျှော့ပေးနေတဲ့ မိန်းမဟုတ်လား..ဂီတလုပ်တာများနေတယ် ပေါ့၊ အဲ့မိန်းမက ဖေကြီးကိုနှစ်ပေါင်းများစွာ လှည့်စားခဲ့တာ.."

"ဟုတ်တယ်..အဲ့ဒါ သိုဆိုတဲ့မိန်းမပဲ၊ ငါတစ်ဘဝလုံးမှာ သူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်ပဲ..'မိန်းမ'ရှိတယ်လို့ သတ်မှတ်ထားတဲ့သို့.."

"ရှင်ရူးနေတာ..ရှင်တို့ကန်းနေကြတာပဲ.."

သီးသန့်ခန်းထဲမှာပဲ ဂီတအသံက အပြင်ကိုပေါက်မတတ်ကျယ် လောင်လာ၏။ သူများကို ရူးနေပြီပြောနေခဲ့ရင်း သူမမျက်ရည်တွေ စို့ လျက်ရယ်၏။

"အရူးတွေ..ရှင်တို့တွေ စုံလုံးကန်းနေကြတာ၊ အဟွန်း..ဟွန်း.."

ဂီတနေရာမှ ထရပ်လိုက်သည်။ ပြီးတော့ လက်ထောက်ပြီး ပြန် ကြည့်ကာ.. ၊

"စောသဲဆိုတဲ့မိန်းမရယ် ဂီတရယ် ကျွန်မတို့သားအမိကဘာလဲ..သူ့ ကြောင့် ဖေကြီးအချစ်ကို မေမေဆုံးရှုံးခဲ့ရတယ်၊ ဂီတချစ်နေတဲ့သူကလည်း သူ့ကိုပဲချစ်တယ်တဲ့..ဒီမိန်းမကဘာမို့လို့လဲ.."

သူရူးတစ်ယောက်လို ဂီတတုန်ယင်ပေါက်ကွဲနေသလောက် စံနစ်က နာရီပင့်ကြည့်ပြီး အေးဆေး.. ၊

"ပြောစမ်းပါဦးရဲ့..ဂီတက အသက်ငယ်ပေမယ့် သိဆိုတဲ့မိန်းမ လောက်မလှလို့လား၊ အဲ့လိုရှိုးပုံရှိုးကန်းပုံစံတွေထုတ်ပြီး ယောကျ်ားတွေ ကို မသိမ်းသွင်းတတ်လို့လား..ဂီတမှာဘာချို့ယွင်းချက်တွေ ရှိနေလို့လဲ.."

မျက်နှာထိငုံ့ကပ်ပြောနေသဖြင့် စံနစ်ကမျက်နှာတိမ်းပြီး ငဲ့ကြည့် သည်။ ပြီးတော့.. ၊

"မင်းအေးဆေးပြန်ထိုင်လိုက်ပါလား.."

"အေးဆေးဟုတ်လား..ဦးကရော ဘာကြောင့်အေးဆေးနိုင်ရတာလဲ ရှင်ဂီတကို လက်မထပ်ရင် ဘာတွေဆက်ဖြစ်မလဲသိလား..အဲ့အတွက် ဂီ တက အားလုံးပြင်ဆင်ပြီးသား.."

ပြောနေရင်း မျက်နှာမော့၍ မျက်ရည်သုတ်သည်။ ပြီးတော့ အိတ်ကို ပခုံးပေါ်ဆွဲချိတ်ထားလိုက်ကာ.. ၊

"ယောကျ်ားတစ်ယောက်ကို မိန်းမတစ်ယောက်က ဘယ်လောက်ထိ ဒုက္ခပေးနိုင်သလဲ ရှင်သိသွားရမယ်.."

သူမက အားပါးတရကြိမ်းဝါးပြီး ချာခနဲလှည့်ထွက်သွားသည်။ စံ နစ်က ထိုင်ရာမထဘဲ ဂီတရဲ့လက်ကိုဖမ်းဆွဲထားလိုက်ကာ.. ၊

"မင်းတွေ့နေတာ ဘယ်သူမို့လို့လဲ.."

"ဘာလုပ်တာလဲ..ဂီတသွားမယ်လွှတ်.."

"မရဘူး.."



စံနစ်က အားနဲ့ဖိဆွဲလိုက်လျှင် ဂီတမူလနေရာမှာပဲ ထိုင်လျက်လေး ပြန်ကျသွားခဲ့၏။ သို့သော် လက်ကိုပွတ်လိမ်ရုန်းနေဆဲဖြစ်ကာ စံနစ်ရဲ့ လက်တစ်ဖက်တည်းကို သူမဘယ်လိုမှလွတ်မြောက်အောင် မရုန်းနိုင်။

"ရှင်..ရှင် ဂီတကိုဘာလုပ်တာလဲ.."

"မိမဆုံးမ ဖမဆုံးမလေးဆိုရင် ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဆုံးမပေး လိုက်လို့ရတယ်..မင်းကတော့ 'မိမနိုင် ဖမနိုင်'ထဲကဖြစ်မယ်၊ အဲ့ဒါကြောင့် ကိုယ့်သားသမီးကို နိုင်အောင်ဆုံးမပေးဖို့ အပ်ရမယ်.."

"ဟင့်အင်း..ဟင့်အင်း လွှတ်..ဂီတ အော်လိုက်မှာနော်၊ ဟောဒီမှာ.."

"တိတ်စမ်း..တိတ်စမ်း.."

အသံနှင့်အတူ လူကြီးနှစ်ယောက်ပြေးလွှားဝင်လာကြကာ ရှေ့ဆုံး က နားသယ်စပ်တွေဖွေးလှုပ်နေအောင်ဖြူနေသော အမျိုးသမီးကြီးသည်.. ၊

"ရှက်ဖို့ကောင်းလိုက်တာ..အမိုက်မ ကဲဟယ်.."

ဖြန်းခနဲရိုက်ချက်က အင်အားချိန့်နေသည့် လူကြီးမို့ ခပ်ပျော့ပျော့။ သို့သော် ဂီတမျက်လုံးလေးအပြူးသားနှင့် ငေးကြောင်ငြိမ်သက်သွားလေ သည်။ စံနစ်ကနေရာမှထကာ မလွှတ်တမ်းဖိဆုပ်ထားသည့် ဂီတလက် ကို ဘေးကအမျိုးသမီးလက်ထဲရောက်အောင် ထည့်လိုက်ပြီးမှ.. ၊

"ပြောရရင် သူ့ကိုအပြစ်ပေးလို့ရသေးတယ်..ဘာကြောင့်ဆိုတာ လည်း သူသိတယ်၊ ဒါပေမယ့် ပြန်ခေါ်သွားပါ..နောက်ထပ်ကျွန်တော်နဲ့ ကျွန်တော့်မိသားစုကို နှောက်ယှက်လာမယ်ဆိုရင်တော့ ခုလိုတိုးတိုးတိတ် တိတ် လှမ်းတိုင်နေမှာမဟုတ်ဘူး.."

"တောက်.."

ဂီတ ခြေဆောင့်လိုက်ပြီး တက်ခေါက်သည်။ ပြီးတော့ ရှိုက်ငိုရင်း.. ၊

"နှောက်ယှက်မယ်..ရှင့်ကြီးကိုဒုက္ခပေးဦးမှာသိလား၊ အရမ်းမုန်း တယ်..လူယုတ်မာ.."

"ငါတော့..ကဲဟယ်.."

ရိုက်ခတ်သံတစ်ချက် နောက်ထပ်ကြားလိုက်ရသည်။ စံနစ်မျက်ခမ်း လှုပ်ရှုံ့မဲ့သွား၏။ နဖတ်ငယ်ရွယ်နေတိုင်း ချစ်ခင်ဖွယ်ဖြစ်နေသလား.. ၊

အလှအပပကာသနဆိုတော့ မြတ်နိုးသူရဲ့တန်ဖိုးလဲ.. ၊

အဲ့ဒါမင်းသိအောင် ကြိုးစားလိုက်ဦး.. ၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅၂)

"ဒါဆို.."

အတွက်ကိုရှေ့မှာထားပြီး သိုသတိလစ်မတတ် ထိတ်လန့်သွားသည်။ ဂီတလုပ်ချလိုက်ပြန်ပြီ။ အချိန်သည် ညနေညီအစ်ကို မကွဲတကွဲ ဖြစ်နေခဲ့လျက် သူမပြန်ရောက်ရင်တော့ မိုးချုပ်သွားမည်သာ.. ၊

"သို.."

"ငါ ငါဒုက္ခရောက်ဦးတော့မယ်..ဂီတရက်စက်လိုက်တာ.."

အတွက်ကို တိုင်တာမဟုတ်ပါ။ သူမထိတ်လန့်စွာ ရေရွတ်ရင်း နောက်ကိုခြေလှမ်းဆုတ်မိ၏။ သစ်ပင်တွေနံရံတွေမှာ မျက်စိရှိသည်တဲ့။ အတွက်နဲ့သူမကို သားလေးတစ်ခါအထင်လွဲပြီး ရှောင်နေခဲ့တာ နှစ်ပတ် လောက်ကြာသည်။ ဒီတစ်ခါရော သားလေးတစ်နေ့ရာကနေများ ကြည့် နေမလား.. ၊

"မိသို..နင်ဘာဖြစ်နေတာလဲ၊ မိုင်းဖုံးနင်းမိထားတာ ကျနေတာပဲ.."

"ငါ နင်နဲ့စံနစ်ပြဿနာတက်နေတယ် ထင်လို့လာခဲ့တာ..ငါတော င်း ပန်ပါတယ်အတွက်ရယ်၊ ငါ့သားလေးက.."

"ငါနားလည်ပါတယ်သိုရယ်..နင်တောင်းပန်ရမှာမဟုတ်ပါဘူး၊ ငါ့ သမီးအတွက် ငါကသာတောင်းပန်ရမှာ..ရှက်စရာလည်းကောင်းတယ်.. စိတ်ပျက်ဖို့လည်း ကောင်းတယ်၊ သူ့လုပ်ရပ်အတွက် စံနစ်ကိုပါတောင်း ပန်ဖို့ ငါနင့်ဆီလာချင်နေတာတကယ်.."

"ဟင့်အင်း..မလာနဲ့ မလာနဲ့.."

သိုအတွက်ကို အားနာရမှန်းမသိအောင် ခေါင်းခါလက်ခါဖြစ်သွား သည်။ ပြီးတော့လည်း အားနာဖို့သတိရသွားပြန်ကာ.. ၊

"ငါ့ကိုနားလည်ပေးပါ..ငါ့သားလေးနဲ့သူ့ကို၊ စံနစ်ကိုငါ.."



"ငါသိပြီ.."

"အဲ့လို အဲ့လိုဟုတ်တယ်.."

"ဟင်.."

"နင်နားလည်တာလေ..ငါဘာဖြစ်သွားမှန်းမသိဘူး၊ စံနစ်ကို.."

"ချစ်နေပြီပဲပြောလိုက်ပါမိသိုရာ..ဘာလို့စံနစ်ကိုမှ ထစ်ငေါ့နေတာ လဲ.."

သိုဆံပင်လေးသပ်ရင်း မျက်နှာလွှဲရှာသည်။ အတွက်မချိတရိပြုံးရင်း ခေါင်းညိတ်ပေးမိသည်။ ဂီတအကြောင်းလည်း အဆိုးအကောင်းဘာမှမ ပြောရှာတဲ့ သူငယ်ချင်းလေး.. ၊

မုန်တယ်ထင်ရင် ပြောရဲသလောက် မှားရင်လည်းဝန်ခံတတ်သည်။ ဒူအပေါ်မှာ သူမအမြဲတမ်းဖြူစင်ခဲ့တယ်ဆိုတာ သိခဲ့တာတော့ကြာပါပြီ၊ ကျော်လင့်မိတာ ကိုယ့်အတ္တ.. ၊

"ဆောရီးဟာ..ငါထွက်လာကာမှစောကဖုန်းဆက်ပြောတာ..ငါတို့ သမီး ဘာတွေလုပ်နေတယ်ဆိုတာ.."

"တော်ပါပြီ..ငါတို့ကိုထပ်ပြီး ဒုက္ခမပေးအောင်သာ ဂီတကိုထိန်းထား ပေးပါ၊ နင်လာတောင်းပန်ဖို့ မလိုဘူးနော်..နင့်ကိုမြင်ရင် သူတို့သားအဖ နားလည်ချင်မှာမဟုတ်ဘူး.."

"ဟုတ်ပါပြီ..ဒါပဲထပ်မှာမနေပါနဲ့၊ ကားပေါ်ကိုလည်း ခြေတစ်လှမ်း ရောက်နေပြီ..ပြန်ပါတော့.."

"ငါ နင်နဲ့ချိန်းထားသလို ထပ်ဖြစ်သွားရင် ဒီတစ်ခါဘယ်လိုမှ ရှင်း လွယ်တော့မှာ မဟုတ်ဘူး..အဲ့ဒါကြောင့်ပါ.."

ကားပေါ်တက်မောင်းလာရတာ အားနာပေမယ့် ကျန်ခဲ့သည့်အတွက် လည်း ဖုန်းကိုင်လိုက်တာတွေ့တော့ သိုသက်ပြင်းချမိသည်။ ဟိုအရင် ..ည်းက မနေ့တစ်နေ့ကအချိန်ထိ အိမ်ပြန်ချိန်လမ်းခွဲကြပြီဆို 'နင်အရင်' 'ငါအရင်ပြန်' 'နင်သွားပြီးမှငါပြန်မယ်' စသဖြင့်သော သံယောဇဉ်တို့ တစ်ယောက်တည်းထားပြီး ကျောမခိုင်းရက်ကြတဲ့အထိ.. ၊

ခုတော့ သူမကျောခိုင်းခဲ့ရသည်။ ဒါပေမယ့် အတွက်လည်းဖုန်းပြော ..ကားပေါ်ကမန်းကတန်းပြန်တက်သွားတာမြင်တော့ စိတ်သက်သာ ရသွား၏။ သို့သော်.. ၊

"သား.."

ကားမရပ်ရသေးခင် အလင်းကိုပေါ်တိုက်အောက်မှာ မြင်လိုက်ရသ

www.burmeseclassic.com

www.burmeseclassic.com



ဖြင့် ကားရပ်ခြင်းဆင်းလိုက်ခြင်းက ကပျာကယာတွေဖြစ်သွားခဲ့၏။

"သားဒီမှာ ဘာထွက်စောင့်နေတာလဲ.."

"မေမေက ဘယ်သွားတာလဲ.."

ဟင်.. ။

သားလေးမြင်လိုက်ပြန်ပြီလား..။ သိုမဖြေရဲတော့ဘဲ မျက်လုံးအဝိုင်းသားနှင့် ကြည့်နေမိ၏။ တစ်သက်လုံးက မကြောက်တတ်ခဲ့သည့် သမျှတွေလည်း သားရဲ့အကြည့်တစ်ချက်မှာ ပြားပြားဝပ်ပျောက်ကွယ်ကုန်ကာ.. ။

"မေမေက မေမေပြောမယ်သား..အဲ့လိုမဟုတ်ဘူး၊ မေမေ့ရင်ထဲမှာ.."

"ညာမနေပါနဲ့မေမေရာ..ဒီအချိန်ထိ မေမေညာနေတာ၊ ကျွန်တော် ဘယ်လောက်ထိခိုက်ခဲ့ရသလဲသိလား.."

သားရယ်.. ။

သိုမျက်ရည်တွေ အိခနဲဝေ့တက်လာသည်။ သူမချည်းပဲဘာလို့ ဒီလို အဖြစ်ဆိုးတွေနဲ့ပဲ ကြုံနေရတာလဲ.. ။ ဖြေရှင်းရခြင်းကို သိမ်ငယ်စရာဟု သူမထင်သည်။ မှားနေရင်လည်း ဝန်ခံရုံပါပဲ။ မှန်နေတာလည်းမဟုတ် အမှားလည်း မဟုတ်သည့် ဒီလိုတိုက်ဆိုင်မှုကို သူမ.. ။

"ဖေဖေသွားတော့မယ်.."

"ဘယ်လို.."

အလင်းမျက်နှာက တင်းမာနေကာ သိုကိုင်လိုက်သည့်လက်ကို ဖယ် ချပစ်လိုက်ပြီး ခြံထဲဆင်းသွား၏။

"သား.."

"နေပါမေမေရာ.."

အလင်းမျက်ဝန်းတွေ သို့ကိုငဲ့ကြည့်လိုက်စဉ် အိမ်ထဲကဖြာကျလာသည့် မီးရောင်နှင့်လက်ခနဲဖြစ်သွားခဲ့သည်။ မျက်ရည်တွေလား.. ။

သိုတစ်ကိုယ်လုံး မီးတောက်ကြီးထဖြစ်လာသလို ဘယ်ဆီလျှောက် ပြေးရမှန်းမသိအောင် ပူလောင်သွားသည်။ သားသမီးရဲ့နာကျင်မှုကိုမြင် ရသည့် မိဘတို့ရင်ထဲတွင်.. ။

"ဘာဖြစ်လို့လဲသားရယ်..မေမေ အမှန်အတိုင်းပြောနေတာပါ၊ မေမေ မှားခဲ့တာ မှန်ရင်.."

"မေမေခုချိန်ထိ ကိုယ့်ကိုယ်ကိုမှန်တယ်ထင်နေသေးရင် ပြောစရာ မရှိတော့တာ..မေမေနဲ့ဖေဖေကို ကျွန်တော်မျှော်လင့်ခဲ့ရတာတွေ အဲ့ဒါ



ကို မေမေပြန်ပေးတော့ဒါတွေပဲလား.."

"မေမေပြောပါရစေ.."

"နေပါတော့..ကျွန်တော့်ကို မေမေချစ်တယ်ဆိုတာသိတယ်၊ ဘယ်လို ဖြစ်ခဲ့သလဲဆိုတာပဲ ခုမှရှင်းသွားတာ.."

"သား..နေဦး.."

အလင်းတစ်ချက်မှ လှည့်မကြည့်ဘဲ ထွက်သွားသည်။ ဒီတိုင်း လျှောက်ထွက်သွားသည့် သားနောက်ကိုပြေးလိုက်မိပြီးမှ ခြေလှမ်းတုံ့သွား မည်။ 'ဖေဖေသွားတော့မည်'လို့ သားပြောသွားသည်။ ဘာကြောင့်လဲ..၊

သူမကိုအတွက်နဲ့ ယိုးစွပ်ပြီးတော့လား..။ အကြောင်းအရာတစ်ခုကို မြင်နဲ့ပဲ ဘာဖြစ်လို့ဆုံးဖြတ်တာလဲ.. ၊ မဟုတ်ဘူး..ထွက်သွားပြီး ဂီတ လက်တွဲချင်လို့ ငါ့အပေါ်အပြစ်ပုံချတာ.. ၊

ယောက်ယက်ခတ်ပူလောင်နေသည့်စိတ်ကြောင့် ကိုယ့်ကိုယ်ကိုက လဲပြန်ဖြစ်သွားတာ သတိမထားမိပေ။ ရပ်နေရာကနေ ချာခနဲပြန်ပြေး င်လာတော့ ကျောနောက်ကဆံပင်တွေက တဝေ့ဝေ့လွှဲရမ်းနေခဲ့လျက်..၊

♥♥♥

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅၃)

"စံနစ်.."

စိတ်ကတော့ တံခါးခေါက်ဖို့ပဲဖြစ်သည်။ ဒါပေမယ့် တစ်ခါတည်း တွန်းဖွင့်ပြီး ဝင်သွားခဲ့မိကာ.. ၊

"စံနစ် ရှင်အထဲမှာလား.."

မွေ့ရာပေါ်မှာ အဝတ်အစားတစ်ဝက်လောက်ထည့်ပြီးလက်စနှင့် ရီးဆောင်သေတ္တာက ပွင့်လျက်သား။ လူကိုမတွေ့သောကြောင့် ရေချိုးခန်းဘက်လှည့်လိုက်လျှင် စံနစ်ကတဘက်ပတ်လျက်ထွက်လာကာ.. ၊

"ဘာလဲ.."

"ရှင်ကရေမိုးချိုးပြီး ထွက်တော့မယ်ပေါ့..အကြောင်းပြချက်က ကျွန်မ မဟုတ်လား.."

"ဟုတ်တယ်.."

သို့ သူမျက်နှာရှေ့တန်းရောက်သွားသည်။

"ကျွန်မတို့က ရိုးသားတယ်..ရှင်သာ သူ့သမီးကိုလိုချင်လို့ သူ့အမေနဲ့ကျွန်မကို စွပ်စွဲတာ၊ အပြစ်ပုံချနေတာ..ရှင်ထွက်သွားလို့မရဘူးသိလား ရှင်ထွက်သွားတာလည်း ကျွန်မကြောင့်ဆိုပြီး သားကကျွန်မကိုပဲမုန်းမှာ.."

"ဒါဆို မင့်သားမင်းကိုချစ်အောင် ငါကနေပေးရမယ်ပေါ့.."

"အဲ့ဒါရှင့်သားပဲလေ.."

" 'မ'ကိုချစ်မှ 'ဥ'ကိုမင်တာ.."

ကိုယ့်ကိုမချစ်လို့ သားကိုပါမချစ်တော့ဘူးတဲ့လား..။ ပြောရက်လိုက်တာ ကြည့်စမ်း.. ၊

သားအတွက်လား သူ့ကိုမုန်းတာလား ဒေါသလား ဘာမှန်းမသိ မျက်ရည်တွေကျလာခဲ့သည်။ သိမျက်တောင်ခတ်၍ မျက်ရည်သိမ်းဖို့ကြိုး



စားသည်။ ကြိုးစားရင်း လိမ့်ခနဲ နွေးခနဲဆင်းကျလာကြ၏။ သူမနှုတ်ခမ်းလေး မဲ့ကျသွားလျက် မျက်ရည်ငုံ့သုတ်လိုက်ချိန်မှာ စံနစ်ဘယ်လိုမှမျိုသိပ်ဟန်ဆောင်မနေနိုင်တော့ဘဲ.. ၊

"သို့.."

သူမရဲ့ပခုံးလေးနှစ်ဖက်ကို ဆွဲလှည့်ယူလိုက်ပြီး.. ၊

"ငါမင်းကြောင့်ဘယ်လောက်ထိ ရူးချင်ယောင်ဆောင်နေရဦးမှာလဲ.."

သို့နှုတ်ခမ်းလေး ပွင့်ဟသွားလျက် သူ့ကိုကြည့်တာ တအံ့တသြ။ အပေါ်အင်္ကျီမပါသော ရေချိုးပြီးစ စံနစ်ရဲ့ရင်အုံ့ပြန့်ပြန့်မှာ လက်ဖဝါးတို့တင်ထားလျက် သူဘာပြောလိုက်တာလဲဆိုတာကို အသည်းအသန်စဉ်းစားရင်း.. ၊

"ရှင်က.."

"ဟုတ်တယ်..ငါရူးချင်ယောင်ဆောင်နေခဲ့ရတာ၊ အဲ့ဒါမင်းငါ့မျက်စိအောက်ကနေ ပြန်ပြေးသွားမှာစိုးလို့..သားကြောင့် မင်းပြန်ရောက်လာတယ်၊ ငါကပေါင်းပါရစေဆိုရင်တော့ မင်းပြန်ပြေးဦးမှာပဲ..အဲ့ဒါကြောင့် ငါမင်းကို ဥပေက္ခာတွေနဲ့ဆက်ဆံခဲ့တာ.."

သိုဘယ်လိုမှ မယုံနိုင်။ လူတစ်ယောက်ကရင်ထဲမှာမရှိဘဲ တကယ်ရှိနေတဲ့အတိုင်း လိမ်ညာပြောရင်တောင် မျက်လုံးတွေကတော့ ညာနိုင်မှာမဟုတ်ပေ။ မင်းသားမဟုတ်ဘဲ သူဒီလောက်တောင် သရုပ်ဆောင်ကောင်းနေမလား.. ၊

စံနစ်မျက်နှာကို စေ့စေ့ကြည့်၍ သိုကခေါင်းခါသည်။ ပြီးတော့ သူ့ရင်ဘက်ပေါ်တင်ထားမိသည့်လက်ကို ပြန်ရုတ်လိုက်ရင်း လက်သီးလေးဆုပ်ပစ်မိကာ.. ၊

"ရှင်ညာနေတာ.."

"ဘာလို့ညာတယ်ထင်နေတာလဲ.."

"ရှင် ရှင်ကျွန်မကို စိတ်နာနေတာ..ကျွန်မကိုမောင်းထုတ်ဖို့တောင် စိတ်ကူးခဲ့သေးတယ်.."

"ကိုယ့်စိတ်ကူးထဲထိ မင်းသိတယ်ပေါ့.."

မဟုတ်ပါဘူး..။ သူတကယ်ကိုမောင်းထုတ်ခဲ့တာပါ။ ဘိုးဘိုးဆီမှာ ကပ်နေရလားလို့ သူကိုယ်တိုင်ပြောခဲ့တာပဲ.. ၊

"ရှင်ကျွန်မကို ဘယ်လိုနှိပ်စက်ချင်သေးတာလဲစံနစ်.."

"အဲ့ဒါ ငါမေးရမှာ..မင်းကိုပြန်လာဖို့ ငါဘယ်လောက်ခေါ်ခဲ့လဲ၊ သား

www.burmeseclassic.com

www.burmeseclassic.com



ကိုချီပိုးပြီး မင်းဆီဘယ်လောက်တောင် လာခဲ့ရလဲ.."

"ဟုတ်တယ်..အဲ့ဒါကြောင့် ရှင်ကျွန်မကိုစိတ်နာတာလေ၊ သားဆီကို ပြန်ရောက်လာတော့လည်း သားကိုပြစ်ထားမိတဲ့အပြစ်နဲ့.."

"သားကိုမင်းပြစ်ထားတာ မဟုတ်မှန်း သူများထက်ငါပိုသိတာပေါ့ သို့..မင်းငါ့ကိုအဆက်ဖြတ်ချင်လို့ သားကိုပါမဆက်သွယ်ခဲ့တာပဲ၊ အဲ့ဒါ တွေကြောင့် ငါဆုံးဖြတ်ခဲ့ရတာ..မင်းကိုယ့်ရင်သွေးကိုတောင် ဥပေက္ခာ ထားခဲ့တဲ့အထိ မုန်းခဲ့တဲ့မင်းကို ငါဘယ်လိုပြန်စရမလဲ.."

သို့မျက်ဝန်းလေးတွေ သူ့မျက်နှာထက်မှာ စူးစိုက်လာသည်။ စံနစ် က သို့လက်ဖဝါးလေးတွေကို တယုတယဆုပ်ကိုင်ထားလိုက်ပြီး.. ၊

"မင်းသိလား..ငါဘယ်လောက်ထိ ထိန်းချုပ်နေခဲ့ရလဲဆိုရင် ငယ် ငယ်တုန်းက ဥယျာဉ်ထဲမှာ လိပ်ပြာဖမ်းဖို့အသက်အောင့်ပြီး ချောင်းနေ သလိုပဲ..မင်းနောက်ကတကောက်ကောက်လိုက်နေပေမယ့် မမြင်အော ကိုယ်ယောင်ဖျောက်ထားရတယ်၊ မင်းကိုပွေ့ဖက်ထားချင်တိုင်း မျက်နှာလွှ နေရတယ်..မနေနိုင်တဲ့အခါ မူးချင်ယောင်ဆောင်ပြီး အတင်းနမ်းပစ်ရတ ကတော့.."

"ဘယ်လို.."

စံနစ်ကရယ်သည်။ သိုကမရယ်နိုင်ဘဲ သိချင်တာကိုပဲ အတင်းအ ကျပ် စဉ်းစားနေခဲ့လျက်.. ၊

"ရှင်အရက်မူးလာတဲ့ညက.."

"ဟုတ်တယ်.."

အရွယ်လွန်လေးဆယ်ကျော်ပေမယ့် အပျိုဖျန်းကလေးလို သို့ပါးပြ လေးတွေ ရဲတက်သွားသည်။ ပြီးတော့ ရင်ခုန်သံတွေမြန်လာတာ ကိုယ့် အသံကိုယ်ကြားလာရတဲ့အထိ.. ၊

"မင်းကိုမောင်းထုတ်ဖို့မပြောနဲ့ အစစအရာရာ မင်းအဆင်ပြေအော ပြီးတော့ ဒီမှာပဲဆက်နေသွားဖြစ်ဖို့ အဆင်မပြေဖြစ်နိုင်တာတွေ ရှင်းသွာ အောင် မင်းနောက်မှာကိုယ် ဖက်ဖက်မောအောင် လိုက်လုပ်နေတာတွေ မင်းသိခဲ့လို့လား.."

သိုက မျက်လွှာချပစ်ရင်း တစ်ဖက်လှည့်သည်။ စံနစ်က သို့မျက် နှာလေးကို ပြန်လှည့်ယူ၍.. ၊

"ဂီတနဲ့ကိုယ့်ကို သံသယရှင်းရဲ့လား.."

"ဘယ်လိုလုပ်ရှင်းမှာလဲ..ခုပဲ ရှင်သူ့ဆီသွားမလို့ အထုတ်အပိုးပြ



နေတာ.."

"သူ့ဆီသွားမယ်လို့ မင်းကိုဘယ်သူပြောတာလဲ.."

ဘယ်သူမှမပြောခဲ့ပါ။ အရင်က မာကျောကျောစံနစ်ဆိုရင်တော့ 'မင်းပဲသိနေတာလား'လို့ မေးပြီးလောက်တာ သေချာ၏။ ဒါပေမယ့် စံနစ် ကရယ်ကာ သို့နဲ့နဖူးချင်းထိကပ်ထားလျက်.. ၊

"မင်းနဲ့ကိုယ် ဟန်းနီးမွန်းထွက်မလို့.."

"ကျွန်မနဲ့.."

"ဟုတ်တယ်..အေးမာကို မင်းအတွက်လိုအပ်တာတွေ ထည့်ထားပေး ဖို့ ခိုင်းထားတယ်.."

"ဒါဆိုသားလေးက.."

"သူတလွဲထင်သွားတာ ဖြစ်မယ်.."

သူ့နှုတ်ခမ်းပေါ်က အပြုံးကို သိုဘဝင်မကျနိုင်။ တလွဲထင်ရသည့် အကြောင်းရင်းကြီးက လူတစ်ယောက်ရဲ့ဘဝပျက်သွားနိုင်သည်။ စိတ်မ နိုင်သည့်လူဆို ရေထဲခုန်ချသေသွားမလား..။ ပြန်မလာတော့ဘူးဆုံးဖြတ် ပြီး အဝေးကြီးတစ်ခါတည်း ထွက်သွားမလား.. ၊

ဒီခံစားချက်ကြောင့် ဆိုးရွားသည့်အဖြစ်ဆိုးတွေ အများကြီးဖြစ်သွား နိုင်တာတောင်.. ၊

"ရှင်ဘယ်လိုပြုံးနေနိုင်တာလဲစံနစ်..သားလေးက ကျွန်မကြောင့်ဆို ပြီး.."

"ဟုတ်တယ်လေ..ဖေဖေဘာလုပ်မလို့လဲမေးတော့ ဒီလောက်ဆို တော်လောက်ပြီ မင်းအမေကြောင့် ငါရူးတော့မယ်လို့ ပြောလိုက်တာ.."

ဖြစ်ရလေ..သိုစိတ်ဆင်းရဲခြင်းကြီးစွာဖြစ်လျက် စံနစ်လက်ထဲက အ တင်းရုန်းထွက်သည်။

"ကိုယ်ပြောတာမဆုံးသေးဘူး.."

"ဆုံးအောင်နားထောင်နေရင် ကျွန်မသားလေးတစ်ခုခုဖြစ်တော့မှာ.. ရှင်ကသိပ်ဂွကျတဲ့လူသိလား၊ ပြောချင်သလိုပြောတယ် ဖြေချင်သလိုဖြေ တယ်..သူများနားလည်လည် မလည်လည် သိသိမသိသိ.."

"သူမသိလို့ မင်းကိုယ့်အခန်းထဲ တန်းရောက်လာတာပေါ့.."

ဖုန်းထုတ်ယူလိုက်ရင်း မျက်စောင်းထိုးဖို့ပြင်ထားသည့်အကြည့်က စံနစ်ဆီ တန်းခနဲရောက်၏။ စံနစ်က သူများကိုတိုးလိုက်ရင်း.. ၊

"ကိုယ်ပြောတာ ဘာမှသားပါလို့လား..မင်းကိုဟန်ဆောင်ဥပေက္ခာတွေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဆက်ဆံနေရတာ ဒီ့ထက်ကြာရင် ရူးသွားနိုင်တယ်..အဲ့ဒါညာတာမ ဟုတ်ဘူး.."

"အို..စံနစ်.."

စံနစ်က သို့တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်ထားလိုက်လျှင် ဖုန်းက ကြမ်းပေါ်သို့ဒေါက်ခနဲလွတ်ကျ၏။ ပြီးတော့ အေးနေသည့်အခန်းထဲမှ မွှေးသောအနမ်းတို့က တပ်မက်မြတ်နိုးစွာ ကြာရှည်ခဲ့လျက်.. ၊

ဂီတနဲ့ပတ်သက်ခဲ့ရတဲ့အကြောင်းတွေ သူပြောပြနေသည်။ သို့မြင် လိုက်သည့်အချိန်တွေမှာ သူ့ဘက်ကလိုက်လျောခြင်းတွေက ဟန်ဆောင် မှုတွေဆိုတာ ယုံချင်စရာမရှိပေ။ ဒါပေမယ့် သို့ပျော်နေခဲ့သည်။ အရာရာ ဟာ ဒီလောက်ထိအဆင်ပြေချောမောစွာ ပြီးဆုံးသွားနိုင်သည်လို့ ယော လို့တောင် မတွေးမိခဲ့သော်လည်း.. ၊

"မင့်သားအဆင်ပြေသွားပြီ.."

သားကို မက်ဆေ့ပို့လိုက်ပြီး ဖုန်းကိုမွေ့ရာပေါ်ပစ်ချလိုက်သည်၊ သို သူ့ကိုယ်မှာစောင်ပတ်ထားဆဲအဖြစ်ကို သတိရကာ အင်္ကျီဘောင်း တွေထားသည့် ချိတ်စင်ဆီလှည့်သွားရင်း.. ၊

"နားထောင်လို့ကောင်းတယ်..ဒါပေမယ့် ကျွန်မမယုံနိုင်သလို ပဲ.."

"ဘာလဲ..ယုံအောင်ပြောပေးမယ် ပြန်မေး.."

သိုက သူ့ဘက်ကိုဆတ်ခနဲပြန်လှည့်ကာ.. ၊

"ယုံအောင်ပြောပေးမယ်ဆိုတာ ရှင်ကညာနေတာမို့လို့လား.."

"ကျွတ်..ဒီမိန်းမတော့.."

သူကျွတ်ခနဲဖြစ်သွားပြီး သို့လက်လေးကိုဆွဲလိုက်သည်။ သို့သော် သိုက သူချွတ်ခဲ့သည့်အင်္ကျီဟောင်းတွေကို ငုံ့ကောက်လိုက်သဖြင့် လက် ကိုမမိလိုက်.. ၊

"လုပ်ပါ..ရှင့်ကိုကျွန်မက ယုံကြည်ဖွယ်တွေပဲ တွေးပေးချင်တာ ယုံ အောင်ပြောနိုင်ရင်ဖြစ်တယ်.."

"တကယ်လား.."

နောက်ထပ်ပခုံးလှမ်းကိုင်လိုက်တော့ မှန်တင်ခုံပေါ်မှာ ဖြစ်သလိုလို ထွေးတင်ထားသည့် မျက်နှာသုတ်ပဝါကို သူမကလှမ်းဆွဲတာမို့ လွဲပြ သည်။ ဒီလောက် စိတ်လှုပ်ရှားဖို့ကောင်းတဲ့အချိန်မှာတောင် သိုဆိုတဲ့မိန်း မတစ်ချက်မှ အငြိမ်မနေ.. ၊



ထိုအခါ သူပဲသို့နောက်ကို လိုက်နေရသည့်အဖြစ်နှင့်.. ၊

"သို ကိုယ်တို့အကြီးကြီးဆွေးနွေးနေတာနော်.."

"ဟုတ်တယ်..ကျွန်မစိတ်ထဲမှာလည်း ယုံနိုင်တာတွေရော မယုံနိုင် တာတွေရော ဘာတွေဖြစ်နေမှန်းမသိတော့ဘူး၊ လောလောဆယ်ကျွန်မ တစ်ယောက်တည်း ခဏနေမှဖြစ်မယ်.."

"ဟာ..ဟော့.."

ပြောပြောဆိုဆို လှည့်ထွက်သွားသဖြင့် စံနစ်ကသူမလက်ကောက် ဝတ်လေးကို ဖမ်းဆွဲထားလိုက်၏။ သို သူ့ရင်ခွင်ထဲပြိုကျမတတ်ပါလာ ကာ.. ၊

"ရှင့်ကိုအင်္ကျီတွေ ပေးထားပြီးပြီလေ.."

ရင်ဘက်ဗလာကျင်းနှင့် စောင်ပတ်လျက်သားပုံကို ပြန်သတိထားမိ လျက်.. ၊

"အင်္ကျီဝတ် အင်္ကျီဝတ်လိုက်..အဲ့ရုံကွန်းလည်းဖွင့်ထားသေးတယ်၊ အင်္ကျီမဝတ်ဘဲ ဘာလုပ်နေလဲ..ရှင်.."

"သို..မင်းကိုယ့်ကိုရင်မခုန်ဘူးလား ဘာလဲကွာ၊ ဝင်လာပြီး လုပ်ချင် ရာလုပ်နေတယ်.."

သို့ပါးပြင်လေးတွေကလည်း သိသာစွာနီမြန်းနေကာ.. ၊

"ဟုတ်တယ်..အဲ့လိုလုပ်နေရတာ ကျွန်မလည်း.."

"ပြော..ဆက်ပြော.."

"မသိဘူး..ရှက်နေတာ.."

စံနစ်မျက်နှာပြုံးသွားသည်။ သူမလည်း ကိုယ့်ကိုရင်ခုန်နေခဲ့ပြီ။ သူမ ကိုယ်လေးကို ခါးလေးကနေ သိမ်းပွေ့မိကာ နဖူးလေးကိုနမ်းမိရင်း.. ၊

"ကိုယ့်ကိုချစ်လား.."

"သွားပါ..ကလေးကလား.."

"ဘာလဲ..အသက်ကြီးတာကို ပြောတာလား၊ ဒါဆို ချာတိတ်တွေနဲ့ ကိုယ်ပြန်တွဲပြမယ်..ဘယ်လိုလဲ.."

သို့မျက်ခုံးတန်းလေးတွေ ဆတ်ခနဲကုတ်ကျသွားသည်။ သူ့မျက်နှာ ကိုလည်း စေ့စေ့ကြည့်မိကာ.. ၊

"ရှင်အဲ့လိုစကားတွေနဲ့ ခြိမ်းခြောက်တိုင်း ကျွန်မခံစားရတော့မှာကို သိတယ်..အဲ့ဒါကြောင့် ရှင့်ကိုကျွန်မ.."

"အဲ့လိုမလုပ်နဲ့နော်..ချစ်လို့စတာ၊ အသည်းမမှတ်ကောင်းဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"စံနစ်..ရှင်ကအရမ်းချောပါတယ်.."

"ကိုယ့်မိန်းမပြောမှပဲ နားဝင်ချိုတော့တယ်.."

"ဒါပေမယ့် ကျွန်မကတော့ ချောနေတဲ့ယောကျ်ားကိုကြောက်တယ် ရှင်ဟိုတုန်းတည်းက ရှင့်ရဲ့ပေါ်လွင်မှုတွေနဲ့ ကျွန်မကို.."

"အဲ့ဒါကမင်းပဲ မဟုတ်တဲ့နေရာတွေကို အတည်ယူပြီး ကိုယ်ချစ် တာတွေကိုတော့ ကဲန်ဆယ်လ်လုပ်ပစ်ခဲ့တာ.."

သိုက သူ့လက်တွေကိုဖယ်ချကာ ထုတ်ပေးထားသည့် နံ့သာရော ရှပ်အင်္ကျီကို ကိုယ်တိုင်ပဲဝတ်ပေးလိုက်သည်။ စံနစ်ကလက်မြောက်ခေါ် ငုံ့ရင်း ကလေးလိုနေပေးခဲ့လျက်.. ၊

"မင်းသာမသိတာ ကိုယ်မင်းကိုဘယ်လောက်တောင် ချစ်နေသလဲ ကိုယ့်သူငယ်ချင်းတွေ အားလုံးသိတယ်..'ကိုယ်မိန်းမကိုတော့ အထိမခံ တခြားမိန်းကလေးတွေနဲ့ ကဲရသလား'ဆိုပြီး မုန်းတဲ့ကောင်က မုန်းခေ တယ်..ချစ်သူလိုကောင်မျိုးတွေပေါ့.."

သူ့အင်္ကျီကို ကြယ်သီးတပ်ပေးရင်း သိုကမျက်လွှာပင့်ကြည့်သည် မျက်ခုံးထူထူ မျက်တောင်ကော့ကော့လေးတွေကို ငုံ့မိုးကြည့်ရင်း သူမ မေးဖျားလေးကို မချင့်မရဲဆွဲခါပစ်မိပြီး.. ၊

"မင်းမုန်းပြီဆိုမှ ကောက်ကက်ချစ်တဲ့ကောင်က နှစ်နှစ်ဆယ်နီးပါး ကြာအောင် ဒီမိန်းမကိုလွမ်းနေမလား.."

"အဲ့ဒါတွေလည်း ဟန်ဆောင်တာဆို ဘယ်လိုလုပ်မလဲ.."

"ပြောရက်တယ်နော်..မင်းနဲ့နေခဲ့တဲ့ ငါ့အခန်းထဲမှာ မင်းပုံတွေမမြင် ခဲ့ဘူးလား..မညာကြေး.."

သူမှုးခဲ့တဲ့ညကို သတိရလိုက်မိသည်။ ဒါပေမယ့် ဝန်ခံရမှာစိုး သူ့ကိုမကြည့်ဘဲနေလိုက်၏။ စံနစ်က ခပ်မဲ့မဲ့ပြုံးကာ.. ၊

"အဲ့ပုံတွေကို မင်းမသိအောင် ခိုးရိုက်ခဲ့ရတယ်..ပြီးတော့ မင်းရှိနေတဲ့ တောင် ကွယ်ရာမှာထုတ်ကြည့်ပြီး ရင်ခုန်နေခဲ့တာ မင်းမရှိတဲ့အချိန်မှာ ဒီနေရာတွေပေါ်ရောက်လာခဲ့တာ တွေးကြည့်ပါဦး.."

ဒီလိုယောကျ်ားက ချစ်တာတွေကိုမပြဘဲ ဘာဖြစ်လို့ဂျစ်ကန်က အတိုက်အခံတွေနဲ့ သူမဘဝကို လေစိမ်းတွေတိုက်ခဲ့တာလဲ..။ ဒါပေမယ့် သူမကျေနပ်ပါသည်။ ရင်ခုန်သံတွေဖြစ်လာပုံက သူ့အတွက်သီးသန့်လာ ဆတ်နေဆဲဖြစ်လျက်.. ၊

"ပြုံးသွားပြီဆိုတာ ယုံတဲ့သဘောလား.."



"အင်း.."

သိုက သွားလေးတွေပေါ်အောင် ရယ်သည်။ စံနစ်က သူမဆံပင်တွေ ခေါင်းစည်းဖြုတ်ပစ်လိုက်ပြီးမှ နွဲ့အိသည့်ကိုယ်လေးကို ရင်ခွင်ထဲဆွဲ ဖက်ထားလိုက်ပြီး.. ၊

"မော်ကြီးကပြောတယ်..မင်းသို့ကို တကယ်ပြန်ပေါင်းဖို့ ကြိုးစားနေ ဆိုရင် သူ့သမီးလေးသုသန္တာနဲ့သားကို သဘောတူမယ်တဲ့.."

"ဟင်..မော်ကြီးဆိုတာ.."

"ကိုမော်ဆိုတာလေ မင်းနဲ့သိပါတယ်..သူက သုသန္တာရဲ့အဖေပဲ၊ ယ်တို့လူပျိုတုန်းက အဖွဲ့ထဲမှာ ကိုယ်ရယ်သူရယ် အိမ်ထောင်သည်နှစ် ယာက်ပဲပါတယ်..ဒါပေမယ့် မော်ကြီးက ကလေးရှိနေပေမယ့် မိဘတွေ ကြောင့် အိမ်ထောင်ကွဲကြတော့ သုသန္တာတွေက သူ့အမေနဲ့ပါသွားတာ.. ားနဲ့သုသန္တာမတိမ်းမယိမ်းလောက်ပဲဖြစ်မယ်.."

သိုဒါတွေကို မသိခဲ့ပါ။ ထိုစဉ်တုန်းကတော့ စံနစ်တို့အဖွဲ့ထဲမှာ အိမ် တင်သည်ကဘယ်သူ လူပျိုတွေက ဘယ်သူဆိုတာမသိခဲ့.. ၊

"သုနဲ့ရှင်နဲ့လည်း အစတည်းက ချိတ်ဆက်တွေရှိခဲ့တာပေါ့.."

"မရှိပါဘူး..ဂီတကြောင့်သားစိတ်ညစ်နေတာ သိတော့ သုသန္တာနဲ့အ င်ပြေစေချင်တာလေ.."

ထိုအချိန်မှာ ဂီတကိုလည်း စံနစ်လွှတ်မထားနိုင်ပေ။ အိမ်ကိုရောက် ပြီး သို့ကိုကပ်ရိနေတိုင်း သူမြင်သည်။ ထို့ကြောင့် ဒီကောင်မလေးကို မ်းဖို့လိုပြီးဆိုတာ ကိုယ့်ကိုယ်ကိုသတိပေးသည်။ သူမလေးက ကိုယ့်အ ါတိမ်းညွှတ်နေတော့ ချဉ်းကပ်တဲ့ပုံက အဆင်ဆိုးသွားခဲ့၏။

ဒါပေမယ့် သားနဲ့မနီးနိုင်တော့အောင် တားဆီးပြီးသားလည်းဖြစ်တာ ကြောင့် ရှေ့ဆက်ခဲ့ရသည်။ မော်လွင့်ဆီသွားဖြစ်တော့ ဒါတွေကိုပါအသိ းခဲ့သည်။ ဟိုတုန်းက ခင်ခဲ့တာရှိသလို အဆင်မပြေတာတချို့လည်းရှိ တာမို့ မော်လွင်ကသူ့အပေါ် အမြင်မကြည်ပေ။ ဂီတနဲ့တွဲရသည့်အဖြစ် ဖွင့်မပြောခဲ့လျှင် ပိုဆိုးသွားမှာဖြစ်သည်။ ဒါတောင်.. ၊

"အေး..ငါ့သမီးက မင်းကိုချောပဲ့မိုက်ပဲ့နဲ့ ထဖြစ်တော့ မှာလူသတ် င်စိတ်ပါပေါက်လာတာ၊ မင်းလာရှင်းပြတာမြန်လို့.."

"ငါကလည်း ငါ့သားအတွက်ချွေးမအလိုရှိနေလို့ပြောကောင်..ရှင်း ရတာ အမုန်းဆုံးပဲ.."

"ဟား ဟား ဟား..ဒီတစ်ခါ ငါကသမီးရှင်ပေမယ့် မင်းကိုနိုင်လိုက်

www.burmeseclassic.com

www.burmeseclassic.com



တာပဲ..ဂုဏ်ယူစရာ.."

ဒီလိုပြန်ပြောရင်း ဟိုတုန်းကခင်မင်ခဲ့တဲ့အတိုင်း ရယ်မောဖြစ်ခဲ့ သည်။

"သုသန္တာကပြောပါတယ်..ငါမင်းကိုဘယ်လောက်ချစ်တယ်၊ ဘယ် လောက်ဥထားတယ်ဆိုတာ သူ့အဖေပြောလို့ သိရပြီးတည်းက လေးစား တာပါတဲ့..မင်းနဲ့လည်း အဆင်ပြေစေချင်တယ်တဲ့၊ ဒါကြောင့် ဂီတရဲ့လု ရပ်ကို ကြည့်မရတဲ့ထဲမှာ သူလည်းပါတယ်လေ..နောက်ပြီး.."

စံနစ်ကပြောပြနေရင်း သို့လက်လေးကိုဆွဲ၍ မွေ့ရာစပ်မှာ အတူထို လိုက်ကာ.. ၊

"မင့်သား သူ့ကိုဘယ်လောက်ကြိုက်နေလဲသိလား.."

"မသိဘူး..ရှင့်ကိုလိုက်ငေးနေတာပဲမြင်တယ်.."

စံနစ်က သို့ပါးလေးကို ချစ်စနိုးပုတ်ခတ်ရင်း ရယ်သည်။ ပြီးတော့ ပခုံးလေးကို ရင်ခွင်ထဲမှာ တင်းခနဲဆွဲဖျစ်ရင်း.. ၊

"မင်းကိုယ့်ကိုသဝန်တိုနေတာမို့လား.."

"မတိုပါဘူး..မြင်နေရတာ အသည်းယားလွန်းလို့၊ မကြီးမငယ် ပြင်ဆင်နေတာ..ဟွန်း.."

"အဲ့ဒါဘယ်သူ့အတွက်မှ မဟုတ်ဘူး..ခင်ဗျားအတွက်.."

"မြင်လိုက်တိုင်း ဘုနဲ့ဘောက်ပြောပြီးတော့လား.."

"ချစ်ပါရစေလို့ပြောလိုက်ရင် ခင်ဗျားပြန်ပြေးမှာလေ.."

သိုက ပခုံးမှာသူဖက်ထားသည့် လက်ကိုပြန်ကိုင်ထားရင်း မျက်နှာ ကို ငုံ့ကြည့်နေလျက်.. ၊

"အတွက်ရဲ့သမီးမှန်း သိနေသားနဲ့ တမင်တွဲနေတယ်လည်း ပြော သေးတယ်..အဲ့ဒါ ရှင်ကျွန်မကို နည်းနည်းလေးတောင်ပြောမပြခဲ့ဘူးနော် ရှင့်ကြောင့်.."

သို့မျက်စပ်လေးတွေ ပန်းရင့်ရောင်သမ်းလာသည်။ ငိုချင်သည်စိတ် က ဘယ်ကတက်လာမှန်းမသိသော်လည်း ခေါင်းတစ်ခုလုံး ပူရှိန်းထူအမ် လာခဲ့လျက် စကားသံတွေလည်း ပျက်၏။

"ကျွန်မဘာမမလုပ်နိုင် မတွေးနိုင်တော့အောင်ပဲသိလား..အဲ့ဒါတစ် ယောက်ယောက်ကို ချစ်မိတဲ့ခံစားချက်ပဲဆိုရင် အဲ့ဒါကိုကျွန်မကြောက် တယ်.."

"ဘာလို့ကြောက်ရမှာလဲ..မင်းအချစ်ကိုရဖို့ ကိုယ်ကြိုးစားခဲ့ရတာတွေ



လည်း ပြန်ကြည့်ပါဦး၊ ဂီတနဲ့နာမည်ပျက်ခံပြီး အဆင်မသင့်ရင် သား လည်း မုန်းသွားနိုင်တယ်..မင်းကိုထာဝရဆုံးရှုံးလိုက်ရဖို့လည်း ရှိသေး ယ်၊ ဒါပေမယ့် မင်းခံစားချက်တစ်ချက်လောက် ပြောင်းလဲလာဖို့ပဲ စွန့် းခဲ့ရတာ.."

"ရှင်က ကျွန်မသဝန်တိုလာအောင် ဟုတ်လား.."

"တစ်ခုရှိသေးတယ်..မင်းမဖောက်ပြန်ဘူးဆိုတာ ဟိုတုန်းကရော ခု ယုံကြည်တယ်၊ ဒါပေမယ့် ကိုယ့်ထက်ဦးစားပေးဖြစ်နေတဲ့ အတွက်ကို ာ့ မကျေနပ်ဘူး.."

"အဲ့ဒါကဘာဆိုင်လို့လဲ.."

"ဆိုင်တာမဆိုင်တာမသိဘူး..လေဆိပ်မှာ သူမင်းကိုလာကြိုတုန်းက ည်း အမြင်ကတ်လို့ အဲ့ကားကိုဝင်ကျူးပစ်လိုက်တယ်..အဲ့ဒါငါပဲ.."

ကြည့်စမ်း.. ၊ အဲ့ညက သူကိုး.. ၊

"ဂီတအိမ်ကို ဝင်ထွက်လာတည်းက ဘယ်လိုရည်ရွယ်ချက်တွေရှိ သလဲဆိုတာ မင်းသိတယ်..ဒါပေမယ့် အတွက်နဲ့အဆင်မပြေအဖြစ်မခံ င်တဲ့အတွက် မင်းဖုံးထားတယ်.."

"မဟုတ်ဘူးစံနစ်..အဲ့ဒါ အတွက်ကြောင့်မဟုတ်ဘူး၊ ရှင်အဲ့လိုထင် ခဲ့တာလားဟင်.."

ပျာပျာသလဲလေးဖြစ်သွားတော့ စံနစ်ကစိုက်ကြည့်နေရင်း ခေါင်း တ်သည်။ ရှင်းစရာမလိုပေမယ့် ရှင်းပြတာနားထောင်ချင်သည်။ ကိုယ့် တွက် သူမဘက်က စိုးရိမ်နေတာတစ်ခုခုကို တသိမ့်သိမ့်ခံစားချင်၏။

"ဂီတကိုချစ်ခဲ့တာ သက်သက်ပါ..ပြီးတော့ စောသဲကိုသနားတယ်၊ ိယ်စောင့်ရှောက်ခဲ့ဖူးတဲ့ ကလေးဆိုတဲ့အသိနဲ့ ပြင်းပြင်းထန်ထန်ပြောမ ွက်နိုင်ဘူး.."

"အဲ့ဒါကြောင့် ပါးရိုက်ဖို့ဖြစ်သွားတာနှစ်ခါတောင်.."

တစ်ခါကတော့ သူဆွဲထားလိုက်လို့ လွတ်သွားတာပါ။ သူသတိပြေး ိုက်မှ သိုကအပြစ်ရှိသလို မျက်လွှာချပစ်ကာ.. ၊

"သူကသားကို မဟားတရားပြောနေတာကိုး.."

"ဧည့်ခံပွဲမှာတုန်းကရော.."

'အဲ့ဒါရှင့်ကြောင့်'လို့ မပြောဖြစ်ဘဲ မျက်စောင်းလေးတစ်ချက်လွှင့် ာသည်။ စံနစ်ကရယ်၏။ ပြီးတော့ ပါးလေးကိုနမ်းလိုက်ပြီး.. ၊

"ကိုယ့်ရဲ့ကျုန်တဲ့သက်တမ်းလေးမှာ မင်းရဲ့အချစ်တွေနဲ့ ရှင်သန်သွား

www.burmeseclassic.com

www.burmeseclassic.com



ရမယ့်ဆိုရင် ဘာမှမလိုတော့ဘူး..”

“ချစ်တယ်လို့ ပြောမိလို့လား..”

“ချစ်နေမှန်းသိလို့ ခင်ဗျားကိုဒီလောက်ဟန်ဆောင်နေတာတွေ ပြောရဲတာပေါ့..စံနစ်ကို ခင်ဗျားလိုငတုံးမှတ်နေလား..”

“ဘာ..”

“ဟား ဟား ဟား ဟား..”

“သားအမိနှစ်ယောက်လိုက်တယ်..သားလေးကလည်း အရမ်းသွက်တဲ့ငတုံးလေး..”

“ရှင် ကျွန်မသားကိုဆွဲမထည့်နဲ့နော်..”

“အား..နာတယ် ဟော့..”

သို သူ့ခါးကိုအတင်းဆွဲလိမ် တွန်းထိုးပစ်မိရင်း ခုထိစောင်ပတ်ထားဆဲကို သတိမထားမိဘဲ.. ၊

“ဟယ်..”

အလန့်တကြား လက်ပြန်ရုတ်ရင်း မျက်နှာလွှဲပစ်မိကာ.. ၊

“ရှင်တော်တော်ဆိုးပါလား..သွား သွား..အဝတ်သွားဝတ်..”

“ဝတ်ထားတာပဲ..”

“ရှင်နော်..”

“လင်မယားချင်းပဲကွာ..ဒီဘက်လှည့် ဆက်ပြောမယ်..”

“ဟင့်အင်း..”

“ဟား..ကိုယ်ဘာဖြစ်လို့လဲ၊ ဒီမှာစောင်ထပ်ခြုံလိုက်ပြီ..”

သို့မျက်နှာလေးမဲ့နေကာ ရှန်းထွက်လို့လည်းမရ.. ၊

“ကိုယ်တို့ဟန်နီးမွန်းထွက်ကြမယ်..တစ်လကြာမှ လုပ်ငန်းကိစ္စတွေ ပြန်စ..”

“တစ်လ..အို မဟုတ်တာစံနစ်ရယ်..သားလေးနဲ့ လူမမာနဲ့ကျန်ခဲ့မှာပေါ့..”

“သားကကလေးလားကွာ..လူမမာကလည်း..”

“မဖြစ်ဘူးစံနစ်..ဘိုးဘိုးကိုထားပြီး ကျွန်မမသွားဘူး..”

“ဟား..”

“ရှင်နဲ့ကျွန်မ ခုမှလက်ထပ်တာလည်းမဟုတ်ဘူး..”

“လက်ထပ်မှာ မင်းလက်မှတ်ထိုးထားတဲ့စာချုပ်မှာ ကိုယ်လက်မှတ်မထိုးခဲ့ဘူး..ဒါပေမယ့် ကွာရှင်းပြီးပြီလို့ပဲ လူတိုင်းသိထားကြတာ၊ ဒါ့ကြောင့် ဒီမိန်းမမှာပိုင်ရှင်ရှိနေတာ ပြန်ကြေညာမယ်..ကိုယ်တို့ဟန်နီးမွန်းက ပြန်လာမယ့်ရက်အံကိုက် ဟိုတယ်လ်မှာဒိတ်လုပ်ထားတယ်..”



သိုအံ့သြနေသည်။ ပြီးတော့ သူ့အစီအစဉ်တွေကို ကြားလိုက်ရခြင်းတွင် ခုမှပထမဆုံးလက်ထပ်ရမည့် ခံစားချက်မျိုးနှင့် ထူးခြားစွာရင်ခုန်လာခဲ့လျက်.. ၊

“မေမေ့..”

“ဟော..”

သိုက ကမန်းကတန်းထသွားကာ.. ၊

“**သား..**”

အလင်းမျက်နှာက ပြုံးကြည်နေသည်။ ဟိုနေ့တွေကနဲ့မတူသော မျက်ဝန်းတို့က ကြည်လင်နေလျက် တံခါးဝမှာရပ်ပြီး ခြေဖျားကြွခုန်ထောက်ပြီး.. ၊

“ဖေဖေနဲ့အဆင်ပြေသွားပြီလား..”

“အင်း..အဲ သားကလည်း..”

“ဟား ဟား ဟား.”

အလင်းကရယ်လေ သိုမျက်နှာရဲတက်လာလေ.. ၊

“ညစာစားချိန်တောင် ကျော်နေပြီ..လာမေမေလိုက်ကျွေးမယ်..”

“ဟာ..ဒီလိုညမျိုးမှာ အိမ်မှာစားစရာလား..”

သိုက အပြင်ထွက်ဖို့ခြေလှမ်းပြင်လျှင် အလင်းကအခန်းရှေ့က ပိတ်ထားရင်း ရယ်ကာ.. ၊

“ဖေဖေသားတို့ အပြင်မှာဒင်နာစားမယ်..အခု သုနဲ့ဖုန်းပြောမလို့၊ ဖေဖေတို့ပြီးရင် သားကိုခေါ်..”

“ဟဲ့..”

သို့ပခုံးလေးကိုကိုင်ပြီး အခန်းထဲကိုနောက်ပြန်တွန်းထည့်သည်။ ပြီးတော့ တံခါးပါဆွဲပိတ်သွား၏။ သိုတံခါးပြန်ဖွင့်ဖို့ လက်တင်လိုက်လျှင် စံနစ်က သူမလက်လေးကို ဖြုတ်ယူလိုက်ပြီး သူ့ဘက်ဆွဲလှည့်လိုက်ကာ၊

“တွေ့တယ်မို့လား..အိမ်မှာရှိနေရင် သားအတွက် အဘိုးအတွက်နဲ့ ဘယ်မှာလဲကိုယ့်အတွက်အချိန်..”

စံနစ်က ဘောင်းဘီရှည်အနက်နှင့် ဆံပင်တွေကိုပါ သေသပ်စွာဖြီးထားပြီးဖြစ်လျက်.. ၊

“ကိုယ်လွမ်းခဲ့မျှ မင်းနဲ့ငြိမ်းချမ်းချင်တယ်..”

www.burmeseclassic.com

www.burmeseclassic.com



သို့ကိုယ်လေးကို ရင်ခွင်ထဲဆွဲယူလိုက်ကာ.. ။

"ကိုယ့်ကိုချစ်လား.."

"အင်း.."

"ဒီလောက်ပဲလား.."

"ရှင်အတင်းနမ်းနေပြီးတော့.."

"ကိုယ်လည်းမင်းကိုနမ်းနေရင်း ပြောနေတာပဲ.."

"သွားပါ.."

"တွေလား..မင်းကိုယ့်ကိုနှင်ဖို့တော့ ပြောလို့ရတယ်.."

"ဘယ်မှာနှင်လို့လဲ.."

"အဲ့ဒါပြောဖို့တော့ အဆင်ပြေတယ်.."

"အဟွန်း.."

"ပြောလေကွာ..ကိုယ့်ကိုချစ်လားလို့.."

မေးနေလေ ဖြေရမှာရှက်လာလေ..သူ့အတွက် ဘယ်လိုအရေးကြီးနေ လဲမသိပေမယ့် ကိုယ့်မှာတော့ သားလူပျို့နှင့် ဒီအသက်အရွယ်ကျမှ.. ။

"သို..ကိုယ်စောင့်နေတာကွာ.."

"ဟင့်အင်း..မဖြေချင်ပါဘူး.."

"ပြီးတာပဲ ကိုယ့်မှာလည်း နောက်ထပ်အစီအစဉ်တစ်ခုရှိတယ်.."

"ရှင်နော်.."

သူပွေ့ယူလိုက်သည့် ရင်ခွင်ထဲမှာ သိုရင်တွေခုန်နေခဲ့လျက် မွှေးပျံ့ နအိနေသော မွှေ့ရာထက်သို့ သူနဲ့အတူအုံးစက်ရာ အတူလှဲ၍.. ။

အမြဲတမ်းပြောင်းပြန်လည်နေခဲ့သော ကမ္ဘာငယ်လေးတစ်ခုသည် အ ချစ်ကိုအလွမ်းကစား အလွမ်းကို အချစ်ကဝါးမျိုရင်း ရင်ခုန်သံများနှင့် ထပ်တူညီခဲ့သောအခါ.. ။

ယနေ့မှစ၍ ကျွန်တော်ကျွန်မတို့သည်.. ။

ပရိတ်သတ်အတွက်


ထာဝရ

**သျှင်မ**

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com